မြန်မာတိုင်း(မ)
THE MYANMARTIMES

ဘင်္ဂလား ၄၁၃၀

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၀၃ (၁၁ - ၁၇၊ ၁၊ ၂၀၁၃)

‘ပဋိပက္ခလိက နေ့စဉ်သတင်းစာပြေးပွဲ’ မည်သူတွေ တာ စထွက်ကြမလဲ

aepYofowifjpmonftywpfofowif;*sme,fsm;twufpeftac:rjzpfvmrnfaepYofowifjpm xkwfa0cifjyvkdifcifonf2015 wif yifvwifjrifofmonftpk&wpf&yfazmfaqmifa&;ESifhEkdifa&pDrfjpOftm;taxmuftuJzpfaprnfjzpf သတင်း၊ စာမျက်နှာ– ၂သို့

စပစ်ဖိုင်းယား တိုက်လေယာဉ်ကိုယ်ထည်ဟု ယူဆရသည့်အရာများ မြစ်ကြီးနား၌ တွေ့ရှိ

rdrdwkd,kdnfItjynfhpDtpkwJazmfa&;tzJatcsifjaqmifajymum;



စပစ်ဖိုင်းယား တိုက်လေယာဉ်များ မြေမြှုပ်ခဲ့သည်ကို တွေ့မြင်ခဲ့သည်ဟုဆိုသည့် ရှစ်ဦးအနက် တစ်ဦးဖြစ်သူ အသက် ၉၁ နှစ်အရွယ် ဗြိတိသျှစစ်သားဟောင်း မစ္စတာစတန်လေအား သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ကျော်ဆုမွန်

မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှတပ်မှ မြုပ်နှံထားခဲ့သည်ဟု ယူဆရသော စပစ်ဖိုင်းယားလေယာဉ်များကို ရှာဖွေရန် ရောက်ရှိနေသည့် မစ္စတာဒေးဗစ်ကင်ဒယ်နှင့် အဖွဲ့က ကျင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အဆိုပါလေယာဉ်ဟု ယူဆရသောအရာကို စတင်တွေ့ရှိပြီ ဖြစ်ကြောင်း ဇန်နဝါရီလ ၉ ရက်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

၁၉၄၅ ခုနှစ်နှင့် ၁၉၄၆ ခုနှစ်များအတွင်းက ဗြိတိန်နိုင်ငံမှ ထုတ်လုပ်သည့် ရှားပါးသော စပစ်ဖိုင်းယားတိုက်လေယာဉ်များကို မြန်မာနိုင်ငံအတွင်းရှိ မင်္ဂလာဒုံလေဆိပ်အနီး၊ မြစ်ကြီးနားနှင့် မိတ္ထီလာမြို့များအနီးတွင် မြှုပ်နှံထားခဲ့သည်ဟု ၎င်းတို့ ရရှိထားသော အချက်အလက်များအရ တူးဖော်ရန် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလခန့်မှ စတင်ကြိုးပမ်းခဲ့သည်။

အဆိုပါ စီမံကိန်းကို ဆောင်ရွက်ရန် အတွက် မြန်မာနိုင်ငံသားပိုင် ရွှေတောင်ပေါ်ကုမ္ပဏီနှင့် မြန်မာအစိုးရတို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက သဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ ယင်းစီမံကိန်းအောင်မြင်ပါက မြန်မာအစိုးရက အကျိုးအမြတ် ၅၀ ရာခိုင်နှုန်း၊ ရွှေတောင်ပေါ်ကုမ္ပဏီက ၂၀ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံမှ လေကြောင်းရေးရာ ကျွမ်းကျင်သူ လေ့လာရေးသမား ဒေးဗစ်ကင်ဒယ်က ၃၀ ရာခိုင်နှုန်း ခွဲဝေရယူကြမည် ဖြစ်သည်။

အဆိုပါ အဖွဲ့တွင်ပါဝင်သည့် ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာနမှ အငြိမ်းစားပါမောက္ခဟောင်း ဦးစိုးသိန်းနှင့် ဒေးဗစ်ကင်ဒယ်တို့၏ အဆိုအရ ယင်း စပစ်ဖိုင်းယား တိုက်လေယာဉ်များသည် ရန်ကုန်မင်္ဂလာဒုံလေဆိပ်အနီးတွင် အစီး ၃၀ ခန့်၊ မြစ်ကြီးနားတွင် ၁၈စီးခန့်နှင့် မိတ္ထီလာမြို့အနီးတွင် ခြောက်စီးခန့် ရှိနေမည်ဟု ယူဆထားသည်။

ထို့ကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၂ ရက်နေ့က စတင်ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ စတင်စမ်းသပ်တူးဖော်မှုများပြုလုပ်ခဲ့ရာ မြေအောက်ပေ ၃၀ အနက်တွင် စပစ်ဖိုင်းယားတိုက် လေယာဉ်ဟု ယူဆနိုင်သောအရာကို နည်းပညာအကူအညီဖြင့် တွေ့ရှိခဲ့ကြောင်း အဖွဲ့ခေါင်းဆောင် ဒေးဗစ်ကင်ဒယ်က ပြောသည်။

“ဒီအရာဟာ စပစ်ဖိုင်းယားလေယာဉ်လို့တော့ ကျွန်တော်ယုံကြည်မှုရှိထားပါတယ်”ဟု သူက ပြောသည်။

မစ္စတာ ဒေးဗစ်ကင်ဒယ်သည် အဆိုပါ စပစ်ဖိုင်းယား တိုက်လေယာဉ်များ အမှန်တကယ်ရှိနေသည်ဆိုသည်ကို အထူးတလည် ယုံကြည်သက်ဝင်နေပြီး ယခု တွေ့ရှိထားသည့် မြစ်ကြီးနားမြို့ မြေအောက်မှ အရာသည်လည်း စပစ်ဖိုင်းယားတိုက်လေယာဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ကြိမ်ဖန်များစွာ ယုံကြည်ကြောင်း ပြောဆိုခဲ့သည်။

သူ့အနေဖြင့် ယခုစပစ်ဖိုင်းယား တိုက်

စာမျက်နှာ ၄ သို့

‘ကချင်ကို တိုက်တာဟာ စကားနဲ့ မဖြေရှင်းချင်လို့လား၊ စကားနဲ့ဖြေရှင်းလို့မရလို့လား’

စိုးသန်းလင်း

‘စစ်မက်အရှိန်များ လျှော့ချကြရန်’ ဟု လွန်ခဲ့သည့် တစ်နှစ်ကျော်က နိုင်ငံတော်သမ္မတက ပြောခဲ့အပြီး စစ်မက်အရှိန်တို့ မြင့်သည်ထက် မြင့်လာကာ လေကြောင်းအကူပစ် ချေမှုန်းမှုများအထိ ပေါ်ပေါက်ခဲ့သည့် ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးအနာဂတ်အတွက် စကားပြောပြီး ဖြေရှင်း၍ မရသောကြောင့် စစ်တိုက်ခြင်းလော၊ သို့တည်းမဟုတ် စကားပြောပြီး မဖြေရှင်းချင်သောကြောင့် တိုက်ချင်းလော ဆိုသည်ကို သေသေချာချာ လေ့လာရလိမ့်မည်ဟု ကော့မူးမြို့နယ် ပြည်သူ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းပြည်ပမီဒီယာများသို့ ဖြေကြားခဲ့သည်။

“ဒီလိုဟာမျိုးဖြစ်တယ်ဆိုတာဟာ သဘောတူညီမှု မယူနိုင်လို့ပဲ။ ဒိုးဒိုးပြောမယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်လို့စစ်တိုက်ကြရတာပေါ့နော်။ ဒီမအောင်မြင်ခြင်းရဲ့ အခြေခံအကြောင်းတရားတွေကိုစုံစမ်းရမယ်။ အကြောင်းတရားကိုသိမှ ဒီဟာကို ဖြေရှင်းနိုင်မှာ။ ရိုးရိုးလေး ပြောရရင် စကားပြောပြီး ဖြေရှင်းလို့မရလို့ စစ်တိုက်တာပဲ၊ ဒါမှမဟုတ် စကားပြောပြီး မဖြေရှင်းချင်လို့ စစ်တိုက်တယ်ဆိုတဲ့ သဘောရှိတာပေါ့။ အဲဒီတော့ ဒါဘယ်ဟာလဲဆိုတာကို သေသေချာချာ လေ့လာရမှာပေါ့”ဟု ၎င်းက ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်သည့် ဇန်နဝါရီလ ၉ ရက်၊ နံနက်ပိုင်း အစည်းအဝေးမစမီ ပြည်တွင်းပြည်ပ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဖြေကြားခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတ၏ သဘောထားနှင့် အမိန့်ကိုကာကွယ်ရေးဦးစီးချုပ်က မလိုက်နာဘဲ စစ်မက်အရှိန် ပိုမိုမြှင့်တင်ဆောင်ရွက်လာခြင်းဟု ပြည်သူတို့အကြား ပြောဆိုနေကြခြင်းအပေါ် မည်သို့ထင်မြင်ပါသနည်းဟူသည့် အမေးကိုလည်း “အပြင်မှာတော့ အမျိုးမျိုးပြောကြမှာပဲ။ ကျွန်မအနေနဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့လည်း ရင်းရင်းနှီးနှီးရှိတာလည်း မဟုတ်ဘူး၊ သမ္မတကြီးနဲ့လည်း သိပ်ပြီးတော့ ရင်းရင်းနှီးနှီးရှိတာလည်း မဟုတ်ဘူး ဆိုတော့ သူတို့ကြားထဲက ဆက်ဆံရေးနဲ့ပတ်သက်လို့ ကျွန်မက ဘာမှပြောစရာမရှိပါဘူး။ တပ်ရယ်၊ လွှတ်တော်ရယ်၊ အစိုးရရယ် သုံးဖွဲ့မှာ တပ်ကနည်းနည်းများ စွာနေမလား ဆိုတာနဲ့ပတ်သက်ပြီး

စာမျက်နှာ ၄ သို့





‘ပုဂ္ဂလိက နေ့စဉ်သတင်းစာပြေးပွဲ’ မည်သူတွေ တာ စထွက်ကြမလဲ

ဇော်ဘသုမွန်နှင့် နန်းတင်ထွေး

မြန်မာနိုင်ငံ၌ အစိုးရသစ်တက်လာပြီးနောက် ဒီမိုကရေစီစနစ်အတွက် အရေးပါသော အထောက်အကူဖြစ်စေသည့် နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများထုတ်ဝေခွင့်ကိုလာမည့်ဧပြီလ ၁ ရက်နေ့မှ စတင်ထုတ်ခွင့်ပေးတော့မည်ဖြစ်ရာ ထိုသတင်းစာများအတွက် ကြိုတင်ပြင်ဆင်နေကြသူဦးရေမှာ အခက်အခဲများစွာကြောင့် လက်ရှိသတင်းဂျာနယ်အရေအတွက်နှင့်ယှဉ်ပါက နည်းပါးလိမ့်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

လာမည့် ဧပြီလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေခွင့်ရမည်ဟု အစိုးရက ပြီးခဲ့သည့် ဒီဇင်ဘာလကုန်ခန့်က ကြေညာလိုက်ပြီးနောက် ပုံနှိပ်သတင်းမီဒီယာလုပ်ငန်းအတွင်း နေ့စဉ်ထုတ်အတွက် ပြင်ဆင်ထားပုံများကို ထုတ်ဖော်ပြောဆိုလာကြသည်။

အဆိုပါ နေ့စဉ်ထုတ်သတင်းစာ ထုတ်ဝေခွင့်ရရှိရေးသည် ပုဂ္ဂလိက သတင်းဂျာနယ်များအတွက် အိပ်မက်ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် အချိန်ကျလာပြီဖြစ်သည်။

သို့သော် ထိုအချိန်ကျရောက်လာချိန်တွင် နေ့စဉ်ထုတ်အတွက် အဆင်သင့်ဖြစ်နေပြီး အလွယ်တကူ ထုတ်ဝေနိုင်မည့် လက်ရှိ အပတ်စဉ်ထုတ် သတင်းဂျာနယ်များမှာ ၁၀ စောင်ထက် မကျော်နိုင်ကြောင်းလည်း သုံးသပ်ပြောဆိုမှုများ ရှိနေသည်။

လက်ရှိ အပတ်စဉ်ထုတ်သတင်းဂျာနယ်များမှ မြန်မာတိုင်း(မ်)၊ Weekly Eleven, The Voice, Messenger, Popular News၊ ရန်ကုန်တိုင်းမ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီမှ ထုတ်ဝေသည့် ဒီလှိုင်းတို့မှာ နေ့စဉ်ထုတ်အတွက် အဆင်သင့်ဖြစ်နေပြီဟု သတင်းထွက်ရှိနေသည့် ဂျာနယ်များဖြစ်သည်။

တစ်ဦးတည်းအနေဖြင့် နေ့စဉ်ထုတ် သတင်းစာထုတ်လုပ်ရန် အခက်အခဲရှိနေသောကြောင့် စိတ်တူ၊ သဘောတူသူများနှင့် စုပေါင်းကာ နေ့စဉ်ထုတ် သတင်းစာကြီးတစ်စောင် ထုတ်လုပ်နိုင်ရန် ဆန္ဒရှိနေသည့် ဦးနပ်စ် သတင်းဂျာနယ်၏ ပိုင်ရှင် ဒေါက်တာမျိုးမင်းထိုက်က လတ်တလောတွင် ၎င်း၏ အပတ်စဉ်ထုတ် သတင်းဂျာနယ်ကိုသာ သတင်းတင်ဆက်ပုံ ပုံစံပြောင်းလဲပြီး ပရိသတ်ကို တင်ပြနိုင်ရန် ပြင်ဆင်မည်ဟုပြောသည်။

“စိတ်တူကိုယ်တူရှိတဲ့သူတွေ စုပေါင်းပြီးတော့ သတင်းစာထုတ်ဖို့ အခုကနဦးပြောဆိုနေတာတွေရှိပါတယ်။ လောလောဆယ်တော့ ထုတ်ခွင့်ပေးပေးချင်းမထုတ်နိုင်သေးဘူး။ အဓိကအချက်တွေက လူသားအရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းနဲ့ ပုံနှိပ်စက်၊ ပြီးတော့ ဖြန့်ချိရေးပိုင်းတွေက စိန်ခေါ်မှုတွေဖြစ်နေတယ်” ဟု ၎င်းက ပြောသည်။

ထိုအခက်အခဲများအတွင်းမှ ထပ်မံကြုံတွေ့ရနိုင်သည့် အဓိကကျသည့် အခက်အခဲများမှာ မြန်မာနိုင်ငံတွင် ခေတ်မမီတော့သည့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံပင်ဖြစ်ကြောင်း ပြည်တွင်းထုတ် The Voice သတင်းဂျာနယ်၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက ပြောသည်။

“နောက်ပြဿနာက အစိုးရ သတင်းစာတွေလို တိုက်ခွဲတွေ မြန်မာနိုင်ငံအနှံ့ရှိမနေဘူး။ အွန်လိုင်းက ပို့ရအောင်က လည်း ဒီကမြန်နှုန်းက သိတဲ့အတိုင်း။ အဲဒီတော့ သက်ဆိုင်ရာဒေသနဲ့ ညနေခင်း သတင်းစာပဲ အရင်လုပ်နိုင်ကြမယ်လို့ မှန်းတယ်”ဟု ၎င်းက ပြောသည်။

ထပ်မံကြုံတွေ့နိုင်သည့် အခက်အခဲတစ်ခုမှာ အစိုးရထုတ်သတင်းစာများနှင့် စျေးနှုန်းယှဉ်ပြီး မရောင်းချနိုင်ခြင်းဖြစ်ပေးထားကာ တစ်စောင်ကို ကျပ် ၅၀ ခန့်နှင့် အနှုံးခံရောင်းနိုင်သော်လည်း ပုဂ္ဂလိကသတင်းစာများ ထိုကဲ့သို့ လုပ်ဆောင်နိုင်မည်မဟုတ်ဟု ၎င်းက ဟောကိန်းထုတ်သည်။

“နောက်တစ်ခုက မြန်မာပရိသတ်က သတင်းစာဆိုတာ နယူးစ်ပရင့် (Newsprint)တို့၊ ရီဆိုက်ကယ် (Recycle) တို့နဲ့ ထုတ်ရတယ်ဆိုတာ မသိကြသေးဘူး။ ဒီမှာက ဝူဖရီ (Woodfree)ပဲ အသုံးများတာကိုး။ အဲဒီနေရာမှာတော့ မြန်မာတိုင်း(မ်)က တော်တော် အရှိန်ရနေပြီ။ ပရိသတ်ကိုတော့ ကျင့်ပေးရမှာပေါ့”ဟု ၎င်းက ပြောသည်။

ထပ်မံပြီး လက်ရှိအစိုးရမူဝါဒအရ သတင်းစာထုတ်ဝေခွင့်ကို ပြည်တွင်းနိုင်ငံသားများကိုသာ ထုတ်ဝေခွင့်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ပြည်ပမှ ရင်းနှီးသူများကိုမူ လက်ရှိတွင် အမေရိကန်ပြည်ထောင်စုတွင်ပင် ခွင့်မပြုသေးကြောင်း ၎င်းက ပြောသည်။

“မြန်မာနိုင်ငံလို ပွင့်လင်းစနိုင်ငံမှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ပေးလို့မရသေးဘူးလေ။ အတွေ့အကြုံနည်းသေး၊ ငွေကြေးနည်းသေးတဲ့ ကိုယ့်ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်တွေကို သတ်သလို ဖြစ်သွားမယ်”ဟု ဦးကျော်မင်းဆွေက ပြောသည်။

အပတ်စဉ်ထုတ် 7 Day သတင်းဂျာနယ်၏ထုတ်ဝေသူနဲ့ အယ်ဒီတာချုပ်ဖြစ်သော ဦးသောင်းစုငြိမ်းက ဧပြီလတွင် နေ့စဉ်သတင်းစာထုတ်ဝေနိုင်ရန်အတွက် အဆင့်သင့်ဖြစ်မဖြစ်မှာ မသေချာကြောင်းပြောသည်။

“သတင်းစာတစ်စောင်ထုတ်ဝေဖို့ဆိုတာ အများကြီး လိုအပ်ပါတယ်။ ငွေကြေးအရရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့လိုမယ်။ လူအင်အား၊ ဝန်ထမ်းအင်အားတွေအများကြီး တိုးချဲ့ဖို့လိုမယ်။ စက်ယန္တရားတွေ တပ်ဆင်ဖို့လိုမယ်။ သူ့ရဲ့အပိုင်းတွေကလည်း အများကြီးပိုလာမယ်။ ဧပြီမှာ အမီထုတ်နိုင်အောင်တော့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့်အဆင်မပြေတာတွေ ရှိနိုင်ပါတယ်။ အဲဒါဆိုရင် နောက်ကျပြီးမှာလည်း ထုတ်နိုင်ပါတယ်”ဟု ၎င်းကပြောသည်။

သို့ရာတွင် မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးအပတ်စဉ်ဂျာနယ်ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ၏ တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာဖြစ်သော မစ္စတာရော့စ်ဒန်ကလီကမူ ၎င်း၏အဖွဲ့အစည်းအနေဖြင့် ဧပြီလတွင် သတင်းစာထုတ်ဝေနိုင်ရန် အတွက် အချိန်မီပြင်ဆင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းပြောသည်။

“နေ့စဉ်သတင်းစာထုတ်ဝေဖို့ဆိုတာ ကျွန်တော်တို့ အမြဲထားခဲ့တဲ့ ရည်မှန်းချက်ပါ။ အဲဒီအချိန်ရောက်လာပြီ။ ကျွန်တော်တို့ နှစ်ဘာသာစလုံးနဲ့ ထုတ်ဝေသွားမှာပါ။

“ကျွန်တော်တို့အတွက် အရမ်းကို စိတ်လှုပ်ရှားစရာကောင်းတဲ့အချိန်ပါ။ ဒီလိုအချိန်ကို အကြာကြီးစောင့်ခဲ့ရတာပါ”ဟု ၎င်းက ပြောသည်။

မစ္စတာဒန်ကလီက ဆက်လက်၍ အစိုးရဆွဲငြိုလိုက်သည့်တာထွက်ကာလတွင် နေ့စဉ်ထုတ်ဝေသူ အများအပြား ရှိနိုင်သော်လည်း လက်ရှိစျေးကွက်အနေအထားမှာ ပုဂ္ဂလိက နေ့စဉ် သတင်းစာ ၁၀ စောင်အတွက် နေရာမရှိကြောင်းနှင့် ထုတ်ဝေခွင့်ပြုပြီး တစ်နှစ်အကုန်တွင် နေ့စဉ်သတင်းစာထုတ်ဝေသူ သုံးဦးခန့်သာ ကျန်ခဲ့မည်ဖြစ်ကြောင်း ခန့်မှန်းသည်။

“အားလုံးအတွက် စိန်ခေါ်မှုက အစပိုင်းမှာ ရှင်သန်နိုင်ဖို့ပါ။ နေ့စဉ်သတင်းစာရဲ့ပုံစံအရ အများတွေလုပ်လို့လည်း မရပါဘူး။ တစ်နှစ် နှစ်နှစ်အတွင်း အရှုံးခံနိုင်ဖို့လည်း လိုပါတယ်။ ဒေါ်လာနှစ်သန်း၊ ဒါမှမဟုတ် အဲဒီထက်ပိုမရှိရင် ဒီအလုပ်ကို မစပါနဲ့လို့ ကျွန်တော်ပြောချင်ပါတယ်။

“သေချာတဲ့ အခြေအနေတစ်ခုမရောက်ခင်မှာပဲ ဒေါ်လာငါးသန်းလောက် သုံးရနိုင်တယ်”ဟု ၎င်းက ပြောသည်။

ရောဝတီ သတင်းဝက်ဆိုက်တွင် နေ့စဉ်သတင်းစာထုတ်ဝေမှုအတွက် လျှောက်ထားရန် ပြင်ဆင်နေသော ပြည်တွင်း သတင်းဂျာနယ်ရှစ်စောင် ရှိကြောင်း ရေးသားထားကာ ၎င်းတို့တွင်



‘ညို့’ မဂ္ဂဇင်းထုတ်ဝေခွင့် ရုပ်သိမ်းခံရ

နိုဝင်ဘာလတွင် စတင်ဖြန့်ချိခဲ့သည့် ‘ညို့’မဂ္ဂဇင်းအား ရန်ကုန်မြို့လယ်ခွဲ ရောင်းချနေသည်ကို ဒီဇင်ဘာလ ၂၀ ရက်နေ့က တွေ့ရစဉ်။ စက်တင်ဘာလတွင် ဖက်ရှင်ဦးစားပေးဖော်ပြသည့်မဂ္ဂဇင်းအဖြစ် ထုတ်ဝေခွင့်ရရှိခဲ့သည့် ၎င်းမဂ္ဂဇင်းသည် ထွက်ရှိလာချိန်တွင် အမှန်တကယ်ဖော်ပြချက်များမှာ လိင်အသားပေးဖော်ပြချက်များကို တွေ့ရှိရသဖြင့် မူလထုတ်ဝေခွင့်လျှောက်ထားစဉ်ကနှင့် ရာနှုန်းပြည့် ကွဲလွဲမှုကြောင့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟို အဖွဲ့အစည်းအဝေး ၁/၂၀၁၃ ဆုံးဖြတ်ချက်အရ ၎င်းမဂ္ဂဇင်းထုတ်ဝေခွင့်ကို ရုပ်သိမ်းခဲ့သည်။ ဓာတ်ပုံ-အေအက်ဖ်ပီ

စာမျက်နှာ ၄ သို့



လိုင်ဇာမြို့အနီး၌ တပ်မတော်နှင့် ကေအိုင်အေ တိုက်ပွဲများ အပြင်းအထန် ဆက်လက်ဖြစ်ပွားနေဆဲ

ချယ်ရီသိန်း

တပ်မတော်က ကေအိုင်အေစခန်းတစ်ခုဖြစ်သော ပွိုင့် ၇၇၁ အား လေကြောင်းပစ်ကူဖြင့် သိမ်းပိုက်ခဲ့ပြီးနောက်တွင် လိုင်ဇာရှိဌာနချုပ်အနီး နယ်မြေတစ်ဝိုက်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေရာ ဒေသခံများ၏ လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ဖြစ်လာသည်။

ကချင်ပြည်နယ် ကေအိုင်အို၊ ကေအိုင်အေလက်နက်ကိုင်အဖွဲ့များက မြစ်ကြီးနား-ဗန်းမော်ပြည်ထောင်စုလမ်းမကြီးအား အဓိကပိတ်ဆို့လျက် တပ်မတော်စစ်ကြောင်းများအား မိုင်းထောင်ခြင်း၊ ချိုခိုတိုက်ခိုက်ခြင်းနှင့် လက်ဖြစ်ပွားလျက်ရှိပြီး လေကြောင်းပစ်ကူများ အသုံးပြုခြင်းကိုလည်း တွေ့ရကြောင်း မျက်မြင်ဒေသခံများက ဆိုသည်။

အလားတူ အစိုးရတပ်များက ဗန်းမော်ဖားကန့်နှင့် မြစ်ကြီးနားမှ စစ်ကြောင်းများဖြင့် လိုင်ဇာအနီးတစ်ဝိုက်ရှိ ဗျူဟာကုန်းများကို လက်ရှိအခြေအနေအရ ဆက်လက်သိမ်းပိုက်သွားရန် အလားအလာရှိကြောင်း ဒေသခံများက ပြောသည်။

ကေအိုင်အေစစ်စခန်း ဌာနချုပ်တည်ရှိရာ လိုင်ဇာအနီးတစ်ဝိုက် နှစ်မိုင်၊ သုံးမိုင်ခန့် အတွင်း တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပြီး အစိုးရတပ်က ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ဗန်းမော်နှင့်အနီးတစ်ဝိုက် မြို့နယ်များတွင် စောင့်ကြပ်ပုံသန်းလျက်ရှိကြောင်း ဗန်းမော်မြို့နယ်မှ ဘုန်းတော်ကြီး အောင်ဒန်က မြန်မာတိုင်း(မ်)ကို ဇန်နဝါရီ ၄ ရက်ကပြောသည်။

"စစ်ရေးအရ တော်တော်များတယ် ဆိုတာ သိပေမယ့်အသေးစိတ်တော့မသိဘူး။ နှစ်ဖက်စလုံးက ကျဆုံးသူတွေလည်း များတယ်။ အခုထိတော့ ကယ်ဆယ်ရေးစခန်းက အရပ်သားတွေဆုံးတာတော့ မကြားရသေးဘူး။ လိုင်ဇာနား က ကယ်ဆယ်ရေးစခန်းတွေက ဒီဘက်ကိုလည်း ပြန်လာလို့မရ၊ တရုတ်ဘက်ကိုလည်း ကူးလို့မရဘူးဖြစ်နေတယ်။ ဟိုဘက်ကိုကူးရင် ကျပ်တစ်ထောင်ပေးရတယ်။ မှတ်ပုံတင်ထားမှ နေလို့ရတာ။

"ခက်တာက တံတားတွေလည်းကျိုး၊ လမ်းတွေလည်း ပိတ်ကုန်ပြီ။ မန်ဆီ၊ မိုးမောက်၊ လွယ်ကျယ်နဲ့ လိုင်ဇာအထက်ပိုင်း ပန်ဝါက ကယ်ဆယ်ရေးစခန်းတွေ နေရခက်နေပြီ။ တိုက်ခိုက်သံတွေကတော့ အမြဲကြားနေရတယ်။ ပြည်သူတွေအတွက်တော့ အခြေအနေက ဆိုးလာတယ်။ တိုက်ခိုက်နေကြတာလည်း မရပ်ကြဘူး" ဟု ဘုန်းတော်ကြီး အောင်ဒန်က ပြောသည်။

လိုင်ဇာနှင့် ပန်ဝါအကြားတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး ၎င်းနေရာပတ်ဝန်းကျင်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် စိုးရိမ်ရကြောင်း ငြိမ်းဖောင်ဒေးရှင်းမှဥက္ကဋ္ဌ ဘုန်းတော်ကြီး ဒေါက်တာဆာဘွဲ့ဂျွမ်က ပြောသည်။

"ကယ်ဆယ်ရေးစခန်းက လူတွေကလည်း သူတို့စခန်းအတွက်ဆုတောင်းပေးဖို့ လှမ်းမှာကြတယ်။ ကျွန်တော့်အနေနဲ့ စစ်ပွဲပြီးပါစေလို့ ဆုတောင်းပေးရုံကလွဲလို့ ဘာမှမလုပ်တတ်တော့ဘူး" ဟု ၎င်းကဆိုသည်။

ကချင်ကယ်ဆယ်ရေးစခန်းများသို့ ပြီးခဲ့သောသီတင်းပတ်က ရောက်ရှိခဲ့သော မအူပင်မြို့နယ်၊ ပျိုးခင်းသစ် လူမှုကူညီရေးအဖွဲ့မှ ဦးသန်းထိုက်အောင်က တိုက်ပွဲများသည် ကယ်ဆယ်ရေးစခန်းများနှင့် နီးကပ်နေပြီး ၎င်းတို့၏လုံခြုံရေးအတွက် နှစ်ဖက်စလုံးမှ တာဝန်ယူသင့်ကြောင်း မြန်မာတိုင်း(မ်)ကို ဇန်နဝါရီလ ၈ ရက်နေ့က ပြောသည်။

ကယ်ဆယ်ရေးစခန်းတစ်ခုလျှင် လူဦးရေ ၅၀၀ ဝန်းကျင်ရှိပြီး လူမမည်နှင့် ၁၀ နှစ်ဝန်းကျင် ကလေးများ၊ အမျိုးသမီးကြီး သက်ကြီးရွယ်အိုများကို အများဆုံးတွေ့ခဲ့ရကြောင်း ၎င်းက ပြောသည်။

လိုင်ဇာမြို့အတွင်း စစ်ပြေးဒုက္ခသည် ၁၂,၀၀၀ ကျော်နှင့် သာမန်မြို့နေလူဦးရေ ၁၂,၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပြည်သူလူထုတစ်ရပ်လုံးက ငြိမ်းချမ်းရေးကို လိုလားတောင့်တနေသောအချိန်တွင် စစ်ပွဲထက် ဆွေးနွေးပွဲကို ဦးစားပေးလုပ်ဆောင်သင့်ပြီး အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲ စကားပိုင်းသို့ အမြန်လျှောက်လှမ်းကြစေလိုကြောင်း၊

အကယ်၍တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် ငြိမ်းချမ်းရေးနှင့် ပိုမိုအလှမ်းဝေးကွာသွားနိုင်သည်သာမက ကြိုတင်မှန်းဆမထားနိုင်သော နောက်ဆက်တွဲဆိုးကျိုးများပေါ်ထွက်လာမည်ကို စိုးရိမ်ကြောင်း ဇန်နဝါရီလ ၁ ရက်နေ့ တွင် ကေအိုင်အိုဒုတိယဥက္ကဋ္ဌ ဟောင်းဖြစ်သူ ဒေါက်တာတူးဂျာက ကချင်တိုင်းရင်းသားတစ်ဦးအနေဖြင့် ထုတ်ပြန်ခဲ့သည့် သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

ဧဝရက်တောင်ထိပ်ကို အန်တုစိန်ခေါ်မယ့် ငြိမ်းချမ်းရေး ကျောက်တုံးပုံကြီး

*** လူတစ်ယောက်**
ကျောက်ခဲတစ်လုံး ကောက်ယူခဲ့ကြပါ
မနောကွင်းထဲမှာ စုပုံ
မြစ်ဆုံမှ စတင်မြစ်ဖျားခံလာတဲ့
ရောဝတီ မြစ်ရေပြင်ကြီးထဲက
သဘာဝ ကျောက်ခဲ၊ ကျောက်တုံးတွေဟာ
အေးချမ်းခြင်း နိမိတ်လက္ခဏာ။

***** လူ တစ်ရာ
လူ တစ်သောင်း
လူ တစ်သိန်း
ကျောက်တုံးတစ်သိန်း ပြည့်လာသည့်တိုင်
ငြိမ်းချမ်းရေး မရနိုင်သေးဘူးဆိုရင်
နေ့စဉ် တစ်ယောက်တစ်လုံး ထပ်မံစုပုံ
ပုံ၊ ပုံ၊ ပုံကြေ့
ငြိမ်းချမ်းရေး ကျောက်တုံးပုံကြီးဟာ
ဧဝရက်တောင်ထွတ် ထိပ်ဖျားထက်
အမြင့်ပိုမို မောက်လှဲကြေးလို့
အန်တုစိန်ခေါ်သွားစေရမဟဲ့နော်။

***** ငြိမ်းချမ်းရေးကို လိုလားသူ
တန်ဖိုးထား မြတ်နိုးသူ
တိုင်းရင်းသား ပြည်သူအားလုံး
မြစ်ကြီးနား မနောကွင်းဆီ စုရုံးကြ
ဇန်နဝါရီလ ၁၀ ရက်နေ့မှ စ
လုံးဝ ငြိမ်းချမ်းရေးရသည့် ကာလတိုင်အောင်
ကျောက်ခဲတစ်လုံးစီ ကိုင်ဆောင်လို့
ကချင်ပြည်နယ်အရေးအတွက်
လက်ချင်းတွဲ ညီညွတ်ကြဖို့
ယနေ့ကာလဟာ
သိပ်အရေးကြီးတဲ့ ကာလပဲ. . . ညည်။

မောင်ညွှေးသစ်

ပြည်ထောင်စုအစိုးရနှင့် ညီညွတ်သော တိုင်းရင်းသားများ၊ လူမျိုးများ ဖက်ဒရယ်ကောင်စီတို့ နိုင်ငံရေးဆွေးနွေးပွဲ ယခုလအတွင်း ကျင်းပနိုင်ဖွယ်ရှိ

အိုးအိုတိုးလွင်

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အခြေစိုက် ညီညွတ်သော တိုင်းရင်းသားများ၊ လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)သည် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ယခုလလယ်တွင် တွေ့ဆုံကာ နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ဖွယ်ရှိကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင် ဦလှမောင်ရွှေက သတင်းမီဒီယာအား ယခုလ ၃ ရက်နေ့ ရန်ကုန်မြို့ရှိ မြန်မာငြိမ်းချမ်းရေးစင်တာတွင် တွေ့ဆုံစဉ် ပြောသည်။

"ဦးအောင်မင်းအနေနဲ့ နိုင်ငံရေးအရ ဆွေးနွေးဖို့ အားလုံးနဲ့သဘောတူထားတယ်။ UNFC ခေါင်းဆောင်တွေနဲ့ အောက်တိုဘာ ၁၉၊ ၂၀ နဲ့ တွေ့တုန်းက ဦးအောင်မင်းက လာလည်ဖို့ကမ်းလှမ်းထားတယ်။ အခု မကြာခင်ရက်ပိုင်းက UNFC က နိုင်ငံရေးဆွေးနွေးပွဲတစ်ခုကို တတိယနိုင်ငံမှာ လုပ်မယ်လို့ အကြောင်းပြန်တယ်။ ဦးအောင်မင်းကလည်း လက်ခံတယ်။ UNFC ဘက်ကလည်း ချိန်ဆနေတယ်လို့ကျွန်တော်တို့ယူဆတယ်။ တကယ်လို့ အဆင်ပြေမယ်ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီလလယ်လောက်မှာ လုပ်နိုင်မယ့် အနေအထားရှိတယ်"ဟု ဦးလှမောင်ရွှေက ပြောသည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော UNFC အား ၂၀၁၀ နိုဝင်ဘာလမှ စတင်ဖွဲ့စည်းခဲ့ပြီး အနာဂတ်တွင် စစ်မှန်သော ပြည်ထောင်စုစနစ်နှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုစစ်တပ်အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာရန် ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် UNFC နှင့် ၂၀၁၁ နှောင်းပိုင်းမှ စတင်၍ ငြိမ်းချမ်းရေးကိစ္စရပ်များ ဆွေးနွေးရန် အလွတ်သဘော နှစ်ကြိမ်ခန့်တွေ့ဆုံပြီးဖြစ်သည်။ ■



MCM
MYANMAR CONSOLIDATED MEDIA Ltd.
အမှုဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝေလင်း
wailin@myanmartimes.com.mm
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(နှ်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(နှ်)
စာတည်းမှူး (အထူးအချပ်ပို့) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု–စာတည်းမှူး ဆန်းဦး
sannoo@myanmartimes.com.mm
အကြီးတန်းစာတည်း မြင့်မိုး၊ မောင်သွေးသစ်
အထိုင်ပင်ခံစာတည်း မသိဂီ
ဒု–သတင်းစာတည်း ကျော်ဆုမွန်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒ်
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားဆင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလပ်လောင်း
လူမှုဘဝစာတည်း မိုမိုသော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်စိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ရတနာ၊ ဘူးသီး၊ ကိုတိတ်
မန်နေဂျာ (အထူးစီမံကိန်းများ) ဝေလင်း
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှမိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းဌေး
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာဌေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ငွေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစိကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြေ–၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးမန်နေဂျာ
distmgr@myanmartimes.com.mm
မန်နေဂျာ ကိုကိုအောင်
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm
မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) က ဝိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆) နှင့် စွယ်စုံဒီဒီယာ (၀၈၁၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်တာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ဆေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။
MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၈၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ– အမှတ် ၁၃၊ ၇၄လမ်း(၃၁နှင့် ၃၂လမ်းကြား)၊ ချမ်းအေးသာဇံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၃၉၁၊ ၆၅၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ– အမှတ် ၁၀/၇၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၇ ၂၃၀၆၅။

CHNT
正泰电器
01-524978,02-33414

စပစ်ဖိုင်းယား တိုက်လေယာဉ်ကိုယ်ထည်ဟု . . .

စာမျက်နှာ ၁ မှ

လေယာဉ်များ အမှန်တကယ် တူးဖော်ထွက်ရှိလာနိုင်ဖို့အကောင်းမြင်မှုများစွာ ရှိနေသည်ဟုထုတ်ဖော်ပြောဆိုခဲ့သည်။

၁၉၄၅ ခုနှစ်အကုန်ခန့်က ဗြိတိန်တပ်ဦးစီးချုပ် လော့ဒ်မောင့်ဘက်တန်၏ အမိန့်ဖြင့် အသစ်စက်စက် တိုက်လေယာဉ်များကို သစ်သားကိုယ်ထည်သေတ္တာကြီးများအတွင်း ထည့်သွင်းမြုပ်နှံထားရှိခဲ့သည်ဟု အချက်အလက်များရရှိထားသည့် ယခုအဖွဲ့က ကနဦးအနေဖြင့် မြစ်ကြီးနားတွင် စတင်တူးဖော်စဉ်အခက်အခဲများစွာနှင့် တွေ့ကြုံရသော်လည်း ယခုဇန်နဝါရီလ ၉ ရက်နေ့မှစတင်ခါ ရန်ကုန် မင်္ဂလာဒုံလေဆိပ်အနီး လေယာဉ်ပြေးလမ်းဟောင်းအနီးတွင် စတင်စမ်းသပ်ရှာဖွေမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရွှေတောင်ပေါ် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထူးထူးဇော်က ပြောသည်။

"ဒီလိုတူးဖော်ဖို့ လေယာဉ်တွေမြုပ်တဲ့ အချိန်တုန်းက မျက်မြင်တွေ့ခဲ့တဲ့ စစ်ပြန်ကြီး မစ္စတာစတန်လေကိုလည်း ခေါ်ယူထားပါတယ်။ ဒီလေယာဉ်တွေသာ တူးဖော်နိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ဗြိတိန်နိုင်ငံအကြား ဆက်ဆံရေးကိုလည်း ပိုမြင့်တင်နိုင်မှာ ဖြစ်ပါတယ်"ဟု ဦးထူးထူးဇော်က ပြောသည်။

ထို့ပြင် တစ်ကမ္ဘာလုံးအနေအထားတွင် အရေအတွက် စီးရေ ၂၀,၀၀၀ ခန့်သာထုတ်လုပ်ခဲ့သည်ဟု အချက်အလက်များတွင် ဖော်ပြထားခဲ့သည့် ယင်းတိုက်လေယာဉ်များကိုသာ ရှာဖွေနိုင်ခဲ့လျှင် စီးရေအများဆုံး ကျန်ရှိနေခဲ့သောနိုင်ငံအဖြစ် မြန်မာနိုင်ငံကို နိုင်ငံတကာကအသိအမှတ်ပြုလာလိမ့်မည်ဟု ဆိုသည်။

"ဒီစီမံကိန်းအတွက် ငွေကြေးပမာဏ ဘယ်လောက်သုံးမယ်ဆိုတာကို အတိအကျပြောလို့မရသေးပါဘူး။ အိုးပင်းပရောဂျက်အဖြစ် ထားပါတယ်"ဟု သူက ဆိုသည်။

စုဆောင်းထားသော အချက်အလက်များအရ မြစ်ကြီးနားမြို့တွင် စပစ်ဖိုင်းယား လေယာဉ် ၁၈ စင်းအနက် ကိုးစင်းစီ နှစ်နေရာခွဲပြီးရှိနေကြောင်း ဘူမိဗေဒပါမောက္ခ ဦးစိုးသိန်းကပြောသည်။

"ဒေးဗစ်နဲ့ ၁၉၉၈ ခုနှစ်တုန်းက ရန်ကုန်မှာ တစ်ခါရှာခဲ့ဖူးတယ်။ နည်းပညာမကောင်းတာကြောင့် လမ်းမှားရှာခဲ့လို့မတွေ့ခဲ့ဘူး။ ၉၉ ခုနှစ်မှာလည်း အစ္စရေးကုမ္ပဏီတစ်ခုနဲ့ပေါင်းပြီး ရှာခဲ့သေးတယ်။ အဲဒီတုန်းက သေတ္တာတွေဆီကို ရောက်ဖို့ ၁၀ ပေ အလိုမှာ စီမံကိန်းကို ရပ်ခဲ့ရတယ်"

"၂၀၀၉ မှာတော့ ဒေးဗစ်နဲ့ ပြန်ဆက်သွယ်မိခဲ့တယ်။ အခုအမေရိကန်က နာဆာနည်းပညာအချက်အလက်တွေအပေါ် အခြေခံပြီးရှာတော့ မြုပ်ထားတဲ့နှစ်နေရာကို မြစ်ကြီးနားမှာ တွေ့ခဲ့တယ်" ဟု ဦးစိုးသိန်းက ပြောသည်။

အဆိုပါအဖွဲ့နှင့်အတူ ပါဝင်လာသည့် မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသည်ဟုဆိုသော အသက် ၈၀ ကျော်ရွယ် ဒုတိယကမ္ဘာစစ်၊ စစ်ပြန်ကြီး မစ္စတာစတန်လေကုမ္ပဏီဘ်ကမူ သူ့အနေဖြင့် မြင်တွေ့ခဲ့ရသည့် စပစ်ဖိုင်းယားဟု ယူဆရသော သေတ္တာကြီးများကို ပြန်လည်ရှာဖွေခြင်းသည် အင်မတန် စိတ်လှုပ်ရှားစရာကောင်းလှကြောင်း သတင်းထောက်များကိုပြောသည်။

မစ္စတာကင်ဒယ်လ်က ယခုခရီးစဉ်မစတင်မီ သတင်းထောက်များကို ပြောဆိုခဲ့ရာတွင် ယခုကဲ့သို့ စပစ်ဖိုင်းယား လေယာဉ်များကို ရှာဖွေရခြင်းသည် အီဂျစ်နိုင်ငံရှိ တူတန်ခမန်ဘုရင်ပိရမစ်ဂူကို ရှာဖွေရသလို ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့ဖူးသည်။

ထိုသို့ဒုတိယကမ္ဘာစစ်လက်ကျန် စပစ်ဖိုင်းယား တိုက်လေယာဉ်များကို မြေအောက်အတွင်း အစိတ်အပိုင်းများခွဲပြီး သစ်သားသေတ္တာကြီးများ ထဲထည့်ကာ မြုပ်နှံထားခဲ့ခြင်းမှာ စိတ်ဝင်စားစရာကောင်းလှသော်လည်း သေချာပေါက်ရှိနိုင်မည်ဟု မပြောနိုင်သေးကြောင်းလည်း ယူဆသူများ ရှိနေသေးသည်။

"စပစ်ဖိုင်းယားလေယာဉ်တွေကို ဒီမှာ မြုပ်ထားခဲ့တယ်ဆိုတာ အပြည့်အဝ ယုံရခက်ခက်ပဲ။ ဘာလို့လည်းဆိုတော့ စက်ယန္တရားမပြည့်စုံတဲ့ ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ လူမသိသူမသိ မြုပ်နှံဖို့ဆိုတာရယ်၊ နောက်တစ်ခုက စစ်ဘက်လျှို့ဝှက်ချက်ဆိုပြီး ဒီလောက် နှစ်ပေါင်းများစွာ အဲဒီတုန်းကပါဝင်ခဲ့တဲ့ သူတွေကို ဘယ်လိုနှုတ်ပိတ်ထားခဲ့တာလဲ။ ပြီးတော့ အင်္ဂလိပ်တွေမြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီးတော့ ဘာလို့ပြန်ပြီး တူးဖော်မသွားခဲ့တာလဲ ဆိုတာတွေကို တွေးမိပါတယ်"ဟု မဇ္ဈိမသတင်းဌာနမှ အုပ်ချုပ်မှု အယ်ဒီတာဦးစိန်ဝင်းက ဖြစ်စဉ်ကို သုံးသပ်ပြောဆိုသည်။

"ဗြိတိန်ဘက်က တူးဖော်ဖို့ ဆောင်ရွက်သူတွေလည်း ဒီအချက်ကို စဉ်းစားမိမယ်လို့ထင်ပါတယ်။ ဗြိတိန်အစိုးရနဲ့ အဖွဲ့အစည်းတွေလည်း ဒီအချက်ကို မေးခွန်းထုတ်ဖို့ ကြိုးစားခဲ့ပါလိမ့်မယ်။ ဒါပေမယ့် သေချာရှိလိမ့်မယ်လို့ ယူဆတာက ပိုပြီး အားကောင်းသွားတာ ဖြစ်ပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

စပစ်ဖိုင်းယား တိုက်လေယာဉ်များကို ရှာဖွေရန် စိတ်အားထက်သန်နေသူ ဒေးဗစ်ကင်ဒယ်ကမူ သူလေ့လာထားသလောက် ဗြိတိန်အစိုးရ၏ ညွှန်ကြားချက်ဖြင့် အမေရိကန် အင်ဂျင်နီယာများက မြုပ်နှံထားပေးခဲ့သော စပစ်ဖိုင်းယားများရှိသည့် အချက်ကို အပြည့်အဝယုံကြည်ကြောင်း၊ ဗြိတိန်မှ ပညာရှင်တချို့၏ ပြောဆိုမှုများကို အခြေခံပြီး စပစ်ဖိုင်းယားလေယာဉ်များကို ၁၉၄၅ ခုနှစ်နှင့် ၁၉၄၆ ခုနှစ် အတွင်းက မြုပ်နှံထားခဲ့သည့် သတင်းသည် သူ့ကိုရှာဖွေရန် တွန်းအားများပေးခဲ့ကြောင်း ပြောသည်။

"မြစ်ကြီးနားမှာ တွေ့ရတာကတော့ လူလုပ်ထားတဲ့ အရာဖြစ်တာ သေချာပါတယ်။ တူးဖော်တုန်းက ရေတွေ ထွက်လာခဲ့တဲ့ အတွက် အခက်အခဲတွေ တွေ့ရပါတယ်'ဟုလည်း ဆိုသည်။

"ကျွန်တော် သိရသလောက်၊ ဗြိတိန်အစိုးရက ဒီကနေထွက်ခွာကာနီးမှာ ဒီလေယာဉ်တွေကို ဗြိတိန်ကို ပြန်သယ်မသွားချင်တဲ့အတွက် တချို့ကို အိန္ဒိယသမုဒ္ဒရာထဲကို ပစ်ချခဲ့တာမျိုးနဲ့ မြန်မာနိုင်ငံမှာမြုပ်နှံထားခဲ့တာမျိုးလုပ်ခဲ့တာပါ"ဟု ၎င်းကပြောသည်။

ရွှေတောင်ပေါ် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထူးထူးဇော်ကမူ ယခုလို ရှာဖွေဖော်ထုတ်ခြင်းကို မြှုပ်နှံခဲ့သည့် ဗြိတိန်အစိုးရက သိရှိပြီးဖြစ်ပြီး ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း မြန်မာနိုင်ငံသို့လာစဉ်ကလည်း မြန်မာသမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံစဉ် ယင်းကိစ္စကို ထည့်သွင်းပြောဆိုသွားသည်ဟု ဆိုသည်။

"မြန်မာနိုင်ငံက ဗြိတိန်သံရုံးကလည်း လိုအပ်တဲ့အကူအညီရှိရင် ပြောပါလို့ ကျွန်တော်တို့ ကုမ္ပဏီကို ပြောပါတယ်"ဟု သူက ဆိုသည်။

အဆိုပါအဖွဲ့၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် ဘီလာရုစ်နိုင်ငံအခြေစိုက် ဗီဒီယိုဂိမ်းကုမ္ပဏီတစ်ခုက ကူညီပေးထားပြီး အဆိုပါ ကုမ္ပဏီမှ Tracy Spaight ဆိုသူ စီမံကိန်း ဒါရိုက်တာတစ်ဦးလည်း လိုက်ပါလာသည်။

"ကျွန်တော်သူတို့ တူးဖော်နေတဲ့နေရာမှာ မရှိတဲ့အတွက် အဲဒီအရာတွေက စပစ်ဖိုင်းယားတိုက်လေယာဉ်တွေဆိုတာ သေချာပေါက် မပြောနိုင်ပါဘူး။ စီမံကိန်းကလည်း အခုမှ စတင်တုန်း ရှိပါသေးတယ်။ အခု မင်္ဂလာဒုံလေယာဉ်ကွင်းအနီးကို အာရုံစိုက်လုပ်နေပါတယ်။ သေချာပေါက်ဆိုတာကြီးကို ပြောဖို့တော့ စောနေပါသေးတယ်"ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

ရွှေတောင်ပေါ် ကုမ္ပဏီနှင့် မြန်မာနိုင်ငံအစိုးရတို့ အကျိုးတူစာချုပ်ချုပ်ဆိုထားသည်မှာ နှစ်နှစ်တာကာလဖြစ်ပြီး အဆိုပါကာလအတွင်း တူးဖော်နိုင်ရန်ပြင်ဆင်သွားမည်ဟုလည်း တာဝန်ရှိသူများက ဆိုသည်။ ■

'ပဂ္ဂလိက နေ့စဉ်သတင်းစာပြေးပွဲ'. . .

စာမျက်နှာ ၂ မှ

မြန်မာတိုင်း(မ်)၊ Eleven Media Group၊ The Voice၊ Popular News၊ Messenger၊ 7 Day၊ ရန်ကုန်တိုင်း(မ်)နှင့် NLD မှ ထုတ်ဝေသော ဒီလိုင်းစာစောင်တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

မစ္စတာဒန်ကလီက နေ့စဉ်သတင်းစာထုတ်ဝေခွင့်ရရှိခြင်းမှာ ထိုအတွက် အဆင်သင့်မဖြစ်သေးသော အပတ်စဉ်သတင်းဂျာနယ်များအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်လာမည်ဖြစ်ကြောင်း ပြောသည်။

Information Matrix ၏ အုပ်ချုပ်မှု ဒါရိုက်တာဦးသောင်းစုငြိမ်းကလည်း သတင်းနှင့် ဆောင်းပါး အားကောင်းကောင်းဖြင့် ရပ်တည်သော အပတ်စဉ်သတင်းစာစောင်ကြီးများသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်ကာ အခြားသော အားနည်းသည့် အပတ်စဉ်စာစောင်များမှာ စာဖတ်သူနည်းပါးသွားလိမ့်မည်ဟုပြောသည်။

"ဒါဟာ မြန်မာနိုင်ငံအတွက် အသစ်ဖြစ်သလို စိတ်လှုပ်ရှားစရာလည်း ကောင်းတဲ့ စီးပွားရေးတစ်ခုပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့အတွေ့အကြုံတွေကနေ ပြောနိုင်တာကတော့ မလွယ်ဘူးဆိုတာပါ"ဟု ကမ္ဘောဒီယားနိုင်ငံတွင် အင်္ဂလိပ်-ခမာ နှစ်ဘာသာဖြင့် ထုတ်ဝေသော ဖနွမ်းပင်ပို့စ်အမည်ရှိ နေ့စဉ်သတင်းစာ၏ ထုတ်ဝေသူလည်းဖြစ်သော မစ္စတာ ဒန်ကလီက ပြောသည်။

အစိုးရမှ နေ့စဉ်သတင်းစာထုတ်ဝေ ခွင့်ပြုလိုက်ခြင်းမှာ ပြန်ကြားရေးဝန်ကြီးအသစ်ဖြစ်သော ဦးအောင်ကြည်မှာ 'လူမှန်နေရာမှန်'ဖြစ်သည် ဆိုသည်ကို ပြသလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"သူဟာ ကျွန်တော်တို့နဲ့ တစ်သားတည်းရှိတဲ့လူပါ။ ကျွန်တော်တို့ရဲ့ သတင်းစာလုပ်ငန်းကို အလေးအနက်ထားတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကို မှန်ကန်တဲ့ စိတ်နေစိတ်ထားနဲ့ ပြန်လည်အသက်သွင်းပေးခဲ့တာပါ"ဟု ၎င်းက ပြောသည်။

ဦးသောင်းစုငြိမ်းကမူ နေ့စဉ်သတင်း စာထုတ်ဝေခွင့်ပြုလိုက်ခြင်းမှာ ၂၀၁၅ တွင် ပြည်သူများလိုလားတောင့်တနေသော ပွင့်လင်းမြင်သာသည့် အစိုးရတစ်ရပ်ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်အား အထောက်အကူဖြစ်စေမည်ဟု ပြောသည်။ ■



'ကချင်ကို တိုက်တာ . . .

စာမျက်နှာ ၁ မှ

'စွာတယ်' ဆိုတာ တပ်နဲ့ သိပ်ပြီးတော့ လိုက်ဖက်တဲ့အသုံးမဟုတ်ဘူးနော်။ ဒါပေမယ့် ဘာပဲပြောပြော တစ်ညီတစ်ညွတ်တည်း ရှိဖို့တော့ အရေးကြီးတာပေါ့။

"နောက်ပြီး တပ်က သီးသန့်ဖြစ်နေမလား၊ တပ်မတော်က သီးသန့်ဖြစ်နေတယ်လို့ အန်တီမယုံကြည်ပါဘူး။ တပ်မတော်သားတွေဆိုတာလည်း ပြည်သူထဲက ပေါက်ဖွားလာတဲ့သူတွေပဲ။ အဲဒီတော့ အဖွဲ့တစ်ဖွဲ့ဖြစ်နေပေမယ့် ပြည်သူထဲက လူတွေဖြစ်လို့ တစ်စည်းတစ်လုံးတည်း မဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့ ယုံတယ်။ စစ်တိုက်တာကို တကယ်လို့ ကာကွယ်ရေးဦးစီးချုပ်ရဲ့ သဘောတစ်ခုတည်းနဲ့ လုပ်ခဲ့တယ်ဆိုရင်လည်း အန်တီတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရတော့ ဒီကိစ္စမျိုးကို ကာကွယ်ရေးဦးစီးချုပ်က ဆုံးဖြတ်နိုင်တဲ့ အခြေအနေရှိတယ်လို့ပြောရမှာပဲ။ အန်တီခဏခဏပြောတယ်မဟုတ်လား၊ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြင်စရာတွေ အများကြီးရှိတယ်လို့"ဟုလည်း ၎င်းက ပြန်လည်ဖြေကြားခဲ့သည်။

ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ လတ်တလော ဖြစ်ပေါ်ခဲ့စားနေရသည့် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားအားလုံး၏ လူမှုဒုက္ခအပေါင်းကို လျော့ပါးစေရန်အတွက်လည်းကောင်း မဖြစ်မနေ ဦးစားပေး ဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်နိုင်ရန် ယခု ဆဋ္ဌမ ပုံမှန်အစည်းအဝေးသို့ ကချင်အမတ်တို့က တင်သွင်းသွားမည်ဟု အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘုက ပြောသည်။

ပြည်ထောင်စုအဆင့် ဆွေးနွေးကြမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ လွှတ်တော်ကိုယ်စားလှယ်တို့ ပါဝင်လေ့လာကာ စုစုပေါင်းညှိနှိုင်းပေးရန် အစီအစဉ်ရှိ မရှိဆိုသည်နှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က "တိုက်ပွဲတွေနဲ့ပတ်သက်ပြီး ဘာလုပ်သင့်သလဲဆိုတာ လွှတ်တော်က အရင်လေ့လာ၊ ဆုံးဖြတ်ပြီးမှ လမ်းစဉ်ချပေးကြရမှာပါ။ ဒီကိစ္စအပေါ် လွှတ်တော်ကနေ ပါဝင်လေ့လာဖို့အကြောင်း ပေါ်လာရင်တော့လုပ်ရမှာပေါ့။ ဒါပေမယ့် အစိုးရကဦးဆောင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ လွှတ်တော်ကို မဖိတ်ခေါ်ဘဲ ပါဝင်လို့မရဘူးလေ"ဟု ဆိုသည်။ ■

TIGER BALM

နာချင်ရာ နာစမ်း . . . **TIGER BALM®**



Tiger Balm (White) သည် မူလဖြောင့်နှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်းဒဏ်နာ ကို ကုစားကင်းဝေပါသည်။

Reg No. 1308AA699

Tiger Balm (Red) သည် ပြာတ်သား နာကျင်ကိုက်ခဲခြင်းနှင့် အကျွံသားခြင်းများ ကို ကုစားပြီးနှစ်သက်သာစေပါသည်။

Reg No. 1402AA1320

Tiger Balm (Liniment) သည်မောပန်းနွမ်းနယ်ခြင်း၊ ပြာတ်သားခေတွေ့ ကင်ခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။

Reg No. 1308AA843

သင့်ရဲ့ နာကျင်ကိုက်ခဲမှုဒဏ်နာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည့်

TIGER BALM® PLASTER



Cool သည်ဆီနံကံနာကျင်မှုများ၊ ကြွက်သားခေတ်ခြင်းခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1733

RD Warm သည် ကြွက်သားနာကျင်ခြင်း၊ ကာကွယ်ပြုပြင်ခြင်း နှင့် ပါးနှာခေါင်းတက်ရောဂါအတွက် သုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1734

- OVER 100 YEARS - OVER 100 COUNTRIES - MILLIONS OF USERS -

WORKS WHEREVER IT HURTS.

ပြဿနာများကို လက်နက်အားကိုးဖြေရှင်း၍ မရနိုင်ဟု ကေအင်န်ယူ ဥက္ကဋ္ဌသစ် ပြောကြား

ဝင်းကိုကိုလတ်



ကေအင်န်ယူ ဥက္ကဋ္ဌသစ် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက မေးမြန်းချက်များ ဖြေကြားနေစဉ်။ ဓာတ်ပုံ - ဝင်းကိုကိုလတ်

မြန်မာအစိုးရနှင့် တိုင်းရင်သားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသော ပဋိပက္ခများကို တစ်ဦးနှင့် တစ်ဦး လက်နက်အားကိုး၍ ဖြေရှင်းခြင်းသည် မည်သည့် အဖြေရလဒ်မှ ထွက်လာမည် မဟုတ်ဘဲ စစ်၏ အနိဋ္ဌာရုံများကိုသာ ခံစားခဲ့ရသည်ဟု မကြာသေးမီက ကေအင်န်ယူဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ် ခံခဲ့ရသူ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက ပြော သည်။

"အကြောင်း အမျိုးမျိုးကြောင့် တစ် ယောက်နဲ့ တစ်ယောက် သေနတ်နဲ့ ပစ်ကြတယ်။ သူသေ ကိုယ်သေပေါ့လေ။ ဒါပေမယ့် အဖြေက မထွက်ခဲ့ဘူး" ဟု ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက ပြော သည်။

"စစ်ဖြစ်လာတယ်ဆိုရင် စစ်ရဲ့ အနိဋ္ဌာရုံ တွေဆိုတာ ပြောစရာလိုမယ် မထင်ပါ ဘူး" ဟု ၎င်းက ဖြည့်စွက် ပြောသည်။

"တကယ်တော့ဗျာ။ ပြည်သူလူထုက မြေစာပင်ဖြစ်ရတာပေါ့။ ဒီဒုက္ခသည် တွေဟာ ကျွန်တော်တို့ သားသမီးတွေ၊ မိဘတွေဖြစ်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လောက်တောင် စိတ်မကောင်းဖြစ် မယ်ဆိုတာ ပြန်ပြီးခံစားကြည့်ပါ" ဟု ပြည်ထောင်စု အဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြော သည်။

တိုက်ပွဲများကြောင့် လုံခြုံရေးစိတ်မချ ရသဖြင့် စစ်ဘေးတိမ်းရှောင်သူပေါင်း မှာ မြန်မာအစိုးရထိန်းချုပ်ထားရာ ဒေသများတွင် လေးသောင်းကျော်နှင့် ကေအိုင်အေထိန်းချုပ်ရာဒေသတွင် လည်း လေးသောင်းကျော်ရှိပြီး စစ်ပွဲ ကြောင့် ကလေးသူငယ်များလည်း စာသင်ကြားရခြင်းမရှိဘဲ ကျန်းမာရေး၊ လူမှုရေးနှင့် စားရေးသောက်ရေးများ လည်း ချို့တဲ့နေကြသည်ဟု ဦးအောင် မင်းက ပြောသည်။

"ကိုယ့်အိမ်မှာကိုယ်မနေရရင် ချို့တဲ့ ကြတာပေါ့။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်လည်း ဆွေးနွေးပွဲတိုင်းမှာ အိုင်ဒီပီကိစ္စကို ထည့်ပြောပါတယ်" ဟု သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးတစ်ဦးလည်းဖြစ်သူ ဦးအောင် မင်းက ပြောသည်။

"စစ်ဖြစ်တဲ့သူတွေကိုတော့ ကျွန်တော် တို့က အတတ်နိုင်ဆုံး ဒါတွေဟာ မကောင်း ဘူး။ ဒါတွေကို မလုပ်ဖို့ ကျွန်တော်တို့ တားပါတယ်။ သို့သော်လည်း ဒါတွေ ကို တားလို့မရခင်မှာ ဒီကိစ္စကို စဉ်းစား ပေးပါလို့ ကျွန်တော် ပြောပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာအစိုးရထိန်းချုပ်ရာဒေသတွင်း ရှိ အိုင်ဒီပီများကို အစိုးရက ထောက်ပံ့မှု များပြုလုပ်နေပြီး ကေအိုင်အေထိန်းချုပ် ရာဒေသရှိ အိုင်ဒီပီများကို အင်န်ဂျီအို များက ထောက်ပံ့ပေးနေသည်ဟုလည်း ဦးအောင်မင်းက ပြောသည်။

"ယူနီဆက်ဖ်လိုမျိုး၊ ယူအင်န်အိပ်ချ်စီအာရ်လိုမျိုးက သူတို့နယ်မြေတွေမှာ ထောက်ပံ့ချင်တယ်။ ခွင့်ပြုပေးပါလို့ ပြော ပါတယ်။ ဟိုဘက်က ကချင်ခေါင်းဆောင် တွေက ခွင့်ပြုပေးဖို့ပဲ လိုမယ်။ ဒီဘက် နယ်မြေထဲမှာတော့ လုံခြုံရေးတာဝန် ယူပေးမယ်။ အဲဒီခွင့်ပြုချက်ရရင်တော့ ခင်ဗျားတို့ သွားချင်တဲ့ အတိုင်းသွားလို့ ရမယ်" ဟု ၎င်းက ပြောသည်။

အစိုးရနှင့် ပူးပေါင်းရန် အသင့် ရှိကြောင်း ABSDF ဥက္ကဋ္ဌ ပြော

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား များ ဒီမိုကရက်တစ်တပ်ဦး(ABSDF) အနေဖြင့် တိုင်းရင်းသားများ၏ အခွင့် အရေးနှင့် တန်းတူညီမျှရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ နှင့် ပူးပေါင်းတိုက်ပွဲဝင်နေသည့် နည်းတူ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ နှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ ကြောင်း ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲက ယခုလ ၃ ရက်နေ့က ရန်ကုန်မြို့ရှိမြန်မာ ငြိမ်းချမ်းရေးစင်တာ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲဦး ဆောင်သော အဖွဲ့ဝင်ကိုးဦးပါ ကိုယ် စားလှယ်အဖွဲ့သည် သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ၏ သဘောတူခွင့်ပြုချက်ဖြင့် နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် လာ ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

"ငြိမ်းချမ်းရေးဆိုတာ မြန်မာပြည်ရဲ့ ပင်မရေးစီးကြောင်းတစ်ခုပဲ။ တစ်တိုင်း ပြည်လုံးငြိမ်းချမ်းရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ အင်အားစုအသီးသီးက ဝိုင်းဝန်းစုပေါင်း ပြီး အပြောင်းအလဲကို သယ်ဆောင်ကြ မယ်ဆိုရင် လိုချင်တဲ့ပန်းတိုင်ကို မြန်မြန် ရောက်မယ်လို ယုံကြည်ပါတယ်"ဟု ရဲဘော်သံခဲက ပြောသည်။

ABSDF အနေဖြင့် အစိုးရနှင့် အပစ် အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထား ခြင်း မရှိသောကြောင့် ယခုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ တွင် ပါဝင်တိုက်ပွဲဝင်နေခြင်းဖြစ်သော် လည်း လက်ရှိကေအိုင်အေနှင့် အစိုးရ တပ်အကြား ဖြစ်ပွားနေသောတိုက်ပွဲ များ ရပ်တန့်ကာ နိုင်ငံရေးဆွေးနွေးပွဲ အမြန်ဆုံးကျင်းပရန် နှစ်ဖက်စလုံးအား တောင်းဆိုသွားမည်ဖြစ်သည်။

"လက်ရှိ မြောက်ပိုင်း ကချင်ဒေသ တိုက်ပွဲဖြစ်တဲ့နေရာမှာ ABSDF ရှိနေပါတယ်။ ဒါပေမယ့် အခုဒီမှာ ဗဟိုကိုယ်စားလှယ်တွေ အစိုးရဲ့ ငြိမ်းချမ်း ရေးဖော်ဆောင်ရေးတွေမှာ ပူးပေါင်း ပါဝင်ဖို့လုပ်ဆောင်နေခြင်းဟာ လက် နက်ကိုင်တိုက်ပွဲဝင်တာကို အားစိုက် လုပ်ဆောင်နေတာ မဟုတ်ဘဲ နိုင်ငံရေး ပြဿနာတွေကို စကားဝိုင်းမှာ ဖြေရှင်း ချင်တယ်ဆိုတာကို သက်သေပြနေပါ တယ်"ဟု ABSDF ၏ အဖွဲ့ဝင်ဖြစ်သူ မလေးလုံက ပြောသည်။

ABSDF အဖွဲ့ဝင်များသည် နှစ်ပတ် ကြာ ခရီးစဉ်အတွင်း ငြိမ်းချမ်းရေးဖော် ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင် မင်း အပါအဝင် အစိုးရတာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ တိုင်းရင်း သားအင်အားစုများ၊ ကျောင်းသား လူငယ်များ၊ ABSDF ရဲဘော်ဟောင်း များနှင့် တွေ့ဆုံခဲ့သည်။ **အိအိတိုးလွင်** ■

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်၍ စစ်ပွဲများရပ်တန့်ရေး ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုချက်မရသေး

ဝင်းကိုကိုလတ်

မြန်မာ့တပ်မတော်နှင့် ကချင်လွတ် မြောက်ရေးတပ်မတော်(ကေအိုင်အေ) တို့အကြား ဖြစ်ပွားနေသည့်စစ်ပွဲများ ရပ်တန့်သွားရေးအတွက် ကချင် ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ် ပြည်သူ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက လူ ၁,၀၀၀ ကို ဦးဆောင်၍ မြစ်ကြီးနား မြို့၊ မနောကွင်း၌ ဆန္ဒဖော်ထုတ်ရန် လျှောက်ထားမှုကို သက်ဆိုင်ရာက ခွင့်မပြုသေးကြောင်း ကာယကံရှင်က ပြောသည်။

"အခါကြီးရက်ကြီးဖြစ်တယ်။ ဥပဒေနဲ့ မညီဘူးဆိုပြီး ခွင့်မပြုတာလို့ မြစ်ကြီးနား မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပါတယ်" ဟု တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အတွင်းရေးမှူးလည်းဖြစ်သူ ဒေါ်ဒွဲဘူက မြန်မာတိုင်း(မ်)၏ မေးမြန်းချက်ကို တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။

ယခုလ ၁၀ ရက်တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့တွင် ဆန္ဒဖော်ထုတ် ရန် လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ယခုလ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ကချင်ပြည်နယ်လွတ်တော် ကျင်းပမည့် ရက်များနှင့် တိုက်ဆိုင်နေ၍ ခွင့်မပြုခြင်း ဖြစ်သည်ဟု မြစ်ကြီးနားမြို့နယ် အုပ်ချုပ် ရေးမှူးက ပြောကြောင်း ဒေါ်ဒွဲဘူက ပြောသည်။

ယခုလ ၁၄ ရက်တွင် ပြီးစီးမည့် ကချင်ပြည်နယ် လွှတ်တော်အပြီးမှသာ ပြန်လည်လျှောက်ထားရန် သက်ဆိုင်ရာ က ပြောကြားသဖြင့် ယခုလ ၁၅ ရက်တွင် ထပ်မံတင်ပြမည်ဟု ၎င်းက ပြောသည်။

"အခါကြီးရက်ကြီးမှာ ဆန္ဒဖော်ထုတ် ခွင့်မရှိဘူးဆိုတာ ကျွန်မတော့ နည်း ဥပဒေမှာ မတွေ့ပါဘူး။ နိုင်ငံတကာမှာ လည်း လွှတ်တော်တွေကျင်းပချိန်မှာ လည်း ဆန္ဒဖော်ထုတ်ကြပါတယ်" ဟု ၎င်းက ပြောသည်။

ဆန္ဒဖော်ထုတ်ရာတွင် မြစ်ကြီးနားမြို့ အနီးရှိ ရာဝတီမြစ်ကမ်းမှ ကျောက်ခဲ များကို လူတစ်ဦးလျှင် တစ်လုံးစီ ကောက်ယူ၍ မြစ်ကမ်းဘေးတွင် ပုံထား မည့်အစီအစဉ်လည်း ပါဝင်သည်ဟု ၎င်းက ပြောသည်။

"ငြိမ်းချမ်းရေး မရမချင်းလုပ်မှာပါ။ ငြိမ်းချမ်းရေးကိုမြတ်နိုးသူတိုင်း ပါဝင်နိုင် ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် မနောကွင်းအတွင်းတွင် ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်း၊ ဒေသခံအချို့မှ ငြိမ်းချမ်းရေးနှင့်ပတ်သက် သည့်စကားများ ပြောကြားခြင်းပြုလုပ် မည်ဖြစ်ပြီး မြစ်ကြီးနားမြို့တွင်းသို့ ငြိမ်းချမ်းရေးတောင်းဆိုသည့်ဆိုင်းဘုတ် များကိုင်ဆောင်ကာ အော်ဟစ်ကြွေး ကြော်ခြင်းမပြုဘဲ လှည့်လည်ကာ မနောကွင်းသို့ ပြန်လည်သွားရောက် မည်ဖြစ်သည်ဟု ၎င်းက ပြောသည်။ ■



သမ္မတအမိန့်ဖြင့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရန် ကော်မတီတစ်ခု ဖွဲ့စည်း

နန်းတင်ထွေး

ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားများ ကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရေးတို့အတွက် 'လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး'ကော်မတီကို ဇန်နဝါရီလ ၈ ရက်နေ့က ဖွဲ့စည်းလိုက်ကြောင်း မြန်မာနိုင်ငံ သမ္မတရုံးဝက်ဘ်ဆိုက်၌ ဇန်နဝါရီလ ၈ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။

အဖွဲ့ဝင် ၁၀ ဦးပါဝင်သော ထိုကော်မတီတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။ အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယပိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန(၁)မှာ ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်၊ သမ္မတရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သမ္မတရုံးဝန်ကြီးဌာန(၂)မှ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန(၅)မှ ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့မှ အဖွဲ့ဝင် ဦးသန်းကျော်တို့က ပါဝင်ပြီး နိုင်ငံတော် သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းက အတွင်းရေးမှူးအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမိန့်ဖြင့် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၌ လာဘ်ပေးလာဘ်ယူမှုများကို တိုက်ဖျက်ရန်နှင့် ထိုအတွက် အစိုးရအရာရှိများအား သင်တန်းများ ပေးရန် ဆွေးနွေးမှုများပြုလုပ်ထားသော ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်း၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဖြစ်သော မစ္စတာဂျေဆင်အလိုက်က ယခုကော်မတီ ဖွဲ့စည်းလိုက်ခြင်းမှာ မြန်မာနိုင်ငံ၏ လာဘ်ပေး လာဘ်ယူ ပြဿနာမှာ 'ကောလာဟလ မဟုတ်ဘူး'ဆိုသည့်အချက်အား ပြသနေခြင်း ပင်ဖြစ်ကြောင်း ပြောသည်။

"နောင်ဆိုရင် ဒီလာဘ်ပေးလာဘ်ယူကိစ္စကို ပွင့်ပွင့်လင်းလင်းနဲ့ အကြောက်အလန့်မရှိဘဲ ပြောလို့ရပြီ။ တစ်နိုင်ငံလုံးအနေနဲ့ ဒီပြဿနာကို အမှန်တကယ် ကောင်းမွန်အောင်ဖို့ဆိုရင် ဒါဟာ အခြေခံ လိုအပ်ချက်တစ်ခုပါ"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ကော်မတီ၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းနယ်ပယ်များအား လက်ရှိအချိန်တွင် မသိရှိနိုင်သေးသော်လည်း ကော်မတီဖွဲ့စည်းလိုက်ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လာဘ်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သဘောတူစာတမ်း (UNCAC) အား အပြည့်အဝအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း မစ္စတာအလိုက်က ပြောသည်။

ကော်မတီဖွဲ့စည်းမှုတွင် ကုလသမဂ္ဂ၊ လူမှုအဖွဲ့အစည်းနှင့် အခြားသော ပညာရှင်များပါဝင်ခြင်းမရှိသည့်အပေါ် တွင်လည်း ၎င်းက UNCAC ၏သတ်မှတ်ချက်အရ လာဘ်ပေးလာဘ်ယူမှုများကို တိုက်ဖျက်ရာတွင် လူမှုအဖွဲ့အစည်းများပါဝင်ရန် တောင်းဆိုမှုများရှိသည့်အပြင် အခြားသော လွတ်လပ်သည့် အဖွဲ့အစည်းများလည်းရှိရန် လိုအပ်ကြောင်း ပြောသည်။

သို့သော်လည်း ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လက်ရှိလွှတ်တော်တွင် ဆွေးနွေးလျက်ရှိသော လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် အခြားသော အဖွဲ့များ ဖွဲ့စည်းမှုရှိမရှိကိုလည်း စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောသည်။ ■

နိုင်ငံတကာ ငွေလွဲလုပ်ငန်းအတွက် ထွန်းဖောင်ဒေးရှင်းဘဏ် ဆွေးနွေးဆဲ

ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွင့်လှစ်သော ထွန်းဖောင်ဒေးရှင်းဘဏ်၏ ၁၃ ခုမြောက် ဘဏ်ခွဲအား ဗိုလ်မြတ်ထွန်းလမ်းနှင့် ဗန္ဓုလလမ်းထောင့်တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးအနှံ့ ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံတကာ ငွေလွဲလုပ်ငန်းများဖြစ်သော Visa, Master နှင့် Western Union စသည့် နိုင်ငံတကာ ငွေလွဲလုပ်ငန်းများနှင့် ချိတ်ဆက်ရန် ဆွေးနွေးနေဆဲဖြစ်သည်ဟု အဆိုပါ ဘဏ်မှ အကြီးတန်း အထွေထွေမန်နေဂျာဒေါ်မိုးမာလာကပြောသည်။

"ATM စက်တွေကိုလည်း တိုးချဲ့သွားဖို့ရှိတယ်။ နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့ ငွေလွဲလုပ်ငန်းတွေကိုလုပ်ကိုင်ဖို့ စီစဉ်နေပါတယ်။ လက်ရှိကတော့ ဆွေးနွေးနေဆဲပါပဲ"ဟု ၎င်းက ပြောသည်။

အဆိုပါ ထွန်းဖောင်ဒေးရှင်းဘဏ်သည် နိုင်ငံခြားငွေလဲလှယ်သည့်ကောင်တာကို ထားရှိပေးသွားမည်ဖြစ်ပြီး နိုင်ငံခြား ငွေလွဲလုပ်ကိုင်ခွင့် ရရှိထားသော ဘဏ်များ၌ တစ်ခုပါဝင်သည်။

ထွန်းဖောင်ဒေးရှင်းဘဏ် သည် ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်တွင်ဘဏ်ခွဲ လေးခု၊ မြန်မာနိုင်ငံအနှံ့အပြားတွင် ဘဏ်ခွဲပေါင်းကိုးခု ဖွင့်လှစ်ပြီးဖြစ်သည်။ **မြတ်မေဇင်** ■



ကိုကာကိုလာ စက်ရုံတည်ဆောက်ရန် အပြီးမသတ်ရသေး

တင်မိမက်(လောက်ဖိလင်း

ကိုကာကိုလာကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပုလင်းသွင်းစက်ရုံ တည်ဆောက်ခွင့်ရသွားပြီဟု ပြည်တွင်း မီဒီယာများတွင် ဖော်ပြနေကြသော်လည်း အဆိုပါ ကုမ္ပဏီကမူ အပေးအယူ သဘောတူညီချက်ကို အပြီးသတ် မချုပ်ဆိုရသေးဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကိုကာကိုလာ ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (အမ်အိုင်စီ)ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုင်စင်လျှောက်ထားပါတယ်။ အမ်အိုင်စီနဲ့ဆွေးနွေးမှုတွေ ဆက်လုပ်နေပါတယ်။ သဘောတူညီမှုရဖို့ အဆင့်တချို့ကျန်ပါသေးတယ်"ဟု ကိုကာကိုလာကုမ္ပဏီ (မြန်မာ)၏ ပြည်သူ့ဆက်ဆံရေးနှင့် ဆက်သွယ်ရေး ဒါရိုက်တာ Karen Thompson က ပြောကြားခဲ့သည်။

ကိုကာကိုလာကုမ္ပဏီသည် မြန်မာနိုင်ငံသို့ ၎င်း၏ ဖျော်ရည်တင်ပို့မှုကို နှစ် ၆၀ အတွင်း ပထမဦးဆုံးအနေဖြင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် စတင်ရရှိခဲ့သည်။

ကိုကာကိုလာကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Muthar Kent သည် သနပ်ခါး အဖွေးသား လိမ်းထားသည့် မြန်မာဆိုင်ရှင်နှင့် ကိုကာကိုလာ ဘူးများ စီရီထားသည့်စင်ကို ရိုက်ပြထားသည့် ကိုကာကိုလာ မြန်မာနိုင်ငံ၌ စတင်ရောင်းချသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မြန်မာအခြေစိုက် ပင်းယကုမ္ပဏီနှင့် အတူ ၎င်း၏ အချိုရည်ပုလင်းစက်ရုံကို မြန်မာနိုင်ငံ၌ တည်ဆောက်မည်ဟု အဆိုပါ အခမ်းအနားတွင် ၎င်းက ပြောကြားခဲ့သည်။ ပင်းယကုမ္ပဏီသည် မက်စ်အချိုရည်နှင့် မက်စ်ပလပ် အချိုရည် မျိုးစုံကိုထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချနေသည်။

ဖျော်ရည်ပုလင်း စက်ရုံတည်ဆောက်ရေး သဘောတူညီမှုနှင့် ပတ်သက်ပြီး ပင်းယကုမ္ပဏီကို မေးမြန်းခဲ့ရာ အဆိုပါ ကုမ္ပဏီ၏ တာဝန်ရှိသူက တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပေ။

"မြန်မာကုမ္ပဏီနဲ့ ပူးပေါင်းဖို့ ရည်ရွယ်ထားတာကတော့ ကိုကာကိုလာကုမ္ပဏီရဲ့ ကမ္ဘာအနှံ့ ဖြန့်ဖြူးရောင်းချနေတဲ့ အကောင်းဆုံး လုပ်ငန်းစနစ်ကို မြန်မာနိုင်ငံတွင်း ဆောင်ကြဉ်းပေးဖို့ပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒေသခံ စီးပွားရေးနဲ့ ဈေးကွက်အမြင် ရှိသူတွေကို အရည်အသွေး မြှင့်တင်ပေးဖို့လည်း ရည်ရွယ်ပါတယ်။ကုမ္ပဏီရဲ့ ထုတ်ကုန်တွေကို နိုင်ငံတစ်ဝန်း အလျင်အမြန် ဖြန့်ဖြူး ပေးနိုင်ဖို့ ပင်းယ ကုမ္ပဏီနဲ့ ကနဦး ဖြန့်ဖြူးရေး သဘောတူညီမှု တည်ဆောက်ပြီး ပြည်တွင်းထုတ်လုပ်မှုကို မြန်နိုင်သမျှမြန်မြန် စတင်ဖို့လည်း ရည်ရွယ်ပါတယ်"ဟု စက်တင်ဘာလ ၁၀ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ကိုကာကိုလာကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်။

ကိုကာကိုလာကုမ္ပဏီ၏ ကိုယ်စားလှယ်က ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို အတိအကျ မဖော်ပြခဲ့ချေ။ သို့သော် "အလုပ်အကိုင်အခွင့်အလမ်း ထောင်ပေါင်းများစွာကို ပေါ်ပေါက်စေမယ့် ရင်းနှီးမြှုပ်နှံမှုကြီးတစ်ခုကို လာမယ့်နှစ်မှာ စတင်ဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

သီရိမင်းထွန်း ဘာသာပြန်သည်။



ပထမဆုံးအကြိမ် ရောဝတီ စာပေပွဲတော်တွင် နိုင်ငံတကာ တန်းဝင်စာဆိုရှင်များပါဝင်ဆင်နွှဲမည်

ဇော်ဝင်းသန်း

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် ကူညီပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ရောဝတီ စာပေပွဲတော်အား လာမည့် ဖေဖော်ဝါရီလ၁ရက်နေ့မှ ၃ ရက်နေ့ အထိ ရန်ကုန်မြို့ အင်းလျားကန်ဘိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပွဲတော်တွင် နိုင်ငံတကာတန်းဝင် ပြည်တွင်းပြည်ပ စာဆိုပညာရှင်မြောက်မြားစွာ ပါဝင်ဆင်နွှဲမည်ဟု ဇန်နဝါရီလ ၆ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပွဲစီစဉ်သူ မစ္စ Jane Heys က ပြောသည်။



စာပေပွဲတော်နှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်းပြောကြားနေစဉ်။ ဓာတ်ပုံ - သီရိ

"ကျွန်မတို့ မြန်မာနိုင်ငံကို ပထမဆုံး ရောက်တာက ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ကပါ။ အဲဒီအချိန်မှာ ရန်ကုန်မြို့အနှံ့ ဟိုဒီအလုပ်ကိစ္စနဲ့သွားတဲ့အချိန်မှာ တချို့လမ်းပေါ်က မြန်မာလူမျိုးအချို့က အင်္ဂလိပ် ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားနေတာလဲ စသဖြင့် မေးကြပါတယ်။ မြန်မာနိုင်ငံသား အတော်များများက အင်္ဂလိပ်လို ပြောတတ်နေတာ သတိထားမိပါတယ်။ ကျွန်မတို့က သူတို့နဲ့ပြောတော့ သူတို့ကြောက်လို့လားမသိ ဆက်မပြောကြတော့ပါဘူး။ သူတို့အတော်လေးတော့ တတ်ကြွမှာပါ။ နောက်မြန်မာနိုင်ငံမှာ အင်္ဂလိပ်စကား ကောင်းကောင်းပြောတဲ့ မျိုးဆက် အဆက်ပြတ်သွားတဲ့အတွက် ဒါကို တစ်ဖန် အားပေးလှုံ့ဆော်ဖို့အတွက် ဒီပွဲကိုစီစဉ်ဖြစ်တာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစဉ်မှာလည်း အဲဒီလို နိုင်ငံတကာ စာဆိုတွေကို မြန်မာနိုင်ငံဖိတ်ပြီ ဒီလို ပွဲတော်လေး လုပ်ချင်တာကို ပြောပြလိုက်တော့ ချက်ချင်းကို သဘော တူခဲ့ပါတယ်" ဟု ပွဲတော်စီစဉ်သူ မြန်မာ နိုင်ငံဆိုင်ရာ ဗြိတိသျှ သံအမတ်၏ ဇနီးဖြစ်သူ Jane Heys က မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့ပြင် ဒေါ်ဆောင်ဆန်းစုကြည်အား ပွဲတော်ကိုဦးဆောင်စေခြင်းဖြင့် ယခု ပွဲတော်မှာ နိုင်ငံတကာအတိုင်းအတာ အထိ ပုံ့နှံ့စေခဲ့ပြီး နိုင်ငံတကာစာဆိုများနှင့် ပြည်တွင်းစာဆိုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။

"ကျွန်မလည်း အရင်တုန်းက ဘာပွဲမှ စီစဉ်ခဲ့ဖူးတာ မရှိပါဘူး။ ဒေါ်ဆောင်ဆန်းစုကြည် ဦးဆောင်ပါဝင်လို့သာ အခု လောက်လုပ်ဖြစ်သွားတာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကူညီပံ့ပိုးသာမရှိရင် ကျွန်မတို့ ဒီလောက်လုပ်နိုင်မှာ မဟုတ်ပါဘူး"ဟု Jane Heys က ပြောသည်။

"စာအုပ်စာပေဆိုတာ ကျွန်မဘဝမှာ အမြဲအရေးပါပါတယ်။ ဒီပွဲကို တက်ရောက်လာမယ့်သူတွေကို ကမ္ဘာ့စာပေနဲ့ ထိတွေ့ဖို့အားပေးရာ ရောက်သလို သူတို့ရဲ့ အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှုအတွက်လည်း အားပေးရာရောက်ပါတယ်။ ပုဂ္ဂိုလ်ရေးအရ ကျွန်မကိုယ်တိုင်လည်း ပါဝင်ဆင်နွှဲမှာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

ထို့ပြင် ပွဲတော်အတွင်း စာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ တွေ့ဆုံဆွေးနွေးပွဲ၊ သတင်းဓာတ်ပုံ ပြပွဲ၊ စာအုပ် အရောင်းတန်း၊ လက်မှုပစ္စည်း အရောင်းဆိုင်၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေပွဲများ ပါဝင်မည်ဖြစ်သည်။

ပွဲတော်တွင် ဗြိတိသျှကောင်စီမှ အင်္ဂလိပ်စာသင် ဆရာများက မိဘများအတွက် အင်္ဂလိပ်ဘာသာစကား အလုပ်ရုံးဆွေးနွေးပွဲနှင့် ကလေးများအတွက် ပညာရေးဆိုင်ရာ ပျော်ရွှင်ဖွယ်အစီအစဉ်များကို ထည့်သွင်းထားသည်။

ပွဲတော်ဝင်ခွင့်အား ကနဦး၌ အခမဲ့ စီစဉ်ထားသော်လည်း ပွဲတော်အား လေးစားတန်ဖိုးထားရန် ရည်ရွယ်ပြီး ကျပ် ၁,၅၀၀ နှုန်းဖြင့်သာ ရောင်းချခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ပွဲတော်လက်မှတ်များအား ဇန်နဝါရီလ ၇ ရက်နေ့မှ စတင်ခါ အင်းလျားကန်ဘိုတယ်၊ ဗြိတိသျှကောင်စီနှင့် တူဒေးစာအုပ်ဆိုင်များ၌ ဝယ်ယူနိုင်သည်။ ■

လွှတ်တော်အစည်းအဝေးများ ပြန်လည် စတင်ကျင်းပ

ဝင်းကိုကိုလတ်

လွှတ်တော် အသီးသီး၏ ပထမအကြိမ်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးများကို ယခုလ ၉ ရက်မှစတင်၍ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပခဲ့ပြီး ဘက်ဂျက်ရေးရာများ၊ ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော စစ်ပွဲများအရေးနှင့် စီမံကိန်းကြီးများနှင့် ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးသွားမည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

စတင်ကျင်းပသည့် ယခုလ ၉ ရက်က အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးများကျင်းပခဲ့ပြီး ၁၀ ရက်တွင်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ကျင်းပခဲ့သည်။

လွှတ်တော်အစည်းအဝေးများတွင် ၂၀၁၃ - ၁၄ ဘဏ္ဍာနှစ်အမျိုးသား စီမံကိန်းဥပဒေအပြင် ယင်းနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေနှင့် အခွန်ဥပဒေများ၊ အထူးစီးပွားရေးဇုန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရန် ရှိသောကြောင့် ယခင်အစည်းအဝေးများထက် အချိန်ပိုမိုကြာမြင့်ဖွယ်ရှိသည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နေပြည်တော်၌ ကျင်းပသည့် လွှတ်တော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောသည်။

ဝန်ကြီးဌာနတချို့၏ ခေတ်နှင့်မလျော်ညီသော စီမံကိန်းကြီးအချို့ ရပ်ဆိုင်းရေးကိုလည်း ဆွေးနွေးရန် ရှိသည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

"တချို့စက်ရုံတွေက ရပ်နေတယ်။ တချို့စက်ရုံတွေက အရှုံးခံလည်ပတ်နေတာတွေ ရှိတယ်။ အဲဒီထဲက အချို့ကို ပုဂ္ဂလိကလွှဲဖို့သင့်တယ်"ဟုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းသူအနေဖြင့် အဆိုတင်သွင်းရန် စီစဉ်ထားခြင်း မရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေတွင် တောင်သူများအား နေပြည်တော်စည်ပင်သာယာရေးဥပဒေ၊ သစ်တောကြီးဝိုင်းဥပဒေများနှင့် ဖမ်းဆီးအရေးယူနေမှုများနှင့် ပတ်သက်၍ မေးခွန်းများ မေးရန်စီစဉ်ထားသည်ဟု ပြောသည်။

"ဘတ်ဂျက်ရေးရာတွေမှာ အခြေအနေပေါ်မူတည်ပြီး ဝင်ရောက်ဆွေးနွေးမယ်။ စီမံကိန်းကြီးတွေနဲ့ ပတ်သက်တာတွေမှာလည်း ဝင်ရောက်ဆွေးနွေးမယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ကချင်ပြည်နယ်၌ ဖြစ်ပွားသော တိုက်ပွဲများနှင့်ပတ်သက်၍ အရေးကြီးအဆိုအဖြစ်တင်မည်ကို ကြားသိနေရ၍ ငြိမ်းချမ်းရေးကို ရည်ရွယ်ကာ ဝင်ရောက်ဆွေးနွေးမည်ဟု ၎င်းက ပြောသည်။

"ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲဝင်ရခြင်းအကြောင်းသုံးချက်အနက်က တစ်ချက်ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

"ကျွန်မကတော့ ကချင်ပြည်နယ် ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာတွေ တင်ပြဆွေးနွေးဖို့ရှိပါတယ်"ဟု ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။ ■

သန်းကြွယ်သူဌေး ဂျော့ဆိုးရော့စ် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကို စိတ်ဝင်စားနေ

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိနေသော သန်းကြွယ်သူဌေး ဂျော့ဆိုးရော့က မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည်များကို စိတ်ဝင်စားလျက်ရှိနေသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့် ပတ်သက်နေသည့်အဖွဲ့များနှင့် ဇန်နဝါရီလ ပထမပတ်အတွင်းမှာပင် မြန်မာငြိမ်းချမ်းရေးရော့စ်သည် ဇန်နဝါရီလ ပထမပတ်အတွင်းက တွေ့ဆုံခဲ့သည်။

Open Society Foundations ၏ တည်ထောင်သူလည်းဖြစ်သူ ဂျော့ဆိုးရော့စ်သည် မြန်မာ့နိုင်ငံရေးတွင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံကာ စင်တာမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ မရှိပါဘူး။ သူက ငြိမ်းချမ်းရေး အခြေအနေကို သိချင်တာပါ"ဟု ဦးခွန်ထွန်းဦးက ဆိုသည်။

ဂျော့ဆိုးရော့စ်သည် မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် များစွာစိတ်အားထက်သန်ပြီး ယခုအခေါက်တွင် ထိုအချက်ကို အခြေခံပြီး တွေ့ဆုံမေးမြန်းခဲ့သည်။

"အခု ပြည်တွင်းအမျိုးသား ပြန်လည်သင်မြတ်ရေးမှာ အဖုအထစ်တွေ ရှိနေတယ်ဆိုတာကို သူသိတယ်"ဟု ဦးခွန်ထွန်းဦးက ပြောသည်။

ထို့ပြင် ဦးခွန်ထွန်းဦး ဦးဆောင်လုပ်နေသည့် ရှမ်းပြည်ငြိမ်းချမ်းရေး ညီလာခံနှင့် ပတ်သက်ပြီးလည်း လိုအပ်နေကြောင်း ၎င်းကို ပြောဆိုခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နေ့က ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်တွင်လည်း ငြိမ်းချမ်းရေးကိစ္စရပ်များကို ထိရောက်စွာ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန် အလားအလာများကိုလည်း ၎င်းနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

ကျော်ဆုမွန် ■

17 Indian engineering companies to visit Yangon for buyer-seller meet

Date & venue: 14 January 2013, Mingalar Hall, UMFCCI, Yangon
Organisers: EEPC India and Union of Myanmar Federation of Chambers of Commerce & Industry (UMFCCI), Yangon
Registration: 1 p.m.

The visiting companies manufacture a wide range of engineering items that include automobiles and auto components, agricultural tools and implements, cotton ginning machines, railway track fasteners, castings and forgings, steel, construction equipment, bicycles, machine tools, hand tools and cutting tools, valves, IC engines, engine parts, lifting and handling equipment, steam boilers and pollution control equipment, aircraft pressures, hydrant dispensers, deep well hand pumps, pipes and tubes, dairy and farm equipment, tractors and electrical and power distribution equipment.

EEPC INDIA



ရန်ကုန် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်း

သီဟတိုး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခရီးသွားပြည်သူများနေ့စဉ်အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ကို အငြိမ်းစားသံအမတ်ကြီး အပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် နိုင်ငံတော်သမ္မတရုံးမှ ဇန်နဝါရီလ ၇ ရက်နေ့တွင် ထုတ်ပြန်ဖွဲ့စည်းလိုက်သည်။

အဆိုပါအဖွဲ့စည်းအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူ နေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စီမံခန့်ခွဲခြင်း၊ ရန်ကုန်မြို့အတွင်း ဖြစ်ပေါ်နေသော ယာဉ်ကြောကျပ်မှု၊ ယာဉ်တိုက်ခိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များ ထုတ်လွှပ်မှုစသည့် သွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ဖြေရှင်းရန်အတွက်ကွင်းဆင်းလေ့လာ၍ နည်းလမ်းများ ရှာဖွေတင်ပြခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအား အထောက်အကူပေးခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် အငြိမ်းစားသံအမတ်ကြီး ဦးကြည်သိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းလွင်၊ ဦးခင်မောင်ဌေး၊ ဦးအောင်မြင့်၊ ဦးခင်မောင်၊ ဦးစိုးမြင့်၊ ဦးဇော်ဝင်းမြင့်၊ ဦးထွန်းဝင်းနှင့် ဦးသက်လွင်တို့ ပါဝင်ဖွဲ့စည်းထားသည်။

"ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့နဲ့ ပတ်သက်ပြီးတော့ အသေးစိတ် အချက်အလက်တွေ အသေချာမသိရသေးတဲ့အတွက် ဘာတွေဘယ်လိုလုပ်ဆောင်ပေးမယ်ဆိုတာ အခုချိန်မှာ သေချာမပြောပြနိုင်သေးပါဘူး" ဟု အဖွဲ့အစည်းအတွင်းရေးမှူးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌဦးလှအောင်က ပြောသည်။ ■

အင်ဒိုနီးရှားက 'ကန်' ဒေါ်လာ တစ်သန်း ပေးအပ်

ဇော်ဝင်းသန်း

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ လူသားချင်းစာနာသည့် အကူအညီ၊ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို လာရောက်လေ့လာသော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီနာတာလီဂါဝါသည် ၎င်း၏နှစ်ရက်တာ မြန်မာနိုင်ငံခရီးစဉ်အတွင်း လူသားချင်းစာနာသည့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ တစ်သန်းအား အင်ဒိုနီးရှားအစိုးရက ထပ်လောင်း ပေးအပ်ခဲ့သည်။

"နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ စည်းလုံညီညွတ်ရေးအထိမ်းအမှတ်အနေနဲ့လူသားချင်းစာနာမှုအကူအညီ အမေရိကန်ဒေါ်လာတစ်သန်းကို အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ချက်တွေဖြစ်တဲ့ ဒေသခံအသင်းတိုက်၊ ကျောင်း၊ လူငယ်ရေးရာနှင့် အားကစားစင်တာများ တည်ဆောက်ပေးခြင်းဖြင့် သဘောထားကွဲလွဲနေသော တိုင်းရင်းသားလူမျိုးစုများအကြား ပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ပေးရာကျပါတယ်" ဟု နာတာလီဂါဝါက ပြောသည်။



အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာတာဝန်ရှိသူများအား ရခိုင်ပြည်နယ်၌ တွေ့ရစဉ်။ ဓာတ်ပုံ-အင်ဒိုနီးရှားသံရုံး

မစ္စတာ နာတာလီဂါဝါ၏ ယခု မြန်မာနိုင်ငံ ခရီးစဉ်သည် လွန်ခဲ့သော နိုဝင်ဘာလကဖန်မင်းပင်မြို့၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီး ညီလာခံအတွင်း နှစ်နိုင်ငံသမ္မတ တွေ့ဆုံဆွေးနွေးမှု၏ နောက်ဆက်တွဲခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား အနီးကပ်လေ့လာနေကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ဖြစ်ကြောင်း အင်ဒိုနီးရှားသံရုံးမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အင်ဒိုနီးရှား အစိုးရအနေဖြင့် မြန်မာအစိုးရမှ လူမျိုးစုများပဋိပက္ခ ရပ်တန့်စေရန် ဆောင်ရွက်နေသည်များကိုလည်း အသိအမှတ်ပြု ကူညီထောက်ပေးမည်ဟု ပြောကြားသည်။

မစ္စတာ နာတာလီဂါဝါသည် ယခု ဇန်နဝါရီလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ နှစ်ရက်ကြာခရီးစဉ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်ပြီး အဓိကအားဖြင့် ရခိုင်ပြည်နယ်သို့ သွားရောက်ကာ လက်ရှိအခြေအနေအား လေ့လာခဲ့သည်။

ထို့ပြင် ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်ဝန်ကြီး၊ နယ်စပ်ရေးရာ ဝန်ကြီးနှင့်ပါတွေ့ဆုံခဲ့ပြီး ပဋိပက္ခဖြစ်ပေါ်ရခြင်းအကြောင်းရင်းအား ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ အင်ဒိုနီးရှားအစိုးရသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကူညီထောက်ပံ့ရန်၊ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၌ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ် စွမ်းဆောင်ရည်မြှင့်တင်ရေး ပူးတွဲလုပ်ဆောင်ချက်အဖြစ် လူမှုစီးပွားရေး၊ ဒီမိုကရေစီ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေး စီမံကိန်းလေးခုအား အကောင်အထည်ဖော်မည်ဟု ၎င်းကပြောသည်။ ■

ဆေးဝါးနှင့်အဝတ်အထည် လူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဘေးဒုက္ခကျရောက်ရာဒေသများအတွက် ဆေးဝါးနှင့်အဝတ်အထည် လူဒါန်းလိုသူအလှူရှင်များအား ဖိတ်ခေါ်ထားကြောင်း ဒီဇင်ဘာလ ၃၁ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဆေးဝါးနှင့် အဝတ်အထည်အသစ်များသာမက အဝတ်အထည်ဟောင်းများ လူဒါန်းမှုကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း အသင်း၏ပြန်ကြားဆက်သွယ်ရေးဌာနမှ ဌာနမှူး ဒေါ်ရွှေစင်မြင့်က ပြောသည်။

"အဝတ်ဟောင်းတွေက တချို့အိမ်တွေမှာ အပိုပစ္စည်းတွေလိုဖြစ်နေပေမယ့် ဘေးဒုက္ခကျရောက်နေတဲ့ဒေသ တချို့မှာတော့ လိုအပ်နေတာတွေပါ။ လူဒါန်းလာတဲ့ အဝတ်အထည်ဟောင်းတွေကို အသင်းမှာ လျှော်ဖွပ်မီးပူတိုက်တာ၊ ကြယ်သီးပြုတ်တာ၊ ပြုပြင်စရာရှိတာတွေကိုလည်း သေချာပြုပြင်ပြီးတော့ လိုအပ်နေတဲ့ဒေသတွေကို ပေးပို့လူဒါန်းသွားမှာပါ" ဟု ၎င်းက ပြောသည်။

လူဒါန်းလိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်းရုံး၊ ဖုန်း ၀၁-၉၀၀၀၇၁၆၊ ၀၉ ၇၃၀၄ ၂၇၄၃ တို့သို့ ဆက်သွယ်နိုင်သည်။ **အေးစပယ်ဖြူ**

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ရက်ကို မှတ်ပုံတင်မည်

နော်ဝေးဟောဝါး

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ရက် (HRDP) ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ၊ သို့မဟုတ် မတ်လခန့်တွင် တရားဝင်မှတ်ပုံတင်သွားရန် အပြင်းအထန် ကြိုးစားနေကြောင်း အဖွဲ့တည်ထောင်သူ ဦးမြင့်အေးက ပြောသည်။

"မဖြစ်ဖြစ်အောင်လုပ်မှာပါ။ ပြီးတော့ HRDP ကို တကယ်သဘောပေါက်လက်ခံမှ အဖွဲ့ဝင်အဖြစ် လက်ခံမှာပါ။ HRDP ကိုတလွဲအဓိပ္ပာယ်ကောက်ထားတဲ့လူရှိရင် ပြန်ပြီးစိစစ်ဦးမှာပါ" ဟု ၎င်းက ပြောသည်။

မှတ်ပုံတင်ခွင့် လက်ခံ လက်မခံမှာ အစိုးရအပိုင်းသာဖြစ်ပြီး ၎င်းတို့အဖွဲ့အနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး တည်တည်တံ့တံ့နှင့် လုပ်ကိုင်ချင်သည့်အတွက် ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသား ၆၆ ဦး အား ထပ်မံလွှတ်ပေးခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၅၀ ဝန်းကျင် ပါဝင်သည့်အနက် လွှဲချော်ကော်အကျဉ်းထောင်မှ ဦးမြင့်အေးပါဝင်လွတ်မြောက်လာခဲ့သည်။

"ထောင်ထဲကထွက်ပြီးနောက်ပိုင်း လူ့အခွင့်အရေးလှုပ်ရှားသူတွေကကြည့်ရမယ် ဆိုရင် လူ့အခွင့်အရေးက ဘာမှတိုးတက်ပြောင်းလဲလာတာ မရှိသေးပါဘူး။ လူ့အခွင့်ရေး အချို့ဖောက်ခံရဆုံးကတော့ ကလေးစစ်သားကိစ္စတွေ ရှိနေတုန်းပဲ။ တခြား လယ်သိမ်းယာသိမ်းကိစ္စတွေလည်း ရှိတုန်းပဲ" ဟု ၎င်းကပြောသည်။

အစိုးရအနေဖြင့်လည်း ယခုကိစ္စများကို တာဝန်ယူဖြေရှင်းရန် ၎င်းတို့အနေဖြင့် အခက်အခဲတစ်ခုကြောင့် ဖြစ်နိုင်သော်လည်း မည်သည့် အကောင်အထည်ဖော်မှုမှ မရှိသေးသည်ကို တွေ့ရသည်ဟု ၎င်းကပြောသည်။

နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးထားသည့် လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားထားမှုများအနက် မြေသိမ်းယာသိမ်းအမှုများက အများဆုံးဖြစ်သလို ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို တိုင်ကြားမှုအများဆုံးကလည်း လယ်သိမ်းယာသိမ်းအမှုများမှာ အများဆုံးပင်ဖြစ်သည်။

ဦးအေးမြင့် ခေါင်းဆောင်သည့် HRDP အဖွဲ့သည် လူ့အခွင့်အရေးနှင့် ပတ်သက်သည်များကို လုပ်ဆောင်နေသည်မှာ ၁၂ နှစ်ရှိပြီဖြစ်သည်။ ■





အလုပ်ကြော်ငြာ

The Office of the United Nations High Comm-issioner for Refugees (UNHCR) in Myanmar is seeking qualified local applicants to fill the post indicated below:

(1)Assistant Field Officer (NOA), Loikaw
with frequent and extended visits to other operational areas.

The detailed Terms of Reference for this position is available on request from UNHCR offices in Yangon, Maungdaw, Sittwe, Mawlamyine, Hpa-an, Myeik, Taungoo, Loikaw, Myitkyina and Bhamo.

Closing date: 18.1.2013

www.unhcr.org

Executive Search

Website: www.esearchmyanmar.com

Apply Now!

- Sales and Marketing manager (pharmaceutical)
- Brand manager
- Sales manager
- Tour operation Manager
- Tour operation Assistant
- Tour Sales manager
- Sales girl - 30 staff (Fresher)
- Sales boy- 30 staff (Fresher)
- Engineers (BE/ME/)
- Accountants
- Secretary
- Human Resources Manager

No.851/853, 3rd Floor, Bogyke Aung San Road, Lanmadaw Township, Yangon.
Tel: 222963/ 229406/ 229437/ 728261
E-mail: esearch@yangon.net.mm

မြန်မာတိုင်း(မ)

ADVERTISING HOTLINE

392676
392928

SATIRE

မြန်မာများ၊ ခွေးများ မဝင်ရ

မာဂျေ

"အစ်ကိုကြီးရေ.. သတင်းထူးပါတယ်၊ သတင်းထူး" လို့ အော်ပြီး မနက်စောစော ကြီးရောက်လာသူကတော့ တပည့်ကျော်မောင်ဆိတ်သိုးပေါ့ခင်ဗျာ။

"မင်းကလည်းကွာ၊ အခုမှ အိပ်ရာထစ ရှိသေးတယ်။ ငါက ကျန်းမာရေးဂျာနယ်ထုတ်တာ။ ဘာသတင်းထူးမှမလိုဘူး။ သတင်းဂျာနယ်တွေသာ အဲဒီမင်းသတင်းထူးသွားပေးလိုက်"ဆိုပြီး ပြောလိုက်တော့ မောင်ဆိတ်သိုးက မျက်နှာငယ်လေးနဲ့ "ဒီသတင်းက အစ်ကိုကြီးလက်နဲ့ရေးမှ ရမှာ။ သတင်းဂျာနယ်တွေသွားပေးရင် ထူးမခြားနားဇာတ်ဖြစ်မှာစိုးလို့ အားကိုးတကြီးလာခဲ့တာ။ ပြီးတော့ဒီကိစ္စက အရေးကြီးတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ လူမျိုးကို စော်ကားတဲ့ကိစ္စ ဖြစ်နေလို့"

အဲဒီလို မောင်ဆိတ်သိုးပါးစပ်က မပြောစဖူးပြောလိုက်တော့ မာဂျေလည်း မျက်စိကျယ်သွားတယ်။ ဒါနဲ့

"ကဲ ဆိုစမ်းပါဦး၊ မင်းရဲ့ကိုယ့်လူမျိုးကို စော်ကားခံရတဲ့ကိစ္စကြီး။ ငါတို့လူမျိုးက အစော်ကားခံနေရတာကြာပါပြီ"

"ဒီလိုဗျ၊ အခု ကျွန်တော်တို့နိုင်ငံထဲကို နိုင်ငံခြားသားတွေ အတော်လာကြတယ်။ အဲဒီအထဲမှာ ကိုရီးယားတွေ၊ ယိုးဒယားတွေ၊ ဂျပန်တွေက မဟုတ်မတတ်တွေ လုပ်နေတာတွေ့လို့။ သူတို့က ဒီမှာ အိမ်ကြီးကြီးတစ်လုံး ငှားတယ်ဗျာ။ ပြီးရင် သူတို့ဆီကလာတဲ့ တိုးရစ်တွေအတွက် အခန်းတွေဖွဲ့ပြီး ငှားစားတယ်။ သူတို့ရုံးက သူတို့လူမျိုးစကားပြန်နဲ့ တစ်နိုင်ငံလုံး လျှောက်လည်တယ်ဗျာ။သူတို့လူမျိုး ဖွင့်ထားတဲ့ဆိုင်တွေမှာ စားတယ်။ နောက်ဆုံးမတော့ ကျွန်တော်တို့နိုင်ငံမှာ သူတို့ ယိုခဲ့တာတွေပဲ ကျန်ခဲ့တော့တယ်"

"အဲဒါက ဟိုတယ်ခရီးတို့၊ အခွန်ဦးစီးတို့၊ ကုမ္ပဏီမှတ်ပုံတင်ရုံးတို့နဲ့ ဆိုင်တယ်ထင်တာပဲ။ ပြည်တွင်းက တိုးဂိုက်လို့ ခေါ်တဲ့ ခရီးသွားလမ်းညွှန်တွေကိုတော့ ဟိုလိုမဝတ်ရ၊ ဒီလိုမဝတ်ရ၊ ဟိုအခွန်ဆောင်၊ ဒီစည်းကမ်းလိုက်နာနဲ့၊ ပြည်ပကနေ ပြည်တွင်းကို တရားမဝင်လာလုပ်နေတဲ့သူတွေကိုတော့ ဖမ်းဖို့ဆီးဖို့၊ အရေးယူဖို့ ဘာဥပဒေမှမရှိဘူး ထင်ပါတယ်ဗျာ။ ဝိုလ်တထောင်ဘိုးဘိုးကြီးနတ်ကွန်းမှာ ယိုးဒယားတိုးဂိုက်က သူလူမျိုးတွေကို ဘိုးဘိုးကြီးပွဲတင်ပေးနေတာတောင် ငါတွေ့ဖူးတယ်။ အောင်မယ် တာဝန်ကျဘုရားလူကြီး ပွဲတင်ပေးတာထက်တောင် စနစ်ကျသေး"

"အဲဒီလိုလုပ်နေကြတော့ ဒီကောင်တွေက အိမ်ငှားခပဲပေးရတာလေ။ ကျန်တဲ့ငွေအားလုံး သူတို့အိတ်ထဲ ရောက်ရုံမက ဟိုတယ်နဲ့ပတ်သက်တဲ့ အခွန်အခတွေ၊ ကျွန်တော်တို့နိုင်ငံက မနာပေဘူးလား။ ပြည်တွင်းက ခရီးသွားလမ်းညွှန်တွေ မနစ်နာပေဘူးလား"

"တော်စမ်းပါမောင်ဆိတ်သိုးရယ်၊ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေတောင် မသိချင်ယောင်ဆောင်နေတာ။ ငါတို့က အနေသာကြီး"

"ခင်ဗျားကြီးလို နိုင်ငံခြားသား ဘာလုပ်လုပ် အကောင်းထင်နေသူတွေကြောင့် တိုင်းပြည်က ဝိုလ်ချုပ်ပြောသလို ဖာနိုင်ငံဖြစ်တော့မယ်"

"ဟေ့ကောင် တိုးတိုးပြော။ ငါတို့နိုင်ငံက ဖြစ်နေတာကြာပြီ။ ခုမှ တစ်ရေးလာနိုးမနေနဲ့"

"ဟမ်၊ အဲဒါ ခင်ဗျားကြီးတို့လို စာရေးဆရာတွေမှာ၊ မီဒီယာတွေမှာ တာဝန်ရှိတယ်လေ"

"ဘာဆိုင်လို့လဲ၊ အခုမီဒီယာတွေက ပိုက်ဆံရမယ့်သတင်း၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ဇာတ်နာမယ့်သတင်းတွေပဲ ရေးနေကြတာကို။ အဲဒီလိုရေးမှလည်း တွက်ခြေကိုက်တာလေ"

"သွားပါပြီဗျာ၊ နိုင်ငံတော့ စုံးစုံးမြုပ်ပါပြီ"

"ငါ့လာမပြောနဲ့၊ တာဝန်ရှိသူတွေကို သွားပြော။ အင်အားကြီးပါတယ်ဆိုတဲ့ မီဒီယာတွေကို သွားပြော။ ငါက သူတို့ဆီမှာ ကော်လံစားနဲ့ စာရေးနေရတဲ့ အဆင့်ပဲရှိတာ"

"ဒီထက်ဆိုးတာ ပြောစရာကျန်သေးတယ်။ အခု ရန်ကုန်မှာ မြန်မာမဝင်ရဆိုတဲ့ စားသောက်ဆိုင်တွေ၊ ဘားတွေ စဖွင့်နေကြပြီ"

"ဒါတော့ ဆိုးတယ်ဟေ့။ သူကျွန်ဘဝတုန်းက မျက်နှာဖြူတွေက ပဲဆူးကလပ်မှာ မြန်မာများ၊ ခွေးများ ဝင်ခွင့်မပြုဆိုပြီး ဆိုင်းဘုတ်ချိတ်ခဲ့လို့ အတော်ဆူသွားခဲ့ဖူးတယ်။ ကမ်းနားလမ်းက စထရင်းဟိုတယ်မှာလည်း အရှေ့တိုင်းသားများ တည်းခွင့်မပြုဆိုတဲ့စာ ကပ်ခဲ့ဖူးတယ်။ အခုက ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံလေကွာ။ ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"လုပ်နေကြလို့ ပြောတာပေါ့ဗျာ။ တစ်နေ့က ရွှေဂုံတိုင်မီးပွိုင့်နားရှိတဲ့ ဟိုတယ်အပေါ် ဆိုးက ဘားကို သူငယ်ချင်းတစ်ယောက်နဲ့ ရောက်သွားတာ။ နိုင်ငံခြားသားမှ၊ ဒါမှမဟုတ် ဂျပန်စကားပြောတတ်မှ ဝင်ရမယ်ဆိုလို့ စိတ်ဆိုးပြီး ပြန်လာခဲ့ရတယ်။ ပြီးတော့ ခန့်ထားတဲ့ ဘားမယ်လေးတွေက မြန်မာမ ငယ်ငယ် ချောချောလေးတွေကို တစ်လသုံးသိန်းပေး ခန့်ထားတယ်တဲ့။ ပြီးတော့ ဆိုင်အားလုံးညဘ နာရီပိတ်ရပေမယ့် မနက် ၂ နာရီအထိ ခပ်တည်တည်နဲ့ ဖွင့်နေသတဲ့။ ပိုင်ရှင်က နိုင်ငံခြားသားတဲ့။

"ဒီသတင်းက ငါ့အတွက် အရေးကြီးသေဟ့"

"ဒီတော့ ခင်ဗျားကြီးက မြန်မာများ၊ ခွေးများ မဝင်ရ ဇာတ်တစ်ပတ်လည်ခြင်းဆိုပြီး ရေးတော့မယ်ပေါ့"

"မရေးပါဘူး၊ ဂျပန်စကားလေး ထမင်းစား ရေသောက် သင်ပြီး အဲဒီဘားက မြန်မာမလေးတွေ ဘယ်လောက်ချောလဲ သွားကြည့်မလို့။ စားပွဲထိုးကို သုံးသိန်းပေးခန့်တယ်ဆိုကတည်းက. . အဟေ ဟေ. . ဟေ"

"အောင်မယ်လေးဗျာ၊ ကျွန်တော့်မှာတော့ ခင်ဗျားကို အားကိုးတကြီး ပြောလိုက်ရတာ"

"ဒီမယ် လူကလေး မောင်ဆိတ်သိုး၊ တာဝန်ရှိတဲ့သူတွေတောင် မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ ဘယ်သူနဲ့ ဘယ်လိုပိုင်လို့ ဒီလိုတွေ လုပ်နေကြမှန်းမသိဘဲ ရမ်းရေးလို့မရပေဘူး။ ငါက အမတ်လည်းမဟုတ်၊ တရားဥပဒေစိုးမိုးရေးမှာ တာဝန်ရှိတဲ့သူလည်းမဟုတ်၊ သတင်းဂျာနယ်ထုတ်ခွင့်ရသူလည်းမဟုတ်နဲ့ ဘာကောင်မှမဟုတ်ဘူးလေကွာ။ အဲဒီအစား ရောတိရောရာ ငါလည်းပါ ဆိုသလို ဂျပန်စကားလေး သင်ပြီး သွားစားတာ၊ ဘားမယ်လေးတွေနဲ့ ပရောပရည်လုပ်တာကမှ အနေအစား ချောင်မလားလို့ပါ"လို့လည်း ပြောလိုက်ရော မောင်ဆိတ်သိုးက ဒေါသတွေထွက်ပြီး ခင်ဗျားကြီးတို့လိုလူတွေကြောင့် တိုင်းပြည်ဒုက္ခရောက်နေတာ၊ လူမျိုးပြုတ်တော့မှာဆိုပြီး စိတ်ဆိုးတကြီးနဲ့ ပြန်သွားလေရဲ့။

နို့ မာဂျေပြောတာ ဘာမှားလို့လဲဗျာ။ ကိုယ်က ဘာမှလုပ်လို့ရတဲ့ကောင်မှ မဟုတ်တာ။ မီဒီယာကနေ ရေးပြနေတော့လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေက အဖက်လုပ်ပြီး ဘာများအရေးတယူလုပ်လို့လဲ။ အသက်ကြီးမှ သူများအမုန်းတော့ မခံနိုင်ပေါင်ဗျာ။ ■

ခရီးသွားလုပ်ငန်းရန်ပုံငွေ ပဒေသာကပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကော်မတီ(အမ်အမ်စီ)သည် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာငွေရှာဖွေရေး အစီအစဉ်အရရန်ပုံငွေ ပဒေသာကပွဲကျင်းပရန် စီစဉ်နေသည်။

ရန်ပုံငွေပဒေသာကပွဲအဖြစ် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ 'နှင်းဆီခရီးသည်' မော်ဒန်အငြိမ့်ကို လာမည့် ဖေဖော်ဝါရီလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ပြည်သူ့ဥယျာဉ်၌ ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ စည်ကားစွာကျင်းပရန် စီစဉ်နေကြောင်း အမ်အမ်စီအလုပ်အမှုဆောင် ဦးကျော်စွာမင်းက ပြောသည်။

"အခုဆို မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသည်အဝင်လည်း ပိုများလာပါတယ်။ အခုလိုအချိန်မှာ ရုတ်တရက်ကြည့်ရင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းက အောင်မြင်တယ်ပေါ့။ အောင်မြင်နေလျက်သားနဲ့ ဒီလိုမျိုး ဘာလို့လုပ်နေရသလဲဆို အောင်မြင်နေတဲ့အခါ အစကထက် ပိုလုပ်ရပါတယ်။ ဒါကြောင့် ဒီလို ဘဏ္ဍာငွေရှာဖွေရေး အစီအစဉ်တွေကို ကျွန်တော်တို့လုပ်ရခြင်း ဖြစ်ပါတယ်"ဟု ဦးကျော်စွာမင်းက ပြောသည်။

'နှင်းဆီခရီးသည်' အငြိမ့်တွင် လူရွှင်တော်အဖြစ် နေတိုး၊ ကျော်ကျော်ပို့၊ ထွန်းထွန်း၊ ရဲလေးနှင့် မိုးမိုးတို့က လည်းကောင်း၊ မင်းသမီးများအဖြစ် ဖူးစုံ၊ မေကဗျာနှင့် မိုးယုစံတို့ကလည်းကောင်း ပါဝင်ကြမည်ဖြစ်သည်။

ပဒေသာကပွဲနှင့်အတူ ခရီးသွားလုပ်ငန်းပြခန်းများနှင့် ဈေးဆိုင်ခန်းများလည်း ပါဝင်မည်ဖြစ်သည်။

"ကျွန်တော်တို့ ပထမဆုံးကပြခဲ့တာ ၂၀၀၆ ခုနှစ်ကနေ အခုအထိဆို နှင်းဆီအဖွဲ့က ခုနစ်နှစ်ထဲ ရောက်သွားပါပြီ။ ဒီနှစ်မှာတော့ ကျွန်တော်တို့ မကြုံစဖူး ဒီပွဲမှာ ကျွန်တော်တို့ အစီအစဉ်အသစ်တစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ မြန်မာအချင်းချင်းသာမက ကမ္ဘာလှည့် ခရီးသည်တွေကိုပါ ရယ်အောင်လုပ်ပြမယ်လို့ ကြွေးကြော်ထားပါတယ်။ နောက် နိုင်ငံခြားဧည့်သည်တွေကိုလည်း ဖိတ်ခေါ်ထားတာရှိပါတယ်။ မြန်မာသီချင်းကို တစ်ပိုဒ်လောက်ဆိုပြတာမျိုး၊ မြန်မာအကကို တစ်ပိုဒ်လိုက်ဝင်ကသလိုမျိုး တင်ဆက်သွားမှာဖြစ်ပါတယ်" ဟု မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ပြောသည်။

ဇော်ဝင်းသန်း



dragonair.com

ရန်ကုန် - ဟောင်ကောင်မှတဆင့်
ကမ္ဘာအနှံ့သို့ ခရီးစဉ်များ ပြေးဆွဲပါပြီ။



ရန်ကုန်မှ (၉) ရက်၊ ၂၀၁၃ မှ စတင်၍ Dragonair လေကြောင်းလိုင်းမှ ရန်ကုန် - ဟောင်ကောင်မှ တဆင့် ကမ္ဘာအနှံ့နိုင်ငံခြားပေါင်း(၁၄၀) သို့ ခရီးစဉ်များ ပြောင်းဆွဲပေးသွားပါမည်။ ရန်ကုန် - ဟောင်ကောင် သို့ တစ်ပတ်လျှင် ထိုက်ဖွံ့ကဝန်ဆောင်မှု (၄) ကြိမ် ပြန်လည်မပျံသန်းတော့ပါသည်။

အသေးစိတ်အချက်အလက်များနှင့် Bookingတင်ရန်ဆက်သွယ်ရန် Dragonair Reservation ဖုန်း 255320 သို့ မဟုတ် Travel Agent များနှင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Yangon/Hong Kong Flight Schedule

Routing	Day (by of week	Flight no.	Dep. time	Arr. time
Yangon - Hong Kong	Mon/Tue/Thu/Sat	KA251	0100	0630
Hong Kong - Yangon	Mon/Wed/Fri/Sun	KA250	2130	2335

ရန်ကုန်မှထွက်ခွာ ဟောင်ကောင်ရောက် ဖြစ်သည့် ဆောင်းရာသီရန်ကုန် ဖြစ်သည့် ဆောင်းရာသီ ပြောင်းလဲနိုင်ပါသည်။

CATHAY PACIFIC

DRAGONAIR

*Codeshare ဖြစ်ပါသည်။

အဲပုဂံ လေယာဉ်ပျက်ကျမှု အသေးစိတ် စုံစမ်းစစ်ဆေးမှုကို ဩစတြေးလျနိုင်ငံ၌ ဆောင်ရွက်နေ

ဇော်ဝင်းသန်း



အဲပုဂံလေယာဉ် ဟဟိုးလေဆိပ်အနီး၌ ပျက်ကျစီးလောင်ပြီးနောက် တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

လွန်ခဲ့သော ဒီဇင်ဘာလ ၂၅ ရက်နေ့က ဟဲဟိုးလေဆိပ်၌ အဲပုဂံလေယာဉ် ပျက်ကျမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းမှန် ဖော်ထုတ်ရန် လေယာဉ်ပါ Black Box ခေါ် အနက်ရောင်သေတ္တာ(လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ)အား မူလက စင်ကာပူနိုင်ငံသို့ ပေးပို့ကာ စုံစမ်းစစ်ဆေးရန် စီစဉ်ခဲ့သော်လည်း ယခုအခါ စင်ကာပူနိုင်ငံမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် ဩစတြေးလျနိုင်ငံသို့ ပေးပို့စစ်ဆေးနေသည်ဟု စုံစမ်းစစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒု-ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

"သက်သေအဖြစ်ရထားတဲ့ Black Box ကို ကနဦး စင်ကာပူသို့ပို့ပြီး စုံစမ်းစစ်ဆေးဖို့ လုပ်ခဲ့ပါတယ်။ ဒါပေမယ့် လေယာဉ်တစ်စီးလုံး မီးလောင်ထားတဲ့ အခြေအနေအရ စင်ကာပူက ဒီလောက် အနေအထားနဲ့ဆို သူတို့လုပ်ပေးလို့မရဘူးလို့ ပြောပါတယ်။ ဒါ့ကြောင့် အခု စင်ကာပူထက် နည်းပညာပိုင်း ပိုအားသာတဲ့ ဩစတြေးလျကိုပို့ပြီး စုံစမ်းစစ်ဆေးနေပါတယ်။ လေယာဉ်ပျက်ကျရခြင်း အကြောင်းရင်းမှန်သိဖို့တော့ အချိန်အတိုင်းအတာတစ်ခုအထိတော့ စောင့်ရပါလိမ့်မယ်။ အဖြေထွက်လာရင်တော့ သတင်းထုတ်ပြန်မှာပါ"ဟု ဦးဝင်းဆွေထွန်းက ပြောသည်။

အဆိုပါ အဲပုဂံလေယာဉ်မှ အနက်ရောင်သေတ္တာအား Australian Transport Safety Bureau မှ လက်ခံကာ လက်ရှိစုံစမ်းနေဆဲဖြစ်သည်။

"အဲဒီအနက်ရောင်သေတ္တာက အသံဖမ်းစက်တွေဖြစ်တဲ့ Flight Data Recorder နဲ့ Cockpit Voice Recorder တွေကို ပြန်နားထောင်ရပါမယ်။ ကျွန်တော်တို့ စုံစမ်းရေးကော်မတီကလည်း ကိုယ်တိုင်သွားရောက် နားထောင်ပြီး မှတ်ချက်ယူရမှာပါ။ ဒီစုံစမ်းစစ်ဆေးမှုအတွက် အဲပုဂံရဲ့ထောက်ခံအားပေးမှုကလည်း ကောင်းပါတယ်" ဟု ဦးဝင်းဆွေထွန်းက ပြောသည်။

အဆိုပါလေယာဉ်မှာ ရန်ကုန်-မန္တလေး-ဟဲဟိုး-ရန်ကုန် ခရီးစဉ် ပျံသန်းပြေးဆွဲသော အဲပုဂံ၏ ဖော်ကာလေယာဉ် XY-AGC လေယာဉ်အမျိုးအစားဖြစ်ပြီး လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း ခြောက်ဦး၊ နိုင်ငံခြား ခရီးသွားနည်းသည့် ၄၈ ဦးနှင့် ပြည်တွင်း ခရီးသွားနည်းသည့် ၁၇ ဦး၊ စုစုပေါင်း ၇၁ ဦး စီးနင်းလိုက်ပါလာခဲ့သည်။

လေယာဉ်သည် အဆိုပါနေ့ နံနက် ၈ နာရီ ၅၁ မိနစ်ခန့်တွင် ဟဲဟိုးလေဆိပ်သို့ တောင်ဘက်မှ မြောက်ဘက်သို့ ချဉ်းကပ်ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းထိပ်မှ တစ်မိုင်ခန့်အကွာရှိ အရှေ့အနောက် သွယ်တန်းထားသော ကလော-အောင်သပြေ ၆၆ ကေဗီအေ ဓာတ်အားလိုင်းနှင့် လေယာဉ်အောက်ပိုင်း စတင်တိုက်မိပြီး တစ်ဖန် တောင်ကြီး-မိတ္ထီလာ ကားလမ်းဘေးရှိ သစ်ပင်တန်းအား ဆက်လက်တိုက်မိကာ အနီးရှိလယ်ကွင်းထဲ၌ လျှောတိုက် ရပ်တန့်သွားသည်။ ထို့နောက် ခရီးသည်များ လေယာဉ်မှ အမြန်ဆုံးပြင်ပသို့ထွက်ပြီး နှစ်မိနစ်ခန့်အကြာတွင် မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုဖြစ်စဉ်ကြောင့် ရပ်စောက်မြို့နေ ခရီးသွား ညွှေ့လမ်းညွှန်ဖြစ်သူ မန္တယ်လင်းရှိန်နှင့် လေယာဉ်ဆင်းသက်စဉ် ထိခိုက်မှုကြောင့် ကားလမ်းပေါ်တွင် သွားလာနေသော မော်တော်ဆိုင်ကယ် တစ်စီး မီးလောင်ပျက်စီးခဲ့သဖြင့် မော်တော်ဆိုင်ကယ်စီးနင်းလာသူ ဦးပြားဆိုသူလည်း သေဆုံးခဲ့ရသည်။

ထို့ပြင် နိုင်ငံခြားသားခရီးသည်အချို့၊ လေယာဉ်မှူးနှစ်ဦး၊ ညွှေ့လမ်းညွှန်နှစ်ဦးနှင့် မော်တော်ဆိုင်ကယ်စီးနင်းလာသူ တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြသည်။ ■

နိုင်ငံတကာထုတ်ကုန်ပစ္စည်းပြပွဲတွင် ပါဝင်ရန် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုမြင့်မား

စိုးစန္ဒာဦး

မြန်မာနိုင်ငံ၌ ဇန်နဝါရီလ ၁၆ ရက် နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော Myanmar Manufacturing Equipment, Components and Engineering Technilogy Exhibition 2013 နိုင်ငံတကာထုတ်ကုန်ပြပွဲကို အာရှနိုင်ငံများသာမက ဥရောပသမဂ္ဂ (အီးယူ) နှင့် အနောက်နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များကပါ စိတ်ဝင်စား လျက်ရှိကြောင်း ပြပွဲတွင်ပါဝင်မည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

သုံးရက်ကြာကျင်းပမည်ဖြစ်သော အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ခန့်ပါဝင်ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျ၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်နှင့် အခြားနိုင်ငံများက အခြေခံအဆောက် အအုံနှင့်ပတ်သက်သော အင်ဂျင်နီယာ သုံးပစ္စည်းများ နည်းပညာဆိုင်ရာပစ္စည်း များကို ပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် နိုင်ငံတကာမှ ဆိုင်ခန်းပေါင်း ၄၅၀ ကျော်နှင့် သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ၊ သံတမန်များမှာ လာရောက် အားပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြပွဲစီစဉ်သူ HQ Bizlink International Pte Ltd မှ Mr. David Chow က "ပြပွဲမှာ ပါဝင်မယ့်သူတွေက ပြည်တွင်းပါတနာတွေ၊ ဖြန့်ချိသူတွေနဲ့ အေးဂျင့်တွေကို ရှာဖွေဖို့ စိတ်ဝင်စားကြတယ်။ သူတို့အတွက်က ဒီလိုပြည်တွင်း စီးပွားရေးသမားတွေနဲ့ တိုက်ရိုက်တွေ့နိုင်ဖို့က အထူးအခွင့်အရေးတစ်ရပ်ဖြစ်ပြီးတော့ နောက်ပိုင်းမှာ အွန်လိုင်းကပါ ချိတ်ဆက်လုပ်နိုင်ဖို့ မျှော်လင့်နေကြတယ်" ဟု ပြောသည်။

ပြပွဲတွင် စက်ရုံသုံးနှင့် စက်မှုဇုန်သုံး ပစ္စည်းများ၊ EOT ကရိန်းများကို လာရောက်ပြသမည့် အိန္ဒိယနိုင်ငံ Nexgen Material handling Systems Pvt ကုမ္ပဏီမှ ဒါရိုက်တာ Mr.A K Kundu က "တခြား အာဆီယံနိုင်ငံတွေမှာ ကျင်းပတဲ့ပြပွဲတွေနဲ့ယှဉ်ရင် မြန်မာနိုင်ငံမှာ ပြတဲ့ဒီပွဲက ကုမ္ပဏီအတွက် အရေးကြီးပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက အိန္ဒိယအရှေ့ပိုင်းမှာ စျေးကွက်ရပြီးမို့လို့ အရှေ့ပိုင်းနဲ့ အနီးဆုံးဖြစ်တဲ့ မြန်မာနိုင်ငံမှာ ကနဦး အစပျိုးပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ချင်ပါတယ်။ မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံနဲ့ အနီးဆုံးမှာရှိနေပေမယ့် ခုချိန်ထိ ကျွန်တော်တို့ရဲ့ ကုမ္ပဏီက မြန်မာနိုင်ငံမှာ ရှိမနေသေးတော့ မြန်မာနိုင်ငံရဲ့စျေးကွက်ကို ဝင်ရောက်ဖို့ကလည်း ဒီပြပွဲကနေ လေ့လာရမှာပါ။ ပြပွဲက အထူးအခွင့်အရေးတွေ၊ စျေးကွက်နဲ့ပတ်သက်တဲ့ အချက်အလက်ကောင်းတွေရနိုင်တာမို့ အရမ်းကို စိတ်ဝင်စားပါတယ်"ဟု ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ပြပွဲတွင် မြန်မာပြည်ကိုယ်စားလှယ်များ၊ စက်မှုဇုန်နှင့် ပတ်သက်သော ကျွမ်းကျင်သူများကို လေ့လာမှတ်သားထားမည်ဖြစ်ပြီး အချက်အလက်လေ့လာစုံစမ်းမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ စွေးကွက်နေရာတစ်ခုရနိုင်ရန် မျှော်မှန်းထားကြောင်း ပြောသည်။

Thaiwan Association of Machinery Industry မှ ဒါရိုက်တာ Gray Yang က ထိုင်ဝမ်မှပြုလုပ်သော စက်ပစ္စည်းကိရိယာများသည် မြန်မာ့စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသောကြောင့် ပြပွဲတွင်ပါဝင်ရန် စိတ်ဝင်စားခြင်းဖြစ်ကြောင်း ပြောသည်။

"ထိုင်ဝမ်ရဲ့ စက်ပစ္စည်းကိရိယာတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံက ရောင်းသူ၊ ဝယ်သူဆက်ဆံရေးမျိုးတင်မဟုတ်ပါဘူး။ စီးပွားဖက်အနေနဲ့ကို ရှိနေတဲ့အတွက် နောက်လာမယ့်နှစ်တွေမှာ နှစ်နိုင်ငံဆက်ဆံရေးက ပိုပြီးတိုးတက်လာသလို စီးပွားရေးမှာလည်း ပိုပြီးရင်းနှီးမြှုပ်နှံလာမယ်လို့ မှန်းပါတယ်။ မြန်မာက ခုဆိုရင် အာရှမှာနာမည်ကြီးနိုင်ငံထဲလည်း ပါလာတာမို့ နိုင်ငံရဲ့လိုအပ်ချက်ဖြစ်တဲ့ စက်ပစ္စည်းတွေကို ကုမ္ပဏီကနေတင်သွင်းရောင်းချဖို့က အဓိကရည်မှန်းချက်ပါပဲ" ဟု ၎င်းက ပြောသည်။

နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် ပတ်သက်သော လမ်းဖောက်လုပ်ခြင်းနှင့် အခြားနည်းပညာများနှင့်ပတ်သက်၍ လာရောက်ပြသမည့် အိန္ဒိယနိုင်ငံ Universal ကုမ္ပဏီမှဒါရိုက်တာ Mr.Akh က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပွဲဖြစ်သော်လည်း အမေရိကန်နှင့် အီးယူနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပင် တွေ့ဆုံနိုင်မည့်အခွင့်အရေးဖြစ်သောကြောင့် စိတ်ဝင်စားခြင်းဖြစ်ကြောင်း ပြောသည်။

"ကျွန်တော်တို့က လမ်းဖောက်တာ၊ ဖောက်ပြီးသားလမ်းတွေကို ထိန်းသိမ်းတဲ့ နည်းစနစ်ဆိုင်ရာ စက်ပစ္စည်းတွေကို အဓိကထား ထုတ်လုပ်တာပါ။ ပြပွဲမှာ တခြားနိုင်ငံကသူတွေကိုလည်း ဒါကို ဘယ်လိုလုပ်ဆောင်နေတယ်ဆိုတာ ပြသချင်ပါတယ်။ မြန်မာနိုင်ငံမှာဆိုလည်း လမ်းတွေထပ်ဖောက်ပြီး ရှိပြီးသားလမ်းတွေကိုလည်း ထိန်းသိမ်းဖို့လိုနေပါတယ်။ ဒီနေရာမှာ ကုမ္ပဏီကလမ်းတွေကို ထိန်းသိမ်းတဲ့ပစ္စည်းတွေ ဝန်ဆောင်မှု၊ နည်းပညာတွေကို ပြသနိုင်မှာပါ" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံပိုင်းတွင် ထိန်းသိမ်းရန်များစွာလိုအပ်နေပြီး အဆိုပါလိုအပ်ချက်ကို အစိုးရပိုင်းအတွက်သာမက ပုဂ္ဂလိကပိုင်းအတွက်ပါ ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားကြောင်း၊ လက်ရှိတွင်လည်း အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းများကို စျေးကွက်ထိုးဖောက်ဝင်ရောက်ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။ ■

မသန်စွမ်းသူများကိုကာကွယ်မည့် ဥပဒေပြဋ္ဌာန်းပေးရေး တောင်းဆို

ယမုံဗူးသစ်

မသန်စွမ်းသူများကို ပိုမိုထိရောက်သည့် ဥပဒေများဖြင့် ကာကွယ်ပေးနိုင်ရန် အတွက် တည်ဆဲဥပဒေများကို သုံးသပ်၍ ထပ်မံပြင်ဆင်ဆောင်ရွက်ပေးရန် မသန်စွမ်းလူမှုအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များနှင့် နိုင်ငံရေးကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များက ဇန်နဝါရီလ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြထားသည်။

အချက် ခြောက်ချက်ပါဝင်သော အဆိုပါကြေညာချက်ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့က အသက် ၁၂ နှစ်အရွယ်မသန်စွမ်းမိန်းကလေးငယ် တစ်ဦး အမဓမ္မပြုကျင့်ခံရသော ဖြစ်စဉ်အပြီးတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဖြစ်ရပ်သည် ယဉ်ကျေးသော လူမှုအဖွဲ့အစည်းမှ လက်မခံနိုင်သော၊ လူမဆန်သော အဖြစ်အပျက်ဖြစ်ကြောင်း၊ ယင်းအဖြစ်အပျက်မျိုး ထပ်မံမဖြစ်ပေါ်စေရန် မသန်စွမ်းသူများကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရန် တည်ဆဲဥပဒေများကိုသုံးသပ်ပြီး ဖြည့်စွက်ပြဋ္ဌာန်းပေးရန်နှင့် ယင်းကဲ့သို့ ထပ်မံမပြုမူကြစေရန် ကျူးလွန်သူကို စံပြအဖြစ်အရေးယူရန် ပိုင်းဝန်း တောင်းဆိုရန်အတွက် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါမိန်းကလေးငယ်မှာ တောင်ဒဂုံမြို့နယ်၌ နေထိုင်သူဖြစ်ပြီး Cerebral Palsy ခေါ် သူငယ်နာအကြောသေရောဂါကို ခံစားနေရသူဖြစ်ကာ မိဘများ ပြင်ပသို့သွားနေခိုက်တွင် အသက် ၂၈နှစ်အရွယ်အိမ်နီးချင်းဖြစ်သူ၏ ပြုကျင့်မှုကို ခံရခြင်းဖြစ်သည်။

ယင်းသို့ ထိခိုက်ခံရသူနှင့် မိသားစုကို လုံခြုံစွာ ပြန်လည်ထူထောင်ရန်အတွက် နိုင်ငံတော်မှ တာဝန်ယူ ပံ့ပိုးဆောင်ရွက်ပေးရန်ကိုလည်း တောင်းဆိုထားသည်။

"ကျူးလွန်ခံရတဲ့သူက မသန်စွမ်းသူဖြစ်တဲ့အတွက် ပြစ်ဒဏ်က ပိုပြီးပြင်းပြင်းထန်ထန် ဖြစ်သင့်ပါတယ်။ ဥပဒေဆိုတာ လူတွေကိုလိုအပ်ရင်လိုအပ်သလိုအကာအကွယ်ပေးရမယ်။ မသန်စွမ်းသူတစ်ယောက်နဲ့ သာမန်လူတစ်ယောက်လို မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်း မတူနိုင်ပါဘူး" ဟု ရွှေမင်းသားဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဦးမြတ်သူဝင်းကမြန်မာတိုင်း(မ်)ကို ပြောသည်။

"မသန်စွမ်းတွေကို ကာကွယ်တဲ့ ဥပဒေ ရှိပေမယ့် သက်ဆိုင်ရာ Related Law တွေ မရှိသေးဘူး။ ပြဋ္ဌာန်းချက်တွေကလည်း အားနည်းနေသေးတယ်" ဟု ၎င်းက ပြောသည်။

မသန်စွမ်းသူများ၏ အရေးကိစ္စသည် လွတ်တော်အတွင်း စိတ်ဝင်စားမှုနည်းနေသေးကြောင်းနှင့် မသန်စွမ်းသူများကို ကာကွယ်ရန် ဥပဒေများကို ပြင်ဆင်ဆွေးနွေးပေးရန် လွတ်တော်သို့တင်ပြရန် ကြိုးစားသွားမည်ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်မှ အဖွဲ့ဝင်ရှေ့နေဦးအောင်သိန်းက "မသန်စွမ်းသူကို ပြုကျင့်တဲ့ ပုဒ်မရယ်လို့ သီးခြားတော့ မရှိပါဘူး။ အခုကိစ္စမှာ အသက်မပြည့်သေးတဲ့ကလေးလည်း ဖြစ်တယ်။ ပုံမှန်မဟုတ်တဲ့ ပြုကျင့်မှုမျိုးလည်းဖြစ်တယ်ဆိုတော့ ထောင်ဒဏ် ၁၀ နှစ်ကနေ တစ်သက်တစ်ကျွန်းအထိ ဖြစ်နိုင်ပါတယ်" ဟု ပြောသည်။

မသန်စွမ်းသူများအား အကာအကွယ်ပေးရေးလှုပ်ရှားမှုများ ကျယ်ပြန့်စွာပေါ်ပေါက်လာစေရန်အတွက်လည်း အရပ်ဘက်လူအဖွဲ့အစည်းများ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း အဆိုပါ ကြေညာချက်တွင် တိုက်တွန်းထားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ကိုဂျင်မိုက အရပ်ဘက် လူအဖွဲ့အစည်းများ ပိုမိုအားကောင်းရန် လိုအပ်နေပြီဖြစ်ကြောင်း ပြောသည်။

"လူမသိသူမသိနဲ့ ပြီးသွားရတဲ့ ဒီလိုကိစ္စတွေ ဘယ်လောက်များနေပြီလဲ။ အရပ်ဘက်အဖွဲ့အစည်းတွေအားကောင်းပြီး ဥပဒေကိုအကောင်အထည်ဖော်တဲ့ ဌာန၊ အသုံးပြုတဲ့ဌာနတွေရဲ့ အားနည်းချက်တွေ မှန်သမျှကို အရပ်ဘက်လူအဖွဲ့အစည်းနဲ့ အားဖြည့်ရမယ်" ဟု ၎င်းက ပြောသည်။

နောက်နောင် ယင်းကဲ့သို့ ကိစ္စများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် မသန်စွမ်းကလေးငယ်များ၏ မိဘများအနေဖြင့် မိမိကလေးငယ်များကို မည်သို့စောင့်ရှောက်ရမည်ကို သေချာစွာသိသင့်သည်ဟု မြန်မာနိုင်ငံ အော်တစ်ဇင် အသင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ၊ အော်တစ်ဇင်ကလေး၏ မိခင်က ပြောသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလက လက်မှတ်ရေးထိုးထားသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်။ ■

မြန်မာကို ချေးငွေသစ်ထုတ်ချေးပေးရန် ဂျပန် ကတိပြု

ဂျပန်အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံ၏ ကြွေးမြီများကို လျှော့ပေးသွားမည်ဖြစ်သလို ချေးငွေအသစ်များကိုလည်း ပေးအပ်သွားမည်ဟု မြန်မာနိုင်ငံနှင့် စီးပွားရေးဆက်သွယ်မှုများ တိုးတက်လာစေရန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ဂျပန်ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ တာရိုအာဆိုက ပြောကြားခဲ့သည်။

ထို့ပြင် တည်ဆောက်ရန် စီစဉ်ထားသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင်လည်း ဂျပန်က ပါဝင်ဆောင်ရွက်ရန် စဉ်းစားသွားမည်ဟု တာရိုအာဆိုက သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်ဟု ဂျပန်အရာရှိတစ်ဦးက အေအက်ဖ်ပီကို ပြောကြားခဲ့သည်။

တာရိုအာဆို၏ မြန်မာနိုင်ငံခရီးစဉ်က ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးပေါ်လစီတွင် မြန်မာနိုင်ငံကို အရေးပါသည့်နေရာတွင် ထားရှိကြောင်းကို ပြသခြင်းလည်း ဖြစ်သည်။

ကချင်ပြည်နယ်၌ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကြောင့် နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်နေချိန်ဖြစ်ပြီး အမေရိကန်နှင့် ကုလသမဂ္ဂတို့က လေကြောင်းမှ တိုက်ခိုက်မှုများ ရပ်တန့်ရန် မြန်မာအစိုးရကို တိုက်တွန်းနေချိန်တွင် လာရောက်ခဲ့သည့် ခရီးစဉ်တစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လာပြီးနောက်တွင် ယခင် ဂျပန်အစိုးရက မြန်မာနိုင်ငံသို့ တင်ရှိနေသည့်ကြွေးမြီယန်း၅၀၀ ဘီလျံမှ ၃၀၀ ဘီလျံ (အမေရိကန်ဒေါ်လာ ၃ ဒသမ၄ ဘီလျံ)ကိုလျှော့ပစ်ရန် ကြေညာခဲ့သည်။



သီလဝါဆိပ်ကမ်းသို့ ဂျပန်ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုနှင့်အဖွဲ့ သွားရောက်လေ့လာနေစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

နှစ်ပေါင်းများစွာ အထီးကျန်ဖြစ်နေခဲ့သည့် မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ကဏ္ဍ အဆင့်မြှင့်တင်ရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် စီစဉ်ထားသည့် စက်မှုဇုန်များတည်ဆောက်ရန်အတွက် ယန်း ဘီလျံ၅၀ အား ချေးငွေသစ်အဖြစ် ပေးအပ်မည်ဖြစ်သည်ဟု တာရိုအာဆိုက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါချေးငွေများသည် နှစ်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံအတွက် ဂျပန်က ပထမဆုံး ပြန်လည်ပေးအပ်မှုလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ၎င်း၏ ပျက်စီးယိုယွင်းနေသည့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလိုလားနေသလို ပို့ကုန်အားပြုနေရသည့် ဂျပန်နိုင်ငံအနေဖြင့်လည်း ပြည်တွင်းတိုးတက်မှုနှုန်း ကျဆင်းလာမှုကို တန်ပြန်ရန်အတွက် စွမ်းအင်အရင်းအမြစ်ကြွယ်ဝသည့် မြန်မာနိုင်ငံ၌ စီးပွားရေးအခွင့်အလမ်းများကို ရှာဖွေနေသည်။

ရန်ကုန်မြို့အနီး သီလဝါ၌ စက်မှုဇုန်ကြီးတစ်ခု တည်ဆောက်ရေးအတွက် စတင်ဆောင်ရွက်ရန် လွှဲခဲ့သည့်လက နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။

ဧက ၆,၀၀၀ ကျယ်ဝန်းမည့် သီလဝါစီမံကိန်း၌ ဆိပ်ကမ်းနှင့် စက်မှုဇုန်များ ပါဝင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း ဂျပန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။ တာရိုအာဆိုသည် အဆိုပါဒေသသို့လည်း သွားရောက်ခဲ့သည်။

ကြီးမားသည့် သီလဝါစီမံကိန်းကို မစ်ဆူဘီရှိ၊ ဆူမီတိုမို့နှင့် မာရူဘီနိုကော်ပိုရေးရှင်းများက ပူးပေါင်း အကောင်အထည်ဖော်မည်ဟု ခန့်မှန်းထားသည်။

ဂျပန်ကို ထားဝယ်စီမံကိန်းတွင်လည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် မြန်မာကလိုလားနေသော်လည်း သီလဝါကိုသာ ဦးစားပေးလုပ်ဆောင်သွားမည်ဟု ဂျပန်က ပြောကြားထားသည်။

(အေအက်ဖ်ပီ)

ဆန်းဦး ဘာသာပြန်သည်။

ကြေးနီစီမံကိန်း ရပ်ဆိုင်းသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဟု ဒေသခံများကဆို

ေနာ်ဝေးဟော်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် ကြေးနီတောင်စီမံကိန်းတစ်ဝိုက်ရှိ ဝက်မွေး၊ ဇီးတောရွာ၊ ကန်တော၊ ဆည်တဲ့ စသည့် ရွာပေါင်း ၂၆ ရွာမှ ဒေသခံ ၅၀၀ ခန့် တက်ရောက်ကြသည့် အစည်းအဝေးတစ်ခုကို ဇန်နဝါရီလ ၆ ရက်နေ့က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတစ်ဝိုက်ရှိ သပိတ်စခန်း၌ ပြုလုပ်ခဲ့ကာ စီမံကိန်းရပ်ဆိုင်းသည်အထိ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်ဟု တက်ရောက်ခဲ့သူ မြန်မာနိုင်ငံ သိပ္ပံဝိဇ္ဇာတက္ကသိုလ် ကျောင်းသားများကွန်ရက်မှ ကိုသော်ဇင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"စုံစမ်းစစ်ဆေးရေး ကော်မရှင်ရဲ့ အစီရင်ခံစာ ဇန်နဝါရီလကုန်လောက် ထွက်လာမယ့်ဟာကို ဘယ်လိုသဘောထားလဲဆိုတာနဲ့ပတ်သက်ပြီး အစည်းအဝေးလုပ်တာ။ အခိုက ကတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်က လက်ပံတောင်းတောင်ကိစ္စ ဆက်လုပ်သင့်တယ်မလုပ်သင့်ဘူးဆိုတာနဲ့ ပတ်သက်ပြီး တော့ပေါ့။ မလုပ်သင့်တော့ဘူးလို့ ဆုံးဖြတ်လာရင်တော့ ပြဿနာမရှိဘူး။ လုပ်သင့်တယ်ဆိုရင်တော့ ဒေသခံတွေကတော့ လျော်ကြေးကိုထပ်တိုးပေးတာ မတိုးပေးတာ မလိုချင်ဘူး။ အားလုံးရဲ့ဆန္ဒက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း လုံးဝဖျက်သိမ်းရေးပဲ" ဟု ၎င်းက ရှင်းပြသည်။

"ဒေါ်စုပြောသွားတဲ့အထဲမှာ သူတို့ကော်မရှင်လုပ်တဲ့ နောက်ဆုံးရလဒ်ကို ပြည်သူတွေ ကြိုက်ချင်မှလည်း ကြိုက်မယ်ဆိုပြီး ပြောသွားတယ်။ ဒါနဲ့ပတ်သက်ပြီး ဒေသခံတွေအပေါ်မှာ အကျိုးထိခိုက်ဖို့မရှိဘူးဆိုပြီး စီမံကိန်းကို ဆက်လုပ်မယ်ဆိုရင်တော့ သူတို့ (ကုမ္ပဏီ၊ လုပ်ငန်းရှင်တွေ)အနေနဲ့ မျှမျှတတဖြစ်အောင်တော့ လုပ်ကိုင်ရမှာပေါ့။ ဒါမှမဟုတ်ဘဲ စီမံကိန်းကို ဆက်လုပ်သွားမယ်၊ တောင်သူလယ်သမားတွေကတော့ နစ်နာနေရဦးမယ်ဆိုရင်တော့ ဒါဟာသူတို့အမှားပဲဖြစ်မှာပေါ့" ဟု ဆည်တဲရွာ ဒေသခံ ဦးမောင်မောင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့ပြင် ပုဒ်မ ၁၄၄ ကို ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ သက်ဆိုင်ရာက ထပ်မံတိုးချဲ့ ထုတ်ပြန်ခဲ့သည့်အတွက် ဒေသခံများ မကျေမနပ်ဖြစ်နေကြောင်း ကိုသော်ဇင်ကပြောသည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်တွင် စီမံကိန်းများ ရပ်တန့်ခြင်းမပြုသည့်အတွက် ယနေ့တိုင် ဒေသခံများထိုင်သပိတ်များ ပြုလုပ်နေကြောင်း ၎င်းက ဆိုသည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာလီကျွမ်းဗှာက ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းအသင့်ရှိကြောင်း ပြောကြားခဲ့သည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပြီးခဲ့သည့် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်၍ ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ဖြင့် စီမံကိန်းဒေသ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးလျက်ရှိပြီး ဇန်နဝါရီလကုန်ပိုင်းတွင် ကြေးနီစီမံကိန်း အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်သည်။

ထိုသို့ထွက်ရှိလာမည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် ဝမ်ပေါင်ကုမ္ပဏီနှင့် လက်ပံတောင်းတောင် စီမံကိန်းတာဝန်ခံ ဦးမြင့်အောင်တို့ ဆက်သွယ်မေးမြန်းခဲ့ရာ ကော်မရှင်က စစ်ဆေးပြီး ထုတ်ပြန်ချက်ထုတ်ပြီးမှသာ သိလိုသမျှ ဖြေကြားနိုင်မည်ဖြစ်ကြောင်း မြန်မာတိုင်း(မ်)ကို ပြန်လည်ဖြေကြားခဲ့သည်။

"လက်ရှိအခြေအနေမှာ ကော်မရှင်အဖွဲ့ကော၊ တာဝန်ပေးတဲ့အဖွဲ့တွေကော လာနေကြတော့ ဒီကြားထဲ ဘာမှမဖြေချင်သေးပါဘူး" ဟု ၎င်းကပြောသည်။ ■



မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းအပေါ် လေ့လာမှု အစီရင်ခံစာနှင့် အကြံပြုချက်များကို သက်ဆိုင်ရာသို့ တင်ပြမည်

ဒေးစပယ်ဖြူ

မြန်မာ–တရုတ် ပိုက်လိုင်းစောင့်ကြည့် ရေးကော်မတီ (Myanmar - China Pipline Watch Committee)၏ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအပေါ် လေ့လာမှု အစီရင်ခံစာနှင့် အချက်ကိုးချက်ပါ အကြံပြုချက်ကို နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပိုက်လိုင်း တည်ဆောက်သည့် သက်ဆိုင်သည့် ကုမ္ပဏီသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ကော်မတီအဖွဲ့ဝင်ဖြစ်သူ စိမ်းရောင်စိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့မှ ဥက္ကဋ္ဌ ဦးတင်သစ်က ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောသည်။

"ဒီလို ဆောင်ရွက်ရတဲ့အဓိက ရည်ရွယ်ချက်ကတော့ ဒီစီမံကိန်းက ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ နှစ်နိုင်ငံ အကျိုးတူဖြစ်တဲ့၊ တရားမျှတတဲ့ စီမံကိန်းတစ်ခုဖြစ်ဖို့ ဦးတည်ချင်တာပါ"ဟု ဦးတင်သစ်က ပြောသည်။

ဒီဇင်ဘာလ ၂၀ ရက်မှ ၂၂ ရက်နေ့ အထိ ပြုလုပ်သော ပိုက်လိုင်းဖြတ်သန်းရာတစ်လျှောက် ဒေသများမှ လူထုအခြေပြုအဖွဲ့အစည်း ၁၄ ခုမှ ကိုယ်စားလှယ်များပါဝင်သော ကော်မတီ၏ ဒုတိယအကြိမ်မြောက် စည်းဝေးပွဲတွင် စုစည်းရရှိသော အချက်အလက် ဆွေးနွေးမှုများအရ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ပိုက်လိုင်းစီမံကိန်းအပေါ် ကော်မတီ၏ စောင့်ကြည့်လေ့လာမှု မှတ်တမ်းအစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အစီရင်ခံစာတွင် ပိုက်လိုင်းစီမံကိန်းနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၏ အမျိုးသားလွှတ်တော်၌ ရှင်းလင်းပြောကြားမှုအပေါ် သုံးသပ်ချက်၊ ပိုက်လိုင်းကုမ္ပဏီဘက်မှ ဆောင်ရွက်ပေးမှုများ၊ ပိုက်လိုင်းတစ်လျှောက် ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သော မြေယာ / သီးနှံ လျော်ကြေးကိစ္စ၊ သီးနှံလျော်ကြေးနှုန်းများ လျော့နည်းသွားခြင်း၊ မြေယာ၊ သီးနှံ၊ ရေသွင်းမြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ၊ လမ်းပျက်စီးမှုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ စသည်တို့ ဖော်ပြထားသည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွင် ရှယ်ယာ ရာခိုင်နှုန်းအများဆုံး ပိုင်ဆိုင်ထားသော တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ South East Asia Crude Oil Pipline Co Ltd (SEOAP) နှင့် South East Asia Gas Pipeline ၏ ပြန်ကြားဆက်သွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ-တရုတ် ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ၏ တင်ပြသည့် ပြဿနာများအပေါ် အလေးထားပါကြောင်း၊ ထိုပြဿနာများကိုလေ့လာပြီး မှန်ကန်ပါက မြန်မာဥပဒေကိုလိုက်နာပြီး စနစ်တကျ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောသည်။



ရခိုင်ပြည်နယ်၌ ပိုက်လိုင်းသွယ်တန်းနေမှု လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာလ နောက်ဆုံးပတ်က တွေ့ရစဉ်။ ဓာတ်ပုံ-လွင်ကိုတိတ်

"အစီရင်ခံစာထဲမှာ နားလည်မှုလွဲနေတဲ့အချက်တချို့ကိုလည်း တွေ့ရပါတယ်။ ပိုက်လိုင်းကို ၁၅ ပေ (ငါးမီတာ) ခန့်အနက်မှာ မြှုပ်တယ်လို့ ပြောကြားခဲ့တာက အနက်ဆုံးနေရာဟာ ၁၅ ပေရှိတယ်လို့ ပြောခဲ့တာပါ။ ဒါပေမယ့် မြေအမျိုးအစားအလိုက်၊ အခြေအနေအလိုက် တချို့နေရာတွေမှာလည်း မရှိပါဘူး။ နေရာတိုင်း ၁၅ ပေ ရှိရမယ်ဆိုတာ နားလည်မှုလွဲတာပါ။ ပုံမှန်အားဖြင့် ၁ ဒသမ ၂ မီတာ အနက်မှာရှိပါတယ်။ ဒါ တချို့နေရာတွေမှာ ဒီထက်ပိုနက်ပါတယ်။ ဒါဟာ ဘေးကင်းမှုရှိတဲ့အနက်ပါ။ ဒါကိုလည်း စုံစမ်းကြည့်ရင် သိနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖြတ်သန်းခ (Right of way) အဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၁ သန်းနှင့် ကမ္ဘာ့အရှေ့အလယ်ပိုင်း ဒေသမှ သယ်ဆောင်လာသော ရေနံစိမ်းများအား မြန်မာနိုင်ငံမှတစ်ဆင့် သယ်ဆောင်ခ (Transit Fees) အဖြစ် ရေနံတစ်တန်လျှင် ကန်တစ်ဒေါ်လာရရှိမည်ဖြစ်သော်လည်း မြန်မာ့နိုင်ငံပိုင်ဖြစ်သော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့များအတွက်မူ တစ်ဆင့်သယ်ဆောင်ခ (transit fee) ပေးဆောင်ရန်မလိုကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာ-တရုတ် ရေနံပိုက်လိုင်း စောင့်ကြည့်ရေးကော်မတီမှ စီမံကိန်းမှရရှိမည့် အကျိုးအမြတ်များကို လည်းကောင်း၊ အဆိုပါ အကျိုးအမြတ်များအား ပြည်သူလူထုအတွက် မည်သို့ ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုမည်ဆိုသော ဘက္ကာငွေစီမံခန့်ခွဲမှုအစီအစဉ်များကိုလည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးဆောင်ရွက်ရေး၊ နိုင်ငံတော်အတွက်မဟာဗျူဟာကျသော စီးပွားရေးစီမံကိန်းကြီးများ၏ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲပိုင်ခွင့်သည် မိမိနိုင်ငံ၏ လက်ဝယ်တွင်ရှိရေး အထူးဂရုပြုဆောင်ရွက်ရန်၊ စွမ်းအင်အပါအဝင် သယံဇာတ အရင်းအမြစ်များကို မိမိနိုင်ငံနှင့် ပြည်သူလူထု၏လို အပ်ချက်များ ဖြည့်ဆည်းပြီးနောက် ပိုလျှံသောပမာဏကိုသာ ပြည်ပနိုင်ငံများသို့ ရောင်းချရန် မူဝါဒတစ်ရပ် အလျင်အမြန်ချမှတ်ရေး၊ ဒေသခံပြည်သူများအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှု လုပ်ငန်းအဆင့်ဆင့်တွင် ကြိုတင်သိရှိခွင့်၊ ပူးပေါင်းပါဝင်ခွင့်၊ ဆုံးဖြတ်ခွင့်များရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လွှတ်တော်ကော်မတီများ အနေဖြင့် စီမံကိန်းနှင့်ပတ်သက်ပြီး လိုအပ်သော သဘာဝပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းအပေါ် ထိခိုက်နိုင်မှုဆိုင်ရာ လေ့လာဆန်းစစ်မှု၊ ဘေးဖြစ်ပေါ်နိုင်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များကို လွတ်လပ်သော ပညာရှင်များကပါပြုလုပ်ခွင့်ရရှိရန် ဆုံးဖြတ်ညွှန်ကြားဆောင်ရွက်ရေးနှင့် တွေ့ရှိချက်များအား ပြည်သူလူထုထံ ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးဆောင်ရွက်ရေး၊ ဒေသခံများ၏ အဓိကစိုးရိမ်ပူပန်မှုမှာ ပိုက်လိုင်း ပေါက်ကွဲမည့်အရေး ဖြစ်နေသည့် အတွက် ပိုက်အရည်အသွေး၊ ပိုက်ဆက်နည်းပညာနှင့် အရည်အသွေးမီ- မမီ၊ မြေမြှုပ်စဉ် လုံလောက်သော အနက်ပေရှိ မရှိ၊ လျင်၊ တောင်ကျရေ စသော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်နိုင်ခြေများကို လွတ်လပ်သော ပညာရှင်များအဖွဲ့များက နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ယှဉ်လျက် လေ့လာဆန်းစစ်ခွင့်ပြုရေး၊ ပိုက်လိုင်းတည်ဆောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသော သစ်ပင်သစ်တောများအတွက် ပြန်လည်အစားထိုးပြုစုမှု အစီအစဉ်များ (Recovery Plan) ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော်ရန်နှင့် မြန်မာ့ကန်ပါကြ မြန်မာဥပဒေကိုလိုက်နာပြီး စနစ်တကျ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောသည်။



ပိုက်လိုင်းသွယ်တန်းနေမှု လုပ်ငန်းခွင်တစ်နေရာ။ ဓာတ်ပုံ-လွင်ကိုတိတ်

အလုံသင်္ဘောကျင်းကို သတ်မှတ်ရက်ထက် စောကာ ပြောင်းရွှေ့

ajrae&mi&Sr,fol\ vkyfefvkdyft:uft& ,ckvrSwifyD'*kyfdurf,rdU,fbk&&Dymifae

ရွှေကူသစ္စာ

အလုံသင်္ဘောကျင်းအား ဒဂုံဆိပ်ကမ်းမြို့နယ်သို့ ဧပြီလတွင် ပြောင်းရွှေ့ရန် သဘောတူညီထားသော်လည်း သင်္ဘောကျင်းနေရာကို ငှားရမ်းသူ၏ လုပ်ငန်းလိုအပ်ချက်အရ ယခုလအတွင်း စတင်ပြောင်းရွှေ့နေပြီဖြစ်သည်ဟု အလုံသင်္ဘောကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြတ်သူက မြန်မာတိုင်း(မဲ)ကို ပြောသည်။

"ဧပြီလ အပြီးသတ်ရွှေ့ပြောင်းနိုင်မယ်ဆိုပြီး နားလည်မှုယူထားရာကနေ ကွန်တိန်နာလွှင်ပြင် တိုးချဲ့ဖို့အတွက် အလျင်စလို ရွှေ့ပေးရတော့ သင်္ဘောပြင်ဆင်မှု မပြီးသေးတာတွေရှိနေသေးတော့ မပြီးသေးတဲ့ သင်္ဘောတွေပြင်ဆင်မှုအတွက် ပိုကုန်မယ့်စရိတ်တွေရှိတယ်။ ပုဂ္ဂလိက ငှားရမ်းလုပ်ကိုင်တဲ့ဘက်က အဲဒီနစ်နာမှုအတွက် ကျပ်သိန်း ၁,၅၀၀ လျော်ကြေးပေးပါတယ်"ဟု ၎င်းက ပြောသည်။

အလုံသင်္ဘောကျင်းအား ဒဂုံဆိပ်ကမ်းမြို့နယ်ထဲ ရွှေ့ပြောင်းရန် ပြင်ဆင်မှုတွင် လက်သမားများအတွက် အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုပြီးစီးသော်လည်း အချို့သော ပြင်ဆင်မှုများမှာ မပြီးစီးသေးဟု သိရသည်။

"လူစီးသင်္ဘောငါးစီးနဲ့ ကုန်တင်သင်္ဘောနှစ်စီးကို ဒီလ အပြီးသတ် ပြင်ဆင်ပေးမှာပါ။ လက်ခံထားထားတဲ့ သင်္ဘောဟောင်း ပြင်ဆင်မှု ၁၀ စီး အတွက် တခြားသင်္ဘောကျင်း၊ ဥပမာ- ဒဂပ၊ ခနောင်တိုပေါ့။ အဲဒီဘက်တွေမှာ သွားပြင်ပေးရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြောင်းရမယ့် ဒဂုံဆိပ်ကမ်းမြို့နယ်ထဲမှာလည်း သင်္ဘောဟောင်းပြင်ဆင်တည်ဆောက်ဖို့အတွက် အဆင်သင့်မဖြစ်သေးလို့ပါ။ ရွှေ့ပြောင်းနေတဲ့ ကြားကာလမှာတော့ တခြားသင်္ဘောကျင်းမှာပြင်ပေးရမှာပေါ့။ လောလော ဆယ်စက်ပစ္စည်းတွေအရင် သယ်ရွှေ့နေပါတယ်"ဟု ၎င်းက ပြောသည်။

ဒဂုံဆိပ်ကမ်းမြို့နယ်သို့ သိမ်ဖြူသင်္ဘောကျင်းပါ ပြောင်းရွှေ့ရန် စီစဉ်ထားသော်လည်း ယခုအခါ သိမ်ဖြူသင်္ဘောကျင်း ရွှေ့ပြောင်းရန် ခေတ္တဆိုင်းငံထားကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနအောက်ရှိ အလုံသင်္ဘောကျင်းနေရာအား မြန်မာ့စက်မှုဆိပ်ကမ်းဥက္ကဋ္ဌ ဦးကိုကိုထူးက ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်သည်။

အလုံသင်္ဘောကျင်းအား ၁၉၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ■

နိုင်ငံရေး ဂျာနယ်သစ် မိတ်ဆက်

နိုင်ငံရေးဆောင်းပါးများ၊ သတင်းကောက်နုတ်ချက်နှင့် ဝေဖန်ရေးဆောင်းပါးများ စောင်းပေးဖော်ပြထားတဲ့ 'နိုင်ငံရေး' ဂျာနယ်ကို ဇန်နဝါရီလ ၁၅ ရက်နေ့က စတင်ပြီး နှစ်ပတ်တစ်ကြိမ် ထုတ်ဝေမှာ ဖြစ်ပါတယ်။

ဂျာနယ်ကို စာရေးဆရာကောင်းသန့်က စီစဉ်ထုတ်ဝေပြီး ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညို၊ ချစ်ဦးညို၊ ဒေါက်တာမောင်သင်း၊ ချစ်နိုင် (စိတ်ပညာ)၊ ဆောင်းဝင်းလတ်၊ စံ-ဇာဏီဘို၊ မောင်သိန်းလွင်၊ ဟိန်းလတ်၊ မောင်ကိုနီ၊ ဘိုးလှိုင်၊ နွမ်ဂျာသိုင်း၊ ပုသိမ်အောင်သန်းဦး၊ တင်နိုင်တိုး၊ နွေသင်နိုင်၊ ခင်မောင်ဌေး (ပညာရေး)၊ ကျော်ထွဋ်ကျော်၊ အမရသီဟ၊ နေဘုန်းခန့်၊ ကောင်းသန့်နှင့် သဲအောင်တို့ရဲ့ နိုင်ငံရေးဆောင်းပါးများနဲ့ မောင်သွေးသစ်ရဲ့ကဗျာကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။

"ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို မျိုးချစ်စိတ်ရှိရှိနဲ့၊ စည်းကမ်းရှိရှိနဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကိုသွားဖို့လူအားလုံးကို အသိပညာပေးချင်တဲ့ဆန္ဒနဲ့ ဆောင်းပါးတွေကို စောင်းပေးမယ်၊ အတိတ်က ဒဏ်ရာတွေကိုပြန်ပြန်တူးဆွပေးပြီး လက်သီးလက်မောင်းတန်းတာမျိုးမဟုတ်ဘဲ တကယ့်ကို နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုးကို မျှော်ကိုးပြီး ရေးတဲ့ဆောင်းပါးမျိုးကို ဖော်ပြမယ့် ဂျာနယ်မျိုးဖြစ်ပါတယ်။ နိုင်ငံအတွက် အကျိုးပြုမယ်ထင်လို့ ဒီဂျာနယ်မျိုးကို ထုတ်ဝေတာဖြစ်ပါတယ်"လို့ ဂျာနယ်ကို စီစဉ်ထုတ်ဝေသူ စာရေးဆရာကောင်းသန့်က ပြောပါတယ်။

ဖွန်ပန်းပွင့်

နေပြည်တော် ရပ်ကွက်ကြီးများ၌ နေ့ခင်းချိန် ခိုးမှုများဖြစ်ပွား

နေပြည်တော်ကောင်စီနယ်မြေရှိ ရပ်ကွက်ကြီးများဖြစ်သည့် ပုဗ္ဗသီရီ မြို့နယ်၌ နေ့ခင်းချိန်များတွင်ပါ အုပ်စုလိုက် ခိုးမှုများ ဖြစ်ပွားနေသည်ဟု ရပ်ကွက်နေပြည်သူများက ပြောသည်။

"ကိုယ်က ခေါင်းရွက်စွေးသည်ဆိုတော့ ဒီကောင်လေးတွေ ဘယ်ကလဲဆိုတာ သိတယ်၊ တွေ့နေကျမျက်နှာတွေလေ။ နေ့လယ်ခင်းမှာကို တိုက်ကြီးတွေကို ကျော်ဝင်ပြီး ခိုးနေတာတွေ မြင်နေရတယ်"ဟု မြင့်မိုရ်နန်းမိုတယ်အနီးတစ်ပိုက်တွင် အသုပ်စုများ လှည့်လည်ရောင်းချနေသူ ဒေါ်ပုက ပြောသည်။

"တိုက်အမြင့်ကြီးဆောက်နေတဲ့ နေရာ အောက်ထပ်ကနေ ပြန်ရောင်းစားလို့ရတဲ့ သံချောင်းကို နှစ်ယောက်လောက်က စောင့်ကြည့်ပေးနေတယ်။ နှစ်ယောက်လောက်က ဝင်ဆွဲတယ်။ ကိုယ်ကမနေနိုင်လို့ အော်ပြောပေးတာတွေ ရှိတယ်။ ဒီအတွက်လည်း ကိုယ့်မှာ အန္တရာယ်ရှိလာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

အထက်ပါအခင်းများဖြစ်ပွားနေသည့် ရပ်ကွက်သည် ပျဉ်းမနားမြို့နှင့် တစ်ဆက်တည်းဖြစ်သော်လည်း ခြံကျယ်များနှင့် နေထိုင်သူများ၊ ကုမ္ပဏီလုပ်ငန်းများ၊ စားသောက်ဆိုင်များသာ ရှိနေသည်။

ပုဗ္ဗသီရီမြို့နယ်တွင်းရှိ နေပြည်တော်ဘူတာကြီးအနီး ရပ်ကွက်များအတွင်းတွင်လည်း ညချိန်များတွင်သာမက နေ့လယ်ချိန်ခါများတွင်ပါ ခိုးမှုများ မကြာခဏဖြစ်ပွားနေသည်ဟု ရပ်ကွက်နေသူများက ဆိုသည်။

"ပေါ်တင်ခိုးနေတာတွေကို မြင်နေရတယ်။ အိမ်တွေဆောက်ထားပြီး လူအချိန်ပြည့်မရှိတော့ လုပ်ချင်တိုင်း လုပ်နေတာတွေ မြင်နေရတယ်။ အိမ်တိုင်တွေက မူလီတွေဖြုတ်ခိုးတဲ့ အထိကိုရှိတယ်။ တကယ် အမြင်မတော်တာက မူလတန်းအရွယ် ကလေးတွေ တော်တော်များများ ပါနေပါတယ်"ဟု ဝဏ္ဏဒီပရပ်ကွက်နေသူတစ်ဦးက ပြောသည်။

အများစုတွင် ကျောင်းနေအရွယ် ရှစ်နှစ်၊ ကိုးနှစ်အရွယ်များနှင့် အသက် ၂၀ အရွယ် အုပ်စုတို့က မကြာခဏခိုးယူနေကြောင်း မျက်မြင်တွေ့သူတချို့က ဆိုသည်။

"ပျဉ်းမနားထဲက ၉ လမ်းမှာဆို ည ၉ နာရီနောက်ပိုင်း မသွားရဲတော့ဘူး။ ကိုယ်တိုင်လည်း ကြုံဖူးတယ်" ဟု လုယက်မှုများကျူးလွန်ခံရဘူးသူ တစ်ဦးက ပြောသည်။

"အိမ်က ရုံးဝန်ထမ်းတွေမို့ ညနေမှ လူစုံတယ်။ နေ့လယ်ခင်းကိုယ့်အိမ်ပေါ် လူတက်တယ်ဆိုတာ အိမ်နီးချင်းတွေက ပြောလို့ စစ်ကြည့်လိုက်တာ သံပုံးတွေ ကားသေတ္တာပုံးတွေ ပါသွားတယ်"ဟု မြင့်မိုရ်နန်းမိုတယ်အနီး နေထိုင်သူတစ်ဦးက ပြောသည်။

စုလှိုင်ထွန်း

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကိုစွဲ နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ ခေတ္တရပ်ဆိုင်း

ဘီလ်ဒိုတူးလ်

ထိုင်းနိုင်ငံနှင့် ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ရေးဆိုင်ရာ ဥပဒေမူကြမ်းသစ် ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများသည် ယခုအချိန်အထိ ရလဒ်တစ်စုံတစ်ရာမရှိသေးကြောင်းဖြင့် အလုပ်သမားရေးရာဌာနမှ အရာရှိတစ်ဦးက ပြီးခဲ့သည့်သီတင်းပတ်က အတည်ပြုပြောကြားခဲ့သည်။

၂၀၁၂ခုနှစ်၊ဒီဇင်ဘာလ ၁၄ရက်တွင် ကုန်ဆုံးသော ၂၀၁၀ပြည့်နှစ်က အတည်ပြုခဲ့သည့် ဥပဒေမူကြမ်းအရ စာရွက်စာတမ်း လက်ကိုင်မရှိသော လုပ်သားများသည် နိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ကိုင်ခွင့် ပါမစ်များကို ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ စိစစ်ထုတ်ပေးရေးဌာနခြောက်ခုတွင် နိုင်ငံကူးလက်မှတ်၊ သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့် ပါမစ်များ လျှောက်ထားနိုင်ပေသည်။

ယင်းလျှောက်ထားရေးလမ်းစဉ်များတွင် ပွဲစားနှင့် အခြားကိုယ်စားလှယ်များ ပါရှိသည့်အပြင် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးစောင့်ကြည့်မှုကွန်ရက်များက လက်တွေ့တွင် တရားမဝင် ငွေတောင်းခံမှုများပါရှိသည်ဟု ပြောကြားသော်ငြားလည်း အစိုးရက အဆိုပါလုပ်ငန်းစဉ်များမှာ စာရွက်စာတမ်းမရှိသည့် တရားမဝင်လုပ်သားများအဖြစ် ၎င်းတို့နိုင်ငံသားများ နိုင်ငံရပ်ခြားတွင် အလုပ်ပင်ပန်းစွာ လုပ်ကိုင်ကြရခြင်းထက် ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ရပ်အဖြစ် ယုံကြည်ပြီး ထောက်ခံအားပေးခဲ့သည်။

"မြန်မာအစိုးရကတော့ လုပ်သားတစ်ဦးစီတိုင်းကို ဥပဒေနဲ့အညီ ဖြစ်စေချင်ပါတယ်"ဟု ဘန်ကောက်မြို့ မဟီဒေါလ်တက္ကသိုလ်၏ လူဦးရေနှင့်လူမှုရေးသုတေသနဌာနမှ ရွှေ့ပြောင်းအလုပ်သမားရေးရာ ကျွမ်းကျင်သူနှင့် နေပြည်တော်၌ အချိန်မှန် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူထားသူ အန်ဒီဟောလ်က ပြောကြားသည်။

ဂုင်းက "ဒီစည်းမျဉ်းဥပဒေက အလုပ်သမားများ ခေါင်းပုံဖြတ်ခံရမှုအန္တရာယ်ကို လျော့ပါးစေပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံမှ လုပ်သားတစ်သန်းကျော်သည် အဆိုပါ မှတ်ပုံတင်ရေးအစီအစဉ်တွင် မှတ်ပုံတင်ခဲ့ကြကြောင်း သိရသော်လည်း ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်မူ ထိုင်းအစိုးရသည် မှတ်ပုံတင်ပေးသည့် စင်တာအားလုံးကို ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး ကျန်ရှိသော စာရွက်စာတမ်းမဲ့လုပ်သားများ မိမိဌာနေတိုင်းနိုင်ငံသို့ ပြန်လျှင်ပြန်၊ မပြန်လျှင် အကျဉ်းချထားခြင်း၊ သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ယခုတိုင် အစုလိုက်အပြုံလိုက်ဖမ်းဆီးခြင်း၊ သို့မဟုတ် အနေးယူခြင်းများမရှိသေးသော်ငြားလည်း မှတ်ပုံတင်စင်တာများအား ပိတ်ပစ်ရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် မြန်မာလုပ်သားများနှင့် ၎င်းတို့ပေးပို့သောငွေနှင့် အသက်ရှင်ကြရသော မိခင်နိုင်ငံရှိ ၎င်းတို့မိသားစုများ၏ ဘဝရပ်တည်ရေးကို ခြိမ်းခြောက်မှုအဖြစ် အထင်အရှား ရှုမြင်ခဲ့ကြသည်။

အလုပ်သမားရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ၎င်းတို့ဌာန၏ ကိုယ်စားလှယ်များ ဘန်ကောက်သို့ နိုဝင်ဘာ ၂၆ ရက်နေ့မှစတင်၍ ၁၂ ကြိမ်တိုင် သွားရောက်ခဲ့ကြပြီး မှတ်ပုံတင်စင်တာများ အလုပ်ရပ်နားလိုက်သည့် ရက်စွဲကို တိုးမြှင့်ပေးရန်၊ သို့မဟုတ် မှတ်ပုံတင်ရေးအစီအစဉ်သစ်တစ်ရပ် ဖော်ဆောင်ပေးရန် ဆွေးနွေးမှုအတွက် ဆောင်ရွက်ခဲ့ကြသော်လည်း ထိုင်းနိုင်ငံက အလျှော့ပေးရန် ငြင်းဆန်ခဲ့သည်။

ဂုင်းက "သူတို့ စာရွက်စာတမ်းလုပ်ဆောင်ပေးတဲ့စင်တာတွေကို ပိတ်ပစ်ချင်ကြတာ ဖြစ်ပါတယ်။ မြန်မာဘက်ကတော့ ဒီစင်တာတွေကို ဆက်ဖွင့်ထားစေချင်ပါတယ်"ဟု ဇန်နဝါရီလ ၅ ရက်နေ့



မြန်မာရွှေ့ပြောင်းလုပ်သားတစ်ဦးအား ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းစက်ရုံတစ်ရုံ၌ အလုပ်လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

က ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ် ယင်လတ်ရှင်နာဝပ်မကြာမီက ထားဝယ်သို့ အလည်အပတ် ရောက်ရှိစဉ် ၎င်းနှင့် မြန်မာသမ္မတ ဦးသိန်းစိန်တို့သည် မှတ်ပုံတင်စင်တာများအား ရပ်ဆိုင်းပစ်ခြင်းကို သက်တမ်းသုံးလ တိုးမြှင့်ပေးရန် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် သဘောတူညီခဲ့ကြကြောင်း သတင်းစာများတွင် အကျယ်တဝင့် ဖော်ပြခဲ့သော်ငြားလည်း သဘောတူညီခဲ့စဉ်ကာလမှစတင်၍ ထိုင်းအစိုးရဘက်မှ ယင်းမှာ ဆွေးနွေးခဲ့သည့်အဆင့်တွင် သာရှိပြီး တရားဝင် သဘောတူညီမှုပြုခဲ့ခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

ရာသီအလိုက် အလုပ်သွားရောက်လုပ်ကိုင်ကြသူများအတွက် နှစ်လသက်တမ်းရှိသည့် ပြည်ဝင်ခွင့်ဗီဇာများထုတ်ပေးမည်ဟူသော အပြန်အလှန် အဆိုပြုမှုအများအပြားကို ဆွေးနွေးခဲ့သော်ငြားလည်း ၎င်းတို့အနက် တစ်စုံတစ်ခုကိုမျှ လက်တွေ့အကောင်အထည်ဖော်ရန် နီးစပ်ခြင်းမရှိကြောင်း ဦးမျိုးအောင်က ပြောကြားသည်။

ဆွေးနွေးပွဲ၏ အဆင့်သတ်မှတ်ချက်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံ အလုပ်ခန့်ထားရေးဌာန၏ ကိုယ်စားလှယ်များက မှတ်ချက်တစ်စုံတစ်ရာပေးရန် ငြင်းဆန်ခဲ့ပြီး ယင်းဆွေးနွေးချက်များသည် ဆက်လက် ဆောင်ရွက်ဆဲအဆင့်တွင်သာရှိကြောင်း ပြောကြားလိုက်သည်။

"တိုင်းတစ်ပါး၌ နေထိုင်ခွင့်ဥပဒေနဲ့ ပတ်သက်လို့ မရေမရာ ရှုပ်ထွေးပွေလီမှုများလေ ရွှေ့ပြောင်းလုပ်သားများဘက်မှ တရားမဝင်ကောက်ခံတဲ့ ငွေကြေး အခွန်အတုတ်များ ပိုမိုပေးရဖွယ်ရှိလေဖြစ်ကြောင်း"ဟု အန်ဒီဟောလ်က ပြောကြားသည်။

အဆိုပါအခွန်အခများတွင် ထိုင်းနိုင်ငံမှ လူဝင်မှုကြီးကြပ်ရေးရဲများအား အကာအကွယ်ပေးခ ပေးရခြင်းများ ပါဝင်ပြီး အဆိုပါအခွန်အခများ ပေးရခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများအား ကြွေးမြီလည်မျိုအထိ ရောက်စေခဲ့သည်။

မဲဆောက်အခြေစိုက် ရွှေ့ပြောင်းလုပ်သားများ အခွင့်အရေးအတွက် ဆောင်ရွက်နေသော MAP ဖောင်ဒေးရှင်းမှ မစ္စတာဟောလ်နှင့် ဂျက်ပိုလတ်တို့၏ အဆိုအရမူ ရွှေ့ပြောင်းလုပ်သားအများအပြားတို့ ဥပဒေပြင်ဆင်ပြောင်းလဲမှုများကို မသိကြသောကြောင့် ထိုင်းနိုင်ငံသား ပွဲစားများအား မှတ်ပုံတင်စာရွက်စာတမ်းများ ရရှိရေးအတွက် အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ယင်းအထက် ကြေးငွေများ ပေးနေကြရခြင်းမှာ ပိုမို၍ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းကြောင်း သိရှိရသည်။

"ပွဲစားတွေက လူတွေကို ၎င်းတို့နေထိုင်ခွင့် စာရွက်စာတမ်းတွေ ရယူပေးနိုင်ကြောင်း ပြောကြားကြသော်လည်း ၎င်းတို့ရရှိသော စာရွက်စာတမ်းများမှာ အတုအယောင်များသာဖြစ်ပါသည်"ဟု မစ္စတာဟောလ်က ပြောကြားသည်။

ဦးမျိုးအောင်ကမူ ၎င်း၏ရုံးက ထိုင်းနိုင်ငံရှိ အလုပ်အကိုင်ဌာနနှင့် ဖေဖော်ဝါရီလ ပထမပတ်တွင် တွေ့ဆုံဆွေးနွေးရန် အချိန်ဇယားရေးဆွဲထားကြောင်း ပြောကြားလိုက်သည်။ သို့သော် စိတ်အားတက်ကြွဖွယ် အခြေအနေ တစ်စုံတစ်ခုကို ဖွင့်ဟပြောကြားခဲ့ခြင်းမရှိပေ။

ခင်အောင် ဘာသာပြန်သည်။



နေပြည်တော်၌ ‘ရှိုင်း’ လျှော်ဖွပ်သန့်စင်ရေး လုပ်ငန်း စတင်လည်ပတ်

နေပြည်တော်၌
အကြီးစား လျှော်ဖွပ်သန့်စင်ရေး လုပ်ငန်းတစ်ခုကို Shine Laundry ၏ စီမံခန့်ခွဲမှုဖြင့် OHANA ကုမ္ပဏီက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ်လိုက်သည်။

နိုင်ငံတော်အဆင့် သံတမန်အိမ်ရာများ အပါအဝင် ဟိုတယ်ကြီးများနှင့် နိုင်ငံတကာ အားကစားပွဲများ ကျင်းပမည်ဖြစ်သည့်အတွက် လျှော်ဖွပ်သန့်စင်ရေးဆိုင်ရာများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရသည်။

“လျှော်ဖွပ်ရန် ခက်ခဲတဲ့ အဝတ်တွေ၊ ကုမ္ပဏီကြီးတွေ၊ သံတမန်တွေ၊ ဆီးဂိမ်းတွေအတွက် လိုလာမယ်ထင်လို့ ဖွင့်ဖြစ်တာပါ။ ဝန်ဆောင်မှုလုပ်ငန်းဖြစ်လို့ အရည်အသွေးနဲ့ ဝန်ဆောင်မှုတွေနဲ့ ထိန်းသွားမှာပါ”ဟု Shine Profess-ional Dry Cleaning & Laundry Service ၏ အထွေထွေမန်နေဂျာဖြစ်သူ ဒေါ်ဆွေဆွေနိုင်က ပြောသည်။

ရန်ကုန်မြို့၌ လျှော်ဖွပ်သန့်စင်သည့် စက်ရုံကြီးထားရှိကာ ဆိုင်ခွဲ ၁၄ ခုဖြင့် ဖွင့်လှစ်လုပ်ကိုင်နေသည့် Shine လျှော်ဖွပ်သန့်စင်ရေးလုပ်ငန်းက နေပြည်တော်၌ စက်ရုံတစ်ခုနှင့် ဆိုင်ခွဲသုံးခုဖွင့်လှစ်ကာ ဝန်ဆောင်မှုများကို ဆောင်ရွက်မည်ဖြစ်သည်။

“အပ်ထည်တွေကို ပုံမှန် သုံးရက်နဲ့ လျှော်ပေးပါတယ်။ အရေးကြီး လိုအပ်တာတွေကိုလည်း အခြောက်လျှော်တာတွေတင်မကဘဲ လိုအပ်သလို ဆောင်ရွက်ပေးမှာပါ”ဟု ၎င်းကပြောသည်။

စုလှိုင်ထွန်း

လာမည့်ကြံစိုက်ရာသီအတွက် ပျဉ်းမနားနှင့် လယ်ဝေးရှိ ကြံစိုက်ကော ၆,၅၀၀ ကို စိုက်စရိတ် ထုတ်ချေးမည်

စုလှိုင်ထွန်း

နေပြည်တော် ပျဉ်းမနားနှင့် လယ်ဝေးရှိ ကြံစိုက်တောင်သူများအတွက် စိုက်ကော ၆၅၀၀ ခန့်ကို စိုက်စရိတ်ထုတ်ချေးပေးမည်ဟု အမှတ်(၂)သကြားစက်ပျဉ်းမနား စက်ရုံ၏ စက်ရုံမှူးက ဒီဇင်ဘာလ ၇ ရက်နေ့က မြန်မာတိုင်း(မ်)ကို ပြောသည်။

၂၀၁၃-၁၄ ကြံစိုက်ရာသီအတွက် ပထမအရစ် စိုက်စရိတ်ကို ပြီးခဲ့သည့် နိုဝင်ဘာလက ကော ၃၅၀ ကျော်အတွက် ချေးငွေကျပ် ၆၀၁ သိန်း ထုတ်ပေးပြီးဖြစ်သည်။

“စိုက်စရိတ်တွေကို ကုမ္ပဏီကလည်း ထုတ်ပေးတယ်။ တောင်သူတွေအနေနဲ့ အထွက်နှုန်းတိုးအောင် ကိုယ့်စိုက်ခင်းတွေကို ပစ်မထားဘဲ ဂရုစိုက်စေချင်တယ်။ ပေးတဲ့ဈေးမှာဆို အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်မယ်ဆိုပိုရပါတယ်”ဟု စက်ရုံမှူး ဦးခင်မောင်အေးက ပြောသည်။

ယုဇနစိုက်ပျိုးရေးကုမ္ပဏီက ဘီအိုတီ စနစ်နှင့် ပြောင်းလဲယူခဲ့သည့် အဆိုပါ သကြားစက်သည် စိုက်ကောတစ်ကော လျှင် ကျပ် ၂၆၈,၀၀၀ ဖြင့် ကြိုတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။ ထိုထဲတွင် မြေပြင်စရိတ်၊ မျိုးစေ့ခ၊ ဓါတ်မြေဩဇာခနှင့် မိုးကျလုပ်သားခများပါဝင်သည်။

“ခုဆို တစ်နှစ်ထက်တစ်နှစ် စိုက်ကော တွေလည်းတိုးလာပြီး တန်ခိုန်တွေလည်း တော်တော်များများ တိုးလာပါတယ်”ဟု ဦးခင်မောင်အေးက ပြောသည်။

၂၀၁၂-၂၀၁၃ ခုနှစ်က ကြံစိုက်ကော ၄,၀၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ကော ၅၅၀၀ ခန့်စိုက်ပျိုးမည့်အနေအထားကို တွေ့ရှိရသည်။ ယုဇနစိုက်ပျိုးရေးကုမ္ပဏီက စိုက်ကော ၁၀,၀၀၀ခန့်ထိ ချေးငွေထုတ်ပေးရန်စီမံထားကြောင်း စိုက်ပျိုးရေးတာဝန်ခံက ပြောသည်။

ယခုနှစ်တွင်လည်း ကြံတစ်တန်ကို ကျပ် ၃၀,၀၀၀ အသားတင်နှင့် သယ်ယူစရိတ်၊ လုပ်သားခတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

“ကိုယ်တွေက အဲဒီလောက်ထိ ထုတ်ချေးချင်တယ်။ ဒါပေမယ့် တောင်သူတွေက မလိုက်နိုင်ကြသေးဘူး။ မတ်ပဲစိုက်ရင် ကောင်းမလားဆိုတာတွေ ရှိသေးတယ်။ စက်ရုံလည်း တစ်နှစ်ကို လေးလလောက် လည်နိုင်တဲ့အထိ ဖြစ်စေချင်တယ် မှန်းထားတယ်။ တကယ်စိုက်ရင် ကိုက်တယ်ဆိုတာသိလို့ ကောတိုးစိုက်တဲ့ တောင်သူတွေရှိပါတယ်”ဟု စိုက်ပျိုးရေးတာဝန်ခံ ကိုသန်းဇော်က ပြောသည်။

လက်ရှိအချိန်ထိ စိုက်ချေးငွေထုတ်ပေးပြီး တောင်သူ ၂၀၄ ဦးနှင့် စိုက်ကော ၃၅၆ ဒသမ ၅ ကော ဖြစ်ကြောင်း သိရသည်။



အမှတ်(၂)သကြားစက်တွင် ကြံကားများနှင့် ကြံများ လာရောက်ရောင်းချနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-စုလှိုင်ထွန်း

ကြံစိုက်တောင်သူများတွင် စိုက်ကော များသည့် တောင်သူကြီးများသည်သာ ကြွေးကျန်မရှိနှင့် ဧကနည်းသည့် တောင်သူများသည် စိုက်ခင်းဂရုပြုမှု နည်းခြင်း၊ အခြေခံပြည့်စုံမှုမရှိခြင်းများကြောင့် အမြတ်ငွေပိုရရှိမှုနည်းနေသည်ကို တွေ့ရသည်။ ■

တရားမဝင်အစားအစာများကြောင့် ကလေးငယ်များ၏ ကျန်းမာရေး စိုးရိမ်ရ

ဌေးရည်စောမြင့်

နယ်စပ်ဒေသများမှ တရားမဝင် တင်သွင်းလာသည့် အစားအသောက်များကြောင့် အထူးသဖြင့် နယ်စပ်ဒေသမှ ကလေးငယ်များ၏ ကျန်းမာရေး အန္တရာယ် စိုးရိမ်ရလျက်ရှိသည်ဟု အဆိုပါဒေသများမှ တာဝန်ရှိသူများက ပြောသည်။

လက်ရှိအနေအထားအရ ၎င်းကို ကာကွယ်တားဆီးနိုင်ရန် စားသုံးသူ ကာကွယ်ပေးရေးဥပဒေကို ရေးဆွဲလျက်ရှိရာ မူကြမ်းရေးဆွဲပြီးဖြစ်သဖြင့် အတည်ပြုနိုင်ရန် ရှေ့နေချုပ်ရုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင်းသို့ နယ်စပ်ဒေသများမှ အလွယ်တကူရရှိနိုင်သည့် အစားအသောက်များကို လူအများ ပိုမိုစားသောက်သည်ကိုတွေ့ရပြီး ကချင်ပြည်နယ် နယ်စပ်ဒေသတွင် နေထိုင်ကြသည့် ကလေးငယ်များသည် ထိုအစားအသောက်များကြောင့် အသည်းရောဂါများ ဖြစ်ပွားလာနိုင်ခြေရှိသည်ကို တွေ့ရသည်ဟု ကချင်ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက မြန်မာတိုင်း(မ်)ကို ဒီဇင်ဘာလ ၂၇ ရက်နေ့က ပြောသည်။

“ကျွန်မတို့ဒေသမှာရှိတဲ့ ကလေးငယ်တွေဟာ ဒေသထွက်ပစ္စည်းတွေနဲ့ လုံလောက်နေကြပေမယ့် တရုတ်ပြည်ကဝင်လာတဲ့ အသင့်စား အစားအသောက်တွေကိုပဲ စားနေကြတယ်။ စာသင်ကျောင်းတွေမှာလည်း ဒီပစ္စည်းတွေပဲ ရောင်းနေကြတော့ ကလေးတွေအတွက် ပိုအန္တရာယ်ရှိပါတယ်”ဟု ဒေါ်ဒွဲဘူက ပြောသည်။

ခေတ်စနစ်များ ပြောင်းလာသည်နှင့်အမျှ လူများသည် နေ့စဉ် အသင့်စား ပစ္စည်းများအပေါ် တွင် မှီခိုနေကြပြီး နေ့စဉ်မဟုတ်တောင် အနည်းနှင့်အများ ဆိုသလို စားသုံးဖြစ်နေကြသည့် အသင့်စား အစာများ၊ အချိုရည်များနှင့် ကော်ဖီများတွင် တစ်နည်းမဟုတ်တစ်နည်းဖြင့် ပါဝင်နေသည့် ဆီ၊ တာရှည်ခံဆေးဝါးများ၊ ကာဗွန်များ၊ အရောင်လှစေရန် ထည့်ထားသော ဆေးများနှင့် အနံ့အရသာအတုများ ပါဝင်နေသည်ကို တွေ့ရသည်။

“ဒီလိုအစားအသောက်တွေ ကျောင်းမုန့်ဈေးတန်းမှာ ရောင်းချနေတာကြောင့် ကလေးငယ်တွေက မက်မက်မောမော စားသုံးနေတာတွေ့နေရတော့၊ ပြီးတော့ နယ်စပ်ကနေဝင်လာတဲ့ပစ္စည်းတွေက ပါဝင်ပစ္စည်း အမျိုးအစားတွေကို မသိနိုင်တာမို့ စားသုံးနေရတဲ့သူတွေမှာ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိတာတွေကို ခံစားနေရတယ်”ဟု စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူငယ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဂေဟဟိတအဖွဲ့မှ အဖွဲ့ဝင် မခင်ပပမျိုးက ပြောသည်။

“အခုလိုမျိုး တရားမဝင် ဝင်ရောက်လာတဲ့အစားအသောက်တွေက နယ်စပ်ဒေသတွေမှာသာမကဘူး၊ မြို့ကြီးတွေရဲ့ ဈေးကွက်တွေထဲမှာပါ ကျယ်ကျယ်ပြန့်ပြန့် တွေ့နေရပါတယ်”ဟု ၎င်းက ပြောကြားသည်။

လက်ရှိအခြေအနေတွင် အစိုးရက တရားမဝင်တင်သွင်းလာသည့် အစားအသောက်များကို ကာကွယ်တားဆီးရန် နှင့် ပြည်တွင်း၌ အစားအသောက် ထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီများကို မှန်မှန်ကန်ကန် ထုတ်လုပ်ရောင်းချစေရန် ဥပဒေဖြင့်ထိန်းသိမ်းရန် လိုအပ်ပြီး စားသုံးသူ ကာကွယ်ပေးရေးအတွက် လှုပ်ရှားနေသောသူများလည်း နည်းပါးလျက်ရှိနေသေးသည်ဟု ဒေါ်ဒွဲဘူက ပြောသည်။

၎င်းသည် ၂၀၁၁ ခုနှစ်အတွင်းက လွတ်တော်ကော်မတီ အစည်းအဝေး၌ စားသုံးသူကာကွယ်ရေးဥပဒေ လိုအပ်ကြောင်းကို စာတမ်းပြုစု တင်ပြခဲ့သူ

စံချိန်မမီတဲ့ ကုန်ပစ္စည်းတွေကြောင့် ကျန်းမာရေး ထိခိုက်နိုင်တာကြောင့် စားသုံးသူတွေအတွက် လိုအပ်တဲ့...

သူ ကာကွယ်ရေးဆိုင်ရာ အာဆီယံ ညှိနှိုင်းကော်မတီကို တရားဝင်ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံသည်လည်း အဆိုပါအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။

အာဆီယံနိုင်ငံများ၌ အဓိကစားသုံးသူ ကာကွယ်ရေးဥပဒေမရှိသော နိုင်ငံများမှာ စားသုံးသူဥပဒေများဖြစ်သည့် အစားအသောက်ဥပဒေ၊ ကုန်သွယ်မှုအမည်နှင့် အမှတ်အသားဆိုင်ရာဥပဒေတို့ကို အသီသီး ပြဋ္ဌာန်းထားရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးရာဝန်ကြီးဌာနမှ ပြည်တွင်းစားသုံးသူ အကာကွယ်ပေးရေးအဖွဲ့ဖြင့် ဌာနအသစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က ပြောသည်။

“နယ်စပ်ကုန်သွယ်ရေးဌာနက နယ်စပ်ကနေ ဝင်လာတဲ့ လူသုံးကုန်ပစ္စည်းတွေကို အန္တရာယ်ကင်းတဲ့ပစ္စည်းတွေဖြစ်အောင်၊ အရည်အသွေးမှန်အောင်၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုတွေ လုပ်လို့ရအောင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲဌာနနဲ့ ပူးပေါင်းမှုသာမက ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ဦးစီးဌာနအသစ်ရဲ့ ဖွဲ့စည်းပုံ ပြင်ဆင်မှုတွေမှာ ပါဝင်ပါတယ်”ဟု နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

တစ်ကွက်ကာတွန်း



ပညာရေးကွန်ရက်ပွဲမှ ရန်ပုံငွေ ကျပ်သိန်း ၃,၀၀၀ ကျော်ရရှိ

ယွန်းနှင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီဇင်ဘာလ ၂၇နှင့် ၂၈ရက်နေ့များတွင်ကျင်းပခဲ့သည့် ပညာရေးကွန်ရက် နှစ်နှစ်ပြည့် ရန်ပုံငွေပွဲမှရရှိသော ကျပ်သိန်း ၃,၀၀၀ ကျော်ကို ပညာရေးအရ လိုအပ်သော ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ဇန်နဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စာရင်းရှင်းတမ်းအရ ရရှိငွေများ ကျပ်သိန်း ၅,၀၀၀ ကျော်ရှိပြီး ကုန်ကျစရိတ်စုစုပေါင်းမှာ ကျပ်သိန်း ၂,၀၀၀ ကျော်ဖြစ်သည့်အတွက် စာရင်း လက်ကျန် ကျပ်သိန်း ၃,၀၀၀ ကျော် ရရှိကြောင်း ပညာရေးကွန်ရက် ညှိနှိုင်းရေးတာဝန်ခံ ဦးဖြိုးမင်းသိန်းက ဇန်နဝါရီလ ၆ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရန်ပုံငွေအတွက် အလှူရှင်များက အဆိုပါနေ့အထိ ဆက်လက်လှူဒါန်းမှုများရှိနေသည်ဟု သိရသည်။

ရရှိသောအလှူငွေများအား ၂၀၁၃ ခုနှစ်တွင် ထပ်မံချိတ်ဆက်လာသော ကျောင်းများအပြင် ကွန်ရက်အတွင်းရှိ ကျောင်းပေါင်း ၁၀၀ ကျော်သို့လည်း လှူဒါန်းသွားမည်ဖြစ်သည်။

၂၀၁၂- ၂၀၁၃ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား သင်ကြားရေးထောက်ပံ့မှုများကိုလည်း ပညာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ရွှေပြောင်းမြန်မာများအတွက်လည်း သုံးစွဲသွားရန် လျာထားသည်ဟု သိရသည်။

နယ်ခြားဒေသ၌ရှိသည့် ကျောင်းများ၏ အခက်အခဲများအား သိရှိနိုင်ရန် အတွက် ဒေါက်တာစင်သီယာမောင်နှင့် ပူးပေါင်း ဆောင်ရွက်ကာ အခက်အခဲရှိသော ကျောင်းများအား စနစ်တကျ လှူဒါန်းသွားမည်ဖြစ်သည်။

"ရွှေပြောင်းဒေသအတွက် အကြမ်းဖျင်းက ကျပ်သိန်း ၅၀၀ လျာထားပါတယ်။ ဒေါက်တာစင်သီယာမောင်နဲ့ ဆွေးနွေးပါတယ်။ နယ်စပ်ဒေသတွေမှာ ကျောင်း ၇၀ လောက်မှာ ခုနစ်ကျောင်းလောက်က အခက်အခဲရှိနေပါတယ်။ ကလေးတွေ အခက်အခဲရှိနေပါတယ်။ ကျောင်းခြောက်ကျောင်း ဆရာ၊ ဆရာမ ၄၀ ကျော် ရှိပါတယ်။

"လတ်တလော လိုနေတဲ့ကျောင်းတွေကို လှူပါမယ်။ မိဘမဲ့ကလေး ၃၀ မှာ စားရေးသောက်ရေး အခက်အခဲရှိတယ်။ ရည်မှန်းထားတဲ့ ကျပ်သိန်း ၅၀၀ ထဲမှာ မဲဆောက်ဒေသ ကျောင်းတွေကို ကျပ်သိန်း ၁၀၀ လောက် လှူဖို့ ရည်မှန်းထားပါတယ်" ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာသိန်းလွင်က ပြောသည်။

ထို့ပြင် ရှမ်းပြည်နယ်ရှိနယ်စပ်ဒေသမှ ကျောင်းများကို လှူဒါန်းနိုင်ရန် ဆက်သွယ်နေဆဲဖြစ်ကာ ကချင်နှင့် ရခိုင်ပြည်နယ်ဒေသများအပြင် ထိုင်းနိုင်ငံမဲဆောက်ဒေသများသို့ပါ လှူဒါန်းသွားမည်ဟု ၎င်းက ပြောသည်။

ထူးချွန်ထက်မြက်ကာ ပညာသင်ကြားရန် အခက်အခဲရှိသော ကလေးများကိုမူ တစ်နှစ်လျှင် အယောက် ၄၀ ခန့် ရွေးချယ်ပြီး ပညာသင်ကြေး ထောက်ပံ့ပေးမည်ဖြစ်သည်။

"စာသင်နှစ်တစ်နှစ်ကို ကျောင်းသားအယောက် ၄၀ လောက်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်။ ရွေးချယ်တဲ့အခါ ကလေးတွေ သင်ကြားတဲ့ဘာသာရပ်၊ အကျိုးပြုနိုင်တဲ့ဘာသာရပ်၊ ကြိုးစားတဲ့ ကလေး၊ ငွေကြေးအခက်အခဲရှိတဲ့ ကလေး၊ စိစစ်ရေးကော်မတီဖွဲ့ပြီး ရွေးချယ်မှာပါ။ နောက်ထပ်လည်း သူတို့အောင်မြင်မှုအပေါ်ကိုမူတည်တယ်" ဟု ဒေါက်တာသိန်းလွင်က ပြောသည်။

အဆိုပါရန်ပုံငွေပွဲတွင် အမှတ်တရ ပစ္စည်းနှစ်မျိုးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထိုးထားသည့် သိုးမွေးအင်္ကျီနှစ်ထည်အား လေလံတင်ရောင်းချမှုကပင် ကျပ် ၁,၀၄၅ သိန်းရရှိခဲ့ကြောင်း သိရသည်။ ■



အမှတ်တရ သိုးမွေးအင်္ကျီအား လေလံတင်ရောင်းချနေစဉ်။ဓာတ်ပုံ-အေအက်ဖ်ပီ

ပထမအကြိမ် နိုင်ငံလုံး အင်န်အယ်လ်ဒီညီလာခံ ဖေဖော်ဝါရီ၌ ကျင်းပမည်

ကျော်ဆုမွန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အင်န်အယ်လ်ဒီ)၏ ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံကြီးကို လာမည့်ဖေဖော်ဝါရီလ ပထမပတ်အတွင်း ကျင်းပနိုင်ရန် ပြင်ဆင်လျာထားကြောင်း အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဉာဏ်ဝင်းက မြန်မာတိုင်း(မ)ကို ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြောသည်။

အဖွဲ့ချုပ်ပြန်လည်မှတ်ပုံတင်ပြီးသည့် ၂၀၁၁ ခုနှစ်၊ နှစ်ကုန်ပိုင်းက စတင်ပါက ၁၃ လခန့်ရှိနေပြီဖြစ်ရာ အဖွဲ့ချုပ်၏ ပထမဆုံးအကြိမ် အထွေထွေညီလာခံကြီးကို နိုင်ငံလုံးဆိုင်ရာအဆင့် ကျင်းပနိုင်ရန် ၂၀၁၂ ခုနှစ် နှစ်မကုန်မီကပင် အောက်ခြေအဆင့်မှ စတင်ပြီး အဆင့်ဆင့် ညီလာခံကော်မရှင်များဖွဲ့ကာ ပြင်ဆင်ခဲ့သည်။

"အခု မြို့နယ်ညီလာခံတွေ စပြီး ကျင်းပနေပါပြီ။ မြို့နယ်ညီလာခံထဲမှာ ကချင်ပြည်နယ်ထဲကလွဲရင် ကျန်တဲ့ မြို့နယ်တွေမှာ လုပ်ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

"မြို့နယ်ပြီးတာနဲ့ ကျန်တဲ့ တိုင်းနဲ့ခရိုင်တွေ ဆက်လုပ်ပါမယ်။ ပြီးမှ နိုင်ငံလုံးဆိုင်ရာ ညီလာခံလုပ်မှာပါ" ဟုလည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည် သူ့လွှတ် တော် ကို ယ် စား လှ ယ် ဦးအုန်းကြိုင်က ပြောသည်။

မြို့နယ်အဆင့်တွင် လူဦးရေများပြားခြင်းနှင့် ကျင်းပရမည့်မြို့နယ် များပြားလှသောကြောင့် ညီလာခံလုပ်ရမည့် အရေအတွက်သည် အများဆုံးဖြစ်ကာ အချိန်ပိုယူနေရခြင်းဖြစ်ကြောင်း၊ ခရိုင်နှင့် တိုင်းဒေသကြီးအဆင့်မှာမူ ထိုပမာဏာလောက် မရှိသောကြောင့် မြန်ဆန်စွာ ပြီးစီးနိုင်မည်ဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ပြောသည်။

နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံ ကျင်းပရန် စတင်ဆောင်ရွက်စဉ်က မြို့နယ်ညီလာခံများ ပြုလုပ်ရန် မြို့နယ်ကော်မရှင်များအား ဦးစွာရွေးချယ်ရန် စီစဉ်ခဲ့သည်။

ထိုသို့စီစဉ်ခဲ့စဉ်က ပါတီအတွင်း အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ကာ ရောဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပဋိပက္ခအချို့ ဖြစ်ပေါ်ခဲ့သည်။ ထိုပဋိပက္ခအချို့အနက် ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ပါတီဝင်ဟောင်းအချို့ နုတ်ထွက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် စတင်ဖွဲ့စည်းခဲ့သော ၁၉၈၈ ခုနှစ် ခန့်မှ စတင်ပြီး ယခုအချိန်အထိ တစ်ကြိမ်တစ်ခါမျှ အထွေထွေညီလာခံ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိသောကြောင့် ညီလာခံပြုလုပ်ရာတွင် အမှားအယွင်းများ ရှိကောင်းရှိနိုင်မည်ဖြစ်ကြောင်းလည်း ပါတီခေါင်းဆောင်အချို့က ယမန်နှစ်ကုန်ပိုင်းက ပြောကြားခဲ့ဖူးသည်။

"အင်န်အယ်လ်ဒီကလည်း ပွင့်လင်းလာတယ်ဆိုတော့ ပါတီဝင်တွေကြားမှာ အသံတွေ ထွက်လာခဲ့တယ်။ လုပ်နိုင်သလောက် အင်အားရှိသလောက်တော့ လုပ်ခဲ့တယ်"ဟု ဦးဉာဏ်ဝင်းကပြောသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းက ရောဝတီတိုင်းဒေသကြီးအတွင်းမှ ပါတီဝင်ဟောင်းအချို့က ပါတီခေါင်းဆောင်ပိုင်းအချို့၏ စီမံခန့်ခွဲမှုကို စိတ်ကျေနပ်မှုမရှိသောကြောင့် နုတ်ထွက်ခဲ့ပြီးနောက် ယခုအချိန်အထိ ဆက်လက်နုတ်ထွက်သည့်ဖြစ်စဉ်များ မရှိတော့ကြောင်းလည်း သိရသည်။ ■



သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ (၁၀(ခ)အစ အစ်မက)

ပိုယ်းလင်း

မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် အဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၄၇ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်ရောက်တော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ခုကို ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံ ပြဋ္ဌာန်းခဲ့ပြန်ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ပုဒ်မတစ်ခု ပြဋ္ဌာန်းခဲ့ပါတယ်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေပါ။

ပုဒ်မ ၁၀(က) နဲ့ပုဒ်မ ၁၀(ခ)လို့ခေါ်ပါတယ်။ ပုဒ်မ ၁၀(က)က ထောင်ထဲမှာ သုံးနှစ်အထိ ထိန်းသိမ်းနိုင်ပြီး ခြောက်လတစ်ခါ ရမန်ယူရပါတယ်။ (လွှတ်ပေးလို့လည်း ရပါတယ်)။ ပုဒ်မ ၁၀(ခ)ကတော့ နေအိမ်မှာ အကျယ်ချုပ်ထားရှိပြီး ပြင်ပထွက်ခွင့်၊ ဆက်သွယ်ခွင့်မရှိပါ။ သုံးနှစ်အထိ နေအိမ်အကျယ်ချုပ် ထားနိုင်ပါတယ်။

အဲဒီဥပဒေပုဒ်မကို ၁၉၈၉ ခုနှစ်အထိ အများပြည်သူတွေက ထင်ထင်ရှားရှားနဲ့ သတိမထားခဲ့မိကြသေးပါဘူး။ ပြည်သူတွေ သိထားခဲ့တဲ့ ပုဒ်မတစ်ခုတော့ ရှိခဲ့ပါတယ်။ ပုဒ်မ-၅ ပါပဲ။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက သိရှိခဲ့ကြတဲ့ ပုဒ်မ။ ဦးကျော်ဇြိမ်းနဲ့ ဗိုလ်ခင်မောင်လေး ခေတ်ကပါ။ ၁၉၅၀ ပြည့်နှစ် အရေးပေါ်အက်ဥပဒေ ပုဒ်မ-၅ ဆိုပြီး ပြဋ္ဌာန်းခဲ့ကြတာပါ။ တစ်စုံတစ်ယောက်ကို ဖမ်းဆီးလိုရင် ပုဒ်မ-၅ တပ်ပြီး ဖမ်းဆီးလေ့ရှိပါတယ်။ ပါလီမန် ဒီမိုကရေစီခေတ်မှာ ထင်ရှားခဲ့တဲ့ ပုဒ်မတစ်ခုပါ။ ၁၉၆၂ ခုနှစ် နောက်ပိုင်း တော်လှန်ရေးကောင်စီခေတ်မှာလည်း အသုံးပြုခဲ့ပါတယ်။

၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေသစ်မှာလည်း ပုဒ်မ-၅ သဘောမျိုးဆောင်တဲ့ ပုဒ်မ ၅(ည)ဆိုတာလည်း ပါခဲ့ပါတယ်။ လူအများ သိသာထင်ရှားမှုမျိုးတော့ မရှိခဲ့သေးပါဘူး။ (၇၄ အလုပ်သမား အရေးအခင်း၊ ၇၄ ဦးသန့်အရေးအခင်း၊ ၇၅ အလုပ်သမားနှစ်ပတ်လည်၊ ၇၆ မြို့ငြိမ်းရာပြည့်တွေမှာ ပုဒ်မ-၅(ည) တပ်ခဲ့မယ်လို့ ထင်ရပါတယ်)။

ပုဒ်မ-၅(ည)ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်း လူသိများလာပါတယ်။ တစ်စုံတစ်ဦးကို ပုဒ်မ-၅(ည)နဲ့ ဖမ်းဆီးနိုင်ပြီး ၄၅ ရက် ချုပ်ထားနိုင်ပါတယ်။ ပိုထားလို့ မရပါ။ ၄၅ ရက်ကျော်ပြီး ဆက်ထားလိုပါက ၁၀(က) သတ်မှတ်ပြီး သုံးနှစ်ဆက်ထားနိုင်ပါတယ်။ ၄၅ ရက် ပြည့်တာနဲ့ လွှတ်ပေးနိုင်ပြီး ပုဒ်မတစ်ခုခု တပ်ပြီး ရုံးတင် တရားစွဲလို့ ထောင်ချနိုင်ပါတယ်။ ၁၉၈၉ ခုနှစ်ကစပြီး လုပ်လေ့ရှိပါတယ်။

တစ်ခေတ်တစ်ချိန်ကတော့ ပုဒ်မ-၅ နဲ့ နိုင်ငံတော်ပုန်ကန်မှုပုဒ်မ ၁၂၂-၁၂၄ တို့က ထင်ရှားခဲ့သလို ၁၉၈၉ ခုနှစ်က စပြီး ပုဒ်မ-၅(ည)နဲ့ပုဒ်မ ၁၀(က)၊ ၁၀(ခ)၊ တို့ဟာ တစ်ခေတ်ဆန်းလာတယ်လို့ပြောရမှာပါပဲ။

၁၉၈၉ ခုနှစ်ကစပြီး ကိုမြတ်စံ၊ ကိုပေါ်ဦးတို့က စလိုက်တာ ဇွန်လမှာ ဘဘဦးဝင်းတင်နဲ့ ကိုစိုးသိန်း၊ သူရဦးငွေလှိုင်၊ ဇူလိုင်လမှာ ရွှိုး(လွှတ်တော်အမတ် ဒေါ်စန္ဒာမင်း)၊ ဒေါက်တာတိုးတိုးတင်၊ မစောမြတ်မာ၊ ဒေါ်ပြုံးပြုံးတင်၊ ဒေါက်တာခင်အေးချို၊ ဒေါ်အောင်ဆန်းစုကြည်၊ ထင်ရှားတဲ့ နိုင်ငံရေးလှုပ်ရှားသူ အားလုံး ဒေါ်ကြည်ကြည်နဲ့ သမီး မဒို၊ သမက် ကိုမိုးဝင်းတို့အစ (စာအုပ် အနီ-စာအုပ်အစိမ်းမှာပါတဲ့အတိုင်း) ၁၀(ခ) ဒေါ်အောင်ဆန်းစုကြည်က လွှဲပြီး အားလုံးဟာ ပုဒ်မ-၅(ည)၊ ပုဒ်မ ၁၀(က) တွေနဲ့ အင်းစိန်ထောင်တစ်ခုလုံး ပြည့်လျှံသွားခဲ့ပါတယ်။ ၅(ည)တော်တော်များများဟာ ၄၅ ရက်ပြည့်ပြီးနောက်ပိုင်းမှာ ၁၀(က)နဲ့ ဆက်ပြီးထားခံရပါတယ်။

အဲဒီအချိန်ကတည်းကစပြီး ပုဒ်မ ၁၀(က) ပုဒ်မ-၅(ည) ဆိုတဲ့ စကားလုံးတွေဟာ ကျွန်တော်တို့နဲ့ ရင်းနှီးခဲ့ကြပါတယ်။ (အစကတော့ အစိမ်းသက်သက်လည်း ရပါတယ်)။ နံနက် ၄ နာရီလောက်မှာ အစ်မက ဆုံးဖြတ်ချက်တစ်ခုချပြီး အာဇာနည်ပဒေသရာမှာ ချိတက် ပန်းခွေချမယ့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ပါတယ်။ ဖျက်သိမ်းတဲ့ကြေညာချက်ကို ချက်ချင်းဖြန့်ဝေဖို့ အမြန်စီစဉ်ရပါတယ်။ မြို့နယ်တိုင်းကို နီးစပ်ရာလူတွေကနေတစ်ဆင့် ဖြန့်ဝေပါတယ်။ ဒေါက်တာတိုးတိုးတင်၊ မစောမြတ်မာ၊ ဒေါ်ပြုံးပြုံးတင်၊ ဒေါက်တာခင်အေးချိုတို့ အုပ်စုဟာလည်း ကားတစ်စီးနဲ့ ဖြန့်ဝေရင်း တောင်ဥက္ကလာဘက်မှာ အဖမ်းခံရပါတယ်။ (သူတို့လေးဦးက စျေးဦးပေါက်ပါပဲ)။ ဖျက်သိမ်းကြောင်း မသိရှိခဲ့တဲ့သူတွေကတော့ အစီအစဉ်အတိုင်း ကိုယ့်အစုနဲ့ ကိုယ် ရွှေတိဂုံဘုရားပတ်ဝန်းကျင်မှာ စုနေခဲ့ကြပါတယ်။ ကိုယ့်မင်းကိုယ့်ချင်း လမ်းမကြီးပေါ်၊ ရေခဲဆိုင်မှတိုင်ပတ်ဝန်းကျင်မှာ ထိပ်တိုက်ရင်ဆိုင်မှုတွေက နေ့ရှိန်(စန္ဒာမင်း၊ ယခု လွှတ်တော်အမတ်) ပါသွားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဒုတိယ အကြိမ်ကြီးမားလှတဲ့ ဆန္ဒပြပွဲကြီးဟာ ဒီလိုနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။

ပုဒ်မ ၁၀(က) နဲ့ ပုဒ်မ ၁၀(ခ)လို့ ခေါ်ပါတယ်။ ပုဒ်မ ၁၀(က)က ထောင်ထဲမှာ သုံးနှစ်အထိ ထိန်းသိမ်းနိုင်ပြီး ခြောက်လတစ်ခါ ရမန်ယူရပါတယ်။ (လွှတ်ပေးလို့လည်း ရပါတယ်)။ ပုဒ်မ ၁၀(ခ)ကတော့ နေအိမ်မှာ အကျယ်ချုပ်ထားရှိပြီး ပြင်ပထွက်ခွင့်၊ ဆက်သွယ်ခွင့်မရှိပါ။ သုံးနှစ်အထိ နေအိမ်အကျယ်ချုပ် ထားနိုင်ပါတယ်။ အဲဒီဥပဒေပုဒ်မကို ၁၉၈၉ ခုနှစ်အထိ အများပြည်သူတွေက ထင်ထင်ရှားရှားနဲ့ သတိမထားခဲ့မိကြသေးပါဘူး...

၁၉၈၉ ခုနှစ်ကစပြီး ပြည်သူတွေ ဘာတွေ ကြုံခဲ့ရသလဲဆိုတာ ပြန်ပြောပြစရာ မလိုလောက်အောင် ကြီးမားခဲ့ပါတယ်။ ဒီတော့ ဒီနေရာမှာ ဘာမှ ထပ်မရေးတော့ပါဘူး။ ဒီလိုနဲ့ ဒီဇင်ဘာလ ၁၀ ရက်နေ့ ညဘက်ကျတော့ ဒီမိုကရေစီအရေးတော်ပုံကြီးဟာ ဒီလိုနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ဒီဇင်ဘာ

Capital News
သောကြာနေ့၊ ဇန်နဝါရီ ၁၁ – ၁၇၊ ၂၀၁၃

မိုးထိမိုးမိ ရွှေလုပ်သား ခေါင်းဆောင်လေးဦးအတွက် အယူခံဝင်ရန် ပြင်ဆင်

မိုးထိမိုးမိဒေသမှ ရွှေလုပ်သား ခေါင်းဆောင်လေးဦးအား ဒီဇင်ဘာလ ၃ ရက်နေ့က ထောင်ဒဏ် ခြောက်လနှင့် တစ်ဦးလျှင် ဒဏ်ငွေတစ်သောင်းစီ ပြစ်ဒဏ်ခံယူရန် အမိန့်ချမှတ်ခဲ့သည့် အတွက် အယူခံဝင်ရန် ပြင်ဆင်နေကြောင်း အဆိုပါအမှုကို အဓိက ကိုင်တွယ်နေသူ ဆွာမြို့မှ အထက်တန်းရှေ့နေ ဦးကျော်မြင့်ဦးက ပြောသည်။

ပြစ်မှုတစ်ခုကို ပုဒ်မနှစ်ခုပေါင်းဖြင့် ရေတာရှည် တရားရုံး၌ အစစ်ဆေးခံနေရသည့် အဆိုပါ လုပ်သားခေါင်းဆောင်လေးဦးအား ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေနိုင်သည်ဆိုသည့် ပုဒ်မ ၅၀၅(ခ)ကို ထောင်ဒဏ်အဖြစ်လည်းကောင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရာတွင် သက်ဆိုင်ရာသို့ ခွင့်ပြုမိန့်မတောင်းသည့် ပုဒ်မ (၁၈)ကို ဒဏ်ငွေအဖြစ်လည်းကောင်း အမိန့်ချခဲ့ခြင်းဖြစ်သည်။

"တရားခံတွေကို ကြိုတင်ကာကွယ်တဲ့ အနေနဲ့ တားဆီးတာကို မနာခံတာရယ်၊ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က လမ်းလျှောက်လာတဲ့ ရွှေလုပ်သားတွေ မြို့လှမှာ နားနေတဲ့အချိန်က ကုမ္ပဏီဘက်က ဆန္ဒပြတာတွေ ဆက်မလုပ်နဲ့၊ တကယ်လို့ ဆက်လုပ်ရင် အန္တရာယ်ရှိတယ်လို့ ပြောပြီး လာညှိနှိုင်းတာကို လက်မခံဘဲ ဆက်လုပ်တယ်ဆိုပါတယ်" ဟု ဦးကျော်မြင့်ဦးက ပြောသည်။

မိုးထိမိုးမိ ရွှေလုပ်သားခေါင်းဆောင် လေးဦးကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်က အဆိုပါပြစ်မှုနှစ်ခုဖြင့် ရေတာရှည်မြို့နယ် တရားရုံးက စတင်စွဲချက်တင် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

"အခု အယူခံဝင်ဖို့လုပ်နေတယ်၊ အဲဒီအတွက် တောင်ငူခရိုင် တရားရုံးကို ဆက်တက်မယ်။ အဲဒီမှာ အဆင်မပြေရင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အထိ တက်မယ်။ လောလောဆယ်တော့ ခရိုင်ရဲ့ ဆုံးဖြတ်ချက်ကို ယူရဦးမယ်"ဟု ၎င်းက ယခုလ ၃ ရက်နေ့က ပြောသည်။

မြည့်သက်ဖြိုး

ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန် ကြီးကြပ်ရေးမှူးများအား ဖွဲ့စည်းတာဝန်ပေး

မြည့်သက်ဖြိုး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန် ကြီးကြပ်ရေးမှူးများအား ဖွဲ့စည်းတာဝန်ပေးခြင်းကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

"အဓိကကတော့ အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်တဲ့အခါမှာ ကြီးကြပ်နိုင်ဖို့နဲ့ စနစ်တကျ၊ မှန်ကန်မှုတမှုရှိအောင် ရည်ရွယ်ပါတယ် " ဟု ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသို့ ဖွဲ့စည်းရာတွင် ရပ်ကွက်/ကျေးရွာတစ်ခုလျှင် ငါးဦးပါဝင်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူးအနေဖြင့် ရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်သည့်အခါ ကြီးကြပ်နိုင်ရေး အတွက် တာဝန်ထမ်းဆောင်ရန် အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသူများအား ရွေးချယ်ခန့်အပ် တာဝန်ပေးခြင်းဖြစ်သည်။

"အခုလို ဖွဲ့လိုက်တာ အင်မတန်မှ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုလုပ်တာ ဒီမိုကရေစီနည်းလမ်းကျတယ်လို့ ယူဆပါတယ်။ ကြီးကြပ်ရေးမှူးတွေကလည်း မျှမျှတတဖြစ်ဖြစ်ဖို့ အရမ်းအရေးကြီးပါတယ်။ တာဝန်လည်းကြီးတယ်" ဟု ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက် ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးက ဇန်နဝါရီ ၁ ရက်နေ့က ပြောသည်။

အဆိုပါ ကြီးကြပ်ရေးအဖွဲ့၏ လိုက်နာဆောင်ရွက်ရန် အချက်များမှာ ရပ်ကွက် (သို့) ကျေးရွာအုပ်စု အတွင်းရှိ အိမ်ခြေစာရင်းရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက်(သို့) ကျေးရွာအလိုက် ဆယ်အိမ်စု အစု အဖွဲ့များ ဖွဲ့စည်းရမည်၊ ဆယ်အိမ်စု အသီးသီး၌ နေထိုင်ကြသော အိမ်ထောင်စီးစီး (သို့) အသက် ၁၈ နှစ် ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးအား စုစည်း၍ ယင်းတို့ရွေးချယ်ရမည့် ရပ်ကွက်(သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အတွက် ပုဒ်မ(၅)တွင် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်းပြောကြားရမည်။ ဆယ်အိမ်စုတစ်စုတွင် ပါဝင်သော သက်ဆိုင်ရာ အိမ်ထောင်စုဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေး အချက်အလက်တို့ကို တင်ပြစေရမည်။ ဆယ်အိမ်စု တစ်စုစီအလိုက် ရွေးချယ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးကို သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ/ မရှိ စိစစ်ရမည်ဖြစ်ပြီး အရည်အချင်းပြည့်စုံသူများကို ဆယ်အိမ်စု ကိုယ်စားလှယ်များအဖြစ် အမည်စာရင်း ပြုစုရမည် ဖြစ်သည်။

ထို့ပြင် ပုဒ်မခွဲ(ဃ) အရပြုစုသည့် အမည်စာရင်းပါ ဆယ်အိမ်စုကိုယ်စားလှယ် တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက် ပို၍ဖြစ်စေ မိမိတို့အနက်မှ ရပ်ကွက် (သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုလိုသော ပုဂ္ဂိုလ်၏ အမည်ကို တင်သွင်းစေပြီး အမည်စာရင်းပြုစုရမည်။ ပုဒ်မခွဲ(င) အရပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို ဆယ်အိမ်စု ကိုယ်စားလှယ်များအားလုံးက လျှို့ဝှက် ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်ဖြစ်ပြီး ရရှိသော မဲစာရင်းကို ရေတွက် ကြေညာပေးရမည်၊ ပုဒ်မ(ခ)အရ ရွေးချယ်ရရှိသော ဦးစာပေး အစီအစဉ်ကို ပြုစုပြီး လျှို့ဝှက် ဆန္ဒမဲအများဆုံးရရှိသော ပုဂ္ဂိုလ်၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည် ဖြစ်သည်။

အရည်အချင်းများနှင့် ပြည့်စုံမှုသာ ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်ဟူ၍ သိရသည်။ ■

နေပြည်တော် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း

တွေ့ကြဆုံကြ ပျော်ရွှင်ကြ



ဖြူလုံး၊ ကြည်ဖြူနဲ့ ရွှေရည်



စုလှိုင်ထွန်း
စီစဉ်သည်။

နှစ်သစ်ချိန်ခါမှာ တိုးတက်မှုတွေ၊ အေးချမ်းပျော်ရွှင်မှုတွေနဲ့ ပြည့်စုံပါစေလို့ နေပြည်တော် ဆိုရှယ်ပရိသတ်ကြီးအတွက် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ရှင်။ ခုဖော်ပြပေးမယ့်ဆိုရှယ်ပွဲများက နှစ်စဉ်ကျင်းပနေကျ Sweet Villa မိသားစုရဲ့ သားငယ်လေး ဟန်ထက်မောင် (Brian) ရဲ့ ကိုးနှစ်ပြည့် မွေးနေ့ပွဲလေးပါ။ လွတ်လပ်ရေးနေ့မှာ ကျရောက်တဲ့ 'အိန်ဂျယ်လာ'က မကေသီဝင်းရဲ့ မွေးနေ့ပွဲနဲ့ 'ပဒုမ္မာ' ဆေးဆိုင်ဖွင့်ပွဲကိုလည်း ဖော်ပြလိုက်ပါတယ်။ The Farmer ဂျာနယ်က နေပြည်တော်တာဝန်ခံ ကိုနေဖြိုးဝင်းရဲ့ မင်္ဂလာပွဲကိုလည်း ဖော်ပြပေးလိုက်ပါတယ်ရှင်။



မွေးနေ့ရှင် Brian



မွေးနေ့ရှင် မိဘနှစ်ပါး



ဒေါ်ခင်မာကြူ၊ ကိုနေဖြိုးဝင်းနဲ့ မနီနီဝင်း



သော်တာခန့်နဲ့ မသက်သက်



ကိုဝင်းညွန့်လွင်

ကိုနေဇော်ထွန်း



သတို့သား၊ ကိုသက်ဟန်ဝင်း၊ ကိုကြည်သာဝင်း



ကိုတိုးတက်နဲ့ ချိုချို



ချစ်စုနဲ့ နီလာစိုး



မသင်းသင်းဝေနဲ့ မစောခြည်



မွေးနေ့ရှင် မကေသီဝင်း

ဂျီပီအက်စ်စနစ်ကို ယှဉ်နိုင်မယ့် ဂြိုဟ်တုစနစ်သစ်တစ်ခုကို တရုတ်နိုင်ငံ၌ စတင်အသုံးပြု

တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံက ထိန်းချုပ်ထားတဲ့ ကမ္ဘာ့တည်နေရာပြစနစ်(ဂျီပီအက်စ်)ကို ယှဉ်နိုင်ဖို့အတွက် သူ့ရဲ့ ပြည်တွင်းဂြိုဟ်တုကွန်ရက်နဲ့ ချိတ်ဆက်မှုရှိရာ အာရှပစိဖိတ်ဒေသတွေမှာ လုပ်ငန်းသုံးနဲ့ အများသုံးဝန်ဆောင်မှုတွေ စတင်ပေးခဲ့ပါတယ်။

Beidou ဒါမှမဟုတ်Compass လို့ အမည်ရတဲ့ ဒီစနစ်ကနေ အာရှပစိဖိတ်ဒေသတွင်းက ပြည်သူတွေအတွက် အများသုံးဝန်ဆောင်မှုတွေကို ကြာသပတေးနေ့က စတင်ပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာဆိုရင် တစ်ကမ္ဘာလုံးအတွက် ဝန်ဆောင်မှုပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းထားကြောင်း နိုင်ငံပိုင်သတင်းစာမှာ ဖော်ပြထားပါတယ်။

ဒီစနစ်ရဲ့ စွမ်းဆောင်နိုင်စွမ်းဟာ အမေရိကန်ရဲ့ ဂျီပီအက်စ်စနစ်နဲ့ ယှဉ်နိုင်တယ်လို့ တရုတ်နိုင်ငံ ဂြိုဟ်တု လွှတ်တင်ရေးရုံးရဲ့ ပြောခွင့်ရပုဂ္ဂိုလ် Ran Chengqi က ပြောကြားခဲ့တာကို China Daily သတင်းစာမှာ ဖော်ပြထားပါတယ်။

"Beidouက ပို့လွှတ်တဲ့ အချက်အလက်တွေကို ဩစတြေးလျနိုင်ငံလို နိုင်ငံတွေကလည်း ရယူအသုံးပြုနိုင်ပါတယ်"လို့ သူကပြောပါတယ်။

ဆယ်စုနှစ်အကုန်ပိုင်းမှာ အာကာသစခန်းတည်ဆောက်ဖို့နဲ့ နောက်ဆုံးမှာ လပေါ်ကို လူသားပါတဲ့ အာကာသယာဉ် လွှတ်တင်ဖို့ ရည်မှန်းထားတဲ့ တရုတ်နိုင်ငံအတွက်ကတော့ ဒီစနစ်ဟာ နိုင်ငံရဲ့အာကာသ နည်းပညာဆိုင်ရာ အောင်မြင်မှုတစ်ခုပဲ ဖြစ်ပါတယ်။

ဒေါ်လာ ဘီလျံပေါင်းများစွာကုန်ကျတဲ့ ဒီစီမံကိန်းကို တရုတ်နိုင်ငံရဲ့ ကမ္ဘာအနှံ့ ဝုဏ်သတင်းကြီးမားလာမှု၊ နည်းပညာဆိုင်ရာ တိုးတက်လာမှုနဲ့ တစ်ချိန်က ဆင်းရဲတွင်းနက်နေခဲ့တဲ့ နိုင်ငံရဲ့ အခြေအနေကို ပြောင်းလဲပေးနိုင်ခဲ့တဲ့ ကွန်မြူနစ်ပါတီရဲ့ အောင်မြင်မှု သင်္ကေတအဖြစ် တရုတ်အစိုးရက သတ်မှတ်ထားပါတယ်။

တရုတ်နိုင်ငံရဲ့Beidou စနစ်မှာ အာကာသထဲ လှည့်လည်သွားလာနေပြီဖြစ်တဲ့ ဂြိုဟ်တု ၁၆ စင်းနဲ့ စမ်းသပ်လွှတ်တင်ထားတဲ့ဂြိုဟ်တု လေးစင်း ပါဝင်တယ်လို့ တရုတ်နိုင်ငံပိုင် သတင်းစာမှာ ဖော်ပြထားပါတယ်။ ဒီစနစ်ဟာ နောက်ဆိုရင် တစ်ကမ္ဘာလုံးက နေရာတွေနဲ့ပတ်သက်ပြီး လမ်းကြောင်းတွေ၊ တည်နေရာတွေကို ပြသပေးနိုင်မှာဖြစ်ပြီး အချိန်ကိုက်ပေးတဲ့ ဝန်ဆောင်မှုကိုလည်း ပေးနိုင်မယ်လို့ Ran က ပြောထားပါတယ်။

တရုတ်နိုင်ငံနဲ့ အနီးပတ်ဝန်းကျင်က နေရာတွေကိုပဲ စတင်ညွှန်ပြပေးမယ့် Beidou (မြန်မာလို ခုနစ်စဉ်ကြယ်လို့ အမည်ရတဲ့) စနစ်ကို စတင်ပေးပြီး တစ်နှစ်အကြာမှာ လုပ်ငန်းသုံး ဝန်ဆောင်မှုတွေကို စတင်ပေးသွားမယ်လို့ သိရပါတယ်။

အမေရိကန်ရဲ့ ဂျီပီအက်စ်စနစ်ကို မှီခိုအားထားနေရတဲ့ အဖြစ်မျိုးကနေ ထွက်လာနိုင်ဖို့အတွက် တရုတ်နိုင်ငံဟာ ၂၀၀၀ ပြည့်နှစ်ကစပြီး ဂြိုဟ်တု ကွန်ရက်ကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။

"ဂြိုဟ်တုကတစ်ဆင့် တည်နေရာလမ်းကြောင်းပြတဲ့ စနစ်ရှိတာကလည်း အရေးပါတဲ့ အရာတစ်ခုပဲ ဖြစ်တယ်" လို့ ကွန်မြူနစ်ပါတီနဲ့ အဆက်အစပ်ရှိတဲ့ ဂလိုဘယ်လ်တိုင်းမ် သတင်းစာရဲ့ အယ်ဒီတာ့အာဘော်မှာ ဖော်ပြထားပါတယ်။

"တရုတ်အစိုးရမှာ ဈေးကွက်ကြီးတစ်ခုရှိပါတယ်။ အဲဒီဈေးကွက်ကြီးမှာ Beidou စနစ်ဟာ စစ်တပ်နဲ့ ပြည်သူတွေ အားလုံးကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်" လို့ သတင်းစာမှာ ဖော်ပြထားပါတယ်။

"အမြတ်အစွန်းတွေ ပိုများလာတာနဲ့အမျှ Beidou စနစ်ဟာလည်း နောက်ဆုံးမှာ ဂျီပီအက်စ်စနစ်ကို ယှဉ်ပြိုင်နိုင်တဲ့ ကမ္ဘာ့ဂြိုဟ်တုစနစ်တစ်ခုအဖြစ် တိုးတက်လာနိုင်မှာဖြစ်ပါတယ်။"

ဂြိုဟ်တုလွှတ်တင်ခြင်းဟာ တရုတ်နိုင်ငံရဲ့ မဟာဗျူဟာကျကျ ထွက်ပေါ်လာတဲ့လုပ်ငန်းတစ်ခုဖြစ်တယ်လို့ သီး

စာမျက်နှာ ၂၁ သို့



မိုက်ခရိုဆော့ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် စတီဗ်ဗော်မာနှင့် Qualcomm အင်ကော်ပိုရိတ်တက်ဉတ္တဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ပေါလ်အီးဂျက်ကော့တို့ကို အမေရိကန်နိုင်ငံ၊ လာ့စ်ဗီးဂတ်စ်တွင်ကျင်းပနေသည့် ၂၀၁၃ ခုနှစ်၊ နည်းပညာလူသုံးကုန်ပြပွဲ (CES) **၏ စင်မြင့်ပေါ်တွင်အတူတကွတွေ့ရစဉ်။ ကမ္ဘာအကြီးဆုံး အဆိုပါပြပွဲကြီးကို ဧန်နဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပနေပြီး ပြခန်းပေါင်း ၃၁၀၀ တွင် နောက်ဆုံးပေါ်နည်းပညာပစ္စည်းများကို ပြသပြီး တက်ရောက်လေ့လာသူ တစ်သိန်းခွဲခန့်ရှိမည်ဟု ခန့်မှန်းထားသည်။** ဓာတ်ပုံ - အေအက်ဖ်ပီ

လူမှုဖူလုံရေးကတ်ပြားကို ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သည့် ကတ်အဖြစ် ပြောင်းလဲမည်

ပြည့်သက်ဖြိုး

လူမှုဖူလုံရေး အာမခံစီစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် ဖတ်ရှုနိုင်သည့် ကတ်ပြားအဖြစ် ပြောင်းလဲထုတ်လုပ်သွားမည်ဟု ဇန်နဝါရီလ ၇ ရက်နေ့က အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနဦး ပြုလုပ်သည့် လူမှုဖူလုံရေးအာမခံ စီစစ်ရေးကတ်ပြားသစ်များ ထုတ်လုပ်ခြင်းသရုတ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်က ပြောကြားခဲ့သည်။

"ဒါက အလွန်အဓိကကျတဲ့ ကဏ္ဍမှာ ပါရှိနေတာတွေရပါတယ်။ ဒီလို ပြောင်းလဲကျင့်သုံးခြင်းအားဖြင့် အာမခံအလုပ်သမားများဟာ အရင်က မိမိအတွက် သီးသန့်သတ်မှတ်ထားတဲ့ ဆေးခန်းမှာ ကျန်းမာရေးစောင့်ရှောက်မှု၊ ငွေကြေးအကျိုးခံစားမှုများ ခံစားခွင့်ရှိခဲ့ရာက အခုလို ကွန်ပျူတာနဲ့ ဖတ်ရှုနိုင်တဲ့ ကတ်ပြားတွေ ကိုင်တွယ်လာနိုင်တဲ့ အခါမှာ မည်သည့်ဆေးရုံ၊ ဆေးခန်းမဆို သွားရောက်ပြသပြီး မိမိရဲ့ အကျိုးခံစားခွင့်များကို အလွယ်တကူ ခံစားနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ယခုကဲ့သို့ ပြောင်းလဲမှုသည် e- government လုပ်ငန်းစဉ်များထဲက လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပြီး နောင်တစ်ချိန်တွင် အဆိုပါ ကတ်ပြားကို ကိုင်တွယ် ပြသ၍ ဖြစ်စေ၊ အာမခံ အမှတ်

ဒီကတ်ပြားတွေကို တခြားဌာနတွေ အတွက်လည်း ဒီနှစ်ထဲမှာပဲ လုပ်ပေး သွားနိုင်ဖို့ စီစဉ်နေ . . .

ကို ဖော်ပြ၍ဖြစ်စေ၊ မိမိထည့်ဝင်ထားသည့် အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိမှု၊ သက်ကြီးပင်စင်နှင့် ကျန်ရစ်သူပင်စင် အကျိုးခံစားခွင့် ရန်ပုံငွေမှ ယခုအချိန်တွင် အငြိမ်းစားယူခဲ့ပါက ငွေလုံးငွေရင်း မည်မျှရနိုင်မည်၊ လစဉ်ပင်စင်အတွက် တစ်လလျှင် မည်မျှရနိုင်မည်တို့ကို ကြည့်ရှုနိုင်သည့် အဆင့်အထိ ဆောင်ရွက်သွားမည်ဟု လည်း ဦးမောင်မြင့်က ပြောကြားသည်။

"မိမိရဲ့ ခင်ပွန်း အာမခံ အလုပ်သမား ရုတ်တရက် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့ရင် ကျန်ရစ်သူ ဇနီးသည်ဟာ ကျန်ရစ်သူ အကျိုးခံစားခွင့် ဘယ်လောက် ရမလဲ ဆိုတာကို လည်း ဒီကတ်ပြားကို အသုံးပြုပြီး နှစ်သက်ရာ လူမှုဖူလုံရေးရုံး၊ ဆေးရုံ၊ ဆေးခန်းများက တစ်ဆင့် ကြည့်ရှုခွင့်၊ သိရှိခွင့် ရရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ် " ဟု ဦးမောင်မြင့်က ပြောကြားသည်။


ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သည့် လူမှုဖူလုံရေး ကတ်ပြားများကို လက်ရှိတွင် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုလုံရေးဝန်ကြီးဌာနရှိ အာမခံအလုပ်သမားများအတွက် ဇန်နဝါရီလ ၇ ရက်က ပထမဆုံးအဖြစ်စတင် ပြုလုပ်ပေးနေပြီး အခြားဝန်ကြီးဌာနများရှိ အာမခံအလုပ်သမားများဖြစ်ကြသည့် ဝန်ထမ်းများအတွက်လည်း တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ပေးမည်ဟု သိရသည်။

"ဒီကတ်ပြားတွေကို တခြားဌာနတွေအတွက်လည်း ဒီနှစ်ထဲမှာပဲ လုပ်ပေးသွားနိုင်ဖို့ စီစဉ်နေပါတယ်" ဟု အာမခံဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလ ၈ ရက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"နိုင်ငံအတွင်းမှာရှိတဲ့ ပုဂ္ဂလိက၊ သမဝါယမ၊ အစိုးရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများက အာမခံအလုပ်သမားများ အာလုံးအတွက်လည်း အချက်အလက်များ ထည့်သွင်းခြင်းနဲ့ အာမခံကတ်ပြားများ ထုတ်လုပ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိရန်ကုန်တိုင်းဒေသကြီး အလုပ်မြို့နယ်၌ သတင်းအချက်အလက် ထည့်သွင်းရန် ဗဟိုဌာန(Data Entry Centre) တစ်ခု တည်ဆောက်ထားသည်ဟု သိရသည်။ ■





တရုတ်နိုင်ငံ၌ အင်တာနက်စည်းမျဉ်းများ ပိုမိုတင်းကျပ်လာ

တရုတ်အစိုးရသည် ၎င်း၏ တင်းကျပ်သည့် အွန်လိုင်းထိန်းချုပ်မှုကို တိုးမြှင့်သည့်အနေဖြင့် နိုင်ငံတစ်ဝန်းရှိ အင်တာနက် အသုံးပြုသူများသည် အမည်ရင်းဖော်ပြပြီး ဆက်သွယ်ရမည်ဟုဆိုသည့် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဥပဒေပြုအဖွဲ့ဖြစ်သည့် National People's Congress (NPC)သည် အဆိုပါဥပဒေကို သောကြာနေ့(ဒီဇင်ဘာလ ၂၈ ရက်)တွင် ပြုလုပ်သည့် စည်းဝေးပွဲ၌ အတည်ပြုလိုက်ကြောင်း ရှင်ဟွာသတင်း အေဂျင်စီနှင့် အခြားသတင်းဌာနများတွင် ဖော်ပြထားသည်။

အင်တာနက် အသုံးပြုသူများသည် ကွန်ရက် ဝန်ဆောင်မှုကုမ္ပဏီများနှင့် ဆက်သွယ်ပြီး ဝန်ဆောင်မှုရယူရာတွင် ၎င်းတို့၏ အမည်ရင်းကို ပေးရမည်ဟု သတ်မှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို NPC အမြဲတမ်းကော်မတီ၏ ငါးရက်ကြာ ဆွေးနွေးပွဲအပြီးတွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

"ကွန်ရက်ဝန်ဆောင်မှုကုမ္ပဏီများသည်လည်း သုံးစွဲသူများကို အင်တာနက်၊ ကြိုးဖုန်းနှင့် မိုဘိုင်းကွန်ရက်ဝန်ဆောင်မှု ခွဲတမ်းဆက်အသုံးပြုခွင့်ပေးရန် သို့မဟုတ် သတင်းအချက်အလက်များ တင်ခွင့်ပေးရန် သဘောတူညီမှုရယူရာတွင် ၎င်းတို့၏ အမည်ရင်းပေးရန် တောင်းဆိုရမည်"ဟု ပြဋ္ဌာန်းလိုက်ကြောင်း ဆုံးဖြတ်ချက်ကို ရှင်ဟွာသတင်းဌာနက ကိုးကားဖော်ပြထားသည်။

တွစ်တာနှင့် အလားတူသည့် မိုက်ခရိုဘလော့ ဆိုက်များတွင် မကျေနပ်ချက်များကိုဖော်ပြလေ့ရှိကြပြီး အစိုးရဌာနမှ တာဝန်ရှိသူများ၏ အမှားများကိုပင် ထုတ်ဖော်ပြောကြားလေ့ရှိသည်။ အကျင့်ပျက်ခြစားမှုကို အစိုးရက ထိန်းချုပ်လိုနေသည့် အချိန်အခါဖြစ်နေသည့်အတွက် ယင်းကဲ့သို့ စစ်စစ်ပေါက်ပေါက် အပြစ်ရှာ အပုပ်ချမှုများကို အစိုးရက လက်ခံနိုင်သည်။

သို့သော် တရုတ်နိုင်ငံရှိ လူဦးရေ ဘီလျံထက်ဝက်ကျော်မှာ ယခုအခါတွင် အွန်လိုင်းကို အသုံးပြုနေကြရာ နိုင်ငံ၏ ထုံးတမ်းစဉ်လာမီဒီယာများတွင် ထိန်းချုပ်မှုများရှိနေသည့် နိုင်ငံတစ်နိုင်ငံ၌ လူထု၏အမြင်ကို အင်တာနက်က လွှမ်းမိုးသွားမည်ကို အာဏာပိုင်များက စိုးရိမ်ပူပန်နေကြသည်။

တရုတ်အစိုးရသည် Great Fire wall of China ဟု လူသိများသည့် များပြားလှသော အွန်လိုင်းဆင်ဆာ စနစ်များအရ အင်တာနက်တွင် သတင်းအချက်အလက်ရှာဖွေမှုများကို ပိတ်ပင်တားဆီးမှုများ ယခင်ကတည်းက ပြုလုပ်ထားပြီးဖြစ်သည်။သို့သော် weibos ကဲ့သို့ မိုက်ခရိုဘလော့များ လူသုံးများလာခြင်းသည် အာဏာပိုင်များအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်လာသည်။

အစောပိုင်းတွင် မြို့တော်ပေကျင်း၊ စီးပွားရေးမြို့တော်ရှန်ဟိုင်း၊ မြောက်ပိုင်းဆိပ်ကမ်းမြို့ တီယန်ကျင်း၊ တောင်ပိုင်း မြို့တော် ကွမ်ကျီးနှင့် ရှန်ကျန်း မြို့ငါးမြို့ရှိ မိုက်ခရိုဘလော့အသုံးပြုသူများကိုသာ အမည်ရင်းပေးကြရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်သည် လွန်ခဲ့သည့် တစ်နှစ်ကျော်က စတင်ခဲ့သည့် စမ်းသပ်စီမံချက်အရ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ကာလများတွင် တရုတ်နိုင်ငံရှိ အင်တာနက် သုံးစွဲသူများသည် အမည်တုများကို အသုံးပြုပြီး မိုက်ခရိုစာရင်းပေးကြကြောင်း စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများကို ရှင်ဟွာသတင်းဌာနက ကိုးကားဖော်ပြဘလော့အကောင့်များကိုတည်ဆောက်ခွင့်ရှိရာ အာဏာပိုင်များမှာ လက်သည်ကို ရှာတွေ့ရန် အခက်တွေ့စေပြီး ၎င်းအကောင့်ကို ပိတ်လိုက်ပါကလည်း အမည်သစ်တစ်ခုဖြင့် အလွယ်တကူ ဖွင့်ကာအသုံးပြုနိုင်ကြသည်။

ယခုပြဋ္ဌာန်းလိုက်သည့် သတ်မှတ်ချက်ကို ရှောင်ရှားနိုင်မည့် နည်းလမ်းကို သုံးစွဲသူများ ရှာတွေ့နိုင်ခြင်း ရှိမရှိနှင့် ပတ်သက်ပြီး လတ်တလောမသိရသေးကြောင်း ရှင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်လတွင် ကြိုးဖုန်းသုံးစွဲသူ အားလုံးနီးပါးနှင့် မိုဘိုင်းဖုန်း အသုံးပြုသူ ၇၀ ရာခိုင်နှုန်းခန့်မှာ အမည်ရင်းဖြင့် စာရင်းပေးကြကြောင်း စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများကို ရှင်ဟွာသတင်းဌာနက ကိုးကားဖော်ပြထားသည်။

နိုင်ငံ့လုံခြုံရေးကို ကာကွယ်ရန်အတွက် ဥပဒေသစ်များ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု တရုတ်နိုင်ငံ၏ အွန်လိုင်းကဏ္ဍကို ထိန်းချုပ်ပေးနေသည့် အဆိုပါဝန်ကြီးဌာနက ဇွန်လတွင် ပြောကြားခဲ့သည်။

ဥပဒေသစ်များသည် အင်တာနက် အသုံးပြုသူများ၏ ဥပဒေကြောင်းအရ ရပိုင်ခွင့်များကို ကာကွယ်ပေးရာ ရောက်ပြီး နိုင်ငံတွင်းရှိ အင်တာနက် အသုံးပြုသူများကို အခက်တွေ့စေခြင်းထက် အကူအညီပေးရာ ရောက်ကြောင်း၊ ဥပမာ- ပြည်သူများ အွန်လိုင်းပေါ်တွင် အနှောင့်အယှက်ပေးခံရမှုကို ကာကွယ်ပေးနိုင်ကြောင်း သီးခြားတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်တစ်ရပ်တွင် ရှင်ဟွာက ပြောသည်။ **(အေအက်ဗ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ဂျီပီအက်စ်စနစ်ကို ယှဉ်နိုင်မယ့်...

စာမျက်နှာ ၂၀ မှ

ခြားသတင်းတစ်ပုဒ်မှာ ဖော်ပြထားပါတယ်။

တကယ်လို့ Beidou စနစ်သာ ပြီးပြည့်စုံသွားမယ်ဆိုရင် တရုတ်နိုင်ငံမှာရှိတဲ့ ဂျီပီအက်စ်ရဲ့ လက်ရှိစွေးကွက်နေရာကို ၉၅ ရာခိုင်နှုန်း လျော့ကျသွားစေလိမ့်မယ်လို့ ဒီစနစ်ကြီးကို ဦးစီးဆောင်ရွက်ခဲ့တဲ့ အင်ဂျင်နီယာချုပ် Sun Jiadongက 21st Century Business Herald သတင်းစာကို ပြောကြားခဲ့ကြောင်း ဂလိုဘယ်လ်တိုင်းမ်သတင်းစာမှာ ဖော်ပြထားပါတယ်။

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒ်နီအခြေစိုက် အာကာသဆိုင်ရာ ကျွမ်းကျင်သူမောရစ် ဂျန်းစ်က တရုတ်နိုင်ငံပြင်ပ စွေးကွက်မှာ ဒီစနစ်က ဂျီပီအက်စ်ရဲ့ စွေးကွက်နေရာကို သိသိသာသာ လွှမ်းမိုးနိုင်ဖို့ဆိုတာကတော့ ဖြစ်နိုင်ဖွယ်ရာမရှိပါဘူးလို့ ပြောပါတယ်။

"သုံးစွဲသူတွေဟာ ဂျီပီအက်စ်ကို အခမဲ့ ရယူအသုံးပြုနိုင်ပါတယ်။ ဒါ့ပြင် ဒီစနစ်က ခွိုက်ဆက်အသုံးပြုရ လွယ်ပြီး လူသိများတဲ့အပြင် အများစုကလည်း ယုံယုံကြည်ကြည်နဲ့ သုံးစွဲနေကြတာပါ။ ပြီးတော့ အများက အသိအမှတ်ပြုထားကြပြီဖြစ်တဲ့ စနစ်တစ်ခုဖြစ်သလို တခြားအခက်အခဲတွေကိုလည်းအောင်အောင်မြင်မြင်ကျော်လွှား နိုင်ခဲ့ပြီးသားပါ" လို့ မောရစ်ဂျန်းစ်က အေအက်ဖ်ပီကို ပြောပြပါတယ်။

ဒီစနစ်ကနေ တရုတ်အစိုးရက ရရှိမယ့် စီးပွားရေးအရ အကျိုးအမြတ်တွေဟာ အချိုပေါ် သကာရည်လောင်းတာမျိုးသာဖြစ်ပြီး အဓိကရည်မှန်းချက်ကတော့ ဂျီပီအက်စ်စနစ်ကို အမေရိကန်ကပိတ်ပစ်လိုက်နိုင်တဲ့အလားအလာကို စဉ်းစားမိပြီး တရုတ်ဟာ သူ့နိုင်ငံလုံခြုံရေးကို ကာကွယ်ဖို့အတွက် Beidou ကို တိုးတက်အောင် ကြိုးပမ်းနေတာပဲ ဖြစ်တယ်လို့ သူကပြောပါတယ်။

"ဂျီပီအက်စ်စနစ်ကို သုံးလို့မရအောင် အပိတ်ခံရနိုင်တဲ့ အလားအလာ ရှိတယ်လို့ စဉ်းစားမိတာမျိုးဟာ တခြားနိုင်ငံတွေမှာလည်း အမေရိကန် ရဲ့ ထိန်းချုပ်မှုကနေ လွတ်မြောက်နိုင်မယ့် ကိုယ်ပိုင်စနစ်တွေ ဖန်တီးချင်အောင် နှိုးဆွပေးပါတယ်"

"စစ်ဖြစ်နေတဲ့အချိန်ဆိုရင် ကွန်ရက်ချိတ်ဆက်မှု ပိတ်ပင်ခံရတာမျိုး ဘယ်သူကမှ ကြုံချင်မှာ မဟုတ်ဘူး"လို့ သူကပြောပါတယ်။

Beidou စနစ်ဟာ ဒုတိယတန်းစားပစ္စည်း မဟုတ်သလို ဂျီပီအက်စ်ကို ပုံတူကူးချထားတာလည်း မဟုတ်ကြောင်းနဲ့ စနစ်သစ်ဖြစ်တဲ့အတွက် အစပိုင်းမှာ အားနည်းချက်တွေ ရှိနေသေးတယ်လို့ ဂလိုဘယ်လ်တိုင်းမ်ရဲ့ အယ်ဒီတာ့အာဘော်မှာ ဖော်ပြထားပါတယ်။

"Beidou စနစ်ဟာ စနစ်သစ်ဖြစ်တဲ့အတွက် သူ့ရဲ့ လုပ်ငန်းလည်ပတ်မှုမှာ အခက်အခဲတချို့ ရှိပါတယ်။ တရုတ်နိုင်ငံက သုံးစွဲသူတွေဟာ ဒီစနစ်နဲ့ ပတ်သက်ပြီး စိတ်ရှည်သည်းခံပေးရဦးမှာပါ" လို့ ရေးသားဖော်ပြထားပါတယ်။

(အေအက်ဗ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

တောင်ကိုရီးယားကုမ္ပဏီ အယ်လ်ဂျီ အိုအယ်လ်အီးဒီ ရုပ်မြင်သံကြားများ စတင်ရောင်းချပေးတော့မည်

တောင်ကိုရီးယားကုမ္ပဏီ အယ်လ်ဂျီ အီလက်ထရွန်းနစ်ဟာ ပြိုင်ဘက် ဆမ်ဆောင်းကုမ္ပဏီကြီးကို ယှဉ်ပြိုင်နိုင်မယ့် သူ့ရဲ့ မျှော်လင့်ချက်ကို ပိုမိုခိုင်မာစေမယ့် နောက်ဆုံးပေါ် ပုံထွက်စနစ်သုံး ရုပ်မြင်သံကြားတွေ ရောင်းချပေးတော့မယ့် အစီအစဉ်ကို ဇန်နဝါရီလ ၂ ရက်နေ့က အသိပေးခဲ့ပါတယ်။

အယ်လ်ဂျီအီလက်ထရွန်းနစ်ကုမ္ပဏီဟာ အိုအယ်လ်အီးဒီ (organic light-emitting diode) စနစ်သုံး ရုပ်မြင်သံကြားတွေအတွက် အမှာအော်ဒါတွေ စတင် လက်ခံနေပါပြီ။ ဒါကတော့ အိုအယ်လ် အီးဒီစနစ်သုံး ရုပ်မြင်သံကြားတွေကို ကမ္ဘာမှာ ပထမဦးဆုံးအကြိမ် စီးပွားဖြစ် ရောင်းချတာပဲ ဖြစ်ပါတယ်။

အိုအယ်လ်အီးဒီစနစ်သုံး ရုပ်မြင်သံကြားတွေမှာ သီးခြား နောက်ခံ မီးလုံးမလိုတဲ့အတွက် လက်ရှိ ရုပ်မြင်သံကြားတွေထက် ပိုပြီးပါးလွှာပါတယ်။ ဒါ့ပြင် မီးအားအသုံးပြုမှု ၂၀ ရာခိုင်နှုန်း သက်သာပြီး သမားရိုးကျ flat TVတွေထက်လည်း ရုပ်ပုံပိုကြည်လင်ပြတ်သားပါတယ်။

၅၅ လက်မကျယ်ပြီး သုည ဒသမ ၁၆ လက်မ (လေးမီလီမီတာ) အထူရှိတဲ့ အယ်လ်ဂျီကုမ္ပဏီထုတ်အိုအယ်လ်အီးဒီ ရုပ်မြင်သံကြားဟာ လာစ်ဗေးဂတ်စ်မှာ ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ Consumer ElectronicsShowမှာ အရွယ်အစား တူတဲ့ ဆမ်ဆောင်းထုတ် ရုပ်မြင်သံကြား



ရုပ်မြင်သံကြားစက်သစ်အား မော်ဒယ်တစ်ဦးကပြသနေစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ထက် တစ်ပန်းသာသွားပြီး အကောင်းဆုံး ပစ္စည်းဆုကို ရရှိခဲ့ပါတယ်။

"လာမယ့်မျိုးဆက်သစ်ရုပ်မြင်သံကြား စွေးကွက်တွင်းမှာ နေရာအခိုင်အမာ ရရှိစေဖို့အတွက် လာမယ့်ပထမသုံးလပတ်အတွင်းမှာ ကျွန်တော်တို့ရဲ့အိုအယ်လ် အီးဒီ ရုပ်မြင်သံကြားတွေကို မြောက်အမေရိကာဥရောပနဲ့အာရှာတခြားနေရာတွေမှာလည်း မိတ်ဆက်ပေးသွားမှာပါ" လို့ ကုမ္ပဏီရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အလုံးအရင်းနဲ့ ထုတ်လုပ်နေတဲ့ အိုအယ်လ်အီးဒီ ရုပ်မြင်သံကြားတွေရဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်ဖို့ ထုတ်လုပ်သူတွေက ကြိုးပမ်းနေဆဲဖြစ်တဲ့အတွက် အခုအချိန်မှာတော့ ဒီရုပ်မြင်သံကြားတစ်လုံးရဲ့ ရောင်းစျေးကို ဝမ် ၁၁ သန်း (ဒေါ်လာ ၁၀,၃၅၇) သတ်မှတ်ထားပါတယ်။

ဆမ်ဆောင်းဟာ သူ့ရဲ့လူကြိုက်များ ပစ္စည်းဖြစ်တဲ့ Galaxy S နဲ့ နုတ်စမတ်ဖုန်းတွေမှာ အိုအယ်လ်အီးဒီဖန်သားပြင် စနစ်ကို အသုံးပြုထားပြီးဖြစ်ပေမယ့် အိုအယ်လ်အီးဒီစနစ်သုံး ရုပ်မြင်သံကြားတွေကိုတော့ ဒီနှစ်နှောင်းပိုင်းမှာ စတင် ရောင်းချဖို့ ရည်မှန်းထားပါတယ်။

စွေးကွက်တွင်း ရပ်တည်နိုင်ရေး အပြင်းအထန်ကြိုးပမ်းနေရတဲ့ ဂျပန် ရုပ်မြင်သံကြားကုမ္ပဏီကြီးဆိုနီနဲ့ ပန်နာဆိုးနစ်တို့ဟာ တောင်ကိုရီးယားကုမ္ပဏီကို အဓိလိုက်နိုင်ရေး ကြိုးပမ်းမှု တစ်ရပ်အနေနဲ့ အိုအယ်လ်အီးဒီရုပ်မြင်သံကြားတွေ အပြိုင်ထုတ်လုပ်နိုင်ဖို့အတွက် ပြီးခဲ့တဲ့နှစ်မှာ ပူးပေါင်းခဲ့ကြပါတယ်။

အိုအယ်လ်အီးဒီရုပ်မြင်သံကြားတွေရဲ့ ရောင်းအားဟာ ၂၀၁၃ ခုနှစ်မှာ ၅၀,၀၀၀ ယူနစ်ရှိနိုင်ပြီး ၂၀၁၆ ခုနှစ်မှာတော့ ခုနစ်သန်းကျော်လောက်အထိ ရှိလာမယ်လို့ စွေးကွက်သုတေသနကုမ္ပဏီ ဒစ္စပလေးဆာ့ခ်ျက ခန့်မှန်းထားပါတယ်။

(အေအက်ဗ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■





‘သဘာဝပတ်ဝန်းကျင်အရေးအတွက် လူရဲ့ပညာရေးက အရေးကြီးတယ်’

စန္ဒာလွင်

ဒေါက်တာ ဖန်းရှင်းယူ (Dr Fan Xiang Yu)သည် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းများတွင် ပိုက်လိုင်းအော်ပရေတာအဖြစ် အလုပ်ဝင်မည့် ပထမအသုတ် မြန်မာ သင်တန်းသား ၅၈ ဦး သင်တန်းတက် လျက်ရှိသည့် စီခွမ်ပြည်နယ်၊ ချန်ဒူးမြို့ရှိ အနောက်တောင်ပိုင်း ရေနံပညာ တက္ကသိုလ်၊ ရေနံပညာ အင်စတီကျူ (Southwest Petroleum University (SW PU), Petroleum Institute) ၏ President နှင့် SWPU ၏ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ အောက်တိုဘာလကုန်ပိုင်းက မြန်မာ-တရုတ် ပိုက်လိုင်းများ မိတ်ဆွေဖြစ်အသင်း၏ စီစဉ်မှုဖြင့် ၎င်းတက္ကသိုလ်သို့ သွားရောက်သည့် မီဒီယာခရီးစဉ်တွင် တရုတ်-မြန်မာ စကားပြန်မှတစ်ဆင့် မြန်မာသင်တန်းသားများ အခြေအနေ၊ စွမ်းအင်ပညာ နယ်ပယ်အတွင်းမှ တရုတ်ပညာရှင် တစ်ဦး၏ ဖြတ်သန်းမှုနှင့် သဘာဝပတ်ဝန်းကျင်အရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် ရေနံလုပ်ငန်း၌ ပါဝင်လုပ်ကိုင်သူများတွင် ပညာတတ်မြောက်မှု အရေးပါပုံများကို မေးမြန်းခဲ့သည်။

*** ဆရာရဲ့ကျောင်းမှာ တစ်နှစ်ကို ရေနံလုပ်ငန်းဆိုင်ရာ အလုပ်ခွင်သင်တန်းသား ဘယ်နှဦးလောက် လေ့ကျင့်ပေးနေသလဲ။**

တခြားအင်စတီကျူတွေတော့ မသိဘူး။ ကျွန်တော့ အင်စတီကျူမှာတော့ အလုပ်ခွင်သင်တန်းသား တစ်နှစ်ကို အယောက် ၆၀၀ လောက် လာတက်ပါတယ်။ တရုတ်ပြည်က နာမည်ကျော်ရေနံကုမ္ပဏီတွေ အားလုံးပါပါတယ်။ တရုတ်ကုမ္ပဏီတွေက တရုတ်ဝန်ထမ်းတင်မက တခြား နိုင်ငံခြားဝန်ထမ်းတွေလည်း ပါပါတယ်။ ဥပမာ တောင်အာဖရိက၊ အီရတ်က ဝန်ထမ်းတွေလည်း ပါပါတယ်။ အဲဒီထဲမှာ ကျွန်တော်ထင်တာကတော့ မြန်မာဝန်ထမ်းတွေက အတော်ဆုံးပဲ။

*** ရေနံပညာရပ်ပါရဂူတစ်ဦးအတွက် ဒီပညာရပ်အတွင်း ရောက်ရှိခဲ့ပုံ၊ ဒီပညာရပ်ရဲ့ စိတ်ဝင်စားစရာကောင်းပုံတွေကိုလည်း ပြောပြပေးပါ။**

ကျွန်တော့မိဘတွေကလည်း ရိုးရိုးလယ်သမားတွေပါ။ တက္ကသိုလ်မတက်ခင်ကလည်း ရေနံက ဘယ်လို၊ သဘာဝတော်ဋ္ဌေးဆိုတာ ဘာလဲမသိခဲ့ပါဘူး။ ဆိုတော့ ဝါသနာပါလို့ လို့ ပြောလို့တော့ မရဘူးပေါ့။ ဒါပေမယ့် ဒီရေနံပညာကို သင်ပြီးတဲ့နောက်မှာ ဒီပညာကို အရမ်း ဝါသနာပါလာပါတယ်။ ဒီတက္ကသိုလ် တက်ပြီးတော့ စသိခဲ့တာက ရေနံနည်းပညာမဟုတ်ဘဲ တရုတ်ပြည်ရဲ့ ရေနံနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုကို စသိခဲ့တယ်။ တရုတ်ပြည်ရဲ့ ရေနံယဉ်ကျေးမှုက နည်းနည်းထူးခြားတယ်။ စွန့်စားမှုပါတဲ့ အလုပ်မျိုးကို တရုတ်လူမျိုးတွေက ချစ်တယ်။ ရေနံလုပ်ငန်းကလည်း စွန့်စားမှုပါတဲ့အလုပ်ဆိုတော့ အဲဒါကို စွဲသွားတာပါ။

*** ဆရာ ဖြတ်သန်းခဲ့တဲ့ကာလ တစ်လျှောက်မှာ ရေနံပညာရပ်နယ်ပယ်အတွင်း ဘယ်လို အပြောင်းအလဲတွေ ကြုံခဲ့ရသလဲ။**

တရုတ်မှာ ရေနံလုပ်ငန်းစလုပ်တာ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့စာရင် နည်းနည်းတော့ နောက်ကျတယ်။ အနှစ် ၅၀ လောက်ပဲ ရှိပါသေးတယ်။ ဒီ အနှစ် ၅၀ အတွင်းမှာ ပြောင်းလဲမှုတွေ အများကြီး ရှိခဲ့ပါတယ်။ ပထမဦးဆုံး စခိုန်မှာတော့ ရေနံရှာဖွေရေးနဲ့ ထုတ်ယူရေး အဲဒါကို ပိုပြီးတော့ အလေးထားခဲ့တယ်။ နောက်ပိုင်းနည်းပညာ တဖြည်းဖြည်းနဲ့ တက်လာပြီး ကျယ်ပြန့်လာတဲ့အခါမှာ ရေနံသယ်ယူပို့ဆောင်ရေးနဲ့ သိုလှောင်ရေးက ပိုပြီးတော့ အရေးကြီးလာပါတယ်။ တက္ကသိုလ်အနေနဲ့လည်း အတူတူပါပဲ။ စတုန်းကတော့ ရှာဖွေ၊ ထုတ်ယူတတ် လုပ်ရေးကိုပဲ အလေးထားပါတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဒီသိုလှောင်ရေးနဲ့ ပို့ဆောင်ရေးအပိုင်းကို တဖြည်းဖြည်းနဲ့ ပိုပြီးတော့ သင်ကြားလာပါတယ်။

အခုဒီတက္ကသိုလ်မှာဆိုရင် ရေနံနဲ့ပတ်သက်တဲ့ ပညာရပ်ကို အရမ်း ဘက်စုံအောင် ချမှတ်ထားပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း ရေနံလုပ်ငန်းမှာ အရမ်း တိုးတက်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါတယ်။ အရင်တုန်းက တခြားနိုင်ငံရဲ့ နည်းပညာကို ကိုယ်ကယူခဲ့ရရာက အခု ကိုယ့်ရဲ့နည်းပညာကို တခြားနိုင်ငံတွေက သုံးနိုင်တဲ့ အနေအထား ဖြစ်လာပါတယ်။ အဲဒါကလည်း တိုးတက်မှုတစ်ခုပါပဲ။

*** ပညာပိုင်းဆိုင်ရာ ကျယ်ပြန့်ပြီး ပိုသိလာတာနဲ့အမျှ ဒီရေနံလုပ်ငန်းမှာ သဘာဝပတ်ဝန်းကျင်ပိုင်း၊ လူမှုရေးပိုင်းနဲ့ပတ်သက်ပြီး သိရှိလာမှုကရော ဘယ်လိုရှိပါသလဲ။ ရေနံကုမ္ပဏီကြီးတွေကိုရော ဆရာတို့က ဘယ်လို အကြံဉာဏ်တွေ ပေးလေ့ရှိပါသလဲ။**

ကျွန်တော့အယူအဆအရ ဆိုရင်တော့ အဓိကက လူပါပဲ။ ဘယ်သူက ဒီလုပ်ငန်းကို ဝင်လုပ်သလဲ။ အဲဒီလူက စွမ်းရည်ရှိမယ်၊ ပညာရှိမယ်ဆိုရင် ပိုပြီး ကောင်းပါတယ်။ ဒါကြောင့်လည်း အရင်တုန်းက ကျွန်တော်လည်း ရေနံကုမ္ပဏီ တစ်ခုမှာ လုပ်ခဲ့ရာက နောက်ပိုင်းမှာ ပညာသင်ကြား ဖြန့်ဖြူးရေးဘက်ကို ပြောင်းလုပ်ခဲ့တာ ဖြစ်ပါတယ်။ လူရဲ့ ပညာရေးက ပိုပြီး အရေးကြီးပါတယ်။ ဒီလူက ဒီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းတို့၊ ဘာတို့ကို နားလည်လာမယ်ဆိုရင်တော့ သူက အားလုံးကို လုပ်နိုင်ပါတယ်။ နောက်တစ်ခုကလည်း ကုမ္ပဏီအနေနဲ့ ပထမဦးဆုံးက နိုင်ငံရဲ့ ဥပဒေကို လိုက်နာရမယ်။ နောက်တစ်ခုက ကိုယ့်ဝန်ထမ်းရဲ့ ပညာတိုးတက်ရေးအပေါ် ကိုလည်း ကြိုးစားရမယ်။ ကုမ္ပဏီကလည်း (သဘာဝပတ်ဝန်းကျင်) ထိန်းသိမ်းရေးအပေါ် ကြိုးစားရမယ်။ ဒီခေါင်းစဉ်အကြောင်းပြောမယ် ဆိုရင်တော့ အချိန်တော်တော်ယူ ပြောမှရပါမယ်။ ■



သွေးလှူဒါန်းသူတစ်ဦးထံမှ သွေးဖောက်ယူနေစဉ်။ ဓာတ်ပုံ-သီရိ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စိန်ဂေဟာမိသားစု သွေးလှူဒါန်း

ဌေးကူသစ္စာ

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စိန်ဂေဟာမိသားစုနှင့် ဈေးဝယ်သူများ ၏ ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇန်နဝါရီလ ၄ ရက်နေ့ က ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပရာ စိန်ဂေဟာတွင်ဈေးဝယ်သူ ၃၀၀ ကျော်နှင့် ဝန်ထမ်း ၁၂၀ ကျော် ပါဝင် လှူဒါန်းခဲ့ကြသည်။

“ကိုယ့်သွေးနဲ့ သူတစ်ပါးကို အသက်ဆက်စေနိုင်ခြင်းဟာ အလွန်မွန်မြတ်တဲ့ အလုပ်လို့ ခံယူထားပါတယ်။ ကျွန်မသုံးတန်းနှစ်လောက်က နေမကောင်းဖြစ်လို့ ဆေးရုံတက်ဖူးတယ်။ အဲဒီတုန်းက အရေးပေါ် သွေးသွင်းခဲ့ရတယ်။ သူများသွေးနဲ့ အသက်ဆက်ခဲ့ရတယ်။ အဲဒီလိုပဲ ကိုယ့်သွေးနဲ့သူများတွေကိုလည်း အသက်ဆက်ခွင့် ရစေချင်ပါတယ်” ဟု စိန်ဂေဟာမှ အရောင်းဝန်ထမ်း မဂျူလိုင်က ပြောသည်။

“သူငယ်ချင်းလေးယောက် လာတာ လေးယောက်စလုံးလှူခွင့်ရတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ သွေးတစ်ပုလင်းဟာ လူအသက်တစ်ချောင်းကို ကယ်နိုင်တယ်ဆိုတာသိလို့ လာလှူတာပါ။ ကျွန်တော်က ပထမဆုံးအကြိမ် လာလှူတာပါ။ ကျွန်တော့သူငယ်ချင်းတွေထဲမှာ တော့လှူဒါန်းဖူးတဲ့သူတွေ ပါပါတယ်” ဟု ပိုလ်တထောင်မြို့နယ်မှ သူငယ်ချင်း လေးယောက်နှင့် အဖွဲ့လိုက် လာရောက် လှူဒါန်းသူ ကိုရဲမင်းက ပြောသည်။

သွေးလှူဒါန်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို စိန်ဂေဟာမှ ဒါရိုက်တာ ဦးမောင်မောင်ဝင်းက “ရည်ရွယ်ချက်ကတော့ လူအဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်လှတဲ့ သွေးတွေကို လုံလုံလောက်လောက် ရရှိနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ပြီးတော့ စိန်ဂေဟာမိသားစုအနေနဲ့လည်း လှူဒါန်းဖြစ်သလို ဆိုင်ဝန်ထမ်းတွေလည်း လှူဒါန်းဖြစ်တယ်။ ဆိုင်မှာ လာအားပေးတဲ့ ဈေးဝယ်ယူအားပေးသူတွေကိုလည်း မွန်မြတ်လှတဲ့ ဒီလိုအလှူမျိုး လှူဒါန်းဖြစ်အောင်၊ အတူတကွ ပါဝင်ဆင်နွှဲဖြစ်အောင် စုပေါင်းလုပ်ဆောင်ကြခြင်းပဲ ဖြစ်ပါတယ်။ မနှစ်ကနေ စလုပ်ခဲ့တာပါ။ ဒီလို အလှူမျိုးကိုနောင်နှစ်တွေမှာလည်း ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ မနှစ်ကတော့ စိန်ဂေဟာမိသားစုနဲ့ ဝန်ထမ်းတွေရဲ့ သွေးလှူဒါန်းမှုဟာ ပုလင်း ၂၀၀ ကျော်ပါတယ်”ဟု ပြောသည်။ ■

အမေရိကန်တွင် အသက်မွေးဝမ်းကျောင်းဘာသာ တက်ရောက်နိုင်

အမေရိကန်ပြည်ထောင်စု၌ ကောလိပ်တက်ရောက်လိုသူများအတွက် Herkima Country Community College မှ ဇန်နဝါရီလများနှင့် ဩဂုတ်လများတွင် ဝင်ခွင့်ခေါ်ယူပြီး၊ နယူးယောဉ်ပြည်နယ် ပညာရေးဌာနနှင့် နယူးယောဉ် တက္ကသိုလ်တို့မှ အသိအမှတ်ပြုထားသည်။ ယင်းကောလိပ်သည် နှစ်နှစ်ကြာမြင့်ပြီး အသက်မွေးဝမ်း ကျောင်းဘာသာရပ်များကို သင်ကြားပို့ချကာ နှစ်နှစ် သင်ကြားပြီးပါက တက္ကသိုလ်ကြီးများသို့ လေးနှစ်ခန့် ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပြီး Associate in Arts Degree (AA) ၊ Associate in Science Degree (AS) ၊ Assoicate in Applied Science Degree(AAS) စသည့်ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်သည်။ တစ်နှစ်လျှင် ကျောင်းလခ အမေရိကန်ဒေါ်လာ ၎၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး၊ လျှောက်ထားလိုသူများသည် ၁၀ တန်းအောင်မြင်ရန်နှင့် TOEFL ၊SAT နှင့် IELTS အမှတ်များမရှိလည်း လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက Crown Education ၊အမှတ် ၂၎၀၊ ပထမထပ်၊ အခန်း ၁(ဃ)၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗုန်း ၀၉၇၃၂ ၎၂၃၎၎ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ယွန်းနှင်း**

Business Times
သောကြာနေ့၊ ဇန်နဝါရီ ၁၁ – ၁၇၊ ၂၀၁၃

စိုက်ပျိုးရေးကိုအခြေခံသည့် သုံးခွမြို့တွင် လောင်းကစားမှုများကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ပိုမိုတွင်ကျယ်စွာ ပြုလုပ်လာ

စိုးစန္ဒာဦးနှင့် စမ်းယမင်းဇေအာင်

စိုက်ပျိုးရေးကို အခြေခံသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သုံးခွမြို့နယ်တွင် ပုံမှန်စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်သူနည်းပါးလာပြီး ဒေသခံအများစု၏ နေ့စဉ်နေထိုင်စားသောက်မှုအတွက် အားထားရာ စီးပွားရေးလုပ်ငန်းအဖြစ် လောင်းကစားလုပ်ငန်းများကအစားထိုးနေရာယူလာကြောင်း သုံးခွမြို့နယ်ရှိဒေသခံများက ပြောသည်။

"သုံးခွမြို့ရဲ့အဓိကစီးပွားရေးက စိုက်ပျိုးရေးကို အခြေခံတာပါ။ အခုနောက်ပိုင်းမှာ လောင်းကစားမှုကို အခြေခံလာကြတယ်။ ပဲနဲ့စပါးကို အဓိကစိုက်ပျိုးပေမယ့်လည်း လောင်းကစားမှု တော်တော်များနေတဲ့မြို့ပါ။ ဖမ်းရင်လည်း ကြီးကြီးကျယ်ကျယ်လုပ်နေတဲ့ ဒိုင်ကိုမိတယ်လို့ တစ်ခါမှ မကြားဖူးဘူး။ ဖဲပိုင်းဆိုလည်း ခဲ့ိန်းပိုင်းတွေ ဒုနဲ့ဒေး ဖြစ်နေပေမယ့် ထိထိရောက်ရောက်မဖမ်းကြဘူး" ဟု သုံးခွနယ်ခံကိုမြဓိန်က ပြောသည်။

လတ်တလောတွင် လောင်းကြေးငွေကျပ်လေးသိန်းမှ ဆယ်သိန်းအထိ အလောင်းအစားပြုလုပ်သော ကြက်ပွဲများမှာ တစ်လတွင် သုံးကြိမ်ခန့် အနည်းဆုံးရှိနေကြောင်း သုံးခွမြို့နယ် ကျားဘိကျေးရွာမှ ဦးစံလင်းက ပြောသည်။

"လူတွေက လောင်းကစားကိုပဲစိတ်ဝင်စားသလို ဖြစ်နေကြတယ်။ ထိထိရောက်ရောက် အနေးယူတာလည်း မရှိ တော့ကျေးရွာလုံခြုံရေးအတွက်လည်း မကောင်းဘူး" ဟု ၎င်းက ပြောသည်။

သုံးခွမြို့ပေါ်မှ မော်တော်ဆိုင်ကယ်အငှားမောင်းသူတစ်ဦးက အဆိုပါကြက်ပွဲများသို့ သုံးခွဒေသခံများသာမက နီးစပ်ရာမြို့နယ်များဖြစ်သော ခရမ်းနှင့် ရန်ကုန်မြို့သူများပါ လာရောက်လောင်းကြေးထပ်ကစားမှုများ ပြုလုပ်လာခြင်းကြောင့် ကြက်ပွဲလောင်းကစားမှုမှာ ပိုမိုတွင်လာကြောင်း ပြောသည်။

မြေယာဥပဒေအရ လယ်သမားများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော လယ်ယာမြေများကို ပေါင်နှံရောင်းချခွင့်မရှိသော်လည်း လယ်သမားအများစုမှာ လယ်ပြန်ငွေပြန်စနစ်ခေါ် မိမိပိုင်ဆိုင်သော လယ်မြေကို နှုတ်ကတိဖြင့် တစ်လလျှင် အတိုးခြောက်ကျပ်နှုန်းပေးကာ ငွေကြေးတတ်နိုင်သူများထံတွင် ပေါင်နှံလုပ်ကိုင်ကာ ရပ်တည်နေရကြောင်း ဒေသခံလယ်သမားများက ပြောသည်။

၎င်းတို့၏ အဆိုအရ ထိုကဲ့သို့ငွေတိုးချစားနေသူများမှာ အထူးသဖြင့် လယ်ယာလုပ်ငန်းကို အဓိကမထားပဲ လောင်းကစားလုပ်ငန်းမျိုးစုံကို စီးပွားဖြစ်လုပ်ကိုင်နေကြသူများ ဖြစ်သည်။

ကျားဘိကျေးရွာမှ လယ်ယာလုပ်ကိုင်သူဦးလှဌေးက "၂၀၀၆ - ၂၀၀၇ လောက်ကတည်းက ငွေဆယ့်တစ်သိန်းကို ခြောက်ကျပ်တိုးနဲ့ ချေးထားတာ ၂၀၀၉ လောက်ကျတော့ အခြေအနေကပိုဆိုးလာလို့ အတိုးတောင်မပေးနိုင်တော့ပဲ လယ်မြေနဲ့ ဆပ်ရတာလည်း ရှိတယ်။ ဒီကြားထဲ ကိုယ်က ပေါင်ထားတုန်းမှာ အမည်ပေါက် ပြောင်းတာမျိုးလည်း ကြုံရတယ်" ဟု ပြောသည်။

လက်ရှိတွင် အချို့လယ်သမားများမှာ စိုက်ပျိုးရေးဘဏ်မှ ငွေချေးယူရာတွင် အဆင့်ဆင့်ငွေပေးရခြင်းကြောင့် အခက်ကြုံလျက်ရှိပြီး ပြင်ပငွေချေးသူများထံတွင် လယ်ပေါင်ပါကလည်း အရင်းပေါ်အတိုးထပ်ခြင်းကြောင့် လယ်လက်မဲ့ဖြစ်ရခြင်းမျိုးလည်း ကြုံရကြောင်း ၎င်းက ပြောသည်။

ကျားဘိကျေးရွာမှ အခြားလယ်သမားတစ်ဦးဖြစ်သူ ဒေါ်စန်းကြည်က "သုံးခွစိုက်ပျိုးရေးစရိတ်ချေးငွေဘဏ်ကနေ ချေးငွေယူဖို့အတွက်ကို ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ် လိုတယ်။ လမ်းစရိတ်က တစ်ထောင်၊ ဘဏ်ရုံးပြင်ဆင်ဖို့ အလှူငွေက သုံးထောင်၊ ဘဏ်စာအုပ်လုပ်ဖို့က နှစ်ထောင်၊ ချေးငွေထုတ်ဖို့အတွက် စုစုပေါင်းတစ်ယောက်ကို

စာမျက်နှာ ၂၆ သို့

စိအင်ဂျီ အမြန် ပြောင်းပေးမည်

စိုးစန္ဒာဦး

ယာဉ်အိုယာဉ်ဟောင်းအဖြစ် ပြန်လည်အပ်နှံကာ ဖျက်သိမ်းအစားထိုးထားသော မူလယာဉ်ပိုင်ရှင်များ၏ အမည်ပေါက်ယာဉ်များတွင် CNG ပြောင်းလဲတပ်ဆင်အသုံးပြုခွင့်ကို အောက်တိုဘာလ ၂၀၁၁ မှ စတင်လျှောက်ထားခွင့်ပြုခဲ့ရာ နောက်ပိုင်းတွင် တစ်လမှ တစ်လခွဲအတွင်း အပြီးအစီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လက်ရှိမှာ ခရီးသည်တင်ယာဉ်နဲ့ အငှားယာဉ်တွေကို ဦးစားပေးမှာပါ။ နိုဝင်ဘာလဆန်းကတင်တဲ့ သူတွေ ရနေပြီ။ နောက်ပိုင်းတစ်လနဲ့တစ်လခွဲကြားမှာ ရပါမယ်" ဟု ၎င်းက ပြောသည်။

အဆိုပါစီမံချက်ကို အောက်တိုဘာလ ၁၁ ရက်နေ့မှ စတင်ခဲ့ခြင်းဖြစ်ပြီး လာရောက်လျှောက်ထားသည့်ဦးရေမှာ ဒီဇင်ဘာလတစ်လအတွင်းတွင်ပင် စုစုပေါင်း ကားအစီးရေ ၁,၇၀၀ ဝန်းကျင်ခန့် ရှိကြောင်း ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် ပေါင်း ၄၀ ခန့် အခုနှစ်ပြည့်ဖွင့်လှစ်ထားပြီး အကန့်အသတ်မရှိ ထည့်နိုင်ကြောင်းလည်း ၎င်းက ပြောသည်။

လုပ်ငန်းလိုင်စင်အလိုက် CNG ပယ်ဖျက်ထားသော စာရင်း ၁,၂၁၅ စီးရှိပြီး ခရီးသည်တင်ယာဉ်များနှင့် အငှားယာဉ်များကို ပြန်လည်ပေးနေခြင်းဖြစ်ကာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ ပြောင်းလဲတပ်ဆင်ပြီးသော သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ် စုစုပေါင်း ၁၃,၂၅၆ စီးရှိပြီ ဖြစ်သည်။

CNG သုံးအငှားယာဉ်မောင်းတစ်ဦးက "ကားတွေအကုန်လုံးကို CNG ပြောင်းပြီးဆိုင်တွေလည်း လက်ရှိအရေအတွက် ထက်ပိုပြီး ထပ်ချဲ့နိုင်ရင်အတိုင်းထက်အလွန်ပါပဲ။ CNG နဲ့ မောင်းရင် တစ်ရက်ကိုနှစ်ထောင်ဖိုးလောက် ထည့်ပြီး တစ်နေကုန်အောင်မောင်းလို့ ရတယ်။ အဲဒီနှုန်းကဓာတ်ဆီလေးဂါလန်စာနဲ့ညီတယ်" ဟု ပြောသည်။

CNG သုံးမော်တော်ယာဉ်ကို အငှားယာဉ်ပြေးဆွဲပါက အုံနှာခ တစ်ရက် ကျပ် ၁၅,၀၀၀ ဝန်းကျင်ပေးရပြီး ဓာတ်ဆီကားမှာတစ်ရက်ကျပ် ၁၀,၀၀၀ ဝန်းကျင်ပေးရသော်လည်း အမြတ်ကျန်ကြောင်းသို့ရာတွင် ခရီးဝေးငှားပါက CNG မှာ ပဲ့ုးဝန်းကျင်အထိသာ လိုက်နိုင်ပြီး ဓာတ်ဆီကားများအတွက် ခရီးဝေးမှာ ပိုမိုအဆင်ပြေကြောင်း ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG သုံးသဘာဝဓာတ်ငွေ့များအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတို့မှ ထုတ်ယူကာ အရောင်းဆိုင်များတွင်တစ်လလျှင် ၂၇၅ကျပ်နှုန်းဖြင့် ရောင်းချပေးလျက် ရှိသည်။ ■

ငွေကြေးဈေးကွက်

နိုင်ငံတကာ ငွေကြေးဈေးကွက်

▪ ဝ. ၇၆၂၈	ယူရို
▪ ဝ. ၆၂၁၇	ပြိတိသျှပေါင်
▪ ၁. ၂၉၈	စင်ကာပူဒေါ်လာ
▪ ၆. ၂၂၆၄	တရုတ်ယွမ်
▪ ၃၀. ၄၄၇၄	ထိုင်းဘတ်
▪၃. ဝ၄၃၁	မလေးရှားရင်းဂစ်

ပြည်တွင်း ငွေကြေးဈေးကွက်

သိမ်းဖြူငွေလဲကောင်တာဈေးနှုန်း

'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၅၂-၈၅၈
FEC တစ်ယူနစ်	▪ ကျပ် ၈၅၂-၈၅၈

ပြင်ပဈေးကွက်ဈေး

'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၅၆-၈၅၇
FEC တစ်ယူနစ်	▪ ကျပ် ၈၅၆-၈၅၇
ပို့ကုန်ရတစ်ဒေါ်လာ	▪ ကျပ် ၈၅၉
ဗဟိုဘဏ်ဈေးနှုန်း	▪ ကျပ် ၈၅၇

(ဇန်နဝါရီ ၈ရက်နေ့ ဈေးနှုန်းများ)



၁,၃၀၀ စီစီကားများသာ အရောင်းအဝယ် အနည်းငယ်ဖြစ်လာ

တိုးဝေဇော်



ဈေးကွက်အတွင်း လူကြိုက်များသည့် ကားအမျိုးအစားများအနက် တစ်ခုဖြစ်သည့် Toyota Belta **ကားတစ်စင်းကို ရန်ကုန်မြို့လယ်ရှိ ဗိုလ်ချုပ်လမ်းပေါ်တွင် တွေ့ရစဉ်။** ဓာတ်ပုံ - ကိုတိတ်

ရန်ကုန် ကားဈေးကွက်အတွင်း ဆိပ်ကမ်းရောက်တန်ဖိုး ဒေါ်လာ ၅,၀၀၀ သတ်မှတ်ထားသည့် ၁,၃၀၀ စီစီကားများသာ အဝယ်များခဲ့ပြီး အရောင်းအဝယ်မှာလည်း သိသာစွာပြောင်းလဲမှုမရှိသေးကြောင်း ဈေးကွက်အတွင်းမှလုပ်ငန်းရှင်များက ပြောသည်။

"ကားဈေးကွက်က ပြန်ပြီးမကောင်းသေးဘဲ အရင်လတွေတုန်းက ပုံစံအတိုင်းပါပဲ။ ကားအရောင်းပြခန်းတွေတွင်မဟုတ်ဘဲ အပြင်ကားဈေးကွက်ထဲမှာလည်း ဒီအတိုင်းဖြစ်နေတာ တော်တော်ကြာနေပါပြီ။ ကားဈေးတွေ ကျတယ်ဆိုလို့ နယ်ကဝယ်လက်တွေ အဆင်းများမယ်လို့ ထင်ထားပေမယ့်လည်း တကယ်တမ်းကျတော့ သိပ်မလာကြဘူး။ အခုလက်ရှိဈေးကွက်ထဲမှာ ဝယ်ထားတဲ့သူတွေကလည်း ဈေးကျမယ်ဆိုတာကို သိနေတော့ ငွေတွေ အရမ်းနစ်နာသွားမလားဆိုပြီး လက်ရှိဝယ်ထားတဲ့ ကားတွေကို ဒီထက်ဈေးပိုမကျခင် လျှော့ဈေးနဲ့ ပြန်ရောင်းနေရတဲ့အဖြစ် ရောက်နေပြီ"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုအုန်းက ပြောသည်။

ကားဈေးကွက်အတွင်း ဆိပ်ကမ်းရောက်တန်ဖိုးအသစ်ထွက်ရှိလာပြီးသော်လည်း အရောင်းအဝယ်မှာ ပြန်လည်ကောင်းမွန်လာခဲ့ခြင်းမရှိသည့်အပြင် ကားအရောင်းပြခန်းများမှလည်း ဝယ်သူစိတ်ဝင်စားစေမည့် ကားပြပွဲများ နေရာအနှံ့တွင်ပြုလုပ်ကာ ဈေးလျှော့ရောင်းချလာသည်ကိုတွေ့ရပြီး ကားပိုင်ရှင်များကလည်း မိမိတို့လက်ဝယ်ရှိကားများကိုလည်း ကားအရောင်းပြခန်းမှနှုန်းထားများအောက် ဈေးလျှော့ရောင်းချမှုများရှိလာသည်ကို တွေ့ရကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"ကားဝယ်ထားတဲ့သူရော၊ အရောင်းပြခန်းတွေပါ အနှုန်းခံပြီး ရောင်းမယ်ဆိုရင်တောင် ဝယ်မယ့်သူမရှိဘူး။ ဖရီးပါမစ်နဲ့ တင်သွင်းတဲ့ကားတွေက ဈေးသက်သာတယ်ပြောလို့ အဝယ်လိုက်လာတယ်။ ဒါပေမယ့် တအားအလိုက်ကြီးတော့ မဟုတ်ဘူး"ဟု ကားဝယ်ရောင်း ကိုဦးကပြောသည်။

ဝယ်သူအများစုအနေဖြင့် မျက်မြင်အခြေအနေဖြင့် စိတ်တိုင်းကျကြည့်ရှု ဝယ်ယူနိုင်သည့် ပြင်ပဈေးကွက်မှကားများကိုသာ ဝယ်ယူရန်ပိုမိုစိတ်ဝင်စားကြကြောင်းလည်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"ကားဝယ်တဲ့သူတွေက ရှိလို့ဝယ်တဲ့သူ နည်းကြတယ်။ လုပ်ငန်းသုံးဖို့အတွက် ကားဟောင်းရောင်းလို့ရတဲ့ ငွေကို နောက်ထပ်နည်းနည်းထပ်စိုက်ပြီး သင့်တင့်တဲ့ကားကိုပြန်ဝယ်ပြီးတော့ စီးပွားရှာဖို့ဝယ်တဲ့သူကများတယ်။ အဲဒီတော့ အင်တာနက်ကနေ ဂျပန်ဈေးကွက်ကို ကြည့်ဖို့အဆင်မပြေတော့ဘူး။ ပြည်တွင်းမှာလည်ပတ်နေတဲ့ကားတွေကိုပဲ ဝယ်ယူကြတယ်။ ဟိုကကားတွေက ဒီကိုမှာရင် အခွံနဲကြာမယ်။ စာရွက်စာတမ်းကိစ္စတွေ အလုပ်ရှုပ်လာမယ်။ အဲဒီတော့ အလုပ်ရှုပ်မခံတော့ဘူး။ ချက်ချင်းသုံးလို့ ရမယ့်ကားတွေကိုပဲ ဝယ်ကြတာကများတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ဦးမင်းညွှန့်က ပြောသည်။

ကားဈေးနှုန်းများကျဆင်းနေခြိန်တွင် ဈေးကွက်အတွင်း ယခင်ကဈေးနှုန်းကျပ် သိန်းထောင်ကျော်တန်ကားများမှာလည်း ၃၀ ရာခိုင်နှုန်းခန့် ဈေးကျဆင်းလာပြီး လက်ဝယ် ရှိသူများမှာလည်း ဆက်လက်ဈေးကျဆင်းလာပါက ငွေကြေးဆုံးရှုံးမှု ပိုမိုများလာမည်ဖြစ်ခြင်းကြောင့် ရရှိသည့်ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချလာကြောင်းလည်း လုပ်ငန်းရှင်များက ပြောသည်။

"ကားဈေးကွက်က ကြိုက်ရောင်းကြိုက်ဝယ် ဖြစ်လာပြီ။ ဈေးနှုန်းက တစ်သတ်မတ်တည်း မဟုတ်တော့တဲ့အတွက် ဈေးကွက်က ပျက်စပြုလာပြီ။ အရောင်းပြခန်းတွေက ကားပွဲစားတန်းကဈေးတွေကို လှမ်းထောက်တယ်။ ကားပွဲစားတန်းကလူတွေကလည်း အရောင်းပြခန်းရဲ့ အခြေအနေကို ကြည့်လာကြတယ်။ နောက်တစ်ခုက ဖရီးပါမစ်နဲ့ ပတ်သက်ပြီး တင်သွင်းခွင့်ကို ကန့်သတ်မယ်ဆိုတဲ့ ကောလာဟလတွေက ဖြစ်ခဲ့သေးတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ဦးကြည်ညွှန့်က ပြောသည်။

ကားဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းမှုများဖြစ်ပေါ်ခဲ့သော်လည်း စလစ်ဈေးနှုန်းနှင့် အပ်နှံသည့်ကားဈေးနှုန်းများ သိသာစွာကျဆင်းသွားခြင်း မရှိဘဲ ကျပ်သိန်း ၈၀ ဝန်းကျင်တွင် ဒေါ်လာ ၂၁၆ သန်းနှင့် ဒေါ်လာ ၂၇၈ သန်းသို့ အသီးသီးမြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီး၏ ငါးရှဉ့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတိုင်းကျော်က လှုပ်ရှားအဖွဲ့အနေဖြင့် အချို့ဖြစ်စဉ်များကို ဖော်ပြပေးခဲ့ခြင်း မရှိဘဲ အားနည်းချက်အနေဖြင့် ကျွမ်းကျင်လုပ်သားနှင့် ဝန်ထမ်းအရေအတွက် နည်းပါးခြင်းနှင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်ကြောင်း ပြောသည်။

"လိုင်စင်ထုတ်ပေးတဲ့နေရာမှာ ကုန်ပစ္စည်းတိုင်းကို လိုင်စင်နဲ့ လုပ်တာမျိုးမဖြစ်သင့်ဘူး။ တချို့ပို့ကုန်၊သွင်းကုန်တွေကို လိုင်စင်ထုတ်ပေးဖို့ လိုမလိုစဉ်းစားတယ်။ ဥပမာငါးရှဉ့်လိုပြည်တွင်းမှာပို့ချနေတဲ့ကုန်စည်တွေဆိုရင် လိုင်စင်အကန့်အသတ် မထားသင့်ဘူး။ နောက်ပြီး ဒီကနေ ဖြစ်ဖြစ်မြောက်မြောက် မထုတ်နိုင်ဘဲ အရည်အသွေးလည်း မမီတဲ့ ဆောက်လုပ်ရေးသုံးပစ္စည်းမျိုးတွေတင်သွင်းတာအတွက်လည်း ပြန်စဉ်းစားဖို့ လိုတယ်"ဟု ၎င်းက ပြောသည်။

ပွင့်လင်းမြင်သာမှုမရှိပဲ အဂတိလိုက်စားမှုများဖြစ်ပေါ်လာပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့(၂) ၏ ခေါင်းဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောသည်။

"လာဘ်ပေးလာဘ်ယူနဲ့ အဂတိလိုက်စားတဲ့ ကိစ္စတွေကို ပြင်းပြင်းထန်ထန် အရေးယူသွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမှုဖွင့်ပြီး အရေးယူသွားပါမယ်"ဟု ၎င်းက ပြောသည်။

ပညာပေးကာလအတွင်း ယာယီသိမ်းဆည်းထားသည့်ကုန်ပစ္စည်းများမှ တရားဝင်ကုန်သွယ်ခွင့်ပြုပစ္စည်းများကို လိုင်စင်ပြန်ထုတ်ပေးခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၇,၀၀၀ (ကျပ် ၂၆ သန်းကျော်ဖိုး)ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။ ■

နယ်စပ်တရားမဝင်ကုန်သွယ်မှုကို လျှော့ချလာနိုင်သော်လည်း ကွင်းဆင်းစစ်ဆေးမှုအပိုင်းများတွင် အားနည်းချက်နှင့် လိုအပ်ချက်များစွာ ရှိနေသေး

အေးသီတာကျော်

ယခုဘဏ္ဍာနှစ်၏ စက်တင်ဘာလအထိ နယ်စပ်ကုန်သွယ်ရေးတွင် တရားမဝင်ကုန်သွယ်မှုအချို့ မြင့်မားနေမှုကို လျှော့ချရန် နယ်စပ်ဂိတ်များတွင်လှုပ်ရှားရှာဖွေတားဆီးစစ်ဆေးရေးအဖွဲ့ Mobile Team များဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလဆန်းမှ စတင်ခါ နယ်စပ်ဂိတ်များနှင့် ကုန်သွယ်မှုလမ်းကြောင်းများကို ကြပ်မတ်စစ်ဆေးခဲ့ပြီးနောက်ပိုင်းတွင် တရားဝင်နယ်စပ်ကုန်သွယ်မှုမှာ နှစ်ကုန်ပိုင်းနှစ်လတာကာလအတွင်း မြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

သို့သော် ထိုသို့ဆောင်ရွက်မှုများတွင် အားနည်းချက်များရှိနေသေးပြီး ပို့မိုပွင့်လင်းမြင်သာရန်လည်း လိုအပ်နေသေးကြောင်း ဇန်နဝါရီလ ၅ ရက်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပသော နယ်စပ်ကုန်သွယ်ရေးဆွေးနွေးပွဲတွင် ကုန်သည်များနှင့် တာဝန်ရှိသူများက ပြောသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူ အကာအကွယ်ပေးရေးကို ထိ ခိုက်ကာ၊ ရသင့်သည့်အခွန်အခနှင့် ကုန်သွယ်မှုပမာဏများ လျော့ကျနေမှုကြောင့် ယမန်နှစ်နိုဝင်ဘာလမှစတင်ခါ လားရှိုးနှင့် မူဆယ်ဂိတ်များတွင် Mobile Team အဖွဲ့များဖြင့် လျှပ်တစ်ပျက် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ယခုနှစ်ဆန်းပိုင်းတွင် မူဆယ်-မန္တလေးနှင့် မြဝတီ-ရန်ကုန်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိတရားမဝင်ဂိတ်များဖြစ်သော ရေပူနှင့် မရမ်းချောင်းစစ်ဆေးရေး ဂိတ်နှစ်ခုကို ဖယ်ရှားပေး ခဲ့သည်။

အဆိုပါဂိတ်များ ဖြုတ်သိမ်းခြင်းမပြုမီ ဖမ်းဆီးရရှိမှု အခြေအနေများမှာ မူဆယ်၊ ရေပူ၊ မြဝတီ၊ မရမ်းချောင်းစခန်းများတွင် အများဆုံးဖြစ်ပြီး ဖမ်းဆီးရမိပစ္စည်းများမှာ ကျောက်စိမ်း၊ ကျောက်မျက်၊ အင်ကြင်းကျောက်၊ မူးယစ်ဆေးဝါး၊ တရားမဝင်ယာဉ်များ၊ သစ်ခွဲသားနှင့် ပရိဘောဂများဖြစ်ကြောင်း အဖွဲ့(၁)၏ ဒုတိယခေါင်းဆောင် ဒုတိယဉ္ဇာန်ကြား ရေးမှူး ဦးကြည်စိန်က ပြောသည်။

"လားရှိုး၊ မူဆယ်တို့မှာဆို ကွင်းလမ်းကအခက်အခဲရှိတယ်။ မူဆယ်ကစထွက်တာနဲ့ လားရှိုးမရောက်ခင် ကွင်းလမ်းတွေအများကြီးတယ်။ ဒါကိုကျွန်တော်တို့ဘက်ကအကြောင်းအမျိုးမျိုးကြောင့် ခပ်စိတ်စိတ်မလုပ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ဘက်ကအားနည်းချက်တွေက လက်မလည်အောင်ဆောင်ရွက်နေရတဲ့ အခါမျိုးမှာ ရေလမ်းကဝင်လာတာကို ထိုင်ပြီး ဆောင်ရွက်မယ်ဆိုရင်လည်း အခက်အခဲအမျိုးမျိုးရှိသလို မိုးတွင်းဘက်လုပ်ဖို့လည်း အခက်အခဲရှိတယ်။ ဒါကြောင့် လုပ်ငန်းကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှုမရှိသေးဘူးလို့ ပြောချင်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါက ပိုအောင်မြင်နိုင်ပြီး ဆက်သွယ်ရေးစနစ်ကောင်းမွန်ရန်၊ လူအင်အားပြည့်စုံစွာ ဖန်တည်းပေးနိုင်ရန်နှင့် လုံခြုံရေးကောင်းမွန်အောင် လုပ်နိုင်ပါက ယခုထက် ပိုအောင်မြင်နိုင်ကြောင်း ဦးကြည်စိန်က ပြောသည်။

၂၀၁၂-၁၃ဘဏ္ဍာနှစ်အတွင်း (ဇန်နဝါရီမှ စက်တင်ဘာလအထိ) ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်မှုတန်ဖိုးတွင် မြန်မာနိုင်ငံဘက်မှ အမေရိကန် ဒေါ်လာ ၈၅ သန်း၅၌ပြီး ထိုင်းမှ ၈၂၁ သန်း ရှိနေသဖြင့် ခြားနားချက်မှာ ဒေါ်လာ ၇၃၆ သန်းရှိခဲ့သည်။ သို့သော် ယမန်နှစ် အောက်တိုဘာလတွင် နယ်စပ်ကုန်သွယ်မှုတစ်ခုလုံး၏ စုစုပေါင်းပမာဏဒေါ်လာ ၁၈၄ သန်းရရှိခဲ့ရာမှပညာပေးဆောင်ရွက်ခဲ့သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ဒေါ်လာ ၂၁၆ သန်းနှင့် ဒေါ်လာ ၂၇၈ သန်းသို့ အသီးသီးမြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီး၏ ငါးရှဉ့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတိုင်းကျော်က လှုပ်ရှားအဖွဲ့အနေဖြင့် အချို့ဖြစ်စဉ်များကို ဖော်ပြပေးခဲ့ခြင်း မရှိဘဲ အားနည်းချက်အနေဖြင့် ကျွမ်းကျင်လုပ်သားနှင့် ဝန်ထမ်းအရေအတွက် နည်းပါးခြင်းနှင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်ကြောင်း ပြောသည်။

"လိုင်စင်ထုတ်ပေးတဲ့နေရာမှာ ကုန်ပစ္စည်းတိုင်းကို လိုင်စင်နဲ့ လုပ်တာမျိုးမဖြစ်သင့်ဘူး။ တချို့ပို့ကုန်၊သွင်းကုန်တွေကို လိုင်စင်ထုတ်ပေးဖို့ လိုမလိုစဉ်းစားတယ်။ ဥပမာငါးရှဉ့်လိုပြည်တွင်းမှာပို့ချနေတဲ့ကုန်စည်တွေဆိုရင် လိုင်စင်အကန့်အသတ် မထားသင့်ဘူး။ နောက်ပြီး ဒီကနေ ဖြစ်ဖြစ်မြောက်မြောက် မထုတ်နိုင်ဘဲ အရည်အသွေးလည်း မမီတဲ့ ဆောက်လုပ်ရေးသုံးပစ္စည်းမျိုးတွေတင်သွင်းတာအတွက်လည်း ပြန်စဉ်းစားဖို့ လိုတယ်"ဟု ၎င်းက ပြောသည်။

ပွင့်လင်းမြင်သာမှုမရှိပဲ အဂတိလိုက်စားမှုများဖြစ်ပေါ်လာပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့(၂) ၏ ခေါင်းဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ပြောသည်။

"လာဘ်ပေးလာဘ်ယူနဲ့ အဂတိလိုက်စားတဲ့ ကိစ္စတွေကို ပြင်းပြင်းထန်ထန် အရေးယူသွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမှုဖွင့်ပြီး အရေးယူသွားပါမယ်"ဟု ၎င်းက ပြောသည်။

ပညာပေးကာလအတွင်း ယာယီသိမ်းဆည်းထားသည့်ကုန်ပစ္စည်းများမှ တရားဝင်ကုန်သွယ်ခွင့်ပြုပစ္စည်းများကို လိုင်စင်ပြန်ထုတ်ပေးခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၇,၀၀၀ (ကျပ် ၂၆ သန်းကျော်ဖိုး)ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။ ■

မြန်မာနိုင်ငံတွင် ထိုင်းမှ ငါးဖမ်းပိုက်စက်ရုံ တည်ထောင်သွားရန်ရှိ

မြတ်ငြိမ်းဇော်

ထိုင်းနိုင်ငံ အခြေစိုက် Mitsui ကုမ္ပဏီက မြန်မာနိုင်ငံတွင် ငါးဖမ်းပိုက်ကွန်စက်ရုံ တည်ထောင်ကာ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လာရောက်တွေ့ဆုံခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အမှုဆောင်ဒုဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောသည်။

"မြန်မာနိုင်ငံမှာ ငါးဖမ်းပိုက်ထုတ်လုပ်တဲ့ စက်ရုံက လုံးဝမရှိသေးဘူး။ ဒီတော့ တခြားနိုင်ငံတွေက ထုတ်တဲ့ ငါးဖမ်းပိုက်တွေကိုဘဲ ပြည်တွင်းရေလုပ်ငန်းကဏ္ဍမှာ သုံးဖို့အတွက် အမြဲတမ်း ဝယ်နေရတယ်။ အထူးသဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံကနေပဲ ဝယ်ရပါတယ်။ ဝယ်ရင်လည်း စျေးက အရမ်းစျေးကြီးတယ်။ သိန်းနဲ့ချီပြီးတော့ကို ကုန်တာ။ အခုလို ကိုယ့်နိုင်ငံမှာ စက်ရုံတည်နိုင်ပြီဆိုရင်တော့ အရမ်းကို ကောင်းသွားမှာ။ စျေးနှုန်းလည်း ချိုသာသွားမယ်။ နောက်ပြီး ကိုယ့်နိုင်ငံမှာဆိုရင် ပိုက်ကွက်အရွယ်အစားကို ငါးလုပ်ငန်းဦးစီးက သတ်မှတ်ထားတဲ့အတိုင်း ထုတ်လုပ်နိုင်ရင် ငါးသယံဇာတကိုလည်း ထိန်းသိမ်းထားနိုင်ရာ ရောက်မယ်"ဟု ၎င်းက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ထိန်းသိမ်းရန်အတွက် သတ်မှတ်ထားသည့် ပိုက်ကွန်ပိုက်ကွက် အရွယ်အစားမှာ ဒရွတ်ဆွဲပိုက်အတွက် ပိုက်ကွက်အရွယ်အစား နှစ်လက်မဖြစ်ပြီး ပုစွန်ဖမ်းပိုက်မှာ ပိုက်ကွက်အရွယ်အစား တစ်လက်မခွဲ ဖြစ်သည်။

"ကိုယ့်နိုင်ငံရဲ့ ငါးလုပ်ငန်းဦးစီးဌာနကတော့ ပိုက်ကွက်အရွယ်အစားတွေ သတ်မှတ်ထားပေမယ့် ငါးဖမ်းပိုက်ကို တခြားနိုင်ငံကနေ ဝယ်သုံးရတာဆိုတော့ သူတို့ဆီကထုတ်တဲ့ အရွယ်အစားကိုပဲသုံးရတယ်။ သူတို့ပိုက်ကွန်တွေက အရမ်းစိပ်တယ်။ ဒီတော့ ငါးဖမ်းရင် ငါးသေးသေးလေးက အစမိတော့ ငါးသယံဇာတတွေ ထိခိုက်တာပေါ့" ဟု ဦးဟန်ထွန်းက ပြောသည်။

ထို့ပြင် မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းရာတွင် ငါးများမှာ ယခင်ထက် အရွယ်အစားများသေး၍ ဖမ်းဆီးရသည့် အချိန်လည်း ပို၍ကြာမြင့်လာကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ပြောသည်။

"အခု ပင်လယ်ထဲမှာ ငါးဖမ်းရင် အကောင်တွေက သေးကုန်တယ်။ အဲလိုသေးတော့ နိုင်ငံခြားတင်ပို့ရတာလည်း သိပ်အဆင်မပြေဘူး။ နောက်ပြီး ငါးဖမ်းရင် အရင်ထက် အချိန်အများကြီးပေးပြီး ဖမ်းနေရတယ်။ ငါးမရလည်း ငါးဖမ်းစက်လှေက ကမ်းပြန်မတက်နိုင်ဘူး။ ဆီဖိုးနဲ့တွက်ရင် မကိုက်လို့ပါ" ဟု ၎င်းက ပြောသည်။

ထို့ပြင် ငါးဖမ်းပိုက်ကွန်များအား ပြည်ပမှ ဝယ်ယူသုံးစွဲသောအခါတွင် ပိုက်တပ်ဆင်မှု၊ ကြိုးတပ်ဆင်မှုများ အပါအဝင် လေးငါးဆယ်သိန်းခန့်ကုန်ကျကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ငါးဖမ်းပိုက်တွေကိုဝယ်ရတာ အရမ်းစျေးကြီးတယ်။ စျေးကြီးလို့ဆိုပြီး မဝယ်လို့ကလည်း မရဘူး။ ဒီငါးဖမ်းလုပ်ငန်းမှာ ငါးဖမ်းပိုက်ကလည်း အရမ်းအရေးကြီးတယ်လေ။ လက်ငင်းမဝယ်နိုင်လို့ အကြွေးနဲ့ယူရင်လည်း ပြန်ဆပ်ရင် ငါးနဲ့ပြန်ဆပ်ရတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ငါးဖမ်းပိုက်စက်ရုံအား မြန်မာနိုင်ငံ၌ ၁၉၇၂ ခုနှစ်၌ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ငါးဖမ်းပိုက်ကွန်စက်ရုံတည်ထောင်ရန် စီစဉ်ခဲ့ဖူးပြီး အကောင်အထည်မဖော်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောသည်။

"အဲဒီတုန်းကဆိုရင် စက်ရုံဆောက်ဖို့ နေရာကအစ အားလုံးစီစဉ်ပြီးမှ ပျက်သွားတယ်။ ကြိုးစားတာ မအောင်မြင်ခဲ့ဘူး။ မအောင်မြင်ခဲ့တော့ ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်ရင် တခြားနိုင်ငံကနေ တင်သွင်းဝယ်ယူနေရတယ်။ သူများဆီကဝယ်ရတော့ ပိုက်ကွက်ထိန်းသိမ်းမှု ပိုင်းကလည်း မလုပ်နိုင်ဘူး။ ကိုယ့်နိုင်ငံမှာ ထုတ်လုပ်ရင်တော့ ပိုက်ကွက်အရွယ်အစားကို စနစ်တကျထုတ်လုပ်သွားနိုင်မယ်။ ငါးဖမ်းပိုက်စက်ရုံထောင်ဖို့ကလည်း ရင်းနှီးမြှုပ်နှံမှုများသလို အခက်အခဲတွေလည်းရှိတယ်" ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၅၈,၀၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၂၀၀
စားအုန်းဆီ	ကျပ်	၁,၄၃၀
နှမ်းဆီ	ကျပ်	၃,၇၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀
ဧည့်မထ	ကျပ်	၈၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
အမဲသား	ကျပ်	၄,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၇၅၅-၆၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၇၀၀
ဒီဇယ်	ကျပ်	၃,၉၁၀

မန္တလေး

ရွှေ (တစ်ကျပ်သား)	ကျပ်	၇၅၉,၀၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၄၉၀
နှမ်းဆီ	ကျပ်	၃,၄၅၀
သန့်စင်ပြီးဆန် (တစ်တင်းခွဲဆိတ်)		
ပေါ်ဆန်း	ကျပ်	၃၅,၀၀၀
မနော	ကျပ်	၂၇,၀၀၀
မဂျမ်းတော	ကျပ်	၃၀,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီစီ)	ကျပ်	၄,၀၀၀
ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (ပွဲရုံဈေးနှုန်း)		
ရှမ်းကြက်သွန်ဖြူ	ကျပ်	၁,၉၀၀ - ၂၅၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၈၀၀ - ၁၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၂၀၀
ဒီဇယ်	ကျပ်	၃,၆၀၀

နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၅၆,၅၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း	ကျပ်	၁,၀၀၀-၁,၄၀၀
လုံးဆန်မွှေး	ကျပ်	၁,၃၀၀
မဂျမ်းတော	ကျပ်	၁,၂၀၀
မနောသုခ	ကျပ်	၈၀၀-၇၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၄,၀၀၀
နှမ်းဆီ	ကျပ်	၂,၆၀၀
စားအုန်းဆီ	ကျပ်	၁,၅၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၁,၄၀၀ - ၁,၂၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀ - ၁,၃၀၀

တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၄၀၀
ငရုတ်ခြောက်	ကျပ်	၂,၅၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၅,၀၀၀
မြန်မာကြက်	ကျပ်	၆,၀၀၀
ဝက်	ကျပ်	၄,၅၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
အာလူး (တစ်ပိဿာနှုန်း)		
အကြီး	ကျပ်	၁,၀၀၀
အသေး	ကျပ်	၈၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၄၀၀
ဒီဇယ်	ကျပ်	၃,၅၀၀

ရန်ကုန်ကားဈေးကွက်

Toyota Harrier (2.2)	**Pajero** (ဖားပြုပ်)၂၀၀၀ (၁ဃ) သိန်း ၂၅၀
၁၉၉၉ (၆၈)-သိန်း ၂၀၀/၁၈၅	**Toyota Belta** သိန်း- ၁၅၀
Toyota Hilux Surfs (SSRG)	**Myanmar Mini Wagon, Chery**
၁၉၉၉ သိန်း ၃၆၀	၇၀ - ၇၅ သိန်း
Suzuki R+ သိန်း ၈၀	**Suzuki Swift** ၁၃၅ သိန်း
Nissan Ad Van သိန်း ၁၂၀	**Honda Fit** သိန်း ၁၃၀
Toyota Mark X	**Probox** (၁,၅၀၀ စီစီ) - ၁၁၀ သိန်း
၂၀၀၄ - သိန်း ၂၄၀	(၁,၃၀၀ စီစီ) - ၁၀၀ သိန်း
Mark II ရွှေငါး (၁ဃ) ၂၀၀၁- ၂၀၅ သိန်း	**Honda CRV** သိန်း ၂၂၀

(ဇန်နဝါရီ ၈ ရက်နေ့ ပေါက်ဈေး)



အပြည်ပြည်ဆိုင်ရာမြန်မာလေလောင်းများ

လေယာဉ်မောင်/မယ်ဝန်ထမ်း လျှောက်လွှာခေါ်ယူခြင်း

ဒေ အပြည်ပြည်ဆိုင်ရာ မြန်မာလေလောင်းများ (MAI) ၏ လေယာဉ်မှူးဘော်တုတ်လည်ပတ်မှုအတွက် MAI နှင့်ထက်ဝိုက်စေတူ ပူးပေါင်းဆောင်ရွက်လျှောက်ထိုသည့် နိုင်ငံတကာလေလောင်းလိုင်းများ၏ လေယာဉ်မှူးပေါ် တွင်လည်ပတ်ကောင်း သိုက်ပါဝင်ဆောင်ထမ်းဆောင်ရန် ဆေးယာဉ်မောင်/မယ် ဝန်ထမ်းများခန့်အပ်မည်ဖြစ်ပါ၍ ကောက်ခေါ်ပြုပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါ သည်။

(က) ကျန်းမာရေးတောင်းမှန်သူ ကျားမ မရွေးလျှောက်ထားနိုင်ပြီးအိမ်ထောင်ရှိသူ(လူပို/အပို)ဖြစ်ရမည်။
(အိမ်ထောင်မရှိသူ (လူပို/အပို)ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို ဖူတွဲတင်ပြရမည်။)
(ခ) ဥပဒေအရ ထောင်အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၄)နှစ်ထက်မနှိမ့်သူဖြစ်ရမည်။
(ဂ) အနည်းဆုံး အလယ်တန်းအောင်မြင်ပြီးဖြစ်ရမည်။ (ယခင်ဆိုင်ရာမဂ္ဂဇင်း၏ သင်ယူပြီးမြောက်ကြောင်း ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။)
(ဃ) အနည်းဆုံး ကျား ၅ ပေ ၆ လက်မ မ ၅ ပေ ၃ လက်မ နှိမ့်ပြီး အရေပါနှင့်ကိုက်ညီသော ကိုယ်ဟန်လေးဒဿိန်ရှိရမည်။
(ဃ) မျက်မှန် မကပ်ဆင်သူ ယတိမျက်ကပ်ခြင်းမရှိ ကျန်းမာရေးစစ်ဆေးသူများကို ဆေးဝက်ပြီးသည့်သူ ဖြစ်ရမည်။
(စ) ဖရန့်ဂြိတ်ဘာသာ အဆင့်အထက်ပြည့်ဝစွာ ပြောဆိုနိုင်သူဖြစ်ရမည်။ ဝမ်းကွဲကွဲစွာ ရေးသွေးနိုင်သူဖြစ်ရမည်။
(ဆ) အင်္ဂလိပ်စာနှင့်ကောလဟာ အဆင့်အထက်ရှိပြီး ဆိုပြောဆိုရေးသားနိုင်ရမည်ဖြစ်ပြီး ဝမ်းဗြာသာဆေးဘာသာတစ်ခုခုမှ ဘွဲ့ရသူများအား ဦးစားပေးမည်။
(ဇ) ဒေါ်လာ ၅၀၀၀ ခန့်ရှိသော ကုန်ကျစရိတ်ကို ကိုယ်တိုင်ကိုယ်ကျ ကြိုတင်ပေးသွင်ရမည်။
(ဈ) အကျဉ်းစားရိုးသားပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။ (သက်ဆိုင်ရာမှ ရဲစခန်းက ထောက်ခံချက်ကိုပူးတွဲ တင်ပြရမည်။)

၂ လျှောက်လွှာများကို အပြည်ပြည်ဆိုင်ရာမြန်မာလေလောင်းများ၏ ရုံးချုပ်ဆောတွင်ရောက်ရှိအောင် (၈)ရက်အတွင်း ပေးပို့ရမည်။ ထိုသို့ပေးပို့ရာတွင် အိတ်ပေါ်တွင် **"လေယာဉ်မောင်/မယ်လျှောက်ထားခြင်း"** ဟုရေးသား ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ လျှောက်လွှာများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ ည၁၂နာရီ မနောက်ဆုံးထားရှိ လေယာဉ်မောင်/မယ်များရွေးချယ် ခြင်းအား ၈ ရက်မှစတင် ကိုတယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့ ဘို့ လူကိုယ်တိုင် ပေါ်ပေါက်ကြောင်း နိုင်ပါသည်။

၃ **ရေးသွေးခြင်းခွင့်ရသူများစာရင်း**ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့ နေ့လည် (၁၂နာရီ)နောက်ပိုင်း အဆက်ပါ လေယာဉ်မောင်/မယ်များရွေးချယ်ရေးဌာနတွင် ကြေငြာသွားမည် ဖြစ်ပါသည်။

တရုတ်က မြန်မာဖရဲသီးများကို စျေးနှုန်းဝယ်ယူနေခြင်းကြောင့် တောင်သူနှင့် ကုန်သည်များ ယခုရာသီတွင် အရှုံးပေါ်နေ

မြတ်ငြိမ်းဇော်

ဖြိုးခဲ့သည့် နှစ်များအတွင်း တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့ခဲ့သော မြန်မာနိုင်ငံထွက် ဖရဲသီးများမှာ လက်ရှိတွင် စျေးကောင်းမရရှိသည့်အတွက် အရှုံးပေါ်လျက်ရှိကြောင်း ဖရဲစိုက်ပျိုးသူတောင်သူများနှင့် ကုန်သည်များက ပြောသည်။

"ဖရဲသီးက ဒီနှစ် စျေးကောင်းမရဘူး။ စျေးရမယ်ထင်ပြီး သွားကြတာ ဟိုလည်း ရောက်ရော စျေးက မကောင်းဘူး။ ပြန်သယ်ဖို့ကလည်း စရိတ်နှစ်ခါကုန်တော့ မဖြစ်နိုင်ဘူး။ ဒီတော့ စျေးကောင်းမရလည်း ရောင်းခဲ့ရတာပဲ။ တချို့လူတွေဆို ခရီးစရိတ်တောင် မကျေကြဘူး"ဟု တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့လျက်ရှိသည့်သီရိမင်္ဂလာစျေးမှကုန်သည်တစ်ဦးက မြန်မာတိုင်း(မ)ကို ပြောသည်။

ဖရဲသီးစျေးမှာ ယမန်နှစ်က တစ်တန်လျှင် ယွမ်ငွေ ၃,၅၀၀ မှ ၄,၀၀၀ (မြန်မာငွေ ကျပ် ၄၇၉,၅၀၀ မှ ၅၅၀,၀၀၀) ကြားရှိသော်လည်း ယခုနှစ်ဇန်နဝါရီလဆန်းပိုင်း တစ်တန်စျေးနှုန်းမှာ ယွမ် ၁,၅၀၀ မှ ၂,၀၀၀ (မြန်မာငွေ ကျပ် ၂၀၅,၅၀၀ မှ ၂၇၄,၀၀၀) ကြားသာ ပေါက်စျေးရှိတော့ကြောင်း ၎င်းက ပြောသည်။

တောင်သူများ အနေဖြင့် ယခုနှစ်တွင် ၇၅ ရာခိုင်နှုန်းခန့် အရှုံးပေါ်နိုင်ကြောင်း ဖရဲသီးစိုက်ပျိုးသော တောင်သူတစ်ဦးဖြစ်သူဦးရွှေဝင်းက ပြောသည်။

"မနှစ်က ဒီလိုအခွံနှိုက်မှာဆိုရင် တောင်သူရော ကုန်သည်ပါ အဆင်ပြေတယ်။ အမြတ်မများတာတောင်မှ မရှုံးဘူး။ ဒီနှစ်က တောင်သူတွေ ၇၅ ရာခိုင်နှုန်းလောက် ရှုံးတယ်။ တရုတ်ဘက်က ဝယ်အားကတော့ မနှစ်ကအတိုင်းပဲ ဒါပေမယ့်စျေးက မနှစ်ကလောက်မရတော့ဘူး။ ကျွန်တော်တို့ရဲ့ စိုက်ခင်းအရင်းက တစ်ဧကကို လေး၊ ငါးသိန်းလောက်ရှိတယ်။ ကားခကလည်း တရုတ်ပြည်ကိုအရောက် ၁၂ ဘီးကားတစ်စီးကို ခုနစ်သိန်း၊ ရှစ်သိန်းလောက်ရှိတယ်။ ဒါပေမယ့်ဟိုရောက်လို့ရောင်းရင်စျေးက မကောင်းတော့ တစ်ခါတလေ အသီးဖိုးတောင် ပြန်မရချင်ဘူး။ အလကားပေးခဲ့ရသလိုပါပဲ" ၎င်းက ပြောသည်။

ယခုကဲ့သို့ မြန်မာဖရဲသီးများအား တရုတ်နိုင်ငံက စျေးလျှော့ဝယ်ခြင်းနှင့် ပတ်သက်၍လည်း ခိုင်လုံသောအကြောင်းရင်းအမှန်ကို မသိရကြောင်းလည်း ဖရဲစိုက်ပျိုးသည့်တောင်သူများနှင့် ကုန်သည်များက ပြောသည်။

"သူတို့ဘက်က ဘာဖြစ်လို့ စျေးကောင်းကောင်းမပေးလဲဆို တာကို ကျွန်တော်တို့ သေချာတော့ မသိဘူး။ သူတို့ဆီမှာပဲ အသီးတွေ ထွက်နေလို့ လားဆိုပြီးတော့ပဲ စဉ်းစားစရာရှိတာပေါ့။ ဒါကလည်း ကျွန်တော်တို့တောင်သူတွေ တွေးကြည့်တာပါ။ ဘာဖြစ်လို့လဲဆိုတဲ့ အကြောင်းရင်းကိုတော့ သေချာမသိဘူး" ဟု ဦးရွှေဝင်းက ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ တစ်နေ့လျှင် ဖရဲသီးတင်သည့် ကုန်ကား အစီး ၅၀ မှ ၆၀ ကြား တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် စျေးကောင်းမရတော့သည့်အတွက် တစ်နေ့လျှင် အစီး ၃၀ မှ ၄၀ ကြားသာ ရောင်းချနိုင်တော့ကြောင်းလည်း ဖရဲသီးကုန်သည် တစ်ဦးက ပြောသည်။

"မနှစ်က ဒီကပို့ရင် ပို့သလောက် တရုတ်ကလည်း ဝယ်နိုင်တယ်။ ဒီနှစ်ကတော့ ဒီလောက်မဝယ်နိုင်တော့ဘူး။ ဒါပေမယ့် ဟိုဘက်ကလည်း မနှစ်ကလို တစ်နေ့ကို ကားအစီး ၅၀၊ ၆၀ လောက်တွေ သွားပို့ဖူးတယ်။ ဒါပေမယ့် ဟိုဘက်က စျေးကောင်းမပေးတဲ့အခါကျတော့ အခုနောက်ပိုင်း တောင်သူတွေလည်း သိပ်မပို့တော့ဘူး" ဟု ၎င်းက ပြောသည်။



သီရိမင်္ဂလာစျေးအတွင်းရှိ ဖရဲသီးဒိုင်တစ်ခုတွင် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော မြန်မာပြည်ထွက် ဖရဲသီးများကို တွေ့ရစဉ်။ ဓာတ်ပုံ - မြတ်ငြိမ်းဇော်

၁၂ ဘီးကား တစ်စီးတွင် တစ်လုံးလျှင် ကိုးပိသာအလေးချိန်ရှိ ဖရဲသီးအလုံး ၁,၁၀၀ မှ ၁,၂၀၀ ခန့် အထိ တင်ဆောင်နိုင်ပြီး တရုတ်သို့ ပို့သော ဖရဲသီးများမှာ စ၅၅ ခေါ် အစင်းပါသော ဖရဲသီးများနှင့် အစေ့လွတ် ဖရဲသီးများကိုသာ ပို့ရကြောင်း သီရိမင်္ဂလာကုန်စည်ဒိုင်မှ တာဝန်ခံတစ်ဦးက ပြောသည်။

"တရုတ်ကိုပို့တဲ့ ဖရဲသီးက အရည်အသွေးကောင်းတွေပဲ အမြဲပို့တာ။ အဲဒီက မကြိုက်တဲ့ အသီးတွေကိုပဲ ပြည်တွင်းမှာ ရောင်းတာ။ အရည်အသွေးညံ့လို့ စျေးချရောင်းတာမျိုးလည်း မဟုတ်ဘူး။ တော်တော်အရွယ်လှတဲ့ အသီးတွေကိုတောင် သူများထက် နည်းနည်းပဲပိုပေးတယ်။ တစ်တန်ကို ယွမ် ၂,၀၀၀ ပေးရင် ကောင်းတဲ့ အသီးတွေကို ယွမ် ၂,၁၅၀၊ ၂,၁၅၀ လောက်ပဲ ပေးတာမျိုးပေါ့" ဟု ၎င်းက ပြောသည်။

တရုတ်ပြည်သို့ ယခုလက်ရှိတင်ပို့လျက်ရှိသော ဖရဲသီးများမှာ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင်ပေါ်သော အညာဒေသထွက် ဖရဲသီးများဖြစ်ပြီး မြန်မာပြည်အောက်ပိုင်းမှ ဖရဲသီးများမှာ မတ်နှင့် ဧပြီလများတွင်သာအထွက်များကြောင်း ကုန်သည်များကပြောသည်။

တရုတ်နိုင်ငံမှ ဝယ်လက်များသည် မြန်မာဖရဲသီးများကို နိုဝင်ဘာလကုန်မှ စတင်ခါ ဝယ်ယူပြီး ဧပြီလမကုန်ခင်တွင် အဝယ်ရပ်ကြောင်းလည်း ကုန်သည်များက ပြောသည်။ ■

စာမျက်နှာ ၂၃ မှ

စိုက်ပျိုးရေးကို အခြေခံသည့် သုံးခွမြို့တွင်...

ခြောက်ထောင်လောက် ကုန်တယ်။ ချေးငွေရတာက တစ်ဧကကို ကျပ် ငါးသောင်းနှုန်းပဲ ရတယ်"ဟု ပြောသည်။

သုံးခွမြို့နယ်အတွင်းရှိကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးက ယခင်က သုံးခွမြို့နယ်၏ စီးပွားရေးမှာ အဓိကအားဖြင့် စပါးနှင့် ပဲကို အခြေခံစိုက်ပျိုးပြီး အခြားဟင်းသီးဟင်းရွက်များကို ရန်ကုန်သို့ တက်ကာ ရောင်းချခြင်းဖြင့် လုပ်ကိုင်ကြသော်လည်း နောက်ပိုင်းတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးပိုင်းတွင် ဥပဒေအရထိန်းချုပ်ကိုင်တွယ်မှုလျော့နည်းလာခြင်းကြောင့် လောင်းကစားမှုများ ပေါ်ပေါ်ထင်ထင် လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း ပြောသည်။

"ကျွန်တော်တို့ရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ဆန်စျေးနဲ့ စပါးစျေးကိစ္စတွေမှာ အာရုံစိုက်ပြီး ဆောင်ရွက်ပေးရမှာပါ။ အခုတော့ ကျေးရွာတော်တော်များများကလည်း လောင်းကစားဝိုင်းတွေမှာ လာပြီး ငွေကိုသုံးဖို့ပဲ အားသန်နေကြတယ်" ဟု ၎င်းက ပြောသည်။

သုံးခွမြို့နယ်အတွင်း ကျေးရွာ ၆၄ ရွာတည်ရှိပြီး ယခုနောက်ပိုင်းတွင် ကျားဘိုရွာအပြင်ဘက် ညောင်လန်းကုန်းရွာအနီးကွင်းပြင်တွင် နေ့လယ်ပိုင်းအချိန်များတွင်ပါ ကြက်ပွဲကြီးများကို လုပ်ကိုင်ကာ လောင်းကစားမှုပြုလာကြပြီး ဒေသတွင်း၌ လောင်းကစားမျိုးစုံဖြစ်သော ကြက်ပွဲ၊ နှစ်လုံးထီ၊ သုံးလုံးခွဲထီ၊ ဘောလုံးလောင်းကြေးနှင့် ဖဲဝိုင်းများတွင် လောင်းကစားမှုများ ပြုလျက်ရှိကြောင်း ဒေသခံများက ပြောသည်။ ■

GARMENT SECTOR OPPORTUNITY

International Manufacturing Company
is seeking a Myanmar JV Partner

US – PRC joint venture company with long established markets in the United States and Europe is seeking a local partner for export-oriented ted knitted garment production in the Yangon area. The ideal partner will meet the following requirements:

- A high standard factory space – @ 50,000 sq/ft in 1.5 acre compound
- Working knowledge of garment/textile industry
- Proven success in operating a factory in Yangon
- Willingness to invest real estate (rental or sale) for share of an MIC approved business
- Reasonable command of English language and international trade and business practice.

Interested parties who meet the requirements should email info@andamancapitalpartners.com or contact +95 4211-66131 at their earliest convenience for further discussions.
US investors will visit Myanmar at end of January to meet prospective partners.

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းများ သုံးနှစ်ခန့် အတွင်း အကောင်အထည်ပေါ်လာနိုင်မည်

ထားထားခင်

နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်မည့် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ မြေကေ ၂၂၀ ပေါ် တွင် တည်ဆောက်အကောင်အထည်ဖော်မည့် ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းများတွင် ပါဝင်မည့် အထပ်ပေါင်း ၁၈ ထပ်မြင့်သော အထပ်မြင့်တိုက်များကို တည်ဆောက်ခဲ့ကာလနှစ်နှစ်မှ သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့် အခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူးဦးအောင်ကျော်ဦးမှ ဇန်နဝါရီ ၂ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ကနောင်ခန်းမတွင် ကျင်းပသော ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားတွင် မီဒီယာများအား အသိပေးပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းနှစ်ခုမှာ မြေကေ ၁၂၀နှင့်မြေကေ၁၀၀ပေါ်တွင်အသီးသီး တည်ရှိကြပြီး အခန်းအရေအတွက် စုစုပေါင်း ၁၇,၄၀၈ ခန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အိမ်ရာစီမံကိန်းများအတွက် ပန်းကုန်တင်မင်္ဂလာအခမ်းအနားကို ယခု နှစ်ဇန်နဝါရီ ၁ ရက်နေ့က ပြုလုပ်ခဲ့သည်။

"ဒီအိမ်ရာစီမံကိန်းတွေကို တစ်နိုင်ငံလုံးအတွက် စံပြဖြစ်အောင် ဆောင်ရွက်ရမှာပါ။ အိမ်ရာစီမံကိန်းတွေမှာ ၁၈ ထပ်အမြင့်ရှိတဲ့ အထပ်မြင့်တိုက်တွေ ပါဝင်မှာဖြစ်ပြီးရေ၊ မီး၊ လျှပ်စစ်အပြင် အခြားပံ့ပိုးမှုအဂိါရပ်တွေလည်း အပြည့်အစုံပါဝင်မှာ ဖြစ်ပါတယ်၊

"တိုက်ခန်းတစ်ခန်းမှာဆိုရင်အိပ်ခန်းနှစ်ခန်း၊ ည့်ခန်းနဲ့ မီးဖိုခန်းပါဝင်တယ်၊ အခန်းတစ်ခန်းကို မိသားစုငါးဦးအတွက် ရည်ရွယ်တယ်၊ ဒီတော့ အခန်းအရေအတွက်နဲ့ တွက်လိုက်မယ်ဆိုရင် မိသားစုပေါင်းရှစ်သောင်းကျော်လာရောက်နေထိုင်လို့ရမယ်"ဟု ဦးအောင်ကျော်ဦးက ပြောသည်။

မြေကေကျယ်ပေါ်တွင် တည်ဆောက်သော အဆိုပါပြည်သူ့အိမ်ရာစီမံကိန်းများကို ပံ့ပိုးမှုအဂိါရပ်များပြည့်စုံသော ခေတ်မီအိမ်ရာစီမံကိန်းများဖြစ်အောင် တည်ဆောက်မည်ဖြစ်ရာ အဆိုပါ အိမ်ရာစီမံကိန်းများတွင် ဈေး၊ ဆေးရုံ၊ ကျောင်း၊ ကစားကွင်း၊ ပန်းခြံစသည်ဖြင့် ပံ့ပိုးမှု အဂိါရပ်များပြည့်စုံစွာပါရှိမည်ဖြစ်သည့်အတွက် နောင်အနာဂတ်တွင် လူဦးရေ ပိုမိုစည်ကားလာမှုနှင့်အတူ မြို့ပြအဂိါရပ်များ ပြည့်စုံစွာဖြင့် ဖွံ့ဖြိုးစည်ကားလာစေရန် ရည်ရွယ်ကြောင်းလည်း ၎င်းကရှင်းလင်းပြောကြားခဲ့သည်။

သို့သော်လည်း အချက်တစ်ချက်အနေဖြင့် စီမံကိန်းဧရိယာတွင် ကျူးကျော် အိမ်များရှိနေသည်က စီမံကိန်းလုပ်ငန်းများ စတင်လုပ်ကိုင်ရန် အတွက် အဓိကပြဿနာဖြစ်နေကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။

"အိမ်ရာစီမံကိန်းတွေ တည်ဆောက်သည်။

ထို့ကြောင့်ပင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရောဝဏ်အိမ်ရာနှင့် ရတနာအိမ်ရာ စီမံကိန်းဧရိယာအတွင်း တရားမဝင်၊ ခွင့်ပြုချက်မဲ့ ကျူးကျော်နေထိုင်လျက်ရှိသည့် ကျူး ကျော်အိမ်ရာများအား ယခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ နောက်ဆုံးထားဖျက်သိမ်းဖယ်ရှားပေးရန်ကြေညာချက် ထုတ်ပြန် ထားကြောင်းလည်း ၎င်းက ပြောသည်။

စာရင်းများအရ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ၆၁ ရပ်ကွက်တွင် ကျူးကျော်အိမ် ၃၃၈ လုံးရှိပြီး ၆၇ ရပ်ကွက်တွင် ၆၇၆ လုံးရှိကြောင်း သိရသည်။

> **ပြည်သူ့အိမ်ရာ စီမံကိန်းများကို ပံ့ပိုးမှုအဂိါရပ်များပြည့်စုံသော ခေတ်မီ အိမ်ရာစီမံကိန်းများဖြစ်အောင် . . .**



ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်မည့်အိမ်ရာစီမံကိန်းများအတွက် စီမံကိန်းဧရိယာနှင့် ကျူးကျော်အိမ်များတည်ရှိနေပုံကိုပြသထားသည့် ပုံစံငယ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ထားထားခင်

နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ဇန်နဝါရီ ၆ ရက်နေ့တွင် ဖယ်ရှားပေးခြင်း မရှိပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရဖွဲ့သို့ ဆက်လက်တင်ပြပြီး ဖျက်သိမ်းဖယ်ရှားရေးအတွက် ဆောင်ရွက်သွားမည်ဟု သိရှိရသည်။

အချက်တစ်ချက်အနေဖြင့် သိရှိရသည်မှာ ဒဂုံဆိပ်ကမ်းမြို့နယ်သည်မြစ်၊ ချောင်းများနှင့်နီးသောကြောင့် မြေအမျိုးအစားမှာ နုန်းတင်မြေနု အမျိုးအစားဖြစ်သည့်အတွက် အထပ်ပေါင်း ၁၈ ထပ်အမြင့်ရှိ အထပ်မြင့် တိုက်များအတွက် Foundation & structural safety အတွက် စိတ်ချရမှု ရှိစေရန် မြေစမ်းသပ်မှု soil test ကို အချိန်ယူ၍သေချာစွာ စစ်ဆေးပြုလုပ်သွားမည် ဖြစ်သည်။ ထိုအတွက် အထပ်မြင့် အဆောက်အအုံများကြီးကြပ်စစ်ဆေးရေးကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ကျွမ်းကျင် သူပညာရှင်များအပြင် စင်ကာပူနိုင်ငံမှ ကျွမ်းကျင်သူ နည်းပညာရှင်များ၏ အကူအညီကိုပါ ရယူ၍ စမ်းသပ်စစ်ဆေးမှုများကိုသေချာစွာပြုလုပ်သွားမည်ဟုလည်း တာဝန်ရှိသူများက ပြောကြားသည်။

ရောဝဏ်နှင့် ရတနာအိမ်ရာ စီမံကိန်းများအတွက် နိုင်ငံတော်မှ ဘတ်ဂျက် ကျပ်ငွေ ဘီလျံ ၅၀၀ သုံးစွဲသွားရန် လျာထားကြောင်းလည်း သိရသည်။ ■

Living with Technology Expo 2013 ပြပွဲ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းတွင် ကျင်းပမည်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES) မှ ဦးဆောင်ကျင်းပသော ခြောက်ကြိမ်မြောက် Living with Technology Expo 2013 ပြပွဲအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ နှစ်ပတ်လည် အသင်းသားစုံညီညီလာခံပွဲနှင့် ပူးပေါင်းကာ ဇန်နဝါရီ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးအဆောက်အအုံခန်း မ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၀င်လူငယ် အင်ဂျင်နီယာတစ်ဦးဖြစ်သူ ကိုသူရအောင်က ဇန်နဝါရီ ၄ ရက်နေ့တွင် ပြောသည်။

အဆိုပါပြပွဲနှင့်အတူ အင်ဂျင်နီယာအသင်း၏ နှစ်နှစ်တစ်ကြိမ် ပြုလုပ်မြဲဖြစ်သော အမှုဆောင်ရွေးချယ်ပွဲအား ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပူးတွဲကျင်းပသွားမည်ဟု ၎င်းကပြောသည်။

"ပြပွဲက ၁၁ ရက်နေ့ကနေ ၁၄ ရက်နေ့ထိ လေးရက်လုပ်သွားမယ်။ အမှုဆောင်ရွေးချယ်ပွဲက နှစ်နှစ်တစ်ကြိမ်လုပ်နေက၊ ဒီနှစ်ကို ပြပွဲနဲ့ ပေါင်းလုပ်လိုက်တာ။ ပြပွဲအပြင် စာတမ်းဖတ်ပွဲတွေလည်း ပါမယ်။ အရင်နှစ်တွေကတော့ တပ်မတော်ခန်းမတို့မှာ လုပ်ပေမယ့် ဒီနှစ်ကိုတော့ MES မှာပဲ လုပ်ဖြစ်တယ်"ဟု ၎င်းက မြန်မာတိုင်း(မဲ)ကို ပြောသည်။

ပြပွဲ၌ ဆိုင်ခန်းပေါင်း ၅၁ ခန်းပါရှိပြီး ပြည်တွင်းပြည်ပကုမ္ပဏီများ လာရောက်ပြသမည်ဖြစ်သည်။ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးနှင့် အိမ်

စာမျက်နှာ ၃၀ သို့



သန်လျင်ကြယ်စင်အိမ်ရာရှိ “Building A1” ၂၀၁၃ ဇန်နဝါရီ လကုန်တွင် နေထိုင်သူများလက်ဝယ်သို့ အပ်နှံမည်

ထားထားဝင်း

သန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းရှိ အခန်းအရေအတွက်ပေါင်း ၁၅၀ ပါဝင်သော အထပ်ပေါင်းရှစ်ထပ်ရှိသည့် Building A1 ကို ၂၀၁၃ ဇန်နဝါရီလကုန်တွင်နေထိုင်သူများလက်ဝယ်သို့ အပ်နှံသွားမည်ဖြစ်ကြောင်း သန်လျင်ကြယ်စင်အိမ်ရာ စီမံကိန်းမှ Director of Sales & Marketing ဖြစ်သူ ကိုစိုးသီဟလှိုင်က ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ကျင်းပသော Star City Family Garden Party ၌ မြန်မာတိုင်း(မ်)နှင့် သီးသန့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

“Building A1 က ၂၀၁၃ဇန်နဝါရီလကုန်မှာ နေထိုင်သူတွေလက်ဝယ်ကို အပ်မှာဖြစ်ပါတယ်၊ အခန်း ၁၅၀ ပါဝင်ပါတယ်၊ အဲဒီမှာ City Mart, coffee shop, YKKO, Japanese restaurant စတာတွေ ပါဝင်သွားဖို့ ရှိပါတယ်၊ တော်တော်များများနဲ့လည်း agreement ရပြီးသွားပါပြီ၊ Building A2 ကတော့ ၂၀၁၃ ဧပြီမှာ ဝယ်ယူထားတဲ့ အခန်းရှင်တွေထံကိုအပ်မှာပါ။ဒီမှာလည်း အခန်း ၁၅၀ ပါပါတယ်၊ Building A3 နဲ့ A4 ကတော့ ၂၀၁၄ နှစ်လယ်ကျမှသာ တစ်ခါထဲ ဝယ်သူတွေလက်ထဲကို အပ်နှံမှာဖြစ်ပါတယ်၊ Building A5 ကတော့ ၂၀၁၃ ဇွန်၊ ဇူလိုင်လောက်မှာမှတည်ဆောက်တာပြီးစီးမှာဖြစ်ပါတယ်”ဟု ပြောသည်။

၎င်းက ဆက်လက်ပြောရာတွင် Building A1၊ A2 တွင် Spa၊ Japanese restaurant, City Mart supermarket, noodle shop, YKKO တို့အပြင် 50th Street Restaurant နှင့်လည်း လက်ရှိအချိန်တွင် ညှိနှိုင်းနေလျက်ရှိပြီး ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကရှင်းပြခဲ့သည်။

အထပ်ပေါင်းရှစ်ထပ်စီပါဝင်သည့် Building A1 နှင့် A2 တွင်လုံလောက်သည့် ကားပါကင်ပါဝင်မည်ဖြစ်ကြောင်း လည်းသိရသည်။ Building A1မှ A5 ထိသည် မြေပေါ်ကားပါကင်များပါဝင်မည်ဖြစ်ပြီး အသစ်ထပ်မံတည်ဆောက်မည့် Building B1 မှ B5 အထိတွင် မြေအောက်ကားပါကင်များပါ ပါဝင်မည်ဟု ၎င်းကပြောသည်။

နောင်နှစ်တွင်ဈေးနှုန်းစတင်ဖွင့်လှစ်၍ဆောက်လုပ်မည့် Building B1မှ B5 အထိမှာ ပြင်သစ်နိုင်ငံအခြေစိုက်ကမ္ဘာပေါ်တွင် အကြီးဆုံးဆောက်လုပ်ရေးတစ်ခုဖြစ်သည့် Bouygues Contractors မှ နည်းပညာအကူအညီများဖြင့် အဆိုပါကုမ္ပဏီမှဆောက်လုပ်ပေးသွားမည်ဖြစ်သည်ဟုလည်း ကိုစိုးသီဟလှိုင်က ပြောသည်။

“Building B1 မှ B5 အထိ ငါးလုံးစလုံးကို ၂၀၁၃ ထဲမှာ တပြိုင်ထဲစတင်ဆောက်လုပ်သွားမှာပါ၊ ဒီအတွက် အဆောက်အအုံတစ်လုံးနဲ့တစ်လုံးတည်ဆောက်ချိန်ကွာဟတာမျိုးမရှိတော့ဘဲ



သန်လျင်မြို့၊ Star City **အိမ်ရာစီမံကိန်းရှိ အိမ်ရာအရောင်းပြခန်းတွင် ဝယ်ယူသူများ ကြည့်ရှုနေစဉ်။ အဆိုပါစီမံကိန်းရှိ “Building A1”ကို ဇန်နဝါရီလကုန်တွင် နေထိုင်သူများလက်ဝယ်သို့ အပ်နှံသွားမည်ဟုသိရသည်။** ဓာတ်ပုံ - ရဲတာနာ

အမြန်ဆုံးဝယ်နိုင်၊ နေနိုင်မယ်၊ ဒီတော့ နေထိုင်မယ့် community တွေအတွက် ပိုအဆင်ပြေတာပေါ့”ဟု ၎င်းကပြောသည်။

Star City သန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းရှိ တိုက်ခန်းဈေးနှုန်းများမှာ ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၂,၅၀၀ အထိရှိပြီး နောက်ပိုင်းတည်ဆောက်သည့် building များအတွက် ဒီဇိုင်းနှင့် interior ပိုင်းအနည်းငယ်ပြောင်းလဲသွားမည်ဖြစ်သောကြောင့် ဈေးနှုန်းများလဲဝါဝင်မည့် interior, building design နှင့် layout ပေါ်မူတည်၍ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

Building A1 မှ A5 တွင် ရှိသော အခန်းအကျယ်အဝန်းများမှာ ၆၂၂ မှ ၁,၇၂၂ စတုရန်းပေအထိ အကျယ်အဝန်းရှိသည်။ Building A1,A2, A5 တို့တွင် lift နှစ်စင်းစီပါရှိပြီး Building A3 နှင့် A4 တို့တွင် ဓာတ်လှေခါးလေးစင်းစီပါရှိကြောင်း သိရသည်။ Star City ရှိ Zone A တွင်ပါဝင်သော Building A1,A2,A3,A4,A5 တွင် အခန်းစုစုပေါင်း ၉၇၈ ခန်းပါဝင်ပြီး ထိုအထဲက မှ အခန်း ၇၀၀ ကျော်ရောင်းချပြီးသွားပြီဖြစ်ကြောင်း သိရသည်။ Zone B တွင် Building B1,B2, B3, B4,B5 ဟူ၍ပါဝင်ပြီး အခန်းစုစုပေါင်း ၁,၀၀၀ ကျော် ရှိမည်ဖြစ်ပြီး building B5 တွင်ပါဝင်သော အခန်း ၂၆၄ ခန်းကို ဇန်နဝါရီတွင် စတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ Zone B ကို ၂၀၁၃ ဇန်နဝါရီလတွင် စတင် launch လုပ်မည်ဖြစ်ပြီး ဈေးနှုန်းဖွင့်လှစ်၍စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကိုစိုးသီဟလှိုင်က ပြောသည်။

သန်လျင်ကြယ်စင်အိမ်ရာတွင် ဝယ်ယူသူများအနေဖြင့် one-stop service ရရှိစေရန် အဆောက်အအုံ engineering၊ interior decoration တို့နှင့် ပတ်သက်၍ a12 (Myanmar) Co.,Ltd, Clancy Global CG (Myanmar) Co.,Ltd နှင့် Muse & Wittiness Design & Engineering Co., Ltd တို့မှ နေထိုင်သူများစိတ်ကြိုက်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“အခုဆိုရင် Family Garden Party မျိုးပထမဆုံးအကြိမ်လုပ်ပေးတယ်၊ ဒါက နေထိုင်သူ resident တွေနဲ့ management team နဲ့ ခင်မင်ရင်းနှီးမှုရအောင် ရည်ရွယ်ပါတယ်၊ နောက်ပြီးတော့ neighbour အချင်းချင်းလဲ သိကျွမ်းခင်မင်ပြီးတော့ Star City community ပိုမို အားကောင်းလာအောင်၊ ပြီးတော့ Star City မှာနေရင်ရရှိမယ့် lifestyle ကို ထင်ဟပ်ပေါ်လွင်စေဖို့လည်း ပါတာပေါ့”ဟု ကိုစိုးသီဟလှိုင်က အဆိုပါနေ့တွင် မြန်မာတိုင်း(မ်)သို့ ပြောကြားခဲ့သည်။■

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက အသင်း လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဟုသိရ

ထားထားဝင်း

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း(Myanmar Paddy Producers Association) ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့တွင် အသင်းဖွဲ့စည်းခွင့်တရားဝင်ရရှိခဲ့ပြီဖြစ်ရာ အသင်း မှတ်ပုံတင်ဖွဲ့စည်းရှင်သန်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာနှစ်သစ်တွင် ပရိတ်တရားတော်နာ အခမ်းအနားကို ဇန်နဝါရီ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့်ပြင် အသင်းရှေ့ဆက်လုပ်ငန်းစဉ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌဦးစိန်ဝင်းလှိုင်က မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသော အသင်းမှတ်ပုံတင်ဖွဲ့စည်းရှင်သန်ခြင်း အထိမ်းအမှတ်မင်္ဂလာအခမ်းအနားတွင် မြန်မာတိုင်း(မ်)သို့ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ၂၀၀၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင်ပါ အဖိန့်ကြော်ငြာစာဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စတင်ဖွဲ့စည်းခဲ့ပြီး တစ်ချိန်တည်းမှာပင်မြန်မာနိုင်ငံဥယျာဉ်ခြံမြေစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံလယ်ယာကိုင်းကျွန်းသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဟူ၍ အသင်းများ ဖွဲ့စည်းခဲ့ပြီး ထိုမှတစ်ဆင့် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်နေ့တွင် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီး ဌာနမှ ကုမ္ပဏီဥပဒေပုဒ်မ ၂၆ အရ အသင်းအနေဖြင့် ဖွဲ့စည်းခွင့်ရရန် လျှောက်ထားဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ပြီး ဆန်စပါးလုပ်ငန်းအသင်းနှင့် ဆက်စပ်အသင်းသုံးသင်းဖြစ်သော မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့အား အစုအဖွဲ့အနေဖြင့်ထားရှိပြီး supply chain တစ်ခုလုံးကို ချိတ်ဆက်၍ စိုက်ပျိုးထုတ်လုပ်ခြင်းမှ တစ်ဆင့် နိုင်ငံခြားတင်ပို့နိုင်အောင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌဦးစိန်ဝင်းလှိုင်က ရှင်းပြခဲ့သည်။

ထို့နောက်တွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation) အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပြီး အစုအဖွဲ့မှ အသင်းအနေဖြင့် ရပ်တည်လာခဲ့သည့်အတွက် ယခင်ကလျှောက်ထားခဲ့သော အသင်းမှတ်ပုံတင်ခွင့်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ခွင့်နှင့် တရားဝင်လိုင်စင်ရရှိခဲ့ကြောင်းလည်း ဦးစိန်ဝင်းလှိုင်က အသင်းဖြစ်တည်လာပုံအဆင့်ဆင့်ကို အသေးစိတ် ဆက်လက်ရှင်းပြခဲ့သည်။

“အသင်းဖွဲ့စည်းလိုက်တဲ့အတွက် ဦးတည်လုပ်ဆောင်ရမယ့် ရည်ရွယ်ချက်တွေဖြစ်တဲ့ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများရဲ့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ နည်းပညာပိုင်း၊ သွင်းအားစုပိုင်းတွေကို အကူအညီပေးသွားဖို့ ရည်ရွယ်ပါတယ်၊ ဒါ့ပြင် ပြည်နယ်နဲ့ တိုင်း ဆန်

စာမျက်နှာ ၃၀ သို့





Myanmar

Hospitality & Tourism Conference 2013

26 – 28 February 2013
Traders Hotel, Yangon, Myanmar
www.mhtc.sphereconferences.com



"Seek partnerships and close business deals at Myanmar's FIRST and ONLY hospitality and tourism conference"

The inaugural Myanmar Hospitality and Tourism Conference 2013 is the country's first and only conference dedicated to showcasing the investment opportunities available within Myanmar. Working closely with the Ministry of Hotels and Tourism together with Myanmar Tourism Federation as the co-organizer, this conference will give you insights to Myanmar's visionary plans for the tourism sector.

With the inking of the foreign investment laws, the time is now to gain first mover advantage. As a local business owner, this is your best chance to meet with interested foreign investors face-to-face to seek partnerships and collaborations. On top of that, hear case studies of effective business models that have worked well for other hospitality and tourism players from around the region.

Up to 20% discount for international group delegations. Call us at +65 6848 5371 for more information.

Kindly use this voucher code "MHTCMYAN" to enjoy group discounts

Book now!
Limited seats available!

USD500
Exclusive rate for local Myanmar delegates, call us for more information.

Follow us at @mhtcmyanmar

The distinguished speaker lineup includes:



John Morse AM
Former Managing Director, **Australian Tourist Commission**



Olivier Colomes
CEO, **Exotissimo Travel Group**



Victor Pang
Vice President, Development – Asia, **Accor Asia Pacific**



John Blanco
Director of Hotels and Resorts, **Indochina Land**



Kevin Wallace
President and CEO, **JA Resorts and Hotels**



Nagesh Devata
Senior Vice President, **MasterCard Worldwide**



Marc Dardenne
CEO, **Patina Hotels and Resorts**



Paul Kerr
CEO, **Small Luxury Hotels of the World**



Lothar Pehl
Senior Vice President, Operations and Group Initiatives, **Starwood Hotels and Resorts Asia Pacific**



Mark Lankester
CEO, **Tune Hotels**

Register today and enjoy great savings, contact **Ms. Miss Hla Soe Nwe** at **+951 548011, 543191, 549827** or **Nann Thi Thi Tun** at **+65 6848 5371** or email **thithi@sphereconferences.com** for more information

တင့်တယ်လှပတဲ့ ဧည့်ခန်းအသုံးအဆောင်များ

တင့်တယ်လှပပြီး ခံ့ညားထည်ဝါတဲ့ အိမ်တွင်းအလှဆင် ချစ်စဖွယ် ရွှေရုပ်ကလေးများ

ဒီတစ်ပတ်အတွက်တော့ အိမ်တွင်းအလှဆင်ပစ္စည်းလေးတွေကို အမြတ်တနိုးနဲ့ အိမ်မှာထားချင်သူတွေအတွက် ဒါမှမဟုတ် လက်ဆောင်ပေးလိုသူတွေအတွက် အလှထားလို့ အဆင်ပြေစေမယ့် တင့်တယ်လှပတဲ့ ရွှေရုပ်လေးတွေကို ဖော်ပြပေးလိုက်ပါတယ်။



၁။ ပထမဆုံးအရုပ်လေးကတော့ ရာဇဝင်ထဲက ဇာတ်ကောင်တွေဖြစ်တဲ့ ရာမလက္ခဏနဲ့ သီတာဒေဝီတို့ရဲ့ ကြည်နူးဖွယ်ပုံရိပ်ကိုပြထားပြီး ၉၉ ဒသမ ၉၉ ရွှေရည်တို့နဲ့ Hand-made လက်ရာပြုလုပ်ထားတဲ့ ပစ္စည်းလေးပါ။



၂။ ဒုတိယအရုပ်လေးတွေကတော့ ချစ်စဖွယ် limited editation လူပြောင် အရုပ်လေးတွေဖြစ်ပြီး Swarovski Crystal တွေနဲ့ လက်ရာမြောက်စွာ ပြုလုပ်ထားပါတယ်။ ဒီအရုပ်လေးတွေကို အိမ်ရဲ့ ဧည့်ခန်းမှာပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အိပ်ခန်းမှာပဲဖြစ်ဖြစ် အလှထားလို့ အဆင်ပြေမှာပါ။



၃။ ကျက်သရေမင်္ဂလာရှိခြင်းကို အဓိပ္ပာယ်ဖော်ဆောင်တဲ့ ဒီရတနာရွှေ ဒေါင်းစုံတွဲအရုပ်လေးကတော့ အိမ်တစ်အိမ်ရဲ့ အဓိကနေရာဖြစ်တဲ့ ဧည့်ခန်းကို တင့်တယ်လှပသွားစေမှာပါ။



၄။ လက်ဆောင်ပေးလို သူတွေအတွက် အခုလိုမင်္ဂလာပွဲတွေကျင်းပတဲ့ အချိန်မျိုးမှာ ဒီရတနာငွေငန်းစုံတွဲ အရုပ်လေးက ရွှေးချယ်မှုအကောင်းဆုံး ဖြစ်စေမှာပါ။



၅။ နောက်ဆုံးအရုပ်လေးကတော့ မီးငှက်လို့ခေါ်တဲ့ (ဖီးနစ်) အရုပ်လေးပါ။ ဒီအရုပ်လေးကို တောက်ပလှတဲ့ ကျောက်ရောင်စုံလေးတွေနဲ့ စီခြယ်ထားတာမို့ အိမ်မှာ အလှဆင်မယ်ဆိုရင် ကိုယ့်အိမ်ရဲ့ အလှကို ပိုမိုလှပသွားအောင် ပံ့ပိုးနိုင်မယ်လို့ ထင်မိပါတယ်။

ဒီပစ္စည်းလေးတွေကို ဝယ်ယူချင်တယ်ဆိုရင်တော့ အမှတ် (၄၇၉)၊ အေးရိပ်သာ (၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှာရှိတဲ့ ပဒုမ္မာအရောင်းပြခန်းမှာ ဝယ်ယူရရှိနိုင်ပါတယ်။ ဖုန်း- ၀၁ ၄၀၀၁၉၉။ **မြတ်ငြိမ်းအေး** ■

Living with Technology Expo 2013

ပြပွဲ မြန်မာနိုင်ငံအင်ဂျင်နီယာ. . .

စာမျက်နှာ ၂၇ မှ

အလှဆင် ပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ စက်နှင့် စက်အပိုပစ္စည်းများနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများပြသမည် ဖြစ်သည်။ ထို့ပြင် ပညာရေးဝန်ဆောင်မှုနှင့် လေ့ကျင့်ရေးသင်တန်းများလည်း ပါဝင်မည်ဖြစ်သည်။

"အခုလို ခြောက်နှစ်ဆက်တိုက် ဒီပွဲကျင်းပရတဲ့ အဓိကအကြောင်းရင်းကတော့ မျိုးဆက်သစ်အင်ဂျင်နီယာတွေကို ခေါင်းဆောင်ပြုလုပ်ခိုင်းတော့ ခေါင်းဆောင်မှု အရည်အသွေးရလာမယ်၊ စီမံခန့်ခွဲမှုတွေမြင့်လာမယ်။ နောက်ပြီး ပြပွဲမှာ လာပြတဲ့ ကုမ္ပဏီတွေကလည်း ဒီအင်ဂျင်နီယာအသင်းနဲ့ အချိတ် အဆက်ဖြစ် သွားစေမယ်။ ကုမ္ပဏီတွေကလည်း သူတို့ရဲ့ ကုန်ပစ္စည်းတွေကို သုံးစွဲသူတွေနဲ့ တိုက်ရိုက် ထိတွေ့နိုင်မယ်။ ပြပွဲမှာ ရလာမယ့် အကျိုးအမြတ်တွေကလည်း အင်ဂျင်နီယာနည်းပညာတိုးတက်ထွန်းကားဖို့ကိုပဲ အဓိက ရည်ရွယ်ပြီး ကျင်းပဖြစ်နေတာပါ"ဟု ကိုသူရအောင်ကပြောသည်။

ပြပွဲတစ်လျှောက်တွင် အင်ဂျင်နီယာလူငယ်များ ဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်ကာ Technical Quick ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မည်သည့်အင်ဂျင်နီယာမေဂျာမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **မြတ်ငြိမ်းအေး** ■

စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေ နှစ်သက်မယ့် သပ်ရပ်လှပတဲ့ သုံးထပ်အိမ်



မြတ်ငြိမ်းအေး
အိမ်ရှင်မြေသတင်းထောက်

တည်နေရာ - ပါရမီကားဝင်းအနီး၊ ဝေဇယန္တာလမ်းမကြီးဘေး၊ တောင်ဥက္ကလာပ။
ဈေးနှုန်း - ကျပ်သိန်း ၅,၀၀၀ (အရောင်း) (ညှိနှိုင်း)။ **ဖုန်း**-၀၉ ၄၃၁၂၇၂၈၈။
ဆက်သွယ်ရန် – (မြ)ပန်းသခင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်။



ဒီတစ်ပတ်ရဲ့ စိတ်ကြိုက်အိမ်လေးကတော့ တောင်ဥက္ကလာမြို့နယ်ပါရမီကားဝင်းအနီး ဝေဇယန္တာ လမ်းမကြီးပေါ်မှာ ရှိတဲ့ သုံးထပ်တိုက် လုံးချင်းအိမ်လေးပဲ ဖြစ်ပါတယ်။ လမ်းမကြီးဘေးမှာမို့မိသားစုတွေနေထိုင်ဖို့ထက် စီးပွားရေးလုပ်ငန်းလုပ်လိုသူတွေ ဒါမှမဟုတ်ကုမ္ပဏီ၊ ရုံးခန်းဖွင့်လိုသူတွေအတွက် အဆင်ပြေမယ့် အိမ်လေးပဲ ဖြစ်ပါတယ်။

ဒီအိမ်လေးက ခြံနဲ့ ကွက်တိဆောက်ထားတဲ့အတွက် ခြံထဲမှာ ကားထားဖို့အတွက် နေရာလွတ်တော့မရှိပါဘူး။ ဒါကြောင့် အိမ်ထဲမှာပဲ ကားဂိုဒေါင်ကို တစ်ဆက်တည်းတည်ဆောက်ထားတာကိုတွေ့ရပါတယ်။ အိမ်အကျယ်အဝန်းက စတုရန်းပေ ၁,၂၀၀ ဖြစ်တဲ့အတွက် အိမ်အတွင်းပိုင်းက အရမ်းတော့ မကျယ်လှပါဘူး။ ဒါပေမယ့်အိမ်ရဲ့ ဖွဲ့စည်းပုံကတော့ သပ်ရပ်လှပပြီး ရိုးရှင်းပါတယ်။

ဒီအိမ်က ဝင်ဝင်ချင်း ကားဂိုဒေါင်ဖြစ်ပြီး နောက်ဘက်ပိုင်းကို ထမင်းစားခန်းနဲ့ မီးဖိုခန်းတွေ ပြုလုပ်ထားပါတယ်။ အောက်ထပ်မှာတင် ရေချိုးခန်းတစ်ခန်း အိမ်သာတစ်ခန်းပါရှိပါသေးတယ်။ အဲဒီကနေမှ ဒုတိယထပ်ကိုတက်ရင်တော့ ရေချိုးခန်းအိမ်သာတွဲလျက်ပါတဲ့ အိမ်ခန်းတစ်ခန်းရယ်၊ ဧည့်ခန်းပြုလုပ်လို့ ရမယ့်နေရာလွတ်ရှိပြီး ရိုးရိုးရှင်းရှင်းပဲ ဖွဲ့စည်းထားတာ တွေ့ရပါတယ်။

တတိယထပ်ကိုလည်း ဒုတိယထပ်နဲ့ ပုံစံတူဖွဲ့စည်းထားပါတယ်။

ဒီအိမ်က လမ်းမကြီးဘေးမှာ တည်ဆောက်ထားပြီး လွတ်လွတ်လပ်လပ် အနားယူဖို့ ခြံဝင်းကျယ်မရှိတာမို့ အေးအေးဆေးဆေးနေလိုပြီး လူဦးရေများတဲ့ မိသားစုတွေအတွက်တော့ နည်းနည်းခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် လုပ်ငန်းလုပ်လိုသူတွေအတွက်တော့ နေရာကလည်း အချက်အချာကျပြီး အိမ်ရဲ့တည်ဆောက်ပုံကလည်း ကုမ္ပဏီရုံးခန်းတွေဖွင့်လှစ်ဖို့အဆင်ပြေမယ့် အဆောက်အအုံမျိုးဖြစ်တာမို့ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ချင်သူတွေအတွက် အသင့်တော်ဆုံးလုံးချင်းအိမ်လို့ မြင်မိပါတယ်။

ဒီအိမ်ရဲ့သက်တမ်းကလည်း အရမ်းမကြာသေးပါဘူး။ ဒါကြောင့် လုံးချင်းအိမ်သစ်မှာ နေထိုင်လိုသူတွေအတွက်တိုက်သက်တမ်းအရရော၊ သွားလာရေး အချက်အချာကျမှုတွေကပါ နေထိုင်သူတွေအတွက် အဆင်ပြေစေမှာပဲလို့ ဆိုချင်ပါတယ်။

ဒါပေမယ့် ဒီအိမ်လေးက အားလုံးခြုံကြည့်ရင် အဆင်ပြေလှပေမယ့် အိမ်နဲ့ လမ်းမကြီးက အရမ်းကပ်လွန်းတာကြောင့်ကားထားဖို့အတွက်တော့ ခက်ခဲပါလိမ့်မယ့်။ ကားများများရပ်ဖို့တော့ နည်းနည်းအခက်အခဲတွေ့မယ့်နေရာလေးပါ။

အိမ်ရဲ့တံခါးမကြီးကိုလည်း သံဘာကျာ တံခါးတစ်ထပ် သစ်သားခေါက်တံခါးကတစ်ထပ် နှစ်ထပ်ပြုလုပ်ထားတာမို့ လမ်းမနဲ့ နီးပေမယ့်လည်း အိမ်ရဲ့ လုံခြုံမှုကတော့ အပြည့်ရှိပါတယ်။ နောက်ပြီး အိမ်ရဲ့ ပြတင်းပေါက်တွေကိုလည်းမှန်လျှောတံခါးနဲ့ ပြုလုပ်ထားတဲ့ အပြင် သံတိုင်တွေလည်း ပါရှိသေးတာမို့ ဘေးအိမ်တွေနဲ့နီးကပ်ပေမယ့်လည်း လုံခြုံမှု မရှိမှာ စိုးရိမ်နေစရာ မလိုတော့ပါဘူး။

ဒီအိမ်လေးမှာ ရေမီးအပြည့်အစုံအပြင် လေအေးပေးစက် တစ်လုံးလည်း ပါပါတယ်။ ဒီအိမ်ရဲ့ သုံးထပ်လုံးကို ကြွေပြားခင်းထားပါတယ်။ လှေကားတွေကိုတော့ ကျွန်းပါကေးခင်းထားပါတယ်။

အောက်ဆုံးထပ်ရဲ့မီးဖိုချောင်ကိုလည်း ကြွေခုံပန်ကန်ဆေးစင်နဲ့ ပစ္စည်းထည့်တဲ့စင်လေးတွေကိုလည်း သပ်သပ်ရပ်ရပ် ပြုလုပ်ထားပါတယ်။ နောက်ပြီး ဒုတိယထပ်နဲ့ တတိယထပ်တို့မှာလည်း သံလက်ရန်းတွေနဲ့ အလှဆင်ထားတဲ့ ဝရန်တာပါရှိပါတယ်။ ■

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း . . .

စာမျက်နှာ ၂၈ မှ

စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းခွဲတွေ ဖွဲ့စည်းပြီးတော့ ကွင်းဆင်းဆောင်ရွက်သွားနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟုလည်း ဦးစိန်ဝင်းလှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကို အသင်းဥက္ကဋ္ဌ အပါအဝင် ဗဟို အလုပ်အမှုဆောင် ၁၈ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အသင်းဖွဲ့စည်းခွင့်နှင့် မှတ်ပုံတင်တရားဝင်ရရှိပြီးသွားသည့်နောက်ပိုင်းတွင် အသင်းမှချမှတ်ထားသည့်ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ချမှတ်ထားတဲ့ ရည်ရွယ်ချက် ၁၄ ရပ်အတိုင်း ဦးလည်မသုန် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အသင်းကနှစ်စဉ်နှစ်တိုင်းလည်း China Asean Expo မှာ ပြခန်းတွေ ဝင်ရောက်ပြသနိုင်ခဲ့သလို ၂၀၁၂ စက်တင်ဘာမှာ ကျင်းပသွားခဲ့တဲ့ (၉) ကြိမ်မြောက် China Asean Expo မှာလည်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ ပြခန်းဝင်ရောက်ပြသနိုင်ခဲ့ပါတယ်။ နိုင်ငံခြားကလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီးပြည်တွင်းကစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

"လက်ရှိနိုင်ငံတော်အစိုးရလက်ထက်မှာ ပွင့်လင်းလာတဲ့စီးပွားရေးအခြေအနေအရ ဆန်စပါးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူတွေပိုမိုဝင်ရောက်လာနိုင်အောင် နိုင်ငံခြားကစိုက်ပျိုးရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်သွားဖို့အစီအစဉ်ရှိပါတယ်။ မကြာမီမှာပဲ ဂျပန်နိုင်ငံကပညာရှင်အဖွဲ့တွေလာရောက်ပြီးတော့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို လာရောက်လေ့လာပြီးတော့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ သူတို့နဲ့ ချိတ်ဆက်ထားပြီးပါပြီ။ တစ်ဖက်မှာ ဆန်စပါးအသင်းချုပ်ရှိတယ်၊ နောက်ပြီးကုန်သည်/စက်မှုအသင်းချုပ်လည်းရှိပါတယ်။ ဒါပေမယ့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကိုပဲ ဦးတည်ဇောက်ချပြီးလုပ်နိုင်ဖို့ဆိုလို့ ရှိရင် ဒီလိုအသင်းဖွဲ့စည်းခွင့်နဲ့ လိုင်စင် တရားဝင် ရရှိလိုက်တဲ့အတွက် ပိုပြီးတော့ အင်တိုက်အားတိုက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက မြန်မာတိုင်း(မဲ)၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စပါးစိုက်ပျိုးထွက်ရှိမှုမှာ တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော်ရှိပြီး ဆန်ထွက်ရှိမှုမှာ တန်ချိန် ၁၇ သန်းခန့် ထွက်ရှိကြောင်းသိရသည်။လူတစ်ဦး၏ ဆန်စားသုံးမှုမှာ တစ်နှစ်လျှင် ကီလိုဂရမ် ၂၂၀ ခန့် ဆန်အိတ်လေးအိတ်ခန့်ရှိသည်ဟုလည်း အချက်အလက်များအရ သိရှိရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်ကို မိုးစပါးစိုက်ပျိုးမှုမှာ ၁၇ ဒသမ ၂၇ သန်းရှိပြီး နွေစပါးစိုက်ပျိုးမှုမှာ ၃ ဒသမ ၁၆ သန်းကျေရှိရာ စုစုပေါင်းကောသန်း ၂၀ ကျော် စိုက်ပျိုးကြောင်းသိရသည်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ဆန်တန်ချိန်တစ်သန်းကျော်တင်ပို့ပြီးသွားပြီဖြစ်ပြီး နောက်လာမည့် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်ပိုမိုတင်ပို့နိုင်အောင် ကြိုးပမ်းသွားမည်ဟုလည်း ဦးစိန်ဝင်းလှိုင်က ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းသည် တရုတ်ပြည်၊ ပေကျင်းမြို့ရှိတရုတ်-အာဆီယံဖွံ့ဖြိုးတိုးတက်ရေးအတွင်းရေးမှူးရုံး China Asean Secretariat နှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြားစိုက်ပျိုးရေးထုတ်လုပ်မှု၊ ကုန်သွယ်မှုတိုးတက်ထွန်းကားရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားခြင်းရှိသလို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ စည်ပင်သာယာအဖွဲ့နှင့်လည်း စိုက်ပျိုးရေးနှင့်ကုန်သွယ်မှုကိစ္စရပ်များအတွက် ၂၀၁၂ခုနှစ်အတွင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုမှ ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် MOU ရေးထိုး၍ Myanmar International Commodity Exchange (MICE) တစ်ခုဖွင့်လှစ်သွားရန်ရှိပြီး ဆန်စပါးကို အဓိက ဦးတည်၍ အခြား သီးနှံများနိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်အောင် ဆောင်ရွက်သွားရန်ရှိကြောင်းလည်း အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က မြန်မာတိုင်း(မဲ)သို့ ရှင်းလင်းပြောကြားခဲ့သည်။ ■

Classifieds

■ အိမ်ခြံမြေကဏ္ဍ ■ ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ ဇန်နဝါရီလ ၁၁ - ၁၇၊ ၂၀၁၃

ဘယ်လို ကြော်ငြာရမလဲ

ဖက်စ်နံပါတ်လိုလျှင် – ၉၅၁- ၂၅၄၁၅၈

အီးမေးလ်ပို့လိုလျှင် – classified@myanmartimes.com.mm, advertising@myanmartimes.com.mm

စာတိုက်မှတဆင့် – ၁၀၉ ၃၀၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အီဇေးရာမြာကြော်ငြာဝိုလျှင်

ခင်မွန်မွန်ရည်- ၉၅၁-၃၉၂၆၄၆၊ ၃၉၂၉၂၈
classified@myanmartimes.com.mm

အိမ်ခြံမြေ (အငှား)

ဦးချစ်မောင်လမ်း

တိုက်ခံပျဉ်ထောင် ၂ ထပ်၊ ပေ ၂၀ နှင့် ပေ ၄၀၊ နေရာကောင်း။ ဖုန်း-၀၉-၄၃၀၉-၃၀၉၅။

ဟိုတယ်

(၁) ဗဟန်း၊ ၀.၃ ဧက၊ 24 MBR, 2½RC (၂) ကမာရွတ်၊ ပေ ၉၀ ပတ်လည်၊ 3RC, 38 MBR (၃) လမ်းမတော်၊ ၂၅ ပေနှင့် ပေ ၅၀၊ 10 RC, 51 MBR. ဖုန်း-၀၉-၈၃၁၀-၅၂၉၆၊ ၀၉-၅၅၀-၅၄၈၂။

ကမာရွတ်

စီးပွားရေးလုပ်ရန် အချက်အချာကျပြီး လူစည်ကားသော အင်းစိန်လမ်းမပေါ်တွင် ဆိုင်ခန်း ငှားရန်ရှိပါသည်။ အကျိုးဆောင် မလိုပါ။ ဖုန်း-၀၉-၄၂၈၃-၄၃၁၈။

၉ မိုင်

မရမ်းကုန်းမြို့နယ်အတွင်းရှိ မြေကွက်၊ ပေ ၆၀ နှင့် ပေ ၁၀၀ ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်၊ MB-2, SB-1, Living Room, Family Room, Study room, Shrine, Dining room, Kitchen 2, Store, Mate room, Garage for 3 Cars, Swimming Pool, Open terrace, Lawn, Landline phone-2. ဖုန်း-၀၁-၆၅၀၂၂၅၅၊ ၀၉-၄၂၀၀-၇၁၁၀၂။

ဗဟန်း

ဖိုစိန်လမ်းပေါ်ရှိ စတုရန်းပေ ၁၃၃၀ ရှိမြေကွက်ငှားရန်ရှိပြီး သည်။ ဖုန်း-၀၉-၅၁၁၀-၇၁၂၅။

ကမာရွတ်

အာတီးယားလမ်း (သီရိမင်္ဂလာ) 2RC, 4MR+ Hall, 10000 sqft, ရေမီးစုံ၊ လုံးခြင်း။ ဖုန်း-၃၈၅၉၀၆၊ ၀၉-၂၀၀-၄၄၆၄ (ဖွဲ့စီးမလို)။

အလုံ

မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ ၁၃ ပေနှင့် ၄၈ ပေ၊ တ-ထပ်၊ ထပ်ခိုပါ၊ 1BR, 2 A/C, ပါကေး၊ လိုင်းဖုန်းပါ။ ၃ သိန်း၌။ ဖုန်း-၀၉-၇၃၀-၄၇၂၆။

ရန်ကုန်-ပြည် လမ်းမ

၁၅ ပေ နှင့် ၅၅ ပေ၊ GF+HK, Hall, အမြန် ငှားမည်။ ကိုနေလင်းဦး-ဖုန်း-၀၉-၄၁၀၁-၀၀၀၅၄။

ဗဟန်း/ ရန်ကင်း

(၁) ကမ္ဘာအေးဘုရားလမ်းမ၊ ပေ ၁၂၀ ပတ်လည်၊ 2RC, 9 MBR. (၂) မိမိးလဲ့ကန်သာလမ်း၊ ၀.၈ ဧက၊ 1RC, တင်းနစ်ကွင်း၊ ကန်စပ်ထိ။ (၃) သစ္စာလမ်းမ၊ ပေ ၁၁၀ နှင့် ပေ ၁၂၀၊ 2RC. ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၀၂၂၀-၁၈၂၈။

ဗဟန်း/ တာမွေ

(၁) နတ်မောက်လမ်း၊ ပေ ၁၂၀ နှင့် ပေ ၁၄၀ မြေ (၂) စောမဟာလမ်း၊ ၀.၄ ဧက၊ မြေ (၃) ဖိုစိန်လမ်း၊ ၀.၅၅ ဧကမြေ။ ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၀၂၂၀-၁၈၂၈။

ကျောက်တံတား

ဆိပ်ကမ်းသာလမ်းအထက်၊ ပေ ၂၀ နှင့်ပေ ၆၀၊ ၅ လွှာ၊ အိပ်ခန်း ၂ ခန်း၊ ဖုန်းပါ၊ တစ်လ -၁၅ သိန်း၊ fully furniture. ဖုန်း-၀၉-၈၆၁-၃၃၈၈။

သုဝဏ္ဏ

VIP 2, ပေ ၆၀ ပတ်လည်၊ ဖုန်းပါ၊ ခွန်နီလမ်းသွယ် ၂ ၁ ထပ်တိုက်၊ ရေမီးစုံ၊ ပြင်ဆင်ပြီး၊ အသင့်နေနိုင်၊ ၂.၂ သိန်း။ ပွဲစားမလို။ ဖုန်း-၀၉-၅၃၁၃၅၊ ၀၉-၅၀၂-၄၃၀၀။

ကမာရွတ်

(၁) ပေ ၂၀ နှင့် ပေ ၆၀၊ ပါးထပ် ဆိုင်ခန်း၊ ရွှေပဒေသာရိပ်မွန်၊ ၁ လ-သိန်း-၅၀။ (၂) ၇၅ ပေနှင့် ပေ ၅၀၊ နှစ်ထပ်လုံး ချင်း၊ ပြည်လမ်းမ သွယ်၊ ၁လ -၁၅ သိန်း။ ဖုန်း-၀၉ -၅၁၀-၆၈၃၉၊ ၀၉-၅၁၁-၀၀၀၆၈။

၇ မိုင်

ကန်းပြင့်ရိပ်သာလမ်းမ၊ ၉၃ ပေ ပတ်လည်၊ 2RC, 2MBR, 9BR, Ph, 6A/C, (ရှယ်ပြင်ပြီး)၊ 4000$. မရွှေမေသန်း-ဖုန်း-၀၉-၅၃၂-၃၈၄၃၃။

အမြန်ငှားမည်

(၁) ပုဇွန်တောင်၊ ၅၁ လမ်း၊ (20'x60'), 6F, 2BR, ၂ သိန်း (၂) တောင်ဥက္ကလာ၊ မြသီတာအိမ်ရာ၊ (70'x90'), 2RC, 3MBR, ၂၅ သိန်း, (၃) သာကေတ၊ မြွှာညီအိမ်ရာ၊ (40'x60'), 2RC, 3BR, Ph, ၅ သိန်း, (၄) ဒဂုံ၊ E-Condo (2100 sqft) 1MBR, 1BR, ၁၃ သိန်း, (၅) သဃ်နန်းကျွန်း၊ သုမင်္ဂလာအိမ်ရာ၊ (60'x80'), 2RC, 1MBR, 2BR, ၁၂ သိန်း, ဖုန်း-၄၀၁၂၉၄၊ ၀၉-၅၃၂-၃၆၃၁၃၊ ၀၉-၅၃၂-၄၂၉၈။

ပိုင်ရှင်ကိုယ်တိုင် အမြန်ငှားမည်

ဟိုတယ်၊ ဂိုဒေါင်၊ တိုက်ခန်း၊ ဖုန်း-၀၉-၅၁၂-၂၅၅၅၊ ၀၉-၅၁၉-၂၄၃၅။

သမိုင်းလမ်းဆုံအနီး

ဗဟိုလမ်းပေါ်ရှိ အိမ်ရာ၊ အသင့်နေ၊ ပါကေးနှင့် ကြေငြာခင်း၊ 7th floor,Lift ပါ၊ 1MBR, 1BR,1LR,1DR. အဆင့်မြင့်မြင့် တိုက်ခန်း ဈေးသက်သာစွာဖြင့် ငှားမည်။ ဖုန်း-၀၉-၄၂၈၃-၄၃၁၈။

ဗဟန်း

ဖိုစိန်လမ်းပေါ်ရှိ စတုရန်းပေ ၁၃၃၀ ရှိမြေကွက်ငှားရန်ရှိပြီး သည်။ ဖုန်း-၀၉-၅၁၁၀-၇၁၂၅။

ကမာရွတ်

အာတီးယားလမ်း (သီရိမင်္ဂလာ) 2RC, 4MR+ Hall, 10000 sqft, ရေမီးစုံ၊ လုံးခြင်း။ ဖုန်း-၃၈၅၉၀၆၊ ၀၉-၂၀၀-၄၄၆၄ (ဖွဲ့စီးမလို)။

အလုံ

မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ ၁၃ ပေနှင့် ၄၈ ပေ၊ တ-ထပ်၊ ထပ်ခိုပါ၊ 1BR, 2 A/C, ပါကေး၊ လိုင်းဖုန်းပါ။ ၃ သိန်း၌။ ဖုန်း-၀၉-၇၃၀-၄၇၂၆။

ရန်ကုန်-ပြည် လမ်းမ

၁၅ ပေ နှင့် ၅၅ ပေ၊ GF+HK, Hall, အမြန် ငှားမည်။ ကိုနေလင်းဦး-ဖုန်း-၀၉-၄၁၀၁-၀၀၀၅၄။

ဗဟန်း/ ရန်ကင်း

(၁) ကမ္ဘာအေးဘုရားလမ်းမ၊ ပေ ၁၂၀ ပတ်လည်၊ 2RC, 9 MBR. (၂) မိမိးလဲ့ကန်သာလမ်း၊ ၀.၈ ဧက၊ 1RC, တင်းနစ်ကွင်း၊ ကန်စပ်ထိ။ (၃) သစ္စာလမ်းမ၊ ပေ ၁၁၀ နှင့် ပေ ၁၂၀၊ 2RC. ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၀၂၂၀-၁၈၂၈။

ဗဟန်း/ တာမွေ

(၁) နတ်မောက်လမ်း၊ ပေ ၁၂၀ နှင့် ပေ ၁၄၀ မြေ (၂) စောမဟာလမ်း၊ ၀.၄ ဧက၊ မြေ (၃) ဖိုစိန်လမ်း၊ ၀.၅၅ ဧကမြေ။ ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၀၂၂၀-၁၈၂၈။

ကျောက်တံတား

ဆိပ်ကမ်းသာလမ်းအထက်၊ ပေ ၂၀ နှင့်ပေ ၆၀၊ ၅ လွှာ၊ အိပ်ခန်း ၂ ခန်း၊ ဖုန်းပါ။ ၁ လ-၁၅ သိန်း။ Fully furniture. ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဗဟန်း

(၁) ရွှေတောင်ကုန်း၊ ပေ ၈၀ နှင့် ပေ ၁၀၀၊ 2RC (၂) ကမ္ဘောဇ လမ်းသွယ်၊ ပေ ၆၀ နှင့် ပေ ၁၀၀၊ 2RC (သစ်) (၃) စိမ်းလဲ့ကန်သာလမ်း၊ ၀.၂ ဧက၊ 1½ RC. ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၀၂၂၀-၁၈၂၈။

ကမာရွတ်

စီးပွားရေးလုပ်ရန် အချက်အချာကျပြီး လူစည်ကားသော အင်းစိန်လမ်းမပေါ်တွင် ဆိုင်ခန်း ငှားရန်ရှိပါသည်။ အကျိုးဆောင် မလိုပါ။ ဖုန်း-၀၉-၅၂၀-၆၁၀၁။

အဖြန်ငှား

ရန်ကုန်မြို့လည်ခေါင် အချက်အချာကျသော တရုတ်တန်းတွင် ၎ ထပ်လုံးချင်းတိုက်အသစ်၊ ၂၆ ပေ နှင့် ပေ ၆၀၊ ပြင်ဆင်ပြီး၊ ဓာတ်လှေကားပါ၊ တိုက်အသစ် အကျိုးဆောင်မလိုပါ။ ၁ လ-သိန်း-၁၂၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ကမာရွတ်

မြန်မာ + တရုတ် + ယိုးဒယား + စင်ကာပူ + ကိရီးယားဖက်ရှင် ဒီ ဇိုင်းပုံဆန်းများကို လက်တွေ့ချုပ် နိုင်သည်အထိ နောက်ဆုံးပေါ် နည်း စနစ်များအတိုင်း စနစ်တကျ သင် ကြားပေးပါသည်။ ဘာသာစုံ ဆိုင်ပြန်ဖွင့်နိုင်သည်အထိ သင် ကြားပေးသည်။ အနှစ် ၂၀ မြောက် သင်တန်းသူ ၂၅၀ ကျော်တက် ရောက်သင်ကြားပို့ချပြီး။ သင်တန်း ကြေး 50% Discount. မြွှင့်ဖြူ စိန် အဆင့်မြင့် ဖက်ရှင်နှင့် စက် ချုပ်သင်တန်း- အိမ်-၅၆၀၊ ကမ်း နားလမ်း၊ ၉ လမ်းနှင့် ၁၀ လမ်း ကြား၊ ပထပ်၊ လမ်းမတော်။ ဖုန်း-၂၂၅၅၄၁။ ဆိုင်-၅၂၃၊ အရှေ့/ဘီ၊ ပိုလ်ချုပ်အောင်ဆန်းဈေး။

Design Training Class

S.O.E Lady Fashion Design Training Class: ၃၉/၄၁၊ ပျားရည်ကုန်းလမ်း၊ တာမွေ။ ဖုန်း-၀၉-၇၃၁-၇၂၅၄၊ ၂၉၈၄၄၁။

ဂီတာ

ဂီတအမျိုးအစားအလိုက် ဂီတာ သင်တန်းများကို အိမ်အရောက် သင်ကြားပေးသည်။ ဂီတာဆရာ ကိုငယ်လေး-ဖုန်း-၀၉-၄၂၈၁-၈၅၁၁၉၊ ၀၉-၄၂၀၀-၇၃၃၄။

ဂီတ

(၁) Organ လက်တွေ့ ၂ လသင်တန်း၊ (၂) အရေး လက်တွေ့ ၁ လ သင်တန်း၊ (၃) အဆို လက် တွေ့ ၁ လသင်တန်း။ ကလောင်သစ် ဂီတသင်တန်း-၃၉၊ ၇ လွှာ/ဘီ၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်။ ဖုန်း-၀၉-၄၃၀၉-၄၃၀၆။

အခြေခံဓာတ်ပုံသင်တန်း

ဖလင်ကင်မရာနည်းစနစ်ဖြင့်စတင် ပြီး ခေတ်ပေါ်ဒစ်ဂျစ်တယ် ဓာတ်ပုံ ပညာအထိ တစ်ဦးချင်း၊ ဝိုင်း၊ အုပ်စုလိုက် သင်ကြားပေးသည်။ အိမ်လိုက်သင်သည်။ ဦးအောင်ရဲလွင်-ဖုန်း-၀၉-၄၃၀၄-၃၁၀၃။

စာပေ

(၁) ကဗျာ- ၁ လ (၂) ဝတ္ထု-၁ လ (၃) ဇာတ်ညွှန်း-၁ လ (၄) ဆောင်းပါး-၁ လ။ လက်တွေ့ ကိုယ်တိုင်တက်နှင့်စာပေးစာယူ။ (၅) သရုပ်ဆောင်အတတ်ပညာ များကို သင်ကြားပေးနေပါသည်။ ကလောင်သစ် ဂီတသင်တန်း- ၃၉၊ ၇ လွှာ/ဘီ၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်။ ဖုန်း-၀၉-၄၃၀၉-၄၃၀၆။

Introduction to Retail Management

Shopping Mall များတွင်ဝင်ရောက် လုပ်ကိုင် လိုသူများ၊ လက်လီလက်ကား ရောင်းဝယ်ရေး Retail Industry တွင် ဝင်ရောက် လုပ် ကိုင်လိုသူများအတွက် OESC Training Center ၌ ဒီဇင်ဘာလ တတိယပတ်တွင် ဖွင့်လှစ်ပါမည်။ မြန်မာနိုင်ငံရှိ Retail Industry ၌ ထိပ်တန်း ရာထူးဖြင့် လုပ်ကိုင်ခဲ့သော ဆရာ များမှ သိမှိုရိုးသားမကာ၊ လက် တွေ့ပိုင်း အပြန်အလှန်ဆွေးနွေး မှုများဖြင့် သင်ကြားပို့ချပေးမည်။ OESC Training Center: အခန်း-၃၀၄ တတိယထပ်၊ ခနလှိုင်တာဝါ၊ မြေနီကုန်း၊ ပြည်လမ်း။ ဖုန်း-၀၉-၄၃၀၉-၄၀၆၀၊ ၀၁-၅၁၉၀၉၂။

Nursing

Center For Nursing Excellence တခုတည်းသော အများနှင့်မတူသည့်သင်တန်းသစ် B.N.Sc/Diploma in Nursing အောင်ပြီးသူတိုင်းအတွက် နိုင်ငံ တကာအဆင့်မီ နိုင်ငံခြားသွား မှုမ်းမံသင်တန်းကို စင်ကာပူနှင့် မြန်မာ မှ ဝါရင့်အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကြီးကြပ်သင်ကြား ပေးပြီး အလုပ်အကိုင်အခွင့်အလမ်း များလည်း ရှာဖွေပေးပါသည်။ ပြည်တွင်း Int'l ဆေးရုံများတွင် လုပ် နေသူများအတွက် English for Nurses course သင်တန်း အားလည်း သင်ကြားပေးပါသည်။



ကြော်ငြာယေမျှားတိုထွင်ရာတွင်
)သာ ပထမ။။
ာင်းအဝယ်ပိုသွက်လေလေ။။
ိုန်မာတိုင်း(မ်)မှာရှိတယ်။။
ုပ်ငန်းသစ်များ ပိုအောင်မြင်ပါလိမ့်မည်။။
ds@myanmartimes.com.mm

(Mon-Fri 9am-12am) for 2 months. B.S.T Co Ltd: 10, Thiri Mingalar St, Aung Chan Thar Ward,Sanchaung. Ph-959-4250-14011,959-400 449779.

သိုးမွေး တစ်ချောင်းထိုး

Crochet Fashion: သိုးမွေးတစ်ချောင်းထိုး သင်သည်။ တစ်ချောင်းထိုးအထည် အော်ဒါ လက်ခံသည်။ ဖုန်း-၀၉-၎၃၁-၄၈၅၅၇။

Music

စန္ဒရား၊ တယော၊ ဂစ်တာ၊ ဒရမ်တီးခြင်းအတတ်သင်သည်။ ကလေးများနှင့် အမျိုးသမီးများ အတွက်လည်း သီးသန့် အိမ်လိုက်သင်သည်။ ဖုန်း-၀၉-၄၂၁၁-၅၆၀၎၀။

ကားမောင်း

လူကြီးမင်းတို့၏ အိမ်ကားဖြင့် သီးသန့်ကားအတတ်မောင်းသင်ယူလိုသူများအတွက် အိမ်အရောက်သင်ကြားပေးသည်။ အချိန်ညှိနိုင်နိုင်ပါသည်။ ဖုန်း-၀၉-၎၃၁-၁၅၂၈။

Marketing Management

Marketing Manger များ၊ မိမိတို့၏ Sales Volume ကို မြှင့်တင်လိုသူများ၊ လက်ရှိလုပ်ငန်းခွင်အတွင်းပြဿနာများကို ဖြေရှင်းလိုသူများ၊ Sales & Marketing Department များတွင် လုပ်ကိုင်လိုသူများအတွက် Professional Certificate in Marketing Management Course ကို ဦးဝင်းမင်းသိမ်း (ဆရာ Kevein) (Dhurakij Pundit University, Thailand) မှ (1) Understanding the role of marketing, marketing audit and techniques (2) Consumer Buyer Behaviour & Market Opportunities (3) Business Buyer Behaviour & Market Opportunities (4) Managing Marketing Mix (5) Services Marketing & the extended marketing mix (6) Differentiation and Brand Positioning (7) Marketing Research (8) Real works discussion with guest speaker ဖြင့် လစဉ် သင်ကြားပေးနေပါသည်။ ၂၁၂၊ ဒီ-၅၀၁၊ ရွှေဂုံတိုင်တာဝါ၊ ကမ္ဘောဒေတော် အနီး၊ ရွှေဂုံတိုင်။ ဖုန်း-၅၅၃၄၆၄၊ ၀၉-၄၂၀၁-၁၈၁၀၀။

အများသိစေရန်

အသိပေးအကြောင်းကြားခြင်း

ဦးကြည်သိန်း (ကန်တော်လေး-မန္တလေး)မှ တာမွေမြို့နယ်ရှိ ရွှေမိုးပွင့်အေးကျန်းမာရေးစင်တာတွင် တန်ဖိုးရှိ ပစ္စည်းကျန်ခဲ့ပါသဖြင့် အမြန်ဆုံးလာရောက် ယူပါရန် အသိပေးအကြောင်းကြားပါသည်။

အာစရိယပူဇော်ပွဲ

မော်လမြိုင်မြို့၊ အ.ထ.က (၁)၊ ယခင် GOVERNMENT High School (၁၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈း၀၀ နာရီ ကျောင်းတွင် ''စိန်ရတုခန်းမဆောင်'' တွင် အသက် ၆၀ ပြည့် အငြိမ်းစား ဆရာ၊ ဆရာမ (၁၀၈) ဦးတို့အား ပူဇော်ကန်တော့ပါမည်။ ကျောင်းသား/သူဟောင်းများ ပါဝင်ဆင်နွှဲကြရန်နှင့် အလှူငွေထည့်ဝင်ရေး အတွက် အောက်ပါ အကျိုးဆောင်များထံ ဆက်သွယ်မိန့်ကြောင်း အကြောင်း ကြားအပ်ပါသည်။ ဦးဝင်းအောင် ဖုန်း-၀၉-၅၀၀-၄၄၉၊ ဦးမြင့် ဖုန်း-၀၉-၇၃၁-၁၁၇၀၊ ဦးအောင်မြို့ ဖုန်း-၀၉-၄၉၈-၀၃၉၀၉၊ ဒေါ်မြည့်နီရီ (ကျောင်းအုပ်) ဖုန်း-၀၅-၇၂၇၆၀၊ ဦးလှဝင်း ဖုန်း-၀၉-၈၆၀-၀၆၅၃၊ ဦးကျော်ရိန် ဖုန်း-၀၉-၄၉၂-၃၁၄၈၈၊ ဦးသိန်းဉာဏ် ဖုန်း-၀၉-၄၂၅-၂၇၄၆၁၅၊ ဦးဆွန်အင်း ဖုန်း-၀၉-၅၁၃-၈၂၅၁၊ ဦးသန့်စင် ဖုန်း-၀၉-၄၂၅၂-၇၀၇၀၄၊ ဦးစိုးအောင် ဖုန်း-၀၉-၄၃၀-၉၆၀၉၉။

Hotel, Inn

တည်ဆောက်လိုသော မြေကွက်ပိုင်ရှင်များ၊ Hotel, Inn လုပ်ငန်းဖြင့် စီးပွားရေး လုပ်လိုသော Develpoer ငွေအရင်းအနှီး စိုက်ထုတ်၍ စီးပွားရေးလုပ်ကိုင် လိုသူများဆက်သွယ်ပါ။ ဖုန်း-၀၉-၅၀၀-၁၄၆၀။

ပြောင်းရွှေ့ခြင်း

Dr ခင်မောင်ချို (လှဒေဝီ) (1978-July) သည် ကောင်းစားဇေမှ သုခအောင် အဆင့်မြင့်သွားဆေးခန်း၊ ယုဇနအိမ်ရာ၊ ဗညားဒေလမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်၊ တာမွေသို့ ပြောင်းရွှေ့ပါသည်။ ဖုန်း-၀၉-၄၂၅၃-၃၁၂၆၊ ၀၉-၅၂၂၄-၀၅၉၄။

မိတ်ဟောင်း၊ မိတ်သစ်များသို့

Smart Gym (Since-2001): ကို ရေကျော်လမ်းမကြီးပေါ်၌ ဖွင့်လှစ်ထားပါကြောင်းနှင့် ကျယ်ဝန်းသောခန်းမ (ပေ ၄၀ နှင့် ပေ ၆၀) အတွင်း၌ အမျိုးသား၊ အမျိုးသမီး အတွက် သီးခြားစီ ကစားနိုင်ရန် စီစဉ်ထားရှိထားပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဖုန်း-၀၉-၀၃၁-၀၆၂၉။

အထွေထွေ

အလှပြုပြင်ရေး

ချစ်-အခမ်းအနားပွဲများ အလှပြုပြင်ဖန်တီးရေး- အလှ။ မင်္ဂလာပွဲ၊ မွေးနေ့ပွဲ၊ ဧည့်ခံပွဲနှင့် အခမ်းအနားမျိုးစုံတို့အတွက် စိတ်တိုင်းကျပြီးပြည့်စုံသော ဝန်ဆောင်မှုများပေး၍ အထူးဆောင်ရွက်ပေးနေပါသည်။ ဦးဝင်းရီ-ဖုန်း-၀၉-၄၂၀၂-၃၈၉၆၉။

ငွေရေစက်

ဘဏ်ကြီးများ၊ ဟိုတယ်ကြီးများနှင့် Money Changer ဖွင့်လိုသူများအတွက် လုံခြုံစိတ်ချ အာမခံချက်အပြည့်နှင့် တိကျမှန်ကန်စွာ ရေတွက်ပေးနိုင်မည့် နိုင်ငံတကာသုံး နောက်ဆုံးပေါ်ခေတ်မီ နိုင်ငံခြားရေးတွက်စက် (Made in Taiwan) စက်များကို အထူးနှုန်းများဖြင့် ဖြန့်ချိရောင်းချပေးလျက်ရှိပါသည်။ ဖုန်း-၀၉-၄၂၁၁-၁၁၂၆၊ ၀၉-၅၂၂၄-၀၅၉၄။

စာအုပ်

စာကြည့်တိုက်ဖွင့်လိုသူများ၊ စာအုပ်အင်္ဂနာဆိုင်ဖွင့်လိုသူများအတွက် ရသ၊ ဗဟုသုတစုံလင်သော စာအုပ်များ ဈေးသက်သာစွာဖြင့် ရောင်းရန်ရှိသည်။ ဖုန်း-၀၉-၅၃၀-၄၃၄၅။

စက်မှုလက်မှုလုပ်ငန်း

ဖြူးသုခ-စက်မှုလက်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံး Hollow pipe, Angle Bar, U beam, H beam, C Channel သံပြားအထူ အပါးများ၊ Gas Plate မီးဖြတ်သံပြားများ၊ Angle bolt,J bolt,Metal Formwork အမျိုးမျိုးရောင်းချပေးပါသည်။ ဒဂုံတောင် စက်မှုဇုန် (၃)။ ဖုန်း-၆၉၀၇၂၃၊ ၀၉-၅၁၄-၀၆၉၅၊ ၀၉-၅၁၀၄-၈၇၄၅။

Knowledge Bank Library

E-book Reader များဖြင့် နိုင်ငံတကာ E-book များကို ဖတ်ရှုနိုင်ရန် စီစဉ်ပေးထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံး Library ဖြစ်ပါသည်။ ၂၁၊ ၄ လွှာ၊ အနော် ရထာလမ်းနှင့် ၃၂ လမ်းထောင့်၊ ပန်းဘဲတန်း။ ဖုန်း-၃၈၆၆၉၃၊ ၀၉-၅၁၀၄-၆၆၆၉။

မိတ္တူ

A4-7 Kyat, Riso A4-6 Kyat. A4-Print out - 50 Kyat. လိပ်စာကတ်၊ မင်္ဂလာဖိတ်စာ၊ ရုပ်ပြဖိတ်စာ၊ ဖန်းဖလက်၊ ဘောက်ချာ။ 'စွယ်တော်' မိတ္တူ-၁၈၄၊ လမ်း ၄၀၊ ကျောက်တံတား။ ဖုန်း-၀၉-၄၃၀၄-၀၁၈၂။

ငါးဖယ်ချဉ်/ ပုစွန်ချဉ်

ပထမတန်းစား မိသားစု ထမင်းပိုင်းနှင့် ထမင်းဆိုင်များအတွက် အာမခံ၊ သန့်ရှင်းလတ်ဆတ်ရသာ ကောင်း၊ စားဖွယ်ကို သင့်တင့်ဈေးနှုန်းဖြင့် မှာယူနိုင်ပါသည်။ ဖုန်း-၀၉-၄၂၁၀-၅၃၃၁။

ဆေးစတိုး

'သက်တန့်' ဆေးစတိုးကို ၁၁၀၊ စမ်းချောင်းလမ်း၊ စမ်းချောင်းတွင် ဖွင့်လှစ်ထားပြီး ကလေးအားဆေးများ၊ ကိုယ်ပူကျဆေးများ၊ ကလေးနှင့် လူကြီးနှိမ့်နှုန်းများ၊ ကလေးဖြည့်စွက်အစာ၊ လူကြီး အာဟာရမှုန့်များ၊ ကလေး Diaper, လူကြီး Diaper များ၊ Taiwan နိုင်ငံထုတ် ခါးကပ်ပလာစတာ စသောပစ္စည်းမှန်များကို သင့်တင့်သောဈေးဖြစ်ရောင်းချပေးလျက်ရှိပါသည်။ ဆိုင်ဖွင့်ချိန် -နံက် ၈ ၃၀ မှ ည ၉ နာရီထိ။ ဖုန်း-၅၂၃၉၉၈၊ ၀၉-၀၅၁၁-၀၁၁၀။

ဖက်ထုပ်နှင့်စားသောက်ဆိုင်

ကျင်ဟုန် ဖက်ထုပ်နှင့် စားသောက်ဆိုင် အရောသာထူးခြား ကောင်းမွန်သော ပီကင်းနှင့် ထိုင်းစားဖွယ် ရာကို ဈေးနှုန်း ချိသာစွာဖြင့် သုံးဆောင်ပါသည်။ ၇၃၇၊ ဂန္ဓမာလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်း။ ဖုန်း-၀၉-၄၃၃၀-၈၈၉၉၊ ၄၀၃၇၂၅၆။

သင်္ကန်းနှင့် ပရိက္ခရာဆိုင်

ကြာငါးခိုင်-မြို့မဈေး၊ ရုံ-၅၊ အခန်း-၂။ ဈေးအရှေ့အပြင်ဘက် တန်း။ ဖုန်း-၀၅၆-၂၂၁၅၀ လိုင်းခွဲ-၂၃၉။

စားသောက်ဆိုင်

လတ်ဆတ်ကောင်းမွန်သော ထူးခြားသည့် အရသာနှင့် ပီကင်း၊ ထိုင်းစားဖွယ်ရာများကို ဈေးနှုန်းချိသာစွာ သုံးဆောင်နိုင်ပါသည်။ ကျင်ဟုန်' ဖက်ထုပ် စားသောက်ဆိုင်နှင့် MK ဟော့ပေါ့- ၇၃၊ ဂန္ဓမာလမ်း၊ ကမ္ဘာအေး၊ မရမ်း-ကုန်း။ ဖုန်း-၀၉-၄၃၃၀-၈၈၉၉၊ ၀၉-၄၀၃၇-၂၅၆၈၊ ၀၉-၄၀၃၇-၂၅၆၈။

Ironman 4 x 4 Products

သင်၏ 4WD OFF Road ကားများအတွက်ပိုအဖ်သော Accessories များကို Ironman 4 x 4 တွင် ရရှိနေပြီဖြစ်ပါသည်။ ဖုန်း-၀၉-၇၃၃၀-၃၆၂၄။

Fashion Store

USA, New York မှ Fashion, Accessories & Cosmetics များကို သင့်တင့်သော ဈေးနှုန်းများနှင့်အတူ Import From USA ဖြစ်ကြောင်း 100% Warranty ပေးပါသည်။ On-line Shopping ဝန်ဆောင်မှုရှိပါသည်။ ၅၈၊ ၁၀၁ လမ်း (အောက်)၊ မင်္ဂလာတောင်ညွန့်။ ဖုန်း-၁၂၂၀၃၀၉၊ ၀၉-၄၃၀၄-၃၆၂၄။

ကိုရီးယားစာအုပ်

ကိုရီးယားဘာသာ အထောက်အကူပြု စာအုပ်များ လိုသလောက် ရရှိနိုင်သည်။ ဖုန်း-၅၁၆၉၀၉၊ ၀၉-၅၁၈-၁၈၆၁။

Wireless Intercom

ငါးကန်၊ စိုက်ပျိုးရေးဦ၊ Super Market, စက်ရုံ၊ Hotel များတွင် သုံးနိုင်သော Wireless Intercom များရရှိနိုင်ပါသည်။ ဖုန်း-၀၉-၅၁၆-၇၁၉၉။

မြစ်ကြီးနား ဆန်ပြုတ်

ကောင်းကောင်းကြိုက်သူများအတွက် ဗမာကြက်ပြုတ်ရည်ပြင့်သာချက်သော မြတ်ကြီးနားဆန်ပြုတ် မျိုးစုံကို (ကြက်၊ ဝက်၊ ငါး၊ ဝက်သားလုံး၊ ဝက်အူမ၊ အသားစုံပြေအိုးဆန်ပြုတ်) The Fingers Food Garden: ၅၅၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း။ ဖုန်း-၅၅၅၃၅၀။

ဘော်ဒါဆောင်

ပြင်ဦးလွင်၊ မွန္တလေးကားလမ်းဘေး၊ ရတနာပုံတယ်လီဖုန်းအနီးတွင် အငြိမ်းစားကျောင်းဆရာမကြီးဦးစီးသော အဆင့်မြင့်ဘော်ဒါဆောင် ဌာနမင်းနိုင်သည်။ နည်းပညာတက္ကသိုလ်ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် အထူးသင့်လျော် အဆင်ပြေမည်။ ဖုန်း-၀၉-၅၃၀-၅၅၅၅။

ဘော်ဒါဆောင်

လှိုင်မြို့နယ်အတွင်း အမျိုးသမီး ဘော်ဒါဆောင် ဌာနရှိသည်။ မဝေဝေလွင်-ဖုန်း-၀၉-၄၂၀၀-၄၈၆၆။

ပုံနှိပ်

U√sV Supplier T-Shirt, Sport Shirt, Hats, Bags, Pen s, Glasses. With your respective Logo, with our best quality and Price To UNs, INGO, LNGOs, DONORS, Companies, Airlines. Ph: 09-861-4775.

အထွေထွေကုန်ပစ္စည်းများ

ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ အမွေးတိုင်၊ အလှကုန်နှင့် အခြား လှပ်ငန်းသုံးအမွေးဆိမ်အမျိုးမျိုး၊ ဇရပ်ဆိလှပ်ငန်းသုံးနှင့် အခြားသဘာဝစားသောက်ရန်မျိုးစုံ၊ ပရုပ်ဆီ၊ ဒဏ်ကြေဆေးနှင့် အခြားတိုင်းရင်းဆေး ပါးကုန်ကြမ်းများနှင့် ခါတုဗေဒကုန်ကြမ်းများနှင့် ပစ္စည်းများနှင့် ပက်ကင်သုံးပလတ်စတစ် ဆိုဒါစုံ၊ သကြားအချိုတိုးမီတာနှင့် အခြား ဟိုက်ဒိုမီတာမျိုးစုံတို့ကို အရည်အသွေးမှန်ကန်၊ ဈေးနှုန်းသက်သာစွာဖြင့် စိတ်တိုင်းကျ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချ ပေးနေပါသည်။ BCI-ကိုမင်းမင်း-၁၃၉၊ မြေညီထပ်၊ ၂၇ လမ်း (လယ်)၊ ပန်းဘဲတန်း။ ဖုန်း-၃၀၆၄၉၆၊ ၃၀၇၉၃၁၊ ၀၉-၅၄၁-၀၁၁၅။

FREE
Classifieds MDY
■ အိမ်ခြံမြေကဏ္ဍ ■ ကွန်ပျူတာနှင့် အိုင်တီ
သောကြာနေ့၊ ဇန်နဝါရီလ ၁၁ - ၁၇၊ ၂၀၁၃

0e x r; t v & o n





အိမ်ခြံမြေ

မန္တလေး

ရတနာပုံ တယ်လီပို့အနီးပြင်ဦးလွင်-ကျောက်ဆည်ကားလမ်းတော်(နည်းပညာတက္ကသိုလ် အနီး) မြေကွက်များ။ မန္တလေး-ပြင်ဦးလွင်ကားလမ်းမပေါ်နှင့် အနီးတွင် ဟိုတယ် ဆောက်နိုင်သည့်နေရာကောင်းများရောင်းမည်။ လ အနည်းငယ်အတွင်း သိနိုး ထောင်ချီပြတ်မည်။ ဖုန်း-၀၉-၇၃၀၈၇-၅၂၆၅။

အိမ်ရာဆောက်လုပ်ခြင်း

ပြင်ဦးလွင်၊ မန္တလေး အနီးတိုက်တွင် ဧရိယာနှုန်းသို့သာ၍ ပုံစံဆန်းပြားသော လုံးချင်းအိမ်လေးများ ဆောက်လုပ်ပို့ပါက အပြန်ဆက် သွယ်လိုက်ပါ။ လက်ရှိရုံထရာနုပုံတယ်လီပို့အနီးတွင်ဆောက်လုပ်ဝေးလုပ်ငန်းခွင် ရှိသည်။ လေ့လာနိုင်သည်။ ကုန်ကျစရိတ် သက်သာစွာ ဝန်ဆောင်မှုပေးမည်။ ဖုန်း-၀၉-၇၃၀၈၇-၅၂၆၅။

မန္တလေး

ချမ်းအေးသာဖဲမြို့နယ်၊ ၎၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား။ သုံးထပ်တိုက်၊ မြေ ၅၅ ပေနှင့် ပေ ၎၀။ သိန်း-၁၂၀၀၀။ ညှိနှုန်း။ ဖုန်း-၀၉-၅၀၀-၈၃၁၉။

မင်္ဂလာဒုံ

ဝါယာလက်၊ ပလရအိမ်ခြေ ၁၀၀၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်မြေပေါ်တွင် ၂ ထပ်တိုက်ခံပျဉ်ထောင်၊ အဝိစ်တွင်း၊ မီတာပါ၊ လူနေရန် အသင့်၊ ညှိနှုန်းစေ့။ ဖုန်း-၀၉-၈၃၀-၆၂၄၂၀။

မန္တလေး

ရွှေမြင့်ပိုရိတည်းခိုခန်း၊ ၁၈ ပေနှင့် ၁၂၅ ပေ၊ ရေမီးစုံ၊ ဘိုးဘွားပိုင်မြေ၊ ၂၉ လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား။ ဖုန်း-၀၉-၂၀၁-၀၉၅၁။

နေပြည်တော်

(၁) ပျဉ်းမနား၊ ရာဇဌာနီလမ်း ကျောက်ပ် (ထောင့်ကွက်အရှေ့လှည့်) တောင်လှည့်)၊ ပေ ၄၀ နှင့် ပေ ၆၀၊ မြေပေါ် RC ၂ ထပ် တိုက်၊ ပါပါမီတာ၊ ဂရန်ပါ။ သိန်း-၂၄၀၀။ (၂) ပုပ္ပသီရိ၊ ပေ ၆၀ နှင့် ပေ ၈၀ မြေပေါ်၊ ၂၄ ပေနှင့် ၃၆ ပေ၊ တစ်ထပ်နှံကပ်၊ ထောင့်ကွက်၊ ဇော၀တီလမ်းနှင့် ဝိ တောက်လမ်းဆုံအနီး။ သိန်း-၂၅၀။ ဖုန်း-၀၉-၄၉၂-၀၁၀၆၃၊ ၀၉-၄၃၀-၁၀၉၈၈။

မန္တလေး

၈၀ x ၈၁ လမ်း၊ ရှေ့တော်ပြေး ဝန်း၊ ၁၈ ပေနှင့် ပေ ၈၀၊ နှစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ။ သိန်း-၂၅၀၀။ ဖုန်း-၀၉-၅၁၂-၈၉၃၃။

မန်းတောင်မြေ

(၁) မြင်းပြိုင်ကွင်း လူနေဆိုင်ခန်း ထောင့်ခန်း။ (၂)နေပြည်တော် မြို့မစေ့ပွဲခုံတန်း၊(၃) ဇော်ထွန်း တိုက်ခန်း ၃ လွှာ၊ ဇော၀တီမြစ်ဘော။ ဖုန်း-၀၂-၂၁၈၉၁၊ ၀၉-၄၀၂-၂၇၃၃၉။

မန္တလေး

(၁) ဈေးချိုလာဇာ၊ မြေညီထပ်အလယ်တန်း ထောင့်ခန်း။ (၂) ရတနာပုံ စူပါစင်တာ ၈ ပေနှင့် ၆ ပေ၊ နှစ်ခန်းတွဲ (၂နှစ်ဖက် မျက်နှာစာ) ၃၃ လမ်းဘော။ (၃) ရတနာပုံ စူပါစင်တာ ၆ပေ ပတ်လည်၊ အထည်တန်း (သိန်း-၂၁၀)၊ နေရာကောင်း (၄) ရတနာပုံ စူပါစင်တာ၊ ၆ပေပတ်လည်၊ ပုဂံတန်း။ ဖုန်း-၀၂-၈၁၀၆၂၊ ၀၉-၂၀၄၃၃၄၉။

မန္တလေးမြို့တွင်း

ခြံဝင်းကျယ်ပြင့် လုပ်ငန်း လုပ်ငိုသူများအတွက် အိမ်ခြံရောင်းမည်။ (၀.၆၅)ဧက ၄၁ လမ်း၊ ၈၉ x ၉၀ကြား အရှေ့လှည့်။ ဖုန်း-၀၉-၄၃၁၄-၁၃၀၈၊ ၀၂-၂၄၁၆၃။

နေပြည်တော်

ပျဉ်းမနားမြို့တွင်ရှိ စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သော မြေကွက်ကို 1'x1' လျှင် ကျပ် ၂၀,၀၀၀နှုန်းဖြင့်ရောင်းလိုပါသည်။ ဖုန်း-၀၆၃-၂၆၅၆၄၊ ၀၉-၄၉၂-၀၃၀၃၀။

အကျိုးဆောင်

အကျိုးဆောင်

'ပြည့်စုံဝင်း'တိုက်၊ အိမ်၊ ခြံမြေ ရောင်းဝယ်ရေးနှင့်အကျိုးဆောင် လုပ်ငန်း-လလ-၂/၆ (ရ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၂၀၃၂၂၇၁။

ကွန်ပျူတာ

ကွန်ပျူတာပြုပြင်

ကွန်ပျူတာများကို window တင်ခြင်း၊ Driver ထည့်ခြင်း၊ Game ထည့်ခြင်း၊ Virus သတ်ခြင်း (Update) လုပ်ခြင်း၊ ဖုန်းဖြင့် Internet ချိတ်ဆက်ခြင်း၊ ကွန်ပျူတာပြုပြင်ခြင်း စသည့် ကွန်ပျူတာနှင့် သက်ဆိုင်သော ပြဿနာများကို အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။ ဖုန်း-၀၉-၄၉၅၅-၉၀၄၃၉၊ ဝင်ရင်-၄၂၂၄၃၃။ (နေပြည်တော်)မြို့မစေ့။

ကွန်ပျူတာ

'ရွှေကား' မန္တလေး ကွန်ပျူတာ အိမ်လိုက်သင်သည်။ Computer ForKids,BasicAccountingfor job i-Office, Advanced Excel Course, DTP Course, MYOB Software, Peach Tree Software, Window Shortcut Course, Email & Internet Course, Mp3, Mp4, Video Editing, Multimedia Course. ဖုန်း-၀၉-၄၄၄၀-၁၁၂၆၉။

ကျွမ်းကျင်ဝန်ဆောင်မှု

ဥရောပကားမျိုးစုံ

လျှပ်ကြီးမင်းတို့၏ ဥရောပ ကားမျိုးစုံကို (OBD)စက်ဖြင့် စိတ်တိုင်းကျ ပြုပြင်ပေးပါသည်။ 'တံခွန်တိုင်' ရန်ကုန်-မန္တလေးလမ်းမတော်။ Dr Kyaw Oo: ဖုန်း-၂၂၁၀၅၃၁၊ ၀၉-၄၀၂၅-၀၀၈၁၁။

အိမ်ရာဆောက်လုပ်ခြင်း

ပြင်ဦးလွင်၊ မန္တလေးအနီး တစ်တိုက်တွင် ဧရိယာနှုန်းသို့သာ၍ ပုံစံဆန်းပြားသော လုံးချင်းအိမ်လေးများ ဆောက်လိုပါက ကုန်ကျစရိတ် သက်သာစွာဝန်ဆောင်မှုပေးပါသည်။ ရတနာပုံ တယ်လီပို့အနီးတွင် လုပ်ငန်းခွင် လေ့လာနိုင်သည်။ ဖုန်း-၀၉-၄၃၀-၈၉၂၆၅။

အော့ဖ်စက်၊ ဂရပ်ဖစ်ဒီဇိုင်း

'ကိုကို' အော့ဖ်စက် ကွန်ပျူတာ၊ ဂရပ်ဖစ်ဒီဇိုင်း၊ ပလပ်စတစ်တံဆိပ်ဓိုက်၊ ဖိတ်စာနှင့် ရောင်စုံပုံနှိပ် လုပ်ငန်း- ၎၁လမ်း၊ အမှတ် (၃) ကားဂိတ်အနီး၊ စိန်ပန်း၊ မန္တလေး။ ဖုန်း-၀၉-၉၁၁-၀၁၉၀၂။

ဖလိတမေဒ

ဖလိတမေဒ ဦးသိန်းထွန်း- ၉၅၊ ကြေးသွန်းရပ်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့။ ဖုန်း ၀၉-၉၁၀-၄၄၀၉၅။

ဒီဇိုင်း၊ ကြော်ငြာ

'ကိုတိုး' ဒီဇိုင်း၊ ကြော်ငြာ၊ တံဆိပ်ဂိုက်၊ ၂၈လမ်း၊ ၀၉ x ၈၀လမ်းကြား၊ တရုတ်တန်း၊ မန္တလေး။ဖုန်း-၀၂-၂၂၀၂၉၊ ၀၉-၂၀၂-၂၀၅၅။

ဆေးရုံ၊ ဆေးခန်း

သွားနှင့်ခံတွင်းဆေးခန်း

'ဖူးဖွင့်သာ' သွားနှင့်ခံတွင်းဆေးခန်း-ဆေးခန်းဖွင့်ချိန်- နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီထိ ပ-၄/၈၄၊ ၆၂ လမ်း၊ ၄၁ x ၄၂ လမ်းကြား။မန္တလေး။ ဖုန်း-၀၉-၂၀၃-၃၀၈၅၊ ၀၂-၆၂၂၈၃။

သွားနှင့်ခံတွင်းအထူးကု

'မင်းဝါ' သွားနှင့်ခံတွင်းအထူးကု ဆေးခန်း-၁၁၊ ၃၈ လမ်း၊ ၇၂ x ၇၃ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၉၁၀၀၃၃၃၊ ၉၁၀၁၉၈၄၅။

နေပြည်တော်

အထွေထွေနှင့် နာတာရှည်

'ထူးကဲ' ဆေးခန်း၊ အထွေထွေနှင့် နာတာရှည်အထူးကု-၁၆၃/အေ၊ ၃၂ လမ်း၊ ၇၆ x ၀၇၊ လမ်းကြား၊ ကမ္ဘုနမဟိရပ်ကွက်၊ မန္တလေး။ ဖုန်း-၀၉-၂၀၃-၄၆၅၃။

သွား နှင့် ခံတွင်း

'ပုလဲမာလာ' သွား နှင့် ခံတွင်း ဆေးခန်း- ဖွင့်ချိန်-နံနက် ၈ နာရီ မှ ည ၈း၃၀ ထိ။ ၃၄၉၊ ၆၂ လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၉၂၅၁၆၉၃၊ ၀၉-၂၀၁-၃၂၄၄။

ရောင်းရန်

ရောင်းမည်

မန္တလေး ADSL လိုင်း (512 MB) အပြန်ရောင်းမည်။ ဖုန်း-၀၉-၉၃၀-၄၅၀၈၅၊ ၀၂-၆၅၀၀၇၇။

TOYOTA

Caldina Van, 2001 model, black, (original TV,cd player), spoiler, over 1 air bag, ၅၄၁/----။ သိန်း-၁၉၀။ မန္တလေး။ ဖုန်း-၀၉-၂၄၅၅-၀၀၁၄။

Hilux Surf

97, SSR-G, KZN-185W diesel auction condition -4BB, dark blue two-tone AW,ABS, PS, PW, TV, NAVI, ESm aygufyg Kilo 92000, 1{C ကိုးထောင်ကျော် Cancellation ပြန်နိုင်သည်။ သိန်း-၃၅၀။ ဖုန်း-၀၉-၂၀၁-၄၆၆၈။

ဝန်ထမ်းအလိုရှိသည်

အလိုရှိသည်

Thiri Cosmetic Co., Ltd. မှ (၁) Assistant Storekeeper ကျား အသက် ၂၀ မှ ၂၅ နှစ်အတွင်း ဘွဲ့ရ (သို့) ၁၀ တန်းအောင်၊ စတို အတွေ့အကြုံရှိသူ၊ (၂) Admin Officer ကျား- အသက် ၂၄ နှစ် အထက်၊ ဘွဲ့ရ၊ Mirscrosoft Office အသုံးပြုနိုင်သူ၊ (၃) Delivery ကျား- ၂၀ နှစ် အထက်၊ အထက်တန်းအဆင့် ရှိသူ၊ ကျန်းမာဖျတ်လတ်သူ၊ (၄) လုံခြုံရေး ကျား၊ ၅၀ နှစ်အောက် အတွေ့အကြုံရှိသူ၊ အလယ်တန်း အဆင့်ရှိသူ၊ ရိုးသားသူ၊ လျှောက်ထားလိုသူများသည်၊ ဓာတ်ပုံ ၂ ပုံ၊ အလုပ်သမားကတ်၊ မှတ်ပုံတင် မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူတို့နှင့်အတူ လျှောက်ထားနိုင်သည်။ အမှတ်-ခ၊ ၂၆၉၊ ၈၃ လမ်း၊ ၂၉ x ၃၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၀၀၅၇၊ ၇၃၂၆၈။

သင်တန်းကျောင်း

သင်တန်း (မန္တလေးအတွက်)

Ma Zar Chy, New Like, Hair Beauty Nail Saloon, သင်တန်း သူ လက်ခံသည်။ 29th St, Between 88th St & 89th St, Mdy, Ph: 09-732-20741.

Photoshop CS4

Image Editing (Special) မေးခွန်းပုံစံနှင့်တကွ နိုင်ငံတကာ စာမေးပွဲဖြေဆိုနိုင်သည့်အထိ သီးသန့် အိမ်လိုက်သင်ပေးသည်။ Expert System Computer Trainning: ဖုန်း-၀၉-၄၄၈၅-၃၆၅၂၀၊ ၀၆၃-၆၀၃၀၀။

အများသိစေရန်

Promotion

မန္တလေးမြို့၊ ၈၈ လမ်းနှင့် ၃၆ လမ်းထောင့်ရှိ MK Motorcycle Showroom (Yamaha Authorized Distributor) ဆိုင် ဖွင့်လှစ်ခြင်း ၁ နှစ်ပြည့်၊ အထိမ်းအမှတ်အနေဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်နေ့ထိ ကျင်းပါမည်။ Promotion ရက် အတွင်း Warranty ကာလအတွင်း အကျိုးဝင်သော Yamaha Motorcycle များ အင်ဂျင်ပိုင်း ဆိုင်ရာ စစ်ဆေးပေးခြင်း၊ အသေးစားပြုပြင်ပေးခြင်းတို့ကို ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက် အတွင်း အခမဲ့ ဆောင်ရွက်ပေးပါမည်။ Yamaha Motorcycle အား ရေရှည်ကြာမြင့်စွာ အသုံးပြုနိုင်ရန်အတွက် ပညာပေးဟုသုတများကို လည်း ပြောကြားပေးပါမည်။ သို့ဖြစ်ပါ၍ သက်မှတ်ရက်အတွင်း လာရောက်ပြုပြင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ဖုန်း-၀၂-၂၄၈၆၆။

အထွေထွေ

Beauty Salon

"Violet" Hair & Beauty Salon: ၂၆/ဘီ၊ ၆၄ x ၆၅ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၉-၄၃၁၀-၄၅၁၆။

ကဗီးနှင့်အအေး

'ဆန်နွင်း' ကဗီးနှင့်အအေး၊ ပိုလ် ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။

ဆိုင်ကယ်အပိုပစ္စည်းဆိုင်

'ဝိုးယဲ' ဆိုင်ကယ်အပိုပစ္စည်းဆိုင်၊ ပိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၄-၂၃၄၆၅၊ ၀၉-၄၉၂-၀၃၂၇၁။

စိုက်ပျိုးရေးဆေးဆိုင်

'ရွှေယာမြေ' ပျိုးစေ့ဓာတ်မြေဩဇာ နှင့် စိုက်ပျိုးရေးဆေးဆိုင်၊ ပိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၉-၄၉၂-၂၈၅၈၅။

အထည်ဆိုင်

ဦးကျော်သန်း+ဒေါ်နန်းခမ်း အထည်ဆိုင်-C- 6L, ပထပ်၊ ဈေးချို။ ဖုန်း-၂၂၇၅၉၊ ၀၃၁၀၉။

ဖက်ထုပ်

'မတင့် ရဲ့ မန္တလေးဖက်ထုပ်ပူပူလေး' အစားကောင်းကောင်း ကြိုက်သူများအတွက် မန္တလေး ရောက်ရင် မတင့်ရဲ့ ဖက်ထုပ်ဆိုင်ကို လာဖြစ်အောင် လာခဲ့ပါနော်။ ဆွေမျိုးမေ့သွားမယ်။ ၎၆-၎၈ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၀၂-၂၃၀၆၂။

လျှပ်စစ်ပစ္စည်း

'ငွေလမင်း'လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး၊ ၁၁/၁၃၊ ပိုလ်ချုပ် လမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည် တော်။ ဖုန်း-၀၉-၄၉၂-၁၁၆၅၂။

ကဗီးနှင့်အအေး

'ဆန်နွင်း' ကဗီးနှင့်အအေး၊ ပိုလ် ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။

ဆိုင်ကယ်အပိုပစ္စည်းဆိုင်

'ဝိုးယဲ' ဆိုင်ကယ်အပိုပစ္စည်းဆိုင်၊ ပိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၄-၂၃၄၆၅၊ ၀၉-၄၉၂-၀၃၂၇၁။

စိုက်ပျိုးရေးဆေးဆိုင်

'ရွှေယာမြေ' ပျိုးစေ့ဓာတ်မြေဩဇာ နှင့် စိုက်ပျိုးရေးဆေးဆိုင်၊ ပိုလ်ချုပ်လမ်း၊ မြို့ဦးရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၄-၂၃၄၆၅၊ ၀၉-၄၉၂-၀၃၂၇၁။

အထည်ဆိုင်

ဦးကျော်သန်း+ဒေါ်နန်းခမ်း အထည်ဆိုင်-C- 6L, ပထပ်၊ ဈေးချို။ ဖုန်း-၂၂၇၅၉၊ ၀၃၁၀၉။

ဖက်ထုပ်

'မတင့် ရဲ့ မန္တလေးဖက်ထုပ်ပူပူလေး' အစားကောင်းကောင်း ကြိုက်သူများအတွက် မန္တလေး ရောက်ရင် မတင့်ရဲ့ ဖက်ထုပ်ဆိုင်ကို လာဖြစ်အောင် လာခဲ့ပါနော်။ ဆွေမျိုးမေ့သွားမယ်။ ၎၆-၎၈ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၀၂-၂၃၀၆၂။

လျှပ်စစ်ပစ္စည်း

'ငွေလမင်း'လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး၊ ၁၁/၁၃၊ ပိုလ်ချုပ် လမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည် တော်။ ဖုန်း-၀၉-၄၉၂-၁၁၆၅၂။

စတိုး

'မြင်းပျံ' စတိုး- ၄/၄၊ ပိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၀၆၆။

စတိုး

'မြင့်မြင့်သန်း' စတိုး-၉၁၁၊ ပိုလ် ချုပ်လမ်း၊ မင်္ဂလာရပ်၊ နေပြည် တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၆၆၀၊ ၂၂၉၄၅။

ရွှေဆိုင်နှင့်စတိုး

'မြမြင့်ဝိုရ်' ရွှေဆိုင်နှင့်စတိုး၊ ၁၀/၁၄၊ ပိုလ်ချုပ်လမ်း၊ ရွှေချီရပ် ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၂၉၉၆။

စတိုး

'စိန်ဒေါင်း' စတိုး၊ ၂/၄၄၊ ၈-လမ်း၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၄၈၃၊ ၂၂၄၆၈။

ဆေးတိုက်

'ဦးကျော်စိန်' ဆေးတိုက်-၂/၅၃၊ ပိုလ် လက်မောလမ်း၊ မင်္ဂလာရပ်၊ နေပြည် တော် ပျဉ်းမနား။

တိုင်းရင်းဆေး

တိုင်းရင်းဆေး လက်မှတ်ရ ဆရာမော် ဝီသာစု မြန်မာတိုင်းရင်းဆေး တိုက်-၃/၆၃၊ အိုးဖိုရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၉-၄၉၂-၀၂၄၆၁။

ဧည့်ရိပ်သာ

'ဖိုးမရတနာ' ဧည့်ရိပ်သာ-၁၄/၁၉၊ ၁ လမ်း၊ မရိုးရိပ်ရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၃၃၆။

မိုတယ်

'သုခမြိုင်' ဟိုတယ်၊ ပိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။ ဖုန်း-၀၆၃ ၂၃၃၃၊ ၂၃၃၃၂။

ဧည့်ရိပ်သာ

'မြင့်မြတ်' ဧည့်ရိပ်သာ- ၈/၈၉၊ ဦးရာဇတ်လမ်း၊ ရန်အောင် ၂ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၂၉၅၆။

ပဲမုန့်

'ပစ်ပိုင်းထောင်' အထူးစပါယ်ရှယ် ပဲမုန့်-၁၁/၎၆၊ ပိုလ်မင်းခေါင်လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၂၆၉။

စိုက်ပျိုးရေးဆေးဆိုင်

'နီလာမြိုး' စိုက်ပျိုးရေးဆေးဆိုင်-၈၈၊ ပိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၁၉၉၉၊ ၎၃၀၉။

နတ်သုဒ္ဓါဒံပေါက်

ပန်းဂိုးမ နတ်သုဒ္ဓါဒံပေါက်- မြန်မာထမင်းဟင်း၊ ရုံမ်း တရုတ်၊ ပန်းသေးအစားအစာအမျိုးမျိုးနှင့် ဧရေခဲမုန့်၊ ဆိုင် (၁) အမှတ် (၁/၁၄)၊ ၉ လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနား။ ဖုန်း-၀၆၃-၂၃၃၃၃၊ ဆိုင် (၂) အခန်း ၅၂ စားသောက်ခန်းမ၊ အဆင့်မြင့် ကလေး ကစားကွင်းအနီး၊ ဇေယျာသီရိ ကုန်ပဒေသာတိုက်၊ နေပြည် တော်။ ဖုန်း-၀၉-၄၉၂-၁၁၆၅၂၊ ၀၉-၄၉၃၅-၈၃၃၆၂။

ဟိုတယ်

'သုခမြိုင်' ဟိုတယ်၊ ပိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။ ဖုန်း-၀၆၃ ၂၃၃၃၊ ၂၃၃၃၂။

ဧည့်ရိပ်သာ

'မြင့်မြတ်' ဧည့်ရိပ်သာ- ၈/၈၉၊ ဦးရာဇတ်လမ်း၊ ရန်အောင် ၂ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၂၉၅၆။

နိုင်ငံခြားဆေးနှင့်တိုင်းရင်းဆေး

'အေးမမ' နိုင်ငံခြားဆေးနှင့် တိုင်းရင်းဆေးမျိုးစုံ- ၁၁/၄၉၊ ဘုရားလမ်း၊ ရန်အောင် ၁ ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၃-၂၂၄၆၈။

ဒိန်ချဉ်နှင့်ရေခဲမုန့်

'ကေကို'မလိုင်၊ ဒိန်ချဉ်နှင့်ရေခဲမုန့်၊ ၆/၆၆၊ ၇ လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၉-၄၃၃၀-၁၈၁၄၉။

ကားမီးခွက်၊ ရှဉ်လပလပ်စတစ်

'မာန်' ကားမီခွက်၊ ရှဉ်လပလပ်စတစ် ပြုပြင်ရေး ပပ-၉/၂၄၊ ၆၂/၆၃ လမ်းကြား၊ စပယ်လမ်း၊ စက်မူ(၁)၊ မန္တလေး။ဖုန်း-၀၉-၆၈၀-၄၀၆၇။

ပိုးချိတ်၊ ရွှေသွင်းလုပ်ငန်း

'ရွှေဇမျူ' ပိုးချိတ်၊ ရွှေသွင်းလုပ်ငန်းနှင့် လက်ဖေးပန်းချီလုပ်ငန်း အတ/၇၅၊ အိုးတော်ရပ်၊ စစ်ကိုင်း-မန္တလေးလမ်း၊ သိမ်ကြီးဈေးအနီး အမရပူရမြို့။ ဖုန်း-၀၉-၂၀၁-၄၀၀၈၊ ၆၈၀၄၄၁၄။

အကယ်ဒမီ မော့စ် မသေပါ ဇာတ်ကားတွေ ထပ်ရိုက်ဦးမယ်ဟုဆို



ဇွန်ပန်းပွင့်

အကယ်ဒမီပေးပွဲအပြီး ထွက်လာတဲ့ သတင်းပေါင်းများစွာထဲမှာ ပူပူနွေးနွေး ဆုရထားတဲ့ မော့စ်တစ်ယောက် ဆုံးပြီဆိုတဲ့သတင်းဟာ လူတွေတော်တော်များများကြားမှာ ဂယက်ထခဲ့ပါတယ်။

အသည်းရောဂါဝေဒနာကို ခံစားနေရတာလည်း ကြာပြီဖြစ်တာကြောင့် ဒီသတင်းအမှန်ပဲလားဆိုပြီး သူပရိသတ်တွေမှာ ထိတ်လန့်စိုးရိမ်ပိုကြရပါတယ်။

"ဇန်နဝါရီလ ၅ ရက်နေ့လောက်ထိ ဖုန်းတွေဆက်ပြီး မေးလာတဲ့အတွက်ကြောင့် ပြန်လည်ဖြေကြားပေးနေရပါတယ်"လို့ ပူပူနွေးနွေးအကယ်ဒမီဆုရှင် မော့စ်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

အပတ်စဉ်ဗဟုဟူးနေ့တိုင်း ဆေးထိုးခံရဖို့အတွက် ဆေးခန်းသွားနေရတဲ့ ဝါရင့်သရုပ်ဆောင်ကြီးဟာ အသက် ၅၉ နှစ် ရှိပြီဖြစ်ပြီး အနုပညာသက်တမ်း နှစ် ၃၀ ကျော်အတွင်းမှာ ပထမဆုံးရုပ်ရှင်ထူးချွန်ဆုကို လက်ခံရရှိခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ ကျန်းမာရေးကြောင့် အနုပညာအလုပ်တွေကို ခေတ္တနားထားပေမယ့် လာမယ့်ဖေဖော်ဝါရီလထဲမှာ အနုပညာမှတ်တိုင်တစ်ခု ကျန်ရစ်မယ့် ဇာတ်လမ်းဇာတ်ကွက် ကောင်းကောင်းနဲ့ တင်ဆက်ထားတဲ့ ရုပ်ရှင်ကားကြီးတစ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းခံထားရတယ်လို့ မော့စ်က ပြောပါတယ်။

"ကျန်းမာရေးအခြေအနေကြောင့် ဗီဒီယိုကားတွေတော့ မရိုက်တော့ပါဘူး။ ရုပ်ရှင်ကားကြီးတွေကိုပဲ ကျန်းမာရေးကို ဂရုစိုက်ပြီး ထိန်းထိန်းသိမ်းသိမ်းရိုက်ကူးသွားပါမယ်"လို့ ရှေ့ဆက်လုပ်သွားမယ့် ထူးချွန်ဆုကို ပိုင်ဆိုင်ခွင့်ရပြီမို့ အရမ်းစိတ်လှုပ်ရှားပြီး ပျော်လို့မဆုံးနိုင်ဘူးလို့လည်း ဆိုပါတယ်။

"အကယ်ဒမီရတော့ ရင်တွေခုန် စိတ်လှုပ်ရှားပြီး ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ အကယ်ဒမီညကနေ နောက်နှစ် ရက်လောက်ထိက ပရိသတ်တွေဆီက ဝမ်းသာကြောင်း ဖုန်းတွေ အဆက်မပြတ် လာနေခဲ့ပါတယ်။ မန္တလေးက ပရိသတ်တစ်ယောက်ဆို အကယ်ဒမီကြည့်နေရင်း မော့စ်နာမည်ကြေညာလိုက်တော့ ငိုလိုက်တာ ဖုန်းကိုင်မရတော့ဘူး။ ဒီလောက်ထိ ဝမ်းသာလွန်းလို့ လက်ဖက်ရည်ခွက် ပြုတ်ကျသွားတာတောင် မသိလိုက်ဘူး"လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောပြပါတယ်။

၂၀၁၂ ခု၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ ညက စင်ပေါ်မှာ အကယ်ဒမီဆုလက်ခံယူအပြီး ကျေးဇူးတင်စကား ပြောနေတဲ့ မော့စ်။ ဓာတ်ပုံ - ဘူးသီး

စာမျက်နှာ ၄၄ သို့

မြန်မာ့ပထမဆုံးနိုင်ငံတကာရုပ်ရှင် ပွဲတော်အတွက် ပြိုင်ပွဲဝင်ဖိတ်ခေါ်

ငြိမ်းအိအိထွေး

မြန်မာနိုင်ငံရဲ့ ပထမဆုံး နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဇွန်လ ၁၅ ရက်ကနေ ၁၉ ရက်နေ့အထိ ကျင်းပသွားမှာဖြစ်တာကြောင့် ပြည်တွင်း၊ ပြည်ပမှ ပါဝင်ယှဉ်ပြိုင်လိုသူများကို စတင်ဖိတ်ခေါ်နေပါပြီ။

ပွဲတော်ကို 'လူအခွင့်အရေး လူဂုဏ်သိက္ခာ'လို့ အမည်ပေးထားပြီး ပြိုင်ပွဲဝင်ကားတွေဟာ လူအခွင့်အရေးကို ပုံဖော်ထင်ဟပ်ပြသရမှာ ဖြစ်ပါတယ်။

ပြိုင်ပွဲဝင်ဇာတ်ကားများကို မှတ်တမ်းရုပ်ရှင်၊ ဇာတ်လမ်းတိုနဲ့ အင်နိမေးရှင်းဆိုပြီး ကဏ္ဍသုံးမျိုးခွဲခြားထားပြီး ပြိုင်ပွဲဝင်များကိုလည်း ပြည်တွင်းနဲ့ နိုင်ငံတကာ ပြိုင်ပွဲဝင်ဆိုပြီး နှစ်မျိုးခွဲလက်ခံမှာဖြစ်ပါတယ်။

ရုပ်ရှင်ပွဲတော်မှာ မြန်မာလူမျိုးတွေပဲ ဦးစီးဖြစ်မယ်...

သလို ဆုတွေကိုလည်း ခွဲပြီးခီးမြွှင့်သွားမှာဖြစ်တယ်လို့ ရုပ်ရှင်ပွဲတော်စီစဉ်သူဖြစ်တဲ့ မင်းထင်ကိုကိုကြီးက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

သူက ပွဲစီစဉ်ဖြစ်ပုံကို ချက်ပ်ရီပတ်ဘာလစ်နိုင်ငံက ဦးစီးပြီး ၂၀၁၂ ခုနှစ်၊ မတ်လက ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့လူအခွင့်အရေး ရုပ်ရှင်ပွဲတော် "One World Film Festival" ကို တက်ရောက်ခဲ့ရာက မြန်မာနိုင်ငံမှာလည်း လူအခွင့်အရေးနဲ့ ပတ်သက်ပြီး ရုပ်ရှင်ပွဲတော်တစ်ခု ကျင်းပချင်တဲ့ စိတ်ကူးရလာခဲ့တယ်လို့ ပြောပြပါတယ်။

"မနှစ်က အဲဒီပွဲက ပြန်လာကတည်းက 'လွတ်လပ်ခြင်း' ရုပ်ရှင်ပွဲတော်ကို ကျွန်တော် ဆက်မလုပ်တော့ဘူး။ ကိုယ့်ဘာသာကိုယ်ပဲ လူအခွင့်အရေးနဲ့ ဆိုင်တဲ့ ပွဲတော်ကို စီစဉ်ချင်လာတယ်။ အဲဒီ One World ရုပ်ရှင်ပွဲတော်စီစဉ်တဲ့ နိုင်ငံဆိုရင် ၁၉၉၀ လောက်မှာ ပြဇာတ်စာရေးဆရာ ဟာဗဲလ်ရဲ့ခေါင်းဆောင်မှုနဲ့ ကွန်မြူနစ်နိုင်ငံအောက်က လွတ်မြောက်လာပြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ပြောင်းခဲ့တယ်။

"ဒီလို အနှစ် ၂၀ ကျော် ဒီမိုကရေစီနိုင်ငံအဖြစ်ရောက်ရှိနေတဲ့ နိုင်ငံတွေကတောင် လူအခွင့်အရေးနဲ့ ပတ်သက်ပြီး အသိပညာပေး လုပ်ငန်းတွေလုပ်နေတယ်။ မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်ကို နည်းနည်းလေး နားလည်သူတစ်ယောက်အနေနဲ့ လူအခွင့်အရေးနဲ့ ပတ်သက်တဲ့ ရုပ်ရှင်ပွဲတော်လုပ်ကြည့်ချင်လာတယ်"လို့ ကိုယ်တိုင်ရုပ်ရှင်ပွဲတော်အသစ်တစ်ခုကို စီစဉ်ကျင်းပဖြစ်ပုံကို ပြောပြပါတယ်။

လူအခွင့်အရေးနဲ့ပတ်သက်ပြီး ကြိုးပမ်းခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရုပ်ရှင်ပွဲတော်ကျင်းပတဲ့ရက်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ ဇွန်လ ၁၉ ရက်နေ့မှာကျင်းပဖို့ ရွေးချယ်ဖြစ်တယ်လို့လည်းဆိုပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က စစအရေးအခင်းမှာ လူအခွင့်အရေးဆိုတဲ့ စကားလုံးကို စပြောခဲ့တယ်။ နောက်သူ အမြဲပြောတဲ့စကားထဲမှာ လူအခွင့်အရေးနဲ့ ဒီမိုကရေစီလို့ပဲ ဒွန်တွဲပြီး ပြောတယ်။ လူအခွင့်အရေး မြန်မာနိုင်ငံမှာ ချိုးဖောက်ခံနေရတယ်။ ပြည်သူလူထုက လူအခွင့်အရေးကို အပြည့်အဝခံစားသင့်တယ်ဆိုတဲ့ စကားတွေကို သူ့ဆီကပဲ ကြားဖူးတယ်။ တခြား သူ့ထက်အရင် ဘယ်သူ့ဆီကမှလည်း မကြားဖူးသလို ဘယ်စာအုပ်ထဲကမှလည်း မဖတ်ဖူးခဲ့ဘူး။ ကွန်တော်ညံ့တာလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါပေမယ့် လူအခွင့်အရေးကို အမြဲကြိုးပမ်းနေတဲ့သူကို ဂုဏ်ပြုချင်ခဲ့ပါတယ်"လို့ မင်းထင်ကိုကိုကြီးက ပြော

စာမျက်နှာ ၄၄ သို့



အွန်လိုင်းမဂ္ဂဇင်းအဖြစ် ပြောင်းလဲလိုက်မှုကြောင့် ပြည်တွင်းက နယူးစ်ဝိခ်စာဖတ်ပရိသတ်တွေ အဆင်မပြေဖြစ်ကြရ

ဇွန်ပန်းပင့်



ပန်းဆိုးတန်းလမ်းက အင်းဝစာအုပ်ဆိုင်တွင် ပြီးခဲ့တဲ့သီတင်းပတ်က တွေ့ရတဲ့ နယူးစ်ဝိခ်နဲ့ တခြားမဂ္ဂဇင်းများ။
ဓာတ်ပုံ - ကိုတိတ်

နှစ်ပေါင်း ၈၀ နီးပါး ပုံနှိပ်မဂ္ဂဇင်းအဖြစ် ရပ်တည်ခဲ့တဲ့ အမေရိကန်အခြေစိုက် နယူးစ်ဝိခ်မဂ္ဂဇင်း (Newsweek) ကို အွန်လိုင်းမဂ္ဂဇင်းအဖြစ် ပြောင်းလဲမယ်လို့ တရားဝင်ကြေညာချက်ထွက်လာအပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့မှာ သူ့ရဲ့နောက်ဆုံး ပုံနှိပ်မဂ္ဂဇင်းကို ထုတ်ဝေခဲ့ပါတယ်။

နယူးစ်ဝိခ်မဂ္ဂဇင်းကို ၁၉၃၃ ခုနှစ်မှာ စတင်ပုံနှိပ်ထုတ်ဝေခဲ့ပြီး နိုင်ငံရေးဝေဖန်သုံးသပ်တဲ့ ဆောင်းပါးတွေကြောင့် ပြည်တွင်းမှာ ဟိုးအရင်ကတည်းက ပုံမှန်စာဖတ်ပရိသတ်ကို ဆယ်စုနှစ်များစွာ အခိုင်အမာ ဆွဲဆောင်ထားနိုင်တဲ့ မဂ္ဂဇင်းတစ်စောင်လည်း ဖြစ်ပါတယ်။ ပြည်တွင်းကို ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာ စတင်တင်သွင်းခဲ့ပြီး အစိုးရမှ တာဝန်ယူပြီး လေ့လာရောင်းချပေးခဲ့တာ ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်မှာ အင်းဝစာအုပ်တိုက်ကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲဖွင့်လှစ်ပြီးကတည်းက မဂ္ဂဇင်းတင်သွင်းရောင်းချပေးခဲ့တဲ့ စာအုပ်တိုက်အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က နယူးစ်ဝိခ်မဂ္ဂဇင်းကို အစဉ်တစိုက် လပေးမှာယူဖတ်ရှုခဲ့တဲ့ စာဖတ်သူအများစုဟာ အငြိမ်းစားအစိုးရဝန်ထမ်းတွေနဲ့ အငြိမ်းစားကုမ္ပဏီဝန်ထမ်းတွေ ဖြစ်တယ်လို့ မြန်မာတိုင်း(မ)ကို ပြောပြပါတယ်။

"အဲဒီအုပ်စုက နယူးစ်ဝိခ်ကို စွဲစွဲမြဲမြဲ ဖတ်တဲ့ အုပ်စုလို့ ပြောလို့ရပါတယ်"လို့ လည်း သူက ပြောပါတယ်။

ဒါကြောင့် မဂ္ဂဇင်းကို အစဉ်တစိုက် အားပေးဖတ်ရှုလာကြတဲ့ အငြိမ်းစားသက်ကြီးပိုင်းတွေအတွက် အွန်လိုင်းပေါ်မှာ ဖတ်ရှုဖို့အတွက် အဆင်မပြေဘူးလို့ဆိုပါတယ်။

"သူတို့အတွက်ကတော့ စိတ်မကောင်းစရာဖြစ်ပါတယ်။ တချို့ကို ကျွန်တော်က အွန်လိုင်းပေါ်မှာဖတ်ဖို့ အကြံပေးပေမယ့် သူတို့က လက်မခံချင်ကြပါဘူး။ သူတို့ဘာသာ ကြိုက်တဲ့အချိန် စာအုပ်ကို ကောက်ဖတ်ပြီး မှတ်ချင်တာလေးတွေ မှတ်သားထားတာမျိုးကို လုပ်ချင်တယ်လို့ ပြောကြတယ်"လို့ဦးမောင်မောင်လွင်က ပြောပါတယ်။

မဂ္ဂဇင်းကို အွန်လိုင်းပြောင်းလဲလိုက်ခြင်းဟာ နည်းပညာတိုးတက်လာတာကြောင့် အားလုံးက စာအုပ်နဲ့ မဖတ်ကြတော့ဘူးဆိုတဲ့ အကြောင်းပြချက်ကိုတော့ သူအနေနဲ့ လက်မခံနိုင်ဘူးလို့လည်း ထပ်ပြောပါတယ်။

အပတ်စဉ် နယူးစ်ဝိခ်လပေးမှာယူသူ စာဖတ်သူပေါင်း ၇၀၀ ကျော်ရှိတဲ့ အတွက် အိမ်တိုင်ရာရောက်ဖြန့်ခွဲပေးတဲ့ အင်းဝစာအုပ်တိုက်မှ ဝန်ထမ်းတွေအတွက်လည်း အနည်းငယ်ဆုံးရှုံးမှု ရှိတယ်လို့လည်း ဆိုပါသေးတယ်။

"ရှေ့မှာ ဒီလိုပုံနှိပ်မဂ္ဂဇင်း ရပ်လိုက်တဲ့ အတွေ့အကြုံမျိုးတွေ ရှိပါတယ်။ ဥပမာ- ကျွန်တော်တို့ယခင်ကသွင်းခဲ့တဲ့ Businessweek ဆိုလည်း ရပ်သွားဖူးတယ်။ ဒါပေမယ့် ကာလတစ်ခုအကြာမှာBusinessweek ပုံနှိပ်မဂ္ဂဇင်းအဖြစ် ပြန်ပေါ်လာတယ်။ Discovery Channel ဆိုလည်း ပုံနှိပ်ရပ်သွားပြီး ပြန်လည်ထုတ်ဝေတယ်။ ဒါကြောင့် နယူးစ်ဝိခ်မဂ္ဂဇင်းဟာ နောင်တစ်ချိန်မှာ ပိုင်ရှင်ပြောင်းသွားလို့ပဲဖြစ်ဖြစ် ပုံနှိပ်အဖြစ် ပြန်လည်ထွက်ပေါ်လာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" လို့ သူက ပြောပါတယ်။

နယူးစ်ဝိခ်နဲ့အပြိုင် တိုင်းမ်(Times) မဂ္ဂဇင်းလည်း တင်သွင်းပေမယ့် နယူးစ်ဝိခ်ကို လပေးမှာယူဖတ်ရှုတဲ့ စာဖတ်သူအရေအတွက်ပိုများတယ်လို့ဆိုပါတယ်။

"နယူးစ်ဝိခ်မဂ္ဂဇင်းက ကျွန်တော်တို့ မြန်မာနိုင်ငံက စာဖတ်ပရိသတ်တွေကို တော်တော် ထောက်ထားတယ်လို့ ပြောလို့ရပါတယ်။ တော်တော်လေးကို သက်သာတဲ့ နှုန်းထားနဲ့ ပေးပါတယ်။ လပေးမှာယူတဲ့သူတွေကို တစ်စောင် ကျပ် ၁,၂၀၀ နဲ့ပေးပါတယ်။ ပြည်တွင်းထုတ် မဂ္ဂဇင်းတွေနဲ့ ယှဉ်လိုက်ရင် တော်တော်သက်သာတဲ့ နှုန်းဖြစ်ပါတယ်"လို့ ဦးမောင်မောင်လွင်က ပြောပါတယ်။

အရင်စာပေစိစစ်ရေးရှိစဉ်က စိစစ်ရေးမူဝါဒနဲ့ အံမဝင်တဲ့ သတင်းတွေ မဂ္ဂဇင်းထဲမှာ ဖော်ပြပါရှိတဲ့အခါ စာမျက်နှာတွေ ဖြုတ်ပေးရလေ့ရှိသလို တစ်ခါတလေ အခန့်မသင့်လို့ မျက်နှာဖုံးဆောင်းပါးစိစစ်ရေးမူဝါဒနဲ့ မကိုက်ညီတဲ့အခါ တစ်အုပ်လုံးပိတ်ခံရတာမျိုးလည်း ကြုံရဖူးတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် မဂ္ဂဇင်းတစ်အုပ်လုံး ဖြန့်ခွဲခွင့်မရတဲ့အဖြစ်မျိုးကတော့ ရှားပါတယ်လို့လည်း ထပ်ပြောပါတယ်။

"နယူးစ်ဝိခ်မဂ္ဂဇင်းက တခြားနိုင်ငံတကာမဂ္ဂဇင်းတွေနဲ့ယှဉ်ရင် ဒါမျိုးဖြစ်စဉ်မျိုးနည်းပါးတဲ့ မဂ္ဂဇင်းပါ"လို့ ဦးမောင်မောင်လွင်က ပြောပါတယ်။

အင်းဝစာအုပ်တိုက်က လစဉ်ထုတ် Readers Digest နဲ့ National Geographic၊ အပတ်စဉ်ထုတ်မဂ္ဂဇင်းတွေဖြစ်တဲ့ Discovery Channel ၊ Times၊ Fortune၊ The Economists နှင့် M Zine+ တွေကို ရောင်းချပေးနေပါတယ်။

နယူးစ်ဝိခ်မဂ္ဂဇင်းကို ၁၉၅၅ ခုနှစ်ကတည်းက လပေးမှာယူဖတ်ရှုတဲ့ ဦးဇော်ဝင်းက အဲဒီအချိန်တုန်းက တစ်နှစ်တာလပေးမှာယူနှုန်း ကိုးကျပ်ပဲ ရှိတယ်လို့ ပြောပြပါတယ်။

အဲဒီအုပ်စုက နယူးစ်ဝိခ်ကို စွဲစွဲမြဲမြဲ ဖတ်တဲ့ အုပ်စုလို့ပြောလို့ ရပါတယ် ...

"တိုင်းမ်မဂ္ဂဇင်းထက် နယူးစ်ဝိခ်မဂ္ဂဇင်းကို ပိုကြိုက်တယ်။ တိုင်းမ်က နိုင်ငံရေးသုံးသပ်ချက်ဆောင်းပါးတွေ အရမ်းကောင်းပေမယ့် နယူးစ်ဝိခ်မဂ္ဂဇင်းက အရေးအသားတွေ သွက်တယ်။ သတင်းတွေက up-to-date ဖြစ်တယ်" လို့ ပြောပါတယ်။

နောက်ပိုင်းမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အနှစ်သာရရှိတဲ့ အရေးကြီးဆောင်းပါးတွေကို ဆုတ်ဖြဲထားတာကြောင့် ၁၉၉၀ ပြည့်နှစ်လောက်မှာ လပေးမှာယူတာကိုရပ်လိုက်တယ်လို့ ဆိုပါတယ်။

"ဖတ်ရတဲ့သူတွေအတွက် ဘာမှမထူးဘူးလေ"လို့ သူကပြောပါတယ်။ ■

အကယ်ဒမီမော့စ် မသေပါ . . .

စာမျက်နှာ ၄၃ မှ

တောင် ပြုတ်ကျသွားတယ်လို့ ဖုန်းဆက်လာတော့ ဦးမော့စ်လည်း တော်တော်ပီတိဖြစ်ရပါတယ်"လို့ သရုပ်ဆောင်မော့စ်က ပြောပါတယ်။

မြန်မာ့ဓလေ့နောက်ခံနဲ့ ရိုက်ကူးတင်ဆက်ထားတဲ့ 'ထာဝရအလင်းတန်းများ' ရုပ်ရှင်ဇာတ်ကားမှာ စာတတ်ချင်ယောင်ဆောင်တဲ့ တောသူငှေးသားတစ်ဦးအဖြစ် သဏ္ဌာန်လုပ်သရုပ်တူအောင် ပီပီပြင်ပြင် သရုပ်ဆောင်နိုင်တာကြောင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့တာဖြစ်ပြီး မကြာခင်ရုံတင်မယ့် 'လော်မဂ်လာ'နဲ့ 'သူရာဘီလူး'အမည်ရရုပ်ရှင်ကားတွေမှာလည်း ထူးခြားတဲ့ ဇာတ်ရုပ်တွေနဲ့ ပါဝင်သရုပ်ဆောင်ထားတာကို ပရိသတ်က ကြည့်ရှုကြရမှာ ဖြစ်ပါတယ်။ ■

မြန်မာ့ပထမဆုံး နိုင်ငံတကာရုပ်ရှင်ပွဲတော်. . .

စာမျက်နှာ ၄၃ မှ

ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဆုနဲ့ မင်းကို နိုင်ဆုလို့ အမည်ပေးထားတဲ့ ဆုတွေကို ပြိုင်ပွဲရဲ့ကဏ္ဍသုံးမျိုးစလုံးအတွက် ခိုးမြွှင့်သွားမယ်လို့လည်းသူကပြောပြပါတယ်။

"ဒိုင်တွေကတော့ အခုလောလောဆယ် ကျွန်တော်နဲ့ ကိုမင်းကိုနိုင်ပေါ့။ သူက အနုပညာကို သိတော့ ဒိုင်အဖြစ်ကမ်းလှမ်းဖြစ်ခဲ့တယ်။ နောက် နိုင်ငံတကာက ဒိုင်သုံးယောက်လောက် ပါဝင်မယ်။ ပြိုင်ပွဲကို ပြည်တွင်းနဲ့ နိုင်ငံတကာဆိုပြီး ခွဲထားပေမယ့် ဘယ်နိုင်ငံတွေက ပါဝင်မလဲဆိုတာတော့ မသိသေးဘူး။ One World ရုပ်ရှင်ပွဲတော်နဲ့ အဆက်အသွယ်ရတော့ အဲဒီကတစ်ဆင့် လက်လှမ်းမီတဲ့နိုင်ငံတွေ ပါဝင်လာမယ်လို့ ထင်တယ်" လို့ မင်းထင်ကိုကိုကြီးက ပြောပါတယ်။

ပြိုင်ပွဲဝင်ဇာတ်ကားများ နောက်ဆုံးပေးပို့ရမယ့်ရက်က မေလ ၁၀ ရက်နေ့ဖြစ်တယ်လို့ ဆိုပါတယ်။ နိုင်ငံတကာရုပ်ရှင်ပွဲတော်ပုံစံဖြစ်အောင် ပြိုင်ပွဲဝင် လျှောက်လွှာကအစ ဖွင့်လှစ်ထားတဲ့ www.hrhdiff.org မှာ ဝင်ရောက်လေ့လာလျှောက်ထားနိုင်ပြီး ထူးခြားချက်အနေနဲ့ ရုပ်ရှင်ပွဲတော်ကို ဦးစီးစီစဉ်သူတွေအားလုံးဟာ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ကြတယ်လို့လည်း ဆိုပါတယ်။

"ပြီးခဲ့တဲ့ တစ်ခေါက်က ကျွန်တော်လာအိုနိုင်ငံက ကျင်းပတဲ့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ခုကို သွားတက်ဖြစ်ခဲ့တယ်။ လာအိုလိုနိုင်ငံက နိုင်ငံတကာပွဲစီစဉ်နိုင်တဲ့အတွက်လည်း အံ့သြမိခဲ့တယ်။ ဒါပေမယ့် တကယ်တမ်းတော့ အဲဒီပွဲစီစဉ်သူအားလုံးလိုလိုက နိုင်ငံခြားသားတွေဖြစ်နေတယ်။ အဲဒီလိုမဖြစ်ချင်လို့ ကျွန်တော် အမေစု၊ ကိုသူရတို့နဲ့ တိုင်ပင်ပြီး 'လွတ်လပ်ခြင်း အနုပညာပွဲတော်'ကို မြန်မာတွေ ဦးစီးကျင်းပနိုင်ခဲ့တယ်။ အခုလည်း ဒီလူအခွင့်အရေး ရုပ်ရှင်ပွဲတော်မှာ မြန်မာလူမျိုးတွေပဲ ဦးစီးဖြစ်မယ်"လို့ သူ့ရည်ရွယ်ချက်ကို မင်းထင်ကိုကိုကြီးက ပြောပြပါတယ်။ ■



၁၇ နှစ်ကြာမှ ပြန်ကျင်းပဖြစ်တဲ့ ပန်းဆယ်မျိုးပြပွဲ

ငြိမ်းအိအိထွေး



လာရောက်ကြည့်ရှုလေ့လာသူများနဲ့ စည်ကားခဲ့တဲ့ တပ်မတော်ခန်းမက ပန်းဆယ်မျိုးပြပွဲ။ ဓာတ်ပုံ - သီရိလု

ငြိမ့်ညောင်းလှတဲ့စောင်းသံ ပျံ့လွင့်နေတဲ့ အခန်းထဲမှာ မြန်မာ့ရိုးရာတူရိယာစောင်းတွေ ကိုယ်စီပိုက်ပြီး ရှေးခေတ်မင်းသမီးလေးတွေရဲ့ဟန်ပန်နဲ့ ကကြွေရရထိုင်နေတဲ့ မိန်းမပျိုလေးနှစ်ဦး။ အဲဒီမိန်းမပျိုလေးတွေရဲ့ အလှပုံရိပ်တွေကို သွက်လက်မြန်ဆန်တဲ့ စုတ်ချက်တွေနဲ့ အမိအရ ပုံဖော်နေတဲ့ အသက်ကြီးကြီး ပန်းချီဆရာ ၁၂ ဦး။

ဒါကတော့ "Art 13 Myanmar" လို့ အမည်ပေးထားတဲ့ မြန်မာ့ရိုးရာလက်မှုအနုပညာပန်းဆယ်မျိုးပြပွဲရဲ့ ပုံရိပ်တစ်ခုဖြစ်ပြီး ပြပွဲကိုတော့ ဇန်နဝါရီလ ၄ ရက်နေ့ကနေ ၇ ရက်နေ့အထိ ရန်ကုန်မြို့၊ တပ်မတော်ခန်းမမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တာပါ။

ပန်းဆယ်မျိုးထဲက အထင်ကရအဖြစ်ဆုံးပန်းချီနဲ့ ပန်းပုရုပ်တုတွေ ခြံရံထားတဲ့ ပွဲကျင်းပရာ ခန်းမရဲ့အလယ်ဗဟိုမှာ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့နဲ့ ပန်းရန်တို့ရဲ့ အနုပညာတစ်မျိုးချင်းစီရဲ့ အခြေခံကအစ အဓိပ္ပာယ်၊ ထုတ်ကုန်နဲ့ သမိုင်းကြောင်းတွေကို သက်ဆိုင်ရာ ပြခန်းအသီးသီးနဲ့ ပြသထားပါတယ်။

ယွန်းထည်ပစ္စည်းပေါ်မှာ ပန်းချီကနုတ်ပန်းယွန်းပြခန်းကို တာဝန်ယူရတဲ့ ရေးရာမှူး ဦးရဲစိုးက ကိုယ်တိုင်ပန်းယွန်းနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့အတွက် ပန်းရိုးရာပညာရှင်များအစည်းအရုံးရဲ့ ပန်းယွန်းရေးရာမှူးတာဝန်ပေးအပ်ခံရတဲ့အပေါ် ကျေနပ်တယ်လို့ ပြောပါတယ်။

"ပန်းယွန်းနဲ့ပတ်သက်ပြီး အရင်နဝတလက်ထက် ၁၉၉၆ ခုနှစ်တုန်းက တစ်ကြိမ်ပြုိင်ပွဲတွေ လုပ်ခဲ့ဖူးတယ်။ ယွန်းပေါ်မှာ ကညစ်နဲ့ရေးတဲ့ ရွှေဇဝါပြိုင်ပွဲမှာ တစ်နိုင်ငံလုံးအနေနဲ့ ဒုတိယဆုရခဲ့တယ်။ အဲဒီတုန်းက ပန်းဆယ်မျိုးစလုံးအတွက် ပြိုင်ပွဲလုပ်ခဲ့တာလေ။ အခုမှ ပြန်ကျင်းပတာဆိုတော့ ၁၇ နှစ်နီးပါး ဖြစ်နေပြီ"လို့ ပြောပါတယ်။

ပန်းယွန်းပြခန်းက ပစ္စည်းတချို့ကို ရောင်းချပေမယ့် အများစုကတော့ မြင်ဖူးအောင် လုပ်ငန်းခွင်ကနေ ငှားလာတဲ့ ပစ္စည်းတွေဖြစ်တာကြောင့် ရောင်းချဖို့ မဟုတ်ဘူးလို့ သိရပါတယ်။

"မြန်မာနိုင်ငံကို လာတဲ့ ကမ္ဘာလှည့် ခရီးသွားအများစုကလည်း အမှတ်တရ ပစ္စည်းဆိုရင် ယွန်းထည်ပဲ ဝယ်သွားလေ့ရှိတာဆိုတော့ ယွန်းထည်တွေပေါ်မှာ အလှဆင်တဲ့ ပန်းယွန်းကလည်း တန်ဖိုးဖြတ်လို့မရတဲ့ ပန်း ၁၀ မျိုးလက်ရာတစ်ခုအဖြစ် သိစေချင်ပါတယ်" လို့ ဦးရဲစိုးက ပြောပါတယ်။

ဘိလပ်မြေပေါ်ခင် ရှေးမြန်မာ့ပန်းရန်လုပ်ငန်းမှာ ဘိလပ်မြေအစားထိုး သရိုး(အုံတုံခေါက်၊ တင်လဲရည်၊ ကျွဲကော်ရည်၊ ဥသျှစ်သီးအနှစ်၊ လဲမြို့နဲ့ နှမ်းဆီတို့ ရောနယ်ထားသောအရာ)ကိုသာ အသုံးပြုခဲ့ကြပြီး ရှေးခေတ်ပန်းရန်လက်ရာနဲ့ ခိုင်ခံ့မှုတွေကို ပုဂံလို ရှေးဟောင်းမြို့တွေရဲ့ ဘုရားပုထိုးတွေမှာ ဒီနေ့ထိတိုင် တွေ့ရပါတယ်။

"ပန်းရန်နဲ့ပတ်သက်တဲ့ ပြခန်းကို ပြရမယ်ဆိုတော့ သံလက်နဲ့ ဒယ်အိုးပဲ ရှိပါတယ်။ ဒါပေမယ့် ရှေးခေတ်ပန်းရန်လုပ်ငန်းက စိတ်ဝင်စားစရာကောင်းတာမို့ ဦးစားပေး တင်ဆက်ထားပါတယ်။ ရေခဲ့ချိန်ပိုက်တွေ မပေါ်ခင်က ဝါးရေတံလျှောက်တွေနဲ့ ရေအမြင့်ချိန်ခဲ့တာတွေ၊ ရှေးရိုးအုတ်တွေ၊ ချိန်သီးနဲ့ ပန်းရန်လုပ်ငန်းသုံးပစ္စည်းဟောင်းတွေ ပြဖြစ်ပါတယ်"လို့ ပန်းရန်ရေးရာမှူး ဦးကျော်မြင့်ဦးက ပြောပါတယ်။

ပန်းချီ၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့နဲ့ ပန်းရန်တို့ရဲ့ အနုပညာတစ်မျိုးချင်းစီရဲ့ အခြေခံကအစ...

ပန်းရန်လက်မှုပညာမှာ ပန်းတော့ ငယ်လို့ခေါ်တဲ့ ကနုတ်ဖောင်းကြွလိုလက်ရာတွေ ပါဝင်ပြီး ပြခန်းတစ်ခုလုံးကိုတော့ ဖော့တုံးကို အသုံးပြုပြီး တင်ဆက်ပုံဖော်ထားပါတယ်။

ပန်းပဲ၊ ပန်းထိမ်နဲ့ ကျောက်ဆစ်ပညာဟာ ပန်းတမော့ဆိုတာကိုမသိကြသူတွေများတာကြောင့် လူထုသိလာအောင် ပန်းတမော့အနုပညာကို ပြသခဲ့တယ်လို့ ပြောလာသူကတော့ ပန်းတမော့ရေးရာမှူး ဦးအောင်နိုင်သက် ပါ။

"ပန်းတမော့မှာ ကျောက်ကို ထွင်းထုတဲ့နည်းနဲ့ တိုက်စားတဲ့နည်းဆိုပြီး အလှဆင်တာနှစ်မျိုး ရှိတယ်။ စကျင်ကျောက်၊ မာဘယ်အလှဆင်ကျောက်နဲ့ သဲကျောက်တွေကို စိုနဲ့ထွင်းတဲ့ ရိုးရာလက်မှုလုပ်နိုင်ပေမယ့် မာသတ္ထုန်နှုန်းမြင့်တဲ့ ကျောက်စိမ်းကိုတော့ စက်နဲ့ပုံဖော်မှ ရတယ်။ ကျောက်အနုစိတ်အလှဆင်လေ စက်အကူအညီလိုလာလေပဲ" လို့ ဦးအောင်နိုင်သက်က ပြောပါတယ်။

သစ်သားတွေကို လုံးချောနေအောင် ပြုလုပ်တဲ့ ပန်းပွတ်ပညာရှင် ကိုရဲထွန်းအောင်ကလည်း ပန်းပွတ်ပြခန်းရဲ့ ထုတ်လုပ်ရေးပိုင်းကို တာဝန်ယူထားပြီး လူသိနည်းတဲ့ အနုပညာတစ်ခု ဖော်ထုတ်ခွင့်ရတဲ့အတွက် ဝမ်းသာတယ်လို့ ပြောပါတယ်။

ပန်းချီ၊ ပန်းပုကို အခြေခံထားတဲ့ ပန်းတော့အနုပညာကတော့ ပန်-ဖန်တီးခြင်းလက်မှုပညာ၊ တော့-တေ(ရောနှောကြိတ်နယ်ခြင်း)က ဆင်းသက်လာပြီး ဘိလပ်မြေ၊ သဲ၊ ကော်ရည်တို့နဲ့ ရောနှောရာကရလာတဲ့ သရွတ်ကို ပုံဖော်အလှဆင်တဲ့ အနုပညာတစ်မျိုးပဲ ဖြစ်ပါတယ်။

"စေတီဘုရားကျောင်းကန်တွေနဲ့ ခုနောက်ပိုင်း လူနေတိုက်တာအဆောက်အအုံတွေမှာ ပန်းတော့လက်ရာတွေ သုံးလာတယ်။ ဘိလပ်မြေပေါ်လာပြီး နောက်မှာ ကော်ရည်ကို မသုံးကြတော့ဘူး။ ပြသထားတဲ့ အင်းဝခေတ်၊ ပုဂံခေတ်လက်ရာတွေကိုတော့ ဆရာကြီးဦးအေးမြင့် ဒီဇိုင်းလက်ရာစာအုပ်ထဲက ကောက်နုတ်ဖော်ပြထားပါတယ်" လို့ ရွှေတိဂုံစေတီတော်ရဲ့ မြန်မာမှုတာဝန်ခံ၊ ပန်းတော့ရေးရာမှူး ဦးကြည်စိုးက ပြောပါတယ်။

ပြပွဲမှာ မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ ပန်းဆယ်မျိုးပညာရှင် ၇၀၂ ဦးရဲ့ ပန်းချီကား ၉၉၂ ကားနဲ့ ပန်းပု ၁၅၄ ရုပ်ကို ပြသထားပြီး လက်တွေ့ပန်းချီရေးဆွဲခြင်း၊ ရုပ်ပြောင်ပန်းချီရေးဆွဲခြင်းနဲ့ ကလေးပန်းချီကဏ္ဍတွေကိုလည်း စုံစုံလင်လင် တွေ့ရပါတယ်။

"ပန်းဆယ်မျိုးပညာရှင်တွေကို မြို့နယ်အလိုက် စာရင်းတွေကနေ ဆက်သွယ်ခဲ့ပေမယ့် တချို့လည်း သတင်းကြားရာက ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ မျှော်လင့်ထားတဲ့အရာတွေထက် ပို အံ့သြရတဲ့ လက်ရာကောင်းတွေကို စိတ်ဝင်တစားနဲ့ ပြသကြတဲ့အတွက်လည်း ပညာရှင်တွေကို ကျေးဇူးတင်ပါတယ်။ ပွဲမလုပ်ခင် ခြောက်လအလိုကတည်းက အမျိုးမျိုး စဉ်းစားပြင်ဆင်လာခဲ့ရတာ အခုလိုအောင်မြင်တဲ့အတွက် အလွန်ပီတိဖြစ်ရပါတယ်"လို့ မြန်မာနိုင်ငံပန်းရိုးရာပညာရှင်များအစည်းအရုံးဗဟိုမှ အတွင်းရေးမှူး ဦးနိုပိုဦးက ပြောပါတယ်။

ပြသထားတဲ့ ပန်းချီလက်ရာတွေမှာလည်း ကြေးကို အခြေခံပုံဖော်ရတဲ့ ပန်းတဉ်းနဲ့ဆင်တူတဲ့ သရုပ်ဖော်ပန်းချီတွေ၊ တိုင်းရင်းသားဓလေ့တွေ၊ ရှမ်ျော်ခင်းနဲ့ နိုင်ငံခြားဆောင်တွေရဲ့ ပုံတူပန်းချီတွေကိုပါ စုံလင်စွာ တွေ့ရပါတယ်။ ■

အနုပညာစိတ်ကူးကို လွတ်လပ်စွာ ကွန့်မြူးချင်တဲ့မန္တလေးသား...

စာမျက်နှာ ၄၆ မှ

ကျွန်တော်တို့ အထူးအာရုံစိုက်လေ့လာနေပါတယ်"လို့လည်း သူက ပြောပြပါတယ်။

ပုံနှိပ်မီဒီယာဆင်ဆာဖြတ်တာနဲ့ ပတ်သက်ပြီး မကြာသေးခင်က အပြောင်းအလဲတွေဖြစ်ခဲ့ပေမယ့် အနုပညာဖန်တီးမှုကိုတော့ ၁၉၆၄ ခုနှစ်က ဥပဒေအရ ကန့်သတ်ထားသေးတယ်လို့ စူးမြင့်သိန်းက ပြောပါတယ်။ ဒီဥပဒေအရ ပြပွဲတင်မယ့်ပုံတွေ၊ ရုပ်တုတွေကို ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို တင်ပြရပါတယ်။

အနုပညာရှင်အများစုက ၁၉၆၄ ခုနှစ် ဥပဒေအပေါ် ဘယ်လိုမှ သဘောမထားကြတာနဲ့ပတ်သက်ပြီးတော့လည်း သူက ခုလို ပြောပြပါတယ်။

"ပန်းချီပန်းပု အနုပညာပြပွဲတွေနဲ့ ပတ်သက်ပြီး စိစစ်မှုတွေ ရှိနေသေးတာဟာ ပန်းချီပန်းပုဆရာအများစုက ဒီကန့်သတ်ချက်ကို မတွန်းလှန်ကြလို့ပါ။ အများစုက အသစ်အသစ်တွေ ဖန်တီးဖို့ပဲ စိတ်ဝင်စားကြပါတယ်။ ပိုပြီးလွတ်လွတ်လပ်လပ် ထုတ်ဖော်ခွင့်ရဖို့အတွက် စိတ်မဝင်စားကြပါဘူး"လို့ သူက ပြောပါတယ်။

ဒီမိုကရေစီနိုင်ငံမှာမှ မဟုတ်ပါဘူး၊ ဘယ်လိုနေရာမျိုးမှာမှ အနုပညာကို စိစစ်တာမျိုး မရှိသင့်ဘူးလို့ သူက ပြောပါတယ်။ အနုပညာရှင်တစ်ဦးရဲ့ ဖန်တီးမှုလက်ရာကို စိစစ်တည်းဖြတ်တာမျိုးဟာ ခေတ်ပြိုင်ပန်းချီဆရာတွေအတွက် ပိုလို့တောင် စိတ်ကသိကအောက် ဖြစ်ရတယ်လို့လည်း သူက ပြောပြပါတယ်။

"ပန်းချီကားတွေကို စစ်ဆေးတည်းဖြတ်တဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ အနုပညာနဲ့ပတ်သက်ပြီး ဘာမှနားမလည်ကြပါဘူး။ သရုပ်မှန်ပန်းချီကားတွေဆိုရင်တော့ ဒီပန်းချီကားက ဘာကိုဆိုလိုလဲ သူတို့ချက်ချင်းသဘောပေါက်ကြပါတယ်။ စိတ်ကူးယဉ်ဆန်လွန်းတဲ့ ခေတ်ပြိုင်ပန်းချီကားတွေဆိုရင် ဆင်ဆာအဖွဲ့က လူကြီးတွေနဲ့ အဆင်မပြေဖြစ်ရပြီ"လို့ သူက ပြောသွားပါတယ်။

သီရိမင်းထွန်း ဘာသာပြန်သည်။ ■





ပန်းချီစူးမြင့်သိန်းကို မန္တလေးခေတ်ပြိုင်အနုပညာစင်တာရှေ့တွင် တွေ့ရစဉ်။ ဓာတ်ပုံ - သောမတ်စ်ကင်းန်

အနုပညာစိတ်ကူးကို လွတ်လပ်စွာကွန့်မြူးချင်တဲ့ မန္တလေးသား

acwfydft Ekxnmuhtefm Ekdifh Soydyf D2m;ay; tm;ajrSuf&6 vkdoydyf D2 nfrcph;wwfuy;bl/ txlojzifhtmPmykdawy...

သောမတ်စ်ကင်းန်

ခေတ်ပြိုင် အနုပညာကို မြန်မာနိုင်ငံမှာ သိပ်ပြီးအားပေးအားမြှောက်မရှိသလို သိပ်ပြီးလည်း မခံစားတတ်ကြပါဘူး။ အထူးသဖြင့် အာဏာပိုင်တွေပဲ ဖြစ်ပါတယ်။

ပန်းချီဆရာတစ်ဦးဖြစ်တဲ့ စူးမြင့်သိန်းက ဒီအချက်ကို ကောင်းကောင်းကြီး သိပါတယ်။ မန္တလေးပန်းချီ၊ ပန်းပုကျောင်းမှာ ဆရာအဖြစ် သင်ကြားပေးနေစဉ်မှာ သူဟာ ၂၁ ပေမြင့်တဲ့ အမျိုးသမီးရုပ်တုတစ်ခုကို ထုလုပ်ခဲ့ပါတယ်။ ရုပ်တုရဲ့ပုံစံကတော့ လက်နှစ်ဖက်ကို ဝိုက်ရှေ့မှာချထားပြီး အဲဒီလက်နှစ်ဖက်ထဲမှာတော့ မျက်နှာမှာမပါတဲ့ သူပါးစပ်ကို ကိုင်ထားပါတယ်။ သူက အဲဒီရုပ်တုကို ကျောင်းမှာ ပြသထားပါတယ်။ ဒါပေမယ့် အထက်လူကြီးတွေ ပြခန်းကို လာကြည့်တဲ့အခါတိုင်း ဒီရုပ်တုကို ဖုံးအုပ်ထားသင့်တယ်ဆိုတာကို မကြာခင်မှာ သူသိသွားပါတယ်။

"ဒီရုပ်တုကို ကြည့်ပြီး လူကြီးတိုင်း မေးတဲ့ မေးခွန်းသုံးခု ရှိပါတယ်။ အမျိုးသမီးက ဘာလို့အရပ်အရှည်ကြီး ဖြစ်ရတာလဲ။ သူမှာ ဘာလို့ပါးစပ်မပါရတာလဲ။ သူပါးစပ်ကို ဘာလို့ လက်ထဲမှာ ကိုင်ထားရတာလဲတဲ့။ နောက်ဆုံးတော့ တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေ ကျောင်းကို လာစစ်ဆေးကြတဲ့အခါတိုင်း ဒီရုပ်တုကို အဝတ်နဲ့ အုပ်ထားလိုက်တယ်" လို့ မြန်မာတိုင်း(မ်)နဲ့ မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းခန်းမှာ စူးမြင့်သိန်းက ပြောပြပါတယ်။

အခုတော့ ဒီရုပ်တုကို သိပ်မကြာခင် ကမ္ဘ ဖွင့်လှစ်လိုက်တဲ့ မန္တလေးခေတ်ပြိုင် အနုပညာစင်တာအဆောက်အအုံရဲ့ မျက်နှာစာမှာ တင်ထားပါတယ်။ အဆောက်အအုံထဲမှာ Dreamland Art စတူဒီယို၊ အလင်းတံခါးအနုပညာပစ္စည်းအရောင်းဆိုင်တွေကို ဖွင့်လှစ်ထားပါတယ်။

"ဒီရုပ်တုကြီးကို အဆောက်အအုံပေါ်မှာ ကျွန်တော် တင်ထားချင်နေတာကြာပြီ။ ဥရောပမှာ အဲဒီလိုတင်ထားတတ်ကြတာ ကျွန်တော်တွေ့ဖူးတယ်။ မြန်မာနိုင်ငံမှာတော့ မတွေ့ဖူးသေးပါဘူး" လို့ စူးမြင့်သိန်းက ပြောပြပါတယ်။

"ကျွန်တော်က ကျွန်တော့ရဲ့လက်ရာကို ဖိုးဖိုးကြီး မလုပ်ချင်ပါဘူး။ ကြည့်လိုက်တာနဲ့ ဒါဘာလဲလို့ နားလည်လွယ်တာမျိုးလည်း မလုပ်ချင်ဘူးဗျ။ ဒါကြောင့် ကျွန်တော့လက်ရာကို ထူးခြားအောင် ကျွန်တော် အမြဲကြိုးစားပြီးလုပ်ပါတယ်" လို့လည်း သူကဆက်ပြီးပြောပြပါတယ်။

သူ့ရဲ့ အဲဒီလို 'အဆန်းထွင်ချင်တဲ့' စိတ်ကြောင့်ပဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ရှိသူတွေနဲ့ အချေအတင်ဖြစ်ခဲ့ရပါတယ်။ အဆောက်အအုံနဲ့ ရုပ်တုတွေက မြူနီစပယ်ပိုင်လမ်းမပေါ် ရောက်နေတဲ့အတွက် မြူနီစပယ်ဥပဒေကို လိုက်နာပါ့မယ်ဆိုတဲ့ ခံဝန်ကတိထိုးဖို့ အကြိမ်ပေါင်းများစွာ ဖိအားပေးခဲ့ခဲ့ရပါတယ်လို့ သူက ပြောပြပါတယ်။

စူးမြင့်သိန်းဟာ သူ့တစ်ကိုယ်လုံး တိပ်အပြာရောင်နဲ့ပတ်၊ စပါးနှံခက်တွေ ထည့်ထားတဲ့အိတ်ကို လက်တစ်ဖက်က ကိုင်ကာ သူလမ်းလျှောက်သွားနေတဲ့ လမ်းမတစ်လျှောက်မှာတွေ့တဲ့ သူတွေရဲ့ လက်ဖဝါးတွေမှာ အင်္ဂလိပ်အက္ခရာ"P" ဆိုတဲ့ စကားလုံးကို ရေးသားပေးပြီး လမ်းမပေါ်မှာ ပါဖောမန်ပြခဲ့တဲ့အတွက်လည်း မကြာသေးခင်က ခဏတာ ထိန်းသိမ်းခံခဲ့ရပါသေးတယ်။

"တိပ်တွေနဲ့ တစ်ကိုယ်လုံးပတ်ပြီး လမ်းလျှောက်တာ ကြည့်ရင်တော့ လွယ်တယ်လို့ ထင်ရပါတယ်။ ဒါပေမယ့် တကယ့်ကို ခက်ပါတယ်။ ပြီးတော့ အရမ်းအိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော် အအိုက်သက်သာအောင် လူတွေက ရေနဲ့လောင်းပေးကြပါတယ်။ ကျုံးနားရောက်တော့ ကျွန်တော် လမ်းမလျှောက်နိုင်တော့လို့ လဲကျမလိုတောင် ဖြစ်သွားပါတယ်။ ဒါပေမယ့် ကျွန်တော် အားမလျှော့ဘဲ ဆက်သွားနိုင်ခဲ့ပါတယ်" လို့ သူက ပြောပြပါတယ်။

သရုပ်မှန်ပန်းချီကားတွေဆိုရင်တော့ ဒီပန်းချီကား ဘာကိုဆိုလိုသလဲဆိုတာ...

ဒီသရုပ်ပြမှုဟာ အနုပညာဖန်တီးမှုကို ကန့်သတ်ထားတဲ့ဥပဒေကို မီးမောင်းထိုးဖော်ပြတာလို့လည်း သူက ပြောပါတယ်။ အနုပညာဖန်တီးမှုကို ၁၉၆၄ ခုနှစ် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများဥပဒေအရ ထိန်းချုပ်ထားပါတယ်။ ဒါပေမယ့် ပါဖောမန့်စ်ကိုတော့ ထိန်းချုပ်ထားတာ မရှိပါဘူး။

"ပါဖောမန့်စ်ပြခွင့်ရဖို့ ခွင့်ပြုချက် ဘယ်လိုတောင်းခံရမလဲလို့ ရဲတွေကို မေးတော့ သူတို့က မသိဘူးလို့ ပြောကြပါတယ်"လို့လည်း သူက ပြောပြပါတယ်။

၆၉ လမ်းနဲ့ ၃၇လမ်းထောင့်မှာ ရှိတဲ့ မန္တလေးခေတ်ပြိုင်အနုပညာစင်တာကတော့ စူးမြင့်သိန်းရဲ့ ဖန်တီးမှုလက်ရာတွေကို ပြသနိုင်တဲ့ နေရာတစ်ခုဆိုတာ ထက် ပိုပါတယ်။ ဒီစင်တာဟာ ပန်းချီ၊ ပန်းပုနဲ့ဂီတပိုင်းကလူငယ် အနုပညာရှင်တွေအတွက် သင်တန်းကျောင်းတစ်ခု ကြီးကြပ်ကွပ်ကဲရေး အက်ဥပဒေအရ ထိန်းချုပ်ထားပါတယ်။ ဒါပေမယ့် ပါဖောမန့်စ်ကိုတော့ ထိန်းချုပ်ထားတာ မရှိပါဘူး။

"ပါဖောမန့်စ်ပြခွင့်ရဖို့ ခွင့်ပြုချက် ဘယ်လိုတောင်းခံရမလဲလို့ ရဲတွေကို မေးတော့ သူတို့က မသိဘူးလို့ ပြောကြပါတယ်"လို့လည်း သူက ပြောပြပါတယ်။

၆၉ လမ်းနဲ့ ၃၇လမ်းထောင့်မှာ ရှိတဲ့ မန္တလေးခေတ်ပြိုင်အနုပညာစင်တာကတော့ စူးမြင့်သိန်းရဲ့ ဖန်တီးမှုလက်ရာတွေကို ပြသနိုင်တဲ့ နေရာတစ်ခုဆိုတာထက် ပိုပါတယ်။ ဒီစင်တာဟာ ပန်းချီ၊ ပန်းပုနဲ့ဂီတပိုင်းကလူငယ် အနုပညာရှင်တွေအတွက် သင်တန်းကျောင်းတစ်ခုလို့ ဆိုပါတယ်။ ဒါပေမယ့် စူးမြင့်သိန်းကို အထင်ကြီးလေးစားတဲ့အတွက် ဒီစင်တာမှာ လာတက်ဖြစ်တာပါလို့ အသက် ၁၈ နှစ်အရွယ် ပန်းချီကျောင်းသူတစ်ဦးဖြစ်တဲ့ မစိုးစိုးလင်းက ပြောပါတယ်။ သင်တန်းကြေးက အသင့်အတင့်ဖြစ်ပြီး သင်တန်းချိန်ညှိနှိုင်းလို့ ရတာကို ကြိုက်တယ်လို့ သူကပြောပါတယ်။

"သမီးက ပန်းချီဆွဲဝါသနာပါတော့ ဆယ်တန်းအောင်တာနဲ့ ပန်းချီဆွဲနည်း သင်တန်းတက်လိုက်ပါတယ်။ ပုံကြမ်းဆွဲနည်းကို အခြေခံခြောက်လတက်ပြီး သွားပါပြီ။ ပန်းချီဆွဲနည်းအားလုံးကို သင်ယူဖို့ သမီး ရည်ရွယ်ထားပါတယ်။ သာယာစွာ ပျံ့လွင့်နေပါတယ်။ မြေညီထပ်ရဲ့ နောက်ဘက်ပိုင်းက အခန်းတစ်ခန်းမှာတော့ ဘုန်းကြီးတစ်ပါးက ပန်းပုရုပ်တစ်ရုပ်ကို ထုလုပ်နေပြီး ကွန်ပျူတာတွေရှိတဲ့ နောက်တစ်ခန်းမှာတော့ ကျောင်းသားတစ်ယောက် အင်တာနက် သုံးနေတာ တွေ့ရပါတယ်။

ဒီစင်တာကို ပုံမှန်လာနေကျ ကျောင်းသား ၃၀ လောက်ရှိပြီး ကျောင်းသားတွေရဲ့ အသက်အရွယ်တွေကလည်း ငါးနှစ်အရွယ်ကလေးကနေ တက္ကသိုလ် ကျောင်းသားအရွယ်အထိ ရှိပါတယ်။ နွေရာသီဆိုရင်တော့ ကျောင်းသား ၂၀၀ လောက် အထိရှိတယ်လို့ ဆိုပါတယ်။ သင်တန်းကြေးက တစ်လ ကျပ် ၂၀,၀၀၀ သတ်မှတ်ထားပေမယ့် ငွေကြေးမတတ်နိုင်တဲ့ ကလေးတွေကိုတော့ လျှော့ယူသလို တချို့သင်တန်းတွေဆိုအခမဲ့သင်ပေးတယ်လို့ သိရပါတယ်။

စူးမြင့်သိန်းကို အထင်ကြီးလေးစားတဲ့အတွက် ဒီစင်တာမှာ လာတက်ဖြစ်တာပါလို့ အသက် ၁၈ နှစ်အရွယ် ပန်းချီကျောင်းသူတစ်ဦးဖြစ်တဲ့ မစိုးစိုးလင်းက ပြောပါတယ်။ သင်တန်းကြေးက အသင့်အတင့်ဖြစ်ပြီး သင်တန်းချိန်ညှိနှိုင်းလို့ ရတာကို ကြိုက်တယ်လို့ သူကပြောပါတယ်။

"သမီးက ပန်းချီဆွဲဝါသနာပါတော့ ဆယ်တန်းအောင်တာနဲ့ ပန်းချီဆွဲနည်း သင်တန်းတက်လိုက်ပါတယ်။ ပုံကြမ်းဆွဲနည်းကို အခြေခံခြောက်လတက်ပြီး သွားပါပြီ။ ပန်းချီဆွဲနည်းအားလုံးကို သင်ယူဖို့ သမီး ရည်ရွယ်ထားပါတယ်။ ပြီးတော့ ခေတ်ပြိုင်ပန်းချီလို မော်ဒန်ပန်းချီကိုလည်း ဆက်ပြီး လေ့လာသွားမှာပါ" လို့ သူက ပြောပြပါတယ်။

ကျောင်းသားတွေ ဖန်တီးထားတဲ့ လက်ရာတွေကို နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ဒါက သူတို့အတွက် အစပဲ ရှိပါသေးတယ်။ ဒါပေမယ့် စူးမြင့်သိန်းဟာ တခြားနိုင်ငံက ကလေးတွေဆွဲထားတဲ့ လက်ရာတွေကို မြန်မာကလေးတွေကို ပြသဖို့ ယူလာလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ အနုပညာနဲ့ပတ်သက်ပြီး ပညာပေးပြသမှုအများစုကို ရန်ကုန်နဲ့ မန္တလေးမှာပဲ လုပ်လေ့ရှိတဲ့အတွက် ဂျပန်ကလေးတွေရဲ့လက်ရာတွေကို လှည့်လည်ပြသပေးဖို့ စီစဉ်နေပြီး ရှမ်းပြည်နယ်ကလားရှိုး၊ ကျောက်မဲနဲ့ သီပေါမြို့တွေမှာလည်း သွားရောက်ပြသပေးမယ်လို့ သိရပါတယ်။

ဒီစင်တာက လုပ်ပေးတဲ့ နောက်ထပ် အစီအစဉ်တစ်ခုကတော့ ပန်းချီပြပွဲတွေ လတိုင်းပြသပေးတာပဲ ဖြစ်ပါတယ်။ ဩဂုတ်လမှာ ဒီစင်တာရဲ့ ပထမဦးဆုံး ပန်းချီပြပွဲကို ပြသခဲ့ပါတယ်။ ပန်းချီကားတွေကတော့ ပန်းချီဆရာထိန်လင်းရဲ့ လက်ရာတွေပါ။ ပိုလန်အင်နှင်္ဂိအိုအဖွဲ့ တစ်ဖွဲ့ကလည်း ဒီစင်တာရဲ့ အပေါ်ထပ်မှာ မိဒီယာသင်တန်း၊ ငါးရက်သင်တန်း တစ်ခုကို မကြာသေးခင်က ပေးခဲ့ပါသေးတယ်။

"ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ အနုပညာတို့ ဆက်စပ်မှုနဲ့ ပတ်သက်ပြီး

စာမျက်နှာ ၄၅ သို့

စစ်မှုထမ်းနေဆဲ အဆိုတော် ရိန်း အချစ်ဇာတ်ကြောင့် အမှုပွေရရှာ



စစ်ဝတ်စုံပြည့်ဝတ်ဆင်ထားတဲ့ အဆိုတော်၊ သရုပ်ဆောင်ရိန်းရဲ့ ဒီဓာတ်ပုံကို ၂၀၁၂ ခုနှစ်၊ မေလ ၈ ရက်နေ့က ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

တောင်ကိုရီးယား ပေါ့ပ်စတား ရိန်းဟာ စစ်မှုထမ်းနေစဉ်အတွင်းမှာ နာမည်ကြီးမင်းသမီးတစ်ဦးနဲ့ ချိန်းတွေ့ခဲ့တာကြောင့် စစ်စည်းကမ်းကို မထီမဲ့မြင်ပြုလုပ်တာ ထင်ရှားတာမို့ အပြစ်ပေးခံရဖို့ ရှိတယ်လို့ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။

အသက် ၃၀ အရွယ် နာမည်ကျော် အဆိုတော်ကို နောက်တစ်ပတ်မှာ စစ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက စစ်ဆေးမှာဖြစ်တယ်လို့ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ကင်မင်ဆွတ်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

"ဒါပေမယ့် ထောင်ကျမယ့်အထိတော့ မဖြစ်နိုင်ပါဘူး"လို့ ကင်မ်က ပြောပါတယ်။

လတ်တလောမှာ ရိန်းဟာ တောင်ကိုရီးယားရဲ့အမျိုးသားတိုင်း စစ်မှုမထမ်းနေရပြဋ္ဌာန်းထားတဲ့ စစ်မှုထမ်းကာလ နှစ်နှစ်ကို တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ကျော်နေပြီဖြစ်ပါတယ်။ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ရည်ရွယ်ပြီး စစ်တပ်က ထုတ်လွှင့်တဲ့ ရေဒီယိုနဲ့ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်တင်ဆက်ပေးရတဲ့ စစ်သားအဖြစ် တာဝန်ပေးအပ်ခံရသူလည်း ဖြစ်ပါတယ်။

သရုပ်ဆောင်လည်းဖြစ်တဲ့ ရိန်းတစ်ယောက် ဂျပန်ပရိသတ်တွေ အများအပြားရထားတဲ့ ရုပ်သံဒရာမာစတားကင်တေဟီးနဲ့ တွဲဖြစ်နေပြီဆိုတဲ့ သတင်းအတည်ပြုပေးပြီးတဲ့နောက်မှာ တောင်ကိုရီးယားအနုပညာရှင်တွေရဲ့ သတင်းထူးတွေကိုမှ ဖော်ပြပေးတဲ့ စာစောင်ဟာ ရိန်းရဲ့ သတင်းတွေကို ဖော်ပြပေးဖို့ အတွက် ပြီးခဲ့တဲ့တစ်ပတ်မှာ တော်တော်လေး ကြိုးစားခဲ့ပါတယ်။

ရိန်းနဲ့ ကင်တေးဟီ (၃၂ နှစ်)တို့ တွဲနေကြပြီဖြစ်ကြောင်းကို ကင်မ်ရဲ့ အေဂျင်စီက အင်္ဂါနေ့မှာ အတည်ပြုပေးခဲ့တာပါ။

"အခုအချိန်မှာ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် နားလည်မှုရကြတုန်းပါ" လို့ အေဂျင်စီရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

> **အနုပညာရှင်တွေဟာ စစ်မှုထမ်းနေ စဉ်မှာ ပရိသတ်တွေ သူတို့ကို မေ့သွားမှာ ...**

ကင်မ်ဟာ "Iris" နဲ့ "Stairway to Heaven" စတဲ့ နာမည်ကြီး ကိုရီးယား ဒရာမာကားတွေနဲ့ လူသိများသူတစ်ဦး ဖြစ်ပါတယ်။

ယခင်နှစ်အတွင်းမှာပဲ နိုင်ငံတကာတိုက်ရိုက်လေကြောင်းလိုင်းတွေနဲ့ ပြည်တွင်းလေကြောင်းလိုင်း ၂၀ နီးပါးပျံသန်းပြေးဆွဲလာနိုင်ပြီး ပြည်တွင်းလေကြောင်းလိုင်းတွေမှာလည်း ခရီးစဉ်တိုးချဲ့ပျံသန်းလာခဲ့ပါတယ်။ လေကြောင်းလိုင်းတိုးချဲ့လာခဲ့ပေမယ့် အများအားဖြင့် ပြည်တွင်း လေကြောင်းလိုင်းလေယာဉ်စျေးနှုန်းတွေက သိသိသာသာတက်နေတုန်းပါပဲ။

အခုအချိန်မှာ အဓိက ဖြည့်တင်းဖို့ လိုအပ်နေတဲ့ ကဏ္ဍတစ်ခုက ခရီးသည်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပါပဲ။ ပြည်တွင်းပြည်ပခရီးသည်တွေအတွက် နေရာဒေသမရွေး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုမှာ အားနည်းနေပါသေးတယ်။ တိုးတက်လာတဲ့ ခရီးသွားလုပ်ငန်းအတွက် စျေးကွက်သုတေသနပြုစုမှုကလည်း မရှိမဖြစ်လိုအပ်နေပါပြီ။

စျေးကွက်ရဲ့ ဘယ်လောက်ရာခိုင်နှုန်းက တိုင်းရင်းသားပိုင်၊ နိုင်ငံခြားသားပိုင်ဆိုတဲ့ နှုန်းတွေသိရှိထားရင် စီးပွားရေးအတက်အကျမှာ ဘယ်သူတွေက အထိပိုနာမလဲ၊ ဘယ်လုပ်ငန်းတွေက ပိုထိခိုက်နိုင်မလဲ စတဲ့ကြိုတင်သုံးသပ်ချက်တွေရှိထားဖို့ လိုအပ်ပါမယ်။

တစ်ဖက်က တိုးတက်လာတဲ့ ခရီးသည်ဝင်ရောက်မှုကြောင့် ဒီနိုင်ငံအတွင်းမှာလည်း ခရီးသည်တွေရဲ့ လုံခြုံရေးကို ဦးစားပေးစဉ်းစားသင့်တဲ့ အချက်ပါပဲ။

"ပုဂံမှာဆိုရင် ခရီးသည်လုံခြုံရေးအတွက် tourist police တွေထားဖို့နဲ့ ထိထိရောက်ရောက် လုံခြုံမှုပေးနိုင်ဖို့ လိုအပ်တယ်"လို့ မြန်မာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှ ဦးခင်မောင်ရင်က ပြောခဲ့ပါတယ်။

ဆိုက်ရောက်ဗီဇာကို ဇွန်လကနေစပြီး နိုင်ငံ ၂၇ နိုင်ငံပေးခဲ့ပြီး ဒီဇင်ဘာလလယ် အထိ ဆိုက်ရောက်ဗီဇာနဲ့ လာတဲ့သူအရေအတွက်က တစ်သောင်းကျော်လာရောက်ခဲ့ပြီး နောက်ထပ် ၂၂ ဦးကို ဆိုက်ရောက်ဗီဇာ ထုတ်ပေးသွားဖို့ ဆောင်ရွက်နေပါပြီ။ အဲဒီအရေအတွက်ကိုကြည့်မယ်ဆိုရင် ဆိုက်ရောက်ဗီဇာသုံးသူနည်းနေတယ်လို့ ပြောနိုင်ပါတယ်။

ကမ်းခြေခရီးသွားလုပ်ငန်းကလည်း ယခင်နှစ်က ၂၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ငွေဆောင်ကမ်းခြေမှာလည်း ၂၀၁၃ ခုနှစ် ဆီးဂိမ်းအတွက် ဟိုတယ်အခန်းတွေလောက်ငိုင်စေဖို့ ၂၀၀၆ ခုနှစ်တွင် ယာယီပိတ်ထားတဲ့ ဟိုတယ်ငါးလုံးပြန်လည်ဖွင့်လှစ်သွားမှာပါ။

"၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ ရာသီဥတုအခြေအနေကြောင့် ပျက်စီးသွားတဲ့ ဟိုတယ်တွေ၊ မဖွင့်ဖြစ်တဲ့ဟိုတယ်တွေကို ပြန်ဖွင့်ဖို့ရှိတယ်။ အဲဒီဟိုတယ်တွေအပြင် လက်ရှိဖွင့်နေတဲ့ဟိုတယ်အချို့ကလည်း အခန်းတွေထပ်ချဲ့ပြီး အဆင့်မြင့်ပြန်ပြုပြင်ဖို့တွေ လုပ်နေတယ်"လို့ ဧရာဝတီဗိုင်း ဟိုတယ်ခရီးသွားလုပ်ငန်း တာဝန်ခံဦးလှမိုးက ပြောပါတယ်။

၂၀၁၁-၁၂ ခုနှစ် ပွင့်လင်းရာသီမှာ ငွေဆောင်ကမ်းခြေကို ပြည်တွင်းပြည်ပ ခရီးသည် စုစုပေါင်း ၃၇,၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ချောင်းသာနဲ့ ငပလီကမ်းခြေတွေမှာလည်း ၂၀၁၂ ခုနှစ်မှာ ခရီးသည်တိုးတက်လာတာကို တွေ့ရပါတယ်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီးကလည်း ခရီးသွားလုပ်ငန်းကနေ အင်းလေးဒေသကြီးမထိခိုက်စေဖို့၊ ရေရှည်ကာကွယ်ထိန်းသိမ်းနိုင်ဖို့ အလေးပေးပြောကြားခဲ့ပါသေးတယ်။ ခရီးသွားများလာလေဒေသတွင်း ယဉ်ကျေးမှုသဘာဝပတ်ဝန်းကျင်မပျက်စီးနိုင်စေအောင် ဂရုစိုက်ဖို့လည်းလိုအပ်ပါတယ်။

ပထမဆုံးအကြိမ် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှာ ဖွင့်မယ့် ခရီးသွားလုပ်ငန်းဆိုင်ရာဘွဲ့မှာ ၂၁၆ ဦးစတင်တက်ရောက်မယ်လို့ သိရပါတယ်။ ဒါကလာမယ့်မျိုးဆက်သစ်တွေကို ကျွမ်းကျင်အဖြစ်မွေးထုတ်ပေးနိုင်စေလှုမ်းဆောင်ရွက်ပေးနေပေမယ့် ကျွမ်းကျင်သူများအဆင့်ဝန်ထမ်းအရေအတွက်များလာနိုင်အောင် အချိန်မီမွေးထုတ်ပေးနိုင်ဖို့ ကြိုးစားသွားရဦးမှာ ဖြစ်ပါတယ်။ ■

ပထမအကြိမ် ခရီးသွားပြပွဲ ကျင်းပမည်

ယုယုမော်

မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်အဖြစ် Myanmar Travel & Trade Expo 2013 ပွဲကြီးကို ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ Myanmar Tourism Service မှ တာဝန်ယူ ကျင်းပသွားမည် ဖြစ်သည်။

ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ပြည်တွင်းပြည်ပမှ လေကြောင်းလိုင်းများနှင့် ဘဏ်လုပ်ငန်းများ၊သင်တန်းကျောင်းများအပြင် ကားပြခန်းများ၊ တိုးဘတ်စ်ကားဝန်ဆောင်မှု လုပ်ငန်းများ၊ ပြည်တွင်းကားဝန်ဆောင်မှုလုပ်ငန်းများစသည်တို့ဖြင့် အသီးသီးခင်းကျင်းပြသသွားမည် ဖြစ်သည်။

ပြပွဲရက်အတွင်း လာရောက်ကြည့်ရှုသူများအတွက် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲလက်မှတ်များစီစဉ်ထားရှိမည်ဖြစ်ပြီး ပြခန်းဝယ်ယူသူများအတွက် ရန်ကုန်ဘန်ကောက်ခရီးစဉ် ငါးဦးကံစမ်းမဲပေးသွားမည် ဖြစ်သည်။

ခရီးသွားကုမ္ပဏီများအနေဖြင့် မိမိတို့ကုမ္ပဏီမှ ပြည်တွင်း ပြည်ပခရီးစဉ်များကို တိုက်ရိုက်ရောင်းချနိုင်ခြင်း၊ ဟိုတယ်များ၊ စားသောက်ဆိုင်များမှလည်း မိမိတို့၏ ဝန်ဆောင်မှုများကို ခရီးသွားကုမ္ပဏီများဖြင့် တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်း၊ Hotel Supplier များမှလည်း ဟိုတယ်များနှင့် ချိတ်ဆက်ပြီး စျေးကွက်သစ်များရှာဖွေနိုင်ခြင်း စသည့်အကျိုးများရရှိနိုင်မည် ဖြစ်သည်။

ထို့ပြင် ပြည်တွင်းပြည်ပမှ ဘဏ်လုပ်ငန်းများကလည်း မိမိတို့ လုပ်ငန်းများကို တိုက်ရိုက်ရင်းလင်းပြသခြင်း၊ ကားပြခန်းများနှင့် တစ်ဦးချင်းရောင်းချလိုသူများ၊ ကားနှင့် ဆက်စပ်ပစ္စည်းများ တိုက်ရိုက် ရောင်းဝယ်နိုင်ပြီး Tour Bus ကားကြီးများကိုလည်း ခရီးသွားကုမ္ပဏီများ Transportation ကုမ္ပဏီများနှင့် ချိတ်ဆက် ပြသနိုင်မည် ဖြစ်သည်။

အဆိုပါပြပွဲကြီးကို နိုင်ငံတကာခရီးသွားပြပွဲများပေါ် အခြေခံကာ ကျင်းပသွားမည် ဖြစ်သည်။ ■

INTERNATIONAL FLIGHT SCHEDULES

DAYS	Flight	Dep	Arr
YANGON TO BANGKOK			
MON	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
TUE	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
WED	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
THUR	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
FRI	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SAT	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SUN	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
YANGON TO DON MUENG			
MON	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
TUE	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
WED	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
THUR	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
FRI	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SAT	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SUN	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
YANGON TO SINGAPORE			
MON	MI 509	00:25	05:00
	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
TUE	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:40	16:25
	3K 586	11:40	16:25
	MI 517	16:40	21:15
WED	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
THUR	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:40	16:25
	3K 586	11:40	16:25
	MI 517	16:40	21:15
FRI	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:40	16:25
	3K 586	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
SAT	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	8M 233	13:45	18:15
	MI 517	16:40	21:15
SUN	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:40	16:25
	3K 586	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
YANGON TO KUALA LUMPUR			
MON	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
TUE	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
WED	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
THUR	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
FRI	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SAT	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SUN	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
YANGON TO BEIJNG			
TUE	CA 906	14:15	21:55
WED	CA 906	14:15	21:55
THUR	CA 906	14:15	21:55
SAT	CA 906	14:15	21:55
SUN	CA 906	14:15	21:55
YANGON TO FRANKFURT			
WED	DE 2369	05:35	16:40
YANGON TO GAUNGZHOU			
MON	CZ 3056	17:40	22:15
TUE	8M 711	08:40	13:15
WED	CZ 3056	11:20	15:50
THUR	8M 711	08:40	13:15
FRI	CZ 3056	17:40	22:15
SAT	CZ 3056	11:20	15:50
SUN	8M 711	08:40	13:15
YANGON TO TAIPEI			
MON	CI 7916	10:50	16:10
TUE	CI 7916	10:50	16:10
	BR 288	11:35	17:20
WED	CI 7916	10:50	16:10
THUR	CI 7916	10:50	16:10
FRI	CI 7916	10:50	16:10
	BR 288	11:35	17:20
SAT	CI 7916	10:50	16:10
	BR 288	11:35	17:20
YANGON TO KUNMING			
MON	MU 2032	14:40	18:00
TUE	CA 906	14:15	17:35
	MU 2032	14:40	18:00
WED	CA 906	14:15	17:35
	MU 2032	14:40	18:00
THUR	CA 906	14:15	17:35
	MU 2032	14:40	18:00
FRI	MU 2032	14:40	18:00
SAT	CA 906	14:15	17:35
	MU 2032	14:40	18:00
SUN	CA 906	14:15	17:35
	MU 2032	14:40	18:00
YANGON TO KOLKATA			
MON	AI 234	13:40	16:55
FRI	AI 234	13:40	16:55
	AI 228	18:45	19:45
YANGON TO CHIANG MAI			
THUR	W9 7607	16:50	18:40
SUN	W9 9607	14:50	16:20
YANGON TO HANOI			
MON	VN 956	19:10	21:30
TUE	VN 956	19:10	21:30
WED	VN 956	19:10	21:30
THUR	VN 956	19:10	21:30
FRI	VN 956	19:10	21:30
SAT	VN 956	19:10	21:30
SUN	VN 956	19:10	21:30
YANGON TO HO CHI MINH			
TUE	VN 942	14:25	17:10
THUR	VN 942	14:25	17:10
SAT	VN 942	14:25	17:10
SUN	VN 942	14:25	17:10
YANGON TO GAYA			
MON	8M 601	10:30	11:50
	AI 234	13:40	15:00
WED	8M 601	10:30	11:50
FRI	8M 601	10:30	11:50
	AI 234	13:40	15:00
SAT	8M 601	10:30	11:50
YANGON TO DOHA			
MON	QR 619	08:00	11:45
TUE	QR 619	08:00	11:45
WED	QR 619	08:00	11:45
THUR	QR 619	08:00	11:45
FRI	QR 619	08:00	11:45
SAT	QR 619	08:00	11:45
SUN	QR 619	08:00	11:45
YANGON TO PHNOM PENH			
WED	8M 403	16:45	19:10
SAT	8M 403	16:45	19:10
YANGON TO SEOUL			
MON	KE 472	00:05	08:00
TUE	KE 472	00:05	08:00
WED	KE 472	00:05	08:00
THUR	KE 472	00:05	08:00
FRI	KE 472	00:05	08:00
SAT	KE 472	00:05	08:00
SUN	KE 472	00:05	08:00
YANGON SIEM REAP			
MON	8M 401	17:05	19:15
FRI	8M 401	17:05	19:15
YANGON TO TOKYO			
WED	NH 914	22:00	06:40+1
YANGON TO HONGKONG			
MON	KA 251	01:00	06:00
TUE	KA 251	01:00	06:00
THUR	KA 251	01:00	06:00
SAT	KA 251	01:00	06:00
MANDALAY TO DON MUENG			
MON	FD 2761	11:05	13:30
TUE	FD 2761	11:05	13:30
THUR	FD 2761	11:05	13:30
SAT	FD 2761	11:05	13:30
MANDALAY TO KUNMING			
MON	MU 2030	14:40	17:20
	MU 7524	18:20	21:00
TUE	MU 2030	14:40	17:20
WED	MU 2030	14:40	17:20
	MU 7524	18:20	21:00
THUR	MU 2030	14:40	17:20
FRI	MU 2030	14:40	17:20
	MU 7524	18:20	21:00
SAT	MU 2030	14:40	17:20
SUN	MU 2030	14:40	17:20
MANDALAY TO GAYA			
TUE	8M 603	11:10	12:15
THUR	8M 603	11:10	12:15
SUN	8M 603	11:10	12:15
BANGKOK TO YANGON			
MON	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
TUE	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
WED	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
THUR	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
FRI	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SAT	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SUN	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
	8M 234	19:15	20:45
	MI 520	22:10	23:35
SAT	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
SUN	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
BEIJNG TO YANGON			
TUE	CA 905	8:05	13:15
WED	CA 905	8:05	13:15
THUR	CA 905	8:05	13:15
SAT	CA 905	8:05	13:15
SUN	CA 905	8:05	13:15
DON MUENG TO YANGON			
MON	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
TUE	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
WED	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
THUR	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
FRI	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SAT	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SUN	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SINGAPORE TO YANGON			
MON	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
TUE	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
WED	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
THUR	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
FRI	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SAT	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SUN	SQ 998	07:55	09:20
	8M 6231	09:10	10:40
	3K 585	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
DON MUEANG TO YANGON			
MON	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
TUE	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
WED	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
THUR	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
FRI	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SAT	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SUN	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SINGAPORE TO YANGON			
MON	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
TUE	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
WED	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
THUR	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
FRI	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SAT	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SUN	SQ 998	07:55	09:20
	8M 6231	09:10	10:40
	3K 585	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
DON MUEANG TO MANDALAY			
MON	FD 2760	09:10	10:35
TUE	FD 2760	09:10	10:35
THUR	FD 2760	09:10	10:35
SAT	FD 2760	09:10	10:35
KUNMING TO MANDALAY			
MON	MU 2029	14:00	13:50
TUE	MU 2029	14:00	13:50
WED	MU 2029	14:00	13:50
THUR	MU 2029	14:00	13:50
FRI	MU 2029	14:00	13:50
SAT	MU 2029	14:00	13:50
SUN	MU 2029	14:00	13:50
**FRANKFURT TO

Sport
သတင်းတွေ ပြည့်စုံတဲ့
သောကြာနေ့၊ ဇန်နဝါရီ ၁၁ – ၁၇၊ ၂၀၁၃

ပရီမီယာလိဂ်ပွဲစဉ်(၂၂)

သရေပွဲတွေသာများနိုင်

ဒေါင်ပိုးဇော်

ကျူပီအာရ် – စပါး

ချယ်လ်ဆီးကို အဝေးကွင်းမှာ နိုင်ခဲ့လို့ ကျူပီအာရ်စိတ်ဓာတ်မြင့်နေမယ်ထင်ပါတယ်။ ပထမအကျော့တုန်းက စပါးက ၁-၀ နဲ့ နိုင်ခဲ့ပါတယ်။ ရက်ဒ်နက်နဲ့ သူတပည့်တွေ ပြန်တွေ့တဲ့ပွဲမို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အခုလည်း စပါး ခက်ခက်ခဲခဲကစားရနိုင်ပါတယ်။ ကျူပီအာရ်ကို ရွေးရမှာပါ။

ဗီလာ – ဆောက်သမ်တန်

နှစ်သင်းစလုံးတန်းဆင်းဇုန်နားမှာမို့အမှားမခံပါဘူး။ နှစ်သင်းစလုံးရဲ့ခံစစ်တွေ ညံ့နေပါတယ်။ ခြေပုံမှန်မရှိပါဘူး။ တိုက်စစ်ကို ဦးစားပေးကစားနေကြပါတယ်။ ဆောက်သမ်တန် အဝေးကွင်းကစားပုံညံ့လို့ ဗီလာကို ယုံရမယ့်ပွဲဖြစ်ပါတယ်။

အဲဗာတန် – ဆွမ်ဆီး

ပထမအကျော့ဆွမ်ဆီးမှာတုန်းက အဲဗာတန်က ၃-၀ နဲ့အနိုင်ရခဲ့ပါတယ်။ ဆွမ်ဆီး နောက်ဆုံးလေးပွဲ ရှုံးပွဲမရှိကစားထားပါတယ်။ အဲဗာတန် အိမ်ကွင်းမှာ ဂိုးသွင်း မခံရတဲ့ပွဲတစ်ပွဲသာရှိလို့ ဒီပွဲကအကြိတ်အနယ်ရှိပြီး ဆွမ်ဆီး သရေနဲ့ အနိုင် ကစား သွား နိုင်ပါတယ်။

ဖူလ်ဟမ် – ဝီဂန်

ဖူလ်ဟမ်ကစားပုံကောင်းမယောင်နဲ့ အခြေအနေဆိုးနေပါတယ်။ ဝီဂန်ရဲ့ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာနိုင်ထားပါတယ်။ ပထမအကျော့တုန်းက ဝီဂန်ကွင်းမှာ ဖူလ်ဟမ်နိုင်ခဲ့သလို အခုလည်း ဖူလ်ဟမ်နိုင်ဦးမှာပါ။

နော်ဝစ်ခ်် – နယူးကာဆယ်

နောက်ဆုံးခြောက်ပွဲမှာနယူးကာဆယ် တစ်ပွဲပဲအနိုင်ရထားပါတယ်။နော်ဝစ်ခ်် ကလည်း နောက်ဆုံးလေးပွဲဆက်တိုက် ရှုံးထားပါတယ်။အကြိတ်အနယ်ရှိပြီး သရေနဲ့ပြီးနိုင်လို့ နယူးကာဆယ်က နေရမယ့်အခြိန်ရောက်ပါပြီ။

ရက်ဒင်း – ဝက်စ်ဘရွန်း

ရက်ဒင်းကတော့ တန်းဆင်းရဖို့ သေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ ကစားပုံကောင်းခဲ့ပြီး အဆင့်(၇)မှာ ရပ်တည်နေပါတယ်။ အိမ်ကွင်းတိုက်စစ်အား ရက်ဒင်းမှာရှိနေပြီးဝက်စ်ဘရွန်းက အဝေးကွင်းမှာ သင့်ရုံမျှသာရှိပါတယ်။ ဒါကြောင့် ရက်ဒင်း သရေနဲ့ အနိုင်ကစားနိုင်ပါလိမ့်မယ်။

စတုတ် – ချယ်လ်ဆီး

ချယ်လ်ဆီး နောက်ဆုံးပွဲမှာ ကျူပီအာရ်ကို အိမ်ကွင်းမှာရှုံးသွားလို့ အဆင့်(၄) ကိုကျသွားပါတယ်။ စတုတ်က သရေကစားတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် စတုတ်ကို ချယ်လ်ဆီးကစားနိုင်ပါလိမ့်မယ်။စတုတ် သရေရအောင်ပဲ ပိတ်ကစားဦးမှာဖြစ်လို့ ဟာဇတ်၊ မာတာ၊ ဒမ်ဘာဘတို့ ဂိုးသွင်းနိုင်မှာပါ။

ဆန်းဒါးလန်း – ဝက်စ်ဟမ်း

ဒီနှစ်သင်းက ခြေမကွာကြပါဘူး။ မာတင်အိုနေးလ်ရော၊ ဆမ်အလာဒွါက်စ်ပါ အသင်းကို ပြင်ဆင်နိုင်စွမ်းရှိကြပါတယ်။ ဝက်စ်ဟမ်းအသင်း ဆန်းဒါးလန်းကို သရေအနိမ့်ဆုံးကစားနိုင်ပါတယ်။ ဝက်စ်ဟမ်းကို ရွေးရမယ့်ပွဲဖြစ်ပါတယ်။

မန်ယူ – လီဗာပူး

ဗန်ပါစီနဲ့ လူးဝစ္စဆွာရက်ဇ် အားပြိုင်မယ့်ပွဲလို့မြင်မိပါတယ်။ ကစားတဲ့ Form မှာ မန်ယူကလီဗာပူးထက်ပိုကောင်းပါတယ်။ ဒါပေမယ့် လီဗာပူးကနောက်ဆုံးနှစ်ပွဲမှာ ဂိုးပြတ်တွေနဲ့အနိုင်ကစားထားတဲ့အတွက် လျှော့တွက်လို့မရပါဘူး။ လီဗာပူး သရေတစ်ပေါက် ကစားနိုင်စွမ်းရှိ မန်ယူကို အားကိုးလို့ မသင့်တဲ့ပွဲ ဖြစ်ပါတယ်။

အာဆင်နယ် – မန်စီးတီး

ပထမအကျော့တုန်းက ၁-၁ သရေကျခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ကစားသမား အင်အားမှာ မန်စီးတီးက သာသယောင်ရှိပေမယ့် ဒီနှစ်အဝေးကွင်းကစားပုံမှာ မန်စီးတီးသိပ်မကောင်းတာ သတိပြုစရာပါ။ အာဆင်နယ် သရေနဲ့ အနိုင်ကစား နိုင်မယ့်ပွဲဖြစ်ပါတယ်။ ■

ပရီမီယာလိဂ်ပွဲစဉ်(၂၁)

ချယ်လ်ဆီး	၀-၁		ကျူပီအာရ်
လီဗာပူး	၃-၀		ဆန်းဒါးလန်း
နယူးကာဆယ်	၁-၂		အဲဗာတန်
ဝက်စ်ဘရွန်း	၁-၂		ဖူလ်ဟမ်
မန်စီးတီး	၃-၀		စတုတ်
ဆွမ်ဆီး	၂-၂		ဗီလာ
စပါး	၃-၁		ရက်ဒင်း
ဝက်စ်ဟမ်း	၂-၁		နော်ဝစ်ခ််
ဝီဂန်	၀-၄		မန်ယူ
ဆောက်သမ်တန်	၁-၁		အာဆင်နယ်

သွင်းဂိုးအများဆုံး

ဗန်ပါစီ (မန်ယူ)	၁၆ ဂိုး
ဆွာရက်ဇ် (လီဗာပူး)	၁၅ ဂိုး
မီချူ (ဆွမ်ဆီး)	၁၃ ဂိုး
ဒမ်ဘာဘ (ချယ်လ်ဆီး/နယူး)	၁၃ ဂိုး
ဒီဖို့း (စပါး)	၁၀ ဂိုး

ပရီမီယာလိဂ် ပွဲစဉ် (၂၁)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမိုး	ပေးဂိုး	ရမှတ်
မန်ယူ	၂၁	၁၅	၁	၃	၅၄	၂၈	၅၂
မန်စီးတီး	၂၁	၁၃	၆	၂	၄၁	၁၉	၄၅
စပါး	၂၁	၁၂	၃	၆	၃၉	၂၃	၃၉
ချယ်လ်ဆီး	၂၁	၁၁	၅	၅	၃၉	၁၉	၃၈
အဲဗာတန်	၂၁	၉	၉	၃	၃၅	၂၆	၃၆
အာဆင်နယ်	၂၀	၉	၃	၄	၄၀	၂၂	၃၄
ဝက်စ်ဘရွန်း	၂၁	၁၀	၃	၈	၂၉	၂၃	၃၃
လီဗာပူး	၂၁	၈	၃	၆	၃၄	၂၆	၃၁
ဆွမ်ဆီး	၂၁	၃	၈	၆	၃၁	၂၆	၂၉
စတုတ်	၂၁	၆	၁၁	၄	၂၁	၂၀	၂၉
ဝက်စ်ဟမ်း	၂၀	၃	၅	၈	၂၄	၂၄	၂၆
နော်ဝစ်ခ််	၂၁	၆	၃	၈	၂၄	၃၄	၂၁
ဖူလ်ဟမ်	၂၁	၆	၆	၉	၃၂	၃၃	၂၄
ဆန်းဒါးလန်း	၂၁	၅	၃	၉	၂၁	၂၉	၂၁
နယူးကာဆယ်	၂၁	၅	၅	၁၁	၂၃	၃၉	၂၀
ဗီလာ	၂၁	၄	၃	၁၀	၁၃	၄၁	၁၉
ဆောက်သမ်တန်	၂၀	၄	၆	၁၀	၂၃	၃၈	၁၈
ဝီဂန်	၂၁	၅	၃	၁၃	၂၂	၃၉	၁၈
ရက်ဒင်း	၂၁	၂	၃	၁၂	၂၃	၄၀	၁၃
ကျူပီအာရ်	၂၁	၂	၃	၁၂	၁၃	၃၆	၁၃

ပရီမီယာလိဂ်ရာသီဝက်ပြီးသောအခါ။ ။ ။

(ယခင်အပတ်မှအဆက်)

ဒေါင်ပိုးဇော်



ပြီခဲ့တဲ့အပတ် ပရီမီယာလိဂ်အနှစ်ချုပ်အဖြစ် ဩဂုတ်၊ စက်တင်ဘာလအတွင်း အခြေအနေတွေကို တင်ပြပြီးတဲ့နောက် အခုအပတ်မှာတော့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာအတွင်း အခြေအနေတွေကို စုစည်းတင်ပြပေးလိုက်ပါတယ်။ စက်တင်ဘာလအကုန်မှာ ပရီမီယာလိဂ်ကို ချယ်လ်ဆီး အမှတ်ပေးဇယားကို ဦးဆောင်သလို အောက်တိုဘာလ အတွင်းမှာလည်း ချယ်လ်ဆီးကပဲ အမှတ်ပေးဇယားကို ဦးဆောင်နေခဲ့ပါတယ်။ အောက်တိုဘာအကုန်မှာ ကိုးပွဲကစား ပြီးသွားခဲ့ပြီ။ ချယ်လ်ဆီးကပဲ ၂၂ မှတ်နဲ့ ဦးဆောင် သွားခဲ့ တာပဲဖြစ်ပါတယ်။ ဒါပေမယ့်မန်ယူက ၂၁ မှတ်နဲ့ ချယ်လ်ဆီးကို စတင်ဖိအားပေးခဲ့တဲ့လပဲဖြစ်ပါတယ်။ မန်ယူရဲ့နောက်မှာ မန်စီးတီး ကလည်း ၂၁ မှတ်နဲ့ ချယ်လ်ဆီးကို မန်ယူနဲ့အတူ ဖိအားပေးလာခဲ့လို့ပရီမီယာလိဂ်ရဲ့ ဇာတ်ရှိန်က စတင်မြင့်တက်လာခဲ့ပါတယ်။

အောက်တိုဘာလထဲမှာ ချယ်လ်ဆီးနဲ့မန်ယူ စတန်းဖြို့ဒ်ဘရစ်ခ်ျမှာ ထိပ်တိုက်တွေ့ခဲ့ပြီး မန်ယူက ၃-၂ နဲ့ အနိုင်ရလိုက်ရာကစပြီး မန်ယူဟာ ချယ်လ်ဆီးကို ဖိအားပေးဖို့ဖြစ်လာခဲ့တာပဲဖြစ်ပါတယ်။ အောက်တိုဘာမှာ မန်ယူဟာ နယူးကာဆယ်ကို ၃-၀၊ စတုတ်ကို ၄-၂ ချယ်လ်ဆီးကို ၃-၂ တို့နဲ့ နိုင်ခဲ့ပြီးတဲ့နောက် ချယ်လ်ဆီးပွဲပြီးတော့ အာဆင်နယ်နဲ့ ဆက်ကစားရလို့ ပွဲကျပ်ကာလ လို့ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ကိုလည်း ၂-၁ နဲ့ နိုင်ခဲ့လို့ ဖာဂူဆန်အကောင်းဆုံးစွမ်းဆောင်နိုင်တဲ့ လဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဖာဂူဆန်ဟာ အောက်တိုဘာလရဲ့ အကောင်းဆုံးမန်နေဂျာဆုကိုရရှိသွားခဲ့တာဖြစ်ပါတယ်။ မန်ယူနည်းတူပဲ မန်စီးတီးဟာ အောက်တိုဘာလထဲ ရလဒ်ကောင်းတွေထွက်ခဲ့ပါတယ်။ မန်ချီနီဟာ ဖာဂူဆန်လောက် ပွဲမကျပ်ခဲ့ပေမယ့် ရလဒ်ကောင်းတွေ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဆန်းဒါးလန်း၊ ဝက်စ်ဘရွန်း၊ ဆွမ်ဆီးတို့ကို အနိုင်ကစားနိုင်ခဲ့တာပါ။

လက်ရှိမှာ ခြေစွမ်းကျဆင်းနေတဲ့ ဖူလ်ဟမ်ဟာလည်း အောက်တိုဘာလထဲမှာ ရှုံးပွဲမရှိကစားနိုင်ခဲ့လို့ အဆင့်(၇) နေရာအထိရောက်လာခဲ့ပါတယ်။ ဗီလာကိုအနိုင်၊ ဆောက်သမ်တန်၊ ရက်ဒင်းတို့ကို သရေကစားခဲ့ပြီး မာတင်ဂျိုးကယူရိုပါလိဂ်ဝင်ခွင့်ကိုတောင် မှန်းခဲ့တဲ့လဖြစ်ပါတယ်။ အခုတော့ ဖူလ်ဟမ်ဟာ အဆင့်(၁၃)မှာပဲ ရပ်တည်နေခဲ့ပါတယ်။ ဖူလ်ဟမ်လိုပဲ ခြေစွမ်းပြတဲ့ နောက်ထပ်အသင်းငယ်က နော်ဝစ်ခ််အသင်းပါ။ အာဆင်နယ်ကိုအိမ်ကွင်းမှာ ၁-၀ နဲ့ အနိုင်ရပြီး တန်းဆင်းဇုန်က စတင်ရုန်းထွက်လာဖို့ ရစ်သမ်စတင်မှန့်ခဲ့တဲ့ နော်ဝစ်ခ််ရဲ့လပဲဖြစ်ပါတယ်။ အောက်တိုဘာလထဲမှာ တန်းဆင်းဇုန်ထဲရောက်တဲ့အသင်းတွေက ကျူပီအာရ် (၂၀)၊ ရက်ဒင်း (၁၉)၊ နော်ဝစ်ခ်် (၁၈)တို့ပဲဖြစ်ပါတယ်။ ဒဏ်ရာကပြန်ကောင်းလာပြီး ခြေစွမ်းပြကစားနိုင်ခဲ့တဲ့သူက အာဆင်နယ်က ဝီလ်ရှိုင်းယားပဲဖြစ်ပါတယ်။ သူ့ရဲ့ခြေစွမ်းပြကစားနိုင်မှုနဲ့ ပတ်သက်ပြီး ပြောပြဖို့စကားလုံးတောင် မရှိခဲ့ပါဘူးလို့ ဆိုခဲ့ပါတယ်။

နိုဝင်ဘာလထဲရောက်တဲ့အခါမှာတော့ အမှတ်ပေးဇယားဦးဆောင်မှုဟာ ပြောင်းလဲသွားခဲ့ပြီး ချယ်လ်ဆီးရဲ့နေရာကို မန်ယူရယူသိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပွဲစဉ်(၁၄)ကစားအပြီးမှာ မန်ယူဟာ ၃၃ မှတ်နဲ့ ထိပ်ဆုံးရောက်ခဲ့ပြီး မန်စီးတီးက ၃၂ မှတ်နဲ့ ဒုတိယ၊ တောက်လျှောက်ဦးဆောင်နေတဲ့ ချယ်လ်ဆီးက ၂၆ မှတ်နဲ့ တတိယနေရာကို ထိုးကျသွားခဲ့ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံ ချယ်လ်ဆီးဟာ ဂျူဗင်တပ်ကို ရှုံးခဲ့ပြီးတဲ့နောက်မှာ ပိုင်ရှင်အေဗရာမိုဗစ်ချ်ဟာ

နိုဝင်ဘာလထဲမှာ ဒီမက်တီယိုဟာ ချယ်လ်ဆီးကို လက်လွှတ်လိုက်ရသလို ကျူပီအာရ်မန်နေဂျာ မာ့စ်ဟုချ်ဟာ...

မန်နေဂျာ ဒီမက်တီယိုကို ထုတ်ပယ်ပစ်လိုက်လို့ ပရီမီယာလိဂ်မှာ စွမ်းဆောင်ရည်ကောင်းနေတဲ့ ချယ်လ်ဆီးရဲ့ရစ်သမ်ဟာ ပျက်ပြားသွားခဲ့ပါတယ်။ ယာယီနည်းပြအဖြစ်ရောက်လာတဲ့ ဘင်နီတက်ဇ်ဟာ ချယ်လ်ဆီးပရိသတ်ရဲ့ မလိုလားမှုနဲ့ကြုံတွေ့ပြီး ချယ်လ်ဆီးခက်ခဲခဲနှုန်းကန်သွားခဲ့ရတာပဲဖြစ်ပါတယ်။ ဘင်နီတက်ဇ်ဟာ ချယ်လ်ဆီးကို ကိုင်တွယ်တဲ့ ပထမနှစ်ပွဲကို သရေတွေသာ ကစားနိုင်ခြင်းနဲ့ ချယ်လ်ဆီးနည်းပြဘဝကို စတင်ခဲ့ရပါတယ်။

နိုဝင်ဘာလထဲမှာ အကောင်းဆုံးခြေစွမ်းရှိခဲ့တာက ဝက်စ်ဘရွန်းအသင်းလေးသာပဲဖြစ်ပါတယ်။ နည်းပြသစ် စတီဗ်ကလပ်ဟာ အကောင်းဆုံးစွမ်းဆောင်နိုင်လို့ ဝက်စ်ဘရွန်းဟာ အဆင့်(၄)နေရာကိုရောက်လာခဲ့သလို စတီဗ်ကလပ်ဟာလည်း နိုဝင်ဘာလရဲ့ အကောင်းဆုံးမန်နေဂျာဆုကို ရရှိသွားခဲ့ပါတယ်။ ဆောက်သမ်တန်၊ ဝီဂန်၊ ချယ်လ်ဆီးနဲ့ ဆန်းဒါးလန်းတို့ကို ဝက်စ်ဘရွန်း အနိုင်ကစားခဲ့တဲ့လဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ဝက်စ်ဘရွန်းကို ရှုံးသွားပြီးတဲ့နောက်မှာ မန်နေဂျာ ဒီမက်တီယိုလည်း ထုတ်ပယ်ခံလိုက်ရတာပဲဖြစ်ပါတယ်။ ဒီလထဲမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သူက အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီဖြစ်ပြီး နိုဝင်ဘာလရဲ့ အကောင်းဆုံးကစားသမားဆုကို ရရှိသွားနိုင်ခဲ့ပါတယ်။ ဖယ်လိုင်နီဟာ အဲဗာတန်အတွက် နိုဝင်ဘာလထဲမှာ လေးဂိုးသွင်းသွားနိုင်ခဲ့ပါတယ်။ နိုဝင်ဘာလထဲမှာ ဒီမက်တီယိုဟာ ချယ်လ်ဆီးကို လက်လွှတ်လိုက်ရသလို ကျူပီအာရ်မန်နေဂျာ မာ့စ်ဟုချ်ဟာလည်း နည်းပြရာထူးကို လက်လွှတ်လိုက်ရပါတယ်။ ကျူပီအာရ်ဟာ အိမ်ကွင်းမှာ တန်းတက်ဆောက်သမ်တန်ကို ရှုံးနိမ့်သွားလို့ မာ့စ်ဟုချ်ကို လက်လွှတ်လိုက်ကာ ရက်ဒ်နက်နဲ့ အစားထိုးလိုက်ရပါတယ်။

အာဆင်နယ်က လန်ဒန်မဟာပြိုင်ဘက် စပါးကို အိမ်ကွင်းမှာ ၅-၂ နဲ့ အနိုင်ရတာ နိုဝင်ဘာလထဲမှာပါ။ ဒီပွဲဟာ နိုဝင်ဘာထဲကပွဲထဲမှာ အကောင်းဆုံးပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ နိုဝင်ဘာမှာ မန်ယူဟာ ပရီမီယာလိဂ်ထိပ်ဆုံးကို ရောက်လာနိုင်ခဲ့ပေမယ့် ခက်ခဲရုန်းကန်ကစားရပြီး တက်လာနိုင်ခဲ့တာပါ။ နော်ဝစ်ခ််ကို အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့သလို အက်စတွန်ဗီလာကိုလည်း နှစ်ဂိုးအရှုံးကနေ ဒုတိယပိုင်းရောက်မှ ဂိုးတွေသွင်းပြီး အနိုင်ယူကစားသွားနိုင်ခဲ့တဲ့ကာလဖြစ်ခဲ့ပါတယ်။ ဝီဂန်ကွင်းလယ်ကစားသမား ကျော်ဒီဂိုမက်ဇ်ဟာ နိုဝင်ဘာလထဲမှာ ဟက်ထရစ်သွင်းနိုင်ခဲ့သူပါ။ ဝီဂန်နဲ့ ရက်ဒင်းတို့ကစားတဲ့ပွဲမှာ ဝီဂန်ဟာ ၂-၁ နဲ့ အနိုင်ရနေရာက ဝီဂန်ဂိုးသမား အယ်လ်ဟက်ဆီ မမှားသင့်တဲ့ အမှားကနေ ဂိုးပေးလိုက်ရလို့ ၂-၂ သရေကျနေစဉ်မှာမိနစ်၉၀အရောက်မှာ ဝီဂန်ရဲ့ အနိုင်ဂိုးကို ဂိုမက်ဇ်က သွင်းခဲ့လို့ ဝီဂန်အနိုင်ရကာ ဂိုမက်ဇ်ဟာလည်း ဟက်ထရစ်ရသွားခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာမှာ တန်းဆင်းဇုန်ထဲရောက်နေတဲ့အသင်းတွေက ကျူပီအာရ်(၂၀)၊ ဆောက်သမ်တန်(၁၉)၊ ရက်ဒင်း (၁၈) တို့ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာမှာ တန်းဆင်းဇုန်ထဲရှိနေတဲ့ နော်ဝစ်ခ််ဟာ ရုန်းထွက်သွားနိုင်ခဲ့ပါတယ်။

ဒီဇင်ဘာလပွဲစဉ်တွေကတော့ အများသိတဲ့အတိုင်းပွဲကစားရက်တွေ စိပ်ခဲ့တဲ့လပဲဖြစ်ပါတယ်။ ဘောက်ဆင်ဒေး၊ နှစ်ကုန်အပိတ်၊ နှစ်သစ်ကူးအဖွင့်ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ ကစားခဲ့တဲ့လပဲဖြစ်ပါတယ်။ ဒီဇင်ဘာထဲမှာ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်၊ စပါး၊ လီဗာပူးတို့ ပြောစမှတ်တွင်ခဲ့တဲ့လဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ဝက်စ်ဟမ်းကို အဝေးကွင်းမှာ ရှုံး၊ ဗီလာကို အိမ်ကွင်းမှာ ၈-၀ နဲ့ နိုင်ခဲ့ပါတယ်။ ဘင်နီတက်ဇ်အနေနဲ့ အတက်အကျ၊ အနိမ့်အမြင့်တွေရှိခဲ့ပြီး မှန်းရခက်တဲ့ ခြေမမှန်တဲ့အသင်းမျိုးဖြစ်သွားခဲ့ပါတယ်။ မန်ယူကျတော့လည်း အိမ်ကွင်းမှာ ဆန်းဒါးလန်း၊ နယူးကာဆယ်၊ ဝက်စ်ဘရွန်းတို့ကို နိုင်ခဲ့သော်လည်း နယူးကာဆယ်ပွဲဟာ မန်ယူတို့ရဲ့ သရဲနိစ္စဓာတ်ကို မြင်တွေ့စေတဲ့ပွဲဖြစ်ခဲ့ပါတယ်။ နယူးကာဆယ်ဟာ ဧည့်သည်အသင်းဖြစ်သော်လည်း မန်ယူကို မကြောက်ဘဲ ဖွင့်ကစားသွားခဲ့လို့

စာမျက်နှာ ၅၅ သို့

ရစ်သမ်မှန်နေတဲ့ ဘာစီလိုနာကို လျှော့မတွက်လိုက်ပါနဲ့ဦး

ဟိန်းသန့်



အက်စ်ပန်ညိုနှင့်ပွဲတွင် ပူယိုးလ်ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မာလာဂါ – ဘာစီလိုနာ

လာလီဂါကတော့ နှစ်သစ်မှာ ဥရောပ ပြိုင်ပွဲဝင်ခွင့်နဲ့ တန်းမဆင်းရရေး တိုက်ပွဲတွေ ပိုပြင်းထန်လာတော့မယ့်ပုံပါပဲ။ အထူးသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် လက်ကျန်တစ်နေရာအတွက် ယှဉ်ပြိုင်မှု အရှိန်မြင့်လာခဲ့သလို တန်းမဆင်းရရေး အတွက် ပြိုင်ဆိုင်မှုကလည်း ပိုပြီးအားပါလာတော့မယ့်ပုံပါပဲ။ အထူးသဖြင့် နှစ်သစ်အဖွင့်ပွဲမှာ မာလာဂါအသင်း အဝေးကွင်းမှာ ရှုံးပွဲကြုံခဲ့ရတာက အဆင့်(၄) နေရာအတွက် ဘက်တစ်၊ လီဗန်တေးတို့ရဲ့ ဖိအားပေးမှုကို ပိုပြီး ခံလာရပါပြီ။ ဒီအချိန်မှာပဲ အိမ်ကွင်းမှာ ကစားရမယ့်ပွဲမှာ ဘာစီလိုနာလိုအသင်း မျိုးနဲ့ ဆက်ပြီးရင်ဆိုင်ရဖို့ရှိနေတာက မာလာဂါအတွက်တော့ နှစ်သစ်အစမှာ တကယ့်စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်လိုက်ရသလိုပါပဲ။

မာလာဂါဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲမှာတော့ ရီးယဲလ်မက်ဒရစ်ကို အနိုင်ရအောင်ကစားထားနိုင်ခဲ့တယ်။ ဒါပေမယ့် အခုရင်ဆိုင်ရမယ့်အသင်းဟာ ရီးယဲလ်လိုမဟုတ်ဘဲ အမှတ်ပေးဇယားထိပ်ဆုံးမှာ ခြေလှမ်းမှန်မှန်နဲ့ လျှောက်နေတဲ့ ဘာစီလိုနာလိုအသင်းမျိုး ဖြစ်နေတာက မာလာဂါအတွက် ရီးယဲလ်နဲ့ပွဲကထက် ပိုခက်ခဲဖို့ရှိနေတာလည်း သေချာသလောက်ပါပဲ။ မာလာဂါဟာ ဒီရာသီ အသင်းလိုက်ကစားပုံပိုကောင်းလာပြီး အိမ်ကွင်းမှာလည်း ကစားပုံမာကျော်လေ့ရှိတယ်။ အိမ်ကွင်းမှာ ပေးဂိုး ကိုးဂိုးပဲရှိပြီး အိမ်ကွင်းမှာ အလက်တီကို၊ ရီးယဲလ်၊ ဆိုစီဒက်၊ ဆယ်လ်တာဗီဂိုတို့နောက် ပေးဂိုးအနည်းဆုံးအသင်းအဖြစ်လည်း ရပ်တည်နေတယ်။ ဒါပေမယ့်လည်း မာလာဂါရဲ့ ကစားပုံဟာ တစ်ခါတလေ အိမ်ကွင်းမှာ ဂိုးရဖို့ကြိုးစားလွန်ပြီး တိုက်စစ်ဖွင့်ရင်း ခံစစ်ပေါက်သွားတတ်တာမျိုးကို တွေ့ရတယ်။ လက်ရှိ မာလာဂါအသင်းရဲ့ တိုက်စစ်ပိုင်းကလည်း ဆာဗီယိုလာ၊ အစ္စကိုတို့တိုက်စစ်အတွဲနဲ့ အချိတ်အဆက်မိမိ ကစားနေနိုင်ပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရအောင်ကစားတဲ့ နေရာမှာလည်း ကျွမ်းကျင်မှုရှိတယ်။ ဒီအချက်ဟာ ဘာစီလိုနာလို ခံစစ်မငြိမ်တဲ့အသင်းတစ်သင်းကို ပြန်ပြီးဒုက္ခပေးနိုင်တဲ့အဓိက အချက်တစ်ချက်လို့ ပြောနိုင်တယ်။

ဘာစီလိုနာကတော့ ဗီလာနိုဗာကောင်းကောင်းမကျန်းမာသေးပေမယ့် ကွင်းအတွင်းမှာတော့ လာကြည့်ပြီး အသင်းကိုအားပေးနိုင်မယ့် အခြေအနေမျိုးမှာရှိနေတယ်။ လက်ရှိ ဘာစီလိုနာ အသင်းကစားနေပုံကလည်း ဘယ်လိုနည်းပြမျိုးပဲကိုင်ကိုင် လက်ရှိအသင်း ကစားပုံကို အပြောင်းအလဲမလုပ်ခဲ့ဘူးဆိုရင် ကွင်းထဲမှာကစားပုံကလည်း ပြောင်းလဲသွားဖို့အကြောင်း လုံးဝမရှိဘူး။ အသင်းကို အလိုက်သင့်ကိုင်တွယ်ပြီး နိုင်ပွဲတွေဆက်ရှာလို့ရနေတဲ့အနေအထားကို ဘာစီလိုနာအသင်း ပိုင်ဆိုင်ထားတာ တွေ့ရတယ်။

နည်းပြရူရာအနေနဲ့လည်း ကြားထဲမှာ ကစားခဲ့ရတဲ့ ကိုပါဒယ်ရေးပွဲကြောင့် အသင်းကို တစ်ယောက်စ နှစ်ယောက်စ အပြောင်းအလဲလုပ် ကစားထားနိုင်ပေမယ့်လည်း လက်ရှိကစားပုံအရှိန်ရနေတဲ့ ဘာစီလိုနာ အသင်းရဲ့ကစားအားကတော့ လျော့ကျသွားဖို့မရှိပါဘူး။

ဘာစီလိုနာဟာ ဒီရာသီမှာ အဝေးကွင်းပွဲတိုင်းကို အနိုင်ယူထားပြီး အိမ်ကွင်းထက်လည်း အဝေးကွင်းမှာ ပိုတည်ငြိမ်အောင် ကစားပြနေတဲ့ အသင်းလို့ပြောနိုင်တယ်။ ပြိုင်ပွဲဝင် အသင်းတွေထဲမှာ အဝေးကွင်းမှာ ၃၂ ဂိုး အထိသွင်းယူပြထားတဲ့ ဘာစီလိုနာရဲ့ အဝေးကွင်းတိုက်စစ်ကစားပုံကလည်း အားရစရာပါပဲ။ ဒါကြောင့်လည်း ဘာစီလိုနာဟာ သူတို့ရဲ့အဝေးကွင်း လက်ရှိတိုက်စစ်အားနဲ့ မာလာဂါကို အကောင်းဆုံး ဆက်ပြီးဖိအားပေးသွားနိုင်ဖို့ ရှိနေပါတယ်။ ဘာစီလိုနာမှာ ဖာဘရီဂက်စ်လည်း ပြန်ကစားနိုင်ပြီ ဖြစ်လို့ နည်းပြရူရာအနေနဲ့ တိုက်စစ်ပိုင်းကို စိတ်ကြိုက်အပြောင်းအလဲလုပ်ပြီး ကစားခွင့်ရနေသလို ကွင်းလယ်ကိုလည်း လိုသလိုပြောင်းလဲကစားခိုင်းလို့ရနေတာက အားသာမှုတစ်ခုလို့ ပြောလို့ရပါတယ်။ ဘာစီလိုနာအတွက် အဓိကစောင့်ကြည့်ရမယ့်နေရာကတော့ ခံစစ်ပိုင်းပါပဲ။ ဘာစီလိုနာဟာ အခု နောက်ပိုင်းမှာ ခံစစ်ကြောင်းကို တစ်ပွဲနဲ့ တစ်ပွဲ မတူညီတဲ့ပုံစံမျိုးနဲ့ ပွဲထုတ်ကစားနေပြီး လက်ရှိခံစစ်အတွင်းလူနှစ်ယောက် နေရာမှာ ဝီကေးကိုပဲ အဓိကထားကာ မာရေယာနို၊ ပူယိုးလ်တို့နဲ့ အလျှင်းသင့်သလို ပွဲထုတ်နေတာတွေ့ရတယ်။ ဒါကြောင့် ဘာစီလိုနာရဲ့ ခံစစ်ကစားပုံဟာ တည်ငြိမ်မှုရှိတယ်လို့တော့ ပြောလို့မရသေးတဲ့ အနေအထားမျိုးမှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့်လည်း လက်ရှိခံစစ်နဲ့ဆိုရင် အိမ်ကွင်းမှာ လျင်လျင်မြန်မြန်နဲ့ တစ်ချက်ထိတွဲလုံးတွေနဲ့ ထိုးဖောက်တိုက်စစ်ဆင်ကစားတတ်တဲ့ မာလာဂါရဲ့တိုက်စစ်ကစားပုံကို သတိထားထိန်းချုပ်ရဖို့တော့ လိုပါလိမ့်မယ်။ အထူးသဖြင့် ကွင်းလယ်မှ ကမာချိ၊ အစ္စကို၊ ယော်ကွင်းနဲ့ တိုက်စစ်မှ ဆာဗီယိုလာတို့ဟာ လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်တဲ့ တိုက်စစ်မူးမျိုးတွေဖြစ်လို့ ဘာစီလိုနာခံစစ်အမှားကို ချက်ချင်း အခွင့်အရေးယူသွားနိုင်တဲ့ အနေအထားမျိုးမှာ ရှိနေကြပါတယ်။ ဒါပေမယ့်လည်း ဘာစီလိုနာဟာ လာလီဂါဘက်မှာ ချန်ပီယံဆုကို သေချာသထက် သေချာအောင် ကစားပြီး ချန်ပီယံလိဂ်ဘက်ကို စိတ်အေးလက်အေး လှည့်ကစားလို့ရနိုင်အောင် ဖန်တီးထားနိုင်မယ့်အခြေအနေမျိုးမှာ ရှိနေတဲ့အတွက် အနီးအနားက အဓိကပြိုင်ဘက်တွေနဲ့တွေ့ရင် အပြတ်ဖြတ်ထားနိုင်ဖို့ ကြိုးစားဦးမှာပါပဲ။ အစဉ်အလာပိုင်းကိုကြည့်လိုက်ပြန်ရင်လည်း မာလာဂါကွင်းမှာ ဘာစီလိုနာဟာ အသာစီးရတာများလေ့ရှိတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မာလာဂါကွင်းမှာ ဘာစီလိုနာအနေနဲ့ တစ်ကြိမ်သာ အရှုံးပေးထားခဲ့ရဖူးပြီး နောက်ဆုံး ကစားထားခဲ့တဲ့ လေးနှစ်ဆက်တိုက် မှာလည်း မာလာဂါကို ပြတ်ပြတ်သားသားအနိုင်ယူပြထားတဲ့ အစဉ်အလာမျိုးတွေရှိနေတာက ဘာစီလိုနာအတွက် အိမ်ကစားရတာ ပိုလွယ်သလို ဒါကြောင့်လည်း ဒီပွဲအတွက်ရွေးချယ်ရမယ်ဆိုရင် ဘာစီလိုနာပါပဲ။ ■

အခြားပွဲစဉ်များ

ဘီလ်ဘာအို	-	ရာယို ∗
ဗယ်လာဒိုးလစ်	-	မာယော့ကာ ∗
∗ အက်စ်ပန်ညို	-	ဆယ်လ်တာ
∗ အိုဆာဆူနာ	-	ရီးယဲလ်
∗ ဗလင်စီယာ	-	ဆီဗီလာ
ဘက်တစ်	-	လီဗန်တေး ∗
ဆိုဆီဒက်	-	ဒီပို့တီပို ∗
အလက်တီကို	-	ဇာရာဂိုဇာ ∗
∗ ဂီတာဖေး	-	ဂရန်နာဒါ

စပိန်လာလီဂါ ပွဲစဉ် (၁၈)

အသင်း	ပွဲ	မိုင်	သရေ	ရှုံး	ရမှတ်	ပေးဂိုး	ရမှတ်
ဘာစီလိုနာ	၁၈	၁၇	၁	၀	၆၁	၁၉	၅၂
အလက်တီကို	၁၈	၁၃	၂	၃	၃၈	၁၈	၄၁
ရီးယဲလ်	၁၈	၁၁	၃	၄	၄၅	၂၀	၃၆
မာလာဂါ	၁၈	၉	၄	၅	၂၈	၁၃	၃၁
ဘက်တစ်	၁၈	၁၀	၁	၇	၂၈	၂၉	၃၁
လီဗန်တေး	၁၈	၉	၃	၆	၂၄	၂၅	၃၀
ရာယို	၁၈	၉	၁	၈	၂၅	၃၃	၂၈
ဗလင်စီယာ	၁၈	၈	၃	၇	၂၅	၂၇	၂၇
ဆိုဆီဒက်	၁၈	၇	၄	၇	၂၇	၂၄	၂၅
ဂီတာဖေး	၁၈	၇	၃	၈	၂၂	၂၈	၂၄
ဗယ်လာဒိုးလစ်	၁၈	၆	၄	၈	၂၄	၂၄	၂၂
ဆီဗီလာ	၁၈	၆	၄	၈	၂၃	၂၆	၂၂
ဇာရာဂိုဇာ	၁၈	၇	၁	၁၀	၂၁	၂၆	၂၂
ဘီလ်ဘာအို	၁၈	၆	၃	၉	၂၂	၃၃	၂၁
ဆယ်လ်တာ	၁၈	၅	၃	၁၀	၁၉	၂၃	၁၈
မာလေ့ကာ	၁၈	၄	၅	၉	၁၇	၃၀	၁၇
ဂရန်နာဒါ	၁၈	၄	၄	၁၀	၁၄	၂၃	၁၆
အက်စ်ပန်ညို	၁၈	၃	၆	၉	၁၉	၃၀	၁၅
ဒီပို့တီပို	၁၈	၃	၆	၉	၂၂	၃၉	၁၅
အိုဆာဆူနာ	၁၈	၃	၅	၁၀	၁၄	၂၀	၁၄

စပိန်လာလီဂါပွဲစဉ်(၁၈)

ရာယို	၃-၁	ဂီတာဖေး
ဆယ်လ်တာ	၃-၁	ဗယ်လာဒိုးလစ်
ရီးယဲလ်	၄-၃	ဆိုစီဒက်
ဘာစီလိုနာ	၄-၀	အက်စ်ပန်ညို
မာလေ့ကာ	၁-၁	အလက်တီကို
လီဗန်တေး	၃-၁	ဘီဘာအို
ဂရန်နာဒါ	၁-၂	ဗလင်စီယာ
ဒီပို့တီပို	၁-၀	မာလာဂါ
ဆီဗီလာ	၁-၀	အိုဆာဆူနာ
ဇာရာဂိုဇာ	၁-၂	ဘက်တစ်

သွင်းဂိုးအများဆုံး

မက်ဆီ (ဘာစီလိုနာ)	၂၇ ဂိုး
ဖယ်လ်ကာအို (အလက်တီကို)	၁၇ ဂိုး
ရိုနယ်ဒို (ရီးယဲလ်)	၁၆ ဂိုး
အဒူရစ်ဇ် (ဘီဘာအို)	၁၁ ဂိုး
ကက်စ်ထရို (ဗလင်စီယာ)	၉ ဂိုး



ပရီမီယာလိဂ်ရာသီဝက်ပြီးသောအခါ. . .

စာမျက်နှာ ၅၄ မှ

ဦးဆောင်ဂိုးတွေ တောက်လျှောက်သွင်းပြီးမှ နောက်ဆုံးမှာ ရှုံးသွားခဲ့တာဖြစ်ပါတယ်။ ၄-၃ နဲ့ မန်ယူနိုင်တဲ့ ဒီပွဲမှာ နယူးကာဆယ်ကချည်း ဦးဆောင်ဂိုးသွင်းခဲ့လို့ သရေနဲ့ပြီးမယ့်အချိန်မှာ ပွဲပြီးခါနီးမှာ ဟာနန်ဒက်ဇ်က အနိုင်ဂိုးသွင်းသွားလို့ ဖာဂူဆန်တော်တော်ပျော်ခဲ့တဲ့ပွဲဖြစ်ခဲ့ပါတယ်။ မန်စီးတီးလည်း ထို့အတူပါပဲ။ နော်ဝစ်ခ်ျနဲ့ပွဲမှာ ၄-၃ နဲ့ နိုင်ခဲ့တော့ ပွဲအစ ခုနစ်မိနစ်အတွင်းမှာ နှစ်ဂိုးပြတ်နိုင်နေခဲ့တာပါ။ ဒါပေမယ့် ပထမပိုင်းပြီးခါနီးမှာ နာဆရီအထုတ်ခံရလို့ နော်ဝစ်ခ်ျရဲ့ ဖိကစားတာကိုခံခဲ့ရပါတယ်။ ဒါပေမယ့် ၁၀ ယောက်တည်းနဲ့ မန်စီးတီးဟာ ဒုတိယပိုင်းမှာ နှစ်ဂိုးထပ်သွင်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် နော်ဝစ်ခ်ျရဲ့ ချေပဂိုးတွေကြောင့် မန်စီးတီးဟာ ကံကောင်းစွာ ၄-၃ နဲ့ အနိုင်ရသွားခဲ့ပါတယ်။ နယူးကာဆယ်က မန်ယူကို ရှုံးပြီးတော့ အာဆင်နယ်နဲ့ ဆက်ပြန်တော့လည်း ၃-၃ နဲ့ သရေအထိကစားနိုင်ခဲ့ပြီးမှာ နောက်ဆုံးမှာ ၇-၃ ဂိုးနဲ့ ရှုံးသွားခဲ့ရပြန်ပါတယ်။ အာဆင်နယ်-နယူးကာဆယ်ပွဲ ဒုတိယပိုင်းဟာ ပွဲကြည့်ပရိသတ်ကို ရသပေးနိုင်တဲ့ပွဲပဲဖြစ်ပါတယ်။ ဒီဇင်ဘာလထဲမှာ စပါးဟာ ရလဒ်တွေ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပါတယ်။လီဗာပူးဟာ အဲဒီနိုဝင်ဘာအစမှာ ဗီလာကို အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးခဲ့သလို စတုတ်ကိုလည်း ဂိုးပြတ်ရှုံးခဲ့ပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်နဲ့ ကျူပီအာရ်တို့ကိုတော့ ဂိုးပြတ်တွေနဲ့ ကစားသွားနိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ်ရာသီတစ်လျှောက် နိုင်ပွဲမရှိသေးတဲ့ ကျူပီအာရ်ဟာ ဖူလ်ဟမ်ကို အနိုင်ရပြီး နိုင်ပွဲစတွေ့သွားခဲ့ပါတယ်။ ဒီဇင်ဘာ ၃၁ အပြီးမှာတော့ တန်ဆင်းဇုန်ထဲကို ကျူပီအာရ် (၂၀)၊ ရက်ဒင်း (၁၉)၊ ဆောက်သမ်တန်(၁၈) တို့ ရောက်ရှိသွားပြီး ၂၀၁၂-၁၃ ခရီးတစ်ဝက်ကို အဆုံးသတ်သွားခဲ့ကြပါတယ်။ ■

အိတလီစီးရီးအေပွဲစဉ်(၂၀)

လာဇီယို နိုင်ပွဲဆက်ဦးမယ်

ဝက္ကာ(စမ်းချောင်း)

ဘိုလော့နာ – ရှီယေဗို

လတ်တလော ခြေစွမ်းကျဆင်းနေပေမယ့် အိမ်ကွင်းခြေစွာတတ်တဲ့ ဘိုလော့နာဟာ အခုပွဲမှာ အနိုင်ရအောင် ဖျစ်ညှစ်ကစားပြီး အသင်းကို ပြန်ပြီးဆွဲတင်မယ်လို့ ယူဆရတယ်။ လူညီခြေညီတဲ့ ရှီယေဗိုကလည်း လတ်တလော ခံစစ်ပါလုံခြုံကျစ်လျစ်နေတယ်။ ဒါပေမယ့် အိမ်ရှင်အားသာချက်ရှိတဲ့ ဘိုလော့နာ နိုင်ခြေရှိတယ်။

အင်တာမီလန် – ပက်စ်ကာရာ

ကစားကွက်မငြိမ်တဲ့ အင်တာမီလန်ဟာ အပြီးသတ်ဂိုးသွင်းယူမှုပိုင်း အားနည်းနေလို့စိတ်မချရတော့ဘူး။ လူညီခြေညီတဲ့ ပက်စ်ကာရာကလည်း ပွဲတိုင်းကို အားစိုက်ကစားလာခြင်းနဲ့အတူ ရလဒ်တွေပါ ကောင်းလာတယ်။ အင်တာမီလန် နိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

တိုရီနို – ဆီနာ

ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ချီယေဗိုလို လူညီခြေညီပြီး စိတ်ဓာတ်ကောင်းတဲ့ အသင်းကို ၂-၀ နဲ့ အနိုင်ကစားထားလို့တိုရိနိုခြေစွမ်းကို လျှော့တွက်လို့မရတော့ဘူး။ ဆီနာကတော့ တောက်လျှောက်စိုက်ဆင်းနေပြီး နောက်တန်းကလည်း 'ပွင့်ထွက်'နေတယ်။ အိမ်ရှင်အားသာချက်ရှိပြီး ခြေတက်လာတဲ့ တိုရိနိုကို ရွေးချယ်လိုက်ပါ။

လာဇီယို – အတ္တလန္တာ

တောက်လျှောက်ခြေတက်လာတဲ့ လာဇီယိုဟာ လတ်တလော စီးရီးအေမှာ ရစ်သမ်အမှန်ဆုံးအသင်းအဖြစ် ဆက်တိုက် 'ကြွေ'တက်နေတယ်။ လာဇီယိုရဲ့ ဂိုးသွင်းနှုန်းက နည်းသေးပေမယ့် အသင်းလိုက် ခံစစ်လုံခြုံတဲ့အချက်ကို ထည့်စဉ်းစားရမယ်။ လာဇီယိုနိုင်ပွဲ ဆက်ပါလိမ့်မယ်။

ယူဒီးနိစ် – ဖီအိုရင်တီးနား

ပူပူနွေးနွေး အိမ်ကွင်းမှာ အင်တာမီလန်ကို သုံးဂိုးပြတ်နိုင်ထားတဲ့ ယူဒီးနိစ်ဟာ ကိုယ့်ကွင်းပွဲစဉ်မှာ တကယ်ညှစ်ရင် ကြောက်ဖို့ကောင်းတဲ့အသင်းဆိုတာ ပေါ်လွင်နေတယ်။ ဖီအိုရင်တီးနားကတော့ ပက်စ်ကာရာလို အသင်းငယ်လေးကို နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့လို့ သူတို့ခြေစွမ်းကို သံသယဖြစ်စရာပါ။ အခြေအနေအရ ယူဒီးနိစ်ကို ပိုကြိုက်တယ်။

ကက်ဂလီယာရီ – ဂျီနိအာ

တောက်လျှောက် 'ကြွေ' ကျနေတဲ့ ကက်ဂလီယာရီဟာ ဂိုးသွင်းအားရှိပေမယ့် နောက်တန်း 'ပွင့်'နေပြီး ကစားသမားတွေအကြားမှာ ယုံကြည်မှုပျောက်ဆုံးနေသေးတယ်။ ဂျီနိအာကတော့ နောက်ပိုင်းပွဲတွေမှာ ပြန်ညှစ် ကစားလာပြီး ခြေစွမ်းရော၊ စွမ်းဆောင်ရည်ပိုင်းတွေပါ တိုးတက်လာတယ်။ ဂျီနိအာကို ပိုကြိုက်တယ်။

ပါးမား – ဂျူဗင်တပ်

သုံးပွဲဆက်တိုက် နိုင်ပွဲဆက်နေတဲ့ ပါးမားဟာ သုံးပွဲအတွင်း ရှစ်ဂိုးသွင်းနိုင်ခဲ့လို့ ဂိုးသွင်းနှုန်း သိသိသာသာကောင်းမွန်မြင့်မားလာတယ်။ ဂျူဗင်တပ်ကလည်း နှစ်သစ်မှာ အိမ်ကွင်း နှုံးပွဲနဲ့ကြုံထားရတယ်။ အခုပွဲမှာ ဂျူဗင်တပ်သာ တကယ်တမ်း 'ညှစ်'ကစားရင်တော့ ပါးမား တောင့်ခံနိုင်ဖို့မလွယ်ဘူး။

ကာတာနီးယား – ရိုးမား

အစောပိုင်းက ဆက်တိုက်ခြေတက်ခဲ့တဲ့ကာတာနီးယားဟာ နှစ်သစ်ကူးဝန်းကျင် ကာလမှာ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်သွားတယ်။ ရိုးမားကလည်း နှစ်သစ်အဖွင့် ပွဲစဉ်မှာ နာပိုလီကို ၄-၁ နဲ့ အရေးနိမ့်ခဲ့ပါတယ်။ အခုပွဲမှာတော့ အိမ်ကွင်းဖြစ်လို့ ရိုးမားတို့ပေါ့ဆရဲတော့မှာ မဟုတ်ဘူး။ ရိုးမားအနိုင်ပြတ်သားဖွယ်ရှိတယ်။

ဆမ်ဒိုးရီးယား – အေစီမီလန်

ပူပူနွေးနွေး ဂျူဗင်တပ်ကွင်းမှာ ၂-၁ နဲ့နိုင်ထားတဲ့ ဆမ်ဒိုးရီးယားခြေစွမ်းကို လျှော့တွက်လို့မရတာ အသေအချာပါ။ အဲဒီပွဲမှာ ဘရာဇီးလ်တိုက်စစ်မှူး အီဒါနဲ့ အာဂျင်တီးနားတိုက်စစ်မှူး အီကာဒီအတွဲကို ဂျူဗင်တပ်နောက်တန်း မထိန်းနိုင်ခဲ့ဘူး။ ဆမ်ဒိုးရီးယားဟာ ကွင်းလယ်နဲ့ ခံစစ်ပိုင်းတွေလည်း တိုးတက်လာတယ်။ အေစီမီလန်မှာလည်း အယ်ရှာဝီ၊ ပါဇီနီ တိုက်စစ်တွဲက အလုပ်ဖြစ်နေတယ်။ ပြီခဲ့တဲ့ပွဲစဉ်မှာ လူစားဝင်လာတဲ့ စပိန်တိုက်စစ်မှူး ဘိဂျန်ကာကစ်ကလည်း ခြေစွမ်းပြနိုင်ပြီး တစ်ဂိုးသွင်းနိုင်ခဲ့လို့ အေစီမီလန်တိုက်စစ်အတွက် အားတက်စရာပါ။ အေစီမီလန်ကို ပိုကြိုက်တယ်။ ■

အိတလီ စီးရီးအေပွဲစဉ်(၁၉)

ကာတာနီးယား	၀-၀	တိုရိနို	
လာဇီယို	၂-၁	ကက်ဂလီယာရီ	
ယူဒီးနိစ်	၃-၀	အင်တာ	
အေစီမီလန်	၂-၁	ဆီနာ	
ချီယေဗို	၁-၀	အတ္တလန္တာ	
ဖီအိုရင်တီးနား	၀-၂	ပက်စ်ကာရာ	
ဂျီနိအာ	၂-၀	ဘိုလော့နာ	
ဂျူဗင်တပ်	၁-၂	ဆမ်ဒိုးရီးယား	
ပါးမား	၂-၁	ပါလာမို	
နာပိုလီ	၄-၁	ရိုးမား	

သွင်းဂိုးအများဆုံး

အယ်လ်ရှာရာဝီ (အေစီ)	၁၄ ဂိုး
ကာဗာနီ (နာပိုလီ)	၁၃ ဂိုး
ကလိုဆေး (လာဇီယို)	၁၀ ဂိုး
ဒီနာတယ်လီ (ယူဒီးနိစ်)	၁၀ ဂိုး
လာမယ်လာ (ရိုးမား)	၁၀ ဂိုး

အိတလီ စီးရီးအေပွဲစဉ်(၁၉)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရိုး	ပေး	ရမှတ်
ဂျူဗင်တပ်	၁၉	၁၄	၂	၃	၄၀	၁၃	၄၄
လာဇီယို	၁၉	၁၂	၃	၄	၂၈	၁၉	၃၉
နာပိုလီ	၁၉	၁၂	၃	၄	၃၃	၁၈	၃၃
ဖီအိုရင်တီးနား	၁၉	၁၀	၅	၄	၃၆	၂၁	၃၅
အင်တာ	၁၉	၁၀	၂	၆	၃၀	၂၂	၃၁
ရိုးမား	၁၉	၁၀	၂	၇	၄၃	၃၃	၃၂
အေစီမီလန်	၁၉	၉	၃	၇	၃၆	၂၇	၃၀
ပါးမား	၁၉	၈	၅	၆	၂၇	၂၅	၂၉
ယူဒီးနိစ်	၁၉	၆	၉	၄	၂၉	၂၆	၂၇
ကာတာနီးယား	၁၉	၇	၅	၇	၂၆	၂၇	၂၆
ချီယေဗို	၁၉	၇	၃	၉	၂၁	၂၉	၂၄
အတ္တလန္တာ	၁၉	၇	၃	၉	၁၈	၂၈	၂၂
တိုရိနို	၁၉	၄	၉	၆	၂၀	၂၂	၂၀
ဆမ်ဒိုးရီးယား	၁၉	၆	၃	၁၀	၂၂	၂၈	၂၀
ပက်စ်ကာရာ	၁၉	၆	၂	၁၁	၁၇	၃၅	၂၀
ဘိုလော့နာ	၁၉	၅	၃	၁၁	၂၁	၂၆	၁၈
ဂျီနိအာ	၁၉	၄	၅	၁၀	၂၀	၃၀	၁၇
ကက်ဂလီယာရီ	၁၉	၄	၄	၁၁	၁၇	၃၃	၁၆
ပါလာမို	၁၉	၃	၆	၁၀	၁၆	၂၉	၁၅
ဆီနာ	၁၉	၄	၅	၁၀	၁၇	၂၈	၁၁



ပြီးခဲ့သည် အပတ်က ကစားခဲ့သော အီတလီ စီးရီးအေ ပွဲစဉ်(၁၉)၏ ပွဲစဉ် တစ်ပွဲဖြစ်သော နာပိုလီနှင့် ရိုးမားတို့ ပွဲစဉ်တွင် နာပိုလီ အသင်း၏ ကွင်းလယ်ဖန်တီးရှင် ဟမ်ဆစ်(ဝဲ) ရိုးမားဂိုးသမားအား ကျော်ဖြတ်ပြီး ဂိုးသွင်းယူရန် ကြိုးပမ်းနေစဉ်။ ထိုပွဲတွင် နာပိုလီအသင်းက ရိုမားအသင်းကို ၄-၁ ဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။
ဓာတ်ပုံ - အေအက်ဖ်ပီ

နာပိုလီရဲ့အနိုင် ပြတ်သားပါ့မလား

ဝက္ကာ(စမ်းချောင်း)

နာပိုလီ – ပါလာမို

ကိုပါအီတာလျံရှုံးထွက်ပွဲစဉ်တွင် ဘိုလော့နာကို အရေးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြန်လည်အားထည့်ကစားလာသော နာပိုလီသည် နှစ်သစ်ကူး အားလပ်ရက်မတိုင်မီ နောက်ဆုံးပွဲစဉ်အဖြစ် ဆီနာကွင်းတွင် နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ တစ်ဖန် ၂၀၁၃ ခုတွင် စီးရီးအေပွဲစဉ်များ ပြန်လည်စတင်သောအခါ အိမ်ကွင်း၌ ရိုးမားကို ၄-၁ ဖြင့် ခြေစွမ်းပြအနိုင်ရခဲ့ခြင်းကြောင့် ပရိသတ်များ အာရုံစိုက်စရာဖြစ်လာသည်။

ထို့နှစ်ပွဲဆက်တိုက်တွင် နာပိုလီတို့ ခြောက်ဂိုးသွင်းယူခဲ့ရာ တိုက်စစ်အားရော၊ ဂိုးသွင်းနှုန်းပါ ယခင်ကနှင့်မတူတော့ဘဲ ထက်မြက်လာသည်။ တစ်ဖန် ထိုသို့သွင်းယူခဲ့သော ခြောက်ဂိုးစလုံးကို အဓိကတိုက်စစ်မှူး ကာဗာနီနှင့် ကွင်းလယ်က မက်ဂီယိုတို့နှစ်ယောက် တည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ကာဗာနီသည် ရိုးမားနှင့်ပွဲတွင် ဟက်ထရစ်အပါအဝင် နှစ်ပွဲဆက်တိုက် အတွင်း လေးဂိုးသွင်းယူပေးခဲ့သည်။

သုံးယောက်ခံစစ်ပုံစံဖြင့် အသားကျလာသော နာပိုလီသည် ပြိုင်ဘက်အနေအထားပေါ်တွင် မူတည်ကာ ၃-၄-၃ နှင့် ၃-၅-၂ ကစားကွက်များကို အလျဉ်းသင့်သလို ပြောင်းလဲကျင့်သုံးတတ်သည်။ အထူးသဖြင့် တိုက်စစ်ဗိသုကာ ဟမ်ဆစ်သည် နာပိုလီတိုက်စစ်ကို ပုံဖော်ရာတွင် အရေးပါနေပြီး ၎င်း၏အခန်းကဏ္ဍနှင့် 'ကစားပေါက်' ပေါ်တွင် မူတည်ကာ နာပိုလီသည် ၃-၄-၃ နှင့် ၃-၅-၂ ကစားကွက်များကို ပြောင်းလဲတတ်သည်။

နာပိုလီကွင်းလယ်တွင် အထူးသဖြင့် ပြိုင်ဘက်တိုက်စစ်အရှိန်ကို လျှော့ချခြင်းနှင့် မိမိအသင်း၏ တိုက်စစ်အရှိန်ကို မြှင့်တင်ရာတွင် နာပိုလီကွင်းလယ်သည် ပါးနပ်ပြီး aggressive-game ကို ကျွမ်းကျင်စွာကစားနိုင်စွမ်းရှိသည်။

တစ်ဖန် အဓိကတိုက်စစ်မှူး ကာဗာနီကို 'တည်'ပြီး ဝါရင့်မက်ဆီဒိုးနီးယားတိုက်စစ်မှူး ဂိုရန်ပန်ဒက်ဗ်နှင့် အီတလီလူငယ်တိုက်စစ်မှူးလေး အင်ဆစ်ဂနီတို့ကိုတစ်လှည့်စီတွဲကစားပေးရာ နာပိုလီတိုက်စစ်သည် အထိုက်အလျောက် တည်ငြိမ်မှုရှိသည်။ ကာဗာနီကို အဓိက ပံ့ပိုးပေးနေသူမှာ ကွင်းလယ်တိုက်စစ်ဖန်တီးရှင် ဟမ်ဆစ်ဖြစ်သော်လည်း အမှန်တကယ်တွင် ကွင်းလယ်အင်အားစုတစ်ခုလုံးသည် ကာဗာနီကို ပံ့ပိုးပေးလျက်ရှိသည်။

နာပိုလီနောက်တန်းသည် နိုဝင်ဘာနှင့် ဒီဇင်ဘာလများထဲတွင် မတည်ငြိမ်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ပြီးခဲ့သောနှစ်ပွဲ ဆက်တိုက်အနေအထားတွင် ပြန်လည်တိုးတက်လာသည်။ အထူးသဖြင့် ကွင်းလယ်အဖျက်နှင့် ကွင်းလယ် ခံစစ်ပရိယာယ် ကောင်းမွန်တိုးတက်လာခြင်းကြောင့် နာပိုလီတို့အသင်းလိုက် ခြေစွမ်း ပြန်လည်ကောင်းမွန်လာသည်။

တစ်ဖက်တွင် နာပိုလီကို ရင်ဆိုင်မည့် ပါလာမိုသည် လတ်တလော ခြေစွမ်း ကျဆင်းမှုများနှင့် ရင်ဆိုင်နေရသည်။ နိုဝင်ဘာလကုန်ပိုင်းမှ စတင်ခါ ခြောက်ပွဲဆက်တိုက် နိုင်ပွဲလုံးဝပျောက်ဆုံးသွားသော ပါလာမိုသည် ဂိုးသွင်းအား ကျဆင်းသွားသည်။ ပြိုင်ဘက်အသင်းအား ပွတ်ကာသီကာမျှဖြင့် အရေးနိမ့်ခဲ့သော ပါလာမို နောက်တန်း၏ ခံစစ်ကစားပုံသည် မဆိုးလှသော်လည်း တိုက်စစ်ပိုင်းတွင် ရုန်းကန်ရပြီး သွင်းဂိုးပျောက်သွားခြင်းကြောင့် ဖိအားများနှင့် ရင်ဆိုင်လာရခြင်းဖြစ်သည်။

ခြုံငုံသုံးသပ်ရလျှင် အသင်းလိုက် ရစ်သမ်မှန်လာခြင်းနှင့်အတူ တိုက်စစ်ထက်မြက်လာသော နာပိုလီသည် ဂျူဗင်တပ်နှင့် လာဇီယိုတို့ကို ဖိအားပေးနိုင်ရန် အာရုံစူးစိုက်မှုအပြည့်ဖြင့် ဆက်တိုက်အားထည့်ကစားလာသည်။ တစ်ဖက်တွင် ပါလာမိုသည် တောက်လျှောက် စိုက်ဆင်းနေပြီး ဂိုးသွင်းအားပျောက်ဆုံးနေသောကြောင့် ယခုပွဲတွင် နာပိုလီအတွက် သုံးမှတ်သေချာသော်လည်း ဂိုးနည်းဖွယ်ရှိသည်။ ■

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီရရှိ

ပြီးခဲ့သည့် တနလ်ာနေ့က ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု (Fifa Ballon d'Or) ချီးမြှင့်ပွဲ အခမ်းအနားတွင် အာဂျင်တီးနားကစားသမား မက်ဆီက လေးနှစ်ဆက်ရရှိသွားခဲ့သည်။ မက်ဆီသည် ၂၀၀၉ ခုနှစ်မှစ၍ ဖီဖာကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ယခုနှစ်အထိ ဆက်တိုက်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

Fifa Ballon d'Or ဆုသည် ယခင်က ဥရောပအကောင်းဆုံးကစားသမားဆုအဖြစ်ချီးမြှင့်သော ပြင်သစ်နိုင်ငံမှ အားကစားကလောင်ရှင်များ မဲပေးရွေးချယ်သည့် Ballon d'Or နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှ ချီးမြှင့်သော



၂၀၁၂ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရှင် မက်ဆီ။ ဓာတ်ပုံ - အေအက်ဖ်ပီ

FIFA World Player of the Year ဆုတို့ကို ပေါင်းစပ်ထားသည့်ဆုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် မှစတင်ခါ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် Ballon d'Or နှင့် FIFA World Player of the Year တို့ မပေါင်းစပ်မီ ၂၀၀၉ ခုနှစ်ကပင် ကမ္ဘာ့ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ ခြင်းဖြစ်သည်။

ယခုနှစ် Fifa Ballon d'Or ဆု အတွက် မက်ဆီသည် ဘာစီလိုနာ ကလပ်တစ်သင်းတည်းကစားဖော် အင်နီယေစတာ၊ ရီးယဲလ်မက်ဒရစ် အသင်းမှ စီရော်နယ်ဒိုတို့နှင့် အပြိုင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပြီး မက်ဆီက ၄၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယနေရာအတွက် စီရော်နယ်ဒိုက ၂၃ ဒသမ ၆၈ ရာခိုင်နှုန်းနှင့် တတိယနေရာအတွက် အင်နီယေစတာက ၁၀ ဒသမ ၉၁ ရာခိုင်နှုန်း အသီးသီးရရှိခဲ့သည်။ **(အေအက်ဖ်ပီ)**

ထွန်းနေအောင် ဘာသာပြန်သည်။ ■

ဩစတြေးလျအိုးပင်းမှာ ဘယ်သူတွေ ဗိုလ်စွဲဦးမှာလဲ

ကျော်ကျော်မင်း

တင်းနစ်ပရိသတ်တွေကို ရင်ခုန်သံမြန်စေဦးမယ့်၊ စိတ်လှုပ်ရှားမှုမျိုးစုံပေးစွမ်းဦးမယ့် နာမည်ကြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကြီးကို လာမယ့်ဇန်နဝါရီ ၁၄ မှာ မဲလ်ဘန်းမြို့က Melbourne Park မှာ စတင်ဖွင့်လှစ်ကျင်းပတော့မှာဖြစ်ပါတယ်။ ကြီးလေးကြီးဂရင်းဆလမ်ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သလို ပြိုင်ပွဲသက်တမ်းကလည်း ရာစုနှစ်တစ်ခုကို တောင် ကျော်လွန်ခဲ့သည်ဖြစ်တာမို့ ဒီပြိုင်ပွဲဟာ တင်းနစ်ကမ္ဘာမှာတော့ အထင်ကရပြိုင်ပွဲတစ်ရပ်ဖြစ်တယ်ဆိုတာ အားလုံးအသိပါပဲ။ ၁၉၀၅ ခုနှစ်ကာလကတည်းက စတင်ကျင်းပခဲ့တဲ့ ဒီအကျော်ဒေးယျပြိုင်ပွဲကြီးကို ဩစတြေးလျမြို့ကြီးငါးမြို့နဲ့ နယူးဇီလန်မြို့နှစ်မြို့မှာ ကျင်းပခဲ့ဖူးပေမယ့် ၁၉၇၂ ခုနှစ်ကာလအရောက်မှာတော့ မဲလ်ဘန်းမြို့မှာပဲ အတည်တကျကျင်းပခဲ့တာ ယနေ့ကာလတိုင်အောင်ပဲဖြစ်ပါတယ်။ ယူအက်စ်အိုးပင်းပြိုင်ပွဲပြီးရင် ဒုတိယပရိသတ်အားပေးမှု အများဆုံး ဂရင်းဆလမ်ပြိုင်ပွဲဟာ အခြားပြိုင်ပွဲသုံးရပ်လောက်တော့ ရုပ်သံတင်ဆက်မှုများပြားခြင်းမရှိခဲ့တာကလည်း ထူးခြားချက်တစ်ရပ်ပါပဲ။ စုစုပေါင်း ရုပ်သံလိုင်းတစ်ခုကပဲ ဒီပြိုင်ပွဲကို တိုက်ရိုက်တင်ဆက်မှာလို့ သိရပါတယ်။



ဩစတြေးလျအိုးပင်း၏ လက်ရှိအမျိုးသားတစ်ဦးချင်းချန်ပီယံ ဂျိုကိုဗစ်ရှ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အခုနှစ်ပြိုင်ပွဲကို အမျိုးသားတစ်ဦးချင်းမှာ ဗိုလ်စွဲသူကို ဆုကြေးဒေါ်လာ နှစ်သန်းကျော် ချီးမြှင့်မှာဖြစ်ပြီး လက်ရှိချန်ပီယံဂျိုကိုဗစ်ရှ်က အလားအလာအကောင်းဆုံး ဆီဒင်(၁)ရရှိထားတာတွေ့ရပါတယ်။ ဂန္ထဝင်ဖက်ဒါးရားက ဆီဒင်(၂)နဲ့ အင်္ဂလန်ကွေကြေယ်ပွင့် မာရေးက ဆီဒင်(၃)ရရှိထားပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာလည်း လက်ရှိချန်ပီယံ အဇာရင်ကာကပဲ ဆီဒင်(၁)ရရှိထားပါတယ်။ ကမ္ဘာ့အဆင့်(၂) ရှာရာပိုဗာက ဆီဒင်(၂)ရရှိထားသလို ဆီရီနာဝီလျံက ဆီဒင်(၃)နဲ့ ပိုလန်စတားရဝမ်စကာက ဆီဒင်(၄)အသီးသီးရရှိထားပါတယ်။

Hardcourt (Plexicushion) မျက်နှာပြင်အမျိုးအစားမှာ ယှဉ်ပြိုင်ရတဲ့ ဒီပြိုင်ပွဲဟာ ၁၉၈၇ ကာလအထိ grass မျက်နှာပြင်မှာ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲဖြစ်ခဲ့ဖူးပါတယ်။ ၁၉၈၈ ကာလထဲမှာ Hardcourt မျက်နှာပြင်ပြိုင်ပွဲအဖြစ် မဲလ်ဘန်းပဲ့ခ်မှာ စတင်ပြောင်းလဲကျင်းပခဲ့ပြီး မျက်နှာပြင်အမျိုးအစားမတူတဲ့ ပြိုင်ပွဲနှစ်ရပ်မှာ ဗိုလ်စွဲခဲ့ဖူးသူကလည်း တစ်ဦးပဲရှိခဲ့ပါတယ်။ ဒီဘက်ခေတ်မှာ အမေရိကန်စတား အင်ဒရေးအဂ္ဂါစီ တင်ရှိထားတဲ့ သုံးထပ်ကွမ်းချန်ပီယံစံချိန်ကို လက်ရှိချန်ပီယံဂျိုကိုဗစ်ရှ် အမီလိုက်နိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာပဲဖြစ်ပါတယ်။ ဩစတြေးလျအိုးပင်း အကြိုလက်ရည်စမ်းပွဲတစ်ပွဲဖြစ်တဲ့ Hoffman Cup ပြိုင်ပွဲမှာ ဂျိုကိုဗစ်ရှ်ဟာ လက်စွမ်းမပြနိုင်ပဲ အရေးနိမ့်ခဲ့တာကြောင့် လက်ရှိသရဖူကို ကာကွယ်နိုင်စွမ်းရှိပါ့မလားဆိုတာကိုလည်း ဆားဘီးယားပရိသတ်တွေ တွေးပူနေကြတာ တွေ့ရပါတယ်။ ဂန္ထဝင်ဖက်ဒါးရားအတွက်ကလည်း ဒီပြိုင်ပွဲဟာ သူ့ရဲ့အားကစားသမားဘဝနှုတ်ဆက်ဂရင်းဆလမ်လို့ ဆိုနိုင်တာကြောင့် အကြိတ်အနယ်ကြိုးစားလာဦးမှာ သေချာသလို အိုလံပစ်ရွှေတံဆိပ်ဆုရှင် မာရေးအတွက်ကလည်း ဂရင်းဆလမ်ဆုဖလားလေးလုံးအိပ်မက်ခရီးအတွက် ဒုတိယခြေလှမ်းဖြစ်တာကြောင့် ရေကုန်ရေခန်းယှဉ်ပြိုင်သွားဦးမှာ သေချာပါတယ်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲအတွက် ဆီဒင်(၁)ရထားသူ ဘီလာရုစ်စတား အဇာရင်ကာဟာ လက်ရှိကမ္ဘာ့အဆင့် (၁)တင်းနစ်ငွေကြယ်ပွင့်ဖြစ်ပြီး ပထမဆုံးသော ဘီလာရုစ်ဂရင်းဆလမ်ဆုရှင်အဖြစ် မှတ်တမ်းဝင်ထားသလို Hardcourt မျက်နှာပြင်ပြိုင်ပွဲတွေမှာ အထူးလက်စွမ်းပြနိုင်သူတစ်ဦးပဲဖြစ်ပါတယ်။ ၁၉၉၂ မှာ စတင်ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ စံချိန်တင်ဆုဖလားရယူထားသူက စတက်ဖီဂရပ်ဖ်နဲ့ မော်နီကာဆဲလက်တို့ဖြစ်ပြီး လေးကြိမ်ရရှိခဲ့သလို မာတီနာဟင်းဂစ်ဟာ သုံးကြိမ်ပိုင်ဆိုင်ခဲ့ဖူးပါတယ်။ အခု ၂၀၁၃ မှာ ဘီလာရုစ်သူ့ချောက ဒုတိယအကြိမ်မြောက်သရဖူရယူနိုင်ဦးမလားဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။ ဂရင်းဆလမ်ဆုဖလားလေးလုံးစလုံးကို ပိုင်ဆိုင်ခွင့်ရထားပြီဖြစ်တဲ့ ရုရှားစတားမလေးရှာရာပိုဗာကလည်း ဆီဒင်(၂)ရရှိထားတာကြောင့် လက်ရှိချန်ပီယံလက်ထဲကသရဖူကို လွှဲပြောင်းရယူနိုင်မလားဆိုတာကို မော်စကိုပရိသတ်တွေ မျှော်လင့်စောင့်စားနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလမှာ ကျင်းပမြဲဖြစ်တဲ့ ဂန္ထဝင်ဩစတြေးလျတင်းနစ်ပြိုင်ပွဲနဲ့ပတ်သက်ရင် အားကစားပရိသတ်တွေအားလုံး ရင်ခုန်သံမြန်ရစမြဲဖြစ်တဲ့ ဂရင်းဆလမ်ရာသီဖွင့်ပွဲကို စောင့်မျှော် အားပေးကြပါစို့လား။ ■



အပြတ်အသတ်ဦးဆောင်နေတဲ့ ဘိုင်ယန် မနှစ်ကလို ဖြစ်ဦးမှာလား

ကိုထွဋ်(စိန့်ဂျိန်း)

ဂျာမန်ဘွန်ဒက်စ်လီဂါသည် ဥရောပ၏ ဆောင်းရင်ငွေ့တွေ ခိုလှုံနေဆဲဖြစ်ပါသည်။ အေးစက်သော နှင်းခဲထုများတွင် အင်္ဂလန်ပရီမီယာလိဂ်သည် ခရီးပြင်းနှင်ခဲ့ပြီးနောက် ယခုပြီးခဲ့သည့် စနေ၊ တနင်္ဂနွေသောကာညများတွင် စပိန်လာလီဂါနှင့် အီတလီစီးရီးအေတို့ ပြန်လည်ပါဝင်လာခဲ့ကြပြီဖြစ်သော်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါမှာမူ ဆောင်းအိပ်မက်မက်လျက်ပင်ရှိပါသေးသည်။ သို့ရာတွင် ယခုကွန်တော်တို့ တင်ပြဆွေးနွေးအသိပေးရမည့် အကြောင်းအရာမှာ ဘိုင်ယန်မြူးနစ်နှင့် လက်ရှိ ချန်ပီယံဒေါ့မွန်တို့၏ ရာသီအကုန်အနေ အထားသာဖြစ်ပါသည်။



ဘိုင်ယန်မြူးနစ်အသင်း၏ အဓိကကစားသမားနှစ်ဦးဖြစ်သော ရော်ဘင်(ဝဲ)နှင့် ရစ်ဘာရီ။

အကျောပေးမှုကတော့ ခံယူရရှိပြန်ပါပြီ

ဘိုင်ယန်မြူးနစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပွဲစတင်လျှင်စတင် ချင်း အဆင့်(၁)နေရာမှဦးဆောင်လာသည်မှာ ယခုဆောင်းရာသီခိုဝင်သည့် အချိန်အထိ တောက်လျှောက်ဖြစ်သဖြင့် ရာသီအဆုံးတွင် ဘွန်ဒက်စ်လီဂါချန်ပီယံဘွဲ့ကို ရသင့်ရထိုက်သည်ဟု မိတ်ဆွေထင်မြင်ကောင်းထင်မြင်မိပါလိမ့်မည်။ ဘိုင်ယန်သည် လက်ရှိအချိန်တွင် လက်ရှိချန်ပီယံဒေါ့မွန်အား ၁၃ မှတ်ဖြတ်ထားပါသည်။ ပြီးခဲ့သည့်ရာသီကလည်း ဘိုင်ယန် ဤကဲ့သို့လုပ်ပြခဲ့ဖူးပါသည်။ ဘိုင်ယန်သည် ရှေးဦးပွဲစဉ်သုံးပွဲတွင် အခြေမလှခဲ့သော်လည်း ပွဲစဉ်(၄)မှစ၍ အခြေအနေကောင်းကို ဆုပ်ကိုင်လာနိုင်သည်မှာ ပွဲစဉ်(၁၃)အထိဖြစ်ပြီး ပထမနေရာမှ ယာယီဖယ်ပေးခဲ့ရသည်မှာ ပွဲစဉ်(၁၄)တစ်ပွဲသာရှိခဲ့ပါသည်။ ထို့နောက် တောက်လျှောက်ခြေမှန်ကာ ပွဲစဉ်(၁၉) အထိ ပထမနေရာကို ဆုပ်ကိုင်နေပြီးမှ ပွဲစဉ်(၂၀)ကို ပထမနေရာ ဒေါ့မွန်သို့ လွှဲပေးလိုက်ရပြီး ပြန်လည်၍ နာလန်မထူတော့ချေ။

ဆိုချင်သည်မှာ ပြီးခဲ့သည့်ပွဲစဉ်(၂၀) မှစ၍ ဒေါ့မွန်သည် အဆင့်(၁)နေရာကို သေချာစွာထိန်းချုပ်ထားပြီး ဘိုင်ယန်ကမူ သူရရှိခဲ့သည့် ပွဲစဉ်(၂၀)မှ ဒုတိယနေရာနှင့်ပင် ကျေနပ်ခဲ့ရပေသည်။ ထိုစဉ်က ဘိုင်ယန်သည် ရာသီဝက်ချန်ပီယံဖြစ်ချိန်တွင် ၁၇ ပွဲကစား၊ ၁၂ ပွဲအနိုင်ရကာ တစ်ပွဲသရေကျ၍ လေးပွဲနှုန်းခဲ့ပါသည်။

ထိုစဉ်က ဘိုင်ယန်ရရှိခဲ့သောအမှတ်မှာ ၃၇ မှတ်သာဖြစ်၍ ဒေါ့မွန်အား သုံးမှတ်သာ ဖြတ်ထားနိုင်ခဲ့ခြင်းဖြစ်သည် ဆိုသည်ကိုလည်း ထည့်တွက်ရပါမည်။ ယခုမူ ဘိုင်ယန်သည် ဒုတိယနေရာမှ လေဗာကူဆင်အား ကိုးမှတ်ဖြတ်ထားနိုင်ပြီး ဒေါ့မွန်အား ၁၂ မှတ်ဖြတ်ထားနိုင်ခြင်းမှာ အလွန်ပင် ကျေနပ်အားရဖွယ်ကောင်းသောရလဒ်တစ်ခုဟု ဆိုနိုင်ပါပေသည်။

အစဉ်အလာများအား ကျော်လွှန်၍ မရခြင်း

မည်သည့်လုပ်ငန်းကိစ္စရပ်များတွင်မဆို အစဉ်အလာ၊ ဓလေ့ထုံးစံများ၊ အဆိုအမိန့်များ၊ သီအိုရီများ၊ လုပ်ငန်းလမ်းညွှန်များကို ကျော်လွှန်၍ မရနိုင်ပါ။ ကျွန်ုပ်တို့ဘောလုံးလောကတွင်လည်း ထိုနည်းတူတူသာဖြစ်ချေတော့သည်။ အသင်း ၂၀ သူကွင်းကိုယ့်ကွင်းကစား နေချိန်တွင် ရမှတ် ၄၀ မပြည့်ပါက တန်းဆင်းသွားရနိုင်ခြင်း၊ ချန်ပီယံဖြစ်လိုသော အသင်းသည် သုံးပွဲထက်ပိုမနိုင်ခြင်း၊ ချန်ပီယံဖြစ်လိုသောအသင်းသည် အနိမ့်ဆုံးရမှတ်အဖြစ် အဝေးကွင်းတွင် အနိမ့်ဆုံးအမှတ်ခွဲဝေယူနိုင်ခြင်း၊ မိမိ၏အိမ်ကွင်းရလဒ်ကို အပြည့်အဝ ရယူနိုင်ခြင်း၊ ရာသီဝက်ချန်ပီယံအဖြစ် ဦးဆောင်ထားနိုင်ခြင်းနှင့် ဖေဖော်ဝါရီပွဲကျပ်ကာလတွင် အမှတ်ပေးဇယား၌ ယူသင့်ယူထိုက်သည့် အမှတ်များကို ရယူနိုင်ခြင်းတို့ဖြစ်ပါသည်။

ယခုနှစ်အပါအဝင် သုံးနှစ်၏အနေအထားများကို ပြန်လည်ချင့်တွက်ကြည့်ပါမည်။ ၂၀၁၀-၁၁ ဘောလုံးရာသီတွင် ဒေါ့မွန်သည် ချန်ပီယံဖြစ်ပါသည်။ ဆောင်းရာသီဝက် ဒေါ့မွန်ချန်ပီယံဖြစ်သောအခါသူက ၄၃ မှတ်ဖြစ်၍ ဘိုင်ယန်မြူးနစ်က ၂၉ မှတ်သာဖြစ်ပါသည်။ ပဉ္စမနေရာတွင်သာရှိပါသည်။ ရာသီအဆုံးတွင် ဒေါ့မွန်က ၇၅ မှတ်ဖြင့် ဗိုလ်စွဲပြီး ဘိုင်ယန်က ၆၅ မှတ်ရရှိကာ ၁၀ မှတ်အကွာဖြင့် တတိယနေရာကိုသာ ဆုပ်ကိုင်နိုင်ခဲ့ပါသည်။ ဤနေရာတွင် ဆောင်းရာသီဝက်ချန်ပီယံသည် ရာသီအဆုံးတွင် ချန်ပီယံဖြစ်လေ့ရှိသည် ဆိုသော အဆိုအမိန့် မှန်ကန်ခဲ့ပါသည်။

သို့ဆိုလျှင် ပြီးခဲ့သည့် ၂၀၁၁-၁၂ ဘောလုံးရာသီကို တွက်ဆကြည့်ပါဦးမည်။ ဘိုင်ယန်သည် ပွဲစဉ်(၄)မှစ၍ တောက်လျှောက်ခြေမှန်ခဲ့ပြီး ပွဲစဉ်(၁၉) အထိ တန်းစီဇယားထိပ်ကို ဦးဆောင်ခဲ့ပါသည်။ သို့ရာတွင် ဖေဖော်ဝါရီပွဲကျပ်ကာလကိုမူ မကျော်လွှားနိုင်ခဲ့ပါ။

အပြောင်းအလဲမရှိသော စာရင်းဇယားများအရ ပွဲစဉ်(၂၀)တွင် တန်းစီဇယားကို ဦးဆောင်ခဲ့သည့်ဒေါ့မွန်သည် ချန်ပီယံဖြစ်ခဲ့သကဲ့သို့ ဘိုင်ယန်သည်လည်း ဒုတိယနေရာဖြင့်ပင် ကျေနပ်ခဲ့ရပါသည်။ ဆောင်းရာသီချန်ပီယံတွင် ဘိုင်ယန်က ၃၇ မှတ်ဖြစ်ပြီး ဒေါ့မွန်က ၃၄ မှတ်ဖြစ်၍ လုံးဝအတိမ်းအစောင်းမခံခဲ့ပါ။ ထိုအချိန်က သုံးမှတ်အကွာတွင် ရှော်လ်ကေးကလည်း ရှိနေခဲ့သဖြင့် ရာသီအဆုံးတွင်သူသည် အဆင့်(၃) နေရာကို ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဖေဖော်ဝါရီပွဲကျပ်ကာလကို ကျော်လွှန်မြောက်နိုင်သူသည် အမှတ်ပေးချန်ပီယံဆုဖလားကို ရရှိနိုင်သည်ဆိုသည့် အဆိုအမိန့်သည်လည်း မှန်ကန်သွားခဲ့ပါသည်။

ဘိုင်ယန်နောက်ဆုံးချန်ပီယံဖြစ်ခဲ့သည့် ၂၀၀၉-၁၀ ဘောလုံးရာသီကို ပြန်ကြည့်ပါဦးမည်။ ယင်းအချိန်တုန်းက ဘိုင်ယန်သည် ရမှတ် ၇၀ ဖြင့် ဗိုလ်စွဲပြီး ဒေါ့မွန်မှာ ရမှတ် ၅၇ မှတ်ဖြင့် ပဉ္စမနေရာအဆင့်တွင်သာရှိပါသည်။ ရှော်လ်ကေး၊ ဝါဒါဘရီမင်၊ လေဗာကူဆင်တို့ကပင် ဒေါ့မွန်၏ အထက်တွင် ကြီးစိုးလွှမ်းမိုးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုရာသီက ဆောင်းရာသီ ရာသီဝက်ချန်ပီယံမှာ လေဗာကူဆင်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က လေဗာကူဆင်မှာ ၃၅၊ ရှော်လ်ကေးမှာ ၃၄ နှင့် ဘိုင်ယန်မှာ ၃၃ မှတ်ဖြစ်ရာ တစ်ချက်မှအများမခံသည့် အနေအထားမျိုးဖြစ်နေပါသည်။ ထို့ကြောင့် အဆင့်(၆)နေရာမှ ဝါဒါဘရီမင်ပင် ရာသီအဆုံး၌ တတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ခြင်းဟု ယူဆရပါသည်။

ခြံငုံသုံးသပ်ခြင်း

သေချာသည်ကတော့ ဆောင်းရာသီဝက် ချန်ပီယံဖြစ်ရုံမျှနှင့် ရာသီကုန် ချန်ပီယံဖြစ်ရန် မလုံလောက်ပါ။ ဖေဖော်ဝါရီပွဲကျပ်ကာလ(ချန်ပီယံလိဂ်ရှိနေခြင်းကို ဆိုလိုသည်)ကို အောင်မြင်စွာကျော်ဖြတ်နိုင်ရမည်။ ဆောင်းရာသီဝက်တွင် အမှတ်ဖြတ်ထားနိုင်မှုသည် တစ်မှတ်(သို့တည်းမဟုတ်) သုံးမှတ်ဖြတ်ထားရုံနှင့်လည်း ရာသီကုန်ချန်ပီယံမဖြစ်နိုင်ပါ။

၁၄ မှတ် သို့မဟုတ် ၁၀ မှတ်ကျော်ဖြတ်ထားနိုင်မှသာလျှင် ချန်ပီယံဖြစ်ဖို့ အလားအလာကောင်းကြောင်းနှင့် ယခု ၁၂ မှတ်ဖြတ်ထားသော ဘိုင်ယန်မြူးနစ်သည် ဖေဖော်ဝါရီပွဲကျပ်ကာလအလှည့် အပြောင်းဖြစ်စေမည့် ပွဲစဉ်(၂၀)အထိ ထိန်းချုပ်ထားနိုင်ခဲ့ပါလျှင် ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်သင့်ကြောင်း ဝန်ခံလိုက်ရပေလိမ့်မည်။ ■



ကုစလီ

(၂) နှစ်ပြည့် ဝမ်းနည်းဘာသာ - သတိရခြင်း

ဗိုဟာမက်ရှယင်း (ခ) ဦးဖော်မိုး (ဒွန်) နှစ်

(၁၂-၁-၂၀၁၁)

မြတ်နိုးတွယ်တာရပါသော

ဝင်ပွန်းဖြစ်သူ ဗိုဟာမက်ရှယင်း (ခ) ဦးဖော်မိုး

အလွမ်းဖက်အသွင်မြတ်အမိန့်တော်ခံယူသွားသည်မှာ ရက်၊ လ၊ နှစ်လို့တိုင်ခေအောင်

ပြောင်းလဲပြီး (၁၂-၁-၂၀၁၃) နေ့တွင် (၂) နှစ်တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်ခဲ့သော်ငြားလည်း

ကျွန်ုပ်ရင်သူပိသားစုအနေဖြင့် အလဉ်အပြိုသတိရလွမ်းပါ...

ကွယ်လွန်သူအား နိမ္မာသ် - ထား ဥည့်စုး၍ ကုစ်အာန်ကျွမ်းမြတ်ခတော်မှ

အားယားသံနှင့် ဓရုဟ်များဖတ်သည့်အကျိုး စတေ(ဝ်)များ လာရောက်ပူဇော်သည့်

ကောင်းမှုကုသိုလ် (အပလ်) အစဝေကို ဝင်ပွန်းဖြစ်သူနှင့်တကွ

(မက်ဆော်) ဦး မိုဝ်နကြာသူအားလုံးတို့အား

အလွမ်းဖက်အသွင်မြတ်မှတာဆင့်

(ပက်ဒေါ့ရသ်) လွတ်ငြိမ်းချမ်းသာစွင့် ဆီးပြုင့် ပေးသနားတော်မူပါ။

အာမီး(န်)

ထုတ်သူ - ယာစလီး(နှ်)ဘီဘီ(ဝ)ခေအိုဒွတ်ဦး

မှတ်သားဖိတ်ကြား - နာဇနီး(နှ်)ဘီဘီ(ဝ)မရိုးသွေးဦး

ရုပ်သဏ္ဌာန် - ဗိုဟာမက်အင်ဟရှန်း(ခ) ဖေအာ်ဖကျော်အင်ဒိုးဦး

ရှုခင်းဒီဇိုင်းပေး - အင်မရုပ်ဒီဘီ(ခ) မခြင်ဝန်ဆိုဦး

မူပိုင်း (ခ) ဖော်ဝိုး လွှမ်းစစ်ရပ္ပည်ဆရာဝင်းလယ်ခရေမဲသားရ

အမှတ် (၁၇၅) (၂၀၇) ကမ်းအလယ်၊ မန်းတိုအတန်းပြီးပြီးနယ် (ရန်ကုန်)

ခြေစမ်းပွဲများကစားရန် တောင်ကိုရီးယား အူလ်ဆန်တက္ကသိုလ်အသင်း ရောက်ရှိ

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း၊ မြန်မာနေရှင်နယ်လိဂ်ကလပ် ဇွဲကပင် အသင်းတို့နှင့် ခြေစမ်းပွဲများကစားမည့် တောင်ကိုရီးယား အူလ်ဆန်တက္ကသိုလ် အသင်းသည် ပြီးခဲ့သည့် အင်္ဂါနေ့ နေ့လည် ၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နိုင်ငံတကာဆက်ဆံရေးဌာနတာဝန်ခံ ဦးမိုးဝင်းနှင့် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင် တို့သွားရောက်ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များအား စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

အူလ်ဆန်တက္ကသိုလ်အသင်းတွင် ကစားသမား ၂၂ ဦး၊ အုပ်ချုပ်သူ နည်းပြအဖွဲ့သုံးဦးလိုက်ပါလာခဲ့ကြပြီး ဇန်နဝါရီ ၁၀ ရက်နေ့၊ ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်ယူနိုက်တက် အသင်း၊ ဇန်နဝါရီ ၁၂ ရက်နေ့၊ ညနေ ၃ နာရီခွဲ အောင်ဆန်းကွင်းတွင် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အူလ်ဆန်အသင်းသည် မြန်မာနိုင်ငံသို့ မလာရောက်မီ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ခြေစမ်းပွဲများ ကစားခဲ့သေးကြောင်း သိရှိရသည်။ ■

ဘရာဇီးလ်အသင်း၏ ခြေစမ်းပွဲခရီးစဉ် ပယ်ဖျက်

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအချို့သို့ ခြေစမ်းပွဲများလာရောက်ကစားရန် စီစဉ်ထားသည့် ဘရာဇီးလ်လက်ရွေးစင်ဟောင်းများအသင်းသည် ယင်းတို့၏ကစားသမားများစုဆောင်းမှုအဆင်မပြေခြင်းကြောင့် ၂၀၁၃ Asia Tour ခြေစမ်းပွဲခရီးစဉ်ကို ပယ်ဖျက်လိုက်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ခြေစမ်းပွဲအတွက် အစစအရာရာကြိုတင်စီစဉ်မှုများပြုလုပ်ခဲ့သော်လည်း ဘရာဇီးလ် ကစားသမားဟောင်းများအသင်း ခြေစမ်းပွဲအတွက် တစ်ဖက်မှစီစဉ်ပေးသူက Asia Tour အစီအစဉ်တစ်ရပ်လုံးအား ဖျက်သိမ်းလိုက်ကြောင်း ဆက်သွယ်အကြောင်းကြားလာသဖြင့် ယခင်ထုတ်ပြန်ကြေညာခဲ့သည့် ခြေစမ်းပွဲ အစီအစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

"တစ်ဖက်ကစီစဉ်ပေးသူက ဘရာဇီးလ်နာမည်ကျော် ကစားသမားဟောင်းတွေလိုက်မလာနိုင်တဲ့အတွက် Asia Tour အစီအစဉ်တစ်ခုလုံးကို ပယ်ဖျက်လိုက်တယ်လို့ပြောပါတယ်။ ကျွန်တော်တို့ဘက်က ခြေစမ်းပွဲအတွက်ကြိုတင်စီစဉ်ထားပြီးသားပါ။ ငွေခေတ်လက်ရွေးစင်ကစားသမားတွေလည်း Old Star အသင်းအနေနဲ့ စုဖွဲ့လေ့ကျင့်နေကြပါပြီ။ အခုလိုခြေစမ်းပွဲပျက်ပြယ်သွားတဲ့အတွက် စိတ်မကောင်းပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံသာမက ထိုင်း၊ မလေးရှား စတဲ့နိုင်ငံတွေကိုသွားမယ့် ခရီးစဉ်တွေလည်း ပယ်ဖျက်လိုက်တာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးဌာနတာဝန်ခံ ဦးမိုးမိုးကျော်က ပြောကြားသည်။ ■

ธนาคารกสิกรไทย
ที่ สำนักงาน KASIKORNBANK

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
STRENGTH OF MYANMAR

ဂုဏ်ယူဝမ်းမြောက်ခြင်း

ထိုင်းနိုင်ငံ "KASIKORN BANK" ၏
မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးကို
၉.၁.၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
အနာဂတ်တွင် ပိုမိုအောင်မြင်တိုးတက်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
နှင့် ဒါရိုက်တာအဖွဲ့
ကမ္ဘောဇဘဏ်လီမိတက်

CONGRATULATIONS

Our Heartiest and Warmest Congratulations on the Successful Occasion of
Grand Opening of
"KASIKORN BANK (K Bank) Representative Office"
in Myanmar,
Which was held in Yangon on 9th Jan 2013.
We wish You and Your Esteemed Bank all the Best
and Further Success in Future.

Chairman
and Board of Directors
KBZ BANK LIMITED

သန္ဓိဌာန်သန် မြန်မာအားဖာန် ကမ္ဘောဇဘဏ်

မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ စတင်၊ အသင်း ရပ်တည်ရေး ခက်ခဲခဲ့သည့် ဟံသာဝတီယူနိုက်တက် ပွဲဦးထွက် ရှုံးနိမ့်

ဇေအောင်စည်ဟိန်း



ဇေယျာရွှေမြေအသင်း ထိုးဖောက်မှုကို ဟံသာဝတီယူနိုက်တက် ကစားသမားတစ်ဦး ဟန့်တားရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ - ဘူးသီး

ဇန်နဝါရီလ ၅ ရက်တွင် မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ ဘောလုံးပြိုင်ပွဲများ စတင်ရာ အသင်းရပ်တည်ရေးအတွက် ခက်ခဲခဲ့သည့် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဇေယျာရွှေမြေအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်း၏ ပိုင်ရှင် ဦးအောင်မိုးကျော်IBTC Co.,Ltd သည် အသင်းအား ပြန်လည်အပ်နှံတော့မည့် အခြေအနေမှ မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ ရာသီသစ် ပြန်စတော့မည့် အချိန်တွင် ဦးခင်မောင်အေး CB Bank နှင့်လက်တွဲကာ ဟံသာဝတီယူနိုက်တက် အား အသက်ဆက်စေခဲ့သည်။ ဟံသာဝတီယူနိုက်တက်တွင် နိုင်ငံခြားသား ကစားသမား Clifford တစ်ဦးတည်းသာ ပါဝင်ပြီး နောက်ထပ် နိုင်ငံခြားကစားသမားများကိုလည်း ခေါ်ယူရန်ရှိသည်။

"ဒီနေ့ပွဲမှာ ကစားသမားတွေကို ကျေနပ်ပါတယ်။ အနည်းဆုံးသရေရမယ်လို့ မှန်းထားပေမယ့် ရသင့်ရထိုက်တဲ့ ဂိုးတွေမရှိခဲ့တာကြောင့် ဂိုးမရခဲ့တာပါ"ဟုဟံသာဝတီယူနိုက်တက်၏ နည်းပြဦးဝင်းတင်က ဆိုသည်။

ဘောလုံးရာသီမစတင်မီ ဇေယျာရွှေမြေအသင်း၏ အားထားရသောနာမည်ကျော် ကစားသမား ကျော်ကိုကို သည် ရန်ကုန်ယူနိုက်တက်သို့ပြောင်းရွှေ့ခဲ့ပြီး အသင်း၏ တောင်ပံတိုက်စစ်၌ ရုတ်တရက် အစားထိုးရန် အဆင်သင့်မရှိပဲ ဖြစ်နေခဲ့သည်။ ဇေယျာရွှေမြေအသင်း၏ နည်းပြ ဦးစိုးမိုးသည် အသင်း၏ အလယ်တန်း အားနည်းမှုကို ဝန်ခံပြီး ပြင်ဆင်စရာရှိသည်ကို ပြင်ဆင်သွားမည်ဟု ပြောကြားသည်။

ဇေယျာရွှေမြေအသင်းသည် ဘောလုံးပိုင်ဆိုင်မှုသာသော်လည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် တိုက်စစ်ဆင်နိုင်ခဲ့သည်။ ဟံသာဝတီယူနိုက်တက်သည် နှစ်ကြိမ်တိုင်တိုင် အပိုင်အခွင့်အရေးရပြီး ဂိုးဧရိယာအတွင်း အဆင့်ဆင့်ကန်သွင်းခဲ့သော်လည်း ဇေယျာရွှေမြေနောက်တန်းကစားသမားများ ဖျက်ထုတ်နိုင်ခဲ့သည်။

ပွဲချိန် ၇၁ မိနစ်တွင် ဇေယျာရွှေမြေအသင်းမှ ဆာဆာညာဝင်းမှ ဆွဲပြေးလာရင်း အတွင်းသို့ထိုးပေးသောဘောလုံးကို စည်သူဝင်းက လှလှပပ ပိတ်သွင်းယူကာ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။

ဂိုးပေးခံရပြီး နောက်ပိုင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းသားများ အပြင်းအထန် တိုက်စစ်ဆင်လာပြီး ၇၄ မိနစ်တွင် အောင်မျိုးသူရ၏ ကန်ချက်တိုင်ထိထွက် သွား၍ ဟံသာဝတီ ယူနိုက်တက် ဂိုးကံခေခဲ့သည်။ ■

ပရိသတ်အကြိုက်နဲ့ ထပ်တူကျခဲ့တဲ့ ၂၀၁၃ ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲစဉ်များ

ကျော်ဇင်လှိုင်

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာ မီဒီယာဂရု(ပ်)နှင့် ဒဂုံအဖျော်ယမကာကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ကျင်းပလျက်ရှိသော ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ၂၀၁၃ ၏ ဖိုင်နယ်ပွဲစဉ်များကို ပြီးခဲ့သည့် ဇန်နဝါရီလ ၆ ရက်နေ့က သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

လေးချိန်ပွဲစဉ်သုံးပွဲ၊ ငါးချိန်ပွဲစဉ် ငါးပွဲအပါအဝင် စုစုပေါင်းပွဲစဉ်ရှစ်ပွဲပါဝင်သော အဆိုပါပြိုင်ပွဲကြီးသည် ပရိသတ်အကြိုက် လက်ဝှေ့သမားများ အနိုင်ရရှိခဲ့သောကြောင့် ပရိသတ်နှင့်ထပ်တူကျ ခဲ့သော ဖိုင်နယ်ပွဲစဉ်များဖြစ်ခဲ့သည်ဟုဆိုနိုင်သည်။ အထူးဒဂုံရွှေအောင်လံပွဲစဉ်များအဖြစ် ထွန်းထွန်းမင်း(မြန်မာ)နှင့် ဖဲလစ်(ဂျာမနီ)တို့၏ပွဲစဉ်နှင့် ထွန်းထွန်း(မြန်မာ)နှင့်အက်ရှ်ခန် အမ်တီဒါဘီ(အီရန်) တို့၏ပွဲစဉ်များလည်း ပါဝင်သည်။

လေးချိန်ခေါ်ပွဲစဉ်များတွင် အောင်သူရိန်က ရဲရင့်ထွန်းကို ပထမအချီတွင် ဆေးရုံးဖြင့် အလဲထိုးအနိုင်ရရှိခဲ့ပြီး ဇွဲမောင်မောင်နှင့် သက်ကို၊ စလူကာနှင့် ရှမ်းသွေးလေးတို့၏ ပွဲစဉ်များသည် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲစဉ်များ ဖြစ်ခဲ့သည်။

တတိယတန်း ဒဂုံရွှေအောင်လံ ဖိုင်နယ်ပွဲစဉ်တွင် ရဲမြင့်အောင်နှင့် မြားထက်အောင်တို့ အကြိုက်အနယ် ယှဉ်ပြိုင်ထိုးသတ်ကစားခဲ့ကြပြီး တတိယအချီတွင် ရဲမြင့်အောင်က ဒူးတိုက်ချက်ဖြင့် မြားထက်အောင်ကို နောက်ကောက်ချခဲ့ပြီး တတိယတန်းဒဂုံရွှေအောင်လံ ဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည်။

ဒုတိယတန်းဒဂုံရွှေအောင်လံဖိုင်နယ်ပွဲစဉ်သည် လက်ရည်ကွာဟမှုကျဉ်းမြောင်းသော တူးတူးနှင့် ဖိုးသားကြီးတို့၏ တွဲဆိုင်းဖြစ်သောကြောင့် အလွန်ကောင်းမွန်သောပွဲစဉ်ဖြစ်ခဲ့သည်။ ဖိုးသားကြီးက နောက်ဆုံးအချီအထိ တောင့်ခံထားနိုင်ခဲ့ပြီး တူးတူးက အမှတ်ဖြင့်သာ အနိုင်ရရှိခဲ့ပြီး ဒုတိယတန်းရွှေအောင်လံကို ရယူနိုင်ခဲ့သည်။

အထူးဒဂုံရွှေအောင်လံပွဲစဉ်များသည် နိုင်ငံခြားသားလက်ဝှေ့သမားများ ပါဝင်သော်လည်း မြန်မာလက်ဝှေ့သမားများကို ယှဉ်ထိုးနိုင်ခြင်းမရှိဘဲ ပြည်တွင်းပွဲစဉ်များလောက်ပင် ပရိသတ်ကို ဆွဲဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

နောက်ဆုံးပွဲစဉ်တွင် ပရိသတ် စိတ်အဝင်စားဆုံးတွဲဆိုင်းဖြစ်သော တွေ့မရှောင်နှင့် ဖိုးကေတို့က ပထမတန်းဒဂုံရွှေအောင်လံကို ယှဉ်ပြိုင်လုခဲ့ကြပြီး ဖိုးကေကို တွေ့မရှောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒဂုံရွှေအောင်လံပြိုင်ပွဲကြီး၏ အဓိကပြိုင်ပွဲဖြစ်သော ပထမတန်းရွှေအောင်လံပွဲစဉ်သည် ပရိသတ်မျှော်လင့်ထားသလောက် ကောင်းမွန်ခဲ့ခြင်းမရှိဘဲ တွေ့မရှောင်ကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော ဖိုးကေအပေါ် ပရိသတ်၏ဝေဖန်သံများဖြင့် ဆူညံခဲ့သည်။

ယခုပွဲစဉ်တွင်ဖိုးကေကို အနိုင်ယူပြီး ပထမတန်းဒဂုံရွှေအောင်လံကို ဆွတ်ခူးနိုင်ခဲ့သော လက်ဝှေ့ပရိသတ်အသည်းစွဲ တွေ့မရှောင်က "ကျွန်တော်အခုပွဲကို အနိုင်ရရှိခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။နောက်ပြီးကျွန်တော့်ကို အားပေးတဲ့အတွက် ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ■





အိန္ဒိယနိုင်ငံက စစ်သားနှစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး တုံ့ပြန်သွားမည်ဟု ပါကစ္စတန်နိုင်ငံကို ပြောကြား

ကိုယ်လက်အင်္ဂါများဖြတ်တောက်ခံထားရသော အိန္ဒိယ စစ်သားတစ်ဦး၏ အလောင်းကို အိန္ဒိယနှင့်ပါကစ္စတန်နယ်စပ်တစ်လျှောက်တွင် တွေ့ရှိခဲ့ရ

နယူးဒေလီ – အိန္ဒိယစစ်သားနှစ်ဦးကို ပါကစ္စတန်ဘက်မှ သတ်ဖြတ်ခဲ့သည်ဟု အိန္ဒိယနိုင်ငံက စွပ်စွဲပြောဆိုပြီးနောက် ယင်းကို တုံ့ပြန်သွားရန် ဆုံးဖြတ်ထားကြောင်း ဇန်နဝါရီလ ၉ ရက်နေ့က ပြောကြားခဲ့သည်။ ကိုယ်လက်အင်္ဂါများ ဖြတ်တောက်ခံထားရသော အိန္ဒိယစစ်သားတစ်ဦး၏ အလောင်းကို ၎င်းက လီယားလက်နက် ပိုင်ဆိုင်ထားသည့် အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား တင်းမာမှုများဖြစ်ပေါ်နေသည့် နယ်စပ်တစ်လျှောက်တွင် တွေ့ရှိခဲ့သည်။

ယခင်ကတည်းက အခြေမခိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေသည့် ဇန်နဝါရီလ ၈ ရက်နေ့က ကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားသော ဆိုးရွားသည့် သတ်ဖြတ်မှုများအတွက် အိန္ဒိယနိုင်ငံက တူညီသည့် တုံ့ပြန်မှုတစ်ရပ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးစလေမန်ဆူးရ်ရှစ်က ပြောကြားခဲ့သည်။

ယင်းမှာ ပါကစ္စတန်စစ်သားတစ်ဦး သေဆုံးသွားသည့်ပြီးခဲ့သည့်ရက်သတ္တပတ်ကဖြစ်ပွားသော နယ်စပ်ဖြတ်ကျော် အငြင်းပွားမှုတစ်ရပ်ကို အာရုံပြောင်းရန် ရည်ရွယ်သည့် အိန္ဒိယနိုင်ငံ၏ဝါဒဖြန့်မှုဟု ပါကစ္စတန်စစ်တပ်ကငြင်းဆိုခဲ့သည်။

နေ့လယ်ပိုင်းအချိန်ခန့်တွင် အိန္ဒိယလှည့်ကင်းတစ်ဖွဲ့သည် အိန္ဒိယပိုင်နက်အတွင်း ကီလိုမီတာဝက် (ပေ ၁,၆၀၀) ခန့်၌ ပါကစ္စတန်တပ်ဖွဲ့များကို တွေ့ရှိရာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုတွင် အိန္ဒိယစစ်သားနှစ်ဦး သေဆုံးသွားခဲ့သည်။ ၂၀၀၃ ခုနှစ် ကတည်းက နှစ်နိုင်ငံအကြား ပိုင်းခြားထားသည့်ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် အပစ်အခတ်ရပ်စဲရန် သဘောတူထားသော်လည်း နှစ်ဖက်စလုံးမှ မကြာခဏ ချိုးဖောက်ခဲ့ကြသည်။

တောင်အာရှတွင် တင်းမာမှုများမြင့်မားစေသည့် နယ်စပ်တိုက်ခိုက်မှုတစ်ခုတွင် အိန္ဒိယစစ်သားနှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးကို ခေါင်းဖြတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံက ပါကစ္စတန်သံအမတ်ကို ဇန်နဝါရီလ ၉ ရက်နေ့က နယူးဒေလီသို့ ဆင့်ခေါ်ခဲ့သည်။ အိန္ဒိယ ကာကွယ်ရေးဝန်ကြီးကလည်း ယင်းမှာ လူမဆန်သည့်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■



အိန္ဒိယ–ပါကစ္စတန် ချားချာဝါးလ်နယ်စပ် ရှေ့တန်းတစ်နေရာ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံအဆင့် ထိုင်းနိုင်ငံလက်လွတ်ရ

ဘန်ကောက်– ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သောနိုင်ငံအဆင့်မှ ၂၀၁၂ ခုနှစ်တွင် လက်လွတ်ခဲ့ရကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ လယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ရန် လူအများ အငြင်းပွားဖွယ်ဖြစ်နေရသော ထိုင်းအစိုးရ၏ အစီအစဉ်ကြောင့်ဖြစ်သည်ဟု ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းက ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သော ၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၆ ဒသမ ၉ သန်းသာ တင်ပို့နိုင်ခဲ့ပြီး တန်ချိန် ၉ ဒသမ ၅ သန်းတင်ပို့ခဲ့သော အိန္ဒိယနိုင်ငံ ၇ ဒသမ ၈ သန်း တင်ပို့ခဲ့သော ဗီယက်နမ်နိုင်ငံတို့၏နောက် တတိယနေရာမှလိုက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ဆန်တင်ပို့မှုသည် ၂၀၁၁ ခုနှစ်တွင် ဆန်တန်ချိန် ၁၀ ဒသမ ၆ သန်းမှ ၃၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း အသင်း၏ ကိန်းဂဏန်းက ဆိုသည်။

ယင်းကိန်းဂဏန်းများမှ ဗီယက်နမ်ဆန်လုပ်ငန်းနှင့် အမေရိကန် စိုက်ပျိုးရေးဌာန (USDA) တို့မှ ရရှိခြင်းဖြစ်သည်ဟုသိရသည်။ ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝပ်က လယ်သမားများထံမှ ဆန်ကို စျေးကွက်ပေါက်စျေးထက် ၅၀ ရာခိုင်နှုန်းပိုပေးကာ ဝယ်ယူရမည်ဟု ဆိုသော တစ်နှစ်ကြာရှည်ခဲ့ပြီဖြစ်သည့် အစိုးရမူဝါဒကြောင့် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု လျော့ကျခြင်းဖြစ်ကြောင်း သိရသည်။



လယ်ယာလုပ်ငန်းခွင်မှ ထိုင်းလယ်သမားတစ်ဦး။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဂင်းမူဝါဒကို ဆင်းရဲသားလယ်သမားများက သဘောကျခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ဆန်တွေက ပြိုင်ဘက်နိုင်ငံတွေရဲ့ ဆန်ထက်စာရင် တစ်တန်ကို ဒေါ်လာ ၁၃၀ မှ ၁၅၀ ထိ ပိုစျေးကြီးနေပါတယ်"ဟု ချူကီကဆိုသည်။

"ဆန်တင်ပို့တဲ့ကုမ္ပဏီတွေကလည်း စျေးကွက်မှာ မရှင်သန်နိုင်တော့လို့ တခြားအလုပ် ပြောင်းလုပ်ကုန်ကြပြီ။ ဆန်က အခု နိုင်ငံရေးကဏ္ဍာတစ်ခု ဖြစ်နေပါတယ်"ဟု ၎င်းကဆိုသည်။

ထိုင်းနိုင်ငံသည် နှစ်စဉ်ပျမ်းမျှ ဆန်တန်ချိန် သန်း ၂၀ ခန့် ထုတ်လုပ်နိုင်ပြီး ၎င်းတို့၏ ထက်ဝက်ကို ယခင်ကပြည်ပသို့တင်ပို့ခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် ထိုင်းနိုင်ငံ၌ သိုလှောင်ဆန် ၁၂ သန်းမှ ၁၃ သန်းထိ ရှိနေပြီး ၂၀၁၂ ခုနှစ် တတိယသုံးလပတ်တွင် တန်ချိန်သန်း ၂၀ ထိ စျေးကွက်တွင် သိုလှောင်ပြီးဖြစ်မည်ဟု ၎င်းက ဆိုသည်။ **(အေအက်ဖ်ပီ)**

ဖြူးဝင်းကိုကို ဘာသာပြန်သည်။ ■

သတင်းတို

ဖိလစ်ပိုင်ရဲ ရာဇဝတ်ကိုဏ်းဝင်များကို ဖမ်းဆီး

မနီလာ– ဖိလစ်ပိုင်တွင် ရာဇဝတ်မှုကျူးလွန်နေသော ဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင် ၁၃ ယောက်အား ဇန်နဝါရီလ ၆ ရက်နေ့တွင် ရဲတပ်ဖွဲ့က အသေ ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ သေနတ်ထိန်းချုပ်မှုများ တင်းတင်းကျပ်ကျပ်ပြုလုပ်ရန် နေရာအနှံ့ပြုလုပ်နေသော ရက်များအတွင်း ပြင်းပြင်းထန်ထန်ဖြစ်ပွားသည့် သုံးကြိမ်မြောက်တိုက်ပွဲဖြစ်သည်။ ကားနှစ်စီးနှင့် သေနတ်သမားများသည် အတိမ်ိုနှန်ပြို့အနီး ရဲစစ်ဆေးရေးဂိတ်ကို ဖြိုခွင်းစဉ် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ အကြီးတန်း ရဲအရာရှိတစ်ဦး ဒဏ်ရာရရှိပြီး ရာဇဝတ်ဂိုဏ်းထံမှ သေနတ် ၁၀ လက်ရမိခဲ့သည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။



ဟူယောင်ပန်း ကြေးရုပ်ဖွင့်လှစ်

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် ဟူကို ပြောင်းလဲရေးသမားများက ကြိုက်ကြမည်သာဖြစ်၊ ကြေးရုပ်ဖွင့်လှစ်ခြင်း အခြေအတင်ပြောဆိုနေကြဆဲ

ပေကျင်း– တရုတ်ကွန်မြူနစ်ပါတီအကြီးအကဲဟောင်းနှင့် ပြုပြင်ရေးသမားအဖြစ် သေဆုံးပြီးနောက် တီယန်မင်လွင်ပြင် ဒီမိုကရေစီဆန္ဒကျင်းရေးတိုက်ပွဲများထိ ပေါ်ပေါက်စေခဲ့သော ဟူယောင်ပန်း ကြေးရုပ်တုကို တရုတ်ဆိပ်ကမ်းမြို့တစ်မြို့တွင် ဖွင့်လှစ်လိုက်ကြောင်း တရုတ်အစိုးရသတင်းများက ဇန်နဝါရီလ ၇ ရက်တွင် ဖော်ပြသည်။

ကျဲ့ကျန်းပြည်နယ်၊ တာချင်ကျွန်းပေါ်ရှိ ထိုင်ကျိုးမြို့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဟူသည် တရုတ်ကွန်မြူနစ်လူငယ်အဖွဲ့ချုပ် ပထမအတွင်းရေးမှူးဖြစ်စဉ် ၁၉၅၆ ခုနှစ်က တာချင့်ကျွန်း၏ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှု တိုးချဲ့ရေးအတွက် ဦးဆောင် လှုံ့ဆော်ခဲ့သည်ဟု တရုတ်လူငယ် နေ့စဉ်သတင်းစာက ဆိုသည်။

သို့သော် ဟူသည် သေဆုံးသည့် ၁၉၈၉ ခုနှစ် နောက်ပိုင်း ၂၄ နှစ်နီးပါး ကာလတွင် အပြောင်းအလဲကို တုံ့ပြန်သူတစ်ယောက်အဖြစ်သာ လူသိများခဲ့သည်။ ၎င်းသည် တရုတ်ခေါင်းဆောင်သစ်များ၌ နိုင်ငံရေးပွင့်လင်းမြင်သာမှုပိုရှိစေလိုသူများအတွက် စံပြသူတစ်ဦးလည်းဖြစ်ခဲ့သည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရန် ကျောင်းသားများတောင်းဆို ဆန္ဒပြပွဲကို ပေကျင်းမြို့တွင်ပြုလုပ်ရန် ခွင့်ပြုခဲ့သော ကြောင့် ၁၉၈၇ ခုနှစ်တွင် ပါတီအကြီးအကဲအဖြစ်မှ ထုတ်ပယ်ခဲ့ရသည်။ ၎င်းသေဆုံးပြီးနောက် ယင်းအရေးအခင်းများ ပြန်လည်ပေါ်ပေါက်လာပြီး ဇွန်လ ၃ ရက်၊ ၄ ရက်ညတွင် ပြီးဆုံးခဲ့သည်။

ဟူ၏ ကြေးရုပ်တု ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အချေအတင် ပြောဆိုနေကြဆဲဖြစ်သည်ဟု ဟောင်ကောင် တရုတ်တက္ကသိုလ်မှ နိုင်ငံရေးဆန်းစစ်ဝေဖန်သူ ဂျိုးဇက်ချန်းကဆိုသည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုအတွက် ဟူအား ပြောင်းလဲရေးသမားများက ကြိုက်ကြမည်သာဖြစ်သည်ဟုလည်း ၎င်းက အေအက်ဖ်ပီကိုပြောသည်။

၁၉၆၆-၆၇ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ထောင်ချီ ထုတ်ပယ်ခံရသော တာဝန်ရှိသူများအား ပြန်လည်ထူထောင်လျက် ပွင့်လင်းမှုနှင့် ပြုပြင်ပြောင်းလဲမှုများဖြင့် စတင်ဆောင်ရွက်ပေးမှုများကြောင့်လည်း ဟူသည် နာမည်ကောင်းရရှိခဲ့သည်။

အာဏာရပါတီ၏ စစ်ဆေးမှုမရှိသော ဩဇာအောက်တွင် ကြီးကိုင်ထိန်းချုပ်ခြင်းသည်သာ တရုတ်နိုင်ငံကို ခေတ်မီအောင်လုပ်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ဟူယောင်ပန်း၏ သားဖြစ်သူ ဟူတီပင်းက နိုဝင်ဘာလ တွင်ပြောကြားခဲ့သည်။ ဟူယောင်ပန်း၏ ကြေးရုပ်ဖွင့်လှစ် လိုက်ခြင်းဖြင့် ရာနှုန်းပြည့် ပြန်လည် ထူထောင်ရေးကို မမျှော်မှန်းနိုင်သေး ဟုလည်း ချန်းက သတိပေးသည်။ **(အေအက်ဖ်ပီ)**



ပြုပြင်ပြောင်းလဲရေးသမား ဟူယောင်ပန်းကြေးရုပ်တု။ ဓာတ်ပုံ - အေအက်ဖ်ပီ

အောင်သာလင်း ဘာသာပြန်သည်။ ■



မြောက်ကိုရီးယားမရောက်မီ ပေကျင်းလေဆိပ်တွင်မီဒီယာများနှင့်တွေ့ဆုံနေသော ဘီလ်ရစ်ချစ်ဆန်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရစ်ချတ်ဆန်နှင့် ဂူးဂဲလ်အကြီးအကဲတို့ မြောက်ကိုရီးယားသို့ ရောက်ရှိလာ

ဝါရှင်တန်– မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်မည့် အမေရိကန်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဘီလ်ရစ်ချတ်ဆန်က ခေါင်းဆောင်သစ် ကင်ဂျုံအန်းလက်ထက် မြောက်ကိုရီးယား၏ အခြေအနေကို မိမိအနေဖြင့် လေ့လာအကဲဖြတ်နိုင်မည့်အပြင် ဂူးဂဲလ် ကုမ္ပဏီဥက္ကဋ္ဌ အဲရစ်ရှမစ်ပါ အတူ လိုက်ပါမည့် ယင်းခရီးစဉ်မှာ နိုင်ငံသားများအနေဖြင့် သီခြားသွားရောက် ခြင်းဖြစ်၍ အမေရိကန် အစိုးရကို လည်းကောင်း၊ ဂူးဂဲလ်ကုမ္ပဏီအား လည်းကောင်း ကိုယ်စားမပြုကြောင်း မိမိတို့ခရီးစဉ်မှာ အပြုသဘောဆောင် မည်ဟု မျှော်လင့်ကြောင်း ဇန်နဝါရီလ ၄ ရက်ကပြောကြားသည်။

မိမိခရီးစဉ်အပေါ် အမေရိကန်အစိုးရက သက်ဝင်ကင်းဖြစ်နေသော်လည်း မိမိသည် မြောက်ကိုရီးယား တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ သီခြားရပ်တည်နေသော နိုင်ငံတစ်နိုင်ငံ၏ လူမှုရေးအခြေအနေများကို ကျယ်ပြန့်စွာ လေ့လာခွင့်ရလိမ့်မည်ဟုလည်း ၎င်းက အေအက်ဖ်ပီကို ပြောကြားသည်။

ရစ်ချတ်ဆန်သည် မြောက်ကိုရီးယားက တောင်ကိုရီးယားနယ်စပ် ကျွန်းတစ်ကျွန်းအား အမြောက်ဖြင့် ပစ်ခတ်ပြီးနောက် နှစ်နိုင်ငံကြား တင်းမာမှုများ ဖျန်ဖြေရန်အတွက် ၂၀၁၀ ပြည့်နှစ်က မြောက်ကိုရီးယား ချူကလီးယား ပြဿနာဖျန်ဖြေရေး အကြီးအကဲနှင့်

မြောက်ကိုရီးယား တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍လူမှုရေး အခြေအနေများကို လေ့လာခွင့်ရ...

သွားရောက် တွေ့ဆုံခဲ့ဖူးသည်။

ဒီဇင်ဘာလအတွင်းက မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် ပတ်သက်၍ မြောက်ကိုရီးယား၏ ရည်ရွယ်ချက် အမျိုးမျိုးကို မိမိကြားသိနေရသော်လည်း ယင်းလုပ်ရပ်မှာ ဖျန်ဖြေညှိနှိုင်းဆောင်ရွက်ချက်များနှင့် မကိုက်ညီသည့်ပြင် နိုင်ငံတကာ လူမှုအသိုင်းအဝိုင်းအား သောကရောက်စေခဲ့ သောကြောင့် ခေါင်းဆောင်သစ် ကင်မှာ မိမိနိုင်ငံတွင်း၌ မိမိနိုင်ငံသားများဖြင့်သာ အင်အား ပိုမိုခိုင်မာအောင် ဆောင်ရွက်နေဟန် တူသည်ဟုလည်း ၎င်းကပြောသည်။

ရစ်ချတ်ဆန်နှင့် အဲရစ်ရှမစ်တို့သည် ဒီဇင်ဘာလကတည်းက မြောက်ကိုရီးယားသို့ သွားရောက်ရန်ဖြစ်သော်လည်း တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲရှိနေ၍ မြောက်ကိုရီးယားသို့ သွားမည့် ရက်ရွှေ့ဆိုင်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံမှုကြောင့် ဇန်နဝါရီလ ၇ ရက်သို့ ရွှေ့ဆိုင်းခဲ့ကြသည်။

ရစ်ချတ်ဆန်သည် နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းနှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ဟောင်းဖြစ်ပြီး မြောက်ကိုရီးယားဆိုင်ရာ အရေးအခင်းများကို ရှာဖွေဖြေရှင်းပေးနေသူလည်း ဖြစ်သည်။

ရစ်ချတ်ဆန်သည် ယခင်နှစ် ၂၀ အတွင်းကတည်းက မြောက်ကိုရီးယားသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့ပြီး မြောက်ကိုရီးယား၌ အဖမ်းခံထားရသည့် အမေရိကန်နိုင်ငံသားများ လွတ်မြောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြောက်ကိုရီးယားတွင် အဖမ်းခံထားရသော ကိုရီးယားနွယ်ဖွား အမေရိကန်နိုင်ငံသား ကဲနက်ဘေး လွတ်မြောက်ရေးအတွက် သားဖြစ်သူက ရစ်ချတ်ဆန်အားအကူအညီတောင်းထားရာ မိမိနှင့် ရှမစ်တို့သည် ပြီယန်းမြို့တော်တွင် နှစ်ရက်ခွဲကြာမျှ နေထိုင်လျက် မြို့ပြင် ဒေသများသို့ သွားရောက်ကာ လူမှုပြဿနာများကို လေ့လာသွားကြမည်ဟု ရစ်ချတ်ဆန်က ဆိုသည်။

မြောက်ကိုရီးယား အစိုးရသတင်းဌာန (KCNA) ၏ အဆိုအရ ကဲနက်ဘေးသည် ခရီးသည်ဟန်ဆောင်ကာ မြောက်ကိုရီးယားသို့ ဝင်ရောက်လာပြီး နောက် အစိုးရအပေါ် ပြစ်မှုကျူးလွန်ထားသူဖြစ်ကြောင်း ဝန်ခံခဲ့သူဖြစ်သည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

မလေးအကျဉ်းသား ရဲကား အပိုင်စီး

ကွာလာလမ်ပူ – ဇန်နဝါရီလ ၇ ရက်နေ့က မလေးရှားတရားရုံးတစ်ရုံးသို့ အကျဉ်းသားများအား ပို့ဆောင်မည့်ရဲကားတစ်စီးကို အကျဉ်းသားခုနစ်ဦးက အပိုင်စီး၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ သည်။

နိုင်ငံမြောက်ပိုင်း ပီနန်ပြည်နယ်ရှိ တရားရုံးတစ်ရုံးသို့သွားရန် အကျဉ်းစခန်းမှလိုက်ပါလာသည့် အကျဉ်းသားများအကြား ဆူပူသောင်းကြမ်းခဲ့သဖြင့် ကားမောင်းသူက ကားရပ်ခဲ့ရသည်။ ယင်းနောက် အကျဉ်းသားခုနစ်ဦးသည် အပိုင်စီးထွက်ပြေးရာတွင် မပါဝင်လိုသည့် အခြားအကျဉ်းသားနှစ်ဦး အပါအဝင် ကားမောင်းသူနှင့် ရဲအရာရှိနှစ်ဦးကို ကားပေါ်မှ အတင်းဆင်းခိုင်းသည် **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။ ■



ရှုထောင့်

ထိုင်းနိုင်ငံမှ အဘီဆစ် ရေတိမ်နစ်တော့မယ့်ပုံစံပေါ်နေတယ်

စစ်တမ်းကောက် ချက်အရ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲတုန်းက ရှုံးနိမ့်ခဲ့လို့ ၁၈ လအကြာမှာ အဘီဆစ်ကို လူထု ကြိုက်နှစ်သက်တဲ့ အဆင့်ဟာ ၁၆ ရာခိုင်နှုန်းထိ ကျသွားတယ်။ ဝန်ကြီးချုပ် ယင်လတ်ကို လူထုကြိုက်နှစ်သက်တဲ့ အမှတ်အဆင့်က ၅၂ ရာခိုင်နှုန်းကိုတက်သွားခဲ့



အဘီဆစ်ဝီဂျာရီဗာလောက် ၂၀၁၂ ခုနှစ် ကုန်ဆုံးသွားတာကို ဝမ်းသာမဆုံးဖြစ်နေတဲ့လူ ရှိမှာမဟုတ်ဘူးလို့ ထင်တယ်။ အဘီဆစ်ဟာ ထိုင်း ဝန်ကြီးချုပ်ဟောင်း ဖြစ်တယ်။ လက်ရှိ မှာတော့ အစိုးရအတိုက်အခံပါတီ ခေါင်းဆောင်ဖြစ်တယ်။

နိုဝင်ဘာလက ကာကွယ်ရေးဝန်ကြီး ချုပ်က ခန့်အပ်လိုက်တဲ့ ကော်မတီတစ်ခုက ဝန်ကြီးချုပ်ဟောင်း အဘီဆစ်ဟာ ဥပဒေအရ စစ်မှုထမ်းခြင်းမှ လွတ်ကင်းအောင် စာရွက်စာတမ်းတွေကို အတုလုပ်ခဲ့တယ်လို့ ကြေညာခဲ့တယ်။

အဲဒီအတွက်ကြောင့် အစိုးရဟာ အဘီဆစ် စစ်တက္ကသိုလ်တစ်ခုမှာ စာသင်ခဲ့တုန်းကရခဲ့တဲ့ ရာထူးအဆင့်ကို ပြန်လည်သိမ်းယူဖို့နဲ့ သူရခဲ့တဲ့လစာကို ပြန်လည်ပေးဆပ်ဖို့ ကြိုးပမ်းနေတယ်။

ပြီးခဲ့တဲ့လက အခြေအနေ ပိုဆိုးလာတဲ့ အဖြစ်ကတော့ ၂၀၁၀ ပြည့်နှစ်၊ မေလက ရှပ်နိုတွေ ဘန်ကောက်မြို့မှာ ဆန္ဒပြတုန်းက အင်္ဂျားယာဥ်မောင်းတစ်ယောက် စစ်သားတွေရဲ့ ပစ်သတ်ခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အဘီဆစ်ဟာ လူသတ်မှုနဲ့ စွဲချက်အတင်ခံရခြင်းပဲဖြစ်တယ်။

အဲဒီအချိန်က အဘီဆစ်ဟာ ဝန်ကြီး ချုပ်ဖြစ်နေခဲ့ပြီး ဆန္ဒပြတဲ့သူတွေကို ဖြိုခွင်းဖို့၊ လိုအပ်ရင်လက်နက်သုံးဖို့ အမိန့်ပေးခဲ့တယ်။

ဆန္ဒပြပွဲတွေမှာ လူပေါင်း ၉၀ ကျော် လောက် အသတ်ခံခဲ့ရတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တာရှည်တဲ့ စုံစမ်းစစ်ဆေးမှုအပြီးမှာတော့ အဘီဆစ်နဲ့ ဒုတိယ ဝန်ကြီးချုပ်ဟောင်း ဆတ်ဟက်သော့ စူဘန်းတို့နှစ်ယောက်ကို လူတွေသေစေနိုင်တဲ့ ရည်ရွယ်ချက်နဲ့ အမိန့်ပေးခဲ့တယ်ဆိုပြီး စွဲချက်တင်ခဲ့တယ်။

နောက်ကိစ္စတစ်ခုကတော့ အဘီဆစ် ဝန်ကြီးချုပ်ဖြစ်တုန်းက ဆန့်ကျင်တဲ့ကိစ္စမှာ မှန်မှန်ကန်ကန်မလုပ်ဖူးဆိုတဲ့ စွပ်စွဲမှုတွေကြောင့် အာဏာရ ဖွထိုင်း အစိုးရက အထူးစုံစမ်းစစ်ဆေးဌာနက စစ်ဆေးမှုတွေလုပ်ရန် တောင်းဆိုခဲ့တယ်။

ကြည့်ရတာ တချို့အရာရှိတွေဟာ အဘီဆစ်သိလျက်၊ ဒါမှမဟုတ် မသိဘဲနဲ့ ဆန့်ကျင်ရာမှာ ပူးပေါင်းလိမ်လည်ညှိနှိုင်းပြီး ဥပဒေကို ချိုးဖောက်ခဲ့တဲ့ အတွက် စွျေးခေါ်ရာတွင် မညီမျှတဲ့ ယှဉ်ပြိုင်မှုကို ဖြစ်စေခဲ့တယ်။

အဘီဆစ်နဲ့ ဆတ်ဟက်တို့နှစ်ဦးဟာ အာဏာရှိနေတုန်း ရေကြီးမှုကြောင့် နစ်နာကြေး လူဒါန်းငွေတွေကို ပေးခဲ့ရာမှာ ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးပါတီအက်ဥပဒေကို ချိုးဖောက်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကိုလည်း ရင်ဆိုင်နေကြရတယ်။ ဒီပြဿနာပေါင်းစုံတွေနဲ့တင်မက သေးဘူး။ ဘန်ကောက်မြို့မှာကျင်းပမယ့် ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးအတွက် ရွေးကောက်ပွဲမှာလည်း အဘီဆစ်ရဲ့ ဒီမိုကရက်ပါတီဟာ ဘယ်သူကို ယှဉ်ပြိုင်ဖို့ ရွေးရမှာကိုလည်း အတိအကျ မဆုံးဖြတ်နိုင်သေးဘူး။

လက်ရှိ ဘန်ကောက်မြို့ အုပ်ချုပ်ရေးမှူးဖြစ်တဲ့ ဆက်ဟမ်ခမ်ပါရီဘာတရာဟာ ဒုတိယသက်တမ်းအဖြစ် တာဝန်ထမ်းဆောင်ဖို့ စိတ်အားထက်သန်လျက်ရှိတယ်။ ဒါပေမယ့် အဘီဆစ်နဲ့ တခြားပါတီခေါင်းဆောင်တွေက ဆက်ဟမ်ဟာ ချီတုံချတုံ၊ မပြတ်သားတဲ့လူလို့ သတ်မှတ်ကာ နောက်လူတစ်ယောက် အစားထိုးချင်ကြတယ်။

ပါတီရဲ့ ဒုတိယခေါင်းဆောင် ကွန်ချတီကာဗာနစ်ဂျ်ကို စိတ်ဝင်စားတယ်လို့ တီးခေါက်ကြည့်တဲ့ အခါကျတော့လည်း ကွန်က ဝန်ကြီးချုပ်ရာထူးကို မျက်စိကျနေတယ်။

လေးနှစ်တာ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေရမှာကို ကျွန်က မမက်မောဘူး။ သူတွက်ကိန်းက အဲဒီအချိန်အတွင်းမှာ အဘီဆစ်ရှိမှာမဟုတ်တော့ဘူးလို့ ယုံကြည်ထားဟန်တူတယ်။

လူအတော်များများကလည်း ဒီလိုပဲ တွက်ဆထားကြတယ်။ လူသတ်မှုစွဲချက်ကြောင့်ဖြစ်တာထက် အဘီဆစ်ရဲ့ အတိုက်အခံပါတီ ခေါင်းဆောင်အနေနဲ့ ဆောင်ရွက်မှုတွေဟာ ထင်သလောက် မကောင်းလှတာကြောင့် ဖြစ်တယ်။

မကြာသေးခင်က စစ်တမ်းကောက်ချက်အရ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲတုန်းက ရှုံးနိမ့်ခဲ့လို့ ၁၈ လအကြာမှာ အဘီဆစ်ကို လူထုကြိုက်နှစ်သက်တဲ့အဆင့်ဟာ ၁၆ ရာခိုင်နှုန်းထိ ကျသွားတယ်။ ဝန်ကြီးချုပ် ယင်လတ်ကို လူထုကြိုက်နှစ်သက်တဲ့ အမှတ်အဆင့်က ၅၂ ရာခိုင်နှုန်းကို တက်သွားခဲ့တယ်။

ပြီးခဲ့တဲ့လက ဘီဘီစီ အသံလွှင့်ဌာနက မီရှာလ်ဟူစိန် လူသတ်မှု စွပ်စွဲချက်နဲ့ပတ်သက်ပြီး အဘီဆစ်နဲ့ တွေ့ဆုံမေးမြန်းခန်းလုပ်လိုက်တဲ့အချိန်ကတည်းက အဘီဆစ်ရဲ့ အနာဂတ်ကို သုံးသပ်လို့ရသွားနိုင်ပါတယ်။

ဆန္ဒတွေပြနေတုန်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ လူတွေအားလုံးသိကြတယ်။ သူ့အပေါ် စွဲချက်တွေဟာလည်း မဆီမဆိုင် သဘာဝမကျဘူးလို့ အဘီဆစ်က လူငယ်ပြိုးကလေးနဲ့ ဘီဘီစီတွေ့ဆုံမေးမြန်းခန်းမှာ ဖြေခဲ့တယ်။

ဒီကိစ္စတွေဟာ ဘာကြောင့် မဆီမဆိုင်ရတာလဲလို့ မီရှာလ်ဟူစိန်က မေးခွန်းထုတ်ပြီး ခင်ဗျားဟာ အာဏာချုပ်ကိုင်ထားသူဖြစ်တယ်၊ ကန့်ကွက်ဆန္ဒပြနေကြတဲ့ သူတွေရဲ့စခန်းကို အတင်းအဓမ္မ ဖြိုခွင်းဖို့ ခင်ဗျားခွင့်ပြုခဲ့တာပဲဖြစ်မယ်လို့ ရှာလ်ဟူစိန်က ပြန်ပြောခဲ့တယ်။

ဒီလိုအပြောခံလိုက်ရတဲ့ အဘီဆစ်ဟာ ကတောက်ကတက်ဖြစ်သွားတယ်။ ကျည်ဆန်အစစ်ကို သုံးခွင့်ပြုခဲ့တယ်လို့ အဘီဆစ်က ဝန်ခံတဲ့အခါ ဒီဆုံးဖြတ်ချက်ကို နောင်တရခဲ့သလားလို့ မီရှာလ်ဟူစိန်က မေးလိုက်တဲ့အခါ လူတွေသေခဲ့တာကို စိတ်မကောင်းဖြစ်တယ်လို့ ပြောတာကလွဲလို့ အဘီဆစ်ခမျာ ဘာမှ မပြောနိုင်ရှာဘူး။

ထိုင်း ရွေးရိုးဝါဒီအသိုင်းအဝိုင်းတွေထဲမှာ ကျင်လည်နေတဲ့ အဘီဆစ်ကတော့ လူသတ်မှုစွဲချက်တွေအတွက် ကွပ်မျက်ခံရဖို့မပြောနဲ့ ထောင်ချခံရမှာတောင်မဟုတ်ဘူး။

ဒါပေမယ့် ဒီစွဲချက်နဲ့ တခြားစွပ်စွဲချက်တွေကို ရင်ဆိုင်ဖြေရှင်းနေရမှာတော့ သေချာတယ်။ ဒီတော့ သူ့ရဲ့ အေးတိအေးစက် တာဝန်ဝတ္တရားဆောင်ရွက်မှုက ပိုပြီးသာ ဆိုးလာနိုင်တယ်။

ဖေဖော်ဝါရီလ ၁၇ ရက်မှာ ဘန်ကောက်မြို့ အုပ်ချုပ်ရေးမှူးရာထူးကို ဒီမိုကရက်တွေ ဆုံးရှုံးခဲ့ရင် ကွန်ကတော့ အဘီဆစ်နေရာကို အစားထိုးဝင်ရောက်လာမှာပဲဖြစ်တယ်။

(ဤဆောင်းပါးသည် စာရေးသူ ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။)

(MTE) **သောင်းညွန့်ဘာသာပြန်သည်။**■



ပစိဖိတ်သမုဒ္ဒရာ၏ ရေနက်ပိုင်းတွင် ရောမပြည်ကြီးငါးကို ဗီဒီယိုရိုက်နိုင်ခဲ့

တိုကျို– ပစိဖိတ်သမုဒ္ဒရာ၏ ရေနက်ပိုင်းတွင် ရှစ်မီတာ (၂၆ ပေ) ထိရှည်သော တွေ့ရခဲသည့် ရောမပြည်ကြီးငါးကြီးတစ်ကောင် သွားလာကျက်စားနေပုံကို ဗီဒီယိုရိုက်ကူးခဲ့ကြောင်း သိပ္ပံပညာရှင်များနှင့် ရုပ်သံထုတ်လွှင့်သူများက ဇန်နဝါရီလ ၇ ရက်နေ့တွင်ပြောသည်။


ဂျပန်ရုပ်သံထုတ်လုပ်သူ NHK နှင့် အမေရိကန် Discovery Channel နှင့်အတူလုပ်ကာ ဂျပန် အမျိုးသားသိပ္ပံပြတိုက်က သဘာဝ သက်ရှိသတ္တဝါတို့ နေရာ၌ ရုပ်ရှင်ရိုက်ကူးရာတွင် အောင်မြင်ခဲ့သည်။

ပြတိုက်မှ ပြည်ကြီးငါးကျွမ်းကျင်သူ ဆူနီမီ ကူဘိုဒီရာအပါအဝင် လူသုံးဦးသည် မြောက်ပစိဖိတ်ရှိ ချီချီကျွန်း၏အရှေ့ဘက် ၁၅ ကီလိုမီတာခန့်အကွာတွင် ရေငုပ်သင်္ဘောဖြင့် ရေနက်ထဲသို့ ကူးသွားသော ထိုသတ္တဝါကို ရေအနက် မီတာ ၉၀၀ ထိလိုက်ခဲ့သည်။ **(အေအက်ဖ်ပီ)**

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်စစ်နယ်ရှင်ကျဆုံး

မူလာနာဇီယာသည် တောင်ပိုင်း ဝါဇီရစ္စတန်၌ အဓိကကျသည့် စစ်သွေးကြွတပ်မှူးဖြစ်ပြီး မောင်းသူမဲ့လေယာဉ်ဖြင့် သတ်ဖြတ်ခံရသည့် အဆင့်မြင့် စစ်နယ်ရှင်တစ်ဦးဖြစ်၊ တောင်ပိုင်း ဝါဇီရစ္စတန်ရှိ အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းဖြင့် မော်တော်ယာဉ်ကို တိုက်ခိုက်ပစ်ခတ်ခဲ့



စစ်နယ်ရှင် မူလာနာဇီယာ သတင်းထောက်များနှင့်တွေ့ဆုံခဲ့စဉ်က။ ဓာတ်ပုံ - အေအက်ဖ်ပီ

မီရန်ရှား (ပါကစ္စတန်)– ပါကစ္စတန်နိုင်ငံ၏ လူမျိုးနွယ်စုဒေသဝန်းကျင်၌ အမေရိကန် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများသည် ထင်ရှားသည့် စစ်နယ်ရှင်တစ်ဦးနှင့် စစ်သွေးကြွတိုးဦးတို့အား သေစေခဲ့ကြောင်း ဒေသခံအရာရှိများက ဇန်နဝါရီလ ၃ ရက်က ဆိုသည်။

ဤစစ်နယ်ရှင်သည် မသေဆုံးမီက အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအားတိုက်ခိုက်ရန် သူပုန်များစေလွှတ်ခဲ့သည်။

မူလာနာဇီယာသည် တောင်ပိုင်း ဝါဇီရစ္စတန်၌ အဓိကကျသည့် စစ်သွေးကြွတပ်မှူးဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း ဒရုန်းဖြင့် သတ်ဖြတ်ခံရသည့် အဆင့်မြင့် စစ်နယ်ရှင်တစ်ဦးဖြစ်သည်။

တောင်ပိုင်း ဝါဇီရစ္စတန်ရှိ ဘာမီလ်၏ ဆာကန်ဒါဒေသ၌ အမေရိကန် ဒရုန်းက ဒုံးကျည်နှစ်စင်းဖြင့် ၎င်းစီးနင်းလိုက်ပါလာသည့်ယာဉ်ကို တိုက်ခိုက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ မူလာနာဇီယာနှင့် အပေါင်းအပါ ငါးဦးတို့ ထိုနေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

အသက် ၄၀ ဝန်းကျင်ရှိ နာဇီယာမှာသူ ကနဦးစီးနင်းလိုက်ပါလာသည့် ယာဉ်စက်ချို့ယွင်း၍ နောက်တစ်စီးသို့ ပြောင်းအစီး၌ ပစ်သတ်ခံရခြင်းဖြစ်ကြောင်း ပါကစ္စတန်အရာရှိတစ်ဦးက ပြောသည်။

သေဆုံးသွားသူများထဲ၌ ဩဇာညောင်းသည့် လက်ရုံးနှစ်ဦးဖြစ်သည့် အတ္တာအူလာနှင့် ရာဖေးခန်းတို့လည်း ပါဝင်သည်။

မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသအနီး၌လည်း နောက်ထပ် ဒုံးကျည်နှစ်စင်း ပစ်ခတ်ခဲ့ရာ အမည်မသိ စစ်သွေးကြွ လေးဦး ဇန်နဝါရီလ ၃ ရက်က သေဆုံးခဲ့ကြသည်။

နာဇီယာသည် အယ်လ်ကေဒါနှင့် အဆက်အသွယ်ရှိသည့် ဟက်ကာနီကွန်ရက်နှင့် နီးစပ်ကြောင်းသိရပြီး မကြာသေးမီနှစ်များအတွင်းက ကဘူးလ်မြို့တော်နှင့် အာဖဂန်နစ္စတန် အခြားဒေသများ တိုက်ခိုက်မှုများ၌ ကျော်ကြားခဲ့သူတစ်ဦးဖြစ်သည်။

နာဇီသည် နိုဝင်ဘာလ ၂၉ ရက်က တောင်ပိုင်း ဝါဇီရစ္စတန်၌ အသေခံတိုက်ခိုက်မှုတွင် ဒဏ်ရာရခဲ့ပြီး ယခင်က သူ့အား လုပ်ကြံသတ်ဖြတ်ခြင်းတို့မှ အသက်ရှင်လွတ်မြောက်ခဲ့သည်။

ကနဦးစီးနင်းလိုက်ပါလာသည့်ယာဉ်မှ နောက်တစ်စီးသို့ ပြောင်းအစီး၌ ပစ်သတ်ခံရ...

နာဇီယာသည် ဥဇဘက်ကစ္စတန် အစ္စလမ္မစ် လူပ်ရှားမှုမှ ဥဇဘက်စစ်သွေးကြွ၏ ရန်သူဖြစ်ခဲ့ပြီး ဥဇဘက်နှင့် နိုင်ငံခြား အယ်လ်ကေဒါ အဆက်အသွယ်ရှိစစ်သွေးကြွများကို တောင်ပိုင်း ဝါဇီရစ္စတန်မှ နှင်ထုတ်နိုင်ခဲ့သဖြင့် ၂၀၀၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံက ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

၂၀၀၇ ခုနှစ်က ကြုံတောင့်ကြုံခဲ့သတင်းစာရှင်းလင်းပွဲတစ်ခု၌ နာဇီယာက သူသည် အိုစမာ ဘင်လာဒင်အား မဆုံခဲ့ဖူးကြောင်း၊ သို့သော်လည်း ကာကွယ်ပေးရန် အကူအညီတောင်းခံလာလျှင် အချိန်မလွှဲကာကွယ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်၏ တိတ်တဆိုး ဒရုန်းတိုက်ခိုက်မှုများသည် အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုကာ ပါကစ္စတန်အစိုးရက လူသိရှင်ကြားဝေဖန်ခဲ့သော်လည်း ဒရုန်းတိုက်ခိုက်မှုများသည် အစွမ်းမွှမ်စစ်သွေးကြွများကို တိုက်ခိုက်ရာ၌ အရေးပါသည့် လက်နက်ဟု အမေရိကန်အရာရှိများက ယုံကြည်ကြသည်။

စစ်နယ်ရှင် မူလာနာဇီယာ၏နေရာ၌ ထိပ်တန်း ပါကစ္စတန်စစ်သွေးကြွတပ်မှူးတစ်ဦးအား အစားထိုးခန့်လိုက်သည်။

ထိုစစ်သွေးကြွတပ်မှူး၏ အမည်မှာ ဆာလာဟူဒင် အယူဘီဖြစ်ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအရာရှိများက ပြောသည်။ အယူဘီသည် သေဆုံးသူ နာဇီယာနှင့် ၁၆ နှစ်ကြာ လက်တွဲလုပ်ကိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

နာဇီယာသေဆုံးခြင်းကို ပင်တဂွန် စစ်ဌာနချုပ်က အတည်မပြုသေးသော်လည်း အရေးပါသည့်ဖြစ်ရပ်ဖြစ်ပြီး အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့အတွက် အထောက်အကူဖြစ်မည်ဟု ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

သောင်းညွှန့်ဦး ဘာသာပြန်သည်။ ■

တရုတ်နိုင်ငံတွင် မီးလောင်မှုဖြစ်ပွားခဲ့သော မိဘမဲ့ဂေဟာ ဆက်လက်ဖွင့်ထားမည်ဟုဆို

ပေကျင်း – ပုဂ္ဂလိကပိုင် မိဘမဲ့ဂေဟာတစ်ခုတွင် ဇန်နဝါရီလ ၄ ရက်နေ့က မီးလောင်မှုဖြစ်ပွားရာ အသက် ၂၀ အရွယ်လူငယ်တစ်ဦးနှင့် ကလေးခြောက်ဦးသေဆုံးခဲ့ပြီး ဆယ်နှစ်အရွယ် ကလေးတစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ပြီးနောက် ထိုလိုင်စင်မဲ့မိဘမဲ့ဂေဟာကို တည်ထောင်ထားပြီး ကလေးငယ်များကို စောင့်ရှောက်နေသည့် တရုတ်အမျိုးသမီးတစ်ဦးက မိဘမဲ့ကလေးများနှင့် အခြား စောင့်ရှောက်ရန် လိုအပ်သည့်ကလေးများကို ဆက်ပြီး အရိပ်အာဝါသပေးသွားရန် ဆုံးဖြတ်ထားသည်ဆို၏။

ဟေနန်ပြည်နယ် အလယ်ပိုင်းတွင် ဖြစ်ပွားသော ယင်းကြေကွဲဖွယ်ဖြစ်ရပ်က ကလေး ၁၈ ဦးကို စောင့်ရှောက်ထားသည့် ယွမ်လီဟွိုင်းကဲ့သို့ ပုဂ္ဂလိကစောင့်ရှောက်သူများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ထိုသို့ပုဂ္ဂလိကစောင့်ရှောက်သည့် လုပ်ငန်းများရပ်တည်နိုင်ရန် ထောက်ပံ့မှု၊ သို့မဟုတ် ယင်းတို့ကို ထိန်းသိမ်းရန် အစိုးရ၏ စွမ်းဆောင်ချက်နှင့်ပတ်သက်၍လည်း ဆွေးနွေးမှုများရှိခဲ့သည်။

ယွန်သည် ၂၆ နှစ်အတွင်း ကလေး ၁၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ သို့သော် ဥပဒေကြောင်းအရ တရားဝင် မွေးစားပိုင်ခွင့်မရှိခြင်းကြောင့် တရားဝင် မွေးစားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း မဟုတ်ဘဲ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ခြင်းဖြစ်ကြောင်း Global Times က ဆိုသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■



ကလေး ၁၈ ဦးကိုစောင့်ရှောက်ထားသည့် ယွမ်လီဟွိုင်း။ ဓာတ်ပုံ - အေအက်ဖ်ပီ



တိရစ္ဆာန်ညှင်းပန်းမှု

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆူရာဗာရာဆိပ်ကမ်းမြို့တွင် ပြည်ပမှတင်သွင်းသောနွားများကို လယ်ပင်းတွင်ကြိုးကွင်းစွပ်၍သတ်ဖမ်းနေစဉ်။ တိရစ္ဆာန်များအပေါ် ရက်စက်မှုကြောင့် အင်ဒိုနီးရှားကို ဩစတြေးလျနိုင်ငံသည် တိရစ္ဆာန်တင်ပို့မှုပိတ်ခဲ့သည်။ဓာတ်ပုံ - အေအက်ဖ်ပီ



လေလံအောင်ခဲ့သည့် ဆူရှီဇန်မေချိန်းမှ ကီယိုရှိကီမူရာ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဒေါ်လာ ၁ ဒသမ ၈သန်း တန် တူနာငါး လေလံတင်

တိုကျို– အပြာရောင်ဆူးတောင်နှင့် တူနာ ငါးကြီးတစ်ကောင်အား ဂျပန်နိုင်ငံမှ တဆူကီရှိ (Tsukiji) ငါးဈေးကွက်က ဇန်နဝါရီ ၅ ရက်နေ့တွင် ယခုနှစ်၏ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းနှင့် လေလံတင်နိုင်ခဲ့ပြီးယခင်နှစ်ကလည်း ယခုကဲ့သို့ သုံးကြိမ်နီးပါး ဈေးမြှင့်ပေးခဲ့ခဲ့ရကြောင်း သိရသည်။

အလေးချိန် ၂၂၂ ကီလိုဂရမ် (၄၈၈ ပေါင်) ရှိသည့် အဆိုပါငါးကြီးကို ဂျပန်နိုင်ငံမြောက်ပိုင်း အိုမာမြို့တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး လေလံဆွဲရာတွင် ယန်း ၁၅၅ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈သန်း) နှင့် အနိုင်ရရှိခဲ့ကြောင်း တိုကျိုငါးဈေးကွက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုရရှိခဲ့သော လေလံသည် ယခင်နှစ် တဆူကီရှိတွင် ပြုလုပ်သည့် လေလံပွဲ၌ပေးခဲ့သည့် ယန်း ၅၆ ဒသမ ၄၉ သန်းကိုကျော်ပြီး အသာစီးရခဲ့သည်။ ယခင်နှစ်လေလံပွဲသည်လည်း ကြီးကျယ်ခမ်းနားပြီး တိုကျိုသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များစွာ ပါဝင်ခဲ့သည်။

ဇန်နဝါရီ ၅ ရက်နေ့က လေလံအောင်ခဲ့သူမှာ ဆူရှီဇန်မေချိန်းဆိုသည့် နာမည်ကြီးကုမ္ပဏီမှ ဥက္ကဋ္ဌ ကီယိုရှိ ကီမူရာဆိုသူဖြစ်ပြီး ၎င်းသည် ယမန်နှစ် လေလံကို အောင်နိုင်ခဲ့သူလည်းဖြစ်သည်။

"ဂျပန်နိုင်ငံရဲ့ အကောင်းဆုံး တူနာငါးကို ဒီနှစ်မှာ ထပ်စားချင်သေးတယ်ဆိုတဲ့ ကျွန်တော့်ဖောက်သည်တွေရဲ့ မျှော်လင့်ချက်တွေ ပြည့်စေချင်တဲ့အတွက်ပါ" ဟု ၎င်းဥက္ကဋ္ဌ၏ ပြောကြားချက်ကို ဂျီဂျီသတင်းဌာနတွင် ဖော်ပြခဲ့သည်။

အပြာရောင်ဆူးတောင်နှင့် တူနာငါးများသည် တဆူကီရှိ ငါးဈေးကွက်တွင် ဈေးအကြီးဆုံးငါးဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆယ်စုနှစ်များစွာ ငါးအလွန်အကျွံ ဖမ်းဆီးနေကြသောကြောင့်တူနာငါးဈေးကွက်သည်တစ်ဟုန်ထိုးမြင့်တက်လာကာ အဆိုပါ အခြေအနေများကြောင့် မျိုးသုဉ်းလုနီးပါးဖြစ်နေသော အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိအပြာရောင်ဆူးတောင်ရှိတူနာငါးများ ဖမ်းဆီးခြင်းကို အချို့သော အနောက်နိုင်ငံများက တားမြစ်ထားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် အပြာရောင် ဆူးတောင်ငါးများ ဖမ်းဆီးမှုမှ သုံးပုံတစ်ပုံကို ဂျပန်နိုင်ငံက စားသုံးပြီး ဂျပန်နိုင်ငံတွင် ကူရိုမာဂူရှိ (အနက်ရောင်တူနာငါး) ဟု နာမည်ကြီးသည့်ငါးကို ဈေးကြီးပေးရသည့် ဆူရှီတွင် ထည့်သုံးလေ့ရှိပြီး ၎င်းငါးမှာ ရှားပါးသည့်အတွက် ဆူရှီကျွမ်းကျင်သူများက အနက်ရောင်စိန်ဟု တင်စားခေါ်ဝေါ်ကြသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

အမှိုက်ကောက်သမလုပ်ငန်း ဝင်ငွေတိုး

စုပေါင်း သမဝါယမလုပ်ငန်းသည် အမြတ်ငွေများကို ဝေစုအလိုက် အဖွဲ့ဝင်များအား ခွဲဝေပေးသည့် အပြင် အသက်အာမခံအတိုးနှုန်း စသည့် အကျိုးခံစား ခွင့်များ၊ ဆေးဝါးကုသစရိတ်များခံစားခွင့်ပြု



တစ်ကျော့ပြန် စုပေါင်းသမဝါယမလုပ်ငန်းမှ စုဆောင်းထားသောအမှိုက်များ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဘန်ကောက်– အမေအိုကြီး နွမ်ပရွမ် အွန်သည် နေ့စဉ်ကောက်ယူထားသည့် အမှိုက်များထဲမှ ပုလင်းများ၊ သံဘူးခွံများနှင့် စက္ကူများရွေး၍ ကုန်စုံဆိုင်များတွင် စားသောက်ကုန်များနှင့် ဖလှယ်၍ လည်းကောင်း၊ အချို့ပစ္စည်း ဟောင်းများကို တစ်ကျော့ပြန် ကုန်ထုတ်လုပ်၍ သမဝါယမအသင်းသို့ အပ်နှံ၍ လည်းကောင်း အသက်မွေးဝမ်းကျောင်းနေရသည်။

သူနှင့်အသက် ၆၁ နှစ်အရွယ် ခင်ပွန်းသည် 'ရိုင်း'တို့သည် အခြားအမှိုက်ကောက်သူများထက် လက်ဦးမှုရအောင် နံနက်အစောကြီးကပင် မော်တော်ဆိုင်ကယ်ဟောင်းတစ်စီးဖြင့် ဘန်ကောက်မြို့စွန်ရှိ အမှိုက်ပုံးများထဲမှ တစ်ကျော့ပြန်ထုတ်လုပ်နိုင်သည့် အမှိုက်များကို ဆိုင်ကယ်နောက်တွဲယာဉ်ဖြင့် သယ်၍ ခေါက်ဆွဲခြောက်၊ ငါးပိ၊ ကြက်ဥ၊ သွားတိုက်ဆေး၊ ဆန်၊ ချေးချွတ်ဆေး၊ ဆပ်ပြာ စသော မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများနှင့် လဲလှယ်နေကြရသည်။

သူတို့နှစ်ယောက်ပေါင်း တစ်နေ့တာ အမှိုက်မှရသည့် ဝင်ငွေမှာလည်း ၁၀ ဒေါ်လာပင်မပြည့်။ မြေးများကိုပါ ကျွေးမွေးနေရ၍ လောက်ငလှသည်မဟုတ်ပေ။ သို့ဖြင့် တစ်ကျော့ပြန် စုပေါင်းသမဝါယမ လုပ်ငန်းသို့ ရောက်လာခဲ့ကြသည်။ တစ်ကျော့ပြန် ကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလုပ်ငန်းက သူတို့ကိုကောင်းကောင်းပေး၍ ပစ္စည်းများဝယ်ယူသည်။

ယင်းစုပေါင်း သမဝါယမလုပ်ငန်းသည် အမြတ်ငွေများကို ဝေစုအလိုက် အဖွဲ့ဝင်များအား ခွဲဝေပေးသည့်အပြင် အသက်အာမခံအတိုးနှုန်း စသည့် အကျိုးခံစား ခွင့်များ၊ ဆေးဝါးကုသစရိတ် စသည်တို့ကိုလည်း ခံစားခွင့်ပြုသည်။

တစ်ကျော့ပြန် စုပေါင်းသမလုပ်ငန်းကို ယခင်က အမှိုက်ကောက်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့သော ပီရာသွန်ဆင် နီဂေါင်နှင့်ဇနီး ဖွါရင်တို့ စတင်ထူထောင်လုပ်ကိုင်လာခဲ့ကြသည်။

တစ်ကျော့ပြန် စုပေါင်းသမလုပ်ငန်းတွင် အဖွဲ့ဝင် အမှိုက်ကောက် အသက်မွေးသူပေါင်း ၈၀၀ ပါဝင်သည်။ ယခုအခါ အမှိုက်ကောက်သည့် အိမ်ထောင်စု ၃၅ စုနှင့်အတူ အခြားဒေသခံပြည်သူများကလည်း ၎င်းတို့၏ တစ်ကျော့ပြန်ထုတ်လုပ်နိုင်သည့် အမှိုက်များကို ဘန်ကောက်မြို့ အရှေ့ပိုင်းရှိ ယင်းဆိုင်သို့ သွားရောက် အပ်နှံ ဖလှယ်နေကြပြီဖြစ်သည်။

"နှစ်စဉ်ထွက်ရှိသည့် အမှိုက်ခန့်မှန်းခြေ စုစုပေါင်းတန်ချိန် ၁၅ သန်းမှ ၂၅ ရာခိုင်နှုန်းကို တစ်ကျော့ပြန်အသုံးပြု ..."

ထိုင်းနိုင်ငံတွင် နေ့စဉ် ဘတ်ငွေ ၂၀၀ မှ ၃၀၀ (ဒေါ်လာ ၆ ဒသမ ၅ မှ ၁၀) ထိ ဝင်ငွေရသည့် အမှိုက်ကောက် အသက်မွေးသူပေါင်း ထောင်ချီ၍ ရှိနေကြောင်း 'ထိုင်းနိုင်ငံ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး ဆိုင်ရာ ထုပ်ပိုးကုန်လုပ်ငန်းနှင့် တစ်ကျော့ပြန် ကုန်ထုတ်လုပ်ငန်း စီမံအုပ်ချုပ်မှုဌာန'ကဆိုသည်။ ယင်းဌာနသည် တစ်ကျော့ပြန် စုပေါင်းသမလုပ်ငန်းအဖွဲ့ဝင်များ၏ ကျန်းမာရေး၊ အမှိုက်ရွေးချယ်ရေး စသည့်ပြဿနာများဆိုင်ရာ ပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းတစ်နိုင်ငံလုံးမှ နှစ်စဉ်ထွက်ရှိသည့် အမှိုက်ခန့်မှန်းခြေ စုစုပေါင်းတန်ချိန် ၁၅ သန်းမှ ၂၅ ရာခိုင်နှုန်းကို တစ်ကျော့ပြန်ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

ဤလုပ်ငန်းအောင်မြင်ပုံကို အားကျသော ပြည်သူများကလည်း အလားတူ အမှိုက်သရိုက်များကို လူသုံးကုန် ပစ္စည်းများဖြင့် ဖလှယ်၍ဝယ်ယူသည့် လုပ်ငန်းများကို ဘန်ကောက်မြို့တော်နှင့် အခြားဒေသများတွင် ဖွင့်လှစ်လုပ်ကိုင်နေကြသည်။

ယင်းသို့ ကုန်ပစ္စည်းသစ်များ တစ်ကျော့ပြန်ထုတ်လုပ်နိုင်သည့် အမှိုက်များကို လက်ခံလဲလှယ်ယူသည့် လုပ်ငန်းဆိုင်ပေါင်း ၈၀ ကို ၂၀၁၃ ခုနှစ် နှစ်မကုန်မီ ထိုင်းနိုင်ငံတစ်ဝန်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု 'ထိုင်းနိုင်ငံ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့တည်မြဲရေးဆိုင်ရာ ထုပ်ပိုးလုပ်ငန်းနှင့် တစ်ကျော့ပြန်ကုန်ထုတ်လုပ်ငန်း စီမံအုပ်ချုပ်မှုဌာန'က ဆိုသည်။

ထိုင်းနိုင်ငံ အမှိုက်ကောက်သူများ၏ တစ်ကျော့ပြန် စုပေါင်းကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းကို စင်ကာပူ၊ ဂျပန်နှင့် မက္ကဆီကိုနိုင်ငံတို့မှ ဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိသည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■



နယူးဒေလီအမျိုးသမီးများ ကိုယ်ခံပညာသင်ကြား

ဗလက္ကာရပြုလုပ်သူ၏ လက်တွင်းမှ ပြန်လည်ခုခံပြီးရုန်း ထွက်နိုင်သည့် နည်းများအပါအဝင် အခြေခံကိုယ်ခံပညာများကို သင်တန်းတွင် ရှားများက သင်ကြားပေး၊ ငရုတ်ကောင်းမှုန့် ဖျန်းဆေးဘူးများရောင်းအားကောင်းလာဟုဆို

နယူးဒေလီ – အိန္ဒယနိုင်ငံ၊ နယူးဒေလီတွင် ထိတ်လန့်ချောက်ချားစရာ မုဒိမ်းမှုကြီး ရက်သတ္တသုံးပတ်နီးပါးကြာ ထွက်ပေါ်ခဲ့ပြီးနောက် နယူးဒေလီမှ အမျိုးသမီးများဌင်းတို့၏ လုံခြုံရေးကိုယခင်ကထက် ပိုမိုစိုးရိမ်လာကြပြီး ကိုယ်ခံပညာသင်တန်းများ တက်ရောက်ရန် စိတ်ဝင်စားနေကြကြောင်း သိရသည်။

နယူးဒေလီတောင်ပိုင်းတွင် ဖွင့်လှစ်ထားသော Invictus Survival Sciences သင်တန်းကို စိတ်ဝင်စားပြီး အလောတကြီးဖုန်းဖြင့် ဆက်သွယ်လာကြသော အမျိုးသမီးများအား အကူအညီပေးရန် စောင့်မျှော်နေပါကြောင်း ကိုယ်ခံပညာသင်တန်းဆရာ အနုဂျ် ရှားမားက ပြောကြားသည်။

"နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ ဒီဖြစ်ရပ်က ဂရုစိုက်မခံရတဲ့သူတွေအပေါ် လုံခြုံမှုပေးနိုင်တော့မှာ မဟုတ်ဖူးလို့ ထင်လာကြပြီး ကိုယ့်ကိုယ်ကို ကာကွယ်ရေးဟာ သူတို့အတွက် အဓိကဖြစ်လာတာလို့ထင်တယ်" ဟု ၎င်းသင်တန်းဆရာက ဆိုသည်။

နယူးဒေလီတွင် စော်ကားသတ်ဖြတ်ခံခဲ့ရသော အမျိုးသမီးကဲ့သို့ အသက် ၂၃ နှစ် အရွယ်ရှိ ဆမ်ရီတီအိုင်ရာဆိုသူ မိန်းကလေးက ၎င်းသည် ကိုယ့်ကိုယ် ကိုယ်ကာကွယ်ရန် ရှားမား၏ သင်တန်းသို့တက်ရောက်ခဲ့ရာ အခြားသော သူငယ်ချင်းများသည်လည်း ၎င်းကဲ့သို့သင်တန်း တက်ရန် စိတ်ဝင်စားလာကြကြောင်း ပြောသည်။

ဗလက္ကာရပြုလုပ်သူ၏ လက်တွင်းမှ လက်သီး၊ သို့မဟုတ် ခြေထောက်ဖြင့် ပေါင်ခြဲသို့ကန်ပြီး ပြန်လည်ခုခံပြီးရုန်း ထွက်နိုင်သည့် နည်းများအပါအဝင် အခြေခံကိုယ်ခံပညာများကို သင်တန်းတွင် ရှားမားက သင်ကြားပေးသည်ဟု ၎င်းကဆိုသည်။

"ကိုယ့်အန္တရာယ်ကို အရင်ဆုံး ကိုယ်ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ရမယ်

ဂရုစိုက်မခံရတဲ့ သူတွေအပေါ် လုံခြုံမှုပေးနိုင်တော့မှာ မဟုတ်ဖူးလို့ ထင်လာကြ ...

ဆိုတဲ့စိတ်ကို အမျိုးသမီးတွေက အမြဲတမ်းသတိပြုဖို့လိုတယ်။ ဒါပေမယ့် ဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက် ကျွန်မတို့လို အသက်အရွယ် အမျိုးသမီးတွေတွေ့တာနဲ့ ဒီကိစ္စကိုပဲ စပြီးဆွေးနွေးတာကြတယ်" ဟု လိုင်ရာကပြောသည်။

ယခုတစ်ပတ်ထုတ် သတင်းစာ တစ်စောင်တွင်လည်း အမျိုးသမီးများသေနတ်လိုင်စင် လျှောက်ထားမှုများ စတင်



နယူးဒေလီမြို့ ကိုယ်ခံပညာသင်တန်းတစ်ခုတွင်တက်ရောက်နေသည့် အိန္ဒိယအမျိုးသမီးငယ်တစ်ဦးက ကစားဖော်နှင့်အကန်လှေ့ကျင့်စဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

တိုးလာသည်ဟု ဖော်ပြထားသည်။

အမျိုးသမီးများအပေါ် အနိုင်ကျင့်သည့် အမှုမျှားတိုးပွားလာပြီး စိတ်ပျက်စရာ အုပ်စုဖွဲ့မှုဒိမ်းကျင့်မှုများ မြန်မြန်ဆန်ဆန် ပေါ်ပေါက်ခဲ့သည့်အတွက် ငရုတ်ကောင်းမှုန့် ဖျန်းဆေးဘူးများ ရောင်းအားကောင်းလာကြောင်း အိန္ဒိယ အလယ်ပိုင်းမှ ကုန်စုံဆိုင်ပိုင်ရှင် ဂျိုင်ရှန်ကာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

"နယူးဒေလီက အဖြစ်ဆိုးဖြစ်ပွားပြီးနောက်မှာ ညဘက်နောက်ကျပြီး တက္ကစီနဲ့ပြန်ရင် လုံခြုံရေးတစ်ယောက်တော့ရှိမှ စိတ်ချရမယ်" ဟု နယူးဒေလီအခြေစိုက် လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး ကုမ္ပဏီတစ်ခုမှ အန်ယူရက်မာသာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။

Call Centre ခေါ် တယ်လီဖုန်းများကို သုံး၍ အာမခံလုပ်ငန်း စီစဉ်ပေးခြင်း၊ ကုန်မှာစာပို့ပေးခြင်း၊ သိလိုသမျှ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ပေးရာ ရုံးများနှင့် နည်းပညာကုမ္ပဏီများမှ အမျိုးသမီး ဝန်ထမ်းများ အလုပ်လုပ်ခိုန် လျှော့ဆင်းခြင်း၊ အလုပ်ထွက်ခြင်းများရှိသည့် အတွက် အလုပ်လုပ်နိုင်စွမ်းအားများ ၄၀ ရာခိုင်နှုန်းကျဆင်းသည်ဟု ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ဝေခဲ့သော ASSOCHAM အုပ်စု၏ စစ်တမ်းတစ်ရပ်က ဆိုသည်။

ရာဇဝတ်မှုဆိုင်ရာ မှတ်တမ်းရုံးချုပ်၏ စာရင်းအရ ၂၀၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ မုဒိမ်းမှုပေါင်း ၂၄,၂၀၆ မှုရှိပြီး မြို့များ အနေဖြင့် ဒေလီမြို့တွင် ၁၇ ရာခိုင်နှုန်းနှင့် မွမ်ဘိုင်းမြို့တွင် ၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

သတင်းတို

တရုတ်နိုင်ငံတွင် ဂျာမန် သတင်းထောက်၏ ကွန်ပျူတာ ပစ္စည်းများ ဖျက်ဆီးခံရ

ပေကျင်း– တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၊ ပီကျိုးမြို့ရှိ လမ်းပေါ်နေ ယောကျ်ားလေး ငါးဦး ကာမွန်ပိုနောက်ဆိုက် အဆိပ်သင့်ပြီး သေဆုံးမှုကို စုံစမ်းသတင်းယူနေသည့် ဂျာမန်သတင်းထောက်က ဟိုတယ်ခန်း ဖောက်ထွင်းခံရပြီး ၎င်းက ကွန်ပျူတာနှင့် စမတ်ဖုန်းတို့ ဖျက်ဆီးခံရကြောင်း ဇန်နဝါရီလ ၇ ရက်နေ့က ပြောသည်။ ဂျာမန် နေ့စဉ်သတင်းစာ Der Spiegel အတွက် သတင်းထောက် ဘန်းဟာ့ဒ်ဖန်းသည် အဆိုပါအမှုကို ဖော်ထုတ်ပြီး နောက်ပိုင်းတွင် သီတင်းပတ်အချို့ ထိန်းသိမ်းခံရသော တရုတ်သတင်းထောက်ကို လူတွေ့မေးမြန်းပြီး သေဆုံးသော ကလေးများ၏ ဆွေမျိုးများနှင့်လည်း ပြောဆိုခဲ့သည်။ ပီကျိုးတွင် ဇန်းနှင့် ၎င်း၏ တရုတ် လက်ထောက်တို့သည် မည်သူမည်ဝါမှန်း မသိသော လူများ၏ နောက်ကလိုက်ခြင်းကို အမြဲလိုခံရသည်။ ၎င်းတို့သည် ကျိယန်းမြို့ရှိ ဟိုတယ်သို့ ယခင်သီတင်းပတ် တစ်ည၊နေ၌ ပြန်ရောက်စဉ် ၎င်းတို့၏ လက်ပ်တော့မှ ဖိုင်များစွာ ပယ်ဖျက်ခံရပြီး ဇန်း၏ ကွန်ပျူတာနှင့် အိုင်ဖုန်းဖျက်ဆီး ခံရသည်ကို တွေ့ရှိခဲ့သည်။ ဇန်းက ဒေသတွင်း ရဲသို့တိုင်ကြားပြီး Der Spiegel ကလည်း ဆွစ်ဟိုတယ်အုပ်စု ကမ်ပင်စကီသို့ ဟိုတယ်တွင်း ဖောက်ထွင်းမှုနှင့်ပတ်သက်၍ မေးမြန်းထားသည်ဟု သိရသည်။

(အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

ရက်စက်ကြမ်းကြုတ်မှုတွေဟာ မမြင်ဝံ့စရာပါ

နယူးဒေလီ – နယူးဒေလီမြို့ ဘတ်စ်ကားတစ်စီးပေါ် တွင် ရက်စက်စွာ အုပ်စုလိုက် အမှုပြုကျင့်ခံရအပြီး သေဆုံးခဲ့ရသည့် အသက် ၂၃ နှစ်အရွယ် အမျိုးသမီး၏ ရည်းစားဖြစ်သူက ယုတ်မာကြမ်းကြုတ်သော တိုက်ခိုက်မှုအကြောင်းနှင့် သူ မကယ်တင်နိုင်ခဲ့သည့်အတွက် စိတ်ဒဏ်ရာများကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

တိုက်ခိုက်ခံရမှုကြောင့် ခြေထောက်တစ်ချောင်းကျိုးကာ အခြားဒဏ်ရာများရရှိခဲ့သူ အသက် ၂၀ နှစ်အရွယ်အမျိုးသားသည် ပြင်းထန်သော စိတ်ဒဏ်ရာရရှိလျက်ရှိပြီး ၎င်း၏ အလုပ်ရှိရာ နယူးဒေလီမြို့ရှိ ဆော့ဖ်ဝဲကုမ္ပဏီ တစ်ခုမှ အနားယူကာ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ မိဘများရှိရာ နေအိမ်၌ နေထိုင်လျက်ရှိသည်။

"ကျွန်တော် ဘာပြောနိုင်မှာလဲဗျာ။ ကျွန်တော်မြင်တွေ့ခဲ့ရတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေဟာ မမြင်ဝံ့စရာပါ။ သူတို့ကို ခုခံတိုက်ခိုက်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် နောက်တော့ ကျွန်တော့်ရည်းစားကို လွတ်ပေးဖို့ ကျွန်တော်သူတို့ကို အကြိမ်ကြိမ် တောင်းပန်ခဲ့ပါတယ်" ဟု ၎င်းကပြောခဲ့သည်။

ဒီဇင်ဘာလ ၁၆ ရက်နေ့က အဆိုပါ စုံတွဲသည် ရုပ်ရှင်သွားကြည့်ရာမှအပြန် နယူးဒေလီမြို့ ဆင်ခြေဖုံးရှိအမျိုးသမီး၏ အိမ်သို့ပြန်ရန် လန်ချားဌားရမ်း၍ မရခဲ့သဖြင့် ပုဂ္ဂလိက ဘတ်စ်ကားတစ်စီးပေါ်သို့ တက်စီးရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ကားပေါ်သို့ရောက်သည်နှင့် ၎င်းတို့သည် တိုက်ခိုက်ခြင်းခံခဲ့ရပြီး အမျိုးသမီးကို ကားမောင်းသူ အပါအဝင် လူခြောက်ဦးက အဓမ္မပြုကျင့်ခဲ့ကြသည်။

"ကားပေါ် တက်ဖို့ကို ကျွန်တော်တွန့်နေပါသေးတယ်။ ဒါပေမယ့်ကျွန်တော့် ကောင်မလေးက အပြေးနှေးတာကိုး။ ဒီနောက်တော့ ကျွန်တော် အမှားကြီး တစ်ခုလုပ်လိုက်မိတာကို သိလိုက်ရပြီး အရာအားလုံးဟာ ကျွန်တော် ဘာမှ မတတ်နိုင်တဲ့အနေ အထားကိုရောက် သွားခဲ့ရတယ်" ဟု ၎င်းကပြောသည်။

"တိုက်ခိုက်ခံရအပြီး ဖြတ်သွားသူ တစ်ဦးက ကျွန်တော်တို့ကို တွေ့ခဲ့ပါတယ်။ ဒါပေမယ့် သူကအဝတ်အစား မလုံမလဲဖြစ်နေတဲ့ ကျွန်တော့်ကောင်မလေးကို သူမှာပါတဲ့ ဂျက်ကက်အင်္ကျီ လေးတောင်မပေးခဲ့ပါဘူး။ ရဲတွေရောက်လာပြီး ကယ်ဆယ်ဖို့ပဲ စောင့်ခဲ့ရတယ်" ဟု ၎င်းကဆိုသည်။ **(အေအက်ဖ်ပီ)**

ဓော်ဝင်း ဘာသာပြန်သည်။

'မာလာလာ' ခွဲစိတ်ကုသမှုခံယူရန် ဆေးရုံမှ ယာယီဆင်းလာ

လန်ဒန်– မိန်းကလေးများ ပညာသင်ယူခွင့်အတွက် စည်းရုံးလှုံ့ဆော်မှုကြောင့် တာလီဘန်တို့၏ သေနတ်ပစ်ခတ်ခြင်းကို ခံရသော ပါကစ္စတန်ကျောင်းသူ မာလာလာ ယူဆက်ဖိုင်သည် ခွဲစိတ်မှုကိုစောင့်နေစဉ် ဆေးရုံမှ ယာယီဆင်းခဲ့ကြောင်း သူ ဆေးကုသခံယူနေသော ဗြိတိသျှဆေးရုံက ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြောသည်။

အင်္ဂလန် အနောက်အလယ်ပိုင်း ဘာမင်ဟမ်ရှိ Queen Elizabeth ဆေးရုံ၌ တက်ရောက်ကုသနေသော ၁၅ နှစ်သမီးကလေး၏ အခြေအနေ တိုးတက် ကောင်းမွန်လာသည့်အတွက် ဝမ်းမြောက်ရကြောင်းနှင့် ၎င်း၏ ဦးခွံပေါ်ပြန်လည်ဆက်စပ် ဖော်ထုတ်မည့် ခွဲစိတ်မှုမပြုလုပ်မီ ၎င်းသည် ၎င်း၏ မိသားစုနှင့်အတူ ရှိနေမည်ဖြစ်ကြောင်း အဆိုပါဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အတွင်းလူနာအဖြစ် နေခဲ့သော Queen Elizabeth ဆေးရုံမှ ဇန်နဝါရီလ ၃ ရက်ကဆင်းခဲ့ပြီး မစ်ဒ်လန်းနယ် အနောက်ပိုင်းရှိမိသားစုယာယီအိမ်တွင် ဆက်လက်ပြီး နာလန်ထူနိုင်အောင် နေကာ အပြင်လူအဖြစ် သီတင်းပတ် အနည်းငယ် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ဆေးရုံက ထုတ်ပြန်ချက် တစ်ခုတွင် ဖော်ပြသည်။

အောက်တိုဘာလအတွင်းက ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွက်တောင်ကြားဒေသရှိမင်ဂိုရာမြို့ကို ၎င်း၏ကျောင်းကားဖြတ်စဉ် တာလီဘန် လူသတ်သမားတစ်ဦးက သေနတ်ဖြင့်ပစ်လိုက်ရာ မာလာလာ၏ ဦးခေါင်းထိမှန်သွားခဲ့သည်ဖြစ်ရပ်သည် တစ်ကမ္ဘာလုံးကို ထိတ်လန့်သွားစေခဲ့သည်။

၎င်းအား သေစေနိုင်သည့် စင်တီမီတာများအတွင်း ဝင်လာပြီး ၎င်း၏ ဦးခေါင်းနှင့် လည်ပင်းကိုဖြတ်သွားကာ ဝဲပခုံးထဲ စိုက်ဝင်သွားသည့် ကျည်ဆန်သည် ၎င်း၏ဦးနှောက်ကို ရှုပ်ထိသွားခဲ့သည်။

မာလာလာသည် မိဘနှင့်အစ်ကို နှစ်ဦးနှင့်အတူ အိမ်တွင် နေထိုင်ခွင့်ရပြီး ခွဲစိတ်ကုသမှုအတွက် ဆေးရုံသို့ ပြန်မလာမီ ဆရာဝန်များက ၎င်း၏ အိမ်တွင်သွားရောက်၍ မာလာလာအား ကြည့်ရှုစောင့်ရှောက်မည် ဖြစ်ကြောင်း ဆေးရုံ၏ ညွှန်ကြားရေးမှူး ဒေ့ဗ်ရော့ဆာက ပြောသည်။

ပြိတိန်နိုင်ငံတွင် မိသားစုနှင့် ရေရှည်နေနိုင်ရန်အတွက် မာလာလာ၏ဖခင် ဇိုင်ညြဒင်ယူဆက်ဖိုင်က ဘာမင်ဟမ်ရှိ ပါကစ္စတန် ကောင်စစ်ဝန်ရုံးတွင် ပညာရေးဆိုင်ရာသံမှူးအဖြစ် သုံးနှစ်တာဝန်ထမ်းဆောင်ရန် လက်ခံလိုက်သည်။

(အေအက်ဖ်ပီ)

ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။ ■



Queen Elizabeth **ဆေးရုံအဆင်းတွင် မာလာလာက ဆေးရုံဝန်ထမ်းများအား နှုတ်ဆက်နေစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ

World
သတင်းအကျဉ်းချုပ် ■ ဒေသဆိုင်ရာ ■ နိုင်ငံတကာ ■ အထူးအဖော်ပြပိုင်း
သောကြာနေ့၊ ဇန်နဝါရီ ၁၁ – ၁၇၊ ၂၀၁၃

အိုဘားမား သမ္မတ ဒုတိယသက်တမ်း ကာကွယ်ရေးဝန်ကြီးနှင့် စီအိုင်အေအကြီးအကဲ ရွေးချယ်

ရီပတ်ဘလီကန် ထိပ်တန်းပါတီဝင်များကမူ ဟေဂယ်လ်၏ရာထူးအတွက် ကန့်ကွက်သွားကြမည်ဟုဆို

ဝါရှင်တန် – အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်ဟောင်း ချပ်ဟေဂယ်လ်အား ပင်တဂွန်ဌာနချုပ်ကိုဦးဆောင်မည့် ကာကွယ်ရေးဝန်ကြီးအဖြစ် ဇန်နဝါရီလ ၇ ရက်နေ့က အမည်စာရင်းတင်သွင်းခဲ့ရာ အတိုက်အခံရီပတ်ဘလစ်ကင်များက ဟေဂယ်လ်သည် အစ္စရေးနိုင်ငံအရေး၌ တင်းမာလွန်း၍ အီရန်နိုင်ငံအပေါ်၌မူ ပျော့ပျောင်းလွန်းသူဖြစ်ကြောင်း ပြောဆိုလျက် အတည်ပြုချက်ရယူရေး၌ ကန့်ကွက်လျက်ရှိသည်။



ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်ခံရသော ဟေဂယ်လ် (ဝဲ)နှင့် စီအိုင်အေအကြီးအကဲ ရွေးချယ်ခံရသူ ဂျွန်ဘရေနန်တို့ကို သမ္မတနှင့်တွေ့ရစဉ်။ အေအက်ဖ်ပီ

မကောင်းသတင်းဖြင့် ရာထူးမှနုတ်ထွက်သွားခဲ့ရသူ စီအိုင်အေအကြီးအကဲ ဒေးဗစ်ပက်ထရီးယတ်စ်၏ နေရာတွင်အစားထိုးရန် ဂျွန်ဘရေနန်ကို အိုဘားမားရွေးချယ်ခဲ့ရာတွင်မူ အဆင်ပြေလျက်ရှိသည်။ သို့ရာတွင် ဘရေနန်သည် အကြမ်းဖက်ဝါဒ တန်ပြန်စစ်ဆင်ကာကွယ်ရေးဆိုင်ရာ စစ်ကြောရေးနည်းစနစ်များနှင့် ယိမင်နိုင်ငံတွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့မှုများအတွက် လက်ညှိုးထိုးခံရဖွယ်ရှိနေသည်။

သမ္မတရာထူး ဒုတိယသက်တမ်းအတွက် သမ္မတ၏အမျိုးသားလုံခြုံရေးအဖွဲ့သည် အဆုံးဌာထောက်ခံမှုများရရှိကာ အနိုင်ရမည်ဟု မျှော်လင့်ရသော်လည်း ရီပတ်ဘလီကန်ထိပ်တန်းပါတီဝင်များကမူ ယင်းတို့၏ ပါတီဝင်တစ်ဦးဖြစ်သည့်တိုင် ဟေဂယ်လ်၏ရာထူးအတွက် ကန့်ကွက်သွားကြမည်ဟုဆိုသည်။

"ချပ်ဟေဂယ်လ်ဟာ ကျွန်တော်တို့စစ်တပ်အတွက် ထိုက်တန်တဲ့ဦးဆောင်သူတစ်ဦးပါ။ သူဟာ အမေရိကန်မျိုးချစ် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်" ဟု သမ္မတအိုဘားမားက ဒီယက်နမ်စစ်ပွဲအတွင်း ဒဏ်ရာများရရှိခဲ့ကာ စစ်သားတစ်ဦးအဖြစ် ဆုတံဆိပ်နှစ်ခုရရှိခဲ့သူ စစ်သူရဲကောင်း ဟေဂယ်လ်ကို ခိုးမွမ်းစကားဆိုခဲ့သည်။

"ချပ်ကို ငုံးဆန်တွေထိတုန်းက သူ့အစ်ကိုက ကယ်ခဲ့တယ်။ နောက် သူ့အစ်ကို မိုင်းထိတော့လည်း ချပ်ကပဲ အသက်စွန့်ပြီးကယ်ခဲ့ရတယ်။ ဒီကနေ့တော့ ချပ်ဟာ ဒီဒဏ်ရာတွေကြောပါပြီ" ဟု အိုဘားမားက ပြောသည်။

သို့ရာတွင် ရီပတ်ဘလီကန်အချို့ကမူ ယခင်သမ္မတဟောင်း ဂျော့ဒဗလျူ ဘွတ်ရှ်အပေါ် အီရတ်စစ်ပွဲကိုင်တွယ်မှုနှင့်စပ်လျဉ်း၍ ချပ်၏ ပွင့်ပွင့်လင်းလင်း ဝေဖန်မှုများအတွက် ခွင့်မလွှတ်နိုင်ဘဲ ရှိကာ ဒီမိုကရက်တစ်သမ္မတနှင့် ၎င်း၏ ရင်းနှီး မှုကြောင့် သစ္စာဖောက်တစ်ဦးအဖြစ် ရီပတ်ဘလီကင်များက သမုတ်ထားကြသည်။

အသက် ၆၆ နှစ်အရွယ်ဟေဂယ်လ်သည် အလွန်အကြူးပင် သီခြားဆန်သည့်ဉာဉ်နှင့် ဟောဟောဒိုင်းဒိုင်း ပြောတတ်သူအဖြစ်လူသိများကာ အမေရိက၏ ဂျူမျက်နှာသာပေးခြင်းကိုဝေဖန်ထားခြင်းနှင့် အီရန်အပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုအချို့ကို ကန့်ကွက်ခဲ့ခြင်းများကြောင့် ကာကွယ်ရေးဝန်ကြီးရာထူးအတွက် ကျယ်ပြန့်စွာကန့်ကွက်ခံရမှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်လင်းဆေးဂရောမ်ကဟေဂယ်လ်သည် အမေရိကန်သမိုင်းတွင် အစ္စရေးနိုင်ငံအတွက် ရန်ဘက်ဖြစ်မည့်ကာကွယ်ရေးဝန်ကြီးတစ်ဦး ဖြစ်လာလိမ့်မည်ဟု ဆိုခဲ့ကာ အခြား ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် ဂျွန်ကိုနင်ကလည်း ၎င်းအနေဖြင့် ကန့်ကွက်သွားမည်ဖြစ်ပြီး ဟေဂယ်လ်သည်သာကာကွယ်ရေးဝန်ကြီးဖြစ်ပါက အစ္စရေးနိုင်ငံနှင့် အရှေ့အလယ်ပိုင်းရှိ အခြားမိတ်ဆွေနိုင်ငံများအတွက် အမေရိက၏ သတင်းဆိုးကြီးဖြစ်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အသက် ၅၇ နှစ်အရွယ် ဂျွန်ဘရေနန်၏ စီအိုင်အေအကြီးအကဲ ရာထူးအတွက်မူ အနှောင့်အယှက်မရှိအောင်မြင်သွားနိုင်သော်လည်း ဘွတ်ရှ်အစိုးရလက်ထက်က စစ်ကြောရေးနည်းစနစ်များနှင့် အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများအတွက်မူ မေးခွန်းများဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်။

စီအိုင်အေတွင် အမှုထမ်းသက် ၂၅ နှစ်ရှိခဲ့သူ အရှေ့အလယ်ပိုင်းရေးရာဌာနကျွမ်းကျင်၍ အာရပ်စကားပြောတတ်သည့်ဘရေနန်သည်အကြီးအကဲဟောင်း ပက်ထရီး ယတ်စ်နေရာတွင် ရာထူးဆက်ခံမည် ဖြစ်သည်။ **(အေအက်ဖ်ပီ)**

စောင်းပြ ဘာသာပြန်သည်။ ■

အီရန်နိုင်ငံသား ၄၈ ဦး ဆီးရီးယား သူပုန်များပြန်လွှတ်

ဘေရွတ် – ဆီးရီးယားသူပုန်များသည် လများစွာ ၎င်းတို့ထိန်းသိမ်းထားသည့် အီရန်လူမျိုး ၄၈ ဦးကို ဆီးရီးယား အစိုးရဖမ်းဆီးထားသည့် အကျဉ်းသား ၂၁၃၀ ဦးနှင့် အလဲအလှယ်ပြု၍ ဇန်နဝါရီလ ၉ ရက်နေ့တွင် လွှတ်ပေးခဲ့ကြောင်း သူပုန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၊ တူရကီ လူမှုကူညီရေးအဖွဲ့နှင့် အီရန်နိုင်ငံတော် ရုပ်သံများအရ သိရှိရသည်။

"ဒါဟာ ကျွန်တော်တို့အဖွဲ့ လပေါင်းများစွာဆောင်ရွက်ခဲ့တဲ့ သံတမန်ရေးရလဒ်ပါ" ဟု တူရကီလူမှုကူညီရေးအဖွဲ့တစ်ခုဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးဖောင်ဒေးရှင်း၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည့် ဆာကန်နာဂစ်ကအေအက်ဖ်ပီကို ပြောသည်။

လွတ်လပ်သည့် ဆီးရီးယားတပ်မတော်ဟုအမည်ရသည့် သူပုန်အဖွဲ့ပြော ခွင့်ရပုဂ္ဂိုလ် အာမက်အယ်လ်ခါတစ်ကလည်း အီရန်၏ မဟာမိတ် ဆီးရီးယား သမ္မတ ဘတ်ရှာအယ်လ်အာဆတ်နှင့် သဘောတူညီမှုရရန် တူရကီနှင့်ကာ တာကြားဝင်စေ့စပ်မှုမှ တစ်ဆင့် ဆောင်ရွက်ခဲ့ရကြောင်း ဘေရွတ်ပြို့မှ တယ်လီဖုန်းဖြင့် အေအက်ဖ်ပီသတင်းဌာနကို အတည်ပြုပြောကြားခဲ့သည်။

အီရန်ရုပ်သံတွင်မူ အီရန်ဘုရားဖူး ၄၈ ဦး လွတ်မြောက်လာကြောင်းကိုသာဖော်ပြ၍ အကျဉ်းသားဖလှယ်မှုကို ဖော်ပြခဲ့ခြင်းမရှိချေ။

သို့ရာတွင် သူပုန်များကမူ ဖမ်းမိထားသူများနှင့် ယင်းတို့ထံမှ သိမ်းဆည်းရမိသည့် အီရန်စစ်ဘက်ဆိုင်ရာ မှတ်ပုံတင်ကတ်များကို ဩဂုတ်လ ၅ ရက်နေ့က ဗီဒီယိုထုတ်လွှင့်ခဲ့သည်။

(အေအက်ဖ်ပီ)

စောင်းပြ ဘာသာပြန်သည်။ ■

ဆီးရီးယားလေကြောင်းတိုက်ခိုက်မှု မိသားစုဝင်ကလေး လေးဦးသေဆုံး

ဘေရွတ် – ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ ဟုမ်းစ်မြို့အနီးတွင် ဇန်နဝါရီလ ၉ ရက်နေ့က နံနက်အရုဏ်မတက်ခင် ဖြစ်ပွားသော လေကြောင်းတိုက်ခိုက်မှုတစ်ခု၌ မိသားစုတစ်ခုမှ ကလေးလေးဦးအပါအဝင် အရပ်သားဆယ်ဦးသေ ဆုံးသွားကြောင်း စောင့်ကြည့်လေ့လာသည့်အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့ သည်။

ဂျာဘတ်ဟာမက်ရွာကိုလေကြောင်းမှတိုက်ခိုက်ခဲ့ရာတွင် သေဆုံးခဲ့သော ကလေး လေးဦး၏အသက်မှာ ရှစ်လ၊ ၁၂ နှစ်၊ ၁၄ နှစ် နှင့် ၁၆ နှစ်တို့ဖြစ်ကြကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများက ပြောကြားခဲ့သည်။

မြောက်ပိုင်းပြည်နယ်ဖြစ်သော အလက်ပိုဋ္ဌ အတိုက်အခံတပ်ဖွဲ့များက ရက်သတ္တပတ်ပေါင်းများစွာ ဝိုင်းထားသော မီနာ့ဟ်၊ ကွိရိန့်နှင့် နေယက်ဘ် လေတပ်စခန်းများအနီး၌ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း ဗြိတိန်အခြေစိုက် အဆိုပါ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။

တက်ကြွလှုပ်ရှားသူများ ကွန်ရက်၊ ပြည်သူ့ဆေးရုံနှင့် စစ်ဆေးရုံများရှိ ဆရာဝန်များထံမှ သတင်းအချက်အလက်များ စုဆောင်းရရှိသော စောင့်ကြည့်လေ့လာရေးအဖွဲ့က ဇန်နဝါရီလ ၈ ရက်နေ့က နိုင်ငံတစ်ဝန်းတိုက်ခိုက်မှုများကြောင့် လူ ၅၈ ဦးထက်မနည်း သေဆုံးကြောင်း ပြောကြားခဲ့သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■



အိတ်ဆောင် စပီကာ

နီဗာဒါးပြည်နယ်၊ လပ်စ်ဗေးဂတ်မြို့ရှိ မန္တလေးဘေးကွန်ဗင်းရှင်းစင်တာမှ သတင်းစာရှင်းလင်းပွဲ၌ ပြသထားသည့် Matrix Qube **စပီကာတစ်စုံကို ၂၀၁၃ ခုနှစ် နိုင်ငံတကာ** CES **ပွဲတော်အတွက် ဇန်နဝါရီလ ၆ ရက်နေ့ကတွေ့ရစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ

WHEN **ADVERTISING** DOES **ITS JOB**, **THOUSANDS** OF PEOPLE **KEEP** THEIRS.

Good advertising doesn't just inform
It sells. It helps move product and keep business.
Every time an ad arouses a consumer's
interest enough to result in a purchase,
it keeps a company going strong.
And it helps secure the jobs of the people who work there.

Advertise Now And See People Work.



MYANMARTIMES

Call us now to discuss your requirements.

Tel: 392628, 256342 E-mail: advertising@myanmartimes.com.mm

အီရန်နိုင်ငံတွင်ပျောက်ဆုံးခဲ့သော ခင်ပွန်း၏ဓာတ်ပုံများကို အမေရိကန်ဇနီးသည်က ဖော်ထုတ်ပြသ



အက်ဖ်ဘီအိုင်အေးဂျင့်ဟောင်း ရောဘတ်လက်ဗင်ဆန်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဝါရှင်တန် – လွန်ခဲ့သည့်ခြောက်နှစ်နီးပါးက အီရန်နိုင်ငံတွင်ပျောက်ဆုံးသွားခဲ့သော အက်ဖ်ဘီအိုင်အေးဂျင့်ဟောင်း ရောဘတ်လက်ဗင်ဆန်၏ ဓာတ်ပုံများကို ဇနီးဖြစ်သူကလူသိရှင်ကြားထုတ်ပြလိုက်ကာ အိုမင်းသွားပြီဖြစ်သော ယင်းဓာတ်ပုံများသည် ပျောက်ဆုံးသွားသည့် ခင်ပွန်းဖြစ်သူနှင့်စပ်လျဉ်း၍ ၎င်းနောက်ဆုံးရရှိသည့် သတင်းပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဓာတ်ပုံများအနက်တစ်ပုံတွင် လက်ဗင်ဆန်သည် ကျူးဘားနိုင်ငံရှိအမေရိကန်ပိုင်ဂွာတာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများ ဝတ်ဆင်လေ့ရှိသော ဝတ်စုံများကဲ့သို့ လိမ္မော်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ မုတ်ဆိတ်ဖြူများနှင့် ဖိုသီဖတ်သီဆံပင်ရှည်များနှင့် မြင်တွေ့ရသည်။ လက်ထိတ်များခတ်ထားခံရသည့် ၎င်း၏လက်များတွင်မူ 'ငါ့ကို ဘာလို့ မကယ်နိုင်ကြတာလဲ' ဟူသော စာတမ်းပါသည့် ဆိုင်းဘုတ်တစ်ခုကို ကိုင်ဆောင်ထားသည်။

ဓာတ်ပုံများကို ကနဦး၌ လွတ်လပ်သည့် ဥရောပအသံလွှင့်ဌာနသို့ ပေးခဲ့ခြင်းဖြစ်သော်လည်း ရေဒီယိုဌာနကယင်းဓာတ်ပုံများကို လက်ဗင်ဆန်၏ ဇနီးဖြစ်သူ ခရစ္စတင်းထံသို့ ၂၀၁၁ ခုနှစ် ဧပြီလတွင် လွှဲပြောင်းပေးအပ်ခဲ့ကာ ထိုအချိန်က လူသိမခံကြရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်မခင်ပွန်းဘော့ဘ် အကြောင်းကို တခြားတစ်ယောက် ယောက်ဆီက ကြားရတာ နောက်ဆုံးပါပဲ ...

"ဓာတ်ပုံသက်သက်ပဲရတာပါ။ ဘာရည်ရွယ်ချက်နဲ့ ပို့တယ်ဆိုတာမျိုး ဘာမှပါမလာဘူး။ ဒါကြောင့် ဒါတွေကိုဖုံးဖိထားစရာ အကြောင်းမရှိတော့ပါဘူး။ ဒါတွေက ဒီကိစ္စကိုဖြေရှင်းဖို့ရာ ဘာမှ အထောက်အကူဖြစ်မလာတာပဲဟာ" ဟု ဇနီးဖြစ်သူကပြောသည်။

"ဒါဟာ ကျွန်မခင်ပွန်းအကြောင်းကို တခြားတစ်ယောက်ယောက်ဆီက ကြားရတာ နောက်ဆုံးပါပဲ" ဟု ၎င်းက ဆိုခဲ့သည်။

လက်ဗင်ဆန်သည် ၂၀၀၇ ခုနှစ် မတ်လအတွင်းက အီရန်နိုင်ငံကစ်ရှ်ကျွန်းပေါ်သို့ အလည်အပတ်သွားရောက်ခဲ့စဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး ယင်းသို့လူမသိသူမသိပျောက်ဆုံးခဲ့ရခြင်းကြောင့် အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ရှိရင်းစွဲဆက်ဆံရေး မပြေလည်မှုများ ပိုမိုတင်းမာခဲ့ရသည်။

ယမန်နှစ်မတ်လက အက်ဖ်ဘီအိုင်သည် လက်ဗင်ဆန်အားဘေးမသီရန် မခဘဲ အိမ်ပြန်လာရေးအတွက် သတင်းအချက်အလက်ပေးနိုင်သူအား ဆုငွေဒေါ်လာတစ်သန်း ကမ်းလှမ်းခဲ့သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်ကပင် အက်ဖ်ဘီအိုင်မှ အနားယူခဲ့သူ ခင်ပွန်းဖြစ်သူသည် ဒေသတွင်း စီးကရက်အတုပြုလုပ်မှုကို စုံစမ်းရန်အတွက် အီရန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ဇနီးခရစ္စတင်းက ပြောသည်။ **(အေအက်ဖ်ပီ)**

စော်ဝင်း ဘာသာပြန်သည်။ ■



ရှားပါးတိရစ္ဆာန် မှောင်ခိုထုတ်ယူမှုဖြင့်ဖမ်းထားသောတရုတ်လေးဦး။ အေအက်ဖ်ပီ

အင်ဒိုနီးရှားနိုင်ငံတွင် ရှားပါးတိရစ္ဆာန်မှောင်ခိုမှုဖြင့် တရုတ်နိုင်ငံသားလေးဦးကို ဖမ်းဆီးမိခဲ့

ဂျကာတာ – မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် အောက်ချင်းဒှက်နှင့် သင်းခွေချပ်တို့၏ အစိတ်အပိုင်းများကို မှောင်ခိုထုတ်ရန် ကြိုးစားခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်နိုင်ငံသားလေးဦး ဖမ်းဆီးခံခဲ့ရကြောင်း အရာရှိတစ်ဦးက ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

၎င်းတို့ကို တိရစ္ဆာန်အစိတ်အပိုင်းများထည့်ထားသော အိတ်များနှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇန်နဝါရီလ ၄ ရက်နေ့တွင် အကောက်ခွန်အရာရှိများက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒါရိုရီဝန်နီဒီပျူရိုက ပြောကြားခဲ့သည်။

"အောက်ချင်းဒှက်နှုတ်သီး ၂၄၈ ခု၊ သင်းခွေချပ်အရေခွံ ၁၈၉ ခု တို့နဲ့အတူ သူတို့ကို ဖမ်းမိခဲ့တာပါ။ သူတို့ကို စစ်ဆေးမေးမြန်းကြည့်လိုက်တော့ ဒီတိရစ္ဆာန်အစိတ်အပိုင်းတွေကို တရုတ်တိုင်းရင်းဆေးဖော်ရာမှာ အသုံးပြုမယ်လို့ ယူဆရပါတယ်" ဟု ဝန်နီဒီပျူရိုကအေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လကလည်း ဆူမာတြာကျွန်းမြောက်ပိုင်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် သင်းခွေချပ် ၈၅ ကောင်ကို အင်ဒိုနီးရှား အာဏာပိုင်

ဒီတိရစ္ဆာန်အစိတ်အပိုင်းတွေကိုတရုတ်တိုင်းရင်းဆေးဖော်ရာမှာ အသုံးပြုမယ်လို့ယူဆ ...

များက သိမ်းဆည်းရမိခဲ့သည်။ ယင်းတို့ကို အိတ်များထဲတွင် ထိုးထည့်ထားသော်လည်း အများစုမှာ အသက်ရှင်လျက်ရှိသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

ကင်ညာတွင် မျိုးနွယ်စုအကြမ်းဖက်မှုများဖြစ်ပွား ရှစ်ဦးသေဆုံးခဲ့

နိုင်ရိုဘီ – ကင်ညာအရှေ့တောင်ပိုင်း Tana River ဒေသအတွင်း နောက်ဆုံးဖြစ်ပွားသည့် ရုတ်တရက် အကြမ်းဖက်မှုတွင်လူအချို့ ဒဏ်ရာရပြီး သေဆုံးသူ ရှစ်ဦးထက်မနည်း ရှိခဲ့ကြောင်း ကင်ညာကြက်ခြေနီအဖွဲ့က ဇန်နဝါရီ ၉ ရက်နေ့တွင်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်ပဋိပက္ခတွင် ၎င်းဒေသ၌ လူများအစုလိုက်အပြုံလိုက်သေဆုံးခဲ့သည်။

ဒေသတွင်းအကြမ်းဖက်မှုများသည် ပထမဆုံးအကြိမ်အဖြစ် ဩဂုတ်လတွင် ပေါ်ပေါက်ခဲ့ပြီး ပို၍ပိုရွာမှ လယ်သမားများအဖွဲ့သည် ၎င်းတို့၏ အိမ်နီးချင်းအိုမာရွာမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ယှဉ်ပြိုင်လုပ်ကိုင်ရာမှ အချင်းချင်း အပြန် အလှန်တိုက်ခိုက်မှုများ ဆက် တိုက်ဖြစ် ပွားခဲ့သည်။

သေဆုံးသူရှစ်ဦးတွင် နှစ်ဦးမှာ အရွယ် မတက်မီ တစ်နာရီခန့်အလို၌ အိုမာရွာကို စတင်ဝင်ရောက် တိုက်ခိုက်သူများဟု ယူဆရကြောင်း Tana River ဖြစ်ဝကျွန်းပေါ်ဒေသရှိ ကင်ညာကြက်ခြေနီတပ်ဖွဲ့မှ အရာရှိ ကလက်ဘ်ကီလွန်ဒီက ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြောကြားသည်။

"ခေါင်းမှာ ပြတ်ရှဒဏ်ရာရထားတဲ့ သုံးယောက်မှာ ဒဏ်ရာကပြင်းတော့ စိုးရိမ်ရတဲ့အခြေအနေဖြစ်နေတယ်။ တိုက်ပွဲအခြေ အနေတွေကလည်း ပြန်ပြီးတိုက်ခိုက်ဖို့အစီအစဉ်တွေရှိတယ် ဆိုတဲ့ သတင်းတွေထွက်ပြီး မတည်မငြိမ် ဖြစ်နေတုန်းပဲ" ဟု ၎င်းအရာရှိကပြောသည်။

နာမည်မဖော်လိုသူ အကြီးတန်းရဲအရာရှိတစ်ဦး၏ အတည်ပြုပြောကြားချက်အရ သေဆုံးသူ ရှစ်ဦးထက်မနည်း ရှိပြီး ကိုးဦးဒဏ်ရာရကာ အိမ်များမီးရှို့ခံခဲ့ရသည်ဟု သိရသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■



စာလုံးရေးသည့် ပင်လယ်ဖျံ

ဂျေးဟုအမည်ရသည့် ပင်လယ်ဖျံလေးသည် တိုကျိုမြို့ယိုကိုဟားမားရှိ ဟာကေဂျီးမားပင်လယ်သုခရေသတ္တဝါပြတိုက်၌ ဖြွေနဂါးဟုအဓိပ္ပာယ်ရသော တရုတ်အက္ခရာတစ်လုံးအား ဆေးခြယ်ရေးသားနေခြင်းကို ၂၀၁၃ ခုနှစ်၊ ဧနီနဝါရီလ ၃ ရက်နေ့ကတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အလာစကာငလျင်

ဝါရှင်တန်– ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ အင်အားပြင် မြေငလျင် တစ်ခုသည် အမေရိကန်ပြည်ထောင်စု၊ အလာစကာပြည်နယ် ပင်လယ်ကမ်းခြေ မလှမ်းမကမ်းရှိ ပစိဖိတ်သမုဒ္ဒရာ၏ တစ်နေရာတွင် ဇန်နဝါရီလ ၅ ရက်နေ့က လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေး (ယူအက်စ်ဂျီအက်စ်)က ပြောသည်။

ဂရင်းနစ်စံတော်ချိန် ဝ၈၅၈ အချိန်တွင် ဖြစ်ပွားသည့် မြေငလျင်၏ ဗဟိုချက်သည် အလာစကာပြည်နယ် ခရိတ်မြို့ အနောက်ဘက် ၆၃ မိုင်အကွာ အနက်ကိုးကီလိုမီတာတွင် တည်ရှိကြောင်း ယူအက်စ်ဂျီအက်စ်၏ အဆိုအရ သိရသည်။

သေကေ့၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ လောလောဆယ် သတင်းများမရရှိသေးပေ။

ထိုအချိန်တွင် ဆူနာမီရေလှိုင်း အန္တရာယ် အနှံ့အပြား ခြိမ်းခြောက်မှုမရှိသော်လည်း ဗဟိုချက်အနီးရှိ အလာစကာကမ်းခြေကို သက်ရောက်သည့် ဒေသတွင်း သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း Pacific Tsunami Warning Center က ပြောသည်။

(အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■



ဘဲရွှေဝါ

ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ဆစ်ဒ်နီမြို့တွင်ကျင်းပသည့် ဆစ်ဒ်နီပွဲတော်အတွက် ဒတ်ချ်အနုပညာရှင် ဖလော်ရင်တီကျင်ပြုလုပ်သည့် အဝါရောင် ရော်ဘာဘဲရွပ်ကြီးကို ဇန်နဝါရီလ ၅ ရက်နေ့က ဆစ်ဒ်နီ ဒါလင် ဆိပ်ကမ်းသို့ တွေ့ရစဉ်။ ထိုပွဲတော်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ၁၇ နိုင်ငံမှ အနုပညာရှင် ၇၅၀ ကျော် တက်ရောက်ခဲ့သည်ဟု သိရသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဆီးရီးယား၏ အာလာဝိုက်နယ်မြေ အာဆတ် နောက်ဆုံးခိုလှုံရာ ဒေသဖြစ်နိုင်

ဘေရွတ်– အသေအပျောက်များလှသော ရင်ဆိုင်တိုက်ခိုက်မှုများ ၂၁ လကြာ ဖြစ်ပွားခဲ့ပြီးနောက် လက်လျှော့အရှုံးမပေးရန် ဆုံးဖြတ်ထားသည့် ဆီးရီးယားနိုင်ငံ၏ သမ္မတ ဘာရှာအယ်လ်အာဆတ်အတွက် နောက်ဆုံးရွေးချယ်ရန်ကျန်ရှိသော လမ်းမှာ အကာအရံများ ထူထပ်စွာချထားသည့် အာလာဝိုက်တို့ အများဆုံးနေထိုင်ရာ နယ်ကလေးမှ ဆုံးခန်းတိုင် ခုခံတိုက်ခိုက်ရန်သာဖြစ်ကြောင်း ဆန်းစစ်လေ့လာသူများက ယုံကြည်ထားကြသည်။

သူပုန်များက မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိကြီးမားကျယ်ပြန့်သော ဒေသကြီးများမှ တိုက်ထုတ်လိုက်ပြီးနောက် ဆီးရီးယားတပ်များသည် ယခုအခါ ဒမတ်စကတ်မှ အလယ်ဗဟို ဟုမ်းစ်ပြည်နယ် ဒေသထိရှည်လျားသော အဓိကကျသည့် ဝင်ရိုးတန်းကြီးနှင့် ကမ်းရိုးတန်း အာလာဝိုက်ပြည်နယ်လေး၏ အတွင်းပိုင်း ဒေသတိုင် အဓိအရ ဆုပ်ကိုင်ထားနိုင်ရန် အာရုံစိုက် လုပ်ဆောင်လျက်ရှိသည်။

ပိုင်းဝန်း၍ ဖိတိုက်ခြင်းခံနေရသော အာဆတ်သည် ပြည်သူတို့အား ကြမ်းကြုတ်ရက်စက်စွာ သတ်ဖြတ်ရစေကာမူ ၎င်း၏အာဏာကို ဆုံးခန်းတိုင် အောင် မလွတ်စတမ်း စွဲခိုင်ထားဦးမည် သာဖြစ်ကြောင်း ကုလသမဂ္ဂက ပြည်သူပေါင်း ၆၀,၀၀၀ သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သော အချိန်ကာလရှည်လျားစွာ ဖြစ်ပေါ်ခဲ့သည့် ဖမ်းဆီးနှိပ်ကွပ်မှု၊ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အရှေ့အလယ်ပိုင်းရေးရာ ဝေဖန်သုံးသပ်သူ အကြီးအကဲ ရော်ရီ မက်ကီးယိုက ပြောသည်။



တိုက်ပွဲဝင်နေသော ဆီးရီးယားသူပုန်တပ်ဖွဲ့ဝင်တစ်ဦး။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဆန်းစစ်သူ အဂ္ဂနက်စ်လယ်ဗာလွိုင်းက ဖွင့်ဟပြောကြားလိုက်သည်။

"ပိုမိုကြာရှည်စွာ အာဏာစွဲကိုင်ထားနိုင်လေ ဆက်လက်ပြီး အာဏာကို စွဲကိုင်ထားနိုင်စွမ်းရှိလေဟု ၎င်း ဆိုသည်။

အစိုးရအဖွဲ့ဟာ နိုင်ငံအရှေ့ပိုင်းနဲ့ မြောက်ပိုင်းကနေ မကြာမီ တွန်းထုတ် ခံရမှာဖြစ်ပါတယ် ...

ယုံကြည်လာလေ ဖြစ်လာဖွယ်ရှိပြီး ၎င်းသည် ယင်းသို့ပြုရာတွင် တစ်နိုင်ငံလုံးကို ပြန်လည်သိမ်းယူခြင်းဖြင့်မဟုတ်ဘဲ ဟုမ်းစ်ပြည်နယ်နှင့် အာလာဝိုက်တောင်တန်းတွေသွားရာ အဓိကလမ်းဆုံလမ်းခွဖြစ်တဲ့ ဒမတ်စကတ်ကို စွဲမြဲချုပ်ကိုင်ထားခြင်းသာဖြစ်ကြောင်း" ၎င်းက ဆက်လက်ပြောကြားသည်။

ဝါရှင်တန်ရှိ အရှေ့အလယ်ပိုင်း မူဝါဒရေးရာ အင်စတီကျူမှ ဝေဖန်သိမ်းပိုက်ရန်သာဖြစ်သည်။ သို့မဟုတ် ပါကလည်း ဆီးရီးယား ဆိပ်ကမ်းဒေသတစ်လျှောက်ရှိ အာလာဝိုက်ဒေသက အဓိကလွှမ်းမိုးထားသော ဒေသကြီးကို ပြန်လည်တည်ထောင်ရန်ဖြစ်သည်။

"အစိုးရအဖွဲ့ဟာ နိုင်ငံအရှေ့ပိုင်းနဲ့ မြောက်ပိုင်းကနေ မကြာမီ တွန်းထုတ်ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် ရန်သူတွေဟာ ပိုမိုများပြားတဲ့ အမြောက်ဒုံးကျည်နဲ့ ဓာတုလက်နက်တွေနဲ့ ရင်ဆိုင်ရပြီးမှသာ ၎င်းတို့ကို တွန်းထုတ်နိုင်မှာဖြစ်ပါတယ်"ဟု တက်ဘလာက ဆက်လက်ပြောကြားသည်။

လယ်ဗာလွိုင်းက အာဆတ်သည် အာလာဝိုက်ဒေသသို့ ပြောင်းရွှေ့ဖို့ ရွေးချယ်ခြင်းမပြုမီ ဒမတ်စကတ်ကို လပေါင်းများစွာ စွဲမြဲချုပ်ကိုင် ထားနိုင်စွမ်းရှိကြောင်း ပြောကြားလိုက်သည်။ အာလာဝိုက်ဒေသသည် ၎င်းနှင့် ရှီးယားမွတ်စလင်ဂိုဏ်းကွဲဝါဒ ယုံကြည်မှုချင်းတူညီသော ကမ်းခြေဒေသဆိုင်ရာ အခိုင်အမာတပ်စခန်းများရှိရာ ဒေသဖြစ်သည်။

ဆီးရီးယားစစ်တပ်သည် ဆိပ်ကမ်းမြို့ကြီးများဖြစ်သော လာတာကီးယားနှင့် တာတပ်စ်မြို့ကြီး နှစ်မြို့ကြားရှိ အာလာဝိုက်တောင်တန်း တစ်လျှောက် လက်နက်ခဲယမ်းသိုက်များ ၂၀၁၁ ခုနှစ်မတ်လ ပုန်ကန်ထကြွမှုများမပေါ်ပေါက်မီကာလကြာမြင့်စွာကတည်းက ရှိသည်ဟူသောအချက်မှာ ဖုံးကွယ်မရသည့် လျှို့ဝှက်ချက်များဖြစ်ကြောင်း ဆီးရီးယားနိုင်ငံသားများနှင့် ဝေဖန်

စာမျက်နှာ ၇၁ သို့

အွန်လိုင်းပေါ်တွင် ကလေးရောင်းချသည့် ကြော်ငြာကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိ

ဂျကာတာ – ကလေးငယ်နှစ်ဦးကို တစ်ဦးလျှင် ဒေါ်လာ ၁,၀၀၀ ဖြင့် ရောင်းချရန် ကြော်ငြာထားသည်ကို လေလံဆွဲရာနှင့်စျေးဝယ်ရာတွင် လူသိများထင်ရှားသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Tokobagus.com တွင် ရှာဖွေတွေ့ရှိပြီးနောက် ယင်းကိစ္စကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း ဇန်နဝါရီလ ၇ ရက်နေ့က ပြောကြားခဲ့သည်။

"ဒီကြော်ငြာက ဘယ်လိုရောက်လာတာလဲ၊ နောက်ပြီး ဘယ်လောက်ကြာပြီလဲဆိုတာနဲ့ အရောင်းအဝယ်ဖြစ်သွားပြီလား မဖြစ်သေးဘူးလားဆိုတာကို Tokobagus ကို ကျွန်တော်တို့ မေးမြန်းထားပါတယ်" ဟု ပြောရေးဆိုခွင့်ရှိသူ ဂျကာတာ ရဲအရာရှိတစ်ဦးဖြစ်သည့် Rikwanto က သတင်းထောက်များကို ပြောကြားခဲ့သည်။

ကလေးများ ကာကွယ်စောင့်ရှောက်ရေးအမျိုးသားကော်မရှင်က ထိုကြော်ငြာကိုတွေ့ရှိပြီးနောက် ပြီးခဲ့သည့် ရက်သတ္တပတ်က ရဲဌာနသို့ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း ယင်းကော်မရှင်၏ဥက္ကဋ္ဌဖြစ်သူ အာရစ် မာဒေးကားဆီရိတ်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

"အဲဒီကြော်ငြာမှာ ကလေးငယ်တစ်ယောက်ရဲ့ဓာတ်ပုံတစ်ပုံနဲ့ ဖုန်းနံပါတ်တစ်ခုပါပါတယ်။ ကြော်ငြာရှင်ကို ကျွန်တော်တို့ ဖုန်းဆက်ကြည့်တော့ သူက တစ်ယောက်ကို ရှုပြီး ၁၀ သန်း (ဒေါ်လာ ၁,၀၀၀) နဲ့ ၁၈ လအရွယ် ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို ရောင်းဖို့ရှိတယ်လို့ပြောပါတယ်။

"ကျွန်တော်တို့ညှိနှိုင်းပြောဆိုနေတုန်း မွေးစားရင်း အကြောင်းလည်းပြောရောသူက ရုတ်တရက် ဖုန်းချသွားပါတယ်။ ကျွန်တော်တို့သူ့ကိုထပ်ပြီး ဆက်သွယ်ဖို့လုပ်ပါသေးတယ်။ ဒါပေမယ့်မရပါဘူး" ဟု ဆီရိတ်က ပြောကြားခဲ့သည်။

"ဒါဟာ ကလေးရောင်းချတဲ့အဖွဲ့တွေရဲ့ လုပ်နည်းလုပ်ဟန် အသစ်တစ်ခုဖြစ်လာဖွယ်ရှိပါတယ်။ ကျွန်တော်တို့က လူသားချင်းစာနာမှုမရှိတဲ့ ဒီလိုပြစ်မှုမျိုးကို အထူးအလေးထား ဟန့်တားရမှာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားခဲ့သည်။

လူကုန်ကူးသူများမှာ ထောင်ဒဏ် ၁၅ နှစ်မှ နှစ် ၂၀ ထိကျခံရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုကြော်ငြာမှာ လူအများသက်သက်ကြောင့်သာဖြစ်ပြီး တမင်ရည်ရွယ်ခြင်းမဟုတ်ကြောင်းနှင့် ယင်းကြော်ငြာကို ဖယ်ရှားပြီးဖြစ်ကြောင်း Tokoba-gus က တွစ်တာစာမျက်နှာပေါ်တွင် တောင်းပန်ထားသည်။

ပြည်တွင်းဥပဒေ၏ ဟာကွက်တစ်ခုကိုအသုံးချပြီး အင်ဒိုနီးရှားနိုင်ငံတွင် ယင်းကဲ့သို့သော ဝက်ဘ်ဆိုက်များ၌ ကားနှင့် လက်ဝတ်ရတနာများမှအစ ကျောက်ကပ်ကဲ့သို့ ကိုယ်တွင်းအင်္ဂါများ အဆုံးရောင်းချလျက်ရှိသည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

၂၀၁၂ ခုနှစ် ကမ္ဘာတစ်ဝန်း သတင်းထောက် ၁၄၁ ဦးသေ

ဂျနီဗာ – ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ သတင်းထောက် စုစုပေါင်း ၁၄၁ ဦးသေဆုံးပြီး သတင်းထောက်များ သေဆုံးမှုအမြင့်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ကာ ဆီးရီးယားနိုင်ငံသည် သတင်းထောက်များအတွက် အန္တရာယ်အများဆုံး နေရာတစ်ခုဖြစ်ကြောင်း မီဒီယာစောင့်ကြည့်ရေး အဖွဲ့တစ်ဖွဲ့က ဇန်နဝါရီ ၃ ရက်နေ့တွင် ပြောသည်။

ယင်းသို့သေဆုံးမှုသည် ၂၀၁၁ ခုနှစ် နှင့်ယှဉ်လျှင် ၃၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းထောက်များအား ကာကွယ်ပေးနေသည့် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Press Emblem Campaign (PEC) အဖွဲ့ကဆိုသည်။

ဆီးရီးယားတွင် သေဆုံးခဲ့သော သတင်းထောက် ၃၇ ဦးတွင် ၁၃ ဦးမှာ နိုင်ငံခြား သတင်းဌာနများအတွက် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည်။

ထိန်းသိမ်းခံရသူနှင့် ပျောက်ဆုံးနေသူ သတင်းထောက် လေးဦးရှိပြီး ၎င်းတို့မှာ ယူကရိန်းလူမျိုး အန်ဟာကို ချနီဗာ၊ ဂျော်ဒန်နှင့် ပါလက်စတိုင်းလူမျိုး ဘာရှာဖက်မီ ၊ အမေရိကန်သတင်းထောက် အော်စတင်တိုက်စ်နှင့် အေအက်ဖ်ပီသတင်းထောက် ဂျိမ်းစ်ဖိုလေးတို့ဖြစ်သည်။ အန္တရာယ်အရှိဆုံး နေရာများတွင် လက်တင်အမေရိကမှ နိုင်ငံသုံးနိုင်ငံ လည်းပါဝင်ပြီး မက္ကဆီကို နိုင်ငံတွင် သေဆုံးသူ ၁၁ ဦး၊ ဘရာဇီးလ် နိုင်ငံတွင် ၁၁ ဦးနှင့် ဟွန်ဒူးရပ်စ်တွင် ခြောက်ဦး သေဆုံးခဲ့သည်။

သေဆုံးသူ ခြောက်ဦးရှိခဲ့သည့် ဖိလစ်ပိုင်သည် အန္တရာယ်အရှိဆုံးနံပါတ် (၇) နေရာတွင်ရှိနေကာ ၎င်း၏နောက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ ရှိပြီး ယင်းနိုင်ငံတို့တွင် လေးဦးစီသေဆုံးခဲ့သည်ဟု PEC အဖွဲ့ကဆိုသည်။

သတင်းထောက်များအား အကာအကွယ်ပေးနေသည့်နယူးယောခ်အခြေစိုက်အဖွဲ့တစ်ဖွဲ့၏အဆိုအရ ပြီးခဲ့သည့် လ ၂၀၁၂ ခုနှစ်အတွင်း သတင်းထောက်ပေါင်း ၆၇ ဦး သေဆုံးခဲ့ပြီး ဆီးရီးယားပဋိပက္ခများ၊ ဆိုမာလီယာနိုင်ငံတွင်း ပစ်ခတ်မှုများ၊ ပါကစ္စတန်မှ အကြမ်းဖက်မှုများနှင့် ဘရာဇီးလ်တွင် သတင်းထောက်များအား သတ်ဖြတ်ခဲ့မှုများကြောင့် ယခင်နှစ်နှင့်ယှဉ်လျှင် သတင်းထောက်များ သေဆုံးမှုမှာ ၄၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟုဆိုသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■



ဖြူစင်သန့်ရှင်းသောနေ့

ဇန်နဝါရီလ ၆ ရက်နေ့က ကိုလံဘီယာနိုင်ငံ၊ ပက်စ်တိုမြို့တွင် Cannival of Black & White ပွဲတော်ကာလအတွင်း ဖြူစင်သန့်ရှင်းသောနေ့ "White Day" ကို ပျော်ရွှင်စွာ ဆင်နွှဲနေသူများ။ အဆိုပါပွဲတော်ကို ကုလသမဂ္ဂ ပညာနှင့်သိပ္ပံအဖွဲ့ကြီးက လူသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကြေညာထားပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

တင်းကျပ်သည့်လုံခြုံရေးဖြင့် ပိုလီယိုကာကွယ်ဆေးထိုး

ပါကစ္စတန်သည် ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါဖြစ်ပွားမှုအများဆုံး သုံးနိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သော်လည်း ရောဂါကို အပြတ်နှိမ်နင်းရန် ကြိုးပမ်းမှုများသည် တာလီဘန်တို့၏ အတိုက်အခံပြုမှုကြောင့် အဟန့်အတားဖြစ်ခဲ့ရ၊ တာလီဘန်တို့က ကျန်းမာရေးအဖွဲ့များကို သံသယရှိ

ပက်ရှာဝါ (ပါကစ္စတန်) – ကျန်းမာရေးလုပ်သားများအား တိုက်ခိုက်မှုများစွာ ပြုလုပ်ပြီးနောက် အနောက်မြောက်ဘက်တွင် ပိုလီယိုကာကွယ်ဆေးထိုးခြင်းကို ပိပိရိရိပြန်လည်စတင်ရန် လက်နက်ကိုင် စစ်ရဲနှင့် ရဲများ၏အကူအညီကို ရယူကာ ပါကစ္စတန်နိုင်ငံက စီစဉ်နေသည်ဟု အရာရှိများက သောကြာနေ့ကပြောသည်။ ဒီဇင်ဘာလက ပါကစ္စတန် အနောက်မြောက်ပိုင်းနှင့် ကရာချီတွင် ကျန်းမာရေးလုပ်သားများအပေါ် တိုက်ခိုက်မှုများစွာ ဖြစ်ပွားခဲ့သဖြင့် ကျန်းမာရေးလုပ်သား ကိုးဦးအသတ်ခံရပြီးနောက် ပိုလီယို ကူးစက်ရောဂါနှင့်ပတ်သက်၍ ကလေးများကို ကာကွယ်ဆေးထိုးရန် နိုင်ငံတစ်ဝန်း စည်းရုံးလှုံ့ဆော်သည့် လုပ်ငန်းကို ကုလသမဂ္ဂအေဂျင်စီများက ရပ်ဆိုင်းခဲ့သည်။

ပါကစ္စတန်သည် ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါ ဖြစ်ပွားမှုအများဆုံး သုံးနိုင်ငံတွင် တစ်နိုင်ငံအပါအဝင် နိုင်ငံဖြစ်သော်လည်း ရောဂါကို အပြတ်နှိမ်နင်းရန် ကြိုးပမ်းမှုများသည် တာလီဘန်တို့၏ အတိုက်အခံပြုမှုကြောင့် အဟန့်အတားဖြစ်ခဲ့ရသည်။ တာလီဘန်များသည် ကာကွယ်ဆေးထိုးသည့် ကျန်းမာရေးအဖွဲ့များအပေါ် သံသယရှိသဖြင့် အချို့ဒေသများမှ ပိတ်ပင်ခဲ့သည်။

ပိုလီယိုကာကွယ်ဆေးထိုးရာတွင် ပါဝင်ခဲ့ပြီး ချို့တဲ့သူများကို ကူညီသောအဖွဲ့အတွက် အလုပ်လုပ်နေသော အမျိုးသမီးခြောက်ဦးနှင့် အမျိုးသားတစ်ဦးသည် ဆွေသံ အနောက်မြောက်ခရိုင်တွင် သတ်ဖြတ်ခံခဲ့ရသည်။

တခြားနိုင်ငံတစ်ဝန်း စည်းရုံးလှုံ့ဆော်မှုကို ဖိအားပေးမည့်အစား အာဏာပိုင်များသည် ပြည့်စုံလုံလောက်သည့် လုံခြုံရေးအစီအစဉ်များ ရှိရာနေရာတွင် ကလေးများကို ကာကွယ်ဆေးထိုးရန် ဆုံးဖြတ်ခဲ့သည်ဟု အထက်တန်းအစိုးရ အရာရှိတစ်ဦးက ပြောသည်။

ခိုင်ဘာတောင်ကြားဒေသ အနောက်မြောက်ဘက်တွင် ပိုလီယို အမြစ်ပြတ်ချေမှုန်းရေးအကြီးအကဲ ဒေါက်တာ ဂျန် ဘတ်စ်အာဖရီဒီက "လုံခြုံရေးစိတ်ချဖို့ စည်းရုံးလှုံ့ဆော်မှုတွေဟာ အဆင့်ဆင့်သောကဏ္ဍတွေနဲ့ သီးသန့်နေရာမတူတဲ့ ခရိုင်တွေမှာ လုပ်ဆောင်ဖို့ပါပဲ"ဟုပြောသည်။

"ကျွန်တော်တို့ဟာ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ စည်းရုံးလှုံ့ဆော်မှုကို စတင် လုပ်ဆောင်မှာပါ။ ဒါပေမယ့် လုံခြုံရေး အာမခံချက်တော့ မပေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့က စီမံကိန်းကို ပြန်သုံးသပ်ပြီး မြင့်မားတဲ့စွန့်စားမှုခရိုင်တွေကစတင်ပြီး အဆင့်ဆင့်သောကဏ္ဍတွေက ဒါကိုပြုလုပ်ဖို့ ကျွန်တော်တို့ရဲ့ မူဝါဒကို ပြုပြင်မွမ်းမံရမယ်"ဟု အာဖရီဒီက ပြောသည်။ **(အေအက်ဖ်ပီ)**

သန်းလွင် ဘာသာပြန်သည်။ ■

ဗြိတိန်အလံကို ဘဲလ်ဖတ်စ်မြို့တော်ခန်းမတွင် ပထမဆုံးအကြိမ် လွှင့်ထူ

ဘဲလ်ဖတ်စ် (ဗြိတိန်) – ဗြိတိန်အလံမလွှင့်တင်ရအမိန့်ထုတ် လိုက်သည့်အတွက် ပြီးခဲ့သည့်တစ်လအလိုကမြောက် အိုင်ယာလန်တွင် အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ထိုအချိန်ကစပြီး ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၉ ရက်နေ့က ဘဲလ်ဖတ်စ် မြို့တော်ခန်းမတွင် ဗြိတိန်အလံကို လွှင့်ထူခဲ့သည်။

ဗြိတိန်၏ ပြည်နယ်တစ်ခုဖြစ်သော အိုင်ယာလန်တွင် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ခြောက်ညမြောက်တွင် ဆန္ဒပြသူများက ဘဲလ်ဖတ်စ်မြို့မှ ရဲသားများကို ဓာတ်ဆီပုလင်းပုံးများ၊ မီးရှူးမီးပန်းများ၊ ပုလင်းများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

မြို့တော်ခန်းမတွင် တစ်နှစ်တာကာလလုံး ဗြိတိန်အလံလွှင့်ထူခြင်းမပြုရဟု ဘဲလ်ဖတ်စ်မြို့တော်ကောင်စီက ကြေညာချက် ထုတ်ပြန်ခဲ့သောကြောင့် ဗြိတိန်အစိုးရအားလိုလားသည့် ဆန္ဒပြသူများသည် ဒီဇင်ဘာ ၃ရက်နေ့ကတည်းက ညတိုင်းနီးပါး လမ်းမများပေါ်ထွက်ပြီး ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ဗြိတိန်ဘုရင်မမွေးနေ့များ အပါအဝင် တစ်နှစ်လုံးတွင် အများဆုံး ၁၈ ရက် အလံလွှင့်ထူမည်ဖြစ်ပြီး မင်းသားဝီလျံ၏ ကြင်ယာတော် ကက်သရင်း၏ ၃၁ နှစ်မြောက် မွေးနေ့ဖြစ်သည့် ဇန်နဝါရီလ ၉ ရက်နေ့ တွင် ပထမဆုံးအကြိမ်အဖြစ် အလံလွှင့်ထူခဲ့သည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

ဆီးရီးယား၏ . . .

စာမျက်နှာ ၇၀ မှ

ဆန်းစစ်သူများက ပြောကြားသည်။

အဆိုပါ လက်နက်သိုက်များကို ဒမတ်စကတ်အစိုးရအား သစ္စာခံသည့် တပ်သား ၁၂၀,၀၀၀ တို့ ယခုတိုင် အသုံးပြုရခြင်းမရှိသေးကြောင်း ဝေဖန်ဆန်းစစ်သူများ အဆိုအရသိရှိရသည်။

များမကြာမီက ကုလသမဂ္ဂ ကြေညာချက်တွင် ပြည်သူ ၆၀,၀၀၀ ကျော်တို့ သေကျေပျက်စီးခဲ့ကြပြီးဖြစ်ကြောင်း ဖော်ပြခဲ့ခြင်းက အာဆတ်အား အဟန့်အတား တစ်စုံတစ်ရာပြုနိုင်ဖွယ်မရှိပေ။

"သူဟာ မြေလှန်တိုက်ခိုက်မှုစနစ်အယူအဆပေါ်မှာ ယုံကြည်အားထားနေသူဖြစ်ပြီး ပြည်သူပေါင်း ၃၀၀,၀၀၀ သေကျေပျက်သုဉ်းခြင်းကိုပင် ဂရုပြုမယ့်သူမဟုတ်ဘူး"ဟု လယ်ဗာလွိုင်းက ပြောကြားသည်။ **(အေအက်ဖ်ပီ)**

ခင်အောင် ဘာသာပြန်သည်။ ■



THE MYANMAR TIMES

သင်ယန္တေဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၀၃ (၁၁ - ၁၇၊ ၁၊ ၂၀၁၃)

တရုတ်သတင်းစာ ဆင်ဆာဖြတ်မှု လူထုဆန္ဒပြ

သတင်းစာလွတ်လပ်ခွင့်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဝါဒနှင့် ဒီမိုကရေစီစနစ်ကိုသာ အလိုရှိသည်'' ဆိုသော နဖူးစည်း စာတန်းကို ကိုင်ဆောင်ထားသည့် ပြည်သူများသည် ကွမ်ကျိုးရှိ Southern Weekly ရုံးအပြင်ဘက်တွင် ဆန္ဒပြခဲ့

ပေကျင်း– တရုတ်နိုင်ငံတွင် သတင်းစာလွတ်လပ်ခွင့်ကို အားပေးထောက်ခံသည့်အနေဖြင့် စာပေစိစစ်ရေးကိစ္စနှင့် ပတ်သက်ပြီး အချင်းများနေကြသည့် သတင်းစာတစ်စောင်၏ ရုံးခန်းများအပြင်ဘက်တွင် ဇန်နဝါရီလ ၇ ရက်နေ့က ရာပေါင်းများစွာသော သူများ ဆန္ဒပြခဲ့ကြသည်ဟုဆိုသည်။ အဆိုပါ စာပေစိစစ်ရေးကိစ္စသည် ပြည်သူများ ပါဝင်ပြီးဒေါသတကြီး ပြောဆိုခဲ့သည့် ကိစ္စဖြစ်သည်။

'သတင်းစာလွတ်လပ်ခွင့်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဝါဒနှင့် ဒီမိုကရေစီစနစ်ကိုသာ အလိုရှိသည်'ဆိုသော နဖူးစည်း စာတန်းကို ကိုင်ဆောင်ထားသည့်ပြည်သူများသည်ကွမ်ကျိုးရှိ Southern Weekly ရုံးအပြင်ဘက်တွင် ဆန္ဒပြခဲ့ကြသည်။

ရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တရုတ်နိုင်ငံဖြစ်ရေး မျှော်မှန်းချက် ဖြစ်ထွန်းပေါ်ပေါက်လာရေး တောင်းဆိုထားသော နာမည်ကြီး နိုင်ငံရေးသတင်းစာတစ်စောင်မှ နှစ်သစ်ကူးဆောင်းပါးကိုဇန်နဝါရီ ၃ ရက်တွင် စာပေစိစစ်ရေးအဖွဲ့က ပိတ်ပစ်ခဲ့ပြီးနောက် နိုင်ငံတောင်ပိုင်းမြို့တွင် ဆန္ဒပြမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံရှိ မီဒီယာအဖွဲ့အစည်းများအားလုံးသည် တရုတ်အစိုးရ၏ ဝါဒဖြန့်သည့်ဌာနများမှ ညွှန်ကြားသည့် အတိုင်း လိုက်နာနေကြရသည်။ အချို့သော စာနယ်ဇင်းများက ဝေဖန်ရေးဆောင်းပါးများကို ပိုမိုအသားပေးဖော်ပြကြသော်လည်း လက်ရှိအာဏာရပါတီဖြစ်သည့် ကွန်မြူနစ်ပါတီမှ အဖျက်သဘောဆောင်သည်ဟု ရှုမြင်သော သတင်းများကို ယင်းဌာနများက မကြာခဏ ထိန်းချုပ်ထားလေ့ရှိသည်။

ပိုစတာများကိုင်ဆောင်ကာ သတင်းစာလွတ်လပ်ခွင့်ဆုံးရှုံးသည့် သင်္ကေတအဖြစ် တရုတ်နိုင်ငံရှိ အသုဘများတွင် အသုံးပြုသည့် ဂန္ဓမာပန်းများ ကြဲချခဲ့ကြသော လူငယ်များ အဓိကပါဝင်သည့် ဆန္ဒပြပွဲကို ရဲတပ်ဖွဲ့က ခွင့်ပြုခဲ့သည်။

အာဏာရပါတီနှင့် အဆက်အသွယ်ရှိသော အစိုးရပိုင် Global Times သတင်းစာ၏ တရုတ်ဘာသာစကားနှင့်ရေးသားထားသော အယ်ဒီတာ့အာဘော်တွင် ပေကျင်းသည် သတင်းကိစ္စနှင့်ပတ်သက်လာလျှင် မည်သူမည်ဝါက ပြောဆိုပါသည်ဆိုသော ကိုးကားချက်များကို ဖော်ပြရန် ဆုံးဖြတ်ထားသည်ဟုဆိုသည်။

"စိစစ်ရေးဖြတ်တောက်မှုကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ လက်ရှိကာလတွင် ဖြစ်ပေါ်နေသော တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးကိစ္စများသည် ပြည်သူများ မျှော်မှန်းထားသော မီဒီယာလွတ်လပ်ခွင့်မျိုး မဖြစ်နိုင်သည်မှာ အားလုံးသိပြီးဖြစ်ကြောင်း" ကိုလည်း ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ မီဒီယာကဏ္ဍတွင် နိုင်ငံရေးအတွက် သီးသန့်နေရာတစ်ခု ဖြစ်လာဖို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ မီဒီယာများက အစိုးရကိုတိုက်ခိုက်ရန် အကြောင်းရှာခဲ့မည်ဆိုပါက ၎င်းမီဒီယာသည်သာ အရှုံးနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဟောင်ကောင်အခြေစိုက် တရုတ်မီဒီယာလုပ်ငန်း၏ ချေပပြောဆိုမှုတစ်ခုတွင် သတင်းစာတွင် အယ်ဒီတာများ ရေးသားခဲ့သော နှစ်သစ်ကူးအယ်ဒီတာ့အာဘော်နေရာတွင် အစားထိုးထည့်သုံးရန် စီနီယာအယ်ဒီတာများ၏ သတင်းပေးပို့ချက်များကို သတင်းထောက်များသည် ငြင်းဆိုခဲ့သည်ဟုဆိုသည်။

၂၀၁၁-၁၂ ခုနှစ်တွင် နယ်စည်း မခြားတွင် သတင်းထောက်များအဖွဲ့က ပြုစုထုတ်ပြန်သည့် သတင်းစာလွတ်လပ်ခွင့်အရ နိုင်ငံများအား အဆင့်သတ်မှတ်ရာတွင် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၁၇၉ နိုင်ငံတွင် အဆင့် (၁၇၄) ရှိသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

> **ပြည်သူများမျှော်မှန်းထားသော မီဒီယာလွတ်လပ်ခွင့်မျိုး မဖြစ်နိုင်သည်မှာ အားလုံးသိ...**

သတင်းတို

ပါလက်စတိုင်းသမ္မတနှင့် ဟားမာ့စ်ခေါင်းဆောင်တွေ့မည်

ကိုင်ရို – အီဂျစ်သမ္မတ မိုဟာမက်မော်စီသည် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အက်ဘတ်စ်၊ ဟားမာ့စ် ပေါ်လစ်ပျူရိုခေါင်းဆောင် ခါလက်မီရှယ်လ်တို့အား ကိုင်ရိုမြို့၌ ဇန်နဝါ ရီ ၉ ရက်နေ့တွင်တွေ့ဆုံမည်ဟု သမ္မတမော်စီရုံးက သတင်းထုတ်ပြန်ထားသည်။

သမ္မတမော်စီနှင့် သုံးပွင့်ဆိုင်မတွေ့ဆုံမီ အက်ဘတ်စ်နှင့် မီရှယ်လ်တို့သည် အီဂျစ်နိုင်ငံ၏ ထောက်လှမ်းရေးအရာရှိချုပ်နှင့် ဦးဆုံးတွေ့ဆုံရမည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ယာဆာအလီက အေအက်ဖ်ပီသို့ ပြောသည်။ အက်ဘတ်စ်သည် ဆွေးနွေးမှုများပြုလုပ်ရန် မော်စီ၏ ဖိတ်ခေါ်ချက်ဖြင့် အီဂျစ်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု အက်ဘတ်စ်ခေါင်းဆောင်သော ဖာတာပါတီတို့ကြား စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် အဇမ်အယ်လ်အာမက်က ပြောကြားသည်။ မီရှယ်လ်နှင့် ၎င်း၏အဖွဲ့သည် ရက်အတန်ကြာ အလည်အပတ်ခရီးအတွက် ဇန်နဝါရီ ၈ ရက်နေ့တွင် ဒိုဟာမှ ကိုင်ရိုသို့ ရောက်ရှိခဲ့သည်။ ဟားမာ့စ်နှင့် ဖာတာပါတီတို့သည် ၂၀၀၇ ခုနှစ်၊ ဖွန်လတွင် ဂါဇာကမ်းမြောင်ဒေသကို အစ္စလမ္မစ်များက သိမ်းပိုက်ခဲ့သည့် အချိန်ကတည်းက ရန်စောင်နေခဲ့ကြသည်မှာ ပြီးခဲ့သည့်နှစ်အထိ ပြီးဆုံးခြင်းမရှိခဲ့ပေ။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။





ကွမ်ကျိုးမြို့တွင် သတင်းစာလွတ်လပ်ခွင့်ကို တောင်းဆိုနေကြသော ဆန္ဒပြသူများ။ ဓာတ်ပုံ - အေအက်ဖ်ပီ

The Mandalay Times
Mandalay
မြို့တွင်း

သောကြာနေ့၊ ဇန်နဝါရီ ၁၁ - ၁၇၊ ၂၀၁၃

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ၏ ရောင်းအားမှာ သိသိသာသာမြင့်တက်

ဌေဝါလွင်



ရွှေချည်ထိုးလုပ်ငန်းခွင်တစ်ခုကို စိတ်ဝင်တစား ကြည့်ရှုနေသည့် ခရီးသွားဧည့်သည်တစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - ရွှေဝါလွင်

နိဒါန်းခြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများအပေါ် စိတ်ဝင်စားမှုပိုမိုများပြားလာပြီး ရောင်းအားမှာလည်း မြင့်တက်လာကြောင်း ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်များက မြန်မာတိုင်း(မ်)ကို ပြောသည်။

"အခုချိန်မှာ နိုင်ငံခြားခရီးသွားဧည့်သည်တွေ အများကြီးဝင်ရောက်နေပြီ။ ဧည့်သည်အဝင်များလာပြီဆိုတော့ ရောင်းအားကလည်း ပိုကောင်းလာပါတယ်။ ရိုးရာပစ္စည်းတွေကိုစိတ်ဝင်စားသူတွေလည်း ပိုပြီးများလာတယ်" ဟု အောင်နန်းမြန်မာ့ရိုးရာလက်ဆောင်ပစ္စည်းအရောင်းဆိုင်မှ မန်နေဂျာ ဦးမူက ပြောသည်။

နိုင်ငံခြားခရီးသွားများမှာ မြန်မာ့ရိုးရာပစ္စည်းများကို မြတ်နိုးတန်ဖိုးထားစုဆောင်းတတ်ကြကြောင်း၊ ယခုအခါ နိုင်ငံခြားဧည့်သည်များသာမက မြန်မာတို့က ရိုးရာပစ္စည်းများဖြင့် အိမ်တွင်းအလှဆင်မှုများကို ပိုမိုပြုလုပ်လာကြသဖြင့် ရောင်းအားမှာလည်း ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းပိုမို မြင့်တက်လာကာ မိမိတို့၏ နိုင်ငံအလိုက် ကြိုက်နှစ်သက်သော ပစ္စည်းအမျိုးအစားများမှာ ပြောင်းလဲသွားကြောင်းပြောသည်။

"ပြင်သစ်က ရုပ်သေးကို ကြိုက်တယ်၊ ဩစတြေးလျက ချည်ထည်တွေ၊ နွားခလောက်လေးတွေကို ကြိုက်တယ်။ ထိုင်းကဆိုရင်လည်း ပန်းပုကို အများဆုံးကြိုက်ကြတယ်။

"ပန်းပု၊ ရွှေချည်ထိုးကား၊ ရုပ်သေးနဲ့ ယွန်းထည်ကတော့ အရောင်းရဆုံးပဲ" ဟု King Mindon အမှတ်တရ ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရိုးရာပစ္စည်းများမှာ ရုပ်သေးတစ်ရုပ်လျှင် ကျပ် ၅,၀၀၀ မှ ၁၀,၀၀၀၊ ရွှေချည်ထိုးကားတစ်ကားလျှင် ကျပ် ၁၀,၀၀၀မှ ကျပ် ၈၀,၀၀၀ ထိ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းများပြောင်းလဲသွားကြောင်း၊ နောက်ပိုင်းတွင် ရိုးရာပစ္စည်းများကို ခေတ်နှင့်အညီ ဒီဇိုင်းများဆန်းသစ်တီထွင်လာကြကြောင်း ၎င်းကဆက်လက်ပြောပြသည်။

"ရိုးရာလက်မှု ဆိုပေမယ့်လည်း လက်ရာတွေက ရှေးခေတ်ဒီဇိုင်းဆို သိပ်မကြိုက်ကြဘူး။ နောက်ပိုင်းမှာ ရိုးရာလက်ဆောင်ပစ္စည်းများကို အမှတ်အမှတ်ကောင်းအောင် ခေတ်သစ်မော်ဒန်ဒီဇိုင်းနဲ့ ပေါင်းစပ်ပုံဖော်တာတွေ လုပ်လာကြတော့ လူကြီး၊ လူငယ် စိတ်ဝင်စားမှု ရလာပါတယ်။ တချို့တွေက ပုံတူပေးပြီး ရွှေချည်ထိုးကားလေးတွေထိုးခိုင်းတာလည်းရှိတယ်"ဟု အောင်နန်းမှ မန်နေဂျာ ဦးမူက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အလည်အပတ် သွားသူများကလည်း ရိုးရာ လက်ဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်ပေးရန် ဝယ်ယူသွားသူများလည်းရှိကြောင်း သိရသည်။

"ကျွန်မတို့ဆီမှာက ရိုးရာပစ္စည်း အမျိုးပေါင်း ၂၀ ကျော်လောက်ရှိတယ်။ အများစုက မန္တလေးကျိုးပုံကို ကျောက်စီပြီးပုံဖော်ထားတဲ့ ပန်းချီကားကို တော်တော်ကြိုက်ကြတယ်။ ကြိမ်ထည်၊ ယွန်းအစ်၊ ကြေးနဲ့လုပ်ထားတဲ့ ပစ္စည်းလေးတွေလည်း ရောင်းအားကောင်းတယ်။ ကျောက်စိမ်းပစ္စည်းတွေကိုလည်း တရုတ်နဲ့ထိုင်းက အရမ်းကြိုက်တယ်"ဟု King Mindon မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများသည် ဧည့်သည်အလာများသောလများဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ရိုးရာပစ္စည်းများကို အလုပ်ရုံများထားရှိ၍ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသည့် ဆိုင်ကြီးပေါင်း သုံးဆိုင်ခန့်သာရှိသည်။ ■

အင်နအယ်လ်ဒီညီလာခံ ဗဟိုကော်မရှင်က ပါတီဝင်ရှစ်ဦး ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းခဲ့ရာ ပြန်ရှင်းနိုင်ရန်ကြိုးပမ်း

ဖြိုးဝေကျော်

မန္တလေးတိုင်း ဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ အင်နအယ်လ်ဒီပါတီဝင် ရှစ်ဦးအား အဖွဲ့ချုပ်အတွင်း စည်းလုံးမှုပြိုကွဲစေရန်နှင့် ညီလာခံကျင်းပရေးကို နှောင့်နှေးစေရန် ရည်ရွယ်လုပ်ဆောင်သည်ဟုသတ်မှတ်ပြီး ဗဟိုညီလာခံကျင်းပရေးကော်မရှင်က ပါတီဝင်အဖြစ် ရပ်ဆိုင်းခဲ့ရာ အဆိုပါအဖွဲ့ဝင်များက အဖွဲ့ချုပ်သို့သွားရောက်ကာ ပြန်လည်ရှင်းလင်းတင်ပြနိုင်ရေး ကြိုးပမ်းခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် အင်နအယ်လ်ဒီပါတီအဖွဲ့ချုပ် ရပ်/ကျေးညီလာခံများကျင်းပရာတွင် ဦးကိုကို အောင် ဦးဆောင်သောအုပ်စု၏ ခြိမ်းခြောက်အနိုင်ကျင့်မှုများ ရှိခဲ့ကြောင်းနှင့် အရေးယူပေးရန် ခရိုင်ညီလာခံကျင်းပရေးကော်မရှင်၊ အတွင်းရေးမှူးက တိုင်းညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ပြီးခဲ့သော ဒီဇင်ဘာလ ၂၃ ရက်စွဲဖြင့် တိုင်ကြားခဲ့သည်။ ယင်းကိုဗဟိုသို့ ဆက်လက်တင်ပြမှုအရ ညီလာခံကျင်းပရေး ဗဟိုကော်မရှင်က တိုင်ကြားခံရသူ အဖွဲ့ဝင်ရှစ်ဦးအား အဖွဲ့ဝင်ဖြစ်မှုကို ဗဟိုညီလာခံ ကျင်းပပြီးခါနီးအထိ ရပ်ဆိုင်းလိုက်ကြောင်း ဒီဇင်ဘာလ ၂၈ ရက်ကကျင်းပသည့် ဗဟိုညီလာခံကျင်းပရေးကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေညာခဲ့သည်။

သို့ဖြင့် ကြေညာခံရသူများထဲမှ ဦးကိုကိုအောင်၊ ဦးဝင်းလှိုင်နှင့် ဦးကျော်ကျော်နိုင်တို့သုံးဦးက ဇန်နဝါရီလ ၃ ရက် နေ့တွင် အဖွဲ့ချုပ်ရှိရာ ရန်ကုန်သို့သွားရောက်ကာ ၎င်းတို့ဘက်မှ အဖြစ်မှန်ကို ပြန်လည်တင်ပြခွင့်ရရေး ကြိုးပမ်း

မန္တလေးစာမျက်နှာ ၂ သို့



အဖွဲ့ဝင်အဖြစ် ရပ်ဆိုင်းခြင်း မခံရမီက ဦးကိုကိုအောင်က ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရပ်ကွက်ပါတီရုံး တစ်ရုံးကို ဦးဆောင်ဖွင့်လှစ်ပေးခဲ့စဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ယခုလဒုတိယပတ် အတွင်းမန္တလေး စက်မှုဇုန်များကို အချိန်ပိုင်းမီး စတင်ဖြတ်တောက်မည်

စည်သူလွင်

ယခုလ ဒုတိယပတ်မှစ၍ မန္တလေးစက်မှုဇုန်များကို အချိန်ပိုင်းမီးဖြတ်တောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလျှပ်စစ်ရုံးထံမှ သိရသည်။

ယင်းမှာ လာမည့် နွေရာသီတွင် လုံလောက်စွာ လျှပ်စစ်မီး ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"စက်မှုဇုန်က လုပ်ငန်းရှင်တွေနဲ့ ညှိပိုင်းမှာ လုပ်ငန်းမလုပ်ဖို့အတွက် ဝန်ခံကတိကိုလည်း တောင်းထားပြီးသားပါ။ ညနေ ၄ နာရီကနေ ည ၁၁ နာရီအချိန်ထိ မီးဖြတ်သွားမှာပါ။

"အခုလို ဖြတ်တောက်ရတာ ကလည်းလာမယ့် နွေရာသီမှာ ပြည်သူလူထု လျှပ်စစ်မီး အပြည့်သုံးနိုင်ဖို့အတွက်ပါ။ ရေကိုအကုန်မသုံးဘဲနဲ့ လှောင်ထားမယ်။ နွေရာသီမှ ထုတ်သုံးမယ်" ဟု တိုင်း ဒေသကြီးလျှပ်စစ်ရုံး တာဝန်ရှိသူတစ်ဦး က ပြောသည်။

စက်မှုဇုန်များကို လျှပ်စစ်မီး အချိန်ပိုင်းဖြတ်တောက်ထားချိန်တွင် ရပ်ကွက်များအတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ လုပ်ကိုင်ပါက သတိပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုလက်ရှိအချိန်တွင် ရပ်ကွက်များ ကိုလျှပ်စစ်မီးအပြည့်အဝပေးသွားမည် ဖြစ်ကြောင်းနှင့်ခေတ္တခဏ ပြတ်တောက်ခြင်းသည် လိုင်းအပြောင်းအလွဲနှင့် ဓာတ်အားပေးစက်အပြောင်းအလဲကြောင့် ဖြစ်ကြောင်း လျှပ်စစ်ရုံး အင်ဂျင်နီယာက ပြောသည်။

မန္တလေးခရိုင်တစ်ခုလုံးအတွက် လျှပ်စစ်ဓာတ်အားများကို တံခွန်တိုင်ပင်မဓာတ်အားခွဲရုံ၊ အောင်ပင်လယ်ပင်မခွဲရုံ၊ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် မြောက်ပြင်ဓာတ်အားခွဲရုံများမှ မန္တလေး တစ်မြို့လုံးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာ မန္တလေးတစ်ခရိုင်လုံးအတွက် ဓာတ်အားလိုအပ်ချက်မှာ မဂ္ဂါဝပ် ၂၀၀ ခန့်ဖြစ်ပြီး မန္တလေးတိုင်း ဒေသကြီးတစ်တိုင်းလုံးအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ မဂ္ဂါဝပ် ၃၀၀ ခန့်ရှိကြောင်းသိရသည်။

မန္တလေးခရိုင်အတွင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ တိုးတက်များပြားလာသဖြင့် ဓာတ်အားခွဲရုံတစ်ရုံ ထပ်မံဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ■

UPPER MYANMAR
www.mmtimes.com
jrefmjynftxufykdowif;2

အလုပ်နဲ့ဘဝ ထပ်တူကျပါ့မလား

သန်းနိုင်စိုး

သင်္ကျော်ရွှင်သော အလုပ်တစ်ခုကို ရှာပါ။ သင့်ဘဝတစ်လျှောက်လုံး အလုပ်လုပ်တဲ့နေ့ဆိုတာ ရှိမှာမဟုတ်တော့ပါဘူးဆိုတဲ့ ဆိုရိုးစကားလေးတစ်ခုရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့တစ်တွေဟာ ကိုယ်ပျော်ရွှင်တဲ့အလုပ်မှာ ဒါမှမဟုတ် ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်နေရမယ်ဆိုရင် အလုပ်ကို အလုပ်လို့ တောင် ထင်မှာမဟုတ်တော့ပါဘူး။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်ရဲ့အလုပ်ဟာ ပျင်းရိလောက်လောက်မရှိတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ ပျော်စရာတွေ အများကြီးမရှိနိုင်ပါဘူး။ ဘဝကို ပျော်ရွှင်ခံစားနိုင်ဖို့ဆိုတာ ငွေလိုအပ်ပါတယ်။ လူတိုင်းမလုပ်ချင်တဲ့ရင်ခွဲရုံမှာ အလုပ်လုပ်ရတဲ့သူ၊ အနုမျိုးစုံထွက်နေတဲ့အမှိုက်တွေကို သိမ်းတဲ့သူ၊ ပုပ်စော်နံနေတဲ့ ရေမြောင်းဆယ်တဲ့သူ၊ ဆိပ်ကမ်းတွေမှာ ပင်ပင်ပန်းပန်းနဲ့ ကုန်တင်ကုန်ချ လုပ်နေတဲ့သူတွေဟာ သူတို့အလုပ်မှာ မပျော်ဘူးဆိုတာ သေချာပါတယ်။ ဒီပျော်စရာမကောင်းတဲ့အလုပ်တွေကိုစွန့်လွှတ်ပြီး သူတို့ဝါသနာပါတဲ့အလုပ်ကို ပြောင်းလုပ်ဖို့ဆိုတာကရော ဖြစ်နိုင်ပါ့မလား။

လူအများစုဟာ လတ်တလောရင်ဆိုင်နေရတဲ့ စားဝတ်နေရေးအခက်အခဲတွေကိုဖြေရှင်းဖို့ကြိုးစားကျရာနေရာမှာ လုပ်နေရတဲ့သူတွေများပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးတဲ့နိုင်ငံတွေမှာဆို ပိုတောင်ဆိုးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံးဟာ ကိုယ်ပျော်တဲ့အလုပ်ကိုပဲ ရှာဖွေကြမယ်ဆိုရင်တော့ လူလောကယန္တရားကြီးဟာ ရပ်တန့်သွားနိုင်ပါတယ်။

"လူတိုင်းက အဆိုတော်ဖြစ်ချင်မယ်၊ ရုပ်ရှင်မင်းသား ဖြစ်ချင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ ဘာဖြစ်သွားမလဲ။ ကမ္ဘာကြီးတစ်ခုလုံး ဘာဖြစ်သွားမလဲ။ ဘယ်သူမှ သုဘရာဇာ မဖြစ်ချင်ကြပါဘူး။

"ဘယ်သူမှလည်း သန့်ရှင်းရေးလုပ်သား မဖြစ်ချင်ကြပါဘူး။ သေချာတာကတော့ လူတော်တော်များများဟာ မလုပ်ချင်ပေမယ့်လည်း လုပ်နေရတာများပါတယ်"လို့ မန္တလေးမြို့က စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိ လုပ်ငန်းခွင်ဝင်နေတဲ့သူတော်တော်များများဟာ ကိုယ်ကျွမ်းကျင်တဲ့ လုပ်ငန်းဖြစ်ခြင်းမဖြစ်ခြင်း၊ ဝါသနာပါခြင်း မပါခြင်းထက် လတ်တလော အလုပ်ရရှိရေးကိုပဲ ဦးတည်နေကြရပါတယ်။

"ကျွန်တော့်အမြင် ပြောရရင်တော့ ကိုယ်ပျော်တဲ့အလုပ်မှာပဲ လုပ်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အလုပ်ဆိုတာက ဘဝရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တယ်။ ကိုယ်မပျော်တဲ့အလုပ်ကို ကြိတ်မှိတ်ပြီးလုပ်နေရရင် ကိုယ်ပဲ စိတ်ဆင်းရဲရမယ်။ အလုပ်ရဲ့စိန်ခေါ်မှုတွေကို ရင်မဆိုင်နိုင်ဘူး။ ဒီတော့ တိုးတက်မှုဆိုတာ ဘယ်မှာလာရှိနိုင်တော့မှာလဲ။ ကျွန်တော်တို့ ကုမ္ပဏီကို အလုပ်လာလျှောက်တဲ့သူတွေကို ကြည့်လိုက်ရင် တချို့ဆို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်က ဘွဲ့ရတဲ့သူတွေပါတယ်။ တချို့လည်း ကွန်ပျူတာတက္ကသိုလ်က ဘွဲ့ရတဲ့သူတွေပါတယ်။ လာလျှောက်တဲ့အလုပ်က အရောင်းဝန်ထမ်းအလုပ်၊ အရမ်းနှမြောဖို့ကောင်းပါတယ်။ သူတို့တွေအနေနဲ့ အခွင့်အလမ်းတွေ ရလာထားတဲ့ ပညာတွေကို သက်ဆိုင်ရာနယ်ပယ်မှာပဲ အသုံးချသင့်တယ်။ လတ်တလောအလုပ်ရဖို့ထက် ကိုယ်ကျွမ်းကျင်တဲ့၊ ကိုယ်နဲ့ကိုက်ညီတဲ့ အလုပ်ကိုပဲရှာတာ ပိုကောင်းပါတယ်"လို့ ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာက သူ့ရဲ့အမြင်ကို ပြောပါတယ်။

တချို့သူတွေကတော့ ကိုယ်ပျော်တဲ့အလုပ်ကိုလုပ်ခွင့်မရရင် ကိုယ်လုပ်နေတဲ့အလုပ်မှာ ဘယ်လိုပျော်အောင် နေမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာသင့်တယ်လို့ အကြံပြုကြပါတယ်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်လက်ရှိလုပ်နေတဲ့ အလုပ်ဟာ ကျွန်တော်ဝါသနာပါလို့ ကျွန်တော် လုပ်ချင်လို့ လုပ်နေတဲ့အလုပ်တော့ မဟုတ်ပါဘူး။ လုပ်ရင်းလုပ်ရင်းနဲ့ အလုပ်ကို စိတ်ဝင်စားလာတယ်။ အလုပ်တိုးတက်ဖို့ နည်းလမ်းတွေကို ရှာဖွေလာတယ်။

"အလုပ်ကလည်း တိုးတက်လာတော့ အလုပ်မှာ အလိုလိုပျော်သွားတော့ တာပါပဲ"လို့ မြစ်သားမြို့က ကျူရှင်ဆရာ ဦးစံသော်ထွန်းက ပြောပါတယ်။

အချို့ကုန်၊ ငွေကုန်ခံပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေမှာ တက်ရောက် ပညာသင်ကြားခဲ့ပေမယ့် အလုပ်ရရှိဖို့နဲ့ ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ဖို့ အရင်းအနှီးများတဲ့အတွက် တခြားနယ်ပယ်ကို ထွက်ပြီး လုပ်ရပါတယ်လို့ တချို့သူတွေက ဆိုပါတယ်။

"ဘယ်သူမဆို ကိုယ်သင်ထားတဲ့ ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုချင်ကြတာပေါ့။ ဒီလိုနှစ်တွေအများကြီးသင်ခဲ့ရတဲ့၊ ပိုက်ဆံတွေအများကြီးအကုန်ခံသင်ထားတဲ့ပညာရပ်ဆို ပိုတောင်ဆိုးသေးတယ်။ ဒါပေမယ့် သွားဆေးခန်းတစ်ခုဖြစ်ဖို့ အရင်းအနှီးအများကြီးလိုတာ၊ နာမည်ရတဲ့သွားဆေးခန်းတစ်ခုဖြစ်ဖို့မလွယ်တာရော စသဖြင့်ပေါ့လေ။ အခက်အခဲတွေ အများကြီးရှိတယ်။ မန္တလေးမှာက သွားဆေးခန်းတွေများလာတော့ ကိုယ့်ဆေးခန်းကို လူသိပြီး လူနာလာဖို့တောင် တော်တော်လေးကြိုးစားရမယ့်အနေအထားပါ။ ကိုယ်ပိုင်သွားဆေးခန်းတစ်ခု ဖွင့်ပြီဆိုလည်း ဒီဆေးခန်းအတွက် စိုက်ထုတ်ထားရတဲ့ငွေက မြန်မြန်တော့ပြန်မရနိုင်ဘူး။ ကိုယ့်ဆေးခန်းကို လူနာလာစေချင်တယ်။ လူသိစေချင်တယ်ဆိုရင် နာမည်ရပြီးသား ဆရာဝန်ကြီးတွေကို သဘောခေါ်ထိုင်ခိုင်းတာမျိုးလုပ်ရင်တော့ ပိုအဆင်ပြေတယ်။ ကိုယ်ပိုင်ဆေးခန်း ဖွင့်ချင်တယ်ဆိုရင်တော့ တော်တော်လေးဝေးလံပြီး သွားဆေးခန်းမရှိတဲ့ဒေသတွေမှာ သွားဖွင့်ရင်တော့ အများကြီးအဆင်ပြေတယ်။ ကိုယ်က အဲဒီလိုနေရာ သွားနိုင်ဖို့တော့လိုတာပေါ့။ အဲဒီလိုမှမဟုတ်ရင် ခုနက ပြောသလို ကိုယ့်မှာစိုက်ထုတ်နိုင်တဲ့ အရင်းအနှီးရှိလား။ အချိန်ကာလတစ်ခုထိ ရင်းထားနိုင်လား။ ထပ်ဖြည့်ရမယ့်ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်ကို ကိုယ်က တတ်နိုင်လားဆိုတာ စဉ်းစားစရာရှိတယ်။ အခုလက်ရှိလုပ်နေတဲ့ အလုပ်က ကိုယ်ဝါသနာပါတဲ့အလုပ်ဆိုတော့ သင်ထားတဲ့ပညာရပ်မဟုတ်ပေမယ့် အလုပ်မှာပျော်ရွှင်မှုရှိပါတယ်"လို့ သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်နေသူ ဒေါက်တာမေပန်းဆုကို က ပြောပါတယ်။

စာရေးဆရာ စိုးဘားဒိုင်က "အလုပ်လုပ်တာပဲဖြစ်ဖြစ်၊ ဘယ်လိုကိစ္စမျိုးမှာပဲ ဖြစ်ဖြစ် စိတ်ကသန့်နေဖို့လိုတယ်။ စိတ်သန့်နေတော့ လုပ်ရကိုင်ရတာအဆင်ပြေတာပေါ့။ အလုပ်အပေါ်မှာ အလုပ်လုပ်နေရတယ်လို့မမြင်တာက ဘဝမှာ ပိုအရေးကြီးတယ်လို့ပြောရမယ်။ စိတ်က သန့်ရင် ပျော်ရင်ပြီးတာပဲ။ လုပ်ခလစာမို့ စားဝတ်နေရေးအတွက်ဆိုတာတွေက တော့ မရှောင်သာလို့ လုပ်ကြရတာရှိမှာပေါ့။ လစာတွေ၊ စားဝတ်နေရေးတွေ မတွက်ရဘဲ ပျော်ပျော်လုပ်ခွင့်ရနေရင်တော့ အကောင်းဆုံးပေါ့ဗျာ။ မပျော်ဘဲ လုပ်နေရတာဆိုရင်တော့ စိတ်ဓာတ်မကျဘဲ ပျော်ပျော်လုပ်ခွင့်သာမယ့်အခြားကိုရောက်အောင် ကြိုးစားသင့်တယ်လို့ ထင်ပါတယ်"လို့ သူ့အယူအဆကို ပြောပါတယ်။

ဘဝပေးအခြေအနေအရ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နေရတဲ့သူတွေက လွဲပြီး ကျွန်တော်တို့တစ်တွေဟာ တစ်ချိန်မဟုတ်တစ်ချိန်မှာ အလုပ်လုပ်ကြရပါမယ်။ ဒီတော့ကိုယ်ပျော်ရွှင်တဲ့၊ ကိုယ်ဝါသနာပါတဲ့အလုပ်ကိုပဲ လုပ်မလား။ လုပ်ခလစာကောင်းတဲ့ အလုပ်ကိုပဲ ရွေးချယ်မလား။ လုပ်ခလစာကောင်းတဲ့ အလုပ်ကိုရှာပြီး အဲဒီအလုပ်မှာပဲ ပျော်အောင်၊ ဝါသနာပါအောင် ကြိုးစားမလား ...

အင်နာအယ်လ်ဒီညီလာခံ ဗဟို . . .

မန္တလေးစာမျက်နှာ ၁ မှ

ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ခြိမ်းခြောက်တာ၊ အုပ်စုဖွဲ့အနိုင်ကျင့်တာ တစ်ခုမှမရှိခဲ့ပါဘူး။ တစ်ဖက်ကတိုင်ရင် တစ်ဖက်ကို ခေါ်ပြီး မေးမြန်းတာမျိုးလုပ်သင့်ပေမယ့် လုံးဝမလုပ်ဘဲ ဒီလိုတစ်ဖက်သတ် ဆုံးဖြတ်ချက်ချခဲ့တာဟာလည်း မလုပ်သင့်ပါဘူး။ ဒါက ပါတီဝင်တွေရဲ့ယုံကြည်မှုကိုပါ ကျဆင်းစေပါတယ်။ ဒါကြောင့် ဒီပြဿနာနဲ့ပတ်သက်ပြီး ဗဟိုညီလာခံကျင်းပရေးကော်မရှင်က တာဝန်ရှိသူတွေကို ကျွန်တော်တို့လာရှင်းပြပါတယ်။

"တာဝန်ရှိသူတွေက ဒီပြဿနာကို အောက်ခြေအထိ ဆင်းစုံစမ်းပြီးဖြေရှင်းမယ်။ မြို့နယ်ညီလာခံ ဆက်မကျင်းပဘဲ ရပ်ဆိုင်းထားမယ်လို့ အစကပြောပေမယ့် ဒီနေ့ကျတော့ တိုင်းကတိုင်ကြားချက်ကိုပဲ ယုံကြည်လက်ခံမယ်လို့ပြောပြန်တာကြောင့် ကျွန်တော်တို့အနေနဲ့ အခက်အခဲကြုံရပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ပြီး တင်ပြနိုင်ဖို့ဆက်ကြိုးစားနေပါတယ်"ဟု ဦးကိုကိုအောင်က ယခုလ ၇ ရက်နေ့က ပြောသည်။

၎င်းအပါအဝင် အဖွဲ့ဝင်အဖြစ် ရပ်ဆိုင်းခြင်းခံရသော ရှစ်ဦးတွင် ဒုနှစ်ဦးမှာ မကြာမီက ကျင်းပပြီးစီးခဲ့သော ရပ်/ ကျေးညီလာခံများတွင် မြို့နယ်ကိုယ်စားလှယ်များအဖြစ် ပါတီဝင်ထု၏ ထောက်ခံချက်ဖြင့် ရွေးချယ်ခံထားရကြောင်း ၎င်းက ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ပြီးခဲ့သော ၂၀၁၂ နိုဝင်ဘာလနောက်ဆုံးပတ်မှစ၍ ရပ်/ကျေးညီလာခံများကို ကျင်းပခဲ့ရာ ၁၆ ရပ်ကွက်ရှိရာတွင် ဒီဇင်ဘာလအတွင်း ၁၄ ရပ်ကွက်ကျင်းပပြီးစီးခဲ့ကြောင်း၊ မြို့နယ်ကိုယ်စားလှယ်အဖြစ် ၆၅ ဦး ရွေးချယ်နိုင်ခဲ့ကြောင်း ဆက်လက်ပြောသည်။ အဆိုပါမြို့နယ်အတွင်း ရပ်/ ကျေးညီလာခံမကျင်းပမီ ညီလာခံကျင်းပရေးကော်မရှင် ဖွဲ့စည်းစဉ်ကပင် ဒီမိုကရေစီနည်းလမ်းမကျဟူသည့် ပဋိပက္ခများရှိခဲ့သည်။ ■



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်မြို့နယ် ပေါင်းပင်စင်းရပ်ကွက်ရှိ 'ဖိုးကော်ဇံ' စာကြည့်တိုက်ဖွင့်ပွဲကို ဧန်နဝါရီလ ၆ ရက်နေ့က နှနက် ၉ နာရီက ကျင်းပစဉ်။ အခမ်းအနားတွင် အလှူရှင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်လတ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသောငွေကျပ် ၉၉၉,၇၅၀ တန်ဖိုးရှိသော သုတ/ ရသစာအုပ် (၈၆၉)ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဆွေကလည်းကောင်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ပရိဘောဂအတွက် ကျပ် ၅၀၀,၀၀၀ နှင့် ငွေကျပ် ၃၀၀,၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံကို ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွှန့်ဆွေကလည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ - စောလှနွယ်(မကွေး)



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(မကွေး) ကျောင်းခွဲအတွင်းရှိ သရုပ်ပြစိုက်ကွင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှု စစ်ဆေးစဉ်။ အဆိုပါ ကျောင်းခွဲ၌ ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးရေးနည်းပညာများ မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဧန်နဝါရီလ ၈ ရက်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ ဝန်ကြီးချုပ် သီရိပျံရှင် ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီး TDH (Italia) **အဖွဲ့မှ ဌာနေကိုယ်စားလှယ်** Mr.Massimo Lanciolti **က စီမံကိန်းလုပ်ငန်းဆိုင်ရာများ ဆွေးနွေးကာ ရေရှည်ချောင်းနှင့် နတ်မောက်ကျေးရွာတို့၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများကို ဗီဒီယိုဖြင့် ပြသခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေနံချောင်းနှင့် နတ်မောက်မြို့နယ်များမှ** TDH (Italia) **နှင့် မြန်မာ့ပြန်ပြည့်မြွေမိန်းအင်အသင်း** (REAM) **အဖွဲ့မှ တာဝန်ရှိ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့အစည်းမှပုဂ္ဂိုလ်များ၊** NGO **အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြောင်းသိရသည်။** သတင်းနှင့်ဓာတ်ပုံ - စောလှွန်ယ်(မကွေး)

နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်

ဌွေဝါလွင်

မန္တလေးမြို့တွင် စီးပွားရေးစွန့်ဦးတီထွင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအရည်အချင်းတိုးတက်စေရေးအတွက် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း Myanmar Professional Development Centre (MPDC) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီသင်တန်းကို ထိုင်းနိုင်ငံမှာအခြေစိုက်တဲ့ Assumption University of Thailand ကျောင်းကနေ မန္တလေးမှာ လာဖွင့်တာပါ။ ရန်ကုန်မှာတော့ ၂၀၁၀ လောက်မှာကတည်းက စဖွင့်ခဲ့ပါတယ်။ ဒီသင်တန်းမှာ ဘာသာရပ် ၁၆ ခု သင်ကြားရမှာဖြစ်ပြီးတော့ နိုင်ငံတကာ အသိအမှတ်ပြု MBA ဘွဲ့ ကိုရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ဘာသာရပ်တစ်ခုလျှင် တစ်လ သင်ကြားရမည်ဖြစ်ပြီး တစ်ဘာသာလျှင် အချိန် ၃၃ နာရီ သင်ကြားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန်မပြည့်မီသူများမှာ စာမေးပွဲဖြေဆိုခွင့်ရရှိမည်မဟုတ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

မန္တလေးမြို့မှ MBA ဘွဲ့ရယူရန် စိတ်ဝင်စားသူများအတွက် အခက်အခဲမရှိသင်တန်းတက်ရောက်နိုင်ကြစေရန်နှင့် နိုင်ငံတကာကုမ္ပဏီများသို့ သွားရောက် အလုပ်လုပ်ကိုင်လိုကြသူများအဆင်ပြေကြစေရန်အပြင် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အရည်အချင်းများတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"သင်တန်းကို ဘယ်ဘွဲ့ အမျိုးအစားပဲရရတက်ရောက်နိုင်ပါတယ်။ သင်တန်းမှာ ဘာသာရပ်အားလုံးကို အင်္ဂလိပ်လိုပဲသင်မှာဖြစ်ပါတယ်။ တက်ရောက်လိုသူများအနေနဲ့ IELTS ကအောင်လက်မှတ်၊ ဒါမှမဟုတ် ရင် Assumption University of Thailand ကစစ်တဲ့ အင်္ဂလိပ်စာ ဝင်ခွင့်စာမေးပွဲနဲ့ အင်တာဗျူးကို ဖြေရမှာပါ"ဟု ၎င်းက ဆိုသည်။

အဆိုပါသင်တန်းကို နိုင်ငံတကာမှဝါရင့်ဆရာ၊ ဆရာမများ၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ လာရောက်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

"သင်တန်းကိုတော့ မန္တလေးမှာ တက်ရမှာဖြစ်ပေမယ့် ဘွဲ့ကိုတော့ ဘန်ကောက်မှာပဲ သွားယူရမှာဖြစ်ပါတယ်။ သင်တန်းကြေးကို အမေရိကန်ဒေါ်လာ တစ်သိန်းတစ်သောင်း သတ်မှတ်ထားပါတယ်။ စာအုပ်ဖိုးနဲ့ ဘွဲ့ယူတဲ့စရိတ်ကတော့ မပါပါဘူး"ဟု ၎င်းက ဆိုသည်။

သင်တန်းကာလမှာ တစ်နှစ်ခွဲဖြစ်ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် Myanmar Professional Development Center နံပါတ် ၆၂၊ ၃၄ လမ်း၊ ၇၄ လမ်း × ၇၅ လမ်းကြားတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ ■

ပိုးသတ်ဆေးကြောင့် ကင်ဆာနှင့် ဘေးထွက်ဆိုးကျိုး ဖြစ်ပွားမှုကို အော်ဂဲနစ်စိုက်ပျိုးနည်းဖြင့် ကုစားနိုင်

အောင်ရဲသွင်

စိုက်ပျိုးသီးနှံများနှင့် နေ့စဉ်စားသုံးရသည့် အစားအစာများတွင် ပိုးသတ်ဆေးကြောင့် စားသုံးသူများ ကင်ဆာရောဂါနှင့် ဘေးထွက်ဆိုးကျိုးဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်အသုံးပြုရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း မန္တလေးတက္ကသိုလ်၊ ဇီဝနည်းပညာဌာနမှ ဧည့်ပါမောက္ခတစ်ဦးက ပြောကြားသည်။

ပိုးသတ်ဆေးများ နေရာတိုင်းတွင် အသုံးပြုမှုမှာ ကြောက်ခမန်းလိလိတိုးမြင့်နေပြီး လူနှင့်တိရစ္ဆာန်တို့၌ ကင်ဆာရောဂါနှင့် ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုများ ပိုမိုပြသနေပြီဖြစ်သောကြောင့် အဆိုပါဆိုးကျိုးများကို ဖြေရှင်းနိုင်ရေးအတွက် ဇီဝမြေဩဇာပြုပြင်စိုက်ပျိုးသည့် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ဖြင့် ကုစားနိုင်မည်ဖြစ်ကြောင်း မန္တလေးနည်းပညာတက္ကသိုလ် ဇီဝနည်းပညာဌာနမှ ဧည့်ပါမောက္ခ ဒေါက်တာသန်းသန်းစိန်က ပြောသည်။

"ပိုးသတ်ဆေးဓာတ်ကြွင်းတွေကြောင့် လူတွေလည်းခံစားနေရသလို တိရစ္ဆာန်ဖြစ်တဲ့ခွေးလေးတွေဆိုရင်လည်း အင်္ဂါမစုံဘဲမွေးလာတာတွေရှိလာပြီ။ စိုက်ပျိုးတဲ့သူတွေက ပိုးသတ်ဆေးသုံးသလို စားသုံးကုန်ထုတ်တဲ့သူတွေကလည်း ကြာရှည်ခံဆေးတွေ၊ ဆိုးဆေးတွေသုံးနေတာ အရမ်းကြောက်စရာကောင်းပါတယ်။ အဓိကတော့ စားကောင်းအောင်ဆိုပြီး လုပ်ကြတာပေါ့။ ဥပမာအားဖြင့် မိန်းကလေးတွေအများဆုံးစားတဲ့ အချဉ်ထုတ်တွေ၊ ဝက်သားတုတ်ထိုးအချဉ်တွေဆို နီရဲနေတာကြည့်ရင် သိသာပါတယ်။

"ဆိုးဆေးကြောင့် အစာအဆိပ်သင့်ခဲ့တဲ့ ဥပမာတွေလည်း ရှိပါတယ်။ အမရပူရမြို့နယ်က အလှူတစ်ခုမှာ အလှူမှာကျွေးမယ့်ကြက်သားကို ဆိုးဆေးထည့်တဲ့ဒယ်အိုးထဲ ထည့်ချက်လိုက်တဲ့အတွက် အလှူလာစားတဲ့သူ အယောက် ၃၀၀ ဆေးရုံတင်လိုက်ရတာကတော့ သင်ခန်းစာယူစရာတစ်ခုပါ"ဟု ၎င်းကပြောသည်။

> **တောင်သူကတော့ သူတို့စိုက်ခင်းထဲကပိုးတွေ သေဖို့လောက်ပဲ စဉ်းစားကြတယ်။**

အော်ဂဲနစ်ဆိုသည်မှာ သက်ရှိများ၏ ဇီဝရုပ်ကြွင်းများဖြင့် ပြုလုပ်ထားသော နည်းစနစ်ဟူ၍ အဓိပ္ပာယ်ရပြီး၊ အော်ဂဲနစ်စိုက်ပျိုးရေး၏ အဓိကစည်းမျဉ်းမှာ စားသုံးသူကျန်းမာရေး၊ မြေဆီလွှာကျန်းမာရေး၊ အိမ်မွေးတိရစ္ဆာန်ကျန်းမာရေးနှင့် ထုတ်လုပ်လိုက်သည့်သီးနှံများ ကျန်းမာသန်စွမ်းလတ်ဆတ်သည့်သီးနှံများ ဖြစ်ပေါ်စေရေးအတွက် အဓိကထားသည့် စိုက်ပျိုးရေးနည်းစနစ်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ကဓာတ်မြေဩဇာ လုံးဝမသုံးပါဘူး၊ ဒါကြောင့် သက်ရှိတွေကရတဲ့ ဓာတ်ပေါင်းတွေကို အပင်စိုက်ပျိုးရေးတွေမှာ မြေဩဇာအနေနဲ့သုံးမယ်၊ ပိုးသတ်ဆေးအနေနဲ့သုံးမယ်၊ ရွက်ဖျန်းဆေးအနေနဲ့သုံးမယ်ဆိုရင် ဒီစိုက်ပျိုးရေးက အော်ဂဲနစ်စိုက်ပျိုးရေးပါ"ဟု ၎င်းကဆက်လက်ပြောကြားသည်။

တောင်သူများကိုလည်း သဘာဝမြေဩဇာ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ ပျက်စီးသွားသည့် မြေဩဇာများကို အော်ဂဲနစ်မြေဩဇာဖြင့် ပြန်လည်ပြုပြင်နိုင်သည်ဆိုသော အသိပညာများ၊ နည်းပညာများ ဖြန့်ဖြူးပေးရေးများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒေါက်တာသန်းသန်းစိန်က ပြောသည်။

"တောင်သူတွေကိုပညာပေးဖို့အများကြီး လိုအပ်နေပါသေးတယ်။ ပိုးသတ်ဆေးဖျန်းရင်လည်း ဆေးကိုတစ်ဆဖျော်ပြီးဖျန်းပါဆိုလည်း နှစ်ဆလောက်ဖျော်ကြတယ်။ သီးနှံကို ပိုးသတ်ဆေးမဖျန်းရင် ပိုက်ဆံဘယ်လောက်ရမလဲ၊ ဖျန်းရင် ဘယ်လောက်ကုန်ပြီး ဘယ်လောက် ပြန်ရမလဲတွက်ဖို့တွေပညာပေးရတယ်။

"တောင်သူကတော့ သူတို့စိုက်ခင်းထဲကပိုးတွေ သေဖို့လောက်ပဲစဉ်းစားကြတယ်။ အသိပညာပေးဖို့ကလည်း မြန်မာနိုင်ငံလူဦးရေ ၈၀ ရာခိုင်နှုန်း ကလယ်သမားတွေဖြစ်တဲ့အတွက် သွားရမယ့်နေရာတွေ အများကြီးကျန်ပါသေးတယ်" ဟု ၎င်းက ပြောသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်က အစိမ်းရောင်တော်လှန်ရေးကာလတွင် ကမ္ဘာ့လူဦးရေများပြားလာသည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုလိုအပ်လာသောကြောင့် အထွက်တိုးရေးအတွက် မြေဩဇာနှင့် ပိုးသတ်ဆေး ပိုမိုအသုံးပြုလာကြပြီးနောက်ပိုင်းတွင် သတိမမူမိခဲ့သည့် အချက်နှစ်ချက်ဖြစ်သော စားသုံးသူကျန်းမာရေးနှင့် သုံးစွဲလုပ်ကိုင်နေရသည့် ဂေဟစနစ်များပျက်စီးမှုတို့မှာ အရေးကြီးဆုံးအခန်းကဏ္ဍသို့ ရောက်ရှိလာခဲ့ကြောင်း ဒေါက်တာသန်းသန်းစိန်က ပြောသည်။

"ဒီကိစ္စတွေဟာ တော်တော်ဆိုးဆိုးရွားရွားဖြစ်လာတော့မှ နောက်ပိုင်းမှာ ပြန်လည်ထိန်းချုပ်ဖို့ ကြိုးပမ်းလာကြပါတယ်။ ဒီအစိမ်းရောင်တော်လှန်ရေးရဲ့ ဆိုးကျိုးတွေကိုကုစားဖို့ ပေါ်လာတဲ့ စိုက်ပျိုးနည်းစနစ်ကို အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်လို့ ခေါ်ပါတယ်"ဟု ၎င်းကပြောသည်။ ■





We have the largest classified listings in Myanmar.

In our print editions

THE MYANMAR TIMES မြန်မာတိုင်းမ်(စ်)

And now online at

www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

ဟုမ္မလင်းမြို့ သဲဟင်းကျဲရွှေမှော် လုပ်သားများ ငွေသွင်းရာ အသင်းနှစ်ခုဖြစ်နေ၍ အခက်တွေ့

စည်သူလွင်

ခန္ဓီးခရိုင် ဟုမ္မလင်းမြို့နယ်၊ သဲဟင်းကျဲရွှေမှော်တွင် ရွှေမျောတိုက်လုပ်ကိုင်နေသော လုပ်သားများမှာ ရွှေမျောတိုက်စက်အသုံးပြုခ ပေးဆောင်ရာ၌ အသင်းနှစ်ခုဖြစ်နေသောကြောင့် အခက်တွေ့နေကြကြောင်း ရွှေမျောလုပ်သားများက ပြောသည်။

အဆိုပါအသင်းနှစ်ခုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် အထူးမသန်စွမ်း စီမံကိန်းဝင် စစ်သည်ဟောင်းများနှင့် စီးပွားရေးပညာရှင်များ၏(အောင်နိုင်သူ) စက်မှုစိုက်ပျိုးမွေးမြူရေးနှင့် အထွေထွေကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းနှင့် ကွန်းသီရိကုမ္ပဏီတို့ဖြစ်ကြောင်း လုပ်သားများက ဆိုသည်။

"အောင်နိုင်သူအသင်းကလည်း ပေါ်လာတာ သိပ်မကြာသေးဘူး။ အသင်းဝင်ကြေးကို အားလုံးအပြည့် မသွင်းကြသေးဘူး။ အခုနောက်ထပ် ကွန်းသီရိ ကုမ္ပဏီဆိုပြီးပေါ်လာတယ်။ ဒီကုမ္ပဏီကိုလည်းထပ်ပေးရမယ် ဆိုပြီး ပြောတယ်။ ကုမ္ပဏီနှစ်ခုကို ငွေသွင်းရမယ်ဆိုရင် ကျွန်တော်တို့ဘဝရပ်တည်ဖို့အတွက် မဖြစ်နိုင်တော့ပါဘူး"ဟု သဲဟင်းကျဲရွှေမှော်မှ ရွှေမျောတိုက်လုပ်ကိုင်သူ ဦးရွှေဘက ပြောသည်။

ရွှေမျောလုပ်ကိုင်ခွင့်တောင်းရာတွင် ကုမ္ပဏီများကို တစ်နှစ်လျှင် ခြောက်လုံးထိုးအင်ဂျင်စက်တစ်လုံး ကျပ်နှစ်ဆယ့်တစ်သိန်း၊ လေးလုံးထိုးစက်တစ်လုံး ကျပ်တစ်ဆယ့်ရှစ်သိန်း၊ နှစ်လုံး ထိုးစက်တစ်လုံး ကျပ်တစ်ဆယ့်ခြောက်သိန်း၊ တစ်လုံးထိုးစက်တစ်လုံး ကျပ်ရှစ်သိန်းထိပေးဆောင်ရပြီး လစဉ်ကြေးအဖြစ် ခြောက်လုံးထိုး တစ်လုံး ခြောက်သောင်းငါးထောင်၊ လေးလုံးထိုးတစ်လုံး ငါးသောင်းငါးထောင်၊ နှစ်လုံးထိုးတစ်လုံး ကျပ်လေးသောင်းနှင့် တစ်လုံးထိုးစက်တစ်လုံး ကျပ်သုံးသောင်းငါးထောင်ထိ ကွန်းသီရိကုမ္ပဏီကို ထပ်မံ ပေးဆောင်ရမည်ဖြစ်ကြောင်း ရွှေလုပ်သားများက ဆိုသည်။

ထိုသို့ ပေးဆောင်ခြင်းမရှိသော လုပ်သားများအား ဖမ်းဆီးချုပ်နှောင်ခြင်းများရှိခဲ့ကြောင်း ကိုယ်တွေ့ကြုံ ခဲ့ရသော လုပ်သားတစ်ဦးက ပြောသည်။

"ပထမဦးဆုံးအသင်းထက် နောက်ပေါ်လာတဲ့ ကုမ္ပဏီကို ပေးရတာ နှစ်ဆများတယ်။ အရင်အသင်းမှာပဲ ငွေသွင်းရတာ အဆင်ပြေတယ်။ နောက်ပေါ်လာတဲ့ ကုမ္ပဏီက စစ်တပ်နဲ့ပတ်သက်နေတယ်ကြားတယ်။

"ကျွန်တော်တို့ကို ဖမ်းဆီးပြီး ရိုက်နှက်တယ်။ မန္တလေးဆေးရုံမှာ အချိန်ကြာကြာ ဆေးကုလိုက်ရတယ်။ မိုင်းကိုင် ရဲစခန်းမှာ အမှုဖွင့်တော့လည်း ဘာမှအကြောင်းထူးမလာဘူး။

"ဒီအကြောင်းတွေကို သမ္မတဆီကိုလည်း ပို့ထားတယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ကော်မရှင်နဲ့ ကာကွယ်ရေး ဦးစီးချုပ်ကိုလည်း တရားဝင်စာပေးပို့ တင်ပြထားတယ်" ဟု ရိုက်နှက်ခြင်းခံရသူ ကိုစန်းလွင်က ပြောသည်။

သဲဟင်းကျဲရွှေမှော်မှ အောင်နိုင်သူသမအသင်း တာဝန်ရှိသူအားဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့အသင်းက ဘယ်လောက် ငွေသွင်းရမယ်ဆိုတာကိုတော့ သတ်မှတ်ထားတာမရှိပါဘူး။ တတ်နိုင်တဲ့အခြေအနေပေါ်မှာပဲယူတာပါ။အသင်းဝင်အနေနဲ့ ခြောက်ဆယ်ကျော်လောက်တော့ရှိနေတယ်။

"ကျွန်တော်တို့ဆီမှာ အသင်းဝင်ဖို့ အတွက်ကိုလည်း ကျေးရွာအုပ်ချုပ်ရေးမှူး ကိုယ်တိုင်ပဲပြောတယ်။ အခုနောက် တစ်ခုပေါ်လာတော့လည်း လုပ်သားတွေကို အဲဒီအသင်းမှာ အသင်းဝင်ဖို့ပဲ ထပ်ပြောပါတယ်။

"ကျွန်တော်တို့ သမအသင်းက တရားဝင်မှတ်ပုံတင်ထားပြီး ဆောင်ရွက်တဲ့ အသင်းဖြစ်ပါတယ်"ဟု ပြောသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အခြားအသင်းထံသို့လည်း အလားတူ ဆက်သွယ်မေးမြန်းခဲ့ရာ ဆက်သွယ်မှု အဆင်မပြေဘဲ ၎င်းတို့၏ သဘောထားများကို သိရှိတင်ပြခွင့်မရခဲ့ချေ။ ■

နွားကန်၍ ကလေးငယ်သေဆုံး

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် အသက်ကိုးနှစ်အရွယ်ရှိကလေးငယ်တစ်ဦး နွားကန်ခံရသဖြင့်သေဆုံးကြောင်း သိရသည်။

အဆိုပါကလေးငယ်မှာ ချမ်းမြသာစည်မြို့နယ်ရှိ(အ-လ-က ၂၄) ကျောင်း၊ ပထမတန်းတွင် ပညာသင်ကြားပြီး ကျောင်းချိန် ပြင်ပတွင်လည်း သင်္ခါပညာရေး ပရဟိတကျောင်း၌ ပညာသင်ကြားနေသော ကလေးငယ် ဖြစ်သည်။

"ဒီလ တစ်ရက်နေ့ည သုံးနာရီ ရပ်ကွက်တွေထဲမှာ ကျောင်းနေတဲ့ နွားကန်ခံရတာ။ ကလေးက မေ့သွားတယ်။ဆေးခန်းကိုသွားပြီး ဆေးထိုးရတယ်။ ပိုင်ရှင်နဲ့ မတွေ့ရဘူး။ ကိုယ်စားလှယ်နဲ့ပဲ တွေ့ရတယ်။ ကလေးမေးရိုးကျိုးသွားတယ်။

"ကုတင် (၃၀၀)မှာ ဆေးကုနေရင်း ကလေးက ဆုံးသွားတယ်။ နွားပိုင်ရှင် ဘက်က ဆောင်ရွက်ပေးတာမျိုးမရှိဘူး။ နာရေးကိုလည်း ကိုယ်တိုင်ပဲ လုပ်နေရတယ်"ဟု ကလေးငယ်၏ အဖွားဖြစ်သူ ဒေါ်မဲတူက ပြောသည်။

ကလေးငယ် သေဆုံးမှုကို သက်ဆိုင်ရာ အောင်ပင်လယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သင်္ခါပညာရေး ပရဟိတကျောင်းမှ တာဝန်ခံ ဦးဘုန်းမြင့်ဇော်က ပြောသည်။

"ဆေးရုံကနေ သယ်ခွင့်ပြုတာ ပုံမှန်သေတဲ့ပုံစံမျိုးဖြစ်နေတယ်။ ဒါကြောင့် ကလေးကို ဆေးရုံကိုပြန်ခေါ်သွားပြီး စစ်ဆေးပေးဖို့ပြောတော့လည်း အားလုံး စစ်ဆေးပြီးသားဆိုပြီးတော့ပြောတယ်။

"သက်ဆိုင်ရာ ရဲစခန်းကိုတော့ အမှုဖွင့်ထားတယ်။ ကလေးနဲ့ သက်ဆိုင်တဲ့ ဓာတ်မှန်တွေ ဆေးစာရွက်တွေကလည်း အကြောင်းအမျိုးမျိုးကြောင့် ပျောက်နေတယ်။ ဆေးရုံတက်တဲ့ စာအုပ်မှတ်တမ်းတစ်ခုပဲ ရှိတယ်"ဟု ဦးဘုန်းမြင့်ဇော်က ဆက်လက်ပြောသည်။

ကလေးငယ်၏ မိဘမှာ ကြံရာ ကျပန်း အလုပ်များ လုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်းနေရကြောင်းသိရသည်။

အဆိုပါနေရာများတွင် ကလေးငယ်များမှာ မကြာခဏ နွားကန်ခံရသည့် အတွက် ခေါင်းပေါက်ခြင်း၊ ခြေလက်ကျိုးခြင်း၊ မေ့မျောခြင်းများ မကြာခဏဖြစ်တတ်ပြီး လူသေဆုံးမှုမှာမူ ယခုအကြိမ်မှာ ပထမဦးဆုံးဖြစ်သည်။

၎င်းနေရာများတွင်နွားများကို စည်းကမ်းမဲ့လွှတ်ကျောင်းထားသည့်အတွက် ယခုဖြစ်ရပ်နည်းတူ ဆက်လက်ဖြစ်ပေါ်မည်ကို ပတ်ဝန်းကျင် အနီးတစ်ဝိုက်မှ မိဘများ စိုးရိမ်နေကြကြောင်း ဒေသခံများက ဆိုသည်။ **စည်သူလွင်** ■

သတင်းပေးများကြောင့် သတင်းစာ ရှင်းလင်းပွဲများ၌ မန္တလေး သတင်းထောက်များ အခက်အခဲတွေ့နေကြ

စည်သူလွင်

မန္တလေးမြို့တွင် သတင်းစာရှင်းလင်းပွဲများပြုလုပ်ကြရာ သတင်းထောက်များအပြင် အဖွဲ့အစည်းအသီးသီးမှ သတင်းပေးများကလည်း တက်ရောက်သတင်းယူနေကြသည့်အတွက် သတင်းမေးမြန်းရာတွင် အခက်အခဲများရှိနေကြကြောင်း မန္တလေးသတင်းထောက်အများစုက ပြောကြသည်။

"သတင်းစာရှင်းလင်းပွဲဆို တာ သတင်းထောက်တွေကို တရားဝင်သိစေချင်လို့ ရှင်းလင်းကြတာပါ။ အဲဒီလိုပွဲတွေမှာ သတင်းထောက်တွေက မေးခွန်းတွေ မမေးရသေးဘူး။ အဖွဲ့အစည်းတွေက လူတွေ့ရှင်းမယ့်သူတွေကို အရင် မေးမြန်းစစ်ဆေးနေကြတယ်။ သူတို့ရှိနေတဲ့အတွက် ကျွန်တော်တို့သတင်းယူမေးခွန်းထုတ်တဲ့နေရာမှာ အခက်အခဲရှိသလို ဖြေတဲ့သူတွေရဲ့ အဖြေတွေကလည်း ထိရောက်တဲ့အဖြေမျိုး မဖြစ်နိုင်တော့ဘူး"ဟု မန္တလေးမြို့မှ ရုပ်သံသတင်းထောက် ကိုအိမ်ခိုင်မြင့်က ပြောသည်။

အဖွဲ့အစည်းများက သတင်းယူသည်ကို လက်ခံကြောင်း၊ သိုသိုသိပ်သိပ် သတင်းယူသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ရာတွင် ရှင်းလင်းမည့်သူများက သတင်းထောက်အများစုအား နာမည်နှင့်တကွ မသိရှိကြခြင်းကို အခွင့်ကောင်းယူပြီး ပြုလုပ်နေကြခြင်းဖြစ်ကြောင်း၊ ရှင်းလင်းမည့်သူက မေးမြန်းမည့်သတင်းထောက်အား ဂျာနယ်တိုက်နှင့်အမည်တို့ကို မေးမြန်းလိုစေကြောင်း၊ သို့တည်းမဟုတ် မေးမည့်သတင်းထောက်ကိုယ်တိုင်က မိမိကိုယ်မိမိ မိတ်ဆက်ပေးသင့်ကြောင်း သတင်းထောက်တစ်ဦးက အကြံပြုပြောကြားသည်။

"သတင်းစာရှင်းလင်းပွဲမှာဆို ရင် သတင်းပေးက နှစ်ယောက်၊ သုံးယောက်လောက်ရှိတယ်။ ကိုယ်က သတင်းနောက်မှရတယ်။ သူတို့က အရင်ရတယ်။ ဆန္ဒပြတာတွေရှိရင် သတင်းထောက်က နည်းနည်း၊ သတင်းပေးတွေက များနေတယ်။ အားလုံးကို မီဒီယာဆိုပြီး စွပ်စွဲခံရသေးတယ်။ သတင်းထောက်ထဲမှာကိုက သတင်းပေးတွေရှိနေတာက ပိုဆိုးတယ်"ဟု မန္တလေးမြို့မှ သတင်းအယ်ဒီတာတစ်ဦးက ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်လဲ့လဲ့ဝင်းဆွေက လာမည့်လွှတ်တော်အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနက ရဲသတင်းပေးများအား တရားဝင်ခန့်အပ်ထားမှုရှိမရှိ ဆိုသည့်မေးခွန်းကို မေးမြန်းသွားမည်ဖြစ်ပြီး တရားဝင်ခန့်အပ်ထားခြင်းမရှိပါက ရဲသတင်းပေးများကြောင့် နစ်နာသွားသူများအတွက် မည်သို့တာဝန်ယူမည်ဆိုသည်များကို မေးမြန်းသွားမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နေ့ထုတ် မော်ဒန်ဂျာနယ်တွင် ဖော်ပြထားသည်။ ■

မန္တလေးစာပေနှင့် အနုပညာရှင်များ၏ ဂီတပွဲတော်မှ ရရှိငွေကို ပညာရေးအတွက် အဓိကထားလှူဒါန်းမည်

စည်သူလွင်

မန္တလေးစာပေအနုပညာရှင်၊ သတင်းသမားများဦးစီးပြီး ၎င်းသင့်ဒေသကူညီနိုင်ရန် ရန်ပုံငွေဂီတပွဲတော် ကျင်းပရာမှရရှိသည့် အလှူငွေများကို ပညာရေးကဏ္ဍအတွက် အဓိကထားအသုံးပြုရန် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ရရှိထားတဲ့အလှူငွေတွေကို ပညာရေးဘက်မှာ အဓိကထားလှူဒါန်းသွားမယ်။

"စာသင်ကျောင်း ဆောက်တာ၊ စာသင်ကျောင်းမှာ လိုအပ်တဲ့စာရေးစားပွဲတွေ၊ ပညာရေးအတွက် ငွေပဒေသာပင်စိုက်တာတွေ ပညာရေးနဲ့ ပတ်သက်တာတွေကို လှူဒါန်းသွားမှာပါ။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း လိုအပ်တဲ့အကူအညီ တောင်းခံသွားမှာပါ"ဟု မော်ဒန်ဂျာနယ်မှ မန္တလေးအဓိပတိဒေါက်တာကိုစန်းယုကျော်က ပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း ငလျင်ဒဏ်ခံဒေသများသို့ ကိုယ်တိုင် ကိုယ်ကျသွားရောက်ပြီး လိုအပ်နေသည့် နေရာများကိုလည်း လေ့လာသွားမည် ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့တွေ ကိုယ်တိုင်သွားကြပြီးလေ့လာကြမယ်။ တကယ်လိုအပ်တဲ့ဒေသတွေမှာ ရရှိလာတဲ့အလှူငွေတွေနဲ့ပညာရေးကို ကူညီသွားမှာဖြစ်သလို တခြားအလှူရှင်တွေက လှူထားတဲ့ပစ္စည်းတွေကိုလည်း သွားရောက်လှူဒါန်းပေးသွားမှာပါ။ Crown ဘိလပ်မြေက ဆန်အိတ်အပိုင်းနှစ်ရာကိုလည်း လှူထားတယ်။ အလှူငွေအားလုံး သိန်းနှစ်ရာကျော်ရတယ်"ဟု 7 Day News သတင်းဂျာနယ် မန္တလေးသတင်းထောက် ကိုညီညီဇော်က ပြောသည်။

ငလျင်ဒေသကူညီရန် ကျင်းပခဲ့သည့် ရန်ပုံငွေဂီတပွဲတော်ကို ဇန်နဝါရီ ၅ ရက်နေ့တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ရာ မြို့မတေးဂီတနှင့်အတူ နိုင်ငံကျော် အဆိုတော်များ၏ တေးသီချင်းဖျော်ဖြေမှု၊ ပွဲတိုင်းကျော်ဇာတ်ပွဲ၊ မင်းသမီးတွယ်တာတုံ့၊ မိုးဟေမာန် ၊ လူရွှင်တော်ပေါစိန်၊ ထင်ပေါ်၊ ချစ်စရာ၊ ချိုတူးနှင့် သာလောင်တို့၏ အငြိမ့်ခန်းတို့ကို မေတ္တာဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြပြီး၊ မန္တလေးလူငယ်သတင်းထောက်များက အဖွင့်သီချင်းသီဆိုခြင်းနှင့် တစ်ခန်းရပ် ပြဇာတ်တို့ဖြင့် ည့ှဲခံဖျော်ဖြေခဲ့သည်။

ငလျင်ဒေသကို ကူညီရန် မန္တလေးမြို့စီးပွားရေးလုပ်ငန်းရှင်များကလည်း ကူညီပံ့ပိုးပေးခဲ့သည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် နေ့က မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဘုရားစေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

အဆိုပါ ပျက်ဆီးဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရက ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စဉ့်ကူးမြို့အတွက် ၁၇ ရာခိုင်နှုန်း၊ သပိတ်ကျင်းမြို့အတွက် ခုနစ်ရာခိုင်နှုန်းထိသာ ဆောင်ရွက်နိုင်သေးကြောင်းသိရသည်။

ငလျင်ဒဏ်ကြောင့် သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရရှိသူ ၈၂ ဦးရှိခဲ့ပြီး စဉ့်ကူးမြို့နယ်တွင် အိမ် ၈၆၆ လုံး၊ သပိတ်ကျင်းမြို့နယ်၌ အိမ် ၈၄၉ လုံးထိ ပျက်စီးခဲ့ရသည်။

ငလျင်ဒဏ်ခံဒေသ ပြန်လည် ထူထောင်ရေးအတွက် အလှူငွေ ကျပ် ၄,၃၂၄ သိန်း၊ အမေရိကန်ဒေါ်လာ ၁၇,၀၀၀ နှင့် အက်ဖ်အီးစီ ၅၀,၀၀၀ ထိ ရရှိထားပြီဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။ ■



မန္တလေးလူငယ်သတင်းထောက်များမှ တစ်ခန်းရပ်ပြဇာတ်ဖြင့် ကပြဖျော်ဖြေနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ကိုမျိုး(အိုင်စီ)

မြရတနာပွဲ


ဒေါ်ကြည်ကြည်လွင်


ဒေါ်ဥမ္မာကြည်


ယွန်းယွန်း


သီဆိုဖျော်ဖြေစဉ်


လွှမ်းပိုင်


ဦးထွန်းမြတ်လူ


ဦးအက်စ်အောင်ဝင်း


ဦးကျော်ဝင်းမောင်


ဒေါ်တူး


ဒေါ်သန်းသန်းနဲ့ဒေါ်သိန်းသိန်းရှိန်










မိသားစုတွေနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ချင်သူတွေအတွက် နန်းရှေ့ကနှစ်ထပ်တိုက်



အောင်ရဲသွင်
အိမ်မြဲမြေသတင်းထောက်



ဒီတစ်ပတ်တော့ စိတ်ကူးယဉ်ဆန်ဆန် တည်ဆောက်ထားတဲ့ အိမ်ဖွဲ့စည်းပုံလေးနဲ့ ဆွဲဆောင်ထားပြီး အေးအေးချမ်းချမ်း အနားယူချင်တဲ့မိသားစုတွေနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ချင်တဲ့ လုပ်ငန်းရှင်တွေအတွက် နန်းရှေ့ရန်အောင်လမ်းထဲက နှစ်ထပ်တိုက်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီအိမ်လေးရဲ့ ပထမဆုံးအားသာချက်ကတော့ အိမ်ရှင်မတွေအတွက် ဆိုင်ကယ်နဲ့ ငါးမိနစ်လောက် သွားလိုက်ရင်ပဲ နန်းရှေ့ဈေးကြီးရှိနေတာကြောင့် အိမ်အတွက်လိုအပ်တဲ့ အသုံးအဆောင်တွေအတွက် စိတ်ပူစရာမလိုဘဲ စိတ်ကြိုက် ဝယ် ယူ နိုင် ပါတယ်။ နောက်ထပ် အားသာချက်တစ်ခုကတော့ ကျောင်းသားရှိတဲ့ မိသားစုတွေအတွက်တော့ အိမ်နီးနားချင်းတွေ ဝေးဝေးလံလံ စဉ်းစားနေစရာမလိုဘဲ မန္တလေးမြို့ရဲ့နာမည်ကြီး ဖောင်တော်ဦးဘုန်းတော်ကြီးကျောင်း ရှိနေတာကြောင့် ထင်တာထက်ကို ပိုမိုအဆင်ပြေသွားစေနိုင်ပါတယ်။

နောက်တစ်ချက်အနေနဲ့ နန်းရှေ့ဆိုတာက မန္တလေးမြို့ရဲ့ အချက်အချာကျတဲ့ နေရာတစ်နေရာဖြစ်ပါတယ်။ ဒီလို နေရာမျိုးမှာ ကိုယ်ပိုင်စီးပွားရေးလုပ်မယ်ဆိုရင်တော့ အကျိုးအမြတ်ရှိမှာ အသေအချာပါ။ မိမိအိမ်ကိုလာလည်တဲ့ ဧည့်သည်တွေကိုလည်း အဝေးကြီးတွေလိုက်ပို့စရာမလိုပါဘူး။ အိမ်နားမှာတင် အထင်ကရနေရာတွေဖြစ်တဲ့ မန္တလေးတောင်၊ ကုသိုလ်တော်၊ ကျောက်တော်ကြီးဘုရား၊ ရွှေကျောင်းကြီး၊ ဗုဒ္ဓတက္ကသိုလ်နဲ့ ရန်ကင်းတောင်လိုနေရာမျိုးတွေရှိနေတာကြောင့် ကိုယ်တိုင်လည်းဘုရားတွေဖူးနိုင်သလို ဧည့်သည်တွေကိုလည်း စိတ်ချမ်းမြေစွာ လိုက်လံ ပို့ဆောင်ပေးပြီး ကုသိုလ်ယူနိုင်ပါသေးတယ်။

ခြံအကျယ်အဝန်းအနေနဲ့ကတော့ ၄၅ ပေ × ၅၈ ပေ၊ (၂,၆၁၀ စတုရန်းပေ) ရှိတဲ့ အပေါ်မှာ အိမ်အကျယ်အဝန်း ၃၆ ပေ × ၄၄ ပေ (၁,၅၈၄ စတုရန်းပေ) အကျယ်တည်ဆောက်ထားတာကြောင့် အိမ်ကျယ်ကျယ်နဲ့ သပ်သပ်ရပ်ရပ်နေချင်တဲ့ မိသားစုတွေအတွက် အဆင်ပြေနိုင်တာပေါ့။

အိမ်ထဲကိုစဝင်လိုက်ရင်ပဲ စတုရန်းပေ ၃၆၀ ရှိတဲ့ ဧည့်ခန်းကိုတွေ့မြင်ရမှာဖြစ်ပြီးတော့ ဧည့်ခန်းရဲ့ဘယ်ဘက်အခြမ်းမှာက မိသားစုအိပ်ခန်းကို ထည့်သွင်းဖွဲ့စည်းထားပါတယ်။ ပြီးတော့ အိမ်အောက်ထပ်က မျက်နှာကြက်ကို နှစ်လုံးနဲ့ရေချိုးခန်းကို သီးခြားစီ တွေ့မြင်ရမှာပါ။

အိမ်ရဲ့အပေါ်ထပ်ကို ဆက်တက်သွားလိုက်ရင် အလှူအတန်းတွေလုပ်တဲ့အခါ အသုံးပြုလို့ရတဲ့ စတုရန်း ၃၇၅ ပေ ရှိတဲ့ ဧည့်ခန်းကျယ်ကြီးကို ဆက်လက်တွေ့မြင်ရမှာပါ။ ဒီဧည့်ခန်းရဲ့ အရှေ့ဘက်အခြမ်းမှာလည်း ၉ ပေ × ၁၈ ပေ ရှိတဲ့ဘုရားခန်းကို သီးခြားထည့်သွင်းထားတာကြောင့် အေးအေးဆေးဆေး ကုသိုလ်ယူနိုင်မှာ ဖြစ်ပါတယ်။ ညာဘက်အခြမ်းမှာတော့ တစ်ယောက်အိပ်ခန်း ငါးခန်း ထည့်သွင်းထားပါတယ်။

ဒီအိမ်လေးရဲ့ နောက်ထပ်ထူးခြားချက်ကတော့ တစ်အိမ်လုံးကို ခြင်လုံဆန်ခါတပ်ဆင်ပေးထားပြီး အဆင်သင့် အဝတ်အစားတွေထည့်နိုင်အောင် နံရံကပ်ဗီရိုတွေ ရှိနေကြတာပဲဖြစ်ပါ တယ်။ အဲကွန်းနဲ့ ပန်ကာ နှစ်ခုစလုံး ပါဝင်ပြီးတော့ တစ်အိမ်လုံးကို နို့နှစ် ရောင်လေးနဲ့ ဆေးခြယ်ထားပါသေးတယ်။

ရေ မီး အစုံအလင်ပါဝင်တဲ့ နေရာမှာ ၅ ပေအနက်ရှိတဲ့ အောက်ခံရေလှောင်ကန် ဖြည့်စွက်ထားပါသေးတယ်။ ကားရှိတဲ့မိသားစုတွေအတွက်လည်း အခက်အခဲမဖြစ်ရအောင် ကားပါကင်လိုပုံစံမျိုးတည်ဆောက်ထားတဲ့နေရာလည်းရှိတာကြောင့် အဆင်ပြေသွားတာပေါ့။ နှစ် ၃၀ ဂရန်ရှိတဲ့ဒီအိမ်လေးကို စိတ်ဝင်စားတယ်ဆိုရင်တော့ အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါတယ်။ ■

ဈေးနှုန်းအကျဘက်ကိုသာ ဆက်ယိမ်းနေတဲ့ မြို့ကွက်သစ် အိမ်ခြံမြေ

ပြီးဝေကျော်

မန္တလေးမြို့ရဲ့ အိမ်ခြံမြေဈေးကွက်မှာ လူနေထိုင်ခြင်းနည်းပါးသေးတဲ့ မြို့ကွက်သစ်အိမ်ခြံမြေအပိုင်းက ဈေးနှုန်းတွေဟာ အကျဘက်ကိုပဲ ဆက်လက်ယိမ်းယိုင်နေကြောင်း မြို့သစ်က အိမ်ခြံမြေအကျိုးဆောင်တွေက ပြောပါတယ်။

လက်ရှိဖြစ်တည်နေတဲ့ ဈေးကွက်အနေအထားအရ အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်ကလည်း ခပ်ပါးပါးနဲ့ ကြိုက်ရောင်းကြိုက်ဝယ်အနေအထားမှာသာ ရှိနေဆဲဖြစ်ပါတယ်။ ဒါဟာ မြို့တွင်းပိုင်းရော၊ အခြေကျပြီးဖြစ်တဲ့ မြို့သစ်ကြီးအပိုင်းနဲ့ လူနေခပ်ကျဲကျဲဖြစ်တဲ့ မြို့ကွက်သစ်အပိုင်း အားလုံးမှာပဲ လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီလိုအနေအထားမှာ လူနေကျဲပါးသေးတဲ့ မြို့ကွက်သစ်အပိုင်းတွေကတော့ အကျဘက်ကို ဈေးနှုန်းဆင်းတဲ့အခြေအနေဟာ ဒီနှစ်ဆန်းပိုင်းမှာ ပိုမိုသိသာလာကြောင်း အိမ်ခြံမြေအကျိုးဆောင်တွေက ဆိုပါတယ်။

"မြို့ကွက်သစ်တွေမှာ ဈေးနှုန်းကတော်တော်လေးကျတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက တချို့နေရာတွေက ထက်ဝက်ကျတယ်။ ဈေးကွက်လှုပ်တုန်းက မြို့အရှေ့ဖျားကွက်သစ်တွေဘက်မှာ ပေ ၄၀ × ပေ ၆၀ မြေတစ်ကွက်ကို ကျပ်သိန်း ၃၀၀ လိုမျိုးနဲ့ ပြန်ထုတ်ရောင်းကြရတယ်။ ဒီနှစ်ဆန်းပိုင်းမှာ အဲဒီထက်ဈေးပိုကျလာသလို ချလည်းရောင်းလာကြပါတယ်"လို့ မြို့သစ်က အိမ်ခြံမြေအကျိုးဆောင်တွေက ပြောပါတယ်။

မြေဈေးကွက်ဟာ လက်ရှိဖြစ်ပေါ်နေတဲ့အကျဉ်းအကျပ်ထဲကနေ ဘယ်အချိန်လောက်မှာ ရုန်းထွက်လွတ်မြောက်လာမယ်ဆိုတာ အတိအကျမှန်းဆဖို့မဖြစ်နိုင်ပေမယ့် အခုအနေအထားအရ အချိန်အတော်ယူရလိမ့် ဦးမယ်လို့တော့ အိမ်မြေအကျိုးဆောင်အများစုက သုံးသပ်နေကြပါတယ်။ ဈေးကွက်ရဲ့ လက်ရှိဖြတ်သန်းရင်ဆိုင်နေရတဲ့အဖြစ်အကလည်း ဒီသုံးသပ်ချက်ဟာ မှန်ကန်နိုင်ကြောင်း သက်သေပြနေသလိုရှိပါတယ်။

"အိမ်ခြံမြေဈေးကွက်ကလည်း တခြားစီးပွားရေးအကွက်အကွင်းတွေ အလုပ်ဖြစ်တဲ့အခြေအနေနဲ့ ဆက်စပ်မှုရှိတာပေါ့။ တခြားဘက်မှာ ငွေပိုအကျိုးအမြတ်ရရင် မြေဘက်မှာရင်းနှီးမြှုပ်နှံဖို့ စဉ်းစားကောင်း စဉ်းစားနိုင်ပါတယ်။ ဒါပေမယ့် အခုအနေအထားမှာ တခြား စီးပွားရေးအကွက်အကွင်းတွေကလည်း ပြောပလောက်အောင် မကောင်းကြဘူးလို့ပဲ ဆိုရမယ်။ ပြီးတော့ မြေဘက်မှာ ဝယ်ယူရင်းနှီးမြှုပ်နှံဖို့ကျတော့လည်း နောက်ဆုံးဖြစ်သွားခဲ့တဲ့ ဈေးကွက်အနေအထားက ဈေးနှုန်းတန်းကို ဖျက်ပစ်ခဲ့သလို လက်ရှိမှာလည်း ရင်းနှီးမြှုပ်နှံဖို့ ယုံကြည်ဖို့ခက်ခဲတဲ့အနေအထားပါ"လို့ အိမ်မြေအကျိုးဆောင်တွေက သုံးသပ်ပြပါတယ်။

မြို့တွင်းနဲ့ အခြေကျပြီးဖြစ်တဲ့ မြို့ကွက်သစ်အပိုင်းတွေဟာလည်း လူနေအထိုင်ကျပြီးတဲ့ခွင်တွေဖြစ်တာကြောင့် အိမ်ခြေမပျက်ဘူးဆိုပေမယ့် ဈေးကွက်အေးနေတဲ့ဒဏ်ရဲ့ရိုက်ခတ်မှုကို ခံရတာကြောင့် အရင်ဈေးကွက်သွက်စဉ်ကလိုတော့ ဈေးနှုန်းအရ အမြင့်တန်းကို မာမာတင်းတင်း မခေါ်နိုင်ကြပါဘူး။

ဈေးကွက်အေးနေတဲ့ အနေအထားဟာ စီမံကိန်းရှိတယ်ဆိုတဲ့ အခြေအနေမျိုးကိုတောင် အရင်ကလို သိပ်မမူတော့ဘဲ မြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားလေ့ရှိကြသူတွေရဲ့အာရုံကို ဆွဲဆောင်နိုင်ဖို့ဆိုတာ အရင်လိုမလွယ်ကူတော့တဲ့အခြေအနေလို့ ဆိုရတော့မယ့်ပုံပါပဲ။

"အခြေကျပြီးဖြစ်တဲ့ မြို့တွင်းပိုင်းနဲ့ မြို့သစ်ပိုင်းကတော့ အရောင်းအဝယ်ကအေးလို့ အငှားဈေးကွက်ကိုပဲ အားထားပြီး အလုပ်လုပ်ကြရမယ့် အနေအထားပါပဲ။ အငှားဈေးနှုန်းတွေကတော့ မြို့တွင်းပိုင်းမှာ အချက်အချာကျရင် ဈေးကောင်းရပါတယ်။ မြို့သစ်မှာလည်း နေရာ၊ အဆောက်အအုံကောင်းရင် ကောင်းသလို သူ့အတိုင်းအတာနဲ့သူ ဈေးနှုန်းကောင်းသလို ငှားလိုသူလည်း မများပါဘူး။ အရောင်းအဝယ်ဈေးကွက်ကတော့ ဒီနှစ်ဆန်းပိုင်းမှာ ဒီလိုပဲ ခပ်အေးအေးမယ့်ပုံပါပဲ။

"အခြေကျပြီးဖြစ်တဲ့ မြို့တွင်းပိုင်းနဲ့ မြို့သစ်ပိုင်းကတော့ အရောင်းအဝယ်ကအေးလို့ အငှားဈေးကွက်ကိုပဲ အားထားပြီး အလုပ်လုပ်ကြရမယ့် အနေအထားပါပဲ။ အငှားဈေးနှုန်းတွေကတော့ မြို့တွင်းပိုင်းမှာ အချက်အချာကျရင် ဈေးကောင်းရပါတယ်။ မြို့သစ်မှာလည်း နေရာ၊ အဆောက်အအုံကောင်းရင် ကောင်းသလို သူ့အတိုင်းအတာနဲ့သူ ဈေးနှုန်းကောင်းသလို ငှားလိုသူလည်း မများပါဘူး။ အရောင်းအဝယ်ဈေးကွက်ကတော့ ဒီနှစ်ဆန်းပိုင်းမှာ ဒီလိုပဲ ခပ်အေးအေးပါပဲ" လို့ အိမ်မြေအကျိုးဆောင်တွေက သုံးသပ်ပြောပြကြပါတယ်။ ■



အကွက်အကွင်းကျသော မြို့ သစ်ရပ်ကွက်ကြီးအတွင်းမှ အိမ်မြေအကွက်အကွင်းတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

Horizon Int'l School ပွဲ


Mr Arif Gomleksiz


U Kyaw Moe Aung


Mr. Shahriyor Turgunov



U Aung Aung Thaung

အောင်သမာဓိပွဲ


ဦးအောင်


ဒေါ်ဝင်းယုယု


မဖြူဖြူအောင်


ဒေါ်မြနှင်းဝေ


ကိုခွန်လေး


မဖြူ


မသင်းသင်းဝင်း


မခိုင်


ဒေါ်မော်စီနဲ့ မင်းမိမိအောင်






ကြေးမုံဝင်း
စီစဉ်သည်

ဒီတစ်ပတ် မေလေးရဲ့ ပထမဆုံးပွဲကတော့ ၂၀၁၃ ခုနှစ်ရဲ့ ပထမဆုံးနွေရက်မှာပဲ ၈၄ လမ်း၊ ၃၁ လမ်းနဲ့ ၃၂ လမ်းကြားမှာ ပြုလုပ်ခဲ့ တဲ့ အောင်သမာဓိရွှေဆိုင် အမှတ် (၄) ဖွင့်ပွဲပဲ ဖြစ်ပါတယ်။ နှစ်သစ်မှာ ဖွင့်လှစ်တဲ့ ဆိုင်သစ်မှာ ရွှေဝယ်စုလိုသူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားခဲ့တဲ့ ပွဲလေးတစ်ပွဲပါပဲ။ ဒုတိယပွဲကတော့ လွတ်လပ်ရေးနေ့မှာ ပြုလုပ်ခဲ့တဲ့ ဆရာသိန်းဖေမြင့် ရဲ့ "အရှေ့ကနေဝန်းထွက်သည့်ပမာ" စာအုပ် နဝမအကြိမ်မြောက် ထုတ်ဝေဖြန့်ချိတဲ့ အခမ်းအနားလေးပါ။ ရာပြည့်စာအုပ်ဆိုင် အမှတ် (၂) မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့ညနေပိုင်းမှာတော့ အမရပူရမြို့မှာရှိတဲ့ "သီဂီရွှေဝါ" မဂ်လာခန်းမ ငါးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားလေးကို သွားရောက်ဖြစ်ခဲ့ပါသေးတယ်။ Horizon Int'l School ရဲ့ သန်ဘာဥက္ကဋ္ဌမင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုတော့ ဇန်နဝါရီလ ၅ ရက်နေ့က မန္တလေးဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တာပါ။ ဇန်နဝါရီလ ၆ ရက် နေ့မှာ ၇၂လမ်းနဲ့ ၂၈ လမ်းထောင့်မှာ သင်တန်းနေရာပြောင်းရွှေ့ဖွင့်လှစ်တဲ့ ပျိုပျို(မန်း) မိတ်ကပ်၊ ဆံပင်အလှပြင်သင်တန်းရဲ့ ပွဲလေးကတော့ ဒီတစ်ပတ်မှာ မေလေးနောက်ဆုံးသွားခဲ့တဲ့ပွဲလေးပါပဲ။ ဒီတစ်ပတ်တော့ ဒီလောက်နဲ့ပဲ ပရိသတ်ကြီးကို နှုတ်ဆက်လိုက်ပါတယ်နော်. . . . ။

စာအုပ်ဖြန့်ချိပွဲ


ဆရာညီပုလေး


ဦးနေဝင်းမြင့်


ပုညဆွေ


ဦးခင်မောင်ဦး

သီဂီရွှေဝါပွဲ


ဦးကံတင်၊ ဦးသောင်းညွှန့်နဲ့ ဦးအောင်


ဒေါ်ငွေးငွေး


မသန္တာနဲ့မနေနွယ်


ဝန်ထမ်းများ



ရိုရှင်းမိုဘိုင်းဆိုင်ပွဲ


မင်းဟန်စိုးနဲ့သူရဟိန်း


ဦးမြမောင်နဲ့ဒေါ်ဆန်းရီ


ဒေါ်နန်းလေးလင်းနဲ့ဦးအောင်ဟိန်း


ကိုအောင်ကိုဦးနဲ့ မလွမ်းအိမ်စံ

ပျိုပျို(မန်း)ပွဲ


မသူဇာ၊ ပျိုပျို(မန်း)နဲ့ မိတ်ကပ်တင်ထွဋ်


နန်းထွေးခမ်း၊ လဲရိုဝင်းနဲ့ ဝါဝါနု




ဦးရွှေဇင်

u rEÅV;owif;ftxl;u@ MANDALAY EXTRA
www.mmtimes.com

ပွင့်လင်းမြင်သာလာ၍ နိုင်ငံရေးစာအုပ်များ အရောင်းသွက်

ဌေဝါလွင်



ပွင့်လင်းမြင်သာမှု ရှိလာသည်နှင့်အမျှ လူငယ်များကလည်း နိုင်ငံရေးစာအုပ်များကို စိတ်ဝင်စားမှုပိုလာကြသည်။ ဓာတ်ပုံ - ဌေဝါလွင်

မန္တလေးမြို့ စာအုပ်ဈေးကွက်တွင် အစိုးရက ဒီမိုကရေစီဖော်ဆောင်၍ ပွင့်လင်းမြင်သာမှုရှိလာသည့် နောက်ပိုင်း နိုင်ငံရေးနှင့်ပတ်သက်သော စာအုပ်များ ပိုမိုနေရာရလာပြီး အရောင်းသွက်လာကြောင်း မန္တလေးမြို့ရှိ စာပေဖြန့်ချိရေးဆိုင်များနှင့် စာအုပ်အငှားဆိုင်များက မြန်မာတိုင်း(မ)ကို ပြောသည်။

"ခုဆိုရင် နိုင်ငံကလည်း ပွင့်လင်းမြင်သာမှု ရှိလာတဲ့အချိန်ဆိုတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ အခြေခံဥပဒေအကြောင်း ရေးထားတဲ့စာအုပ်မျိုးတွေ အများဆုံးရောင်းအားကောင်းလာတယ်။ မနှစ်ကနဲ့ယှဉ်ရင်တော့ ဒီနှစ်စာအုပ် တော်တော်အရောင်းသွက်တယ်"ဟု ညီစာပေဖြန့်ချိရေးနှင့် စာအုပ်အငှားဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိနိုင်ငံရေးစာအုပ်များတွင် အရောင်းရဆုံး စာအုပ်များဖြစ်သော စာရေးဆရာ မောင်မောင်ရွှေ(ကရဝိက်) ရေးသားသည့် ဟင်္သာကိုးသောင်းနှင့် ပင့်ကူ၊ မောင်မြင့်ကြွယ် ရေးသားသည့် ကျင့်ဝတ် ၅၀ စသော စာအုပ်တို့မှာ အရောင်းသွက်ပြီး လူရွှင်တော် ဇာဂနာ၏ ပထမအမည်ရှိစာအုပ်နှင့် မင်းကိုနိုင် ရေးသားသော နောက်ကြည့်မှန်စသော စာအုပ်များမှာလည်း ရောင်းအားကောင်းကြောင်း ၎င်းက ပြောသည်။

အင်းဝစာပေဖြန့်ချိရေးမှ မယဉ်ယဉ်အောင်က" ဒေါ်အောင်ဆန်းစုကြည် အကြောင်း ရေးထားတဲ့စာအုပ်မျိုးတွေနဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်မျိုးတွေကတော့ အများဆုံးရောင်းရတာပေါ့။ ဒါပေမယ့် တခြားသုတ၊ ရသစာအုပ်တွေလည်း ပုံမှန်လေးတော့ ရောင်းရပါတယ်" ဟု ဆိုသည်။

ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာမှုကြောင့် ကွန်ပျူတာ၊ အင်တာနက်များ ပေါ်ပေါက်လာသော်လည်း စာအုပ်၊ စာပေများကို နှစ်သက်စွာ ဖတ်ရှုသူများရှိနေသေးပြီး အများစုမှာ နိုင်ငံရေးသတင်းပါသော ဂျာနယ်များကို လူကြီး၊ လူငယ်မရွေး စိတ်ဝင်စားကြကာ ယင်းစာအုပ်၊ စာစောင်များသည် အရောင်းသာမက အငှားလည်းသွက်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထွန်းစာပေမှမဝါဝါကလည်း "ဒီနှစ်က စာအုပ်ငှားနှုန်းတော့ နည်းနည်းကျတယ်။ ဒါပေမယ့် နိုင်ငံရေးစာအုပ်တွေကတော့ ငှားရပါတယ်၊ ဝတ္ထုဆိုရင်လည်း စာအုပ်တိုင်းကို မဖတ်ကြတော့ဘူး။ နာမည်ကြီးစာရေးဆရာတွေရဲ့ စာအုပ်တွေလောက်ပဲ ဖတ်ကြတော့တယ်။ တချို့စာအုပ်တွေက ရှားလည်းရှားပြီး၊ ဆိုင်ကြီးတွေမှာမရှိတဲ့ စာအုပ်မျိုးတွေကျတော့ စာအုပ်အဟောင်းရောင်းတဲ့ဆိုင်တွေကနေဝယ်ပြီး ပြန်ငှားရတာတွေလည်းရှိတယ်" ဟု ဆိုသည်။

ရုံးဝန်ထမ်းတစ်ဦးဖြစ်သူ မမေရမ်က "အခုနောက်ပိုင်း စာအုပ်အငှားဆိုင်တွေမှာ ငှားရတာ ဈေးလည်းကြီးလာတော့ ကိုယ်ကြိုက်တဲ့စာအုပ်တွေဆိုရင် ဝယ်ဖတ်လိုက်တယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေဆိုကြိုက်တော့ ဝယ်ဖတ်ဖြစ်တယ်" ဟု ပြောသည်။

နိုင်ငံရေးစာအုပ် ဈေးနှုန်းများမှာ ပုံမှန်အားဖြင့် ကျပ် ၂,၀၀၀ မှ ၅,၀၀၀ အတွင်းရှိပြီး ဘာသာရေးဆိုင်ရာစာအုပ်များကို လူကြီးများသာမက၊ လူငယ်များလည်း ဝယ်ယူဖတ်ရှုကြကြောင်း၊ ဈေးနှုန်းအားဖြင့် ကျပ် ၁,၅၀၀ မှ ၂,၀၀၀ ဝန်းကျင်ရှိကြောင်း၊ သုတ၊ ရသ စာအုပ်များမှာ ကျပ် ၂,၀၀၀ မှ ၈,၀၀၀ ဝန်းကျင်ရှိပြီး၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များမှာ ကျပ် ၅,၀၀၀ မှ ကျပ် တစ်သိန်းဝန်းကျင်အထိ ဈေးနှုန်းများ အသီးသီးရှိကြောင်း ဒေါ်ယဉ်ယဉ်အောင်က ပြောသည်။

"မေတ္တာရှင်(ရွှေပြည်သာ)၊ ရှင်ဆန္ဒာခိက၊ ဦးဇော်တိကနဲ့ ရှင်ဇနကာဘိဝံသ ဒီလေးပါးရဲ့ စာအုပ်တွေကလည်း ရောင်းအားကောင်းတယ်။ ကျွန်မတို့ စာအုပ်တိုက်ကတော့ စာအုပ်မျိုးစုံတော့ မထားဘူး။ ဝတ္ထုစာအုပ်ဆိုရင်လည်း နာမည်ကြီးတဲ့ စာရေးဆရာတွေရဲ့ စာအုပ်လောက်နဲ့ ကျောင်းသုံးစာအုပ်ဆိုရင်လည်း စာစီစာကုံးလောက်ပဲ ထားတာ။ တချို့က ပြည်တွင်း၊ ပြည်ပကလိုချင်တဲ့စာအုပ်ကို လာပြီးမှာရင်တော့ မှာပေးတာမျိုးရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့တွင် နိုင်ငံရေးနှင့် အထွေထွေသုတ၊ ရသ ပညာပေးစာအုပ် အရောင်းဆိုင်ပေါင်း ၂၀ ကျော်ခန့်ရှိပြီး စာအုပ်အငှားဆိုင်ပေါင်း ၁၀၀ ကျော် ရှိကြောင်းသိရသည်။ ■

သတင်းတိုများ

မြို့သစ်မြို့နယ်တွင် ဆင်နှင်း၍ အမျိုးသမီးငယ် တစ်ဦးသေဆုံး

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အိုင်းမရွာ၊ ငဂျီတဲတိုက် အရှေ့ဘက် မိုင် ၃၀ ခန့်အကွာ ဒီဇင်ဘာ ၃၁ ရက်နေ့ နံနက် ၂ နာရီအချိန်က ဦးတင်မြင့်၏သမီး အသက် ၁၅ နှစ်ရှိ မသန္တာဦးမှာ ဆင်နင်းမိပြီး သေဆုံးခဲ့ကြောင်း၊ အိုင်းမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းက မြို့သစ်ရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် စခန်းမှူးနှင့်အဖွဲ့က အခင်းဖြစ် ပွားနေရာသို့ သွားရောက် စစ်ဆေးခဲ့ကြောင်း၊ ထိုနေ့က တဲရှင် ဦးတင်မြင့် တောင်ယာခုတ်သွားနေ၍ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ပုလေး၊ သမီးဖြစ်သူ မသန္တာဦးနှင့် အစ်မဝမ်းကွဲဖြစ်သူ မစန္ဒာဌေးတို့မှ တဲ၏ အနောက်ဘက်သို့လည်း ကောင်း သေဆုံးသူ မသန္တာဦးမှာ တဲ၏မြောက်ဘက်သို့ ထွက်ပြေးခဲ့ရာမှ တဲအနီးနွားမ တစ်ကောင်ကို ကြိုးဖြည်ပေးနေစဉ် ဆင်ရိုင်း တစ်ကောင်က တက်နင်းခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသဖြင့် မြို့သစ်မြို့နယ်စခန်းမှူး ရဲအုပ်မျိုးမြင့် ထွန်းနှင့်အဖွဲ့ မြို့သစ်မြို့နယ်ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ကြောင်း အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ မြို့သစ်ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၁၃ ဖြင့် ရေးမှတ်ထားကြောင်း သက်ဆိုင်ရာ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

နှစ်သစ်မင်္ဂလာမီးပုံးပျံပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ နှစ်သစ်ဦးကာလတွင် ၅၅ ကြိမ်မြောက် နိုင်ငံတကာ မီးပုံးပျံစုပေါင်းပျံသန်းပွဲကို ၆၅ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ မြန်မာဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးကြပ်မှု ဖြင့် ကျင်းပခဲ့ကြောင်း Golden Express Travels And Tours Co., Ltd. က ဇန်နဝါရီလ ၄ ရက်နေ့မှ ၅ ရက်နေ့ထိ ကျင်းပခဲ့ကြောင်း နိုင်ငံခြားသား ၃၀ ဦးက ရောင်စုံမီးပုံပျံ ခြောက်လုံးဖြင့် မကွေးခရိုင်အားကစားကွင်းမှ စတင်၍ မကွေးမြို့ကောင်းကင်၌ လှည့်လည် စီးနင်းခဲ့ကြောင်း မြို့ပေါ်ရှိ ပြည်သူများမှာ မီးပုံပျံစီးသည့် ဖြစ်ရပ်ကို မမြင်မတွေ့ဘူးကြ၍ အထူးအဆန်းဖြစ်ကာ တစ်မြို့လုံး အုံးအုံး ကျွတ်ကျွတ်ဖြစ်ခဲ့ကြောင်း သိရသည်။

စောလှနွယ်(မကွေး)

တစ်ပတ်အတွင်း သတင်းတိုထွာ

လက်ပံတောင်းတောင် သပိတ်စခန်းများကို အကြမ်းဖက်ဖြိုခွင်းမှု တစ်လပြည့်ပေမယ့် မထူးခြားလို့ ဒေသခံများဆန္ဒပြ

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းလုံးဝဖျက်သိမ်းရေးနှင့် သပိတ်စခန်းများကို အကြမ်းဖက်ဖြိုခွင်းမှုနှင့် ပတ်သက်ပြီး ထူခြားတဲ့ပြောင်းလဲခြင်းများကို မတွေ့ရှိရသဖြင့် လက်ပံတောင်း တောင်ဒေသခံ သံဃာတော် ၁၀ ပါးနှင့် ရွာသူရွာသား ၂၀၀ ကျော်တို့သည် ၂၉-၁၂-၂၀၁၂ ရက်နေ့ညနေ ၃ နာရီအချိန်ခန့်မှာ တုံကျေးရွာသပိတ်စခန်းများမှ ညောင်ပင်ကြီးဆိပ်ကမ်းအထိ လမ်းလျှောက်ချီတက် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း၊ ကြေးနီစီမံကိန်းလုံးဝဖျက်သိမ်းရေး တောင်းဆိုချက်များကို ဟစ်ကြွေးကာ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်ဖြိုခွင်း သူတရားခံများကို အမြန်ဆုံး ဖော်ထုတ်အရေးယူပေးပါရန် တောင်းဆိုခဲ့ကြကြောင်း ဇန်နဝါရီလ ၉ ရက်နေ့ ထုတ် မြန်မာ့ဂျာနယ်မှာဖော်ပြထားပါတယ်။



ဘုရားဦးခေါင်းတော်များဖြတ်၍ ဆက်တိုက်အနိုးခံနေရ

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ စန္ဒာမုနိဘုရားဝင်းအတွင်း ဗုဒ္ဓရုပ်ပွားတော် သုံးဆူဦးခေါင်းတော် ဖြတ်ခိုးခံရပြီး၊ ရက်တူ နာရီခြားကာ တောင်ပြုန်းကျေးရွာ၌ ရုပ်ပွားတော် သုံးဆူ၏ဦးခေါင်းတော်ဖြတ်ခိုးယူမှု ထပ်မံဖြစ်ခဲ့ကြောင်း ဒေသခံများထံမှ သိရကြောင်း ဒီဇင်ဘာလ ၃၁ ရက်နေ့ထုတ် ရွှေမန္တလေး သတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

ပုဒ်မ ၁၈ နဲ့ တရားစွဲထားတဲ့ လေးယောက်လွှတ်ဖို့ ဘုန်းကြီးကိုးပါး သမ္မတဆီစာတင်

မန္တလေးမြို့က ဆရာတော် ကိုးပါးက ၁၂-၁၂-၂၀၁၂ သံဃာများ ဆန္ဒပြရာမှ ဘေးကဝန်းရံထားတဲ့ လူတွေကို ပုဒ်မ(၁၈)နဲ့ဖမ်းထားတဲ့ အတွက် လွှတ်ပေးဖို့ သမ္မတဆီစာတင် ထားတယ်လို့ သိရကြောင်း ဇန်နဝါရီလ ၉ ရက်နေ့ ထုတ် မြန်မာ့ဂျာနယ်မှာဖော်ပြထားပါတယ်။ ■

Skype ထဲသို့ ငွေဖြည့်နိုင်မည့် ဝန်ဆောင်မှု ဝက်ဘ်ဆိုက်စတင်

ထူးဇေအောင်

အွန်လိုင်းမှတစ်ဆင့် ဖုန်းခေါ်ဆိုနိုင်သည့် Skype ဖုန်းပြောဆိုမှုစနစ်ထဲသို့ အွန်လိုင်းမှတစ်ဆင့် ငွေဖြည့်တင်းနိုင်သည့် ဝန်ဆောင်မှုကို ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်လိုက်သည်။

ယင်းဝန်ဆောင်မှု ဝက်ဘ်ဆိုက်သည် www.mmskype.com ဖြစ်ပြီး ငွေဖြည့်တင်းရာတွင် အနည်းဆုံး ငါးဒေါ်လာမှစ၍ ငွေဖြည့်တင်းနိုင်ကာ MyanPay Online Payment Gateway မှတစ်ဆင့် ငွေပေးချေရမည်ဖြစ်ပြီး ငွေပေးချေပြီးပါက မိမိ Skype ကိုယ်ပိုင်အကောင့်ထဲသို့ ဖြည့် သွင်းလိုက်သည့် ငွေပမာဏ ရောက်ရှိ လာမည်ဖြစ်ကြောင်း အဆိုပါ ဝက်ဘ် ဆိုက်၏ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောပြသည်။

"ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုက မြန်မာပြည်တွင်း Skype အသုံးပြုသူတွေရဲ့ အကောင့်ထဲကို အွန်လိုင်းကနေ တိုက်ရိုက် ငွေဖြည့်တင်းပေးတဲ့ ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ www.mmskype.com တစ်ဆင့် ငွေဖြည့်သွင်းမယ်ဆိုရင် ငွေပေးချေစဉ် အတွင်းမှာ အသုံးပြုသူရဲ့ Skype Username ကို တစ်ခါတည်း ထည့်ပေးဖို့ လိုအပ်ပါတယ်။ ငွေပေးချေတဲ့နေရာမှာ MyanPay နဲ့ ငွေပေးချေရမှာ ဖြစ်ပါတယ်။ ငွေပေးချေပြီးတာနဲ့ အသုံးပြုသူရဲ့ Skype Credit ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်ဝန်ဆောင်မှုမှာ အသုံးပြုသူတွေ အဆင်ပြေအောင် Live Chat ဝန်ဆောင်မှုကိုပါ ထည့်သွင်းထားပါတယ်"ဟု ၎င်းကပြောသည်။

Skype အကောင့်ထဲကို ငွေဖြည့်တင်းပေးသည့် Skype Credit Plan အပြင် Unlimited Country Plan သည် တစ်လအတွင်း နိုင်ငံတစ်နိုင်ငံသို့ အကန့်အသတ်မရှိ ဖုန်းခေါ်ဆိုနိုင်သည့် Skype Plan ဖြစ်ကြောင်း၊ ဥပမာ- Unlimited Call to Singapore ဆိုလျှင် စင်ကာပူနိုင်ငံကို တစ်လအတွင်း

မန္တလေးအထူးကဏ္ဍ ၈ သို့

စာပေစျေးကွက်ကဏ္ဍ

ဘာလဲဟဲ့ မောင်စွမ်းရည်

ဖြိုးဝေကျော်

"တွေးတတ်သလောက် ရေးတတ်သလောက်နဲ့ပဲ ကျွန်တော် စိတ်အချဉ်ပေါက်တဲ့ 'အကောင်ဗလောင်'တွေကို နားရွက်တံတွေးဆွတ်ကြည့်တာပါပဲ" လို့ ဆိုထားတဲ့ ဆရာမောင်စွမ်းရည်ရဲ့ စာအုပ်ဖြစ်ပါတယ်။

ဒီစာအုပ်ကို ပြီးခဲ့တဲ့လအနည်းငယ်အတွင်းက ထုတ်ဝေခဲ့တဲ့ ဦးနုရဲ့ 'တာတေစနေသား'၊ မသီတာ (စမ်းချောင်း)ရဲ့ 'စမ်းချောင်း အင်းစိန် ဟားဗတ်' စတဲ့ စာအုပ်ကောင်းတွေကို ထုတ်ဝေခဲ့တဲ့ ငါတို့စာပေကနေပဲ ဆက်လက်ထုတ်ဝေလိုက်တဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး 'ဘာလဲဟဲ့. . .'နဲ့ အစချီပြီး နာမည်ပေးထားတဲ့ ဆောင်းပါးပုဒ်ရေပေါင်း ၃၃ ပုဒ် ပါဝင်ထားပါတယ်။

ဆရာမောင်စွမ်းရည်ဟာ ဘယ်နိုင်ငံရေးပါတီဝင်မှမဟုတ်ဘဲ ပြည်ပကို ထွက်လာရင်း ရေဒီယိုတွေကနေပြီး စစ်အစိုးရဆန့်ကျင်ရေးစကားတွေ အပြောများလွန်းသွားလို့ မပြန်ဘဲနေခဲ့သူဖြစ်ပါတယ်။ ဒီစာအုပ်ထဲက ဆောင်းပါးတွေရဲ့အကြောင်းအရာတွေကို ရေဒီယိုတွေက အသံလွှင့်ရာမှာရော၊ ပြည်ပထုတ်ဂျပန်၊ ကိုရီးယား၊ အမေရိကန်အခြေစိုက် စာနယ်ဇင်းလေးတွေမှာရော၊ ကွန်ပျူတာကွန်ရက်တွေမှာရော ကြုံသလိုဖော်ပြခဲ့ပြီးဖြစ်ကြောင်း ဆိုထားပါတယ်။

နိုင်ငံရေးနယ်ပယ်က ကိစ္စရပ်မျိုးစုံကို တို့ထိထားပြီး လူကြီးလူငယ်တွေ နှစ်သက်မိကြမယ့် ဒီဆောင်းပါးတွေဟာ ထိမိတဲ့ စကားလုံးအသုံးအနှုန်း၊ ကလိတဲ့ဟန်တွေနဲ့ ခပ်သွက်သွက်ဆွဲခေါ်သွားနိုင်တာကို တွေ့ရသလို သိသင့်သိထိုက်တဲ့ နိုင်ငံရေးနယ်ပယ်ရဲ့ အတိတ်ကဖြစ်ရပ်တွေကိုပါ မြင်တွေ့ခွင့်ရပါလိမ့်မယ်။

'ဘာလဲဟဲ့. . .'နဲ့ အစချီထားတဲ့ ဆောင်းပါးခေါင်းစဉ်တွေအဖြစ် စာအုပ်ရှေ့ပိုင်းမှာ 'မောင်စွမ်းရည်'၊ 'နိုင်ငံရေးသမား'၊ 'ပါတီနိုင်ငံရေး'၊ 'ဒီမိုကရေစီ'၊ 'အေရှန် ဗဲလယူး'၊ 'တရားဥပဒေ'၊ 'ဒိုင်ယာလော့ခ်'၊ 'နှစ်ဖက်စလုံးလျှော့'၊ 'ထိပ်တိုက်ရင်ဆိုင်မှု'၊ 'တစ်မတ်သား'၊ 'ဆန်ရှင်'၊ 'ဒီဖက်တို'၊ 'ဒီဂျူးရီး'၊ 'ဟီးရိုးဝေါရှစ်'နဲ့ 'ပုဂ္ဂိုလ်ကိုးကွယ်မှု' တို့ ပါဝင်ထားပါတယ်။

". . အခုလို နိုင်ငံရေးနယ်ပယ်ကကိစ္စတွေကို ဟိုတို့ဒီတို့ရေးတဲ့အတွက် မိမိကိုယ်ကို နိုင်ငံရေးအကဲခတ်သမားလို့ လုံးဝမထင်မှတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုရေးထားတာတွေက 'အရပ်သားအတွေး'၊ 'အရပ်သားဆင်ခြေ'တွေနဲ့ပဲ ရေးနေတာပါ။. . ကျွန်တော့်အတွေးအခေါ်တွေဟာ စာဖတ်သူတွေက အဆင့်အတန်း မရှိဘူးလို့ထင်ရင် ဒါတွေက အရပ်သားအတွေးပါဆိုပြီး အရပ်သားကို ခုတုံးလုပ်၊ အရပ်သားနဲ့ အကာအကွယ်ယူရခြင်းလည်းမဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ပြည်သူကြားက အတွေးအခေါ်လို့ ပြောလိုရင်းပါ။ မပြောတတ်လို့ ချွဲသလိုဖြစ်နေရင်လည်း သည်းခံပါလေ။ တကယ်လည်း ဒီဆောင်းပါးတွေဟာ ကျွန်တော်အရပ်တကာလည်ပြီး လက်ဖက်ရည်ပိုင်းမှာ ပြောခဲ့တာတွေပဲ ဖြစ်ပါတယ်. . "လို့လည်း စာရေးသူက ဆိုထားပါတယ်။

စာအုပ်ရဲ့နောက်ပိုင်း ဆောင်းပါးတွေအဖြစ် 'ကွန်မြူနစ်'၊ 'ပုဆိန်ရိုး'၊ 'အကြောက်တရား'၊ 'လူကြီးဖယ်'၊ '၁၃၅၅ မျိုး'၊ 'အမေ့ခေါ်သံ'၊ 'အဘခေါ်သံ'၊



'မီဒီယာအက်သစ်'၊ 'သတင်းသမား'၊ 'သင်္ကြန်'၊ 'အာဇာနည်'၊ 'အကောင်ဗလောင်'၊ 'အမျိုးသားနေ့'၊ 'အကြိုးပေး'၊ 'ငြိမ်းချမ်းရေး'၊ 'စည်းကမ်းရှိတဲ့ ဒီမိုကရေစီ'၊ 'အမျိုးသား အကျိုးစီးပွား'နဲ့ 'လူ့အခွင့်အရေး' တို့ ပါဝင်ထားပါတယ်။

". . ကျွန်တော့် ရည်ရွယ်ချက်ကလည်း သိပ်ပြီးမြင့်မြင့်မားမားမဟုတ်ပါဘူး။ နိုင်ငံရေးပဲဖြစ်ဖြစ်၊ ဘာအရေးပဲဖြစ်ဖြစ် ငုတ်တုတ်ခံမနေဘဲ ဆင်ခြေတက်ကြည့်ကြဖို့ပါပဲ။ 'ဖောက်တွေးနည်း'၊ 'ဆန့်တွေးနည်း' စသဖြင့် ကြီးကြီးကျယ်ကျယ်လည်း မပြောတတ်၊ သူများပြောရင်လည်း ပြောတဲ့လူတွေဟာ သိပ်သိကြတာမဟုတ်ဘူးလို့ ရိပ်မိလို့ နားကြားပြင်း ကတ်တတ်ပါသေးတယ်။ ကျွန်တော်ဖြစ်ချင်တာက သူများကကောင်းတယ်ပြောရင် ဘာကောင်းတာလဲ၊ ဘာဖြစ်လို့ကောင်းတာလဲ၊ ဘယ်လိုကောင်းတာလဲစသဖြင့် ဆင်ခြေတက်ကြည့်ရုံပါပဲ။ မကောင်းဘူးပြောရင်လည်း ဆင်ခြေတက်ပါ။

. . ဘုရားကိုယ်တော်တိုင်က ငါ့တရားကို ငါပြောတိုင်းမယုံနဲ့လို့ သံသယရှိခွင့်ပေးထားလျက်နဲ့ ဘုရားစာကို အတွန့်တက်ရင် မိုးကြိုးပစ်မယ်၊ မြေမျိုလိမ့်မယ်လို့ထင်နေသမျှ ကျွန်တော်တို့ နိုင်ငံဟာ လူလည်၊ လူရှုပ်တွေ၊ လူလိမ်၊ လူယုတ်တွေရဲ့ ကြီးစိုးတာကို ခံနေရဦးမှာပါပဲ။

ဒါကြောင့် ဘာလဲဟဲ့လို့ ဆင်ခြေတက်ကြည့်ကြစမ်းပါ. . " လို့ဆိုထားပြီး စာဖတ်သူအာရုံမှာ ငြိနိုင်မယ့်ဒီစာအုပ်ကို ၂၀၁၃၊ ဇန်နဝါရီလမှာ ပထမအကြိမ် အုပ်ရေ ၁,၀၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၂, ၀၀၀ ဖြစ်ပါတယ်။ ■

အွန်လိုင်းမှတစ်ဆင့် . . .

မန္တလေးအထူးကဏ္ဍ က မှ

အကြိမ်ရေ မိနစ်အကန့်အသတ်မရှိ ဖုန်းခေါ်ဆိုနိုင်သည့် စနစ်ဖြစ်ကြောင်း၊ Unlimited Country Plan သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်ကို တစ်လအတွင်း အကြိမ်ရေ မိနစ် အကန့်အသတ်မရှိ ဖုန်းခေါ်ဆိုနိုင်သည့် Skype Plan ဖြစ် ကြောင်း၊ ယင်း စနစ်နှစ်ခုသည် အင်တာနက်ဆိုင်များနှင့် သင့်လျော်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းမှ ဖုန်းခေါ်ဆိုနိုင်သည့် ဝန်ဆောင်မှုများစွာ ရှိသော်လည်း ယခုကဲ့သို့ အွန်လိုင်းမှ တစ်ဆင့် ငွေဖြည့်တင်းနိုင်သည့် ဝက်ဘ်ဆိုက်မှာပထမဦးဆုံးဖြစ်ကြောင်း ၎င်းကပြောသည်။ ■



ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ချစ်စရာကောင်းပြီး အသုံးတည့်မယ့် အိမ်တွင်း အသုံးအဆောင်ပစ္စည်းလေးတွေကို ဆက်လက်ဖော်ပြ ပေးလိုက်ပါရ စေ။

Dinner Set



နိုင်မယ့်တစ်စုံစာကတော့

လူခြောက်ယောက်စာ တည်ခင်းနိုင်ဖို့အတွက် လိုအပ်မယ့် ဇွန်းခက်ရင်းတစ်စုံ စာပါ။ အစုံလိုက် သိမ်းဆည်းထားနိုင်ဖို့ စင်ငယ်လေးလည်း တစ်ပါတည်းပါဝင်ပါတယ်။ တစ်စုံမှာဇွန်းနဲ့ခက်ရင်း ခြောက်စုံ၊ ဇွန်း အသေးခြောက်ချောင်းနဲ့ ခေါ်းခြောက် ချောင်းပါဝင်ပါတယ်။ သစ်ကိုင်းပုံ တစ်စုံစာက ကျပ် ၇,၅၀၀ ဖြစ်ပြီး လိမ္မော်နဲ့ နက်ပြာအရောင်နှစ်ရောင်ရ ကျပ် ၉,၀၀၀ ဖြစ်ပါတယ်။

||uuf0yk&dzmftalumftjkeyfxkeLuf



ကြက်ဥ၊ ဘဲဥကြော်ဖို့အတွက် ဝက်ဝံ ပုံ၊ အသည်းပုံလေးတွေဖော်ပြီး သားအိုးအငယ်လေးတွေကတစ်ခုကို ကျပ် ၁,၃၀၀နဲ့ ကျပ် ၁,၅၀၀ ပါ။ မကျက် တစ်ကျက် ကြော်တာ ကြိုက်တတ်သူတွေအတွက် ပိုအဆင်ပြေမှာ ဖြစ်ပြီး အိုးကိုလည်း Non-stick သားနဲ့ ပြုလုပ် ထားပါတယ်။ ဒါ့ပြင် အိုးအပြား ထဲမှာပဲ စက်ဝိုင်းပုံ၊ အသည်းပုံတွေ ဖော်နိုင်တဲ့ ပုံစံခွက်ငယ်လေးတွေကတော့ တစ်ခုကို ကျပ် ၉၀၀ ဖြစ်ပါတယ်။ ဟင်းပွဲ တွေကို အလှဆင်ဖို့နဲ့ ကြက်ဥစားဖို့ ငြင်းဆန်နေတတ်တဲ့ သားသား၊ မီးမီးတွေကို စားချင်လာအောင် ဆွဲဆောင်နိုင်ဖို့ အသုံးတည့်မယ်လို့ ထင်ပါတယ်။

||uuf0vjzkdkdxdmi,f



ကြက်ဥ၊ ဘဲဥတွေကို အချိန်တိုအတွင်းမှာ မြန်မြန်ဆန် ဆန်နဲ့လှလှပပစိပ်ခွဲနိုင်ဖို့အတွက် ကိရိယာငယ်လေးတွေပါ။ တစ်ချက်ဖိလိုက်ရုံနဲ့ အစိပ်ငယ်ခြောက်စိပ်၊ အပိုင်းငယ် ရှစ်ပိုင်းရရှိနိုင်မှာမို့ အချိန်ကုန်သက်သာစေမယ့် ပစ္စည်းလေးတစ်ခုပါပဲ။ အစိပ်နဲ့ အပိုင်း နှစ်မျိုးလုံး လိုးလို့ရတာက ကျပ် ၉၀၀ ဖြစ်ပြီး အပိုင်းပုံ တစ်မျိုးတည်းပါတာက ကျပ် ၅၀၀ ဖြစ်ပါတယ်။ ဈေးသက်သက် သာသာနဲ့ အလုပ်ပိုတွင်စေနိုင်မှာ သေချာပါတယ်။

မန္တလေးအထူးကဏ္ဍ ဂ သို့



မြန်မာစာစနစ် HTC ဖုန်း စျေးကွက်ထဲ ဖြန့်မည်

ခင်ဆုဝေ

ယခုနှစ် ဇန်နဝါရီ ဒုတိယပတ်အတွင်း မြန်မာစာစနစ် အသုံးပြုထားသော နာမည်ကျော် တရုတ် (တိုင်ပေ) အခြေစိုက် HTC ဖုန်း စျေးကွက်ထဲ ဝင်လာမည်ဖြစ်ကြောင်း စံမြန်မာမှ ဦးထွန်းမြင့်က ဆိုသည်။

မြန်မာစာစနစ် ပါဝင်သည့် HTC ဖုန်းများကို ရန်ကုန်တွင် ဇန်နဝါရီ ၁၄ ရက်တွင် KMD ၌လည်းကောင်း၊ မန္တလေးတွင် ဇန်နဝါရီ ၁၅ ရက် မင်းကွန်ပျူတာ ၌လည်းကောင်း အရောင်းစင်တာများ ဖွင့်လှစ်၍ ရောင်းချမည်ဖြစ်သည်။

"အိတ်ချ်တီစီက မော်ဒယ်အလိုက် ရှိတာပေါ့။ စျေးနှုန်းကို တစ်သိန်းခွဲ ဝန်းကျင်လောက်ကနေ ခြောက်သိန်း၊ ခုနစ်သိန်းအထိရှိတယ်။ အတတ်နိုင်ဆုံး စျေးချဖို့ စီစဉ်ထားပါတယ်။ စစချင်းမှာ လူတွေသုံးအောင်လို့။ ဘယ်လောက်ထိ စျေးချမလဲဆိုတာ ဆွေးနွေးနေတုန်းပဲ။ မော်ဒယ်လ်ခုနစ်မျိုး ဖြစ်ပါတယ်။

"စနစ်တစ်ခုလုံး မြန်မာလိုရအောင် လုပ်ထားပါတယ်။ မြန်မာဖောင့်ထည့်ထားတဲ့ တခြားဟန်ဖုန်းက မီးနူးတွေက အင်္ဂလိပ်လိုဖြစ်နေတယ်။ HTC မှာ အဲဒီလိုမဟုတ်ဘူး။ မြန်မာပြုလိုက်တဲ့ အသိပေးချက်တွေအားလုံးက မြန်မာလို ပြန်ပြောတယ်။ ဘက်ထရီအားနည်းနေပြီ။ ဖုန်းကွန်ရက်လိုင်းတွေ မတက်ဘူး ဆိုတာ မြန်မာလိုပြန်ပြောတာ"ဟု စံမြန်မာမှ ဦးထွန်းမြင့်က ဆိုသည်။

"ကျွန်တော်တို့လက်ရှိက စံမြန်မာသုံးပေမယ့် အပြင်မှာဇော်ဂျီအသုံးများတဲ့အတွက် အပြင်ဘက်ဆက်သွယ်တာမှန်သမျှ မက်ဆေ့ချ်ရိုက်မယ်။ ဂျီတော့ ပြောမယ်။ နောက်ပြီး ဝက်ဘ်ဆိုက် ရှာမယ်။ဇော်ဂျီဖောင့်ကိုအဲဒီ Output သုံးမျိုး ထုတ်ထားပါတယ်။ ကျွန်တော်တို့ စံမြန်မာနဲ့ ရိုက်တယ်။ ပြီးရင် ဒီထဲဝင်ထားတာနဲ့တစ်ပြိုင်နက် ဇော်ဂျီနဲ့ထုတ်တယ်" ဟု ၎င်းက ဆိုသည်။



မြန်မာစာစနစ်သုံးထားသည့် အိပ်ချ်တီစီဖုန်း၏ လက်ကွက်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ခင်ဆုဝေ

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ စျေးလျှော့ရောင်းခြင်းနှင့် ကံစမ်းမဲပေးခြင်း တစ်ခုခု ဆောင်ရွက်မည်ဖြစ်သည်။

မန္တလေးမြို့မှ ကွန်ပျူတာပညာရှင်များ တီထွင်ဖန်တီးခဲ့သည့် စံမြန်မာစနစ်ကို HTC ဖုန်းထဲတွင် ထည့်သွင်းအသုံးပြုခြင်းဖြစ်ပြီး ဟန်းဆက်များတွင် မြန်မာစာ OS စနစ် ပါဝင်လာခြင်းမှာ HTC သည် ပထမဆုံးမဟုတ်ကြောင်း၊ ၂၀၁၁ ခုနှစ်အစောပိုင်းတွင် စံမြန်မာက Standard အမည်ရှိ စီဒီအမ်အေ ဟန်းဆက်များတွင် အဆိုပါစနစ်ထည့်သွင်းရောင်းချခဲ့ကြောင်း၊ စံမြန်မာစနစ်ကို ၂၀၀၉ ၌ စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ကတည်းက မိတ်ဆက်ပေးခဲ့ကြောင်း ဦးထွန်းမြင့်က ဆိုသည်။

"မြန်မာစာက တခြားစာတွေနဲ့ မတူဘူး။ အားသာချက်တွေ ရှိတယ်။ HTC ဖုန်းက အစက မြန်မာပြည်စျေးကွက် ဝင်ဖို့မရှိဘူး။HTC က စီအီးအိုနဲ့ဆွေးနွေးချိန်မှာ တခြားဟာနဲ့မတူဘူးလို့ ပြောပြဖြစ်ခဲ့တယ်။ သူကိုယ်တိုင်လည်း လက်ရှိလုပ်ထားပြီးသားစက်ပေါ်မှာ စမ်းကြည့်တယ်။ သူလည်းမြန်မာပြည်မလာတာကြာသွားပြီ။ နှစ်ပေါင်း ၃၀ လောက် ရှိတယ်။ သူကစီအီးအိုလည်းဖြစ်တယ်။ တည်ထောင်သူလည်းဖြစ်တယ်။ သူက ဘာလဲဆိုတော့ သူများနဲ့မတူတာလုပ်တယ်။ သူ့အကျင့်အတိုင်းပဲ လုပ်တယ်။ မြန်မာပြည်လာတယ်။ တကယ်ထူခြောက်တာဟုတ်မဟုတ် အရင်လေ့လာတယ်။ တော်တော်ကောင်းတယ်။ တခြားဇော်ဂျီနဲ့ရိုက်တယ်။ အိုင်ဖုန်းက လက်ကွက်တွေရော အကုန်လေ့လာ၊ လေ့လာပြီးတော့ သိသွားပြီ။ ဒီမြန်မာစာစနစ်နဲ့ဆိုရင် မြန်မာစျေးကွက်ရမယ်ဆိုရင် အောင်နိုင်မယ်ဆိုမှစပြီးလုပ်တာ။ စာချုပ်ချုပ်တယ်။ လေးလ၊ ငါးလလောက် ကြာသွားတယ်" ဟု ၎င်းက ဆိုသည်။

Android တွင် မြန်မာစာစနစ် ပါဝင်ခြင်းကြောင့် အကျိုးကျေးဇူးများ ပိုမိုရှိလာနိုင်ကြောင်း ၎င်းက ဆိုသည်။

"Android က စနစ်တစ်ခုထဲ ဝင်သွားရင် ဖန်ရှင်တွေများပြီး လည်ထွက်နေတာ။ ပြန်ထွက်မရတော့ဘူး။ ဒါဆို မြန်မာစာစနစ်ဖြစ်မှကို အသုံးတည့်တော့မှာ။ ရာခိုင်နှုန်း ၂၀၊ ၃၀ လောက်ပဲ တကယ်နားလည်နိုင်ကြတယ်။ စမတ်ဖုန်းက စွမ်းဆောင်ရည်တွေက အများကြီး။ ဒီစွမ်းဆောင်ရည်အားလုံးကို ဒီထဲထည့်ထားတယ်။ ဖုန်းစာအုပ် အပြင် သတိပေးချက်တွေ၊ ပြက္ခဒိန်တွေ၊ ဂျီပီအက်စ်တွေပါတဲ့ ဖုန်းတွေကတော့ ဖြည်းဖြည်းချင်းဖြစ်လာမှာ။ ခုလောလောဆယ် လူငယ်တွေတစ်ဆင့် နားလည်လာပြီ။ လူတွေက ဒီထက်ပို တောင်းဆိုလာပါလိမ့်မယ်။ မလိုပါဘူး ပြောတဲ့သူတွေရှိပါတယ်။ စမတ်ဖုန်းတွေသာ မြန်မာလိုဖြစ်လာရင် ချက်ချင်းနားလည်လာတဲ့ အကျိုးသက်ရောက်မှုတွေရှိလာမယ်" ဟု ၎င်းက ဆိုသည်။

မြန်မာစာကို အခြားတရုတ်ဖုန်းများ၌ ထည့်ထားကြသည်ကို တွေ့ရကြောင်း၊ သို့သော် လုပ်ဆောင်ချက်အလွန်ကွာကြောင်း၊ မြန်မာလိုရိုက်ချိန်တွင် အခြားတရုတ်ဖုန်းမှ မြန်မာစာလုံးများသည် စာလုံးလည်းမလှသည့်အပြင် လိုချင်သလို အစုံရိုက်၍မရကြောင်း ၎င်းက ရှင်းပြသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ၉ မှ

a&cacmifvlykdyHkdUuf

ရေခဲချောင်းကြိုက်နှစ်သက်တဲ့ သားသားမီးမီးတွေအတွက် သန့်ရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရေခဲချောင်းတွေကို အိမ်မှာတင် အရသာအမျိုးမျိုး၊ ပုံစံ အမျိုးမျိုးနဲ့ ကိုယ်တိုင် လုပ်ကျွေးနိုင်ဖို့ အတွက်ပါ။

အဝိုင်းပုံ၊ ကြယ်ပုံနဲ့ ရိုးရိုးရေခဲချောင်း ပုံဆိုပြီး ပုံစံခွက်တွေကို ရွေးချယ်လို့ ရပါတယ်။ စျေး နှုန်းတွေကတော့ ကျပ် ၈၀၀၊ ၁,၅၀၀၊ ၁,၈၀၀နဲ့ ၂,၄၀၀ ဆိုပြီး အမျိုးမျိုး ရှိပါတယ်။



ဖော်ပြထားတဲ့ ပစ္စည်းတွေကို ကြိုက်နှစ်သက်လို့ ဝယ်ယူမယ်ဆိုရင်တော့ ၇၇ လမ်းနဲ့ ၇၈ လမ်းကြား၊ ၃၃ လမ်းနဲ့ ၃၄ လမ်းကြား ကိုင်းမွန်းပလာဇာ တတိယ ထပ်မှာရှိတဲ့ Super One Department Store မှာ ရရှိနိုင်တဲ့အကြောင်း လမ်းညွှန်ပေးချင်ပါတယ်။ ■







နှစ်ပေါင်း ၂၀၀ ကျော်ရှိသော ရှေးဟောင်း ကြေးခေါင်းလောင်းကို လေ့လာနိုင်ပြီ

လှိုင်ကျော်စိုး



မဟာစန္ဒာမုနိမြတ်စွာဘုရားဝင်း ရှေ့ဟောင်းကြေးခေါင်းလောင်းကို တွေ့ရစဉ်။ ဓာတ်ပုံ - လှိုင်ကျော်စိုး

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ဝါးလုံးတံတားရပ်ကွက် မဟာစန္ဒာမုနိ မြတ်စွာဘုရားဝင်းအတွင်း နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းကြေးခေါင်းလောင်းကြီးကို လေ့လာနိုင်ရန် ယခုအခါ ဘုရားဝင်းအတွင်း မြောက်ဘက်မုခ်တွင် ချိတ်ဆွဲထားကြောင်း ဆရာတော် ဦးနန္ဒိယမိန့်ကြားသည်။

အဆိုပါ ခေါင်းလောင်းကြီးကို ဘုရား၏ပရိဝုဏ်အတွင်းတွင် တွေ့ရှိရသဖြင့် ဘုရားပရိဝုဏ်အတွင်း ပြန်လည်ချိတ်ဆွဲထားခြင်းဖြစ်ပြီး၊ ဆက်လက်ထိန်းသိမ်းသွားရန်သာလိုအပ်ကာ ပြန်လည်ပြုပြင်မွမ်းမံရန်မှာမူ မလိုအပ်သေးကြောင်း ဆရာတော်က မိန့်ကြားသည်။

“ရှေးဟောင်းယဉ်ကျေးမှုဌာနကလာကြည့်သွားပြီး၊ ပြုပြင်စရာမလိုဘူးလို့ ပြောသွားပါတယ်။ ခေါင်းလောင်းမှာ ပါဝင်တဲ့ကမ္ဘည်းစာတန်းတွေကိုဖတ်ပေးသွားတယ်။ ဘုရားဝင်းအတွင်း ချိတ်ဆွဲမှာကိုလည်း ခွင့်ပြုတဲ့အကြောင်း ပြော သွားပါတယ်”ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါ ကြေးခေါင်းလောင်းကြီးသည် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် သစ်ပင်စိုက်ပျိုးရန် မြေတူးဖော်ရာမှ စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ပြီး၊ အမြင့် သုံးပေ၊ အဝကျယ်နှစ်ပေ၊ အထူ သုံးလက်မခွဲ၊ အလေးချိန် ၃၀၀ ကျော်ရှိပြီး၊ ခြင်္သေ့ရုပ်နှစ်ရုပ်နှင့် ကမ္ဘည်းစာတန်းများပါဝင်ကြောင်း သိရသည်။

“ခေါင်းလောင်းကို သစ်ပင်စိုက်ဖို့ မြေတူးတာ၊ နှစ်ပေကျော်လောက်မှာ ပြောင်းပြန်အနေနဲ့စတွေ့တယ်။ အပေါ်ကို ကရိန်းကားနဲ့ဆွဲယူပြီး၊ ဓမ္မဝိရဘုန်းတော်ကြီးကျောင်းမှာ ယာယီထားရှိခဲ့ပါတယ်”ဟု ဆရာတော်ကမိန့်သည်။

အဆိုပါကြေးခေါင်းလောင်းချိတ်ဆွဲထားသော စန္ဒာမုနိမြတ်စွာဘုရားကို မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်က ဘိုးတော်ဦးပိုင်း (ဗဒုံမင်း) တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ ■

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရခိုင်ရှိ ရွှေ့ပြောင်းနေရသူများအတွက်ယာယီ အဆောက်အအုံ ၆၀ ဆောက်လုပ်ရန်စီစဉ်

ဒေးစပယ်ဖြူ

ရခိုင်ဒေသရှိ ရွှေ့ပြောင်းနေထိုင်နေရသည့်အိမ်ထောင်စု ၆၀၀ အတွက်ယာယီအဆောက်အအုံ ၆၀ ကို တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခ စီမံခန့်ခွဲရေးဌာနမှ ဌာနမှူး ဦးမောင်မောင်ခင်က ပြောသည်။

အဆိုပါယာယီအဆောက်အအုံများကို ကာတာလခြမ်းနီအသင်း၏ ပူးပေါင်းကူညီထောက်ပံ့မှုဖြင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

“မိသားစု ၁၀ စုစီနေနိုင်တဲ့ယာယီတဲအလုံး ၆၀ ဆောက်ဖို့ စီစဉ်နေတယ်။ တဲတစ်ခုစီမှာ အိမ်သာ သုံးလုံး၊ ရေတုံကင် နှစ်ခုစီနဲ့ ရေဂါလံ ၂၅၀ လောက်ဆံ့တဲ့ ပလတ်စတစ်ကန် လေးခုပါမယ်။ ဘယ်နေရာမှာ ဆောက်ရမလဲဆိုတဲ့ပြည်နယ်အစိုးရရဲ့ ဆုံးဖြတ်ချက်ရတာနဲ့ ဆောက်သွားမယ်။

ဇန်နဝါရီလထဲမှာ စနိုင်လိမ့်မယ်လို့ မှန်းတယ်” ဟု ၎င်းက ပြောသည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးရုံး၏ ဒီဇင်ဘာလဆန်းပိုင်းသတင်းထုတ်ပြန်ချက်အရ ရခိုင်ဒေသတွင်းရှိ ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၁၁၅,၀၀၀ကျော်ရှိကာ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများလိုအပ်ဆဲဖြစ်သည်ဟု ဖော်ပြသည်။

အမိုးအကာ၊ ရေနှင့်သန့်ရှင်းရေးနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုများမှာ ရခိုင်ဒေသရှိရွှေ့ပြောင်းနေထိုင်သူများအတွက်အဓိကလိုအပ်ချက်များဖြစ်ကြောင်းဦးမောင်မောင်ခင်က ပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် စစ်တွေမြို့တွင် အရေးပေါ်လူနာသယ်ယူပို့ဆောင်ရေးနှင့် ရှေ့ဦးပြုစုခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။ ■

MANDALAY QuickGuide
Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

